www.burmeseclassic.com

၂၀၁၅ခုနှစ်၊ ဩဂုတ်လ၊ အတွဲ (၁၀)၊ အမှတ် (၂)

ဂဏ္ဍီ

ဝန်ကြီး

မဂ္ဂင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ကြွေရိုက်ခဲ့သော ဆုတောင်း

အောင်စေဝိုင် စီစဉ်ဖန်တီးသည်

မဂ္ဂဇင်း

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ
အတွဲ(၁၀)၊ အမှတ်(၂)

ကျေးဇူးရှင်မိဘနှစ်ပါးအား ရိုသေမြတ်နိုး
လက်ဆယ်ဖြာထိပ်မှာမိုး၍
ရှိခိုးပူဇော်ကန်တော့ပါ၏။

ဖို့တာဝန်ဓနရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

ပြည်သူ့သဓေတာဧကား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံဓရေး ဦးတည်ဓျက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရင့်သန်ခိုင်မာအောင် တည်ဆောက်ရေး
ပွဲစည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားဓရေး ဦးတည်ဓျက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ
ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဝေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဗန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုဓရေး ဦးတည်ဓျက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်ဇာတိရုပ်ပြောင်းလဲလာမှုအပေါ် သုံးသပ်ခြင်း
အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြွရွင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

သက်တော်ပြဂါထာ

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပဂ္ဂပဂ္ဂမေန တထာဂတံ ဇီဝိတာ ဝေါရောပေယ္ယ။
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။
ဇေတန် သစ္စဝင်္ဂေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

ဘာသာရေးဘုရားသမိုင်း

- ထီးလိုမင်းလိုဘုရင်နှင့် ထီးလိုမင်းလိုဘုရား ... ကျော်လင်း(မြစ်ခြေ) ၅
- ချုံတောထဲက ဘုရားများ၏ ပဌာန်းဆက် ... ဆောင်းကလေး ၁၀
- ကောလိယမြို့ဟောင်းအနီးမှ စိတ်ဝင်စားဖွယ်ရာများ ... ဆရာကြီးဦးအောင်မြိုင် ၁၈
- ပြည်မြို့က ကြီးကိုးကြီး ဘုရားစေတီများရှိရာသို့ ... မောင်ကင်ကြွယ်(ပြည်) ၃၅
- ဆံတော်မြတ်(၁၁)ဆူ ကိန်းဝပ်တော်မူသော ... မြမဉ္ဇူဝေ(ကျုံမငေး) ၄၇
- ရာဇဝင်ထဲက ကျိုက်တမော် ... ... မင်းတိုင်ပင်(မြရောင်မြေ) ၆၄
- သလဲဦးခွဲခြမ်းစေတီတော်မှ သာဓုခေါ်သံများ ... ဗေဒသုတေသီဆရာမျိုး ၁၂၂

ဘာသာရေးသုတ/ရသဆောင်းပါး

- မာန်နတ်(၅) ... မုံရွာနေဖ ၂၃
- မြဟ္မဝိဟာရအဖွင့်(၅) ... မမွှစရိယ ဦးဌေးလှိုင် ၂၈
- အိုနာဖိစီးသေခါနီး ... ယောဂီ စောလွင် ၄၁
- ဘဝကိုအသေသတ်သောစိတ်(၇) ... မေတ္တာရှင်ရွှေပြည်သာ ၅၀
- ကောင်းမွန်နှုတ်ထွက်စံပါးချက် ... ခေတ္တရာဆရာကျော် ၅၇
- ဆန်းကြယ်လှသော မြတ်ဓမ္မ ... ... တက္ကသိုလ်သျှင်သိရိ ၆၀
- ရာကျော်ဆရာတော်ကြီး ဦးကိတ္တိဆီးမြှင့်ခဲ့သော ... ရဲမျိုးသူ(ဗောဓိမြိုင်) ၆၉
- ဥယျာဉ်ကြီး ဗုံးကျလို့ ရွှေပြောင် ပြောင် ... ဒွေဌေး(တသံ) ၈၂
- လွတ်မြောက်ရာရိပ်သာ (၁) ... ကောလှည့်(ရင်တွင်းသာသနာပြု) ၈၆

မန္တန်၊ ဂါထာ၊ ကျင့်စဉ်

- ဂါထာရွတ်လျှင် အသက်ရှည်မည် ... ကောင်းသော် ၂၆
- ရန်အပေါင်းကို ခညောင်းအောင်မြင်နိုင်သည့် ... ... ကိုရွှေမြသန်း(သမိုင်း) ၄၀
- ကြံတိုင်းအောင်သည့် ဖောင်တော်ဆောင် ဂါထာမန္တန် ... တောကျောင်းဘုန်းကြီး ၇၂
- ရာထူးတက်တဲ့ အောင်ရှစ်ချက်ဂါထာ ... တက္ကသိုလ် အပန်ငယ် ၈၀
- လက်ဝဲလက်ယာ အောင်စမြဲ ... နတ်မောက်မှတ်ကျောက် ၁၀၁
- အိုပယ်ဘဝမှ ကင်းလွတ်စေသော ... ရောမြေကျော်ဝေ ၁၅၁
- သက္ကဝတီအဓိဌာန် ... သက်နင်းဆွေ(ပုပ္ပါး) ၁၇၃
- အင်ကြင်းတစ်ထောင် ဘဘုန်းကြီးနှင့် ... မျိုးသက်နိုင်(ရွှေပြည်သာ) ၂၀၇
- နမောသိဒ္ဓိမန္တန်တော်ကြီး ... အောင်ကောင်းမြ(သာကေတ) ၂၂၆

အသုံးချပညာရပ်များ

- ဘဝပုစ္ဆာအဖြေရှာ ကဏ္ဍ ... တက္ကသိုလ်စိုးမိုးနိုင် ၁၃၁
- နာမကွရဆန်း ... ဂန္ဓီရဆရာလှမျိုး ၁၄၉
- ၂၀၁၅၊ ဖွန်လ၊ ကောင်းကင်ပြိုဟ် ရပ်တည်မှု ၁၂ ရာသီ လင်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ ... ဦးဇေယျာကို ၁၆၁
- ၂၀၁၅၊ ဖွန်လအတွက် လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့် (ကား၊ကု၊ဖွင့်)နံဝင်းယတြာအစီအရင်များ... ဆရာမြတ်ထွဋ်ခေါင် ၂၃၁
- ခုနစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း ... သက်နင်းဆွေ(ပုပ္ပါး) ၂၄၆
- ၂၀၁၅၊ ဖွန်လ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၂၇၇

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

အထွေထွေသုတ၊ ရသဆောင်းပါး

- နှော်ဝင်နေတဲ့မြို့ ... ကိုအေးမြင့်(ရှေး/သု) ၁၁၁
- ချွေထီးမဆောင်းခဲ့ရသော ... ဦးဇေယျကို ၁၂၇
- သတင်းပုံရိပ်များ ... မောင်ဝေအေး ၁၆၇
- ကမ္ဘာက ချစ်ခင်လေးစားခံရသော ဦးသန့် ... အောင်ဘုန်းမြင့်(ကချင်မြေ) ၁၇၈
- ဘယ်တရားရုံးစီရင်ချက်လဲ ... ကိုဦး(လွိုင်ကော်) ၁၈၁
- ရက်သရုပ် ... ခေတ္တရာဆရာကျော့ ၂၀၁
- ထူးဆန်းထွေလာဏ္ဍကမ္မာ ... မောင်လင်းအောင် ၂၁၀
- စာအုပ်စင် ... သုတအုံ့ ၂၁၉
- ကြွေလွင့်သွားတဲ့အသည်း ... ဗေဒသုတေသီဆရာမျိုး ၂၇၀

ဂန္ထီရဆန်းကြယ်ဝတ္ထုများ

- ဘက်တိုက်ထဲကတစ္ဆေ ... နေမျိုးနွယ်(သစ္စာမြေ) ၇၄
- ဝါဆိုဦးဒဂ္ဂာရီ ... ဝေး(ဇရာဝတီ) ၉၂
- ရွှေစေတီဖာတ်လမ်း ... ပန်းတနော်နောင်လတ် ၁၃၆
- ခွေးတစ်ဟောင်သိုက် ... တင့်ထူး(ဇေယျဝတီ) ၂၇၂
- စိတ်၏စေရာ ... မင်းသစ္စာလှိုင်(ကဒုံကန်) ၂၄၀
- ပဋ္ဌလက်ဆန်သောညတစ်ည ... ညီလေးငယ်(လယ်တော်) ၁၈၈
- နတ်တောင်သို့ ဒုတိယအကြိမ် ... မြသိန်း ၁၀၈
- ဝိညာဉ်စီးသောကျား ... မင်းရဲကျော် ၁၅၆
- ကျားသိုက် ... ဆန်းဝင်း(အောင်မြေ) ၂၅၈
- အင်းတစ်ကွက်၏ကြမ္မာလေလား ... လွမ်းသျှင်နောင်(မဟာသာရွာ) ၂၀၄
- အခွဲလမ်းကြီးသော သူငယ်ချင်း ... ပေါ်လွင်ဦး(ရေး) ၁၇၀
- ကဝေမလေးချစ်သူ ... ရဲရဲထွန်း(ဟသံတ) ၂၂၂

www.burmeseclassic.com

www.burmeseclassic.com

ပဉ္စဂုဏ် အဟံ ဝန္ဒာမိ

အယ်ဒီတာချုပ်
မောင်ညိုအေး (ပန်းတော)
တာဝန်ခံအယ်ဒီတာ
နေလရောင်
မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း
မိုးနေ
တွဲနိပ္ပန်တာစာစီ
စန်းစန်းထွေး
ကြော်ငြာနှင့် ဖြန့်ချီရေး - မိမိလေး၊ ယုန်လေး
ပြင်ပဆက်သွယ်ရေး - ယဉ်မင်းဆု
မျက်နှာဖုံးစာလုံးဒီဇိုင်း - ကျော်မင်းမောင်
မျက်နှာဖုံးပန်းချီ - ကျော်စိုးညိုန်း
အတွင်းသရုပ်ဖော်ပန်းချီ
ဝင်းသိန်း၊ မောင်မြင့်ဌေး၊ ရန်နိုင်ဦး၊ ဆန့်စင်၊ ရဲရင့်နိုင်၊ အောင်နိုင်လတ်၊ ကျော်ဦး၊ စက္ခု၊ ကျော်စိုးညိုန်း၊ ဆူးထက်အောင်၊ ပညတ်၊

တန်ဖိုး - (ကျပ်ဝက)ကျော်
အုပ်ရေ - (၅၀၀)

ထုတ်ဝေသူ
ဦးညီဇော်ထွဋ် (၀၄၃၃၇)
အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချီရေး
အမှတ်-၁၇၉၊ ဒုတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၅၀၄၇၁၊
အတွင်းဖလင် - ကိုမျိုးညွှန့် (A7 Group)
စာအုပ်ချုပ် - ဦးတင်လှ
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်ကျင်ယုံ(ကောင်းစံပုံနှိပ်တိုက်)၊
အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊
အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။

မန္တလေး	ထွန်းဦးစာပေ
	နဂါးစာပေ
ရှမ်းတောင်၊ ကယား	မိလ္ခံနာစာပေ
မော်လမြိုင်	ကျော်ကျော်
ပြည်	သုခ၊ နေစေး
နေပြည်တော်	မြတ်ရွှေတောင်စာပေ
နေပြည်တော်ပျဉ်းမနား	မြိုးဝေလွင်စာပေ
ပဲခူး	သဇင်
ဟသ်တ	တာလေးမောင်

အဆောင်၊ အစီအရင်၊ ယကြာ

- ပျားစွဲနိမိတ်နှင့် ယကြာချေနည်း ... ဦးကိုကိုအေး(ကြိုပင်ကောက်) စ၉
- လောကီပညာရှင်တို့၏ကျောက်မျက်အစီရင် ... ကိုမောင်သန်းဝင်း ၂၂
- လက်ဖက်လင်ပန်း လာဘ်ရွှင်လန်း ... အောင်ကောင်းမြ(သာကေတ) ၁၉
- တော်ဝေးယကြာ ... မောင်ကျော်(ရဟန္တာ-၈၀) ၂၅
- အကြံပြုစာမျက်နှာ ... ခေတ္တရာဆရာကျော် ၁၀
- သုံးကြွင်းအကြောင်း သိကောင်းစရာ ... သစ္စာဝါဒီမြတ်စောလင်း ၂၇
- ထက်နံသုံးပါးခရီးသွား ... ကျော်မိုးလွင်(ဝါးခယ်မ) ၁၀
- ကြီးပွားချမ်းသာစေမည့် ဓာတ်ရှင်လေးပါး ... သက်နင်းဆွေ(ပုပ္ပါး) ၂၆

တိုင်းရင်းဆေး

- နပျိုကျန်းမာ အသက်ရှည်စေရာ ... နတ်မောက်မှတ်ကျောက် ၁၇
- ကျောက်ဖရုံပင်ဆေးဖက်ဝင် ... ကျော်စွာဟိန်း(ရွှေလှော်ကား) ၁၆
- မန်ကျည်းမှည့်နှင့် မိဿလင်၏အစွမ်းဖြင့် ... ဝင်းဇော်(သုံးဆယ်) ၁၉
- ထားဝယ်မှိုင်းရွာက် ဆေးစွမ်းထက် ... ဗိုလ်ကျော်(ဟသ်တ) ၂၃
- အသည်းကြီးရောဂါရှင်များအတွက်သောက်ဆေး ... ဆရာဝေယံဦး ၂၅
- မြန်မာ့ကွမ်းရွက်ကုထုံး ... ဆရာဦးထွန်းမြတ်(အေးယုဇွေဒ) ၂၈

www.burmeseclassic.com

www.burmeseclassic.com

ထီးလိုမင်းလိုဘုရားရုပ်ဟူးတော်
ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ

www.burmeseclassic.com

www.burmeseclassic.com

ထီးလိုမင်းလိုဘုရင် နှင့် ထီးလိုမင်းလိုဘုရား ကျော်လင်း

(မြစ်ခြေ)

မြန်မာ့သမိုင်း၏ ခေတ်အဆက်ဆက်ကို ဆန်းစစ်ကြည့်ရာ ဘာသာရေးနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည့်အလျောက် ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ ကန်များအား နိုင်ငံကို အစိုးရသော ဘုရင်မင်းမြတ်များက လည်းကောင်း၊ တိုင်းသူပြည်သားများက လည်းကောင်း တည်ဆောက်သွားခဲ့ကြသည့်အတွက် နိုင်ငံနှင့်အဝှမ်း ရွှေသင်္ကန်းရောင်တဝင်းဝင်း၊ ထုံးသင်္ကန်းရောင်တဖွေးဖွေးနှင့် စေတီပုထိုး

www.burmeseclassic.com

www.burmeseclassic.com

ပေါင်းများစွာကို ယနေ့ ဖူးမြော်တွေ့မြင်နေရသည်။

ဤသို့ ခေတ်အဆက်ဆက်က တည်ခဲ့သော ဘုရားစေတီများအနက် ဘုရားတည်ခဲ့သူ၏အမည်နှင့်ပင် ဘုရား၏ ဘွဲ့မည်တော်များ တွင်နေသည့် ဘုရားအချို့ကို လေ့လာတွေ့ရှိရသည်။ အထူးသဖြင့် ပုဂံခေတ်၌ (၆)ဆူရှိသည်။ ထိုဘုရားတို့မှာ -

(၁) မနုဟာမင်း၏ မနုဟာဘုရား (မြင်းကပါ)။

(၂) စောလူးမင်း၏ ရွှေစောလူးဘုရားများ။

(၃) ထီးလိုင်ရှင် ကျွန်စစ်မင်း၏ ထီးလိုင်ရှင်ဘုရားများ။

(၄) အလောင်းစည်သူမင်း၏ စည်သူရှင်ဘုရား(ပုခန်းကြီး)။

(၅) ထီးလိုမင်းလို၏ ထီးလိုမင်းလိုဘုရား။

(၆) ကျစွာမင်း၏ ကျစွာဘုရား(ကြိုင်ကောက်အရှေ့)(ရန်အောင်မြင်ဘုရားဟုလည်း ခေါ်သည်)။

(၇) ဒေါက်တာ သန်းထွန်း၏ ပုဂံရာပုံတော်စာအုပ်တွင် ကျော်စွာဘုရင်၏ "ကျော်စွာဘုရား" ဟူ၍ ရှိကြောင်းကို အမှတ်တမဲ့ ဖတ်ရှုခဲ့ဖူးပါသည်။

ထိုပုဂံမင်းများ၏ ဘုရားတို့အပြင်၊ အင်းဝခေတ်က -

(၁) ဘုရင်မ ရှင်စောပု၏ ရှင်စော့ပုဘုရား။

(၂) မိဖုရား ရှင်ဘို့မယ်၏ ရှင်ဘို့မယ်ဘုရားလည်း ရှိပါသည်။ ဟင်္သာတမြို့၌ သူဌေး ဦးအောင်မြတ်ကျော် တည်ထားခဲ့သည့် ဦးအောင်မြတ်ကျော်ဘုရားဟုလည်း ရှိနေပါသည်။

ထိုကဲ့သို့ တည်ဆောက်လျှဖါနိန်းသူ၏ အမည်ကို အစွဲပြု၍ အမည်တွင် ကျန်ရစ်ခဲ့သည့် ဘုရားစေတီများအနက် ယခု တင်ပြလိုသည်မှာ ဇေယျသိခ်ခေါ် နန်းတောင်းများမင်းခေါ် ငါးမည်ရ ထီးလိုမင်းလိုဘုရင်၏ ထီးလိုမင်းလိုဘုရားကြီး အကြောင်းပင်ဖြစ်သည်။ ဤဘုရား၏ အကြောင်းကို မရေးသားမီ ဘုရားဒါယကာ၏ ဘဝဖြစ်စဉ်ကိုပါ ဖော်ပြပါမှ ပြည့်စုံမည်ဖြစ်ပါသည်။

ပုဂံဘုရင်မင်းဆက် (၅၅)ဆက်အနက် (၄၈)ဆက်မြောက်ဘုရင် နရပတိစည်သူမင်း၌ မိဖုရား(၆)ယောက်ရှိခဲ့သည်။ ထိုမိဖုရား (၆)ဦးအနက် မြတ်နိုးတော်အမူဆုံး ဝဋ္ဌဝတီ မိဖုရားခေါင်ကြီးတွင် "ဇေယျသူ"ဆိုသော သားတော်တစ်ပါးသာလျှင် ထွန်းကား၏။ သီဟိုဠ်ဘုရင်၏ သမီးတော်ဖြစ်သည့် "ဝံဠသကာဒေဝီ" မိဖုရားတွင် သားတော်သုံးပါးဖွားမြင်ထားသည်။ ဥယျာဉ်သည်သမီး "မြကန်"မိဖုရားခေါ် "ပဒုမကျင်"မိဖုရားတွင် ယခု ထီးလိုမင်းလိုဘုရားကြီး၏ ဒါယကာဖြစ်လာမည့်သူ အမည်ငါးမျိုးရှိသည့် "ဇေယျသိခ်" မင်းသားတစ်ပါးဖွားမြင်သည်။ ထီးလိုမင်းလိုဘုရင်၏ မိခင်ဖြစ်သူ ဥယျာဉ်သည် မိဖုရား(ဦးကုလား မဟာရာဇဝင်တော်ကြီး စာအုပ်တွင် ထိုကဲ့သို့ပင် ရေးသားဖော်ပြထားသည်) ခေါ် မြကန်မိဖုရားမှာ ယခု မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်၌ ရှိသည့် တရားရှာသူဖြစ်သည်။ ထိုမိဖုရားသည် ဉာဏ်ပညာထက်မြက်သူဖြစ်သည့်အပြင် ရုပ်ဆင်းအဂါလည်း တင့်တယ်လှပသူဖြစ်သည်။

အခါတစ်ပါးတွင် ဘုရင် နရပတိစည်သူမင်း၏ လက်ညှိုးတော်တွင် ခွနာပေါက်သဖြင့် သုံးလခန့် ဝေဒနာကို ပြင်းထန်စွာ ခံစားနေရသည်။ ထိုခွနာရောဂါဝေဒနာပေါက်သည့် အချိန်တွင် ဝဋ္ဌဝတီ မိဖုရားကြီး မရှိတော့ပါ။ ကွယ်လွန်အနိစ္စရောက်ခဲ့ပြီးဖြစ်သည်။

ထိုသို့ မင်းကြီး၌ ကြီးစွာသော ခွနာရောဂါနှိပ်စက်မှုခံစားနေရသည်ကို မရှုစိမ့်နိုင်သည့် ဇေယျသိခ်မင်းသား၏ မိခင် မြကန်မိဖုရားက မင်းကြီး၏ လက်ညှိုးကို အာခံတွင်းတွင် ငုံ၍ မင်းကြီးအား သက်သာစေတော်မူရာ သုံးလမျှ မအိပ်စက်နိုင်ခဲ့သည့် ဘုရင်မင်းမြတ်မှာ အိပ်ပျော်ခြင်းအဖြစ်ကို ရရှိလွားသည်။ ထိုစဉ်ကာလ အနာမှ ပြည်မှာ မှည့်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး အာခံတွင်းအတွင်း၌ ပြည်ပေါက်၍သွားလေသော် မင်းကြီး နိုးသွားမည်စိုးသည့်စေတနာဖြင့် ပြည်များကို မိဖုရားက ထွေးထုတ်မပစ်ဘဲ မျိုချပစ်လိုက်သည်။

နရပတိစည်သူမင်းကြီး အိပ်ရာမှ နိုးလာလျှင် ထို အဖြစ်အပျက်ကို သိရှိသွားသည့်အခါ မိမိအပေါ် ကြင်နာသည့် မိဖုရားအား အသင်လိုရာဆုကို တောင်းလေဟု ဆို လေလျှင် မိဖုရားက ထိုဆုကို ချက်ချင်းယူတော်မမူခဲ့ပေ။ ထိုစဉ်က ဇေယျသိခ်မင်းသားလေးမှာ အသက် ၁၂နှစ်အရွယ် မျှပင် ရှိနေသည်။ ဇေယျသိခ်မှာ နရပတိစည်သူမင်း၏ သား များအနက် အထွေးဆုံးသားဖြစ်သည်။

မင်းသားအရွယ်ရောက်သည့်တစ်နေ့ မင်းကြီး ညီလာခံ ဝင်နေစဉ် လူပုံအလယ်၌ ဥယျာဉ်သည် မိဖုရားသည် ခူနာ သက်သာစဉ်က မင်းကြီးပေးခဲ့သည့် ကတိစကားအရ ယခု လိုရာဆုကို တောင်းပါမည်ဟု မင်းကြီးထံ ခွင့်ပန်ပြီး မိမိ၏ သားဖြစ်သူ ဇေယျသိခ်အား ထီးမွေနန်းမွေ ဆက်ခံခွင့်ပြုပါ ရန် တောင်းခဲ့လေ၏။ ဦးကုလား၏ မဟာရာဇဝင်တွင် မိဖုရားက ထီးမွေနန်းမွေတောင်းခံပုံကို ရေးသားထားသည် မှာ -

"အရှင်မင်းကြီး သနားတော်မူသော ကျွန်ဖြစ်သော် ကြောင့် သူနှင့်အတူ လူနှင့်အမျှ ရှိလေပြီ။ ကျွန်တော်အဖြစ် သနားတော်မူပါသော်ကား အမြတ်အခွန်တော်ဖြစ်သော ကျွန် တော် ဇေယျသိခ်ကို အိမ်တော်ကို စောင့်ခွင့်ပြုပါရန်"

ဟု သိမ်မွေ့ ညက်ညောစွာ ရေးဖွဲ့ထား၏။

နရပတိစည်သူမင်းတွင် ဇေယျသိခ်အထက် သား အကြီး လေးဦးရှိနေသည်။ ဝေဠုဝတီ မိဖုရားကြီး၏ သား တော် ဇေယျသူမှာ အကြီးဆုံးသားပင်ဖြစ်လင့်ကစား၊ ဖခမည်း တော် အလိုရှိသည့်အတိုင်း လိုက်နာနိုင်သည့် သားလိမ္မာ တစ်ယောက်ဖြစ်သည်။ ဝဲဋ်သကာဒေဝီမှ မွေးဖွားသည့် သား သုံးဦးမှာလည်း ပုဂံသွေးမစစ်ကြ။ သီဟိဠ်ဘွေးပါနေသူများ ဖြစ်ကြသည့်အတွက် ထီးမွေနန်းမွေဆက်ခံခွင့်ပေးရန် မင်း ကြီးကိုယ်တိုင်ကပင် မလိုလား။ ဥယျာဉ်သည် မိဖုရားကို လည်း လိုရာ ဆုတောင်းစေဟု ကတိကဝတ်ရှိခဲ့သည့်အတိုင်း ဥယျာဉ်သည် မိဖုရားအပေါ် သစ္စာကတိတည်ရမည်ဖြစ် ကြောင်း မျူးမတ်ဗိုလ်ပါအလယ်တွင် ဖွင့်ဟတော်မူခဲ့ပြီးဖြစ် သည်နှင့်အညီ ယခု ထီးလိမင်းလိုဘုရားကြီး တည်ထားခဲ့ သည့် မြေနေရာ၌ မင်းသား ငါးယောက်တို့ကို ဝိုင်းထိုင်ပြီး အလယ်၌ ထီးဖြူတစ်ချောင်းကို စိုက်ထူ၍ မင်းဖြစ်ခဲ့ကြ သူအပါး ထီးဖြူတိမ်းညွတ်စေသားဟု သစ္စာဆိုရာရာ ထီး

www.burmeseclassic.com

ပြုသည် ဇေယျသိခ်မင်းသားထံ တိမ်းညွတ်လေ၏။ ထိုအဖြစ်အပျက်ကို သားတော်ကြီး လေးပါးကလည်း လက်ခံတော်မူကြသည်။

နရပတိစည်သူမင်းသည် စည်းစိမ်တော် ၃၃နှစ်၊ သက်တော် ၆၆နှစ်၊ အေဒီ ၁၂၁၁ ခုနှစ်တွင် နတ်ရွာစံ ကဲတော်ကုန်သည့်အခါ အသက် ၂၂နှစ်အရွယ်ရှိပြီဖြစ်သော ဇေယျသိခ်ခေါ် နန်းတော်းများမင်းသားသည် ထီးကလည်း လိုသည်၊ မင်းကလည်း လိုသည့်အတွက် ထီးလိုမင်းလိုအဖြစ် နန်းတက်တော်မူလေသည်။ ထိုမင်းသည် အဆင်းရှုပကာလည်း တင့်တယ်၏။ အစ်ကိုတော်များကိုလည်း လေးစားခြင်း ဂရုစိုက်၏။ ဖခမည်းတော် မကွယ်လွန်မီက ညီညွတ်စွာ နေထိုင်ဆောင်ရွက်ကြရန် မှာကြားတော်မူခဲ့သည့်အတိုင်း အိမ်တော် သီးသန့်စီနှင့် နေထိုင်စေပြီး၊ စုဝေးရာ အိမ်တော်၌ နေ့စဉ် နောင်တော်လေးပါးထံ ရိုသေစွာ ဝပ်တွား ခစားတော်မူပြီး အရေးအရာတို့ကို ညှိနှိုင်းတိုင်ပင်လျက် အေးချမ်းစွာ စီမံဆောင်ရွက်လေသည်။

ဥယျာဉ်သည်မိဖုရား၏ ဇာတိရွာဖြစ်သည့် တရားရွာ၌ မိဖုရားက သားတော်အတွက် ထီးနန်းတောင်းခဲ့သည်ကို အထိမ်းအမှတ်အဖြစ် ရှင်ပင်နန်းတောင်း (ခေါ်) ရှင်မနန်းတောင်းစေတီတော်ကြီးကို တည်ထားခဲ့လေသည်။ (ထိုတရားရွာမှာ ပခုက္ကူ-မုံရွာ ကားလမ်းမမှ ကျားတက်ရွာသို့ သွားသည့် လမ်းခွဲအတိုင်းသွားပါက ရောက်ရှိနိုင်ပါသည်။)

ထီးလိုမင်းလိုဘုရင်၏ ကောင်းမှုတော် ထီးလိုမင်းလိုဘုရားကြီးမှာ ညောင်ဦး ရွှေစည်းခုံဘုရားကြီးမှ ပုဂံသို့ သွားရာ ကားလမ်းမ၏ တောင်ဘက် ဝဂ်ကြီးအင်းအလွန်တွင် တည်ရှိပါသည်။ လိုဏ်နှစ်ဆင့်ခံ ကြီးမားသော စေတီကြီး တစ်ဆူဖြစ်သည်။ ဖခမည်းတော်တည်ထားခဲ့သည့် စူဠာမဏိစေတီတော်ကြီးနှင့် အရွယ်အစားပုံသဏ္ဌာန်အဆင်တူသည်။ အောက်ခြေ ပေ (၁၄၀)ပတ်လည်ရှိ ကျောင်းတော်အတက် တစ်ဆင့်တွင် အောက်ခံ ကျောင်းတော်ထက် ပမာဏသေးငယ်သော်လည်း အချိုးညီ ကျောင်းတော်နှစ်ဆင့်ရှိသည်။ ထိုနှစ်ဆင့်သော ကျောင်းတော်တို့၏ ပစ္စယာအဆင့်ဆင့်တို့၏ ထောင့်များ၌ တင့်တယ်သော စေတီရန်များဖြင့် ဝန်းရံထားသည်။ အထက်တွင် ကွမ်းတောင်ပေါက်ထားပြီး စေတီအထွဋ်တင်ထားပါသည်။ ဥဏ္ဏတော်အားဖြင့် ပေ (၁၅၀)ခန့် မြင့်သည်။

ဘုရားကြီး၌ အင်္ဂတေတိုင်ထောင် ပန်းများ၊ ရာမလက်ညှိုး၊ ဘီလူးပန်းဆွဲ၊ ပုလဲကုန်းများဖြင့် လည်းကောင်း၊ ပစ္စယံအဆင့်ဆင့်တို့မှာ စိန်တောင်တန်းများ၊ စဉ့်စိမ်းသုတ်ပန်းခွက်များဖြင့် ပတ်လည်ကပ်ထားပါသည်။ အတွင်းနံရံများ၌ ဆေးရေးပန်းချီများဖြင့် အလှဆင်ထားပါသည်။

ဘုရားကြီး၏ ဘွဲ့တော်ကို "တိလောက မဟာစေတီ" ဟု သမုတ်ထားပါသော်လည်း ဘုရားဒါယကာ ထီးလိုမင်းလို ဘုရင်ကို အစွဲပြု၍ "ထီးလိုမင်းလိုဘုရား" ဟုပင် အမည်တွင်နေခြင်းဖြစ်၏။

ပုဂံ၌ အလောင်းစည်သူမင်းကြီး၏ သဗ္ဗညုဘုရားကြီး၊ မြေးတော် နရပတိစည်သူမင်းနှင့် မြစ်တော် ထီးလိုမင်းလိုမင်းတို့၏ ဘုရားကြီး လေးဆူတို့မှာ ပွဲစည်းပုံအားဖြင့် အသွင်သဏ္ဌာန်တူညီကြသော်လည်း သဗ္ဗညုဘုရားကြီးထက် နောက်မှ တည်သည့် စူဠာမဏိဘုရားကြီးနှင့် ထီးလိုမင်းလို ဘုရားကြီးတို့မှာ အပြောက်အမွမ်း အလှအပ တန်ဆာဆင်မှုတို့မှာ တစ်ဆင့်တစ်ဆင့်တိုးတက်လာကြသည်ဟု ဆိုရမည်ပင်ဖြစ်ပါသည်။ ၎င်းတို့ခေတ် ကုန်လွန်ပြီးနောက်ပိုင်း၌ ထိုမျှကြီးမားသော ဂူဘုရားကြီးမျိုးများ ထပ်မံ တည်ထားခြင်း ရှိသည်ကို မတွေ့ရပါ။

ငါးမည်ရ ထီးလိုမင်းလိုဘုရင်သည် အေဒီ ၁၂၁၁ မှ ၁၂၃၄ ခုနှစ်အထိ နှစ်ပေါင်း (၂၂)နှစ်တိုင်တိုင် ပုဂံထီးနန်းကို အစ်ကိုတော် လေးပါးနှင့် ညီညွတ်စွာ တိုင်ပင်ညှိနှိုင်းဆွေးနွေးပြီး ထီးနန်းအုပ်ချုပ်စဉ်ကာလအတွင်း ဖခမည်းတော် အပြီးမသတ်နိုင်ခဲ့သည့် ဂေါတော့ပလွှင်(ကန်တော့ပလွှင်ဘုရား)ကိုလည်း ပြီးစီးအောင် ဆက်လက်တည်တော်မူခဲ့သည်။ ဗုဒ္ဓဂါယာအရပ် ဘုရားရှင် ပွင့်ထွန်းရာဒေသရှိ မဟာဗောဓိစေတီတော်နှင့် တူညီလှသော မဟာဗောဓိစေတီတော်ကြီးကို လည်းကောင်း၊ အခြား ကောင်းမှုတော်ဖြစ်သည့် စေတနာကြီးဘုရား စသည်တို့ကို တည်ထားတော်မူခဲ့ပြီး သက်တော် ၄၄နှစ်တွင် နတ်ရွာစံ ကဲတော်ကုန်ခဲ့လေသည်။

ကျော်လင်း (မြစ်ခြေ)

ကျမ်းကိုး

- ဦးကုလား၏ မဟာရာဇဝင်တော်ကြီး ပထမအုပ်။
- ဒေါက်တာ သက်လွင်၏ သမိုင်းက ပြောသော ပုဂံ၊ ပုဂံက ပြောသော သမိုင်း။

*****

www.burmeseclassic.com

www.burmeseclassic.com





ချုံတောထဲက ဘုရားများ၏

ပဌာန်းဆက် အလှူရှင်များနှင့်

ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်များ

ဆောင်းကလေး

အကျိုးတရားတစ်ခုဖြစ်ရန်မှာ အကြောင်းတရားများက ရှေးဦးစွာ ဖြစ်ပေါ်လာရပါသည်။ ထိုအကြောင်းတရားများကြောင့် (၀၊) ထိုအကြောင်းတရားကို အခြေခံ၍ ပေါ်ပေါက်လာရသော အကျိုးတရားဖြစ်သည်ဟု ဆိုလျှင်လည်း မှားမည်မဟုတ်ပါ။ အရာရာတိုင်းသည် အကြောင်းအကျိုးသာ ရှိပါသည်။ စာရေးသူသည် တရားရေးဌာနတွင် တရားရေးဝန်ထမ်းအဆင့် (၄)အဖြစ် ၁၉၈၃ ခုနှစ်တွင် ခန့်အပ်ခြင်းခံရပြီး အဆင့် (၃)အဖြစ် ရာထူးတိုးကာ ရုံခိုင်ပြည်နယ်တွင် တာဝန်ကျ၍ မြန်မာစာရေးသူကြီးအဖြစ် ဘူးသီးတောင်မြို့တွင် ၁၉၉၁ ခုနှစ်၌ တာဝန်ထမ်းဆောင်စဉ် မမျှော်လင့်သော အကြောင်းတစ်ခုကြောင့် လုပ်သက်မစေ့မီ အငြိမ်းစားယူခွင့်ပြုခဲ့ပါသည်။ ဝန်ထမ်းလုပ်သက်မှာ (၈)နှစ်ကျော်သာရှိ၍ တစ်လုံးတစ်ခဲတည်း ပင်စင်သာ ရခဲ့ပါသည်။ စာရေးသူနှင့် အပတ်စဉ်တူ သူငယ်ချင်းများမှာ ယခုအခါတွင် ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး တရားသူကြီးချုပ်၊ မကွေးတိုင်းဒေသကြီး တရားသူကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီး တရားသူကြီးချုပ်၊ ရောဝတီတိုင်းဒေသကြီး တရားသူကြီးချုပ်များအဖြစ်နှင့် လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ်နှင့် လည်းကောင်း၊ ညွှန်ချုပ်၊ ညွှန်မှူးများအဖြစ်နှင့် လည်းကောင်း တာဝန်ထမ်းဆောင်နေကြပါသည်။

ဝန်ထမ်းဘဝမှ အနားယူ၍ ဇာတိဖြစ်သော ခရမ်းပူမြို့သို့ ပြန်ကာ မဲလီကုန်းတွင် နေထိုင်ခဲ့ရာ မဲလီကုန်းမြို့၏ အပြင်ဘက်ရှိ ရေသိုးရွာထိပ်တွင် ခဲနုန်းယမ်းများ နှစ်ပေါင်းများစွာ

www.burmeseclassic.com

www.burmeseclassic.com







ဒုတိယအုပ်နေပြီး ဘုရားရှိမှန်းပင် မသိရသည့် စေတီဟောင်းလေးတစ်ဆူကို တွေ့ရှိခဲ့ရာ ပြန်လည်ပြုပြင်ချင်စိတ်များ ပေါ်လာသဖြင့် ရန်ကုန်ရှိ သူငယ်ချင်းမိတ်ဆွေများကို ဘုရားဓာတ်ပုံပြ၍ အလှူခံခဲ့ရာ အားလုံးမှ ဝိုင်းဝန်းထည့်ဝင်ကြသဖြင့် ၁၉၉၈ ခုနှစ်တွင် ပြန်လည်ပြုပြင်ပြီး ပဋ္ဌာန်းပွဲကျင်းပကာ ရေစက်ချ မင်္ဂလာကို စည်စည်ကားကားပြုလုပ်ခဲ့ပါသည်။ နောက်နှစ်များတွင် အုတ်တံတိုင်းပြုလုပ်ခြင်း၊ ရင်ပြင်တော်ကြွေပြားခင်းခြင်းများ ပြုလုပ်ခဲ့ပါသည်။ မဇ္ဈိမကုန်းမြို့၏ ကျက်သရေဆောင်ဖြစ်သည့် မဟာသီရိစေတီတော်မြတ်ကြီး၏ ပြိုဟ်ထောင့်ရှစ်ခုရှိ ကြေးဆင်းတုတော်၏ လိုဏ်မှန်များတွင် ကြွေပြားခင်းခြင်း၊ အလင်းတိုင်နှင့် ကြာကလပ်များ ပြုလုပ်ပူဇော်ခြင်း၊ သံဇကာတံခါးများ တပ်ဆင်ခြင်းတို့လည်း ပြုလုပ်ခဲ့ပါသည်။

၁၃၇၄ ခု၊ ပြာသိုလတွင် ဆူးပဒေါင်းကွင်းကျေးရွာ နောက်ကြောင်း လယ်ကွင်းများကြားရှိ စေတီပျက်လေးတစ်ဆူအား ပြန်လည်ပြုပြင်၍ ထီးတော်တင် ရေစက်ချခဲ့ပါသည်။

၁၃၇၅ ခုနှစ်၊ ပြာသိုလတွင် ကိုင်းတောကွင်းကျေးရွာ နောက်ကျောဘက်ရှိ ကိုင်းတောကွင်းရွာသား အရွှေး မြဒင်ဖော်ဆီးခဲ့သည့် အုတ်ခံဘောင်သာ ကျန်ရှိတော့သည့် စေတီဟောင်းနေရာတွင် စေတီအသစ်တစ်ဆူ ထပ်မံတည်ခဲ့ပါသည်။ ၎င်းနှစ်၌ပင် ရေတွင်းကုန်းကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ နှစ်ပေါင်းများစွာ ပြိုကျပျက်စီးနေသည့် စေတီဟောင်းအား အသစ်တည်ထားခဲ့ပါသည်။ ထိုစေတီဟောင်းလေးဆူကို ပြင်ဖြစ်ရခြင်းမှာ ဝန်ထမ်းဘဝမှ အငြိမ်းစားယူဖြစ်ခဲ့၍သာ ပြင်နိုင်ခြင်းဖြစ်ပါသည်။ ပန်းဆိုးတန်းလမ်းရှိ တရားလွှတ်တော်ရှေ့နေ ဦးတင်မောင်ကျော်မှ စာရေးသူအား ပြောခဲ့သည့် စကားတစ်ခွန်းကို အမြဲအမှတ်ရနေပါသည်။

"ဦးစံဝင်းအောင် ဝန်ထမ်းဘဝမှာပဲ ရှိနေရင် အခုလို ဘုရားပြင်ဖြစ်မှာမဟုတ်ဘူး။ ပြင်ဖို့လည်း အချိန်ရမှာမဟုတ်ဘူး။ အခုတော့ ဒီဘုရားတွေကို ပြင်ဖြစ်ဖို့ ဖန်တီးပေးလိုက်သလိုဖြစ်နေပြီ" ဟု ပြောခဲ့ဖူးပါသည်။ မှန်လည်း မှန်ပါသည်။ ဝန်ထမ်းဘဝ၌သာ ရှိနေခဲ့လျှင် တာဝန်ကျရာ မြို့မှာသာ နေရပြီး မဲဇလီကုန်းသို့ ပြန်ရောက်မည်လည်း မဟုတ်ပါ။ မဲဇလီကုန်းသို့ ပြန်ရဖို့ အကြောင်းတရားက ဖန်တီးလိုက်၍သာ ပြန်ရောက်ခြင်းဖြစ်သည်ဟုဆိုလျှင် မှားမည်မဟုတ်ပါ။

ရေသိုးဘုရားလေးကို ပြုပြင်ပြီး ကြွေပြားခင်းနေသည့် အချိန်တွင် ဝေယျာဝစ္စလုပ်ပေးသော ရေသိုးရွာမှ ဦးကျော်

www.burmeseclassic.com

www.burmeseclassic.com





ကြီးအား ဘုရားကို စောင့်သောပုဂ္ဂိုလ်မှ ဝင်ပူးကာ စာရေးသူတို့ လင်မယားအား "မင်းတို့နှစ်ယောက်ကို ဒီဘုရားရောက်အောင် ငါတို့ခေါ်တာ"ဟု ပြောပါသည်။ ထိုဘုရားများအား ပြုပြင်နိုင်ရန် လှူဒါန်းကြသော ပဋ္ဌာန်းဆက်အလှူရှင်များမှာ ဝန်ထမ်းဘဝမှ သူငယ်ချင်းများဖြစ်နေပါသည်။ ထိုသူငယ်ချင်းများနှင့် အလှူရှင်များသည် ထိုဘုရားများနှင့် အကြောင်းမကင်းဟု ဆိုနိုင်ပါသည်။ သူငယ်ချင်းအရင်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးလှအေးမှာ ထိုဘုရားများ ပြုပြင်ရာတွင် လိုအပ်သည့်ကိစ္စများနှင့် ပဋ္ဌာန်းပွဲများ ပြုလုပ်နိုင်ရန် ငွေကြေးမှစ၍ အမြဲတမ်း လှူဒါန်းပေးနေသော အားကိုးရသည့် သူငယ်ချင်းတစ်ဦးဖြစ်သည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းကို ဤဆောင်းပါးဖြင့် ဖော်ပြအပ်ပါသည်။

ရေသိုးဘုရားလေးကို စတင်ပြင်စဉ်က အုတ်များ၊ သဲများကို လှည်းဖြင့် သယ်၍ ဘုရားသို့ ပို့ပေးကာ၊ ရေလိုလျှင် ရေ၊ ဝါးလိုလျှင် သူခြံထဲက ဝါးကို လိုသလောက် ခုတ်ယူရန်၊ ပန်းရံများအား ထမင်းဟင်းမှစ၍ ခြံထွက် စားစရာများကို စေတနာပါပါ ကျွေးမွေးလှူဒါန်းသည့် ရေသိုးရွာမှ ဦးကျော်ဝင်း+ဒေါ်ခင်မြင့်တို့ မိသားစုသည် ယနေ့အချိန်တွင် ထော်လာဂျီ၊ ထယ်ထိုးစက်၊ စပါးခွဲစက်၊ မီးစက်တို့ဖြင့် လယ်ကောများစွာကို ပိုင်ဆိုင်ပြီး စီးပွားရေးမှာ ဒီရေအလား တိုးတက်နေသည်ကို ရေသိုးရွာတစ်ရွာလုံးက သိကြပါသည်။

ဦးလှအေးဆိုလျှင်လည်း မြို့နယ် တရားသူကြီးဘဝကပင် ဘုရားကိစ္စများအား အမြဲကူညီပံ့ပိုးပေးနေပြီး ခရိုင်တရားသူကြီး၊ ရန်ကုန်တိုင်း တွဲဖက် တိုင်းတရားသူကြီး၊ နေပြည်တော် တရားလွှတ်တော်ချုပ် ညွှန်ကြားရေးမှူး(စီမံ)အဆင့်ဆင့် ရာထူးရာခံများ တိုးတက်ပြီး ယခု ရန်ကုန်တိုင်းဒေသကြီး၏ တရားလွှတ်တော် တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်နေပါသည်။

ဘုရားလေးဆူ၏ ထူးခြားဆန်းကြယ်မှုများ

ရေသိုးဘုရား အတုလဒိန္နစေတီတော်

"အတုလ ဒိန္နစေတီတော်"သည် ယခင်က ဘွဲ့တော် မရှိပါ။

စေတီလေးအား ပြုပြင်ပြီး ကြွေပြားခင်းသည့် ၂၀၀၀ ခုနှစ်တွင် အင်္ဂပူမြို့ ဗောဓိကုန်းရပ်မှ ပန်းရံခေါင်းဆောင် မောင်ညိုဝင်းအဖွဲ့ဝင် လူစားလိုက်လာသော မောင်မြင့်ဦးအား ဘုရားကို စောင့်ရှောက်သည့် ပုဂ္ဂိုလ်မှ ဝင်ပူးပြီး "ဒီဘုရားကို ငါတို့ စောင့်ရှောက်နေကြောင်း၊ ဥမ္မာဒန္တီ မောင်နှမ



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းလွှားရင်း အုတ်အချပ် (၇၀)ဖြင့် တည်ခဲ့သော ဘုရားဖြစ်ကြောင်း၊ ဒီဘုရားအောင်မြင် ပြီးမြောက်အောင် ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောပါသည်။

နာမည်ကို မေးသောအခါ "နာမည်သိစရာ မလို၊ အဘ"ဟုသာခေါ်ရန် ပြောပါသည်။ ဘုရားအတွက် အလှူငွေများရအောင် ဆောင်ရွက်ပေးသော်လည်း ဝိသမလောဘသမားများကြောင့် အဖျက်များ ဝင်လာကာ၊ ပုဂ္ဂိုလ်အစစ်အမှန်ကြွမလာတော့တဲ့ အတုအယောင်များသာ ဝင်လာသောကြောင့် ပြန်လည်တောင်းပန်ရပါသည်။

စာရေးသူကိုယ်တိုင် ရန်ကုန်စော်ဘွားကြီးကုန်း SOCO ဘုန်ကုမ္ပဏီမှ ဝယ်ယူလာသော ကြွေပြားများကို အုတ်တံတိုင်းအတွင်းအပြင်နံရံတို့အား ကြွေပြားကပ်ပြီး ရေစက်ချတွန်းပွဲပြုလုပ်ရန် ဦးကျော်ကြီးနှင့် တိုင်ပင်နေစဉ် ဦးကျော်ကြီးမှ ကြွေပြားများကို ကြည့်သောအခါ စာရေးသူ ဝယ်လာသော ကြွေပြားများမဟုတ်ဘဲ အဝါရောင် အဖုအထစ်များရှိသော ကြွေပြားသုံးချပ်ကို တွေ့ရပါသည်။ စေတီတော်ခေါင်းရင်းရှိ ရင်ပြင်တော်တွင်လည်း စာရေးသူ ဝယ်လာသော ကြွေပြားမဟုတ်ဘဲ အရောင်နှင့်အကွက် မတူသည့် ကြွေပြားနှစ်ချပ်ကပ်ထားသည်ကို ထူးဆန်းစွာ တွေ့ရပါသည်။ စေတီတော်ခေါင်းရင်း အတွင်းညာဘက် အုတ်တိုင်ထောင့် ဘေးနံရံတွင် စ-ခ-ဗ-ဝ ပုံလိုလို၊ အင်းကွက်သဏ္ဌာန်လိုလို ကြွေပြားအချပ်သေးလေးတစ်ချပ်ကိုလည်း တွေ့ရသည်။

ရင်ပြင်တော်၌ ပဋ္ဌာန်းပူဇော်ပွဲကျင်းပပြီး ၂၀၀၀-၂၀၀၁ ခုနှစ်၊ တပေါင်းလဆန်း ၇ရက်၊ စနေနေ့ နေလယ်တွင် ဗုဒ္ဓဟာရမ်ကျောင်းဆရာတော်မှ ရေစက်ချ တရားတော်ကို ဟောကြားချီးမြှင့်နေစဉ် နေလယ် ၁နာရီခွဲအချိန်လောက်၌ ထီးတော်မှ ပလွင်တော်ခြေအထိ စေတီတစ်ခုလုံး လှုပ်ခါသွားသည်ကို ပရိသတ်အားလုံး မြင်တွေ့ ကြရပါသည်။ ရင်ပြင်တော် ကြွေပြားခင်းပြီးနောက် ပလွင်အောက်ခြေ အရေ

မြောက်ထောင့်နေရာမှ ကြွေပြားများ အလိုအလျောက် မိမိဟာက်မြင့်တက်လာပါသည်။ ထီးတော်တင်သည့်အခါတွင် မူလ တိုင်းထားသော အနေအထားနှင့် ကွဲလွဲနေသောကြောင့် သုံးကြိမ်သုံးခါ ပြန်လည်တိုင်းထွာယူရပါသည်။ ထီးတော်ဟောင်းကို တင်ခဲ့စဉ်က သေသေချာချာ မှတ်သားထားသော်လည်း ထီးတော်တင်သည့်အခါ အကွာအဝေးကွဲလွဲနေသောကြောင့် သုံးကြိမ်တိတိ ပြန်လည်တိုင်းထွာရသည်။

ရေစက်ချ ပဋ္ဌာန်းပွဲပြုလုပ်ရန် ရက်အနည်းငယ်အလို တွင် ရေသိုးရွာမှ ဦးကျော်ကြီးနှင့် ရွာသား လေးငါးယောက်တို့ ဘုရားသို့ ညနေစောင်းအချိန်လာရာ ရွာထိပ်အရောက်တွင် ဘုရားအနီးမှ မီးညွှန့် မီးတောက်များတက်၍ မီးလောင်နေသည်ကို အဝေးမှ လှမ်းမြင်ရသဖြင့် တစ်ယောက်ယောက်က သစ်ရွက်ခြောက်များကို မီးရှို့လွှားသည်ဟုထင်ရာ ဘုရားသို့ ရောက်သည့်အခါ ဘာမှမတွေ့ရဘဲ ဖယောင်းတိုင်လေးတစ်တိုင်သာ မီးပူဇော်ထားသည်ကို တအံ့တသြ တွေ့ကြရပါသည်။

ဘုရား၌ ပဋ္ဌာန်းပွဲပြုလုပ်နေစဉ် ညနေစောင်းအချိန် မဲဇလီကုန်းမြို့ ညစျေးတန်းလမ်းမှ ကိုလှိုင်ထွန်းတို့ လင်မယား စက်ဘီးဖြင့် အလှူငွေထည့်ရန် ဘုရားသို့ လာစဉ် ဂျစ္စီတာရမ်ကျောင်းရှေ့ရောက်သောအခါ ရေသိုးရွာကို ကျော်၍ ဘုရားဘက်ဆီမှ ကောင်းကင်တွင် မီးရူးမီးပန်းများ လွှတ်နေသည်ကို တွေ့ရသဖြင့် ကလေးများ ကစားသည်ဟုသာ ထင်ပြီး ဘုရားသို့ ရောက်သည့်အခါ မည်သည့်ကလေးမှ မတွေ့ရသဖြင့် အံ့သြသွားပါသည်။ ပဋ္ဌာန်းပွဲများ ပြုလုပ်သည့်အခါ ရရှိသည့်အလှူငွေများမှာ အနည်းငယ်ပိုနေပါသည်။

နောက်တစ်နေ့ ဆွမ်းကပ်ရန်နှင့် ဘုရားရှိ အစောင့်အရှောက်များကို ပူဇော် ပ.သ တင်မြောက်ရန်အတွက် လိုတရအမွေးတိုင်အထုပ်သေးလေး သုံးထုပ်ဝယ်လာပြီး

www.burmeseclassic.com

www.burmeseclassic.com





စာရေးသူ၏ အိမ်ခန်းအတွင်းရှိ စားပွဲခုံပေါ်တွင် တင်ထားရာ မိုးလင်းသည့်အခါ အမွှေးတိုင်မှာ (၅)ထုပ်ဖြစ်နေပါသည်။ မကြာခဏဆိုသလို ဘုရားပြင်နေသည့်အချိန်၌ စာရေးသူ၏ အိတ်ကပ်ထဲတွင် ပိုက်ဆံတစ်ထောင်၊ နှစ်ထောင် အမြဲပိုနေသည်ကို တွေ့ရပါသည်။ အမျိုးသမီးပိုက်ဆံအိတ်ထဲမှ ပိုက်ဆံများကို ပြန်စစ်ကြည့်သည့်အခါတွင်လည်း ပိုနေသည်ကို တွေ့ရပါသည်။ ပဂ္ဂိုလ်ပိုင်းဆိုင်ရာမှ ပြောရာတွင် "ငါတို့ တည်ထားတဲ့ ဘုရားမှန်းသိအောင် ထောင့်စွန်းမှာ အင်းကွက် ယောင်ယောင်နဲ့ ပြတာ။ ကြွေပြားငါးချပ်က ငါတို့ကိုယ်တိုင် ကပ်တာ" ဟု ပြောပါသည်။

"အဂ်ါသားမှာ မသက်ာတာတွေ ရှိနေလို့ ရှေးတုန်းက ဥမ္မာဒန္တီမောင်နမ ပြေးရင်းလွှားရင်းနဲ့ တည်ခဲ့တာ။ အုတ် တဲတိုင်းကာပြီးတဲ့အခါ ကြွေပြားကပ်ပြီးတဲ့အခါ ငါတို့ပိုင် ဆိုင်တဲ့ ဘုရားဖြစ်နေတဲ့အတွက် ကြွေပြားဖြည့်စွက်ပေးတာ။ ကြွေပြားမှာ ပေါ်နေတဲ့ အင်းလိုလို ဘာလိုလို ဖြစ်နေလို့ ဘာမှ မသက်ာစရာမရှိဘူး။ တန်ခိုးရှိတဲ့ ဘုရားဖြစ်တဲ့အတွက် အဂ်ါသားက ကြွေပြားကပ်ပြီးရင် ကောင်းသော မင်္ဂလာများ ကို ဖော်ထုတ်ပေးမယ်။ ဘုရားမှာ ငါတို့ရှိတယ်ဆိုတာကို မှတ်ထားပါ။ အဂ်ါသား ရှေ့က လုပ်သွားရင်၊ ငါတို့ နောက်က လိုက်မယ်။ အဂ်ါသားက ဘုရားပွဲကို ကျကျနနပေးစေ ချင်တယ်။ အချိန်အခါကျရင် လုပ်ပေးပါ" ဟု ပြောပါသည်။

တစ်နေ့တွင် ထူးဆန်းသော အိပ်မက်တစ်ခုမက်ပါ သည်။ ထိုအိပ်မက်သည် ဓာတ်ပုံရိုက်ထားသကဲ့သို့ ဘယ် အချိန် ပြန်စဉ်းစားစဉ်းစား ပေါ်နေပါသည်။

အိပ်မက်ထဲတွင် ရှေးဟောင်းတိုက်ကြီးတစ်ခုထဲသို့ ရောက်သွားပြီး တိုက်ကြီးထဲတွင် ကော်ဇောအစိမ်းကြီးများ ခင်းထားကာ ဆိုဖာကြီးများလည်း ဧည့်ခန်းတွင် ချထားပါ သည်။ တိုက်ထဲသို့ ကြည့်လိုက်သောအခါ စာရေးသူ ရှေ့ တည့်တည့်တွင် ကျောက်စိမ်းနရောင် အင်္ကျီလက်ရှည်ကို ဝတ်ထားပြီး အသားအရေ ဖြူဖွေးနူးညံ့နေသည့် ယောကျ်ား ပီသသောသူတစ်ဦးကို တွေ့လိုက်ရသည်။ မျက်နှာမှာ လေး ထောင့်လည်း၊ မကျ။ အဝိုင်းလည်း မဟုတ်။ ဆံပင်မှာ ဘိုကေပုံစံမျိုးမဟုတ်ဘဲ စကဆံပင်ဖြစ်သည်။ အရပ်မှာ မပု သော်လည်း မရှည်ပါ။ ကိုယ်လုံးကိုယ်ထည်မှာ ဝိန်လည်း မပိန်၊ ဝလည်း မဝပါ။ အချိုးအစားအလွန်ကျပါသည်။ မျက်နှာ ဥပဓိရုပ်ကို ကြည့်လိုက်သည့်အခါ ဘူးဆိုလျှင် ဖရုံသီးမည့် အစားမျိုးမဟုတ်။ အင်မတန်မှ ပြတ်သားတည်ကြည် ခန့် ညားသော မျက်နှာဖြစ်ပါသည်။

ညာဘက်ကို ကြည့်လိုက်သောအခါ တိုက်ခန်းကြီး အလယ်တွင် မိန်းကလေးတစ်ဦး ကျောပေး၍ ရပ်နေသည် ကို တွေ့ရသည်။ ဆံပင်ကို တင်ပါးအောက်ပိုင်းအထိ ဖြန့်ချထား ပြီး နက်ပြောင်ကော့ရှင်းနေပါသည်။ အင်္ကျီမှာ ပန်းနုရောင် အပွင့်အခက်လေးများဖြင့် လက်စကဝတ်ထားပါသည်။ လုံချည်မှာ အပြာရောင်မခဲ့တရဲ့ အောက်ခံပေါ်တွင် ခေါင်း ရမ်းအပွင့်သဏ္ဌာန်မျိုး ပန်းပွင့်များ ဖော်ထားပါသည်။ အသား အရေမှာ မြန်မာမိန်းကလေးများ ဖြူသည့်အရောင်အမျိုးဖြစ် သည်။ အရပ်မှာ အနေတော်ဖြစ်သည်။

စေတီလေးမှာ အရှေ့ဘက်မှ ကြည့်လျှင် အနောက်

www.burmeseclassic.com



သီဝံကျောင်းဆရာတော် ဦးဉာဏဗလမှ ရေစက်ချ တရားဟောကြားနေစဉ် မဏ္ဍပ်ဆီသို့ အနောက်ဘက်နှင့် အနောက်တောင်ဘက်ဆီမှ လေလုံးဝင်လာပြီး မဏ္ဍပ်ကို ဆောင့်၍ လေးငါးခြောက်ခါ တိုက်လာသောကြောင့် လူငယ်များက မဏ္ဍပ်ရှိ တာလပတ်များ၊ အပြီး ဝါးလုံးတိုင်များကို မြဲမြံကိုင်ထားရပါသည်။ ရေစက်ချခါနီးမှ လေမှာ ပြန်ငြိမ်သွားပါသည်။ အတွေ့အကြုံရှိသူများက နဂိုးသိုက်က လာတာဟု ပြောပါသည်။ သာသနာပွဲတွင် ရှိသော အုန်းသီးတစ်ခြမ်းမှာ အညာတွင် ရွှေဝါရောင်သမ်းနေသည်ကို တွေ့ရပါသည်။

ဘုရားပြင်ပြီး ရေစက်မချခင် ဆူးပဒေါင်းကွင်းရွာမှ ညနေ ၄နာရီခွဲအချိန်လောက်တွင် အိမ်သို့ ပြန်လာရာ မဲလီကုန်းသုသာန်ကို စက်ဘီးဖြင့် ဖြတ်စဉ် လမ်းပေါ်တွင် မြွေစိမ်းတစ်ကောင်သည် ဘွားခနဲ ပေါ်လာပြီး ခေါင်းရမ်းကာ စာရေးသူခြေထောက်နားသို့ ရောက်လာပါသည်။ ပြာသိုလပြည့်ကျော် ၆ရက်၊ နံနက် ၁၀နာရီ ၁၀မိနစ်အချိန်တွင်လည်း စက်ဘီးစီးလာရာ ရ.ဝ.တ ရုံးရှေ့နားအရောက်တွင် ကတ္တရာလမ်းမပေါ်သို့ ထူပါရုံကျောင်းဘက်မှ မြွေစိမ်းတစ်ကောင်သည် စက်ဘီးရှေ့သို့ ဖြတ်ဝင်လာပြီး ရှောင်ချိန်မရလိုက်၍ ခါးကို ဖြတ်နင်းမိသွားသည်။ မြွေစိမ်းမှာ ခါးရမ်းသွားပြီး စာရေးသူလည်း စက်ဘီးကို အမြန်နှင်း၍ ပြေးရပါသည်။

ဒုတိယအကြိမ် ထပ်မံတွေ့သည့်အခါ သင်္ကာမကင်းဖြစ်လာသဖြင့် မဲလီကုန်း ဘူတာလမ်းမှ ဆရာမ ဒေါ်မြင့်မြင့်အား မေးမြန်းကြည့်ရာ "ဆရာ မြွေစိမ်းဆိုတာ သစ်ပင်မှာပဲ နေတာ။ ဒါတောင် သစ်ပင်တိုင်း ရှိတာမဟုတ်ဘူး။ ခုလို မြေကြီးပြောင်တလင်းမှာ နှစ်ခါတွေ့တယ်ဆိုတော့ သူ့ဝမ်းသာလို့ ဆရာ့ကို နှုတ်ဆက်တာနေပါလိမ့်မယ်" ဆရာ

ဘက်သို့ လည်းကောင်း၊ တောင်ဘက်မှ ကြည့်လျှင် မြောက်ဘက်သို့ လည်းကောင်း၊ တစ်ဖက်ဖက်သို့ ကိုင်းညွှတ်နေပါသည်။

မဲလီကုန်းဒေသသည် ဥမ္မာဒန္တီမောင်နှမပိုင်သည့် နယ်ပယ်ဖြစ်ပါသည်။ မဲလီကုန်းမှ ၁၃မိုင်ဝေးသည့် မြို့တော်တွင် ဥမ္မာဒန္တီ မောင်နှမသည် ချောင်းထဲသို့ ခုန်ချပြီး အသုံးစီရင်သွားကြပါသည်။ မဲလီကုန်းချောင်းသည် ဥမ္မာဒန္တီ မောင်နှမ ပိုင်ဆိုင်သောကြောင့် အမှားအယွင်းမခံပါ။

ဆူးပဒေါင်းကွင်းဘုရား
(ယခင်မူလဘွဲ့တော် ဆုတောင်းပြည့်စေတီ)

ဆူးပဒေါင်းကွင်းရွာနောက်ကျောရှိ ရိုးမြောင်းကို ဖြတ်သောအခါ လယ်ကွင်းများကြားတွင် ဆီးပင်၊ ချုပင်များ ဖုံးအုပ်ပြီး ပျက်စီးနေသော စေတီမှာ နှစ်ပေါင်းများစွာကြာခဲ့ပြီး ဖြစ်ပါသည်။ ၁၃၇၄ ခုနှစ်၊ ပြာသိုလတွင် ပြုပြင်နေစဉ် (၁၅-၁-၂၀၁၃)၊ နေ့လယ် တစ်နာရီအချိန်ခန့်တွင် စေတီတော် မူလ ပန်းတင်ခုံပေါ်သို့ ဘယ်အချိန်က ရောက်နေမှန်း မသိရသည့် ပုတ်သင်ညှိတစ်ကောင်သည် မလူပ်မယှက်ဘဲ ပန်းတင်ခုံပေါ်သို့ ရှေ့လက်နှစ်ဖက်ကို တင်ကာ ဘုရားဘက်သို့ ဦးခေါင်းပြုနေသည်ကို ပန်းရံဆရာနှစ်ဦးနှင့် ဆူးပဒေါင်းကွင်းရွာမှ အသက် (၈၃)နှစ်ရှိ ဦးဗိုးနှစ်တို့ကိုယ်တိုင် တွေ့မြင်ကြရပါသည်။ အချိန်အတော်ကြာ မလူပ်မယှက်ဘဲ နေသောကြောင့် ပန်းရံဆရာ မျိုးမင်းထိုက်က ပုတ်သင်ညှိနားသွားကာ "ငါတို့ လုပ်စရာရှိသေးတယ်၊ မင်းလည်း တခြားသွားပေပါ" လို့ ပြောရာ လူစကား နားလည်သလဲဟု ပန်းတင်ခုံပေါ်မှ ဆင်း၍ ဘုရားကို ကွေ့ပတ်ပြီး လယ်ကွင်းထဲသို့ ပြေးဝင်သွားပါသည်။ ပုတ်သင်ညှိမှာ တစ်ကိုယ်လုံး အဝါရောင်ဖြစ်၍ ပုတ်သင်ညှိအမဟု ပြောပါသည်။ ပုတ်သင်ညှိကင်းလိပ်ချောတို့သည် လူအနားသို့ အကပ်ခံသည့် အကောင်အိုးမဟုတ်ပါ။

ဘုရားအား ထီးတင်ပြီး ရေစက်ချမည့်နေ့မတိုင်ခင် ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၄ရက်ညတွင် ဘုရားမဏ္ဍပ်၌ ဘွဲ့နာန်ပွဲပြုလုပ်နေစဉ် ဆူးပဒေါင်းကွင်းရွာမှ အောင်ဆန်းဝင်းဆိုသော ကင်မရာဖြင့် ဘုရားအား ဓာတ်ပုံရိုက်ရာ ညဉ့်နာရီအချိန်လောက်တွင် ရိုက်သော ဓာတ်ပုံ၏ နောက်ကျောမှာ ရောင်စုံ စက်ဝိုင်းများ ပေါ်နေပါသည်။ စက်ဝိုင်းများမှာ တစ်ပုံနှင့် တစ်ပုံ မတူပါ။

ပြာသိုလပြည့်နေ့ နံနက် ၁၀နာရီအချိန်တွင် ခေမာ

www.burmeseclassic.com

မေတ္တာပို့ပြီး အမျှဝေလိုက်ပါ"ဟု ပြောသဖြင့် မြွေစိမ်းအား ရည်မှန်း၍ အမျှဝေလိုက်ရာ နောက်ထပ် မတွေ့ရတော့ပါ။

ကိုင်းတောကွင်းဘုရား "လောကဟိတစေတီတော်" (ယခင် ဘွဲ့တော်မရှိ)

ကိုင်းတောကွင်းရွာနောက်ကျော လယ်ကွင်းများကြားတွင် တည်ရှိပါသည်။ ကိုင်းတောကွင်းရွာသား အရှေး မြေဒင်မှ ရိုက်ချိုး ဖျက်ဆီးခဲ့သောကြောင့် အုတ်ခုံဘောင်သာ ကျန်ရှိပါတော့သည်။ ဘုရားတည်ရန် မြေနေရာအကျယ်အဝန်းကို ကြည့်သောအခါ လယ်ကွင်းများ ဝိုင်းနေသောကြောင့် အတော်လေး ကျဉ်းနေပါသည်။ ကိုးမိုက်စေတီလောက်သာ တည်၍ရနိုင်မှာဖြစ်သည်။ သို့သော် ပန္နက်ရိုက်ရန် မြေနေရာကို ညှိသောအခါ အတော်ကျယ်နေသည်ကို တွေ့လိုက်ရသဖြင့် အားလုံး အံ့သြကြရပါသည်။ ထို့ကြောင့် ကိုးမိုက်စေတီတော်အစား ကိုးတောင်ပြည့်စေတီတည်ရန် ဆုံးဖြတ်လိုက်ကြပါသည်။

ထူးဆန်းအံ့သြဖွယ်ရာတစ်ခုမှာ အုတ်၊ သဲ၊ ကျောက်များကို ဘုရားသို့ ထော်လာကျိုဖြင့် သယ်ရာ ဘုရားပတ်ပတ်လည်၌ မတ်ပဲခင်းများ စိုက်ထားသောကြောင့် လွတ်သည့် နေရာကို ရှာကြ၍ ချရပါသည်။ သို့ပေမယ့် ထီးတော်တင်ရေစက်ချမည့်နေ့တွင် မဏ္ဍပ်ထိုးရန် အခက်အခဲဖြစ်နေပါသည်။ သို့သော် ရေစက်ချမည့်ရက်မတိုင်ခင် မဏ္ဍပ်မထိုးမီ ဘုရားရှေ့မှ မတ်ပဲပင်များအားလုံး အလိုလိုခြောက်သွေ့၍ သေသွားသည်ကို တွေ့ရပါသည်။

စာရေးသူမှ အတွေ့အကြုံရှိသောသူများအား မေးမြန်းကြည့်ရာ ဘုရားရှိ သိုက်များက ဘုရားတန်ခိုးကြီးမှန်း သိအောင် လက်တွေ့ပြတာဟု ပြောပါသည်။

သူတို့တုရားကို ပြင်ပေးသည့်အတွက် အလွန်ဝမ်းသာကြောင်း၊ ဘုရားတည်ရန် မြေနေရာကို ဒီထက်ကျယ်အောင် သူတို့ဖန်တီးပေးတာဖြစ်ကြောင်း၊ ဘုရားတွင် သိုက်ပွဲငါးပွဲပေးထားရန်နှင့် ကုလားသိုက်၊ ကရင်သိုက်၊ နဂါးသိုက်များ ရှိကြောင်း၊ ထိုသိုက်များက အုပ်ချုပ်သူမှာ ဥမ္မာဒန္တီမောင်နမဖြစ်ကြောင်း၊ ထီးတော်တင်မည့်နေ့တွင် သိုက်ချုပ်ဘိုးတော်ဖထီးကိုယ်တိုင်ကြွလာမည်ဖြစ်ကြောင်း ဝင်ပူး၍ပြောပါသည်။

နောက်ဖြစ်ရပ်တစ်ခုမှာ ထီးတော်တင် ရေစက်ချပြီး ရက်အနည်းငယ်တွင် မဲလီကုန်းမှ ဦးတင်သည် လေးကြီးရွာမှ ပြန်လာရာ ဇရပ်ကုန်းရွာနားမရောက်ခင် ဘုရားဘက်သို့ လှမ်းကြည့်လိုက်ရာ စေတီသုံးဆူဖြစ်နေသည်ကို တွေ့ရ၍ ကိုယ့်မျက်စိ ကိုယ်မယုံနိုင်သဖြင့် ထပ်မံကြည့်ရာ စေတီအရွယ်တူ သုံးဆူဖြစ်နေသည်ကို သေချာတွေ့ရသည်ဟု ပြောပါသည်။ အချိန်မှာ ညနေ ၃နာရီခွဲဖြစ်ရာ မျက်စိမှားစရာလည်း မရှိပါ။ ဦးတင် လှမ်းမြင်နေရသော နေရာနှင့် ဘုရားကြားတွင် လယ်ကွင်းများသာ ရှိပါသည်။

ဘုရားဌာပနာစဉ်က ရန်ကုန်မြို့ အမှတ် (၁၇၄)၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်နေ ကပ္ပတိန် ဦးမောင်မောင်လတ်+ဒေါ်ခင်သန်းမေမိသားစုမှ လှူဒါန်းလိုက်သော ဘုရား



www.burmeseclassic.com

www.burmeseclassic.com

ခံ အသားတော်မှဖြစ်သည့် ဓာတ်တော်များကို ထည့်သွင်းဘုရားထားခြင်းဖြစ်ပါသည်။ စေတီပုထိုးများ တန်ခိုးပြာတွင် ဦးထိုက်သူမှသာ ဖူးရပါသည်။

ရေတွင်းကုန်းဘုရား "ပြည့်ဝလာဘံစေတီတော်" (ယခင်က ဘွဲ့တော်မရှိပါ)

ရေတွင်းကုန်းရှာ ဘုရားကြီးကျောင်းဝင်းအတွင်း၌ နှစ်ပေါင်းများစွာ ပြိုကျပျက်စီးနေသော စေတီတော်အား ပြုပြင်ပေးရန် ရွာမှ အကူအညီတောင်းခံလာသောကြောင့် တစ်ဦးတည်းအလှူရှင်ဖြစ်သည့် မကွေးတိုင်းဒေသကြီး မင်းလှပြိုမှ ဦးချိုစိုး + ဒေါ်မိုမိုစံ မိသားစု၏ကိုယ်စား တာဝန်ယူ၍ ဆောင်ရွက်ပေးရပါသည်။

၁၃၆၇ ခု၊ တပေါင်းလတွင် အုတ်မြစ်ချ၍ ကဆုန်လဆန်း ၆ရက်၊ တနင်္လာနေ့ နံနက် ၈နာရီ ၄၅မိနစ်အချိန်တွင် ဇရပ်ကုန်းရွာမှ မိုးညိုကျောင်းဆရာတော် ဦးဝဏ္ဏသီရိ ဦးဆောင်ကာ ထီးတော်တင်ပြီး "ပြည့်ဝလာဘံ"ဘွဲ့တော် သမုဒ်၍ အနေကဇာတင် ရေစက်ချခဲ့ပါသည်။

အုတ်အဟောင်းများကို တူးဖော်ရာမှ ရသော ငွေပုရပိုက်ရှိ မှတ်တမ်းအရ ဘုရားသက်တမ်းမှာ နှစ်ပေါင်း (၁၁၇)နှစ်ရှိပြီးဖြစ်ပါသည်။ ယခင် ကျောင်းထိုင်ဘုန်းကြီး လက်ထက်က ထိုဘုရားကို ထီးတင်ပေးရန် အိပ်မက်ပေးခဲ့ပါသည်။ ဘုရားဒကာ သုံးဦးထဲမှ တစ်ဦးမှာ မကျွတ်လွတ်သေးကြောင်း၊ ဘုရားပျက်စီးနေတာ မကြည့်ရက်သည့်အတွက် ဘုရားပြင်မည်သူကို စောင့်ဆိုင်းနေရကြောင်း၊ ဘုရားပြင်မည့်ဆိုသည့်အတွက် အလွန်ဝမ်းသာကြောင်း ပြောပါသည်။ အုတ်မြစ်ချချိန်နှင့် ထီးတော်တင်ချိန်တွင် နေပူနေရာမှ ရုတ်တရက် မိုးများ အုံ့သွားပြီး ထီးတော်တင် အုတ်မြစ်ချပြီးမှ နေပြန်ပူလာပါသည်။

ရေစက်ချမည့်နေ့တွင် ကန်တော့ပွဲထိုးရန် အုန်းသီး အတွက် ဦးစံရွှေ+ဒေါ်ထွေးတင်မှ သူတို့၏ ခြံထဲရှိ အုန်းခိုင်းကို တက်၍ခုတ်ရာ အုန်းသီးနှစ်လုံးမှာ အမြွာပူးဖြစ်နေပါသည်။

ရေစက်ချအပြီး တစ်ရက်တွင် နံနက် ၄နာရီအချိန် ဘုရားဘေးရှိ ရွာလမ်းမှ မဲလီကုန်း စွေးသို့ စွေးရောင်းသွားသော ရေတွင်းကုန်းရွာမှ အမျိုးသမီးတစ်ဦးသည် ဘုရားနားရောက်သောအခါ ဘုရားဘေးရှိ လျောင်းတော်မှ တန်ဆောင်းကြီးအတွင်းမှ ဆိုင်းသံ ဗုံသံများကို ကြားရသဖြင့် ကြောက်လန့်၍ အမြန်သုတ်ခြေတင်သွားပြီး ဘုရားအလွန်ရောက်သည့်အခါမှ တန်ဆောင်းဘက်သို့ ပြန်၍လှည့်ကြည့်ရာ တန်ဆောင်းမှာ ထိန်လင်းနေပြီး ဆိုင်းသံများ ကြားနေရဆဲဖြစ်သည်ဟု ပြောပြပါသည်။

နောက် ထီးတော်တင်ပြီး ရေတွင်းကုန်းကျေးရွာထိပ်၌ လိပ်တစ်ကောင်ကို ကလေးများမှ တွေ့ပြီး ဖမ်း၍ လမ်းမပေါ်သို့ ချထားရာ လိပ်မှာ ဘုရားဘက်သို့ ခေါင်းလှည့်နေသဖြင့် ဘုရားသို့ ယူလာပေးပါသည်။ ဘုရားသို့ ရောက်သည့်အခါ အမျိုးသမီးတစ်ဦးအား ဝင်ပူးပြီး "ငါတို့ ဘုရားကို သိုက်ပြောင်းလာတာ။ နောက်ထပ် အဖော်တွေလည်း ရှိသေးတယ်။ ငါတို့ ပျော်ချင်တယ်။ သိုက်ပွဲပေးပါ"ဟု ပြောပါသည်။

ထို့နောက် နတ်ကန္တားဖြင့် သိုက်ပွဲပေးရာ နဂါးသိုက်နှင့် သိုက်ပေါင်းစုံမှ နတ်ပွဲကြည့်နေသူများကို ဝင်ပူးပြီး ပျော်နေကြပါသည်။ သိုက်ပွဲသို့ ကြွလာသော ပုဂ္ဂိုလ်များမှာ ပုဂ္ဂိုလ်အစစ်အမှန်များဖြစ်၍ သိုက်ပွဲအား ဗီဒီယိုရိုက်မထားလိုက်ရသည်ကို နောင်တရမိပါသည်။

ဘုရားအား ဘွဲ့တော်ဆက်ကပ်ရန် မိုးညိုကျောင်းဆရာတော်အား သွား၍လျှောက်သည့်အခါ ဆရာတော်မှ ညဘက်၌ ဘွဲ့တော်သုံးခုကို ရွေးပြီး ဘုရားခန်း၌ အဓိဌာန်ကြည့်ရာ "ပြည့်ဝလာဘံ"ဟူသော ဘွဲ့တော်ကိုသာ ပေးရန်ဖြစ်သည်။ ဘွဲ့တော်၏ ပေါင်းခြင်းမှာ ၉ ရပြီး ကက်ကင်းမိ၊ နဝင်းမိသော ဘွဲ့တော်ဖြစ်ပါသည်။ ပြည့်ဝလာဘံ ပေါ်ကြွယ်လှုပ်ဟူသော အတိတ်ကောင်း၊ နိမိတ်ကောင်းကိုလည်း ဆောင်ပါသည်။

နိဂုံးချုပ်ရပါလျှင် ထူးခြားသည့် ချုံတောထဲက ဘုရားများ၏ အလှူရှင်များသည် ပဌာန်းဆက်ရိုက်၍သာ လှူဒါန်းကြရခြင်းဖြစ်ပြီး ထိုသို့ လှူဒါန်းနိုင်ကြရန် အကြောင်းတရားက ဖန်တီးလာသော စာရေးသူ၏ ဘဝသည်လည်း ထူးခြားဆန်းကြယ်ပြီး ဂဿီရဆန်သော ဘုရားများနှင့် ဂဿီရဆန်သော စာရေးသူ၏ အကြောင်းအရာများတို့ ဆက်နွယ်နေသည်ဟု ဆိုလျှင် မှားမည်မထင်ပါ။

ဆောင်းကလေး

*****

www.burmeseclassic.com

www.burmeseclassic.com





ကောလိယမြို့ဟောင်းအနီးမှ စိတ်ဝင်စားဖွယ်ရာများ

ဆရာကြီး ဦးဒေါင်မြိုင်(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ကောဇာသက္ကရာဇ် ၇၄၅ ခုမှ ၇၈၂ ခုအထိ ဟံသာဝတီမြို့ကို မင်းနေပြည်တော်ပြု၍ ထီးနန်းစိုးစံခဲ့သော မွန်ဘုရင် ရာဇာဓိရာဇ်လက်ထက်တွင် အရှေ့မြို့ နှစ်မြို့ကို တည်ထားခဲ့ရာ ယခုခေတ် ဒိုက်ဦးမြို့နယ်အတွင်းရှိ ကောလိယမြို့ဟောင်းနှင့် ညောင်လေးပင်မြို့နယ်အတွင်းရှိ ဗိုင်းတားမြို့ဟောင်းတို့ ဖြစ်ကြသည်။ ကျွန်ုပ်သည် မြို့ဟောင်းများနှင့် ရှေးဟောင်း ဘုရားစေတီများကို စိတ်ဝင်စားသူဖြစ်၍ အခြေအနေပေးလျှင် ပေးသလို မြို့ဟောင်းများရှိရာသို့ သွားရောက်လေ့လာခဲ့ပါသည်။ ယခုဆောင်းပါးဖြင့် ဖော်ပြမည့် ကောလိယမြို့ဟောင်းသို့ သွားရောက်စဉ် မြို့ဟောင်းအနီးမှ စိတ်ဝင်စားဖွယ်အချို့ကို တွေ့မြင်ခဲ့ရပါသည်။

ဒိုက်ဦးမြို့၏ အနောက်မြောက်စူးစူး ၃မိုင်ခန့်အကွာအဝေးတွင် ကောလိယမြို့ဟောင်း ရှိပါသည်။ မြို့ရိုး၊ ကျုံးမြောင်းများ ရှိပါသေးသည်။ မြို့ရိုးများပေါ်တွင် လူနေအိမ်များ ဆောက်လုပ်နေထိုင်ကြသဖြင့် ယခုအခါ "မြို့ရိုးရွာ"ဟူ၍ လူသိများပါသည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတိုင်း မိုင်တိုင် ၇၂မိုင် ၂ဖာလုံတွင် အရှေ့ဘက် ကားလမ်းသွယ် "ဒိုက်ဦးမြို့သို့ လမ်း၃ ၁၆မိုင်"ဟု ရေးထားသည့် ဆိုင်းဘုတ် ရှိသည်။ ထိုလမ်း၃ခွအတိုင်း ကားမောင်းဝင်သွားလျှင် ၁၃မိုင် ကျော်ခန့်မှာ ညာဘက်(တောင်ဘက်)သို့ မြေသားလမ်း၃ခွ

www.burmeseclassic.com

ရှိပါသည်။ မြေသားလမ်းခွဲရှေ့ထိပ်တွင် "သမိုင်းဝင် လောကရန်အောင် ဆုတောင်းပြည့်စေတီတော်သို့" ဟူသော လမ်းညွှန်ဆိုင်းဘုတ်ရှိပြီး၊ ထိုမြေနီလမ်းအဆုံးသို့ လှမ်းကြည့်လိုက်သော အခါ စေတီတော်ကြီးတစ်ဆူကို ဖူးမြင်ရပါသည်။ ထိုစေတီတော်ကြီးမှာ ရှေးဟောင်းသမိုင်းဝင် လောကရန်အောင် ဆုတောင်းပြည့် စေတီတော်ကြီးဟု သိရသည်။

ကောဇာသက္ကရာဇ် ၁၂၇၅ ခုနှစ်ခန့်က ကောလိယ ချောင်းနှင့် မြိုရိုးရွာအနီးဝန်းကျင် လယ်ကေ တစ်ရာခန့်ကို မအူရိုးရွာမှ ဦးဖိုးထူးနှင့် ဦးနိမ့် ညီအစ်ကိုနှစ်ဦးက မိဘအမွေအဖြစ် လက်ဆင့်ကမ်း ပိုင်ဆိုင်၍ လုပ်ကိုင်နေခဲ့ရာ၊ သူတို့လယ်ကွင်းပိုင်နက်အတွင်း တောချု ဖုံးလွှမ်းနေသည့်နေရာမှ ညဘက်တွင် အလင်းရောင်တန်းများ ဖြာထွက်၍ ပတ်ဝန်းကျင်တစ်ခွင်လုံး လင်းထိန်သွားသည်ကို လယ်စောင့် မိသားစုဝင်များအပါအဝင် ပတ်ဝန်းကျင်ကျေးရွာများကပါ ညစဉ်တစ်ပတ်ခန့်ဆက်၍ တွေ့မြင်ကြရသဖြင့် အုတ်အော်သောင်းနင်းဖြစ်ခဲ့ရာမှ၊ ထိုနေရာကို တောချုံများ ခုတ်ထွင်ရှင်းလင်းခဲ့ကြသည်။

ထိုအခါမှ ရှေးဟောင်း ဂဝံကျောက်တုံးကြီးများ၊ ရှေးဟောင်း အုတ်ကျိုးအုတ်ပဲ့များနှင့် တောင်ကုန်းပို့မိုကြီး လိုဖြစ်နေသော ရှေးဟောင်းစေတီငုတ်တိုကြီး ပေါ်ထွက်လာခဲ့သည်။

ညဘက် ထွက်ပေါ်သော အလင်းတန်းမှာ ဤစေတီငုတ်တိုမှ ဓာတ်တော်ကွန့်မြူးခြင်းဖြစ်ကြောင်း လူအများ သိရှိရသဖြင့် စေတီတော်ငုတ်တိုကြီးအပေါ်ပိုင်းကို အနည်းငယ် တူးဖြိုရှင်းလင်းရာ ကြေးသွန်း စစ်သူကြီးရုပ်တု၊ ရွှေအစစ်နှင့် သွန်းလုပ်ထားသော ဉာဏ်တော် ၆လက်မခန့်ရှိ ရွှေစေတီတော်၊ ရွှေပန်းခိုင်၊ ရွှေခေါင်းရုပ်၊ ကြေးပြား စသည့် ဌာပနာပစ္စည်းအချို့ကို တွေ့ရှိကြပြီးနောက် ဆက်မတူးကြတော့ဘဲ ခေတ္တရပ်ဆိုင်းကာ၊ ၎င်းတို့ ကိုးကွယ်သော ဆရာတော် ဦးအိန္ဒ၏ ဦးဆောင်မှုဖြင့် ထိုစေတီငုတ်တိုကြီးကို ပြန်လည်ပြုပြင်တည်ထားကြသည်။ မူလ ဌာပနာပစ္စည်းများရော၊ ဦးဖိုးထူး၊ ဦးနိမ့်တို့ မိသားစုနှင့် ဒေသခံများမှ ပါဝင်လှူဒါန်းသော ဌာပနာ ရတနာပစ္စည်းများပါ ထပ်မံ ဌာပနာသွင်းခဲ့ကြသည်။ ၁၂၈၄ ခုနှစ်တွင်မှ ပြီးစီးခဲ့သည်။

နှစ်အတော်ကြာသောအခါ ထိုစေတီတော်ကြီး ကွဲအက်လာသည်။ ပုပ္ပားမှ ဘိုးတော် အောင်မင်းခေါင်၏ တပည့်ဆရာတော် ဦးကုမာရ(ဦးကျော်နီ)သည် ဤစေတီတော်ကြီးသို့ အိပ်မက်အရ လာရောက် အဓိဌာန်ဝင်ပြီး ဗိုက်ဦးပြု၊ ကန်တော်မင်္ဂလာကျောင်းဆရာတော် ဦးဓမ္မဝံသတို့ ဦးဆောင်ပြီး ပြန်လည်ပြုပြင်ကာ ထီးတော်တင်လှူခဲ့ကြသည်။ ထိုစဉ်က စေတီတော်၏ ဉာဏ်တော် ၉၅ပေ၊ လုံးပတ်တော် ၂၀၂ ပေ၊ အရှန်စေတီတော် ၂၄ ဆူရှိခဲ့သည်။ စေတီတော်ကြီး၏ ဘွဲ့အမည်ကို "လောကရန်အောင်" ဟူ၍ စတင်ခေါ်တွင်ခဲ့ကြသည်။

ဤစေတီတော်ကြီး၏ အနောက်ဘက် ၄ဖာလုံခန့်မှာ မွန်ဘုရင် ရာဇဓိရာဇ်လက်ထက်က တည်ထားခဲ့သော



www.burmeseclassic.com

www.burmeseclassic.com

ကောလိယမြို့ဟောင်းရှိသည်။ ဟံသာဝတီနှင့် အင်းဝ စစ်ပွဲ ကာလအတွင်းက အင်းဝဘုရင်မင်းခေါင်၏ နှမ မင်းလုမြတ် (သုပဘာဒေဝီ)နှင့် ဟံသာဝတီဘုရင် ရာဇဓိရာဇ်တို့ မွန်နှင့် ဗမာ ချစ်ကြည်ရေးအတွက် ထိမ်းမြားမင်္ဂလာပွဲကျင်းပရာ ကောလိယမြို့တွင် တန်ဆောင်းကြီး သုံးဆောင်ဆောက်လုပ် ပြီး ခမ်းနားကြီးကျယ်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ရာဇဓိရာဇ်မင်းကပင် မွန်နှင့် ဗမာ ချစ်ကြည်ရေးအထိမ်း အမှတ်အဖြစ် စေတီတော်တစ်ဆူ တည်ထားခဲ့ကြောင်း။ "ကျိုက်မုခဲလ" ဘွဲ့အမည်ရှိကြောင်း သိရသည်။ ထို့ကြောင့် လောကရန်အောင် ဆုတောင်းပြည့်စေတီတော်ကြီးမှာ မွန် ဗမာ တိုင်းရင်းသား ချစ်ကြည်ရေးအတွက် တည်ထားခဲ့သော စေတီတော်ကြီးဖြစ်ပါသည်။

လောကရန်အောင် စေတီတော်ကြီး၏ အဝင်မုခ်ဦး အနောက်ဘက်ဘေးတွင် ပဲခူးမယ်တော်ဟု ထင်ရှားသည့် နန်ကရိုင်းမယ်တော် နတ်နန်းဆောင်ကြီးတစ်ဆောင်ရှိသည်။ ဒေသခံများ၏ ပြောပြချက်အရ ပုပ္ပားဆရာတော် ဦးကုမာရ (ဦးကျော်နီ)က စေတီတော်ကြီးကို ပြန်လည်ပြုပြင်ခိုန်တွင် ဤနတ်နန်းဆောင် စတင်ပေါ်ပေါက်ခဲ့ပြီး စေတီတော်ကြီး၏ ပြုပြင်မှုလုပ်ငန်းများတွင် ပါဝင်ကုသိုလ်ပြုခဲ့ကြောင်း သိရသည်။

ကောလိယမြို့ဟောင်း(မြို့ရိုးရွာ)နှင့် လောကရန်အောင် ဆုတောင်းပြည့် စေတီတော်ကြီးကြားရှိ ရေးဟောင်းဘုရားများ ပြန်လည်ပြုပြင်တည်ထားရေးနှင့် လမ်းဖောက်လုပ်ရေးလုပ် ငန်းများတွင် ပဌာန်းဆက် ကုသိုလ်ရှင်များအား နန်ကရိုင်း မယ်တော်ကြီးက အိပ်မက်ပေးခြင်းဖြင့် လာရောက် လှူဒါန်းမှု များ။ လာရောက် ဦးဆောင်ပါဝင် ဆောင်ရွက်မှုများ ပြုစေခဲ့ ကြောင်းလည်း သိရသည်။

နိုက်ဦးမြို့ ဒရယ်မီးတာဆုံထိပ်နှင့် အပြန်လမ်းမတို့ကို ဆက်သွယ်ထားသော မော်တော်ကားလမ်းအတိုင်း ဒရယ်မီး တာဆုံမှ အနောက်ဘက် ၂မိုင်ခန့်တွင် လောကရန်အောင် ဆုတောင်းပြည့်စေတီတော်သို့ မြေသားလမ်း ၄ဖာလုံခန့်ရှိ သည်။ ထိုမြေသားလမ်းအတိုင်း တစ်ဖာလုံခွဲခန့်တွင် အနောက်ဘက်သို့ မြေသားလမ်း ၄ဖာလုံခန့်ရှိသည်။ ထိုမြေ သားလမ်းအဆုံးမှာ မြို့ရိုးရွာ(ကောလိယမြို့ဟောင်း)ရှိသည်။ မြို့ရိုးပေါ်မှာ အိမ်ခြေ (၂၀၀)ခန့် ရှိပါသည်။ ရေးဟောင်း အုတ်စီ ရေကန်ကြီးလည်း ရှိသည်။ လောကရန်အောင် ဆုတောင်းပြည့် စေတီတော်၏ အနောက်ဘက် ၄ဖာလုံခန့် တွင် မြို့ရိုးရွာတည်ရှိခြင်းဖြစ်၍၊ လောကရန်အောင်စေတီ တော်ကြီးမှာ ကောလိယမြို့ ဦးစေတီတော်လည်း ဖြစ်သည်။

မြို့ရိုးရွာ (ကောလိယမြို့ဟောင်း)သို့ ဆက်သွယ်ထား သော မြေသားလမ်းအတိုင်း ဝင်သွားသောအခါ ၂ဖာလုံခွဲခန့် တွင် လမ်းနှင့်ကပ်လျက် တောင်ဘက်မှာ ဘုရားကုန်းတော် ပရဝဏ်တစ်နေရာရှိပါသည်။ ထိုဘုရားကုန်းတော်၏ အနောက်ဘက်ကပ်လျက်မှာ ရေစီးနေသော ရိုးချောင်းငယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။

ဘုရားကုန်းတော်၏ တောင်ဘက်စွန်းမှာ နဂိုးရံဘုရား ရှပ်ပွားတော်ကို သပ္ပာယ်စွာ ဖူးမြင်ရသည်။ ထိုအနီးမှာလည်း စေတီတော်၊ ကျောင်း၊ ဇရပ်တို့ကို တည်ဆောက်ထားသည်။ ဤဘုရားကုန်းတော်နေရာမှာလည်း ရှေးကတည်းက စေတီ ငတ်တိုင်ယ်များရှိရာ အိပ်မက်အရ ပဌာန်းဆက် ကုသိုလ်ရှင်များ လာရောက်ပြုပြင် တည်ထားခဲ့ကြောင်း သိရသည်။

"အခု ဒီဘုရားကုန်းတော်ကို နောက်ဆုံး ပြုပြင်တည်ထားမှုတွေကို ဦးဆောင်ခဲ့တာကတော့ ဒေးဝွန်ပါက မဟာသမယ ဆရာတော်ဖြစ်ပါတယ်။ နန်ကရိုင်းမယ်တော်ကြီး အိပ်မက်ပေးလို့ လာရောက် ဦးဆောင်ပြုပြင်ပေးရခြင်းဖြစ်ကြောင်း မိန့်ကြားခဲ့တယ်"

ဟု ဒေသခံ အမျိုးသမီးကြီးတစ်ဦးက ပြောပြခဲ့ခြင်းဖြစ်ပါသည်။

တောင်ငူဘုရင် တပင်ရွှေထီးမင်းက ဟံသာဝတီကို သိမ်းပြီး ထီးနန်းစိုးစံစဉ် သမိန်စောထွတ်၏ လုပ်ကြံခံရ၍ နတ်ရွာစံပြီးနောက်၊ တပင်ရွှေထီးမင်း၏ ယောက်ဖတော် ဖြစ်သော ဘုရင့်နောင်က နောက်လိုက်နောက်ပါ စစ်သည်အချို့ကို စုရုံးပြီး တောင်ငူကို ချီတက်သိမ်းပိုက်သည်။

ထို့နောက် ဟံသာဝတီတွင် ထီးနန်းသိမ်းပိုက် စိုးစံနေသော မွန်ဘုရင် သုရင်တကာရွှတ်ပိတပ်အား တိုက်ခိုက်ရန် စစ်ချီလာစဉ် ကောလိယမြို့ ရန်အောင်ကျော်ထင်စခန်း၌ ခေတ္တရပ်နားကာ၊ တပ်မှူးစစ်ကဲတို့နှင့် ဗျူဟာများ ညှိနှိုင်းတိုင်ပင်ခြင်း၊ ဘုရားမှာ အဓိဋ္ဌာန်ဝင် ဆုတောင်းခြင်းများ ပြုခဲ့ရသည်။ ထို့နောက် ဟံသာဝတီသို့ ချီတက်ကာ အင်အားကြီးမားသော သုရင်တကာရွှတ်ပိ၏ တပ်တို့ကို တိုက်ခိုက်အောင်မြင်ပြီး ဟံသာဝတီထီးနန်းကို သိမ်းပိုက်နိုင်ခဲ့သည်။ ကောလိယမြို့အနီးဝန်းကျင်ရှိ စေတီဘုရားပရဝဏ်များကိုလည်း ပြန်လည်ပြုပြင်ပေးခဲ့သည်။

တစ်ခုကို တွေ့ရသည်။ ထိုရိုးချောင်းမှာ တောင်ဘက် ကောလိယချောင်းအတွင်း စီးဝင်ကြောင်း သိရသည်။ ဤ ရိုးချောင်းငယ်မှာ ရှေး ပဒေသရာဇ်ခေတ်က ကောလိယမြို့၏ အရှေ့ဘက် ရေကျုံးကြီးဖြစ်ခဲ့သည်။ ယခုတော့ လယ်မြေများ ဖြို၍ ကောနေခြင်းဖြစ်သည်။ ထိုဘုရားကုန်းမှ အနောက်ဘက် တစ်ဖာလုံခွဲခန့်တွင် စေတီငယ်တစ်ဆူနှင့် မြို့ရိုးရွာထိပ်ကို တွေ့မြင်ရသည်။

ကောလိယမြို့ဟောင်း အရှေ့ဘက်ကျုံးထိပ် ဘုရားကုန်းသို့ အဝင်လမ်း ထိပ်ဆုံးမှာ ထုံးဖြူဖြူစေတီတော်တစ်ဆူကို အရန်စေတီငယ်များ ရံလျက် သပ္ပာယ်စွာ ဖူးမြင်ရသည်။ ထိုစေတီတော်တွင် ရေးထိုးထားသော ကမ္ဘည်းစာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

"အမေနံကရိုင်း ပဲခူးမယ်တော်အား ကျေးဇူးဆပ်စေတီတော်တွဲတော် ပြည်တော်အေး အောင်တော်မူ ဆုတောင်းပြည့် ပေါက်ကန်ညီတော်စေတီတော် ၁၃၆၉ ခု၊ နယုန်လပြည့် ကျော် ၁-ရက်၊ ကြာသပတေးနေ့"

ထိုစေတီတော်၏ တောင်ဘက်ကပ်လျက်တွင် ပျဉ်ခင်း သွပ်မိုး၊ ခမ္မာရုံတစ်ဆောင်ရှိသည်။ အရိပ်အာဝါသ ကောင်းသော သစ်ပင်ကြီးအနီးတွင်ရှိ၍ လေတဟူးဟူးဖြင့် အေးမြနေပါသည်။ ဥပုသ်စောင့်ခြင်း၊ တရားရှုမှတ်ခြင်း၊ ပုတီးစိပ်ခြင်းများအတွက် တိတ်ဆိတ်ငြိမ်သက် အေးချမ်းသော နေရာထူးဖြစ်ပါသည်။

ခမ္မာရုံ၏ တောင်ဘက်ကပ်လျက်မှာ ကုန်မို့မို့ပေါ်တွင် ညောင်ပင်ကြီးတစ်ပင်ရှိပြီး၊ ထိုညောင်ပင်ကြီးအောက်မှာ အရန်စေတီငယ်များ ရံထားသော ရွှေဆေးသက်နန်းလှူဒါန်းထားသည့် စေတီတော်တစ်ဆူကို ဖူးမြင်ရသည်။ ထိုစေတီတော်တွင် ရေးထိုးထားသော ကမ္ဘည်းစာအရ "နဂိုးရံ ဓာတ်ပေါင်းစု အောင်ဗောဓိညီတော်စေတီ" ဖြစ်ကြောင်း သိရသည်။

ထိုစေတီတော်၏အနီး ကုန်းတော်အခြေမှာ ထုံးဖြူစေတီငယ်တစ်ဆူကို ဖူးမြင်ရသည်။ "နဂိုးရံ ဓာတ်ပေါင်းစု နောင်တော်ကြီးစေတီ" ဟု ကမ္ဘည်းရေးထိုးထားသည်။ ထူးခြားချင်မှာ "နန်ကရိုင်းမယ်တော် မွေးဖွားရာ. ဇာတိ" ဟူသော စာတန်းကို တွေ့မြင်ရခြင်းဖြစ်ပါသည်။

ဘုရားကုန်းတော်အလယ်ရှိ ညောင်ပင်ကြီးမှ အရှေ့မြောက်ယွန်းတွင် မူလစေတီရော၊ အရန်စေတီငယ်များပါ ရွှေဆေးသက်နန်းကပ်လှူထားသော စေတီတော်တစ်ဆူကို ဖူးမြင်ရသည်။ ထိုစေတီတော်မှာ "ပြည်တော်အေး အောင်တော်မူ ဆုတောင်းပြည့် ပေါက်ကန် နောင်တော်ကြီးစေတီ"

www.burmeseclassic.com

ထို့ကြောင့် ကောလိယမြို့ဟောင်းအနီးဝန်းကျင်ရှိ စေတီဘုရားများမှာ ရာဇဝင်တွင် ဘုန်းကံကြွင်မား တန်ခိုးထွား ခဲ့သည့် မွန်ဘုရင် ရာဇဓိရာဇမင်းနှင့် မြန်မာဘုရင် ဘုရင့်နောင်မင်းတရားတို့၏ အောင်မြေနေရာထူးများ ဖြစ်ကြပေသည်။

ကောလိယမြို့ဟောင်းအနီးရှိ ဤဘုရားကုန်းတော်သည် နန်းကရိုင်း မယ်တော်ကြီးနှင့် မည်ကဲ့သို့သော ဆက်သွယ်မှုမျိုး ရှိပါသနည်း။ ထို့ပြင် ရာဇဓိရာဇမင်းနှင့် ဘုရင့်နောင်မင်းကြီးတို့လက်ထက်က ဤဘုရားကုန်းတော်နေရာတွင် မည်ကဲ့သို့သော လောကီအစီအမံများ ပြုခဲ့လေသနည်း။ စသည့် စိတ်ဝင်စားဖွယ်ရာများကို တစ်နည်းနည်းဖြင့် သိရှိထားသူများ ရှိမည်ဟု ကျွန်ုပ်ယုံကြည်ယူဆမိပါသည်။ ထိုပုဂ္ဂိုလ်တစ်စုံတစ်ဦးက ဤ စိတ်ဝင်စားဖွယ်ရာများနှင့် ကောလိယမြို့ဟောင်း၏ အကြောင်းစုံကို ဤမဂ္ဂဇင်းစာအုပ်မှာ ဆောင်းပါးရေးသား ဖော်ပြပေးပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။

စာဖတ်သူများအနေဖြင့် လူသိနည်းလှသော ကောလိယမြို့ဟောင်းသို့ တစ်ခါတစ်ခေါက်သွားရောက်လေ့လာရင်း ဘုရားဖူးရင်း အကျိုးထူးရှိနိုင်ကြပါစေ■

ဆရာကြီး ဦးအောင်မြိုင် (ဥပဒေဘွဲ့)
လက္ခဏာမေဒင်ပညာသုတေသီ

*****







www.burmeseclassic.com

www.burmeseclassic.com

မာရ်နတ် (၅)

အားလုံးသိကြတဲ့အတိုင်း မာရ်နတ်ဆိုတာ အဖျက်အမြဲတမ်း အနှောင့်အယှက် အမှောက်အဖျက်ကြိုက်တတ်သူပါ။ ဒါပေမယ့် သုံးလောကထွင့်ထား သဗ္ဗညုတဉာဏ်ရှင်တော်ဘုရားကိုတော့ မနှောင့်ယှက်နိုင်ပါဘူး။ အနှောင့်အယှက်မျိုးစုံနဲ့ အမှောက်အဖျက်တွေ ပြုလုပ်ခဲ့ပေမယ့် ကြီးအောင် မဖျက်ဆီးနိုင်ခဲ့ပါဘူး။

မာရ်နတ်ဟာ ဘိက္ခုနီမတွေကိုလည်း လူပျိုစကားပြော နှောင့်ယှက်ခဲ့တယ်။ ကုသိုလ်ကောင်းမှု အလှူဒါနပြုရာတွေကိုလည်း အနှောင့်အယှက်ပေးခဲ့တယ်။ သီရိမဟာဘောဓိကြီး၏ ပွဲကြီးကို ပျက်စီးအောင် နှောင့်ယှက်ခဲ့ဖူး အားလုံးနီးပါး သိကြသားပဲ။ သို့သော်လည်း တန်ခိုးကြီးတဲ့ ဘုရားပုထိုးတွေ မထေရ်က တားဆီးပေးနိုင်ခဲ့တယ်လေ။ မာရ်နတ်ရဲ့ လည်ပင်းကိုတောင် ခွေးသေကောင်ပုပ်ကြီးကို ဒဏ်ခတ်တဲ့အနေနဲ့ ဆွဲပေးလိုက်သေးတယ်။ မာရ်နတ်ရဲ့ အကြောင်းကတော့ ပြောမဆုံးပေါင် တောသုံးထောင်ဆို သလိုပါပဲ။

အခု တင်ပြမယ့် အကြောင်းအရာတွေကတော့ မြတ်စွာဘုရားကို နှောင့်ယှက်ခဲ့ပုံ နည်းမျိုးစုံတွေပါပဲ။

မြွေကြီးဖန်ဆင်းပြီး ခြောက်လှန့်ခြင်း

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေစဉ် မိုးကြိုးမှောင်မိုက်သော ညတစ်ည၊ အကာအကွယ်မဲ့ ဟင်းလင်းပြင် လွင်တီးခေါင်အရပ်မှာ မြတ်စွာဘုရားဟာ ငြိမ်သက်စွာ ထိုင်နေတော်မူပါတယ်။ မိုးကလည်း တဖြောက်ဖြောက်ရွာနေသေးရဲ့။ အဲဒီအချိန်မှာပဲ မာရ်နတ်ကြီးဟာ အလွန်တရာကြီးမားသော မြွေကြီးတစ်ကောင်ဖန်

www.burmeseclassic.com

[illegible] ဘယ်လောက်ကြီးမားသလဲဆိုရင် သူ့ရဲ့ [illegible] သစ်ပင်ကြီးတစ်ပင်လုံးကို ထွင်းထားတဲ့ လုံးထွင်း လေ့ကြီးလောက် ရှိတယ်။ သူ့ရဲ့ ပါးပျဉ်းကြီးဟာ အရက်ချက်သမားတွေ မုန့်ညက်လုန်းတဲ့ ဖျာကြီးလောက် ရှိတယ်။ မျက်စိကြီးနှစ်လုံးဟာ ကောသလဘုရင်ကြီး သုံးစွဲလေ့ရှိတဲ့ ကြေးနီခွက်ကြီးလောက် ရှိတယ်။ လျှာကြီးထုတ်လိုက်တဲ့အခါ မိုးထစ်ချုန်းစဉ် လက်လိုက်တဲ့ လျှပ်စီးရောင် လက်သလိုပါပဲ။ မြွေကြီးရဲ့ အသက်ရှူသံကြီးဟာ ပန်းပဲဖိုက လေမှုတ်သလိုပါပဲ။

ဘုရားမှာ အကြောက်တရားမရှိပါ

မာရ်နတ်ကြီး ဘယ်လိုခြောက်ခြောက် မြတ်စွာဘုရားကတော့ ကြောက်လန့်မှု၊ တုန်လှုပ်မှု အလျဉ်းမရှိပါဘူး။ တည်ငြိမ်စွာဖြင့်ပင်...

"ဆိတ်ငြိမ်ရာမှာ တစ်ကိုယ်တည်း တရားကျင့်သော ပုဂ္ဂိုလ်အတွက် အကြောက်တရားကို ဖယ်ရှားထားပြီးဖြစ်တယ်။ ကြမ်းတမ်းသော သားရဲတိရစ္ဆာန်များ၊ ကြောက်မက်ဖွယ် ငြွေ၊ ကင်း၊ သန်း စတဲ့ သတ္တဝါများရှိတောင် တရားကျင့်ကြံအားထုတ်သော တောနေ ရဟန်းများအတွက် ကြက်သီးမွေးညှင်းထခြင်းပင် မရှိချေ။

မိုးတိမ်မည်းများ အက်ကွဲ၍ မဟာပထဝီမြေကြီး ကပြောင်းကပြန် တုန်လှုပ်စေကာမူ၊ လူ စတဲ့ သက်ရှိသတ္တဝါများ ကြောက်ရွံ့ ထိတ်လန့်တုန်လှုပ်ကြစေကာမူ၊ ရင်ဝမှာ လုံကြီးစူးဝင်နေစေကာမူ သဗ္ဗညု မြတ်စွာဘုရားတို့မည်သည် ကြောက်ရွံ့ ထိတ်လန့်ခြင်းအလျဉ်းပင် မဖြစ်ချေ။

အအိပ်ကြီးတဲ့ ဘုရားဟု ကဲ့ရဲ့ခြင်း

မြတ်စွာဘုရားဟာ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတွင် တစ်ညလုံး လွင်တီးခေါင် ဟင်းလင်းပြင်အရပ်မှာ စင်္ကြံကွေ့တော်မူနေပါတယ်။ မိုးသောက်ယံအချိန်သို့ ရောက်သောအခါကျမှသာ ခြေဆေးပြီး ကျောင်းတော်တွင်းသို့ ဝင်ရောက်ကာ လက်ယာနံပါးဖြင့် ညာဘက်သို့ စောင်းအိပ်ခြင်းဖြင့် မြတ်သော အိပ်ခြင်းကို ပြုတော်မူတယ်။

အဲဒီမှာ အပြစ်ကို ရှာကာ၊ အနှောင့်အယှက်ပေးလိုတဲ့ မာရ်နတ်ကြီးဟာ "သင်သည် အဘယ့်ကြောင့် အိပ်သနည်း။ သင်သည် သူသေကောင်တစ်ယောက်လို အဘယ့်ကြောင့် အိပ်စက်နေပါသနည်း။ ဆိတ်ငြိမ်ကျောင်းခန်းထဲမှာ ဖြစ်၍ အိပ်ကောင်းကောင်းနဲ့ အိပ်နေပါသလော။ နေထွက်တော့မှာဖြစ်လျက် အဘယ့်ကြောင့် အိပ်၍နေပါသနည်း။ အအိပ်ကြီးလုခူညလား" လို့ ကဲ့ရဲ့ပြစ်တင်ပါလေတော့တယ်။ ဒီတော့ မြတ်စွာဘုရားက...

"ဟဲ့... မာရ်နတ်ယုတ်၊ ရွံ့ရွံ့ယုတ်ယုတ်လာ မနှောင့်ယှက်နှင့်။ တွယ်တာကပ်ငြိသော၊ ဘဝတဏှာ မရှိတော့သော မြတ်စွာဘုရားတို့မည်သည် အတွယ်အတာကင်းစွာဖြင့် (နာမ်နေသောအားဖြင့်သာ) ကျိန်းစက်၏။ ဤသို့ အိပ်ခြင်း၌ အပြစ်မရှိ၊ သင်သည် အဘယ်ကြောင့် အပြစ်မရှိ၊ အပြစ်ရှာဘိသနည်း။ ဖယ်လော့၊ ရှားလော့၊ ထွက်သွားလော့ မာရ်နတ်ယုတ်"

လို့ မိန့်တော်မူကာ မာရ်နတ်ကြီးကို မောင်းထုတ်တော်မူလိုက်လေသည်။

အဆိုးထဲက အကောင်း

မာရ်နတ်ဟာ အဖျက်သမားဖြစ်၍ ကြောက်စရာကောင်းပါ၏။ သို့သော် မာရ်နတ်နှင့် မြတ်ဗုဒ္ဓ ရင်ဆိုင်ယှဉ်ပြိုင်တွေ့ဆုံခန်းများ၌ မာရ်နတ်ကြီး၏ ကတ်သီးကတ်သတ် မေးခွန်းများ၊ သဘာဝနှင့် ဆန့်ကျင်သော စကားများ၊ မြတ်ဗုဒ္ဓအား အနှောင့်အယှက်ပြုမူခန်း၊ စကားစစ်ထိုးခန်းများမှာ မှတ်သားစရာကောင်းပါ၏။ လေ့လာစရာ၊ နမူနာယူစရာတွေ ဖြစ်ပါ၏။ သတိထားစရာ၊ သံဝေဂယူဖွယ်ရာတွေ ပါဝင်၏။

ထိုမှတစ်ပါး မာရ်နတ်၏ မြတ်ဗုဒ္ဓနှင့် ဆန့်ကျင်ဖက် စကား၊ ကတ်သီးကတ်သတ် မေးခွန်းများကြောင့်ပင်လျှင် မြတ်ဗုဒ္ဓထံမှ နက်နဲသော ဒေသနာတော်များ၊ မှတ်သားလိုက်နာဖွယ် တရားများကို နာကြားရပေသည်။ အဆိုးထဲက အကောင်းဆိုသလို၊ အသိပညာများ ရရှိသဖြင့် မာရ်နတ်ကြီးကိုပင် ကျေးဇူးတင်ရမလိုဖြစ်တော့သည်။

မရှိ တောင့်တ၊ ရှိ ကြောင့်ကြ၊ လူ့သဘာဝ

လူတို့သဘာဝ "မရှိ တောင့်တ၊ ရှိ ကြောင့်ကြ" တဲ့။ မိမိမှာ မရှိသော ပစ္စည်းကို လိုချင်ကြသည်။ တောင့်တကြသည်။ ရှိအောင် အားထုတ်ကြသည်။ ဆောင်ရွက်ကြသည်။ ရှာဖွေကြသည်။ ရရှိလာပြန်တော့ ကြောင့်ကြစိုက်ပြန်၏။

ဤကဲ့သို့ အားထုတ်ဆောင်ရွက် ရှာဖွေကြရာ၌ တရားသော နည်းလမ်းဖြင့် အားထုတ်ကြသူများ ရှိသလို မတရားသောနည်းဖြင့် ရှာဖွေကြသူများလည်း ရှိပေသည်။

www.burmeseclassic.com



သူ့အလိုဆန္ဒကလည်း ပြည့်ဝသည် မရှိနိုင်။ အိမ်ရှိလျှင် ထားလိုချင်သည်။ ရေခဲသေတ္တာ၊ ဗီဒီယိုအပေါ်စက်၊ အောက်စက်ဆိုတာတွေ လိုချင်သည်။ ကွန်ပျူတာ လိုချင်သည်။ တယ်လီဖုန်း လိုချင်သည်။ ခြံမြေတွေ လိုချင်သည်။ မယားဆောချောလှလှတွေ လိုချင်သည်။ ခေတ်ပေါ် ဇိမ်ခံပစ္စည်းမျိုးစုံဖြင့် စတိုင်ကျကျ စမတ်ပြည့်ပြည့် ဇိမ်နှင့် နေချင်ကြသည်ထိ။

ထိုထိုကျဉ်ကျဉ် အနီကဲ့သို့သော ဇိမ်ခံပစ္စည်းများ၊ လူ့အသုံးအဆောင်ပစ္စည်းများ အလွယ်တကူ ဝယ်ယူသုံးစွဲမှုမပြုနိုင်သောအခါ မတရားရလိုမှုတွေ ပါလာသည်။ မသမာမှုတွေ ဝင်လာသည်။ ဥာဏ်နှဥာဏ်နက်တွေ ထုတ်ကာ မမှန်ကန်တာတွေ လုပ်လာသည်။ မိမိလိုချင်သော ပစ္စည်းများနှင့် မိမိဝင်ငွေပမာဏ မမျှတသောအခါ၊ မလောက်သောအခါ ဩဘင်ပေး လာဘ်ယူကိစ္စတွေကို မိတ်ဖွဲ့လာကြသည်။

ဤသို့ဖြင့် လူ့ဘဝ လိုအင်ဆန္ဒတွေ ပြည့်ဝသည်၊ ပြည့်ဝသည်ဟူ၍ မရှိတဲ့ "ဂျာအေး သူ့အမေရိုက်" သီချင်းထိ လုံးလည်လိုက်လျက် ရှိနေလေတော့သည်။

ဤကား ဘဝ၏ ဆန္ဒ၊ လူတို့၏ မရိုတောင့်တသောဘောဇော်ကို အကြမ်းဖျင်း တင်ပြခြင်းဖြစ်သည်။

လိုအပ်သော ပစ္စည်းပစ္စယများ ရရှိလာပြီဆိုလျှင်လည်း ဆက်သာပါ။ မပျက်မစီးအောင်၊ မခိုးမဝှက်အောင်၊ မလုမယက်အောင် ကြောင့်ကြစိုက်ကြရသည်ပဲ မဟုတ်လား။

သို့တစေ၊ ကြောင့်ကြစိုက်ရမှ စိုက်ရော၊ လူတိုင်းလိုပင် လိုချင်ရမှာက်ရှိနေကြသည်ကိုလည်း ငြင်းဆိုနိုင်မည်မထင်ပေတကား။

မရှိ တောင့်တ၊ ရှိ ကြောင့်ကြ ဒဿန

ဤကိစ္စ၊ ဤဒဿနများနှင့် ပတ်သက်၍ မြတ်ဗုဒ္ဓ၏ ဟောကြားချက်ကို တင်ဆက်ပါမည်။

မာရ်နတ်ကြီးက···

"ဇနီးမယားရှိသူတို့သည် ဇနီးမယားနှင့် ပျော်ရ၏။ သမီးသားရှိသူတို့သည် သမီးသားနှင့် ပျော်မွေ့ရ၏။ စီးပွားဥစ္စာရှိသူတို့သည် စီးပွားဥစ္စာတို့နှင့် ဇိမ်ခံကြ၏။ နွားများများရှိသူတို့သည် နွားများဖြင့် နှစ်သက်၏။ လူအပေါင်းတို့၏ ချမ်းသာမှုတည်ရာကား ဖော်ပြပါ ကာမဂုဏ်၊ အာရုံပစ္စည်းများဖြစ်ပေ၏။ ကာမဂုဏ်၊ အာရုံ(ဥပဓိ)မရှိသူကား ဘာကို နှစ်သက်မည်နည်း။ (ဘဝအရသာရှိမည်နည်း)"

ဟူ၍ မြတ်ဗုဒ္ဓအား မေးခွန်းထုတ်ကာ စကားစ,လိုက်၏။ မြတ်ဗုဒ္ဓ၏ အဖြေကတော့···

"ဇနီးမယားရှိသူသည် ဇနီးမယားအတွက် စိုးရိမ်ပူပန်ရ၏။ သမီးသားရှိသူတို့သည် သမီးသားအတွက် စိုးရိမ်ပူပန်ရ၏။ စီးပွားဥစ္စာ (တိုက်၊ ကား၊ ခြံမြေ၊ မော်တော်ကား၊ စက်ရုံ၊ အလုပ်ရုံ စသည်) ရှိသူတို့သည် အဆိုပါ စီးပွားဥစ္စာများအတွက် စိုးရိမ်ပူပန်ရ၏။ လူတို့သည် ကာမဝတ္ထု၊ ကာမဂုဏ်အာရုံတွေ(ဥပဓိ)ရှိခြင်းကြောင့် စိုးရိမ်ပူပန်ရခြင်းဖြစ်၏။

ဝတ္ထုအာရုံ၊ ကာမဂုဏ်(ဥပဓိ)တွေ မရှိသော ငါဘုရားကဲ့သို့သော အရိယာများအတွက်မူကား စိုးရိမ်ပူပန်ဖွယ်ရာ မရှိပေ"

ဟု မိန့်တော်မူ၏။

(သဂါထာဝဂ္ဂသံယုတ်၊ နန္ဒတိသုတ်ကို မှီငြမ်း၏။)

လူတို့သက်တမ်းတိုပုံ

"ရဟန်းတို့··· လူသားတို့၏ သက်တမ်းသည် တိုတောင်းလှ၏။ ဘာမျှ မကြာပေ။ မကြာမတင် တမလွန်ဘဝသို့ ပြောင်းသွားကြသူတွေသာ များလှ၏။ တိုတောင်းသော ဘဝကို အကျိုးရှိအောင် အသုံးချသင့်၏။ ကုသိုလ်ကောင်းမှုပြုအပ်၏။ (မိမိအကျိုး၊ သူတစ်ပါးအကျိုးအတွက် စွမ်းနိုင်သလောက် ဆောင်ရွက်သင့်ကြ၏။) မြတ်သောအကျင့်ကို ကျင့်အပ်၏။ ဘဝဖြစ်လာသူကား မသေသူ မရှိ။ အလွန်ဆုံး အသက်ရှည်လျှင် အသက် (၁၀၀)ကျော်ရုံမျှသာ ဖြစ်၏။"

ဟု မြတ်ဗုဒ္ဓက မိန့်၏။

မြတ်ဗုဒ္ဓ၏ မိန့်တော်မူချက်ကို မာရ်နတ်က လက်မခံ။ ဝိရောဓိ ဆန့်ကျင်ဘက်ပြော၏။

"လူသားတို့၏ သက်တမ်းသည် ရှည်လျား၏။ သူတော်ကောင်းတို့မည်သည် လူသား၏အသက်ကို မကဲ့ရဲ့သင့်ပေ။ နို့ဝအောင် သောက်စို့ရသော ကလေးငယ်ကဲ့သို့ ကျင့်ရာ၏။ သေမင်းဆိုတာ လာခြင်းမရှိ။"

မာရ်နတ်၏ စကားကိုလည်း မြတ်ဗုဒ္ဓက ချေပလိုက်၏။

"လူတို့သက်တမ်းကား တိုတောင်း၏။ သူတော်ကောင်းသည် အသက်ကို မချီးမွမ်းရာ။ ကဲ့ရဲ့ရာ၏။ ဦးခေါင်းပေါ်တွင် မီးလောင်နေသူကဲ့သို့ (အရေးတကြီး) ကျင့်ကြံရာ၏။ သေမင်းမလာရောက်နိုင်သော အရပ်ဒေသ မရှိ။"

ဟု ဆိုလိုက်လေသတည်း။ (ပထမ အာယုသုတ်)

နမော သမ္မာ သမ္ဗုဒ္ဓဿ

ဗုဒ္ဓံ နေတ

www.burmeseclassic.com

www.burmeseclassic.com

ဂါထာရွတ်လျှင် အသက်ရှည်မည်

■ ကောင်းသော်

တစ်နေ့ တရားလမ်းတွင် ငယ်စဉ်က ရင်းနှီးခဲ့ဖူးသော ဦးမောင်မောင်ကြီးနှင့် ဆုံခဲ့ရသည်။ ဦးမောင်မောင်ကြီးမှာ အသက် (၇၀)ကျော်သော်လည်း ကျန်းမာ၍ သွက်လက် ဖျတ်လတ်လျက်ရှိသည်ကို တွေ့ရသည်။ အရွယ်နှင့် မလိုက်အောင် ပျိုမျစ်သဖြင့် အသက် (၆၀)လောက်ဟု ခန့်မှန်းရသည်။ သူ့ကို အရွယ်တင်ကြောင်းပြောမိရာ ဦးမောင်မောင်ကြီးမှ . . .

"ကျွပ်ကို တွေ့တဲ့ လူတိုင်းက အသက် (၇၀)ကျော်ပြီဆိုတာကို မယုံကြဘူး။ အငြိမ်းစားယူပြီးကတည်းက ဒီရိုးယာမှာ တရားအားထုတ်ခဲ့တာ (၁၀)နှစ်ပြည့်ခဲ့ပြီ။ ပူပင်စရာစိတ်သောက မရှိတော့ စားကောင်း အိပ်ကောင်းတော့ ကျန်းမာရေးကောင်းနေတာပေါ့"

သူ၏ စကားမှာ ဖြစ်နိုင်ပါသည်။ ဒီလောက် ကျန်းမာနေခြင်းအတွက် နည်းလမ်းကောင်းတစ်ခုရရှိရမည်ထင်၍ မေးမိသည်။

"ဒါလောက် နပျိုနေတာ ဆေးစွမ်းကောင်းတစ်ခုတော့ ရှိရမယ်။ ဆေးစွမ်းကောင်းရှိရင်လည်း ပေးပါဦး အစ်ကိုကြီး"

"ဆေးစွမ်းကောင်းတော့ ရှိတာပေါ့။ ဆေးစွမ်းကောင်းရှိလို့လည်း အခုလို ကျန်းမာတာပေါ့။ ဒါ့ထက် အံ့သြဖို့ကောင်းတာက ကျွပ်ရဲ့ အာဘိုးဟာ အခုထိ အသက်ရှင်လျက် ရှိသေးတယ်"

"အစ်ကိုကြီးရဲ့ အဘိုးဆိုရင် အသက်ရာကျော်ပြီပေါ့နော်"

"ဒီငှာလာက သက်တစ်ရာပြည့် မွေးနေ့ပွဲကျင်းပခဲ့တယ်"

"တစ်နေ့ အချိန်ရရင် အဘိုးဆီ သွားမယ်။ မောင်ရင် လိုက်ခဲ့ပါလား။ အဘိုးက အခုထိ ကျန်းမာတုန်းပဲ။ ကျွပ်လည်း အဘိုးပေးတဲ့ ဆေးကြောင့် ဒါလောက် ကျန်းမာတာပေါ့"

အဘိုးကို တွေ့ချင်ပါသည်။ အသက်ရှည်ဆေးကိုလည်း လိုချင်ပါသည်။ အဘိုးဆီသွားပါက လိုက်ပါမည်ဟု ကတိပေးလိုက်သည်။ အသက်တစ်ရာရှိသည်ဟု ကြားသာ ကြားဖူးသည်။ အသက်တစ်ရာရှိသူကို မမြင်ဖူးသေးပါ။ ဒါလောက် အသက်ရှည်သူကို အလွန်တွေ့မြင်ချင်ပါသည်။

အဘိုးကို တွေ့နိုင်မည့်အချိန် ရောက်လာပါသည်။ အစ်ကိုကြီးက သူ၏ ကားဖြင့် နောက်နေ့ အဘိုးထံ သွားမည်ဟု ဆိုသဖြင့် လိုက်ရန် ပြောလိုက်မိပါသည်။ နံနက်စောစော ရန်ကုန်က ထွက်ခဲ့ကြသည်။ မော်ဘီပြို့အလွန် ရွာကလေးတစ်ရွာသို့ သွားရမည်ဟု သိရသည်။ အစ်ကိုကြီး၏သားက ကားကို မောင်းသဖြင့် နောက်ခန်းတွင် အစ်ကိုကြီးနှင့် အတူထိုင်ရင်း စကားပြောလာခဲ့ကြသည်။ အစ်ကိုကြီးက အဘိုးအကြောင်းကို ပြောပါသည်။

"အဘိုးဟာ အသက်တစ်ရာကျော်ပေမယ့် ဆံပင်မဖြူဘူး။ နားမလေးဘူး။ သွားတော့ နှစ်ချောင်းကျိုးတယ်။ လမ်းလျှောက်နိုင်တယ်။ သူ့သားက လယ်ယာလုပ်တယ်ဆိုပေမယ့် ဥစ္စာပြည့်ဝပြီး ချမ်းချမ်းသာသာပါပဲ။ အဘိုးက သူ ကျန်းမာရေးကောင်းသလို၊ သူ့သားတွေ၊ မြေးတွေကိုလည်း အသက်ရှည်ဆေးပေးတယ်"

"ဘယ်လိုဆေးမျိုးလဲ အစ်ကိုကြီး"

"ဆေးဆိုပေမယ့် စားရတဲ့ ဆေးတော့ မဟုတ်ပါဘူး။ နေ့စဉ် ရွတ်ရတဲ့ ဂါထာတစ်ပုဒ်ပါ။ ဒီဂါထာကို နေ့စဉ်မှန်မှန် ရွတ်ရင် အသက်ရှည်ပြီး ကျန်းမာမယ်။ အချိုကတော့ ဂါထာရွတ်ရုံနဲ့ အသက်ရှည်မယ်ဆိုတာ မယုံချင်ကြဘူး။ ဒါပေမယ့် အဘိုးရဲ့ ဂါထာကို ရွတ်တဲ့ လူတိုင်း အသက်ရှည်တာကကိုယ်တွေ့ပဲလေ"

"ဘာဂါထာလဲ အစ်ကိုကြီး"

"ဂါထာက တိုတိုနဲ့ ရွတ်ရတာ လွယ်ပါတယ်။ ဂါထာတော် ပေါ်ပေါက်လာပုံက စိတ်ဝင်စားဖို့ ကောင်းတယ်"

◈◈◈

www.burmeseclassic.com

ကဿပဘုရားရှင်လက်ထက်က "အရှင်ဗာကုလ" အမည်ရှိ ရသေ့လေးတစ်ပါး တောထဲမှာ တရားကျင့်နေ၏။ ထိုအချိန်က ကဿပဘုရားရှင်မှာ လေနာရောဂါခံစားနေရတာကို ကြားသိရ၍ ရသေ့လေးက တောထဲမှာ ရှိတဲ့ သစ်ဥသစ်ဖုတွေကို စုဆောင်းကာ ဆေးဖော်ပြီး ဘုရားရှင်အား တိုက်ကျွေးသဖြင့် ကဿပဘုရားရှင်၏ လေနာရောဂါမှာ ချက်ချင်းပျောက်သွားခဲ့ပါသည်။

ကဿပဘုရားရှင်က အရှင်ဗာကုလသည် ရောဂါဘယကင်းစင်ပြီး ချမ်းသာမှုအပြည့်အဝရတော့မည်ဟု ဗျာဒိတ်ပေးခဲ့သည်။ ထိုအချိန်မှစ၍ လူနတ်ဗြဟ္မာတို့က အရှင်ဗာကုလကို ကြည်ညိုသဒ္ဓါပွားခဲ့ကြပါသည်။

အရှင်ဗာကုလသည် အနောမဒဿီ၊ ပဒုမ္တရ၊ ဝိပဿီ၊ ကဿပဘုရားရှင်တို့လက်ထက်တွင်လည်း အလှူမျိုးစုံကို လှူဒါန်းပူဇော်ခဲ့ပါသည်။

ဂေါတမဘုရားရှင်ပွင့်တော်မူသောအခါ၌လည်း ဘုရားရှင်၏ တရားတော်ကို နာကြားပြီး ရဟန်းအဖြစ်ကို ခံယူတော်မူ၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ရှင်ဗာကုလသည် လူအဖြစ်နှင့် အသက် (၈၀) ရဟန်းဘဝနှင့် အသက် (၈၀)ဖြင့် အသက် (၁၆၀)အထိ အသက်ရှည်ခဲ့ပါသည်။ အသက်ရှည်ရံသာမက၊ သူ၏ ဘဝတွင် ပစ္စည်းချို့တဲ့ခြင်း မရှိကြောင်း သိရသည်။ အသက်ရှည်ပြီး အနာရောဂါကင်းသည့်အတွက် ဘုရားရှင်ကိုယ်တိုင် အနာရောဂါကင်းရှင်းသည့် နေရာတွင် အသာဆုံး၊ အမြတ်ဆုံးဖြစ်သည့် တေဇင်္ဘဲကို ပေးတော်မူခဲ့ပါသည်။ ထို ဗာကုလကို ရည်ညွှန်း၍ "အရှင်ဗာကုလ-ဂါထာ"ဖြစ်ပေါ်လာပါသည်။ ထို ဗာကုလ ဂါထာတော်ကို ရွတ်ဆိုသူတိုင်း အနာရောဂါကင်း၍ ကျန်းမာပြီး အသက်ရှည်ကြပါသည်။ ထိုမှ ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ အသက်ရှည်ခြင်းတို့အတွက် အလွန်ထင်ရှားသော ဂါထာတစ်ပုဒ်ဖြစ်လာပါသည်။ ရှေးက ဘုန်းတော်ကြီးများသည် ထိုဂါထာကို ရွတ်သဖြင့် အသက်ရှည်ခဲ့ကြသည်။ အသက်ရာကျော်ရှည်သူများတွင် လူပုဂ္ဂိုလ်ထက် ဆရာတော်ကြီးများ၏ အရေအတွက်က ပို၍များကြောင်း သိရသည်။ နောက်ပိုင်းတွင် လူပုဂ္ဂိုလ်များပါ ရွတ်ဆိုကြသဖြင့် အသက်ရှည်သူ များပြားလာကြောင်း သိရပါသည်။

ဂေါတမဘုရားရှင်လက်ထက်တွင် ရဟန်းတော်များက အရှင်ဗာကုလအကြောင်း ချီးကျူးပြောဆိုရာ မြတ်စွာဘုရားက အရှင်ဗာကုလ၏ ဖြစ်စဉ်ကို ပြန်လည်ဟောကြားရာမှ ဂါထာတစ်ပုဒ်ဖြစ်လာပါသည်။ ထိုဂါထာကို ရွတ်ဖတ်သူတိုင်း စည်းစိမ်ဥစ္စာပြည့်ဝခြင်း၊ ကျန်းမာပျော်ရွှင်စွာ ဘဝကို ဖြတ်သန်းနိုင်ခြင်း၊ အသက်ရှည်ခြင်းတို့ကြောင့် ထိုဂါထာကို ရွတ်ဖတ်သူ များပြားလာပါသည်။ မြတ်ဗုဒ္ဓ၏ ဂါထာတော်မှန်သမျှ အစွမ်းသတ္တိရှိကြသည်မှာ သံသယဖြစ်စရာပင် မလိုပါ။ ဂါထာတိုင်း...ဂါထာတိုင်းတွင် အစွမ်းသတ္တိအသီးသီးရှိကြရာ ၌ "ဗာကုလ ဂါထာ"သည် ကျန်းမာချမ်းသာပြီး အသက်ရှည်ရှည်နေလိုသူများ ရွတ်ဖွားရမည့် ဂါထာဖြစ်ပါသည်။

ဂါထာတော်

အပ္ပါဗာဓော၊ မဟာထေရော
အပ္ပါဗာဓန၊ မုတ္တမော
ဗာကုလော၊ အရဟာဇာတော
သဒ္ဓါသောတ္ထိ၊ ကရောတုမေ။

အနက်အဓိပ္ပာယ်

မဟာထေရော - အရှင်ဗာကုလ မထေရ်မြတ်ကြီးသည်၊ အပ္ပါဗာဓော - အနာရောဂါကင်းရှင်း၍ ကျန်းမာခြင်းနှင့် ပြည့်စုံတော်မူပါပေသည်။ အပ္ပါဗာဓန - အနာကင်းရှင်း ကျန်းမာခြင်းရှိသူတို့တွင်၊ မုတ္တမော- အသာဆုံး၊ အမြတ်ဆုံး ဖြစ်တော်မူပါပေ၏။ အရဟာဇာတော- ရဟန္တာအစစ်ဖြစ်တော်မူသော၊ ဗာကုလော - အရှင်ဗာကုလာသည်၊ မေ - အကျွန်ုပ်အား၊ သဒ္ဓါသောတ္ထိ - ရောဂါကင်းရှင်း ကျန်းမာခြင်းကို၊ ကရောတုမေ - မုချမသွေ ရံပါစေသတည်း။

တချို့က ထိုဂါထာကို မနက်အိပ်ရာထသည်နှင့် ကိုးခေါက်ရွတ်ဆိုပြီး၊ ညအိပ်ရာဝင်တွင် ကိုးခေါက်ရွတ်ဆိုလေ့ရှိပါသည်။

ဦးမောင်မောင်ကြီးက မနက်စောစော ဘုရားရှိခိုးပြီးတိုင်း (၁၀၈)လုံး ပုတီးဖြင့် ပုတီးတစ်ပတ်စီပတ်၍၊ ညအိပ်ရာဝင်ခါနီး ဘုရားရှိခိုးပြီးတိုင်းလည်း ပုတီးတစ်ပတ်စီပတ်သည်ဟု ပြောပါသည်။

ဗုဒ္ဓဘာသာဝင်ပီပီ ရတနာသုံးပါးကို ယုံကြည်ပြီး ထိုဂါထာကို နေ့စဉ်ရွတ်ဆိုပါက ကျန်းမာချမ်းသာပြီး အသက်ရှည်မည်ဖြစ်သည်။ အသက်ရှည်ရှည်နေလိုသူတိုင်း ထိုဂါထာကို ယုံယုံကြည်ကြည် နေ့စဉ် ရွတ်ဖတ်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ■

ကောင်းသော်

www.burmeseclassic.com

မေတ္တာစျာန်အဆင့်ဆင့်

"စျာန်"ဆိုသည်ကို ကောင်းကင်ပျံတက်ခြင်းဟု လူအများစုက ထင်နေ၏။ ကောင်းကင်ပျံတက်ခြင်းမှာ စျာန်သက်သက်ဖြင့် မဖြစ်။ အဘိညာဉ်ရမှ ဖြစ်လေသည်။ အဘိညာဉ်ဟူသည် စျာန်စခန်းကုန်ပြီးမှ ထပ်ဆင့်၍ လေ့ကျင့်ရ သာ တန်ခိုးဖြစ်သည်။

ဥပစာရသမာဓိ = ဥပစာရစျာန်

မေတ္တာ၊ ကရုဏာ၊ မုဒိတာ ပွားများသူများသည် ပ-ဒ္ဒ-တ စျာန် သုံးဆင့်အထိ ရနိုင်၍ ဥပေက္ခာပွားများမှ စတုတ္ထ စျာန်ကို ရ၏။ ကာမ နယ်ပယ်ရှိ ချစ်သောတို့ထက် လွန်မြတ်၍ "မဟဂ္ဂတ်"ဟု ခေါ်သည်။ အာရုံတစ်ခုတည်း၌သာ စွပ်ဝင်စွဲကိုင်ထားနိုင်၍ "အပ္ပနာ စျာန်"ဟုလည်း ခေါ်၏။

ထိုစျာန်များကို ပွားများအောင်မြင်သူသည် လူသား စင်စစ်က ဗြဟ္မာဖြစ်နေသူဖြစ်သည်။ လောကီနယ် ၃၁ ဘုံ အတွင်း အမြင့်မြတ်ဆုံးသော စည်းစိမ်ရင်ကြီးဖြစ်၏။

၌ ဗြဟ္မဝိဟာရ တရားလေးပါးကျင့်စဉ်သည် ကျင့်သုံးလိုက်နာ၍ အောင်မြင်သူတိုင်း ပစ္စုပ္ပန် ယခုဘဝ၌သာ ဗြဟ္မာ့စည်းစိမ်ကြီးကို ရရှိနိုင်သည်မဟုတ်။ သေလွန်သောအခါတွင်လည်း ဗြဟ္မာ့ပြည်သို့ ရောက်နိုင်၏။ မေတ္တာအကျိုး (၁၁)မျိုးတွင် "လားလေ ဗြဟ္မာ"ဟု ပြဆိုထားသည်။

ဗြဟ္မာ့ပြည်ရောက်ရာတွင်လည်း ပထမစျာန်ရသူဖြစ်လျှင် ပထမစျာန် ဘုံသုံးဘုံ၌ ဖြစ်ရ၏။ တတိယစျာန်ရသူဖြစ်လျှင် တတိယစျာန် သုံးဘုံသို့ ရောက်ရ၏။ စတုတ္ထစျာန်ရလျှင် သက်တမ်း ကမ္ဘာပေါင်း ငါးရာ အသက်ရှည်သော ဝေဟပ္ဖလဘုံထိ ရောက်နိုင်၏။ ပုထုဇဉ်အနေနှင့် အမြင့်မြတ်ဆုံးရောက်ရာဘုံဖြစ်၍ "ပုထုဇနဘဝဂ်"ဟု ခေါ်လေသည်။ (နိကာယ်ကဏ္ဍ+၁၀ = မေတ္တာအကျိုး ၁၁ မျိုးကြည့်။)

www.burmeseclassic.com

ယုတ်စွအဆုံး၊ အပွနာစျာန်ဟု ခေါ်သော ပထမ၊ ဒုတိယ စသော စျာန်များကို မရစေကာမူ၊ အထိုက် အလျောက် သမာဓိရလျှင်ပင် ဥပစာရ(ရှေ့ပြေး) သမာဓိ ခေါ်သော ကာမာဝစရကုသိုလ်ကဲ့ကြီးကား တော်ရုံတန်ရုံ ဆိုယဖြင့်ပင် ဖြစ်နိုင်၍ လူ့လောက၊ နတ်လောကဘဝ မြင့်မြတ် ကြီးကျယ်သော လူစည်းစိမ်၊ နတ်စည်းစိမ်များကို ရရှိခံစား ရပေမည်ကား မလွဲချေ။ ထို့ကြောင့် စျာန်စိတ်စွမ်းအင်များ ကုန်ဆုံး၍ ပြဟ္မာဘုံမှ စုတေကာ အောက်သံသရာသို့ လျော့ ကျရစေကာမူ၊ အလွန်နိမ့်ကျသော အပါယ်သံသရာ နုံချာ သော လူဒုက္ခိတဘဝမျိုးသို့ တောက်လျှောက်မကျ။ လူဘုံ၊ နတ်ဘုံ၌ အဆင့်အတန်းမြင့်ခေသော ဘဝများ၌သာ ဖြစ်ရ၏။

မဟဂ္ဂုတ်ခေါ်သော အပွနာစျာန်စိတ် မဖြစ်စေကာမူ (ဃ) စျာန်မရစေကာမူ၊ ထိုစျာန်ရရန် အခြေခံ မေတ္တာပွားပို့ ဆောင်ရသော ကာမာဝစရ ကုသိုလ်ကံ၏ အရိုန်သည်ပင် ထိုမျှလောက် ကြီးကျယ်လှစေသည်။

စနစ်တကျ မေတ္တာပွားသူတိုင်း ဥပစာရသမာဓိ ကာမာ ဝစရကုသိုလ်ကြီးမဖြစ်သူ ရှားပေလိမ့်မည်။ ဥပစာရ သမာဓိ ဖြစ်လျှင်လည်း စျာန်မရသူ ရှားပေလိမ့်မည်။ အားကျဖွယ် ကောင်းလေစွ။

"ဥပစာရ သမာဓိ"ဟူသည် အခြားမဟုတ်။ မေတ္တာ ပွားသောအခါ မည်သူမည်ဝါ ချမ်းသာပါစေဟု နှေ့ရော ညပါ ထိုအာရုံတစ်ခုတည်းကိုသာ ကြိမ်ဖန်များစွာ ရာထောင်သောင်း ခန့် စူးစိုက်ပွားများနေလျှင် တခြားစိတ်ကူးများ မပေါ်။ မည် သည့် ကြားအာရုံ၊ မြင်အာရုံ စသည့်နောက်ကိုမျှ မလိုက်။ မေတ္တာခံ ပုဂ္ဂိုလ်ပေါ်မှတစ်ပါး အခြားသို့ စိတ်မထွက်။ ထိုသူ အပေါ်၌သာ ရှိသမျှ မိမိစိတ်အကုန်လုံး (သဗ္ဗတ္တတာယ) ပြီ စူးစိုက်နေလျှင် နိဝရဏငါးပါး၊ အပိတ်အဆီး ငါးမျိုး ထင်းကွာနေတော့၏။

နိဝရဏ - အပိတ်အဆီး ငါးမျိုး

စျာန်အလုပ်ကို လုပ်သူတိုင်း အရေးတကြီး သိမြင် ချာင်ကြည့်နိုင်ရသည်မှာ နိဝရဏငါးပါးပင် ဖြစ်သည်။ ယင်းကို မကျော်လွန်နိုင်လျှင် မရချေ။ နိဝရဏအကျဉ်းချုပ်သဘော ကား . . .

(၁) ကာမစ္ဆန္ဒ နိဝရဏ - မိမိအကျိုးငဲ့၍၊ ဘေးရန် ကင်းချင်၍ မေတ္တာပွားခြင်း။ တစ်စုံတစ်ရာလိုချင် တပ်မက်ခြင်း။

(၂) ဗျာပါဒ နိဝရဏ - စိတ်ဆိုး စိတ်ပျက် စိတ်ညစ် ခြင်း။ အလိုမကျခြင်း။ ငါ မေတ္တာပို့လိုက်တာ ဒင်း ဒုက္ခရောက်ရော စသော လူတစ်ဖက်သား နစ်နာဆုံးရှုံးစေလိုခြင်း။

(၃) ထိနမိဒ္ဓ နိဝရဏ - အိပ်ချင်ထိုင်မိုင်း ပျင်းရိခြင်း။

(၄) ဥဒ္ဓစ္စ ကုက္ကုစ္စ နိဝရဏ - စိတ်ပျံ့လွင့်ခြင်း။ ပူပန်ကြောင့်ကြနေခြင်း။ (ငါ ဒီအလုပ်ကို လုပ်မိတာ နောက်ကျလေခြင်း စသည်။)

(၅) ဝိစိကိစ္ဆာ နိဝရဏ - မိမိလုပ်နေသော မေတ္တာ နှင့်တကွ ရတနာသုံးပါးနှင့်စပ်၍ ၊ မပြတ်သား ခြင်း၊ သို့လော သို့လောရှိနေခြင်း၊ ချီတုံချတုံ မယုံမရဲလုပ်ခြင်း။

ယင်း နိဝရဏများ ကင်းကွာ၍ မေတ္တာခံ ပုဂ္ဂိုလ်အပေါ် ၌သာ စူးစိုက်တည်နေလျှင် "ဥပစာရ သမာဓိ - ဥပစာရ စျာန်ဖြစ်ပြီ"ဟု အတိုချုပ်မှတ်။ ထိုသမာဓိသည် အခြေခံမျှ သာ ရှိနေသော်လည်း အနှည်းဆုံး လူထက်လူ၊ နတ်ထက် နတ်ဖြစ်ရန် သေချာလှသော ကာမာဝစရ ကုသုလ်ကြီးပင် တည်း။

အပွနာစျာန်ရသူ ချမ်းသာပုံ

ဥပစာရ သမာဓိသည် ယခုအခါ ယောဂီတိုင်းလောက် နီးနီး လွယ်လင့်တကူဖြစ်ပွားနိုင်၏။

ထို ဥပစာရသမာဓိ အားကောင်းသည်ထက် ကောင်း လာသောအခါ မေတ္တာခံ ပုဂ္ဂိုလ်အပေါ်၌သာ စူးစိုက်နစ်မြုပ် ပြီး သက်ဝင်တည်နေတော့၏။ မေတ္တာခံ ပုဂ္ဂိုလ်နှင့်အတူ မျက်နှာချင်းဆိုင်ပြီး ထိုင်နေရသကဲ့သို့ အလွယ်တကူပင် ထင်မြင်နေရ၏။ ပထမတွင် တစ်မိနစ်၊ နှစ်မိနစ်မျှသာ ရှိ ကောင်း ရှိမည်ဖြစ်သော်လည်း၊ ကြာလျှင် နာရီနှင့် ချီ၍ ကြာမြင့်စွာ သက်ဝင်တည်နေလိမ့်မည်။

ထိုအခါ အပြင်အာရုံ၊ ဘေးအာရုံများ အနားသို့ပင် မသိုန်ိင်တော့ဘဲ မေတ္တာခံ ပုဂ္ဂိုလ်တစ်ယောက်တည်းအပေါ် ၌သာ စွဲမြဲကြံ့ခိုင်စွာ ငြိမ်ဝပ်တည်နေကာ၊ ထိုသူ ချမ်းသာ ကောင်းစားစေလိုသော စိတ်ကလေးသာလျှင် ဖြစ်ပွားတော့ ၏။

ကျေနပ်ဝမ်းသာနေ၏။

နေလို့ ထိုင်လို့ ပေါ့ပါးသွက်လက်နေ၏။

ကြည်လင်ချမ်းမြေ့၍သာ နေတော့၏။

ထိုသဘောများကား ယောဂီကိုယ်တိုင် ပထမစျာန်ရ နေသူဖြစ်ကြောင်း ဖော်ပြနေသော အမှတ်အသားများပင်

www.burmeseclassic.com

တည်း အဘယ်မှာ ခက်ခဲပါသနည်း။

အပျော်တမ်း မေတ္တာ

ပထမစျာန် စသည့် ရရှိရန် မခက်ခဲပေ။ သို့ရာတွင် ခက်ခဲနေကြသည်ကား ရှိပေ၏။ ပါးစပ်ကသာ မေတ္တာပို့၍ စိတ်ထဲက မေတ္တာစစ် မေတ္တာမှန် မထားနိုင်သူ၊ စိတ်ထဲက ပါသည်ဆိုသော်လည်း နှုတ်ရော ကိုယ်ပါ မလိုက်နာနိုင်သူများကား စျာန်ကို ထား၍၊ ကာမာဝစရကုသိုလ်ကံလောက်မျှပင် အစော်မနံသေးချေ။

ပို၍ဆိုးသည်ကား မေတ္တာပို့သည်ဟု ဆိုကာ ဆိုကောင်းရွတ်ကောင်း ကာရန်နှောတွေနှင့် "လန်းဖြာဖြာစေ၊ ဝမ်းသာပါစေ၊ အဓိဋ္ဌာန်ပေါက်ပါစေ၊ စိတ်အကြမြောက်ပါစေ" စသော မေတ္တာမျိုးကား အပျော်တမ်း နှုတ်မေတ္တာများဖြစ်၍ အပျော်တမ်း ကုသိုလ်လောက်သာ အဖတ်တင်နိုင်၏။ "မေတ္တာပို့တယ်ဆိုတာ ဒါကို ခေါ်တယ်"ဟုသာ နှုတ်ခမ်းသတ် နားလည်ထားပါလျက်၊ အလွယ်တကူရနိုင်သော အခွင့်ကောင်းခေတ်ကောင်းကြီးနှင့် လွဲချက်နာလေပြီဟု မှတ်။

စင်စစ် မေတ္တာကမ္မဋ္ဌာန်းသည် "တုဝဏ္ဏံ သမာဓိယတိ= သမာဓိ ရလွယ်သော ကမ္မဋ္ဌာန်းဖြစ်သည်"ဟု ဟောတော်မူသည့်အတိုင်း ကမ္မဋ္ဌာန်း (၄၀)တို့တွင် အလွယ် အားရဖွယ်ကောင်းသော ကမ္မဋ္ဌာန်းကြီးဖြစ်၏။ ဥပစာရ သမာဓိသည် အလွယ်ပင်ဖြစ်၍ စျာန်ရရန် အလွန်လွယ်ကူသော ကျင့်စဉ်ကြီးပင်တည်း။

ဓနဥာနိ ပုတ္တာကြီးသည် ဤကျင့်စဉ်ကို အရှင်သာရိပုတ္တရာထံမှ သေခါနီး နာရီဝက်လောက်မှ ကြားနာရပြီး လေ့ကျင့်ရာ စျာန်ရ၍ သေလွန်လျှင် ပြဟ္မာကြီးဖြစ်သွား၏။ လွယ်ကူလွန်းစွ။ ထိုမျှလောက် အခွင့်သာသော ခေတ်အခါ ဘဝကြီးတွင် ဘာမဟုတ်သည့် အပျော်တမ်း မေတ္တာမျှလောက်ဖြင့် အားရ ရပ်တန့်၍ မနေကြကုန်လင့်။

ပထမစျာန်အမှတ်အသား ငါးခု

"ပထမစျာန်သို့ ရောက်နေပြီ"ဟု သိနိုင်သော အမှတ်အသား အထောက်အထား ငါးချက်ကား အောက်ပါတို့ ဖြစ်ကုန်၏။

(၁) မေတ္တာခံ ပုဂ္ဂိုလ်ကို မပေါ်ထင်၊ ပေါ်ထင်အောင် (တောင်ထိပ်ရောက်အောင် တအဲ့လူလူတက်သော ယောဂျကဲ့သို့) စိတ်ကူးအာရုံပြု၍ ကြည့်ရခြင်း၊ ကြည့်ဖန်များသောအခါ လွယ်လွယ်ကူကူ စိတ်ထဲ၌ ဓာတ်ပုံရိုက်သကဲ့သို့ ပေါ်ထင်လာအောင် စိတ်ကူးရလွယ်ခြင်း (ဝိတက်)။

(၂) (ရုပ်လုံးတစ်ခုကို အထက်အောက် ပြန်လှန် အဖန်ဖန်အထပ်ထပ် ဆေးခြယ်သကဲ့သို့) မေတ္တာခံ ပုဂ္ဂိုလ်၏ ကိုယ်နေပုံဟန်(အာရုံနိမိတ်)ကို ထက်ထက်သန်သန် ဆင်ခြင်စဉ်းစားခြင်း (ဝိစာရ)

(၃) ပေါ်ထင်စွဲမြဲလာသဖြင့် ဝမ်းမြောက် တက်ကြွခြင်း ကျေနပ်ခြင်း (ပီတိ)။

(၄) စိတ်ချမ်းမြေ့ခြင်း (သုခ)။

(၅) တခြားသို့ စိတ်ထွက်မသွားတော့ဘဲ (တခြားစိတ်ကူးမဝင်တော့ဘဲ)ထိုပုဂ္ဂိုလ်အပေါ်၌သာ သက်ဝင်စူးစိုက်၍ တည်ငြိမ်နေခြင်း(ဧကဂ္ဂတာ = သမာဓိ

ထိုအချက် ငါးခုသည် ပထမစျာန်၏ အမှတ်အသားများဖြစ်၏။ စျာန်အင်္ဂါ(အစိတ်အပိုင်း) ငါးခုခေါ်သည်။ ၎င်းမျိုးသော သဘောတရားများ ဖြစ်နေပြီးလျှင် ပထမစျာန်ရပြီဟု မှတ်။ ဝိသုဒ္ဓိမဂ်၌ အပ္ပနာသမ္မဇ္ဇတိ = အပ္ပနာစျာပြည့်စုံ၏ဟု မိန့်ဆိုလေသည်။

ဒုတိယစျာန်

(၁) ပထမစျာန်။ ထိုငါးချက်တွင် အာရုံကို ကြိုစဉ်းစိတ်ကူးနေရမှု (ဝိ) မေတ္တာပို့ရမည့်သူကို မပေါ်ပေါ်အောင် ရွေးထုတ်၍ စိတ်ကူးဖြင့် ပုံဖော်နေမှု(ဝိတက်)နှင့် စဉ်းစားဆင်ခြင်နေရသေးမှု(ဝိစာရ) ရှိနေသဖြင့် အားမကောင်းတဲ့ စျာန်ဝင်စားနေတုန်း ဘေးက အသံဗလံ စသည့် အတိုက ကြမ်းလာလျှင် ပျက်ပြယ်သွားနိုင်သေး၏။

ယင်းသို့ ပျက်သွားသည်ကို "စျာန်မှ ထသည်"ပ ခေါ်သည်။ ထို့ကြောင့် ခိုင်မာ အားကောင်းတဲ့ စျာန်စိတ်ဖြစ်အောင် ထိုအာရုံတစ်ခုတည်းကို စွဲစွဲမြဲမြဲ သဲသဲမဲမဲ စူးစိုက်နေအောင် အထပ်ထပ်ပွားပါ။

(၂) ဒုတိယစျာန်။ အာရုံကို ကြိုစည်စိတ်ကူးနေရုံ စဉ်းစားနေရမှု မရှိတော့ဘဲ ခု အောက်မေ့ကြည့်၊ ခုချက်ချင်း ထင်မြင်လာလျှင် ကြမ်းတမ်းသော ဝိတက်၊ ဝိစာရမှ လွဲမြောက်သွားပြီဟု ဆိုရ၏။ အာရုံကို တမင် ကြောင့်ကြစိုက်၍ စိတ်ကူးစဉ်းစား ပုံဖော်မနေရတော့သဖြင့် သမာဓိ ပို၍ အားကောင်းလာလိမ့်မည်။ ဝိတိသုခများ ရှေးကထက် ပို၍ ထင်ရှားလာလိမ့်မည်။

ဝမ်းမြောက်တက်ကြွမှု(ဝိတိ)မှာ အတင့်ရှားဆုံးဖြစ်ကာ၊ ရှေ့တန်းသို့ ရောက်လာလိမ့်မည်။ ဤသည်ပင် ဒုတိယ

www.burmeseclassic.com

ဖွာန်ရောက်နေသော အမှတ်အသားများဖြစ်၏။

(၃) တတိယစျာန်။ ဝမ်းမြောက်တက်ကြွမှုကိုလည်း ကြိမ်းတမ်းသော အရသာဟု မြင်လာပြီးနောက် ဝမ်းမြောက်တတ်ကြွနေရမှုကိုပင် မလိုလားဘဲ၊ ထိုမေတ္တာခံ ပုဂ္ဂိုလ်ကိုသာ အထပ်ထပ်ရှုမှတ်သောအခါ ပီတိသဘောမရှိ၊ ချမ်းသာမှု (သုခ)နှင့် တည်ငြိမ်နေမှု(သမာဓိ)များသာ ထင်ရှားလာလိမ့်ဦးမည်။ တတိယစျာန်သို့ ရောက်နေပြီဟု မှတ်။

(၄) စတုတ္ထစျာန်။ ထို့နောက် စိတ်ချမ်းသာမှုကိုပင် ကြိမ်းတမ်းသေးသည်ဟု ထင်မြင်လာကာ၊ ချမ်းသာရမှုကိုပင် မလိုလား။ မေတ္တာခံ ပုဂ္ဂိုလ်အပေါ် အထူး အားမထုတ်ဘဲ အလွယ်တကူ အာရုံကျရောက်ရုံသာ ကျရောက်၍ တည်ငြိမ်နေလိမ့်မည်။

ချမ်းသာဆင်းရဲခြင်း မရှိ။ ကမ္မဿကတာအမြင်အရ ချမ်းသာစေလိုခြင်း၊ သနားခြင်း၊ ဝမ်းမြောက်ခြင်းများ မဖြစ်။ ဤသို့ကဲ့သို့ အားမစိုက်ရဘဲ ကမ္မဿတ္တေ ဝိဘဇတိ သတ္တဝါသော သိရုံသာ သိနေလိမ့်မည်။ စတုတ္ထစျာန်၏ အမှတ်အသားပင်တည်း။ (စတုတ္ထနည်းအရ ပြဆိုခြင်းဖြစ်သည်။)

လျော်ထမ်းသမား

မြန်မာနိုင်ငံ၌ ယင်းသို့ စျာန်လမ်း မဂ်လမ်းများ လမ်းစ ပျောက်ကာ၊ ပဋိပတ်ရေကြောကြီး ငုပ်ကွယ်နေသည်ကို ဖော်ထုတ်နိုင်ခဲ့ကြသဖြင့် သီလကိုသာ အစွမ်းကုန်ပြည့်၍ ခုတင်တွေကိုသာ ဖိ၍ လုပ်ခဲ့ကြရဖူးသည်။ ရသေ့စိတ်ဖြေ ဆိုယုတီးတချောက်ချောက်နှင့်သာ တစ်ဘဝကုန်ခဲ့ကြရသည်။ အချိန်အခါကို သိကြကုန်။

ကျောက်သံပတ္တမြားတွေကို တွေ့ရသော်လည်း ယခင်ကတည်းက ထမ်းလာရသော လျော်စည်းကို မပစ်ရက်သဖြင့် အိုးအနှက်ထိုက်သော ရတနာတို့မှ လွဲချော်နေရသူကဲ့သို့ ဖြစ်သင့်တော့ပြီ။

မေတ္တာအကျိုး (၁၁)မျိုး

စျာန်အလုပ်သည် အာရုံတစ်ခုတည်းကိုသာ ရှုကြည့်ရ၌ ဝိပဿနာအလုပ်သည် အာရုံများကို ပြန့်ပွား ရှုကြည့်ရသည်ဖြစ်ရာ တစ်ခုကို ပိုင်မှ (ဝါ) စျာန်ဝင်စားနိုင်မှ အခြားအာရုံ (ပုဂ္ဂိုလ်၊ အရပ်မျက်နှာ) တစ်ခုသို့ ကူးပြောင်းရသည်။ အနည်းဆုံး ဥပစာရစျာန်လောက်ရမှ ကူးပြောင်းရ၏။

"သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု" စသော ၅၂၈ မျှနည်းများနှင့် ပဋိသမ္ဘိဒါမဂ်လာ အရပ်ဆယ်မျက်နှာ ပွားနည်းများမှာ တကယ်စျာန်ရပြီးသူတို့ ပွားများပုံကိုသာ ပြဆိုခြင်းဖြစ်၏။

ယခုကာလ ထိုအကျယ်ပွားများနည်းကို အသုံးပြုနေကြသည်မှာ ပါရမီကုသိုလ်ဖြစ် ပွားများနေခြင်းသာ ဖြစ်သည်။ တကယ့် ၅၂၈ မေတ္တာစစ်မဟုတ်သေး။

"အိပ်,နိုး ချမ်းသာ၊ ကောင်းစွာ အိပ်မက်၊ ချစ်ကျက်လူ, နတ်၊ စောင့်လတ် နတ်များ။ မီး,ဆိပ်,ဓားတို့၊ ရောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမတွေလားလေ ပြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။"

"မေတ္တာပွားလျှင် အကျိုး (၁၁)ပါးရသည်" ဆိုခြင်းမှာလည်း အထက်ပါအတိုင်း စျာန်ရသူတို့သာ ရနိုင်သော အကျိုးများဖြစ်၏။ ပါရမီကုသိုလ်ဖြစ် ပွားများသူတို့ကား မိမိတို့ သမာဓိအလျောက်သာ အကျိုးရနိုင်မည်ဖြစ်၏။ (ပါဠိတော်တို့၌ မဟဂ္ဂတေန စေတသာ"ပုဒ်ကို ထောက်ရန်။)

အနာဂါမ်နှင့်တူသော သောတာပန်

အထူးမှတ်သားရန်မှာ ပုထုဇဉ်သည် မေတ္တာစျာန်ကို ရသော်လည်း သုဒ္ဓါဝါသဘုံသို့ကား မရောက်နိုင်ခြေ။ ဝိပဿနာရှု၍ စျာန်ပင် မရခဲ့စေကာမူ၊ အနာဂါမ်ဖြစ်သွားသော ပုဂ္ဂိုလ်များ သုဒ္ဓါဝါဘုံသို့ ရောက်နိုင်၏။

အနာဂါမ် ပုဂ္ဂိုလ်တို့အတွက် စတုတ္ထစျာန်သည် အခက်အခဲမရှိ၊ ရနိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဝိပဿနာ ယောဂီများ မေတ္တာစျာန်ကို ပူးတွဲပွားနေလျှင် လွယ်ကူစွာ အောင်မြင်နိုင်ကြ၏။ စျာန်ရလျှင်ပင် တန်ခိုးအာဘိညာဉ်ကိစ္စသည် အခက်အခဲ တစ်စုံတစ်ရာ မရှိတော့ပြီ။

မေတ္တာစျာန်အခြေခံ၍ အောက်ထစ်ဆုံး သောတာပန်ဖြစ်သွားလျှင်ပင် "စျာနအနာဂါမ်ပုဂ္ဂိုလ်"ဟု ခေါ်ရ၏။ အနာဂါမ်ပုဂ္ဂိုလ်အလား ဖြတ်ဘွာပြည်မှ ဆင်းကာ ကာမဘုံသို့ ပြန်၍ မလာရတော့ပြီ။

မေတ္တာစျာန်ဖြင့် သောတာပန်ဖြစ်သူနှင့် သုဒ္ဓဝိပဿနာ (ဝိပဿနာသက်သက်)ဖြင့် အနာဂါမ်ဖြစ်သူမှာ ကိလေသာအနုည်းအများ ခြားနားသော်လည်း ဖြစ်ရာ ဘုံဘဝအားဖြင့် ခြားနားမှု မရှိ။ အခွင့်အရေးတူညီနေသောကြောင့်တည်း။ အားကျဖွယ် ကောင်းလေစွ။

အရိယာအင်အားကြီးနှင့် တွဲစပ်နိုင်သော မေတ္တာအင်အားသည် ပို၍အားရဖွယ် ကောင်းလှပေသည်။ မေတ္တာစျာန်

www.burmeseclassic.com

မရသော အောက်တန်း အရိယာများ နတ်ပြည်လောက်တွင် သောင်တင်နေရသည်မှာ အဘယ့်ကြောင့်ဟု နားလည်သင့်ကုန်၏။

ကာမဂုဏ်တောဆဲ၌ အရိယာအဖြစ်နှင့် နေရသည်မှာလည်း ကျေပ်တည်း ကျဉ်းမြောင်းလှပေစွ။

နတ်ပြည်မှာ တစ်ထောက်နားရင်းနှင့်မှ လက်မတ်ယူလိုသူများ စဉ်းစားကြရာ၏။

မေတ္တာစျာန်မှာ လမ်းမဆုံးစေနှင့်

မေတ္တာကမ္မဋ္ဌာန်းနှင့် စပ်၍လည်း မြတ်စွာဘုရားရှင်၏ အလိုဆန္ဒတော်ကား ဥဿံတွင် မည်သည့်ဘုံဗိမာန်မျှ နောက်တစ်ဖန် ပဋိသန္ဓေ မဖြစ်စေရတော့အောင် အရဟတ္တဖိုလ် အထိ ပေါက်မြောက်စေတော်မူလို၏။

မစင်ကျင်ကြီးဟူသည် မီးခြစ်ဆံတစ်ကော်မျှသာ ရှိသော်လည်း အနံ့ကောင်းမထွက်။ နတ်သုဒ္ဓါဝါသ မစင်တစ်ခွေးသားကျလျှင် ပျက်ရတော့သကဲ့သို့ ဥဿံဘုံ၌ အပြစ်ကင်းစင်သော စင်းလုံးချော ချမ်းသာဟူ၍ မရှိချေ။

အသက်ရှည်သမျှ ဒုက္ခရှည်နေခြင်းပင်ဖြစ်တော့သည်။

ထို့ကြောင့်လည်း "တင်ပျဉ်တစ်ခွေတည်းဖြင့် အရဟတ္တဖိုလ် မရသမျှ ငါ မထတော့ဘူး"ဟူသော ဆန္ဒဖြင့် ဣဘင်္ဂပင် အပြတ်လုပ်နိုင်သူမျိုးကိုသာ ဘုရားရှင် လိုလားမျှော်လင့်တော်မူလေသည်။ (မူလ ပဏ္ဏာသ မဟာဂေါ-သိင်္ဂသုတ်) ထိုသို့လုပ်လျှင် ရနိုင်သည်ကို မြင်တော်မူ၍လည်း သာသနာထားတော်မူခဲ့ခြင်းဖြစ်သည်။

စျာန်ချမ်းသာသည် ဥဿံ လောကီနယ်၌ အကောင်းဆုံး ရတနာဖြစ်၏။ သို့ရာတွင် မေတ္တာစျာန်အစွမ်းကြောင့် ချမ်းသာ သက်ရှည်သော ဗြဟ္မာပင်းကြီးပင် ဖြစ်ရစေကာမူ၊ စျာန်အရှိန်ကုန်က အောက်သို့ စုန်ကျရခြင်းကား မလွဲချော။ "ဗြဟ္မာပြည်မှာ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တမြိုမြို့"ဆိုသကဲ့သို့ စျာန်အင်အားလည်း ကုန်၊ စျာန်ရအောင် ထူထောင်ထားသော ကာမာဝစရ ဥပစာရ သမာဓိကုသိုလ်အဟုန်လည်း ကုန်ဆုံးသွားသောအခါ အပါယ်လေးဘုံသို့ ကျရောက်သွားနိုင်လေသည်။

စျာန်ရှူးသော ငရဲသားနှင့် ခွေး၊ ဝက်၊ ကြွက်၊ ငှက်ပင် မရေမတွက်နိုင်တော့ချေ။ ထို့ကြောင့်လည်း မေတ္တာသုတ်ကို ဟောတော်မူရာ၌ "ဓိဋ္ဌိစ အနုပဂမ္မ၊ သီလဝါ ဒဿနေန သမ္ပန္နော"စသော ဂါထာဖြင့် နိဂုံးချုပ် ဆုံးမတော်မူခဲ့၏။ မေတ္တာစျာန်ကို အခြေခံကာ အောက်ထစ်ဆုံး အတ္တဒိဋ္ဌိကွာသော သောတာပန်မှသည် အရဟတ္တဖိုလ်တိုင်အောင် အားသွန်လေ့ကျင့်စေတော်မူလိုပေသည်။

သနားစရာ ယောဂကျင့်စဉ်၊ ဈာန်နှင့် ဂန္ဓာရီ

စျာန်ချမ်းသာမျှဖြင့် ယနေ့ ဗြဟ္မာကြီးဖြစ်နေသော်လည်း နက်ဖြန် အဝီစိရောက်နိုင်သည်ကို မြင်တော်မူသောကြောင့်ဖြစ်သည်။ ဗြဟ္မာဖြစ်ဖူးသော ခွေးတွေ၊ ဝက်တွေ ရှောင်မလွတ်အောင် တွေ့နေရသောကြောင့် ဖြစ်သည်။

ဓနဉ္ဇာနီ ပုဏ္ဏားကြီး သေခါနီး နာရီဝက်ခန့်အလို အရှင်သာရိပုတ္တရာ ဟောပြသော ဗြဟ္မဝိဟာရကျင့်စဉ်ကြောင့် ကွယ်လွန်သောအခါ ဗြဟ္မာပြည်သို့ ရောက်သွားသည်ကို ထောက်လျှင် လောကီနယ်ပယ်၌ ခရော နောင်ပါ ကမ္ဘာအသခ္ဘေ့ အကောင်းဆုံးသော ချမ်းသာကြီးကို ပေးစွမ်းနိုင်သော မေတ္တာကမ္မဋ္ဌာန်းအတွက် ဘာမျှ အခက်အခဲမရှိကြောင်း သိသာလှပေ၏။

ယင်းသို့ဆိုသော် ယခုအခါ ဟိန္ဒူယောဂကျင့်စဉ်များ၊ သမထအနုံအသက်မျှသာပါသော အနောက်တိုင်း စိတ်ပညာ၊ ဈာန်ကျင့်စဉ်နှင့် ဂန္ဓာရီများကို ပြောဟော ရေးသားလေ့လာနေကြသည်မှာ လောကီ၊ လောကုတ္တရာ စွယ်စုံပညာရှိ သူတော်ကောင်းကြီးများအပြင် ကရဏာသက်ဖွယ်ဖြစ်နေပေလိမ့်မည်။

ရှင်သာရိပုတ္တရာ မြည်တွန်ခံရခြင်း

အတုမရှိ မြင့်မြတ်၍ ကျင့်ကြံဖိုက်နာရာ၌ အလွန်လွယ်ကူလှသော၊ ရှင်းလင်းပေါ်လွင်လှသော မြတ်စွာဘုရားရှင်၏ ဘက်စုံ သာသနာတော်ကြီးနှင့် ကြုံကြိုက်ရသောအခါ တစ်လောကလုံးတွင် အထွတ်အထိပ်ဖြစ်သော စျာန်ချမ်းသာကြီးပင် စင်စစ် အားရကျေနပ်ဖွယ်မဟုတ်သေး။ ထို့ကြောင့် ဓနဉ္ဇာနီ ပုဏ္ဏားကြီးအား တရားဟောပြီး ပြန်လာသူ အရှင်သာရိပုတ္တရာအား ဘုရားရှင်က ဆီးချ၍ မြည်တွန်တော်မူခဲ့ဖူးလေသည်။

"ချစ်သား သာရိပုတ္တရာ၊ ငါဘုရားသာသနာ၌ ဗြဟ္မဝိဟာရစျာန်ကျင့်စဉ်ထက် မြင့်မြတ်သော အရိယ မဂ်ဖိုလ်ရစေနိုင်သော ကျင့်စဉ်များရှိပါလျက် ဓနဉ္ဇာနီကို ယုတ်ညံ့တဲ့ ဗြဟ္မာပြည်သို့ ပို့ပြီး ထလာခဲ့သကိုး"ဟု မိန့်ဆို အပြစ်တင်တော်မူရာ အရှင်သာရိပုတ္တရာ ဗြဟ္မာပြည်ကြွ၍ သစ္စာလေးပါး လိုက်လံဟောရသေးကြောင်း(အဋ္ဌကထာဆရာက) ဖော်ပြခဲ့လေသည်။ စျာန်သမာပတ်ဟူသည် သာသနာ့ ကာလမှာ

www.burmeseclassic.com



ဝင် ရနိုင်သော ကျင့်စဉ်ဖြစ်၍ ထိုမျှနှင့် အားရနေပါလျှင် သာသနာနှင့် ကြုံရကျိုးမနပ်ချေ။

မေတ္တာစျာန်မှ ဝိပဿနာတက်နည်း

ပြဆိုပြီးအကြောင်းများကြောင့် လောကီနယ်ပယ်၌ ထည့် ငြိမ်းချမ်းသာယာ အန္တရာယ်လွတ်ကင်း ဘေးရန်ရှင်းသော မေတ္တာစျာန်လည်း ရစေ၊ ဘဝသံသရာ၌ အမာခံအနှံတည်သော အရိယာ သူတော်ကောင်းလည်း ဖြစ်စေနိုင်သော မြတ်စွာဘုရားသာသနာသည် အခွင့်သာလှပေ၏။

ယခု မေတ္တာစျာန်မှ ဝိပဿနာကူးပြောင်းပုံကို ဆက်၍ ပြဆိုပါဦးအံ့။

မေတ္တာစျာန်ဝင်စားသူသည် အာရုံတစ်ခုတည်းအပေါ်၌ အကြိမ်ပေါင်း ထောင်သောင်းခြို့၍ ထိုသူ ချမ်းသာကြီးပွားစေလိုသောစိတ်ဖြစ်နေ၏။ ထိုစိတ်ကို စျာန်စိတ်(မဟဂ္ဂတ်စိတ်)ခေါ်၏။ ထိုစိတ်ဖြစ်ပေါ်စေရန် သမာဓိ စတင် မွေးမြူသော မူလမေတ္တာစိတ်မှာ ကာမာဝစရကုသိုလ်စိတ်ဖြစ်သည်။

အပြင် အဖျက်အဆီးအာရုံတစ်ခုတစ်ခုကြောင့်ဖြစ်စေ၊ ဝိပဿနာရှုရန်အလို့ငှာ ဖြစ်စေ၊ စျာန်ဝင်စားခြင်းမှ ရပ်စဲသွားသည်ကို "စျာန်မှ ထသည်"ဟု ခေါ်၏။ စျာန်မှ ထလျှင် မဟဂ္ဂတ်စိတ်အစား ကာမာဝစရကုသိုလ်စိတ် ပြန်၍ဖြစ်လာသည်။

စျာန်နှင့် ဝိပဿနာ ပူးတွဲသွားပုံ

ဝိပဿနာရှုပွားခြင်းသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးကို မြင်အောင် ရှုပွားခြင်းဖြစ်သည်။ ဝဋ္ဌာန်ပါဠိတော်၌ စျာန်မှ ဝိပဿနာကူးပြောင်းပုံကို...

(၁) စျာနာ ဝုဋ္ဌဟိတွာ စျာနံ ပစ္စဝေက္ခတိ၊ ဝိပဿန္တိ-စျာန်မှ ထပြီးလျှင်၊ ထို ဝင်စားသော စျာန်စိတ်ကိုပင် ဆင်ခြင်ပြီးနောက် လက္ခဏာရေးသုံးပါး ရှုရသည်ဟု ဟောတော်မူ၏။ (ထိုစျာန်စိတ်ကလေးသည် အမြဲမရှိပုံ စသည်။)

(၂) အဂုတ္တိရ၏ ဒုတိယ မေတ္တသုတ်၌ "ယဒေဝ ရူပဂတံ"စသည်ဖြင့် စျာန်စိတ်(ဝိညာဏ်)နှင့် အတူတကွ ပူးတွဲဖြစ်ပေါ်နေသော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့ကို အနိစ္စစသည်ဖြင့် ရှုရမည်ဟု ဟောတော်မူ၏။ (နိကာယ်ကဏ္ဍ၊ ၁၅-"ဗြဟ္မာပြည်သွား ဗြဟ္မစိုရ်ရထား"ရှု။) အံ-နဝက-စျာနသုတ်အဖွင့် အံ-ဋ္ဌ-၃၊ ၂၇၇ ၌လည်း စျာန်စိတ်၏ ပီရာတည်ရာ ရုပ်နှင့် စျာန်စိတ်ကြောင့် အသစ်အသစ်ဖြစ်ပွားသောရုပ် စသည် ရှုရပုံကို ဖွင့်ပြထား၏။

(၃) စျာန်မှ ထပြီးလျှင် ထိုစျာန်စိတ်ကိုပင် ဝိပဿနာရှုသည်ဆိုခြင်းမှာ စျာန်ဝင်စားလိုက်၊ ထို ဝင်စားသော စျာန်စိတ်ကိုပင် ဝိပဿနာရှုလိုက် လုပ်ခြင်းဖြစ်၏။ စျာန်(သမထ)နှင့် ဝိပဿနာကို တွဲ၍ တွဲ၍ ရှုပွားသောနည်းဖြစ်သဖြင့် "ယုဂနဒ္ဓ-ထမ်းပိုးထမ်းရွက်နည်း"ဟု ခေါ်သည်။

ရွှေစိတ်သွားဘီ၊
နောက်စိတ်သိ၊
သိတိုင်း ကိလေစင်း။

ဤ၌ ရွှေစိတ်က စျာန်ဝင်စားသော မဟဂ္ဂတ်စိတ်၊ ထိုစိတ်ကို နောက်က လိုက်၍ ဝိပဿနာရှုသောစိတ်က ကာမကုသိုလ်စိတ်။

နာမ်ရုပ်ကွဲကာ ဒိဋ္ဌကွာ

စျာန်မှ ထပြီး ဝိပဿနာရှုသောအခါ ထိထိမိမိ မရှိလျှင်၊ ကိုယ်,စိတ်ပင်ပန်းလာလျှင်၊ အသိ, အမှတ်,အရှုကျဲနေသေးလျှင် မူလစျာန်ကိုပင် ပြန်၍ဝင်စားပါ။ စျာန်နှင့် ဝိပဿနာ လွန်းထိုးရှုပွားသွားလျှင် "ချမ်းသာပါစေ"ဟု နလုံးသွင်းနေသော စျာန်စိတ်က တခြား။ နောက်က လိုက်၍ ရှုနေသော ရှုသိစိတ်က(ကာမစိတ်)က တခြားဖြစ်နေသည်ကို သဲသဲကွဲကွဲတွေ့မြင်လာမည်။

တစ်ဖန် ထိုကြုံသိသောစိတ်သည် ဤရုပ်ကိုယ်၌ပင် မှီတွယ်နေပုံ၊ ရုပ်တခြား နာမ်တခြားဖြစ်ပုံ (နာမရူပ ပရိစ္ဆေဒ) စသည် အသိအမြင်များ ရှင်း၍ ရှင်း၍လာလိမ့်မည်။ ပယင်းပုတီးလုံးနှင့် ပုတီးအတွင်း၌ သိထားသော ကြိုးနှစ်မျိုးစလုံးကိုပင် အတူတကွရှိနေသော်လည်း တခြားစီပင်ဖြစ်ကြောင်း မြင်နေရသကဲ့သို့ မြင်ရ၏။ (နာမ်ရုပ်ကွဲပုံ ဘုရားဟောတော်မူသော ဥပမာဖြစ်၏။ ရှင်းလုပေသည်။

ထိုအခါ "ချမ်းသာပါစေ"ဟု ပုဂ္ဂိုလ်တစ်ခုတစ်ဦး၊ သတ္တဝါတစ်ခုတစ်ဦးကို အာရုံယူ၍ ရှုပွားနေသော မေတ္တာအလုပ်သည် ပညတ်အားဖြင့် လူကောင်၊ နတ်ကောင်၊ အကောင်အထည်ဖြင့် မ,တည် ပွားပို့ရသော်လည်း ဒိဋ္ဌိဆုံ အနုပဂမ္မ"ဟု ဟောတော်မူသည့်အတိုင်း ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ အတ္တလိမ်ပြာ ကာရက ဝေဒက ဖန်ဆင်းသူ၊ သိသူ မရှိ။ ရုပ်နာမ်တရားတို့ ကြောင်းကျိုးဆက်သွယ်နေခြင်းမျှသာပါတကားဟု အလိုလို နားလည်သွားစေ၏။ အတ္တဒိဋ္ဌိ ကွာလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

ပေါ်ရာ ပေါ်ရာ မှတ်ရုံသာ

ထိုသို့ စျာန်စိတ်မျိုလောက်ကိုသာမက၊ ထိုစျာန်စိတ်နှင့် အတူတကွ ဖြစ်နေသော ဝေဒနာ၊ သညာ စသော သဘောများနှင့် ထိုစျာန်စိတ်ကြောင့် ဖြစ်ပေါ်လာသော ရုပ်တရားများကိုလည်း အသိဉာဏ်ရှင်းရာရှင်းရာ ရှုမှတ်နိုင်၏။ စျာန်စိတ်ကြောင့် ဖြစ်ပေါ်နေသော ရုပ်တရားများသည်လည်း တစ်ခဏတစ်ခဏ နပျံသွက်လက်၍၊ နူးညံ့၍လာ၏။ စင်ကြယ်သန့်ရှင်း၍လာ၏။ ခံစားမှု(ဝေဒနာ)၊ မှတ်သားမှု(သညာ)၊ စေ့ဆော်တိုက်တွန်းမှု၊ လုံ့လပြုမှု စသည်(သခ်ါရ)တို့လည်း စျာန်စိတ်(ဝိညာဏက္ခန္ဓာ)နှင့် အတူတကွ ပူးတွဲဖြစ်ပေါ်နေသဖြင့် ခန္ဓာငါးပါးလုံးပင် ပေါ့သွက် ကြည်လင်နေတော့၏။

စျာန်ဝင်စားမှုကို ရပ်ဆိုင်းပြီးနောက် တစ်ကိုယ်လုံး(ခန္ဓာငါးပါးလုံး) ပေါ်ရာပေါ်ရာကို ဒုနိစ္စ စသည် ရှုကြသဖြင့်ခြင်းကိုပင် စျာန်မှ ဝိပဿနာသို့ ကူးပြောင်းရှုပွားခြင်းမည်တော့သည်၊

အထူးမှတ်ချက်။ လူကောင်၊ နတ်ကောင် ပညတ်သက်သက်ချည်းကိုပင် ရှုပွားရသော မေတ္တာမှပင် ဝိပဿနာကူးကာ မင်္ဂဖိုလ်ရနိုင်ပါသေးလျှင် "ဖောင်းတယ်၊ ပိန်တယ်၊ ကြွတယ်၊ လှမ်းဘယ်၊ ချတယ်မှတ်နေတာ ပညတ်ကြီးပဲ။ ဝိပဿနာဆိုတာ ပညတ်ကို မမှတ်ရဘူး။ ဒါကြောင့် မှားတယ်။ ဝါယောဓာတ် စသည်ဉာဏ်ကိုသာ မှတ်။ ဝါယောဓာတ်မှာလည်း လက္ခဏာကိုသာ မှတ်မှ မှန်တယ်"စသည်ဖြင့် ဘုရားရှင်အာဘော်ကိုပင် ကျော်လွန်ကာ မွေးကင်းစ ကလေးကိုပင် ဒန်ပေါက်ထုမင်းကွေးသကဲ့သို့ လက်ရှိ သတိပဋ္ဌာန်နည်းများကို နားယောင်ရုပ်ထွေးအောင် ပြောဆို ရေးသားနေကြသည်မှာ အံ့ဖွယ် ကောင်းပေစွ။ စင်စစ် မေတ္တာကဲ့သို့ ပညတ်အာရုံလည်း မဟုတ်ခဲ့။

ဝိပဿနာသို့ အချိန်တိုတိုနှင့် ပေါက်ရောက်အောင် ခက်ဏ သမာဓိဖြစ်ဝေရန် ချည်ဘိုင်လုပ်ပေးထားခြင်းမျှသာ ဖြစ်သည်ကိုလည်း မမေ့သင့်ခဲ့။

စျာန်အာဒီဉာဉ်ရ အရိယာခေတ်ကောင်းကြီး

ယခုအခါ ယောဂီများအဝွက် အသိဉာဏ်ရှုပ်ထွေးစရာ၊ မလုပ်တတ်စရာ မရှိ။ အလွယ်တကူပင် နားလည်နိုင်ကြ၏။ စျာန်ဝင်စားပြီးလျှင် စျာန်စိတ်ကို လက်လွှတ်၍ (စျာန်မှ ထ၍) ဝိပဿနာသို့ ကူးပြောင်းလိုလျှင် ဖောင်းမှု၊ ပိန်မှုကို ချည်ဘိုင်ထားသော ယောဂီများ ဖောင်းမှု၊ ပိန်မှုကို ကူးပြောင်းရှုမှတ်ရန်ပင် ဖြစ်၏။

နာသီးဖျား ချည်ဘိုင်ထားသူဖြစ်က နာသီးဖျားသို့ ကူးပြောင်း ရှုမှတ်ရန်ပင် ဖြစ်၏။

နောက်ဆုံး တစ်ကိုယ်လုံး ပေါ်ရာ ပေါ်ရာ အသိဉာဏ်ရှင်းလင်းလွယ်ကူရာ ဖြစ်ပျက်မှုကို စူးစိုက်ကြည့်ရှုရုံသာ ဖြစ်သည်၊ လွယ်လွန်းလို့ အရေးယူဖို့ခဲနိုင်စရာ နားမယောင်ကြကုန်လင့်။

ယခုအခါ ယောဂီတို့အတွက် တရားတိုးတက်လွယ်သော မေတ္တာအလုပ်သည် ဘာမျှအခက်အခဲ မဟုတ်တော့ပြီ။

ယင်းသို့ ရှုမှတ်သွားရာ အာရုံကိုလည်း အထူးကြောင့်ကြမစိုက်ရ။ အလိုလို ပေါ်ထင်၍ ပေါ်ထင်၍နေ၏။ ရှုသိစိတ်လည်း တမင် အားမစိုက်ရ။ ယုဉ်စုံကောင်းသော နွားလှည်းယာဉ်ပေါ် လိုက်ပါစီးနင်းသွားရသကဲ့သို့ အာရုံနှင့် ရှုသိစိတ်သည် အလွယ်တကူပင် ချိန်းချက်မိနေရာ (သခ်ါရုပေက္ခာဉာဏ်) အတန်ကြာလျှင် ရှုစရာ အာရုံရော၊ ရှုသိစိတ်ပါ ချုပ်ငြိမ်းရာသို့ ပြေးဝင်သွားပေတော့၏။ (နဟု ဇာတု ကဗ္ဗ သေယျ ပုနရေတိ)။

ဤကား စျာနလာဘီ အရိယာစခန်း အမြွက်မျှဖြင့် ပြည့်စုံအောင် ပြည့်နှန်းရခြင်းဖြစ်၏။

လောကီ၊ လောကုတ္တရာ လိုရာ အကုန်ပြီးသော စျာန်အဘိညာဉ်ရ အရိယာကြီးများ ဖြစ်ထွန်းပေါ်ပေါက်ရန် ဘုရားရှင်၏ အဆုံးအမတော် နည်းစနစ်ကား လွယ်ကူလှပေစွ။ အခွင့်ကောင်း။ အခါကောင်း။ ဘဝကောင်းကြီးကို လက်မလွှတ်ကြစေရာ။

စည်းလုံးခြင်းနှင့် ကွဲပြားခြင်း

မှုလသူတ ဓာတ်ကြီးလေးပါးကို ဆွဲငင်ပေါင်းစည်းပေးသောအရာမှာ မေတ္တာဖြစ်၍၊ ကွဲပြားအောင် ပြုလုပ်သော အရာမှာ မုန်းတီးမှု(ဒေါသ)ပင် ဖြစ်သည်။

မိမိ မေတ္တာပွားပို့ခြင်းကြောင့် ကမ္ဘာသူ ကမ္ဘာသား၊ ဥသဘံသူ၊ ဥသဘံသားတို့ အနေးဓာတ်ကူးကာ ချမ်းသာနိုင်သည့် သဘောသည် မည်သည့်ရှုထောင့်၊ မည်သည့်အမြင်အရမဆို ထင်ရှားလှပေသည်။ ကျေနပ်ထိုက်လှပေသည်။ ယုံကြည်အားကိုးထိုက်လှပေသည်။

မွှာစရိယ ဦးဌေးလှိုင်

(ဆရာကြီး မွှာစရိယ ဦးဌေးလှိုင်၏ "မေးလ်ဘဝါန (မြေဟူဝိဟာရအဖွင့်)"စာအုပ်မှ ကောက်နုတ် ဓမ္မာပြခြင်း ဤတွင် ပြီး၏။)

www.burmeseclassic.com





ပြည်မြို့က ကြီးကိုးကြီးဘုရားစေတီများ ရှိရာသို့

မောင်တင်ကြွယ် (ပြည်)

တစ်နှစ်တွင် ရသေ့ကြီး ဦးကိတ္တိဇေယျ ကျွန်တော်တို့ ပြည်မြို့သို့ ရောက်ရှိလာသည်။ ကျွန်တော့်အိမ်သို့မူ ကြွမလာ။ သူ့ကိုယ်စား စာလေး တစ်စောင်တော့ ရောက်လာသည်။ ထိုစာတွင် သူ ပြည်မြို့သို့ ရောက်ရှိနေသည်၊ သူ ခေတ္တတည်းခို ရာ လေးထပ်ပြင်စေတီသို့ လာတွေ့ပါဟု ဆင့်ခေါ်သည့်စာ ဖြစ်သည်။

စာရသည့်အချိန်မှာ နံနက် ၁၁နာရီသာသာလောက်ပင် ရှိပါသေးသည်။ ဘုရားသေ့က ဒီမှာ ခရီးတစ်ထောက်နားသည်ပဲလား။ ခရီးဆက်မည်၊ ကြာမည်ကလည်း စာထဲမှာ မပါ၍ ကျွန်တော် ချက်ချင်း အိမ်မှထွက်သည်။ ကျောက်တော်ကြီး ဘုရားရှေ့အရောက် ကြုံရာ သုံးဘီးကားလေးတစ်စီးအား တားကာ "မူယာပင်" ဓာတ်ဆီဆိုင်အထိ စီးရသည်။

သုံးဘီးပေါ်မှ ဆင်းပြီး ရတနာမာန်အောင်လမ်းမကြီး အတိုင်း လမ်းလျှောက်ကာ လေးထပ်ပြင်စေတီရှိရာသို့ သွားသည်။ ကျွန်တော်ရောက်တော့ ဘရသေ့က ဆွမ်းစားပြီးခါစ လေးပဲ ရှိသေး၍ သူ့ဆွမ်းကျွန်ကို ကျွေးသည်။

"မင်း . . . ထမင်းစားဦး။ ပြီးမှ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

ဟု ဆိုကာ ကျောင်းအပြင်သို့ ကြွသွားသည်။

ကျွန်တော်လည်း ဆာဆာဖြင့် ဘရသေ့ စွန့်သည့် ဆွမ်းကြွင်းဆွမ်းကျန်တို့ကို စားဖြစ်လွှားသည်။ ထမင်းစားအပြီး ပန်းကန်ခွက်ယောက်တို့ကို သိမ်းဆည်းကာ ဘရသေ့နှင့် တွေ့သည်။ ဘရသေ့က တွေ့လျှင်တွေ့ချင်း ဤသို့ အမိန့်ရှိသည်။

"ဒီတစ်ခေါက် ပြည်မှာ ငါ နည်းနည်းကြာမယ်။ ကြီးကိုးကြီး အဓိဋ္ဌာန်ဝင်ဖို့ လာတာ။ ပြီးမှ ရခိုင်ကို ကြွမယ်"

ဟု အမိန့်ရှိသည်။

"မင်းက ပြည်သားဆိုတော့ ပြည်က ကြီးကိုးကြီးဝင် ဘုရားတွေကို သိလား"

ကျွန်တော်က လျှပ်တစ်ပြက် မေးခွန်းဖြစ်နေ၍ စဉ်းစားရသည်။ သိပါကယ်ဟု မဖြေ။ မသိပါဘူးဟုလည်း မဖြေ။ ဘရသေ့ ဘာအမိန့်ဆက်ရှိမလဲဆိုသည်ကိုသာ နားထောင်

www.burmeseclassic.com

နေလိုက်သည်။

"ဒီလိုကွာ၊ ကြီးကိုးကြီးဆိုတာက မူလ ဘွဲ့တော်တွေမှာ ကြီးပါတဲ့ စေတီဘုရားတွေကို ပြောတာ။ ပြည်မှာက ကြီးပါတဲ့ ဘုရားစေတီ ကိုးဆူရှိတယ်။ အဲဒီဘုရားစေတီတွေကို ပြည်ရဲ့ ကြီးကိုးကြီးလို့ အဆိုရှိတယ်။ ဘယ်ဘုရားစေတီတွေကို ကြီးကိုးကြီးခေါ်သလဲဆိုတာ မင်း ရေတွက်ပြစမ်း"

ကျွန်တော် မနေသာတော့ သိသမျှ စေတီဘုရားများကို ရွတ်ပြရသည်။ သို့သော်လည်း ကိုးဆူမပြည့်။ နှစ်ခါသုံးခါရွတ်သော်လည်း လောနေ၍လား မပြောတတ်။ တစ်ဆူတစ်ဆူ မေ့နေသည်။ ရှစ်ဆူနှင့်သာ ရပ်သွားသည်။

"မင်းကလဲကွာ၊ ဘုရားကိုးဆူကိုပဲ စေ့အောင် တစ်ခါတည်းနဲ့ ပြောမရဘူး။ ပထမတစ်ခါရွတ်တဲ့ဘုရားက ဒုတိယတစ်ခါမှာ မပါဘူး။ တတိယတစ်ခါကျတော့ ဒုတိယအခါတုန်းက ဘုရားကို မေ့နဲ့၊ သံသရာလည်နေပြီ။ နားထောင်၊ ရွတ်ပြမယ်"

ဘရသေ့က လက်ချီးပြီး တစ်ဆူပြီးတစ်ဆူ တောက်လျှောက် ကိုးဆူပြည့်အောင် ရွတ်ပြသည်။ ကျွန်တော်ကဲ့သို့ ထစ်အ ထစ်အ မဖြစ်။ ရပ်ပြီး စဉ်းစားလည်း မနေ။

"ကဲ···ဘယ်နယ်လဲ၊ ဟုတ်ရဲ့လား"

ဟု မေး၍ ကျွန်တော် ခေါင်းညိတ်ပြရသည်။

"အခု ငါပြောတဲ့ ဘုရားကိုးဆူကို တစ်နေ့ ဘုရားတစ်ဆူနှုန်းနဲ့ ကိုးရက်သွားကြမယ်။ အဲဒီမှာ မင်းက ခရီးအကွာအဝေး၊ ဘာနဲ့ ဘယ်လိုသွားရင် အဆင်ပြေမယ်ဆိုတာကို စဉ်းစား။ အစားအသောက်က ကြိုသလိုပဲပေါ့။ အချိန်အတိအကျဖြစ်ဖို့ပဲ အရေးကြီးတယ်။ တစ်နေ့ တစ်ခြိန်လွဲရင် အစက ပြန်လုပ်ရမယ်"

ဟု ဘရသေ့က အမိန့်ရှိသည်။ ဘရသေ့၏ အဓိဋ္ဌာန်အတိအကျဖြစ်စေရန်အတွက် အဓိဋ္ဌာန်ခရီးအစီအစဉ်ကို မေးလျှောက်ရသည်။ ဒီတော့လည်း ဘရသေ့က ကြီးကိုးကြီး အဓိဋ္ဌာန်ဝင်ပုံဝင်နည်းကို ရှင်းပြသည်မှာ ကျဉ်သိုဖြစ်သည်။

(၁) အဓိဋ္ဌာန်အစနေ့မှာ တနင်္လာနေ့က စ၍ ရက်သတ္တပတ်ပြည့်ပြီး အင်္ဂါနေ့အထိ တစ်နေ့ တစ်ဆူ ကိုးရက် ကိုးဆူသွားရမည်။

(၂) ဘုရားစေတီအဆူတိုင်း နံနက် ၉နာရီတိတိချည်းပဲ အဓိဋ္ဌာန်ဝင်ရမည်။

(၃) ဘုရားဂုဏ်တော်ကိုးပါးအား အစအဆုံး တစ်ပုဒ်





www.burmeseclassic.com

www.burmeseclassic.com



ဆုံးမ ပုတီးတစ်လုံးချ (၁၀၈)လုံးပုတီးဖြင့် အနိမ့်ဆုံး (၉)ပတ် ဖြင့် အဓိဋ္ဌာန်ပြုရပြီး ကျန်ဘုရားစေတီများကိုလည်း ကိုးပတ် စီပဲ စိပ်ရမည်။ ဘုရားကိုးဆူစလုံး ပုတီးပတ်ရေ တူရမည်ဟု ဆိုလိုသည်။ မိမိအလေ့အကျင့်ရှိလျှင်တော့ မိမိစွမ်းနိုင်သမျှ ၁၀ ပတ်၊ ၂၇ ပတ်၊ ၃၆ ပတ်၊ ၄၅ ပတ်၊ ၅၄ ပတ်၊ ၆၃ ပတ်၊ ၇၂ ပတ်၊ ၈၁ ပတ်စိပ်လို့ ဖြစ်သည်။ ဘုရားစေတီကိုးဆူစလုံး ပုတီးပတ်ရေတူဖို့ပဲ လိုသည်။

(၄) အချိန်လွဲခြင်း။ ပုတီးပတ်ရေ မှားယွင်းခြင်းဖြစ်ခဲ့သော် အဓိဋ္ဌာန်ပျက်ပြယ်၍ အဓိဋ္ဌာန်ပြန်ဝင်ရမည်။ ပြန်လည် စတင်လျှင်လည်း တနလ်ာနေ့မှပင် စ,ရမည်ဟု ဆိုသည်။

အကျိုးတရားအနေဖြင့် လောကီ၊ လောကုတ္တရာ နှစ်ပြာအကျိုး ပြီးမြောက်စေသည်ဟု မိန့်ပါသည်။

ဤသို့အားဖြင့် ဘရဏေ့၏ ကြီးကိုးကြီးအဓိဋ္ဌာန်ဝင်သည့်ကိစ္စအား ကျွန်တော်သည် ကပ္ပိယ၊ ဝေယျာဝစ္စကူညီသူအဖြစ် ချောမွေ့ ပြီးမြောက်အောင် ကူညီနိုင်ခဲ့သည်။ ကျွန်တော့်အနေဖြင့် ကြီးကိုးကြီးဘုရားများကို တစ်နေ့တစ်ဆူဖြင့် ၉ရက်၊ ၉ဆူပြည့်အောင် ရက်ခြားပဲ ဖူးဖြစ်ပြီး ဘုရားတစ်ဆူလျှင် ပုတီး (၉)ပတ်စိပ်ဖြစ်ခဲ့ပါသည်။

ဘရဏေ့နှင့်အတူ သွားရောက်ခဲ့သည့် ဘုရားစေတီ ၉ဆူအား ဘရဏေ့မှအတိုင်း အစီအစဉ်တကျ ဖော်ပြပေးရလျှင်...



www.burmeseclassic.com

www.burmeseclassic.com





(၁) ပါဒိုကြီးစေတီ။ (ရသေ့မြို့ဟောင်း အနောက်တောင်တန်း ကန်ပေါင်စုရွာအနီးတွင် တည်ရှိသည်။ ပြည်မြို့ထဲမှ "ခေတ္တရာမောင်"လိုင်းကားဖြင့် ရွှေတံခါးဂိတ်ဆုံးစီးပြီး အပိုင်းလေးကို ဖြတ်လျှောက် အနည်းငယ်မျှ သွားရမည်။ မြတ်သီဟယာဉ်လိုင်း ကြည်သာအေးမြ ဂိတ်ဆုံးကား စီးရှိသွားလျှင် ပိုနီးသည်။)

(၂) ဘောဘောကြီးစေတီ။ (ရသေ့မြို့အနောက်တောင်ကြိုးပင်ရွာတွင် တည်ရှိသည်။ သရေခေတ္တရာမြို့ဟောင်း၏ တောင်ဘက်နား ရဟန္တာကန်အနီး၌ ဖူးမြင်နိုင်သည်။ မော်ဇာပြတိုက်ဘက်မှနှင့် ရွှေတံခါးရပ်ကွက်ဘက်မှ ခြေကျင် (သို့မဟုတ်) ကိုယ်ပိုင်ယာဉ်များဖြင့် သွားနိုင်သည်။)

(၃) သီရိမဟာဘုရားကြီး(ဘုရားကြီး)စေတီ။ (ပြည်မြို့ အရှေ့ဘက်အထွက်နား၊ ပြည်အောင်လံသွား ကားလမ်းလက်ယာဘက်ခြမ်းကပ်လျက် ရှိသည်။ မြို့ကွင်းမှ ရွှေသမင်၊ မာဇဒါယာဉ်လိုင်း ကားငယ်များ စီးလျှင် လမ်းသင့်သည်။)

(၄) ရွှေဘုန်းတောက် ကျောက်တော်ကြီးဘုရား။ (ရွာဘဲရပ်၊ ဗိုလ်ချုပ်လမ်းဘေးကပ်လျက်ရှိသည့် ရပ်ပွားတော်ကြီးဖြစ်သည်။)

(၅) တိုင်းပြည်လုံးချမ်းသာ ဆယ်ထပ်ကြီးဘုရား။ (ဆံတော်ရပ်၊ ရွှေဆံတော်စေတီမြတ်ကြီး၏ အရှေ့ဘက်တွင် တည်ရှိသည့် ရပ်ပွားတော်ဖြစ်သည်။)

(၆) နောင်တော်ကြီးစေတီနှင့် ရပ်ပွားတော်။ (ရွှေဆံတော်စေတီမြတ်ကြီး၏ ရင်ပြင်တော်အရှေ့ဘက်ခြမ်း၌ တည်ရှိသည်။ ကုလားတိုက်ခံ လိုဏ်ပါ မုခ်သုံးမုခ်နှင့် စေတီဖြစ်ပြီး အတွင်း၌ ရပ်ပွားတော်ကြီးရှိသည်။ မြောက်နှင့် တောင်ဘက် မုခ်များကို သံဆန်ခါဖြင့် ကာရံထား၍ အနောက်ဘက်ရှိ မုခ်မှသာ ဝင်ရ၊ ထွက်ရသည်။ ရွှေဆံတော်စေတီမြတ်ကြီး၏ အတွင်း အောင်မြေ (၉)ဌာနအနက် တစ်နေရာဖြစ်၍ စတုသစ္စ ကရဏီယ အောင်မြေနေရာဖြစ်သည်။)

(၇) ပုထိုးကြီးစေတီ။ (ရွှေဆံတော်စေတီကြီး၏ တောင်ဘက် ပုထိုးကြီးရပ်ကွက်၊ ပုထိုးကြီးတောင်ပေါ်တွင် ရှိသည်။ ပုထိုးကြီးရပ်ကွက်သို့ ရောက်လျှင် စေတီတော်ကြီးရှိရာသို့ သွားနိုင်သည့် တောင်တက်လမ်း သုံးလေးနေရာရှိသည်။ မင်းကြီးတောင်ဘက်မှ ကား၊ ဆိုင်ကယ်တို့ဖြင့် တက်လျှင် စေတီတော်ကြီး၏ ခြေတော်ရင်းအထိ ရောက်သည်။ ဆံတော်ကြီး၏ အရှေ့ဘက်တွင် အာရုံခံ တန်ဆောင်းကွယ်ကြီးရှိ၍ ရပ်ပွားတော်ကြီးလေးဆူ အရှေ့အရပ်သို့ မျက်နှာတော်မူလျက် စံပယ်နေသည်။)

www.burmeseclassic.com

(ဂ) ရွှေကျောင်းကြီးစေတီ။ (ကျောင်းကြီးရပ်ကွက် အနောက်ဘက်အစွန် မြစ်ကမ်းနားဌ တည်ရှိသည်။ ခရိုင် တိုင်းရင်းဆေးရုံကြီး၏ မြောက်ဘက်နားကပ်လျက်ရှိသော စေတီဖြစ်၍ အရှေ့ဘက်တွင် အာရုံခံ တန်ဆောင်းရှိသည်။

(ဃ) ချမ်းသာကြီးစေတီ။ (ကျောင်းကြီးရပ်ကွက်အတွင်း ၌ တည်ရှိပြီး ဆုတောင်းပြည့်စေတီနှင့် ပရဝဏ်တစ်ဝန်း တည်းဖြစ်သည်။ ဆုတောင်းပြည့်စေတီ၏ အရှေ့ဘက် ပေ (၄၀)ကျော်ခန့်အကွာ ရှစ်မြောင့်စေတီပုံသဏ္ဌာန်ရှိသည်။ ပြည်ဈေးကြီး၏ တောင်ဘက် နှစ်လမ်းအကွာမှာ ရှိသည်။

တစ်နေ့လျှင် ဘုရားစေတီတစ်ဆူနှင့် တနလာနေ့မှ စ,ခဲ့သော အဓိဋ္ဌာန်သည် အင်္ဂါနေ့ရောက်မှ ၉ဆူ၊ ၉ရက်ပြည့် မြောက်ခဲ့ပါသည်။ ဆယ်ထပ်ကြီးဘုရားသို့ ရောက်ခဲ့စဉ်က ဆယ်ထပ်ကြီးဘုရားရေနှားတွင် နောင်တော်ကြီးဘုရားဟူသည့် ရုပ်ပွားတော်တစ်ဆူကို မြင်မိ၍ သွားရောက်ဖူးမြော်မိသေးသည်။ ပုတီးတော့ မစိပ်ဖြစ်။

ကျွန်တော်က ဘရဏေနောက် လိုက်ဖြစ်နေ၍ ၉ဆူ၊ ၉ရက်မှုဖြင့်သာ ဆောင်ရွက်ပါသည်။ အကယ်၍ ဤရုပ်ပွား တော်ကြီးရှေ့တွင် ပုတီးစိပ်ဦးမည်ဆိုပါက နောက်တစ်နေ့မှ သီးခြား လာရပေဦးမည်ဟု တွေးလိုက်မိသေးသည်။

ကျွန်တော်သည် ရသေ့ကြီး ဦးကိုတွဲဒေယျနှင့် လိုက်ပါ၍သာ သူမှုအရ "ကြီးကိုးကြီး" စေတီ၊ ရုပ်ပွားများအား ရေးသားတင်ပြပြီးပါပြီ။ မည်သည့် စေတီ၊ ရုပ်ပွားတော်က မည်သည့်နေရာတွင် ရှိသည်၊ မည်သို့သွားလျှင် ရသည်ကို မသိ, မရောက်၊ နယ်ခံမဟုတ်သူများ မိမိအစီအစဉ်ဖြင့် ဘုရားဖူးနိုင်၊ အဓိဋ္ဌာန်ဝင်နိုင်ရန် ဘုရားဖူး လမ်းညွှန်အဖြစ် တင်ပြအပ်ပါသည်။

စေတနာမုန်လျှင် ကံကောင်းမည်
မောင်ဟင်းကြွယ် (ပြည်)

*****





www.burmeseclassic.com

www.burmeseclassic.com

ရန်အပေါင်းကို
ခညောင်း အောင်မြင်နိုင်သည့် ဘုရားရှိခိုးဂါထာမန္တန်

ကိုရွှေမြသန်း(သမိုင်း)

အလောင်းစည်သူမင်းကြီး နန်းတက်စဉ်က မဟာဂီရိနတ်သည် ဦးဖြူကြီးကြယ်နှင့် သူအိုယောင်ဆောင်ကာ မင်းကြီး၏ လက်ျာလက်ကို ကိုင်၍ နန်းတင်ပေးခဲ့ကြောင်း မြန်မာ့ရာဇဝင်ကြီးများတွင် ဖော်ပြထားပါသည်။ မင်းကြီးသည် အောက်ပါ ဘုရားရှိခိုးဂါထာမန္တန်အား နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိသည်။

(၁) ဗုဒ္ဓါ တိလောက ဒီပေါစ
ဗုဒ္ဓါ တိ သူရိယော တမော။
ဂစ္ဆန္တံ သရဏံ ဗုဒ္ဓံ
မမ သီသေ ဌပေတွာန
ယာဝဇီဝံ နမတ္တာတံ။

(၂) ဓမ္မော တိလောက ဒီပေါစ
ဓမ္မော တိ သူရိယော တမော။
ဂစ္ဆန္တံ သရဏံ ဗုဒ္ဓံ
မမ သီသေ ဌပေတွာန
ယာဝဇီဝံ နမတ္တာတံ။

(၃) သံဃော တိလောက ဒီပေါစ
သံဃော တိ သူရိယော တမော။
ဂစ္ဆန္တံ သရဏံ ဗုဒ္ဓံ
မမ သီသေ ဌပေတွာန
ယာဝဇီဝံ နမတ္တာတံ။

ဖော်ပြပါ ဘုရားရှိခိုးဂါထာ မန္တန်၌ ပါရှိသော ရတနာသုံးပါး၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် မဟာဂီရိစသော နတ်များကပင် မနေနိုင်ဘဲ အလောင်းစည်သူမင်းကြီးအား စောင့်ရှောက် မ,စခဲ့ကြရသည်။ အခြားသော လောကီမန္တန်ကျမ်းဟောင်း(ပေမူ)များထဲတွင် ဒဋ္ဌဂါမဏိမင်းကြီးသည် ကျည်းကုလားများကို သုတ်သင်ခဲ့စဉ်က အထက်ပါ ဂါထာမန္တန်ကို ရွတ်ဆိုမန်းပြီး တိုက်ခိုက်ခဲ့သည်ဟု တွေ့ရှိရသည်။

သီဟိုဠ်ရာဇဝင်တွင် ထင်ရှားသော ဒဋ္ဌဂါမဏိမင်းကြီးသည် ကဏ္ဏာလ ဆင်တော်ကို စီးလျက် ဌေးရကျေးမင်းနှင့် စစ်တိုက်သောအခါ အထက်ပါ ဂါထာမန္တန်အား သူ၏ ဗောင်းတော်တွင် ဆောင်ထားခဲ့သည်။ မင်းကြီးကား ရတနာသုံးပါးကို ယုံကြည်အားထားသည့်အတိုင်း စစ်ချီရာတွင် လုံတော်၌ ဘုရားရှင်၏ ဓာတ်တော်များကို ဌာပနာထားပြီး တိုက်ခဲ့သည်။ ထို့ပြင် ပျိုမျစ်နနယ်သော ရဟန်းပျို (၅၀၀)ကိုလည်း စစ်ချီရာတွင် ပင့်ဆောင်သွားလေ့ရှိသည်ဟု မဟာဝင်္သ ဖော်ပြထားသည်။ သီဟိုဠ်ဘုရင် ဒဋ္ဌဂါမဏိမင်းကြီးနှင့် အလောင်းစည်သူမင်းကြီး၏ အထက်ဖော်ပြပါ အဆောင်အရွက် ဂါထာမန္တန်မှာ ထူးခြားသော စွမ်းရည်သိဒ္ဓိများ ရှိနေသလို၊ ရွတ်ဆိုပွားများ အားထားသူတိုင်း ရန်အပေါင်းကို ခညောင်း အောင်မြင်နိုင်မည်မှာ အသေအချာပင် ဖြစ်ပေသည် ■

ကိုရွှေမြသန်း(သမိုင်း)

*****

www.burmeseclassic.com

www.burmeseclassic.com

အိုနာဖိစီး သေခါနီး

ဒေါက်တာအောင်

သနာကြီးအပေါ် အနိုင်ရအောင် တိုက်ခိုက်ရန်

ဩကာသလောက၊ သခိရလောကနှင့် သတ္တလောက ကို ကျင်လည်ကျက်စားနေကြသော လူနတ်ဗြဟ္မာ အပါယ် သုဓိအားလုံးသည် သေနာကြီးနှင့် အတူတကွ မွေးဖွားလာ ကြသူများဖြစ်သည်။ မွေးဖွားရှင်သန်လာပြီးနောက် တစ်နေ့ တစ်ချိန်ချိန်တွင် မုချသေရဦးမည်ကို ဇောန်သိနေကြသူ များ ရှိကြသကဲ့သို့၊ တွေးပင် မတွေးမိသော သတ္တဝါများ လည်း ရှိကြလေသည်။

မုချ သေရဦးမည်ကို ဇောန်သိနေကြသူတို့သည် ရှင်သန်ခြင်း၊ အသက်ရှည်နေခြင်းမှာ (ခဏိက မရဏများ အတိုင်း) သေနာကြီးနေ့၊ သေနာကြီးအချိန်(စုတိမရဏ)သို့ ရွေ့လျား ဦးတည်နေမှန်း နားလည်နေကြသည်။ လိုနေ့၊

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်သည် မိမိတို့၏ မွေးနေ့၊ ဖွားချိန်မှ အစပြုလျက် တွက်ဆလိုက်ပါက တစ်နေ့ တစ်နေ့ကုန်ဆုံးတိုင်း ပို၍ပို၍ နီးကပ်လာလေသည်။ မွေးနေ့နှင့် ဝေးကွာလာလေလေ၊ ထို နေ့နှင့် နီးကပ်သွားလေလေ။

ထိုပုဂ္ဂိုလ်တို့သည် လောကတဲထွာ ဓမ္မတာအားဖြင့် သတ္တဝါဟူသမျှတို့၏ သေခြင်း လေးမျိုးကိုလည်း အောက်ပါကဲ့သို့ လုံးစေ့ပတ်စေ့မဟုတ်သည့်တိုင် ကြားဖူး နားဝသုတအနေဖြင့် သဘောပေါက်ထားကြသေး၏။

(၁) သက်တမ်းကုန်၍ သေခြင်း(အာယုက္ခယ-မီးစာကုန်၍ မီးငြိမ်းခြင်းမျိုး။)

(၂) ကံအစွမ်းကုန်၍ သေခြင်း (ကမ္မက္ခယ-လောင်စာဆီကုန်၍ မီးငြိမ်းခြင်းမျိုး။)

(၃) သက်တမ်းနှင့် ကံအစွမ်း နှစ်ပါးစုံ ကုန်၍သေခြင်း (ဥဘယက္ခယ-မီးစာလောင်စာဆီကုန်ခြင်းမျိုး။)

(၄) သက်တမ်းနှင့် ကံအစွမ်း နှစ်ပါးစုံ မကုန်စေကာမူ တခြားအကြောင်း (အတိတ်အကုသိုလ်ကံအမှု) တစ်ခုခု၏ ကြားဝင်သတ်ဖြတ်မှု ပေါ်လာ၍ သေခြင်း(ဥပစ္ဆေဒကံ)။

လေတိုက်၍ ငြိမ်းခြင်းမျိုး မည်သူတို့က မည်ကဲ့သို့ပင် သေခြင်းမရဏာကို သဘောပေါက်စေကာမူ ယခုအရွယ်မှာ ငါ မအိုသေး၊ ငါ မသေနိုင်သေးဟု အတွေးအထင်ရောက်ကြစမြဲ။ အသက်ထောက်လာမှ (သို့မဟုတ်) ငယ်ရွယ်သူပင် ဖြစ်နေဦးတော့ သေလောက်သော အကြောင်းခြင်းရာမျိုးနှင့် ကိုယ်တိုင် ပက်ပင်းတိုးကာမှ သေနာကြီးကို စဉ်းစားလာကြသည်။ သက်ဆိုင်ရာ ရဟန်း သံဃာထံ မေးမြန်း၍ ဖြစ်စေ၊ စာအုပ် စာပေတို့၌ ရှာဖွေဖတ်ရှု၍ ဖြစ်စေ၊ သေနာကြီးနှင့် ရင်ဆိုင်နိုင်ရန် နလုံးသွင်းစရာ၊ ဆင်ခြင်စရာတို့ကို စုစည်းပြင်ဆင်ကြလေတော့၏။

စင်စစ်အားဖြင့် သေနာကြီးသည် အရွယ်မရွေး၊ အချိန်မရွေး လာရောက်၍ ခေါင်ဆွဲယူတတ်ပေသည်။ ဤသဘောကို နားလည်လက်ခံကြသူတိုင်းပင် အရွယ်ထောက်လာသည်အထိ အချိန်မစောင့်ကြဘဲ လူလားမြောက်၍ သေနာကြီးအပေါ် အနိုင်ရအောင် တိုက်ခိုက်ရန် အလိုရှိပါက ယခုခဏတွင်ပင် အလုပ်စတင်ကြရပေလိမ့်မည်။

လက်ရှိ ခန္ဓာပြင်ဆင်ခြင်းသည် သေနည်းသင်တန်း

မယဉ်ကျေးသေးသော လူမိုက်တို့က ဤကဲ့သို့ ပြောလေ့ရှိကြသည်ကို မကြာခဏ ကြားရခဲ့ဖူး၏။

"လူဆိုတာ မွေးတစ်နေ့၊ သေတစ်နေ့ပဲဗျာ။ သေတာများ အဆန်းလုပ်လို့။ သေနည်းသင်တန်းတက်နေရဦးမှာလား။ လူဘဝက သေသွားရင်လည်း ဘုံဘဝတစ်ခုခုရောက်ဦးမှာပဲလေ"

ဤစကားမျိုးသည် လူဘဝ၏ တန်ဖိုးကို မသိသူ၊ အတွေးအမြင်ညံ့ဖျင်းသူ၊ မိမိဘဝကို အထက်တန်းရောက်အောင် မပင်မထောက်နိုင်သူ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား၍ အပျော်အပါးစုံမက်သူ၊ ထို့အပြင် သံသရာဒုက္ခကြောအတွင်း ပေါလောမျောလွှင့် ငုတ်တုတ်မြုပ်မည့်သူတို့၏ အနှစ်မပါ၊ အကာသက်သက် နှုတ်ထွက်စကားပင်။

အနည်းငယ် ယဉ်ကျေးပြီး အတော်အတန် လိမ္မာသူတို့ကား အတွေးအခေါ်နှင့်တကွ ဘဝမြင့်တက်စေရန် ဒါန၊ သီလ၊ သမထတို့ကို ပျိုးထောင်ပြုစုကြ၊ နိဗ္ဗာန်ကို ရည်မှန်းကြ၊ အိုနာသေဘေး လွတ်ကင်းရပါလိုခြင်းဟု တောင်းဆုပန်ကြလေ၏။ ဤအပြုအမူ၊ ဤအလုပ်မျိုးတို့ကား ခုတ်ရာ တခြား၊ ရုရာ တခြားဖြင့် ရည်မှန်းထားရာအမှန်နှင့် လွဲချော်မြဲ မလွှဲကန်ရာ အလုပ်မျိုးဖြစ်နေသည်။ လက်တွေ့အားဖြင့် သမထအလုပ်သက်သက်သည် နိဗ္ဗာန်သို့ မဆောင်ပို့နိုင်။ အိုနာသေဘေး လွတ်ကင်းရန် ဆုပန်ရုံဖြင့် မလုံလောက်၊ ဝိပဿနာဉာဏ်အထောက်အကူပြည့်စုံပါမှ ရရှိနိုင်ပေမည်။

ဆိုခဲ့ပါ လူမိုက်စကားတို့အနက်မှ "သေနည်းသင်တန်းတက်နေရဦးမှာလား" မေးခွန်းအတွက် သေနည်းသင်တန်းတက်ရပါမည်ဟူသော အဖြေရှိနေပါ၏။

လူနတ်ဗြဟ္မာ ဘဝထိုထို ရရှိရန် ရည်သန်တောင်းဆုပြုလုပ်နေပါက မျက်မှောက် သေနာကြီးရှိနေပါလျက်နှင့် အသေထပ်ရှာသူ၊ ရာဗီးခြင်း လွဲသူဖြစ်နေမည်ကို သတိပြုအပ်ပါ၏။ နောင်ခန္ဓာထပ်ရလျှင် ဒုက္ခကြီး၊ နောင်တစ်ဖန် ဇာတိဖြစ်ပြန်လျှင် ဒုက္ခကြီး၊ နောင်ခန္ဓာမရတော့လျှင် သုခကြီး၊ နောင်တစ်ဖန် ဇာတိမဖြစ်တော့လျှင် သုခကြီးဟူ၍ ဒုက္ခသစ္စာကို ပိုင်းခြားသိမြင်အပ်ပါ၏။ ထိုသတိမျိုး၊ ထိုအသိမျိုးနှင့် ပြည့်စုံနေသူတို့ပင်လျှင် ပစ္စုပ္ပန် ခန္ဓာကို မခင်တွယ်၊ အနာဂတ် ခန္ဓာကို မတောင့်တစေရန် ခန္ဓာဖြတ်သော သေနည်းသင်တန်းကို မပျက်မကွက် တက်ကြရပေမည်။

ရှင်သန်ခြင်း၌ သေလွန်ခြင်းသာလျှင် အဆုံးရှိသည်ဟု နားလည်ထားကြပြီးဖြစ်၏။ လျှပ်တစ်ပြက် မျက်စိတစ်မှိတ်အတွင်း ချမ်းသာဆင်းရဲ မျက်နှာမလိုက်၊ အာဏာရှိမှ၊ ဂုဏ်ရှိမှ၊ မရှိက်ဘဲနှင့် သေမိန့်ချမှတ်ခံရခြင်းသည် သတ္တဝါတို့၏ ငြင်းပယ်ခွင့်မရှိသော ဘဝလက်ဆောင်ကြီးပါတည်း။ ရုပ်နာမ်

www.burmeseclassic.com

ဒီဇိုတို့၏ ချုပ်ခုံးမှုဟူသော ခန္ဓာအနိစ္စကို ရှောင်လွှဲ၍ ရနိုင်စေကာမူ၊ သေနာကြီးလက်ချက်မဦးခင် ကာလကြို ဘင်လျက် ဘဝလက်ရှိခန္ဓာကို ပြင်ဆင်ခြင်းသည်ပင် သေးသည်းတန်းမည်ပေတော့၏။

အိုနာသေဒုက္ခနွံဝဲမှ ဆွဲထုတ်ပေးရန်

နားလည်သူ ပဂ္ဂိုလ်တချို့က မအိုခင် အစမ်းအိုကြည့်ထားရန်၊ မသေခင် အစမ်းသေကြည့်ထားရန် စဉ်းစားတွေးဆောကြ၊ နည်းလမ်းကြံဆတတ်ကြသော်လည်း ပွဲမဝင်မီ အပြင်က ကျင်းပသကဲ့သို့၊ သေနာကြီးမလာမီ အစမ်းနည်းအသီးသီးဖြင့် သေပွဲဝင်ကြည့်ကြသည်။ အတွေ့အကြုံများကို ရှာဖွေ စုဆောင်းကြသည်။ သေလွန်ရာတွင် မိမိဘက်က လိုအပ်ချက်မရှိစေရန်၊ ဟာကွက်မပေါ်စေရန် ထပ်လောင်းဖြည့်စွက်ကြသည်။ ဆိုလိုသည်မှာ မသေမီ ရသင့်ရထိုက်ရာ ကောင်းမှုမျိုး မကျန်မမေ့ ပြည့်စုံသွားစေရန်၊ သေခါနီး မိမိရိုးရာဓလေ့နှင့်အညီ ဆောင်ယူခြင်းနှင့် ရှောင်ကြဉ်ခြင်း လုံလောက်မှုရှိစေရန်နှင့် ကောင်းရာသုဂတိသို့ ဆိုက်ရောက်နိုင်စေမည့် အစီအမံများ ပါဝင်ရန်ပင် ဖြစ်၏။

ထို့ထက်ပို၍ နားလည်သော ပဂ္ဂိုလ်တို့ကား မရဏာသဿတိတည်းဟူသော သေနာကြီးအပေါ် မမေ့လျော့သော ဘာဝနာဖြင့် အဖန်ဖန်အထပ်ထပ် နလုံးသွင်းရှုမှတ်ရန် ရည်သန်အားထုတ်တတ်ကြသည်။ အားထုတ်ပုံမှာ ငါသည် ဧကန်မုချ သေလွန်ရမည်။ သေနာကြီးသည် ငါ့အတွက်ဖြစ်သည်။ ငါသည် သေနာကြီးကို ဘယ်နည်းနှင့်မျှ မလွန်ဆန်နိုင်ဟူ၍ ကြိမ်ဖန်များစွာ နလုံးသွင်းရသည်။ နလုံးသွင်း ပဂ္ဂိုလ်တို့အား သံဝေဂဉာဏ်ကို ဖြစ်စေပြီးလျှင် နိဝရဏများ အခိုက်အတန့် အားဖြင့် ကင်းကွာသွားလျက် မရဏာနုဿိနှင့် လျော်သော ဥပစာရစျာန်ကို ရရှိစေပါသည်။ ဤဘာဝနာသည် သမထကမ္မဋ္ဌာန်း လေးဆယ်တွင် အကျုံးဝင်သဖြင့် ခန္ဓာဖြတ်လမ်း မဂ်ဖိုလ်စခန်းသို့ တိုက်ရိုက် မဆိုက်ရောက်စေနိုင်ချေ။

ဆိုခဲ့ပါ၊ ကောင်းရာသုဂတိဆိုက်ရောက်စေသည့် အစီအမံမျိုး၊ မဂ်ဖိုလ်စခန်းသို့ တိုက်ရိုက် မဆိုက်ရောက်နိုင်သည့် ဥပစာရစျာန် ဘာဝနာမျိုးတို့သည် ဤစာရေးသူ ရည်ညွှန်းနေသော သေနည်းသင်တန်းနှင့် သက်ဆိုင်ခြင်းမရှိ။

ဤစာရေးသူ ပဓာနပြုနေသော သေနည်းသင်တန်းတွင်...

* ခြောက်အာရုံနောက်သောကြောင့် အကောက်ကို အဖြောင့်မှတ်၊ အမြတ်ကို အယုတ်ထင်၊ ဒိဋ္ဌပါဒါနိန်ဆွဲငင်သဖြင့် အထင်မှား အမြင်မှား၊ ငါ့မယား၊ ငါ့သားဟု ကြီးမားသော စွဲလမ်းချက်တို့ကို ပယ်ဖျက်ပေးရန်။

* အဟုတ်မတည် အစိုးမရ၊ ဤခန္ဓာ ပဋ္ဌကဉ်၊ တဏှာမာန မောက်ကြွားသဖြင့်၊ မောက်မောက်မာမာ မသိပြန်၊ သီလဉာဏ်က ခေါင်းပါး၊ သင်ခုန်းဓားပေါက်၊ ပျားရည်နေ့တစ်စက်မျှကို၊ အပျော်လျက်မိရုံဖြင့်၊ လျှာထက်ခြမ်း ဖြန်းခနဲ ပြုတ်ကျ၊ ဒုက္ခနွံဝဲမှာ မြုပ်ကြသည်ကို ဆွဲထုတ်နိုင်သမျှ ဆွဲထုတ်ပေးရန်။

* မြင်းမိုရ်ကို ပုံတု၍၊ ကုသလအမာခံ၊ သတ္တဝါမုန်းကံအကြောင်းစီရင်၊ ဉာဏ်လျှင် အမိ၊ ဉာဏ်သာ အဖ၊ ဉာဏ်မြင့်ပါမှ ဘဝမြင့်မယ်၊ ကောင်္ခဉာဏ်ဆင့်မှ သုခတင့်တယ်၊ ဉာဏ်နှင့်အလျော် ဝေဒနာကျော်ဖို့၊ ဉာဏ်ပေါ်အောင် အရှုခံခန္ဓာမှာ၊ အရှုဉာဏ်ငါးပါး၊ ဝိပဿနာပွားစေရန် နည်းလမ်းများ ပါဝင်ပေသည်။

* ထို့အပြင် ဖဂ္ဂုဏ ရဟန်းတော် သေခြင်းကို အကြောင်းပြု၍ မြတ်ဗုဒ္ဓဟောပြတော်မူခဲ့သော သေပုံသေနည်း ဒေသနာတရားတော်ကို မဏ္ဍိုင်ဗဟိုပြုမည့် ဝို့ချ ချက်များအား နာကြားကြရန် ရှိလေသည်။

* အဆုံးသတ်အနေဖြင့် အိုသေခန္ဓာကြီးရရှိထားပေမယ့် ဘယ်လိုသေရမှန်း မသိသေးပါဘူး ဆိုလာသူများနှင့် ကိုယ်သေနာကြီး ကိုယ်ယူလာခဲ့ပေမယ့်၊ နောင်တစ်ခါမှ နောက်ထပ်တစ်ဖန် မရှင်သန်နိုင်တဲ့ သေနည်းမျိုးကို ရယူလိုပါတယ်ဟု ပြောလာသူများအတွက် ကျေးဇူးရှင် မိုးကုတ် ဆရာတော်ဘုရား၏ သွန်သင်ဆုံးမဟောပြချက်တို့ကိုလည်း မှတ်သားကျင့်သုံးရန် ဖော်ပြပေးသွားမည်ဖြစ်၏။

ဝေဒနာခွာ၍ အနိစ္စနှင့် မဂ္ဂကို မြင်သိသူ

ဖဂ္ဂုဏမထေရ်၏ ဥတုဖရုပ်ကလာပ်တော်ကို ကျော်ခိုင်ဝွန်ခွာခဲ့သော အရှင်အာနန္ဒာသည် မြတ်ဗုဒ္ဓထံအရောက် သွားပြီးနောက် ဤကဲ့သို့ လျှောက်ကြားတော်မူပါသည်။

"အရှင်ဘုရား...ဖဂ္ဂုဏမထေရ်သေဆုံးပုံ ထူးခြားလွန်းလှပါတယ် ဘုရား"

"အာဘယ်ပုံ ထူးခြားသလဲ အာနန္ဒာ"

"ထူးပုံကဖြင့် မထေရ်ဦးခေါင်းက လက်ယာဘက်ကို လှည့်စောင်းကျနေတယ် ဘုရား။ မျက်စိ၊ နား၊ နှာခေါင်းတွေ ဟာလည်း မသေသေးတဲ့ လူကောင်းပမာ ကြည်လင်နေပါတယ် ဘုရား"

"အာနန္ဒာ...ဖဂ္ဂုဏဟာ ငါဘုရားရဲ့ တရားကို နာကြား

www.burmeseclassic.com

နလုံးသွင်းပြီး ဝေနာဆွာနိုင်တာကြောင့် အနိစ္စနှင့် မဂ္ဂတွေ ချည်းပဲ လေးကြိမ်လေးခါ မြင်သိသွားတယ်။ ဒါကြောင့် ရဟန္တာအနေဖြင့် ပရိနိဗ္ဗာန်စံတာ။ ပုထုဇဉ်အဖြစ် သေတာ မဟုတ်"

ဖဂ္ဂုဏာမထေရ် ပရိနိဗ္ဗာန်ဝင်စံပုံအကြောင်းခြင်းရာကို ကြားသိသဖြင့် ရဟန်းတော်များသည် မြတ်ဗုဒ္ဓထံ ချဉ်းကပ်လာကြသည်။ အရှင်အာနန္ဒာ၏ နှီးဆော် ဖိတ်ကြားမှုအရလည်း မထေရ်မြတ်၊ မထေရ်ကြီးများ ကြွလာတော်မူကြသည်။ သံယာအပေါင်းစုံညီသော ဓမ္မသဘင်ပွဲ၌ မြတ်ဗုဒ္ဓက ဖဂ္ဂုဏာသုတ္တန်ဒေသနာကို ဟောပြတော်မူပါသည်။ ဒေသနာတော်အရ မြတ်ဗုဒ္ဓထံမှ တရားစကားတော်ကို တိုက်ရိုက်နာကြားပြီးလျှင် တရားတော်အတိုင်း လိုက်နာကျင့်သုံးလျက် သေဘေးကြီး(သေခါနီး)အား ရင်ဆိုင်နည်း၊ မြတ်ဗုဒ္ဓ၏ တပည့်သာဝက သံယာတော်ထံမှ တရားစကားတော်ကို တိုက်ရိုက်နာကြားပြီးလျှင် လိုက်နာကျင့်သုံးလျက် သေဘေးကြီးအား ရင်ဆိုင်နည်း၊ ထိုပုဂ္ဂိုလ်နှစ်မျိုးတို့ကို ရှာမရ၍ မတွေ့နိုင်ကြသူတို့သည် မိမိတို့ နာကြားဖူး၊ အားထုတ်ဖူးထားသော တရားကို အမာခံ နလုံးသွင်းမှန်စေပြီးလျှင် ဝေနာကို ခွာ၊ အနိစ္စတွေ့အောင်ရှာလျက် သေဘေးကြီးအား ရင်ဆိုင်နည်းဟူသော သေနည်းသုံးနည်းထွက်ပေါ် သိရှိရပါ၏။

ဤသေနည်းသုံးနည်းအနက်မှ နောက်ဆုံးဖြစ်သော ဝေနာကို ခွာ၊ အနိစ္စတွေ့အောင်ရှာ၍ ရင်ဆိုင်နည်းနှင့် ပတ်သက်ပြီး မိုးကုတ်ဆရာတော်ဘုရား ဟောကြားသည့် မူရင်း စကားတော်ကို ဆက်လက်၍ ဖော်ပြပေးပါ၏။

"လူမမာမေးသွားတဲ့အခါ ရောဂါ ဘယ်နယ်နေသလဲ။ သက်သာရဲ့လား"

လို့ မေးတော့ လူမမာက ဖြေတယ်။

"ဝေနာ မသက်သာဘူး"

"ဒါဟာ ဝေနာနဲ့ အနိစ္စ မကွဲဘဲ ဖြစ်နေတာပဲ။ ဒီတော့ ဘုန်းကြီးက ကူညီပြီး နည်းပေးပါမယ်။ ဝေနာကျော်ပြီး အနိစ္စတွေ့အောင်ရှာပါ"

"မှန်ပါ့ ဘုရား"

"သေခါနီးမှာ ပေါ်လာတဲ့ ဝေနာကို ဒါဟာ ဝေနာလား၊ အနိစ္စလားလို့ ဉာဏ်နဲ့ ကြည့်။ အဲဒီအချိန်မှာ ဝေနာပျောက်သွားတာ တွေ့ရမယ်။ အဲဒါ အနိစ္စပေါ့"

"မှန်ပါ့ ဘုရား"

"ဉာဏ်နဲ့ ကြည့်တဲ့အခါ ဝေနာတွေကို မတွေ့ရတော့ဘဲ ဖြစ်, ပျက်လေးတွေချည်း တွေ့နေတော့တာကို ဝေနာကျော်တယ်လို့ ပြောတာ"

"မှန်ပါ"

"ဒီတော့ ဝေနာကျော်တယ်ဆိုတာ အနိစ္စကို တွေ့တာပဲ။ ဖြစ်,ပျက်မြင်တာပဲလို့လည်း ပြောလို့ရတယ်။ ဥပမာ-သစ်တုံးကြီးတစ်ခုကို ဘေးသား အကာတွေ ခွာလိုက်ရင် အတွင်းသား အနစ်ပေါ်လာမှာပေါ့။ အဲဒီအတိုင်းပဲ။ ဒီမှာလည်း ဝေနာတွေ ခွာလိုက်ရင် အနိစ္စကို တွေ့လာရမှာပေါ့။ ကျပ်ကျပ် သတိပြုကြပါ။ အင်မတန် အရေးကြီးတဲ့ တရား။ ဖြစ်တာနဲ့ ပျက်တာ နစ်ခုပဲ ရှိတဲ့ ဥစ္စာ။ အဲဒီထဲက ဖြစ်တုန်းမှာ ဝေနာ၊ ပျက်သွားတော့ ဝေနာသဘောကို စွန့်ပြီး အနိစ္စရောက်သွားတယ်။ ဩော်...ခင်ဗျားတို့သန္တာန်မှာ အပျက်ကလေးတွေကို တွေ့ပြီဆိုရင်ဖြင့် နိပ်စက်တတ်တဲ့ ဝေနာခွာ၍ အနိစ္စတွေ့ပါ့ပြီ"

"မှန်ပါ ဘုရား"

"ဒါဖြင့် ဝေနာတုန်းကတော့ (ဒုက္ခဝေနာ) နိပ်စက်တယ် ထားပါတော့။ ပျက်သွားတဲ့အခါ သူတောင် ပျက်တဲ့ ဓမ္မဖြစ်နေတဲ့အတွက် ကိန်းရာ ပုဂ္ဂိုလ်ကို နိပ်စက်သေးရဲ့လား။ ဝေနာကို မတွေ့ဘဲ အနိစ္စကိုသာ တွေ့နေသောကြောင့် အနိစ္စနောက်က မဂ္ဂလိုက်နေသောကြောင့် ဝေနာရဲ့ အနိပ်စက်မခံရ။ အဲဒါဟာ ဝေနာကို ခွာထားနိုင်လို့ပဲ"

"မှန်ပါ ဘုရား"

"အဲဒီ နာတဲ့ ဝေနာကို ခွာထားပြီး၊ အခု အနိစ္စကို တွေ့အောင် ရှုထားတယ်။ ဖြစ်,ပျက်မြင်အောင် ရှုထားတယ် ဆိုပါတော့။ အနိစ္စက နာတာမဟုတ်၊ မဂ္ဂကလည်း နာတာမဟုတ်။ ဝေနာကို ခွာနိုင်တဲ့ ပုဂ္ဂိုလ်က အဲဒီ မနာတဲ့ နစ်ချက်ကို ရနိုင်တယ်"

"မှန်ပါ ဘုရား"

"ဒါဖြင့်ရင် သေခါနီးမှာ ဝေနာရောက်လာမှာကတော့ သေချာတယ်။ အဲဒီ ဝေနာကို ဉာဏ်နဲ့ ခွာထားပြီး ဝေနာကို ကျော်လွန်ပြီး သေခါနီးမှာ ဝေနာနောက်က မဂ္ဂလိုက်ပြီး နေပြပါလို့ ဘုန်းကြီးက မှာတယ်"

"မှန်ပါ ဘုရား"

"ဝေနာကို မတွေ့စေဘဲနဲ့ ဝေနာရဲ့ အဖြစ်အပျက်တွေချည်း ဉာဏ်ထဲ တွေ့နေပါစေ။ ဆိုလိုတာက ဖြစ်,ပျက်တိုင်း ဉာဏ်နဲ့ တည့်နေပါစေ။ ဘယ်သူမှ ကြားဝင်စေနဲ့။ ဒါဆိုရင် ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ သိနေကြပါပဲ။ အဖန်ဖန် သိနေပါ။ ကြာတော့ မုန်းလာမယ်။ နောက်တော့ ဒုက္ခသစ္စာ

www.burmeseclassic.com

www.burmeseclassic.com

ဟု မြို့ဝန်ထံ တောင်းပန်သောအခါ ရှေးအခါက ကျေးဇူးတော်များကြောင့် သနားငဲ့ညှာ အခွင့်ပေးခြင်းခံရရာသည်။ ဆရာတော် ဦးဗုဒ္ဓ၏ ခြေတော်ရင်းသို့ ရောက်ရလျှင် စာကြည့်နေသော ဆရာတော်အား ရိုသေလေးမြတ်စွာ ဦးနှိမ်ချလိုက်၏။

"အရှင်ဘုရား . . . ယခုအခါ ကုန်းဘောင်မင်း၏ ဘုန်းတန်ခိုးမြင့်မားလွန်းမိုးလာ၍ သူ့အာဏာစက်ဖြင့် တပည့်တော်မ၏ အသက်နှင့် ခန္ဓာ အဆုံးစီရင်ခြင်းခံရပါတော့မည်။ ဤရှိရိုးခြင်းသည် ဆရာတော်ဘုရားအား နောက်ဆုံး ဖူးမြင်ကန်တော့ခြင်းမျှသာဖြစ်ပါ၏ ဘုရား"

မယ်နု လျှောက်ထားသံကို ကြားသိလျှင် ဆရာတော် ဦးဗုဒ္ဓသည် အုတ်ကျောင်းအမ ထိုင်နေရာဆီသို့ မျက်နှာလှည့်၍ ကြည့်တော်မူသည်။ ဤကဲ့သို့လည်း မိန့်မြွက်တော်မူပါသေးသည်။

"မိန . . . သူ့အကြွေးရှိလျှင် ဆပ်ရလိမ့်မယ်"

ကျောင်းအမကား ဝမ်းသာအားရဖြစ်လျက် ထပ်မံဦးချ ကန်တော့၍ ဆရာတော်ကျောင်းပေါ်မှ မပြေးရုံတစ်မယ် သွက်လက်သော ခြေလှမ်းများဖြင့် ဆင်းသက်သွားပါသည်။ အာဏာသားတို့၏ ခေါ်ဆောင်ရာသို့လည်း မျက်နှာမညှိုးမမဲ သွေးရဲရဲဖြင့်ပင် လိုက်ပါရင်း အောက်ပါ စကားတို့ကို ထပ်ကာဆိုပြန် အဖန်ဖန်ရေရွတ်သွားပါ၏။

"ငါ သေပျော်ပြီ။ ငါသေတဲ့ပြီ။ ငါ့ဆရာတော် ငါ့နာမည် ခေါ်ပြီး ဘယ်အခါကမှ စကားမပြောဖူးခဲ့ဘဲ ဒီယနေ့တော့ ပြောလာပြီ။ စာကြည့်နေရာမှ ငါရှိရာဘက်ကို တစ်ခါမှ မျက်နှာလှည့်ပြီး မကြည့်ဖူးခဲ့တာ။ ဒီကနေ့မှာဖြင့် မျက်နှာလှည့်ကကြည့်ခဲ့ပြီ။ တရားလည်း ဟောခဲ့ပြီ။ ငါ့ကို ဆရာတော်က သေစရိတ်ခံနိုင်ဖို့လိုက်တာဆိုတော့ ငါ့သေလမ်း ဖြောင့်တန်းပြီပေါ့"

သက္ကရာဇ် ၁၁၉၉ ခု၊ ကဆုန်လပြည့်ကျော် ၁၂ရက် နေ့ကတည်းက ဖန်နန်းရှင် ဘကြီးတော်မင်းနှင့် နန်းမတော် မယ်နုတို့သည် ထီးနန်းစည်းစိမ်မှ လျှောကျခဲ့ရပြီးဖြစ်သည်။ အိမ်နှိမ့်စံဘဝနှင့် နေထိုင်စဉ်ကာလအတွင်း ပေါ်ပေါက်ခဲ့သော ၁၂၀၁ခု၊ တပေါင်းလ မတ္တရာ သူပုန်မူတွင် အလိုတူ ကြံရာပါအဖြစ် မယ်နု အဖမ်းခံရသည်။ တောင်ငူယျာဉ်တော်အတွင်း၌ သံတော်ဆင့် ငရွေသားနှင့် တိုက်ဆိုင်စစ်ဆေးသည်တွင် မယ်နုက မကွယ်မထောင့် အဖြောင့်အမှန် ကြံရာပါကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။ ရှေးထုံးစံအစဉ်အလာနှင့်အညီ ရာဇဝတ်သူ မယ်နုကို ရေတွင်းချ၍ အဆုံးစီရင်ခဲ့ခြင်းဖြစ်သည်။

တွေ၊ ဖြစ်,ပျက်တွေ ဆုံးသွားတာကို မြင်ရပါလိမ့်မယ်။ သေနည်းသင်ပေးနေတယ်နော်။ မြတ်စွာဘုရားက အရှင် ဗဂ္ဂါဏ ရဟန်းအား သေနည်းသင်ပေးတဲ့ တရားလို့ မှတ်လိုက်ကြစမ်းပါ။ တော်တော်အရေးကြီးတဲ့ စကားနော်"

"မှန်ပါ ဘုရား"

"သာမည်နှားနဲ့ မထောင်ပါနဲ့လို့ လေးလေးနက်နက် သတိပေးပါတယ်"

"မှန်ပါ ဘုရား"

သေခါနီးထိ တရားတော်အမြိုက်ရေနှင့် လွဲချော်နေသူ

မြို့ဝန် ပါးကွက်အာဏာသားတို့၏ လက်ထဲသို့ အဆုံးစီရင်ရန် လွှဲအပ်ခြင်းခံရသော ရာဇဝတ်သူ မယ်နုသည် မကြောက်မရွံ့ နောက်မတွန့်ဘဲ လိုက်ပါလာသည်။ လိုက်ပါရင်းပင် ဤသို့ စဉ်းစားသုံးသပ်နေသည်။

"ငါသည် ဤဘဝ၌ နန်းမတော် မယ်နုအဖြစ်နှင့် အလိုရှိသမျှ စည်းစိမ်ချမ်းသာတို့ကို စံစားခဲ့ရပြီ။ များပြတ်သော ကုသိုလ်ကောင်းမှုတို့ကိုလည်း ကြိုးစားအားထုတ်ခဲ့ပြီး ဖြစ်သည်။ သို့အတွက် သေရမည်ကို တွေးတွေးဆဆ ပူပန်၍ ငါ မကြောက်လှ။ သို့သော်လည်း ငါ အလေးအမြတ် ဆည်းကပ်အပ်သည့် ဆရာရင်းဖြစ်သော ဆရာတော် ဦးဗုဒ္ဓကို မဖူးမြော်၊ မကန်တော့ရဘဲနှင့် မသေချင်သေး။ ကန်တော့လိုသေး၏။ မင်္ဂလာဘုံကျော် ညောင်ကန်တိုက်သို့ သွားရောက်ရန် ငါ့အား အခွင့်ပေး သနားကြပါ"

www.burmeseclassic.com

တောင်သမန်အင်း၏ အရှေ့မြောက်ထောင့်ကမ်းစပ်ပါတည်း။

တွေးကြည့်လျှင် မယ်နသည် အပူစီရင်စု၏ အရှင်သခင်ဖြစ်ပြီး၊ သွင်သွင်စီးကျသော မြတ်ဗုဒ္ဓအာဘော် တရားတော်အမြိုက်ရေနှင့် လွှဲချော်ခဲ့သူပင်။ ဆရာတော် ဦးဗုဒ္ဓ၏ စကားတစ်ခွန်း၊ ရေတစ်စက်မျှသာ ရရှိသွားခဲ့ပါ၏။ ဘဝ ဂယက်၊ လှိုင်းပုတ်ချက်မှ ရုန်းထွက်စွန့်ခွာ မယ်နလာသည် ရေကမ္ဘာလော၊ အပါယ်ရွာလော။

တရားဟူသည် သေခါနီးလေ ဖိ၍ကြိုးစားရလေ

အရှင်သဒ္ဓမ္မာလင်္ကာရသည် ဖန်နန်းရှင် ဘကြီးတော်မင်းလက်ထက်တွင် အင်းဝမြို့ မိုးထိကျောင်း၌ စာပေပရိယတ္တိကို စွမ်းအားရှိသလောက် တတ်မြောက်အောင် သင်ယူခဲ့ပြီးဖြစ်၏။ ကျမ်းဂန်များစွာ တတ်မြောက်သူ မထေရ်ကြီးတစ်ပါးသည် အကြောင်းမကောင်း၍ အလွန်ကြီးမား ပင်္ကလင်းဖြစ်ရသည့် ဝတ္ထုကို သာဓကအဖြစ် စွဲထင်အမှတ်ရသည်။ ပရိယတ္တိမှုံဖြင့်က အပါယ်ဘေးမှ မအေးနိုင်။ ရဟန်းကိစ္စ မပြီးသေးသရွေ့ သံသရာဘေးနှင့် တွေ့ရဦးမည်ဟု သံဝေဖြစ်ကာ ဝိပဿနာတရားအားထုတ်ရန် စီမံ စိုင်းပြင်းတော်မူသည်။

အရှင်သဒ္ဓမ္မာလင်္ကာရသည် သတင်းစုံစမ်း၍ ဆရာရာရာမှ စစ်ကိုင်းတောင်ရိ၊ မဘာချောင်ရှိ စွာနလာဘီ ရေစကြီအရှင်မြတ်ထံ၌ ခြေတော်ဦးခိုက်ကာ ကမ္မဋ္ဌာန်းတရားကို နည်းခံ ရွှတ်ခဲ့လေသည်။

ကမ္မာဋ္ဌာန်းဘဝနာ ယောဂီအနေဖြင့် ဆရာခိုင်းသမျှ မဖြစ်မနေ လိုက်နာခဲ့၏။ သို့ရာတွင် မောဟတရား ထိနမိဒ္ဓ များက နိုင်စက်အားကြီးနေရာ စကြံလျှောက်၊ စာရွတ်၊ မျက်နှာသစ်၊ နားရွက်ဆွဲခြင်းအားဖြင့် အိပ်ငိုက်မှုကို တိုက်ခိုက် တွန်းလှန်သော်လည်း မအောင်မြင်ခဲ့ချေ။

"ငါ့ရှင်... အိပ်ငိုက်မှုကို မတွန်းလှန်နိုင်၍ အိပ်နေလျှင် တစ်သံသရာလုံး နိုးတော့မည်မဟုတ်"

ဆရာ့အဆုံးအမတွင် ရုတ်လှုပ်၍ နိသဇ္ဇတင်(ညရောနေ့ပါ မအိပ်ခြင်း)ကို ဆောင်ယူခဲ့၏။ မအိပ်ရုံသာ မဟုတ်သေး၊ နိုးလျက်ပင် ကျောမခင်းရသောအကျင့်။ မောဟနှင့် တကွ ထိနမိဒ္ဓမျိုးကို အမြစ်ပြတ် တိုက်ခိုက်ရန် အဓိဋ္ဌာန်းတစ်ခုပင်။ ထိုင်ခြင်း၊ ထခြင်းတွင် ထိနမိဒ္ဓပြင်းပြလာသဖြင့် စကြံကြွရာ အအိပ်မရှိ၍ ယိုင်လဲပြိုကျသည်။ ပြိုကျလျှင် ထိုင်ချပြီးမှ ပြန်ထ၊ ပြန်ကြွရာသည်။ နာမကျန်းဖြစ်လျှင်ပင် အဓိဋ္ဌာန်ကို မလျော့၊ မပျက်စေရ။ မအိပ်ဘဲနေ၍ ကျင့်တော်မူသည်။

"ငါသည် အသက်ရှင်သမျှ၊ ရဟန္တာမဖြစ်သမျှ မအိပ်တော့ပြီ"

ကျင့်ကြံအားထုတ်စ ရှေးဦးပထမတွင် ခက်ခဲပင်ပန်းသည် မှန်၏။ သန္ဓိဋ္ဌိရိယအားကြီးပြန်လျှင် အတွေ့အကြုံအရ လမ်းမှန် နည်းကျပါက ချောပြေ လွယ်ကူလှတော့၏။

မကြာမီတွင် ယောဂီ ရဟန်းတော်သည် တရားဝိပဿနာ၊ ယထာဘူတဉာဏ်သို့ သက်ဝင်ပါ၏။ ရုပ်နာမ်အဖြစ်အပျက်များကို မြင်တွေ့ရကာ၊ ကိလေသာကို တဒင်္ဂ၊ ဝိက္ခမ္ဘနအားဖြင့် ပယ်သတ်နိုင်ခဲ့၏။ ဤသို့သော သတိ၊ ဝီရိယဖြင့် ဝိပဿနာ သမ္မာဒိဋ္ဌိပွားသူသည် ယခုဘဝ၌ပင် ရဟန္တာဖြစ်လျှင် ဖြစ်နိုင်၊ မဖြစ်သေးလျှင်လည်း ခုနစ်ဘဝထက် မလွန်ပြီဟူ၍ အင်္ဂုတ္တရအဋ္ဌကထာ၌ မိန့်ဆိုထားပါ၏။

ထို့နောက် အရှင်သဒ္ဓမ္မာလင်္ကာရသည် ဆရာ့ထံ ခွင့်ပန်၍ အမရပူရမြို့ လမိုင်းနယ်၊ နတ်စုရွာ၌ သီတင်းသုံးလျက် သမထ၊ ဝိပဿနာတရားကို ကျင့်မြဲကျင့်ကာ တပည့်များအား နည်းပေး ညွှန်ပြတော်မူ၏။ စုတိကမ္မဇရုပ် ချုပ်ငြိမ်း၍ ဒါယကာ မင်းတုန်းမင်းသား ဦးစီးကာ' မီးသင်္ဂြိဟ်ရာတွင် ဝါဝင်းလှပ ရွှေပိန်းချဟန် ရွှေရောင်အလျှံ လက်ဖျံရိုး နှစ်ချောင်း ကြွင်းကျန်ရစ်သည်ကို ကောင်းစွာ ဖူးမြင်ကြရလေသည်။

"ကမ္မဋ္ဌာန်းတရားဟူသည် သေခါနီးလေ ဖိ၍ကြိုးစားရလေကွဲ့။ ရောဂါမရှိသူတို့ပင် ကျောက်တုံးဖြင့် ထုချိုး၍ ပေါင်းကျိုးဝေဒနာကို လုပ်ယူကြရဖူးသည်။ သေနာကြီးရောဂါကို ခုခံနိုင်သည့်အရာမှာ ဝိပဿနာ ဘာဝနာတစ်ခုတည်းသာ ရှိသည် တပည့်တို့" ဟူသော စကားတစ်ခွန်းလည်း ဂန္ဓဝင်ဖြစ်ခဲ့ချေပြီ ■

ယောဂီ စောလွင်

ကျမ်းကိုး

- သေနည်းသင် တရားတော်(အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ဘုရား)။
- မိုးကုတ်ဆရာတော်ဘုရား၏ တစ်ဘဝသာသနာ (တစ်ဘဝ သာသနာ အရှင်ဩဘာသိတ)။
- အချိန်မရွေး သေသွားနိုင်တယ် (အရှင်ဆန္ဒာဓိက-ရွှေပါရမီ တောရ)။
- သေခြင်းဆိုင်ရာ အဘိဓမ္မာ (အမရပူရ ဦးဇော်)။
- အို . . . ခရီးဖော် (စည်သူငြိမ်းအေး)။

*****

www.burmeseclassic.com



ဆံတော်မြတ် (၁၁) ဆူ ကိန်းဝပ်တော်မူသော

မျောလေမျော သမိုင်းဝင်

ကျိုက္ခမီ ဆုတောင်းပြည့် ရေလယ်ဘုရား

မြမဘူး၀ေ
(ကျုံမင်း)

ဒီနှစ် ရာသီဥတုက အတော်ကို ပူလွန်းသည်။ နေရာဆိုင်ရာတော့ လော်ဝိတ် မွန်းကျပ်လွန်း၍ မိုးကို အားလုံးက မျှော်နေကြသည်။ မေလ ၁၅ရက်ကျော်မှ မုတ်သုံဝင်မည်ဆိုသော သတင်းကြောင့်သာ သက်သာရာရတော့၏။

တကယ် မိုးရွာတော့ နိုင်ငံအနှံ့နီးပါး သဲသဲမဲမဲရွာသွန်း၏။ ကျိုက္ခမီရေလယ်ဘုရားထဲ ရေလိုင်းများ ဦးခိုက်ဖူးမြော်ကြသည်။ တစ်နှစ်တစ်ခါ ဖြစ်လေ့ရှိသည်ဟု ကြားဖူးသည်။ ဒီတစ်နှစ် ကျိုက္ခမီဘုရားကို ရေများ အရိုန်အဟုန်ဖြင့် ဦးခိုက်သော မြင်ကွင်းများကို အင်တာနက် စာမျက်နှာတွင် ဖူးတွေ့ရသည်။

သက်ဦးနှံကာလအတွင်း ကျိုက္ခမီဘုရားသို့ စာရေးသူ သွားရောက်ဖူးမြော်ဖြစ်ခဲ့၏။

◈◈◈

ဗုဒ္ဓဘုရားရှင်သည် သက္ကရာဇ် ၁၁၁ ခုနှစ်၊ ဝါတော်စဉ် ရှစ်ဝါအရာတွင် ကျိုက္ခမီမြို့အနီးသို့ ကြွရောက်တော်မူခဲ့ပြီး ကျိုက္ခမီဘုရားတည်ရာ ကျောက်ဆောင်ပေါ်၌ ခေတ္တ နေ့သန့်စင်တော်မူခဲ့ကြောင်း သမိုင်းဆိုင်ရာ စာပေများတွင် ဖော်ပြမှတ်တမ်းပြုထားပါသည်။

ကျိုက္ခမီမြို့ကို ရှေးအခါက "တုံဇောင်ပိ" (ပင်လယ်ကမ်းခြေမြို့)ဟု လည်းကောင်း၊ ရုပ်ပွားတော်မြတ်ကို မုဆိုးမကြီး၏ သစ္စာဓိဋ္ဌာန်ဖြင့် ပင်လယ်ပြင်မှ ကြွရောက်လာသည်ကို အစွဲပြု၍ "မုဆိုးမမြို့"ဟူ၍ လည်းကောင်း၊ ကျိုက္ခမီတောင် ရသေ့ကြီးက မြတ်စွာဘုရားထံမှ ဆံတော်ကို မျှော်လင့်စောင့်စားနေခြင်းကို အစွဲပြု၍ မွန်ဘာသာဖြင့် "ကျော်ဟာမီ" (ဘုရားမျှော်မြို့)ဟူ၍လည်းကောင်း ခေါ်ခဲ့ကြပါသည်။

ကျိုက္ခမီရေလယ်ဘုရားဖြစ်သော စံကျောင်းတော်ကြီး

www.burmeseclassic.com







မှ ရုပ်ပွားတော်အရှင်မြတ်မှာ ဉာဏ်တော် နှစ်တောင်ခန့်ရှိပြီး ကျောက်ဆောင်ပေါ်တွင် နဂါးရုပ်နှင့် နဂါးဦးခေါင်း အုပ်မိုးလျက် တည်ရှိ စံပယ်နေတော်မူပါသည်။

ထိုရုပ်ပွားတော်အောက် သက်ရှိ ဂန္ဓကုဋိတိုက်အတွင်း၌ မြတ်ဗုဒ္ဓ၏ ဆံတော်မြတ် (၁၁)ဆူနှင့် အထူးထူးသော ဌာပနာပစ္စည်းများ တည်ရှိနေကြောင်းကိုလည်း သမိုင်းစာပေများက ရေးသားထားပါသည်။

ရုပ်ပွားတော်မြတ်၏ တစ်ဆင့်နိမ့်သော ပလ္လင်ထက်၌ ဉာဏ်တော် ငါးတောင့်တစ်ထွာခန့်ရှိ ရုပ်ပွားတော် ရုစ်ဆူနှင့် ရုပ်ထုတော်ကြီး လေးဆူ၊ မျက်နှာချင်းဆိုင် ထောင့်လေးထောင့်၌ ဉာဏ်တော် သုံးတောင်ခန့်ရှိ ရုပ်ပွားတော်မြတ် တစ်ဆူတို့ ကိန်းဝပ်တည်ထားပါသည်။

ကျိုက္ခမီ ရေလယ်ဘုရားဖြစ်ပေါ်လာမည့် ပင်လယ်ပြင်အရပ်တွင် ဘုရားရှင်၏ ဆံတော်စစ် (၁၁)ဆူကို ဌာပနာ၍ တည်ထားခဲ့သော အတိတ်သမိုင်းကြောင်းကို လေ့လာလိုက်လျှင် ဤသို့တွေ့ရမှာဖြစ်ပါသည်။

◈◈◈

"ကြင်ပိုင်းမင်း"၏ သားတော် (၁၀)ပါးသို့ ဘုရားရှင် ပေးဝေခဲ့သော ဆံတော်မြတ်(၁၀)ဆူနှင့် "ကပ္ပိန္ဒ ရသေ့" ရရှိသော ဆံတော်မြတ်တစ်ဆူတို့အား အမြင့် (၁၈)တောင်ရှိသော စေတီတစ်ဆူတွင် ရွှေသားဖြင့် သွန်းထုထားသော ဗုဒ္ဓဘုရားရှင်၏ ကိုယ်ပွားတော်နှစ်ဆူ၊ ကပ္ပိန္ဒ ရသေ့ကြီး၏ ကိုယ်ပွားတော်တစ်ဆူ၊ ကြင်ပိုင်းမင်းသား(၁၀)ပါး၏ ကိုယ်ပွားတော် (၁၀)ရုပ်တို့နှင့်အတူ ဌာပနာ၍ တည်ထားခဲ့ပါသည်။ စေတီတော်၏ ဘွဲ့မည်တော်ကိုလည်း "ကောဒသစေတီတော်" ဟု ဘွဲ့တံဆိပ်ထက်ကပ်ခဲ့ပါသည်။ စေတီတော်တည်ထားမှုကို သက္ကရာဇ် ၁၁၇ ခုနှစ်တွင် အောင်မြင်စွာ ပြီးဆုံးခဲ့သည်ဟု မှတ်တမ်းတင်ထားပါသည်။

"ဘုရားရှင်၏ ဆံတော်မြတ်မှစ၍ သရီရဓာတ်တော်တို့တည်နေ၊ ကိန်းအောင်းနေတော်မူသော အရပ်ဒေသများ၌ မြတ်စွာဘုရား၏ သဏ္ဌာန်တော်ကို တစ်ရဲတစ်ဆစ်မျှ မမြင်ကြရ၊ မဖူးကြရသောကြောင့် ဖူးမြင်ပြီး သဒ္ဓါပွားလျက် သာသနာကို အထောက်အပံ့ဖြစ်စေဖို့ ရုပ်ပွားတော်များ ထုရန် တာဝန်ခံပါမည်။ ထိုရုပ်ပွားတော်များ မြန်မာပြည်သို့ ကြွရောက်အောင် ဆောင်ရွက်တော်မူပါ"

ဟု လျှောက်ထား တောင်းပန်သောကြောင့် မဟိန္ဒမထေရ်က တာဝန်ခံပြီး ရဟန္တာပြုစ်တော်မူသော ဥပတိဿမထေရ်မြတ်အား တာဝန်ပေးခဲ့လေသည်။ ထိုအချင်းအရာကို တာဝတီသာပြည့်ရှင် သိကြားမင်းသိရန် "ပဏ္ဍုကမ္ဗလာ" မြကျောက်ဖျာ တင်းမာပူလောင်မှုကြောင့် လှုပ်ရှားသည့် ကြည့်သောအခါ ဒေဝါနံပိယတိဿမင်းကြီးအဖို့ ဘုရားရှင်၏ ကိုယ်စားတော် ရုပ်ပွားဆင်းတုများ အလိုရှိနေပြီကို သိမြင်သွားသောကြောင့် ဉာဏ်တော်တစ်တောင်နှင့် လက်ဆယ်သစ်ခန့်ရှိ ရုပ်ပွားတော်မြတ် လေးဆူကို မင်းကြီး၏ ရာဇပလ္လင်ပေါ်တွင် တင်ထားတော်မူခဲ့၏။

နံနက်မိုးသောက် အလင်းရောက်သော် မင်းကြီးလာမြင်ခဲ့ရပြီး ဝမ်းမြောက်လှစွာ ရဟန္တာကိုယ်တော်မြတ်များကို ဖိတ်ကြား၍ အလှူကြီးများပေးကာ တစ်ဆယ့်ငါးရက်တိုင်တိုင် အထူးထူးသော ပူဇော်မှုများ ပြုခဲ့ကြပါသည်။

www.burmeseclassic.com

ဥပတိဿ ရဟန္တာအရှင်မြတ်သည် ရုပ်ပွားတော်ဆေးဆူအနက် နှစ်ဆူကို သက်နှံတုံးနှစ်တုံးပေါ်တွင် လည်းကောင်း၊ တစ်ဆူကို ကျွန်းတုံးပေါ်တွင် လည်းကောင်း၊ ကျွန်တစ်ဆူကို ကျောက်လုံးဘီးပေါ်တွင် လည်းကောင်း တင်ပြီး ဗျူဟာကောလ သဘော်ဆပ်မှ သရီရဓာတ်ဆံတော်မြတ်တို့ကို ကိုးဝပ်စံပယ်တော်မူလိုသောအရပ်တို့၌ တည်ပါစေသတည်းဟု အဓိဋ္ဌာန်ပြုပြီး ပင်လယ်ပြင်သို့ မျှောလိုက်သည်။

ထိုရုပ်ပွားလေးဆူအနက် သက်နှံတုံးပေါ်တင်၍ မျှောခဲ့သော ရုပ်ပွားတော်သည် ကျိုက္ခမီရေလယ်ဘုရားဖြစ်လာမည့် ရုပ်ပွားတော်ဖြစ်ပြီး၊ ထိုရုပ်ပွားတော် လေးဆူကို ယခုအခါ "မျှောလေးမျှော ရုပ်ပွားတော်များ" အဖြစ် လူသိထင်ရှားတန်ိုးတော်ကြွယ်နေသော ရုပ်ပွားတော်များ ဖြစ်နေပါသည်။

ကျိုက္ခမီဘုရားအဖြစ် စံပယ်မည့် ရုပ်ပွားတော်သည် ရေလယ်ကျောက်ဆောင်နှင့် မနီးမဝေး အလံ (၅၁)တွင် တည်ထားရခြင်းမှာ ရေလယ်တွင် ရပ်တန့်နေသော သက်နှံတုံးနှင့် ထိုအပေါ်တွင် ကိန်းဝပ်နေသော ရုပ်ပွားတော်မြတ်အား လူအင်အားဖြင့် ဆွဲယူသော်လည်း ရပ်တန့်မြဲ ရပ်တန့်နေခဲ့သည်။ ထို့ကြောင့် သီလအကျင့်စင်ကြယ်သည့် မုဆိုးမတစ်ဦးက သစ္စာပြု အဓိဋ္ဌာန်၍ အပ်ချည်မျှင်ဖြင့် ချည်ပြီး ဆွဲတော့မှ ဖောင်တော်မှာ အလိုက်သင့် ပါလာခဲ့၏။ ထို့နောက် ရုပ်ပွားတော်မြတ်အား မြတ်ဗုဒ္ဓဘုရားရှင်၏ ဆံတော်မြတ်(၁၁)ဆူကိန်းဝပ်တော်မူသော ကျိုက္ခမီ ရေလယ်ဘုရား၌ တည်ထားခဲ့ကြသည်။ ထို့ကြောင့် ဆံတော်မြတ်များ ကိန်းဝပ်ရာ စေတီ၌ မျောလေးမျောစာရင်းဝင် ရုပ်ပွားတော်မြတ်အဖြစ် တည်ရှိနေခဲ့သည်။ ဖူးရောက်ခဲ့သော သူငါအများကလည်း အဓိဋ္ဌာန်ပြုမှုများ ပြည့်စုံသော ဘုရားဟု ဆိုခဲ့ကြသောကြောင့် "ဆံတော်ရှင် ကျိုက္ခမီ ဆုတောင်းပြည့် ရေလယ်ဘုရား" ဟုလည်း ဘွဲ့မည်တွင်ခဲ့ပါသည်။

ရှေးယခင်အခါက သစ်သားကျောင်းတွင် စံနေရသော်လည်း ယခုအခါ အုတ်တိုက် ဂန္ဓကုဋိဖြင့် ဖူးတွေ့ကြရပြီဖြစ်ပါသည်။ ကုန်းမြေမှ ရုပ်ပွားစေတီတည်ရာ ရေလယ်သို့ အသွားစင်္ကြံလမ်းမှာလည်း ရှေးယခင်အခါက နှစ်ထပ်လမ်းဖြစ်၏။ ယခုအခါ ကျယ်ပြန့် ခမ်းနားသော အုတ်လမ်း၊ အမိုးပါသော လမ်းကြီးမှ အေးချမ်းစွာ ရေလယ်ရှိ ဂန္ဓကုဋိတိုက်တော်သို့ သွားရောက်နိုင်ကြပြီဖြစ်ပါသည်။

မျောလေးမျောစာရင်းဝင် ဆံတော်ရှင် ကျိုက္ခမီ ဆုတောင်းပြည့် ရေလယ်ဘုရားတွင် အံ့ဖွယ် ငါးပါးရှိပါသည်။ ထိုငါးပါးမှာ -

(၁) ဘုရားပတ်လည်အနီးအပါးတွင် ကျောက်ခဲငယ်များ မရှိဘဲ၊ အရှေ့ဘက် အမျိုးသမီးများ အာရုံပြု၍ ပူတော်ကန်တော့သော နေရာနှင့် အလျား အတောင်(၁၀၀)၊ အနံ အတောင်(၃၀)ခန့်ရှိသော ထက်ဝန်းကျင်နေရာများ၌ အလို အလျောက် ကျောက်ခဲငယ်များ ပျံ့နှံ့လျက်ရှိပြီး တစ်နှစ်ထက်တစ်နှစ် များလာခြင်း။

(၂) အခြားတစ်ပါးသော အရပ်များ၌ ရှိ့ညွှန်များစွာ ရှိသော်လည်း၊ ထိုကျောက်ခဲငယ်များရှိရာအရပ်၌ ရှိ့ညွှန်များ မရှိခြင်း။

(၃) ရေတက်၊ ရေကျသောအခါ ဘုရားသို့ သွားရာလမ်းတစ်လျှောက် စင်္ကြံလမ်းတွင် လှိုင်းများသည် ဘုရားကြီးကို ကန်တော့သည့်သဘောဖြစ်ပြီးမှ ရေတက်ရေကျဖြစ်လာခြင်း။

(၄) လှိုင်း၊ လေ ကြီး၍ ရေကြီးမြင့် လွှမ်းဖိုးကာ ပင်လယ်ရေတက်လာသော်လည်း ဘုရားကျောင်းအဆင့်ပေါ်သို့ ရေမရောက်ဘဲ ပင်လယ်ရေများမှာ ဘုရားကျောင်းဆောင်အောက်သို့ ဒယ်အိုးသဏ္ဌာန် ခွက်ပြီး အခြားဘက်သို့ လှိုင်းပုတ်ထွက်သွားခြင်း။

(၅) ဘုရားကျောင်းဆောင်ပေါ်သို့ အမျိုးသမီးများ တက်ခွင့်မရ။ ရှေးအခါက မသိ၍ တက်ခဲ့မိသော အမျိုးသမီးမှာ တစ်စုံတစ်ရာ ဝေဒနာကပ်ရောက်ခဲ့ပြီး အချိန်အခါမဲ့ လေပြင်းမုန်တိုင်းကျခြင်း၊ မိုးကြိုးစွာ ရွာသွန်းခြင်းများ ဖြစ်ခဲ့ပါတယ်။

မွန်ပြည်နယ်အတွင်းမှ များစွာသော တန်ခိုးကြီး ဆံတော်ရှင်ဘုရားများတွင် တစ်ဆူအပါအဝင်ဖြစ်သော မျောလေးမျောသမိုင်းဝင် ရေလယ်ဘုရားတစ်ဆူဖြစ်သည့် ဤဆံတော်များရှင် ကျိုက္ခမီ ဆုတောင်းပြည့်ဘုရားသို့ နှစ်စဉ် ဘုရားဖူးရောက်ခဲ့ကြသော အဓိဋ္ဌာန်အောင် ဆုတောင်းပြည့် ကြသူများနှင့်အတူ မိမိတို့လည်း ဆုတောင်းပြည့်သူအဖြစ် ပီတိဖြစ်နိုင်ကြရန် တစ်ခါတစ်ခေါက် ဘုရားဖူးရောက်သင့်ပါကြောင်း သတင်းပေးရင်း ရှိသေစွာ ရေးသားပူဇော်အပ်ခြင်း ဖြစ်ပါသည်။

မြမင္ဂုဏ (ကျုံမငေး)

*****

www.burmeseclassic.com

www.burmeseclassic.com

ဘဲကျောင်းသားလေး မောင်ဝင်းကြိုင်

လွန်ခဲ့သော နှစ်ပေါင်း ၃၀ခန့်က(၁၉၈၃ခုနှစ်) ရောဝတီတိုင်း၊ ဘိုကလေးမြို့နယ်၊ မြင်းကကုန်းရွာတွင် မောင်ဝင်းကြိုင် အမည်ရှိ ဘဲကျောင်းသား ဗုဒ္ဓဘာသာ ကုလားလေး တစ်ယောက်ရှိခဲ့ဖူးသည်။ ဆင်းရဲလွန်းသောကြောင့် သူတစ်ပါး ပိုင် ဘဲများကို နေ့စားဖြင့် ထိန်းကျောင်းပေးရခြင်းဖြစ်သည်။

မောင်ဝင်းကြိုင်တို့ ဆင်းရဲလိုက်သည်မှာ အတန်းကျောင်းပင် မနေခဲ့ရရှာပေ။ ဘုန်းကြီးကျောင်းသားအဖြစ် နေခဲ့၍သာ စာဖတ်တတ်ခြင်းဖြစ်သည်။

ဝါစ်ရက်တွင် ဘဝတူ ဘဲကျောင်းသားတစ်ယောက် မြွေကိုက်ခံရသဖြင့် ဘိုကလေးဆေးရုံသို့ စက်လှေဖြင့် အပြင်း မောင်း၍ သွားပို့ကြရသည်။ စက်ကုန်တင် မောင်းတာပင်



www.burmeseclassic.com

www.burmeseclassic.com

နှစ်နာရီကျော်ကြာသည်။ ကိုက်သောမြွေကိုလည်း ရခဲ့သည်။ ချက်ချင်းလည်း ဆေးရုံတင်နိုင်အောင် ကြိုးစားခဲ့သည်။ သို့ပါလျက် ဆေးရုံအရောက်နောက်ကျသောကြောင့် အသက်ဆုံးရှုံးခဲ့ရသည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးလည်း မီးဖွားဖို့ အခက်အခဲရှိနေသောကြောင့် ဘိုကလေးဆေးရုံသို့ အရေးပေါ် သွားတင်ကြသည်။ သို့သော် အချိန်နောက်ကျသွားသောကြောင့် လမ်းမှာပင် အမေရော သားပါ နှစ်ဦးစလုံး ကွယ်လွန်ခဲ့ရသည်။

သူတို့ရွာသည် အိမ်ခြေတစ်ထောင်နီးပါးရှိသောကြောင့် ဒွဲကြီးတစ်ရွာပင်ဖြစ်သည်။ လူချမ်းသာများလည်း အတော်များများရှိသည်။ သို့သော် ဆေးရုံဆောက်လုပ်ဖို့ သတိမထားခဲ့ကြ။ ထိုရွာမှ အဆင်းရဲဆုံး မောင်ဝင်းကြိုင်လေးကသာ နောင်တစ်ချိန်တွင် ဤရွာ၌ ဆေးရုံကြီးတစ်ရုံ မဖြစ်မနေ ဆောက်လုပ်မည်ဟု ဆုံးဖြတ်ချက် ချခဲ့ခြင်းဖြစ်သည်။

ဘဲတစ်ကောင်ဖိုပင် မချမ်းသာသော ဘဲကျောင်းသားကုလားလေးတစ်ယောက်၏ ဆန္ဒသည် ယခု ၂၀၁၂ ခုတွင် ပြည့်ဝခဲ့ရလေပြီ။

သိန်းငါးထောင်နီးပါးတန်ဖိုးရှိ တိုက်နယ် ဆေးရုံကြီးတစ်ရုံသည် မြင်းကကုန်းရွာတွင် ပွားပွားစွင့်စွင့် ပေါ်ထွန်းခဲ့ရလေပြီ။ ဆေးရုံသာမကသေး၊ မြင်းကကုန်းရွာ အထက်တန်းကျောင်းဝင်းထဲတွင် နှစ်ထပ်ဆောင် အာစီကျောင်းတစ်ကျောင်းကိုလည်း သိန်းတစ်ထောင်ငါးရာခန့် အကုန်ခံပြီး လူဒုက္ခိန်းထားသည်ကို တွေ့ရသည်။

ဤသည်ကား လူချင်စိတ်ရှိသည့်အတွက် လူနိုင်ခြင်းပင် မဟုတ်ပါလော။ ယခုအချိန်တွင် ဦးဝင်းကြိုင်သည် ရန်ကုန်၌ စိန်ကုန်သည်တစ်ယောက်ဖြစ်နေလေပြီ။ အပေါ်ယံကြည့်လျှင် စိန်ကုန်သည်ဖြစ်သောကြောင့် လူနိုင်ခြင်းဟု ထင်စရာပင်။

တကယ်အမှန်ကား ထိုကဲ့သို့မဟုတ်။ လူချင်သောစိတ်ကြောင့် စိန်ကုန်သည်ဖြစ်လာရခြင်းပင်။ ထိုမြင်းကကုန်းရွာသို့ တရားဟောရောက်စဉ်က ဦးဝင်းကြိုင်နှင့် ကျောင်းနေဆဲ မိတ်ဆွေတစ်ယောက် ပြောပြိုက်သည့် စကားတစ်ခွန်းကလည်း အလွန်မှတ်သားဖို့ ကောင်းသည်။

"ဆယ်လေးငါးနှစ်အရွယ်ချင်း တူပေမယ့် ကိုဝင်းကြိုင်က ဆေးရုံကြီးဆောက်လုပ်ဖို့ စိတ်ကူးနေတဲ့အချိန်မှာ တပည့်တော်တို့က မိန်းကလေးလှလှလေးတွေကို ရည်းစားစကားပြောဖို့ပဲ စိတ်ကူးခဲ့တာကိုး ဘုရား။ ဒါကြောင့်လည်း နှစ်ပေါင်း ၃၀ ကျော်ကြာတဲ့အချိန်မှာ ကိုဝင်းကြိုင်က သိန်းငါးထောင် ကျော်တန်တဲ့ ဆေးရုံအလှူရှင်ကြီးဖြစ်လာပြီး တပည့်တော်တို့ကတော့ ဘာမှဖြစ်မလာတာပေါ့ ဘုရား"

သူ့စကားကို ကောက်ချက်ချကြည့်ပါက လူချင်စိတ်ရှိလျှင် တစ်ချိန်မဟုတ် တစ်ချိန်လှူနိုင်လာပြီး၊ လူချင်စိတ်မရှိလျှင် ဘယ်သောအခါမျှ လှူနိုင်သောဘဝသို့ ရောက်လိမ့်မည်မဟုတ်ပေ။

ကိုဝင်းကြိုင်ကဲ့သို့ပင် ဟိန္နုဘာသာမှ ဗုဒ္ဓဘာသာရဟန်းတော်တစ်ပါးဖြစ်လာသူတစ်ဦး ကျွန်ုပ်တပည့်ထဲတွင် ရှိသည်။ ထိုတပည့်ကား စစ်ကိုင်းမြို့ သဒ္ဓမ္မပါလကျောင်းမှ ဦးကောဝိဒ ပင်ဖြစ်သည်။

ဦးကောဝိဒသည် စစ်ကိုင်း၊ သီတဂူ ဗုဒ္ဓတက္ကသိုလ် တက်နေစဉ် ရဟန်းတော်ငယ်ဘဝကပင်ဖြစ်၏။ ရောမ ကုန်စုံဆိုင်ကြီးဖွင့်ထားသော တိုက်ကြီးတစ်တိုက်သို့ ဆွမ်းခံကြွစဉ် တိုက်ရှင်များက ချီချင့်တစ်လုံးသာ လောင်းလှူခဲ့သည်။ ချီချင့်တစ်လုံးထက် စွေးနည်းသော အစားအစာမှန်ဟူ၍ မရှိတော့ပေ။

သက်တော် ၂၀ ကျော်ကျော်လေးသာ ရှိသေးသော ဦးကောဝိဒသည် အပါယ်ကျမည့် လွယ်သောအလုပ်ကို မလုပ်။ နိဗ္ဗာန်ပို့မည့် ခက်သောအလုပ်ကိုသာ လုပ်ခဲ့သည်။ အပါယ်ဆွဲခေါ်မည့် လွယ်သောအလုပ်များမှာ ကိုယ့်ထက်သာလျှင် မနာလိုခြင်း၊ ရန်ကို ရန်ချင်း တုံ့နှင်းခြင်း၊ သူတစ်ပါး အပြစ်ကို ရှာခြင်းတို့ဖြစ်သည်။

နိဗ္ဗာန်သို့ ပို့မည့် ခက်သောအလုပ်များမှာ ကိုယ့်ထက်သာသူအပေါ် ဝမ်းမြောက်ဖွာ ခီးကျူးစကားပြောခြင်း၊ ရန်ပြုသူအပေါ် သည်းခံခြင်း၊ ကိုယ့်အပြစ်ကို ကိုယ်ရှာ၍ ပြုပြင်ခြင်းတို့ဖြစ်သည်။

ဦးကောဝိဒသည် ဒါနမရှိခဲ့လို့ ဒီလိုဖြစ်ရတာ၊ သည်ဘဝမှာ ဒါနများများပြုမည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

ပါချုပ်ဆရာတော် ဓေါက်တာ အရှင်နန္ဒမာလာဘိဝံသ၊ မြစကြာ စာသင်တိုက်ဆရာတော် အရှင်ဣန္ဒကာဘိဝံသ၊ အရှင်ဇဝန(မေတ္တာရှင်-ရွှေပြည်သာ)တို့ကို နာယကနေရာထားပြီး စစ်ကိုင်းတောင်ရိုး၊ ဆွမ်းလောင်းအသင်းကြီးကို တည်ထောင်လိုက်သည်။

သံဃာ သုံးရာကျော်ကို နေ့စဉ် ဆွမ်းလောင်းနေသည်လေးနှစ်ကျော်ခဲ့လေပြီ။ သာမန် စာသင်သား ရဟန်းငယ်လေးတစ်ပါးက ယခုကဲ့သို့ သံဃာဒါန ဆွမ်းလောင်းပွဲကြီးကို နေ့စဉ် လှူနိုင်ခြင်းမှာ လူချင်သောစိတ်ကြောင့်ပင် ဖြစ်၏။

www.burmeseclassic.com

တခြား ဆွမ်းလောင်းအသင်းများနှင့် မတူသောအချက်များမှာ အရက်ဆွမ်း, နေ့ဆွမ်း တစ်ပြိုင်နက်ကပ်ခြင်း၊ အလှူရှင်များ မိမိ၏ ဆွမ်းအလှူကို သံဃာတော်များမှ ခံယူနေပုံအား အင်တာနက်မှ တိုက်ရိုက်ကြည့်ရှု ကြည်ညိုနိုင်ခြင်း၊ ကြွလာသော သံဃာတော်များကို ကြာဆံဟင်း၊ မုန့်ဟင်းခါး တစ်မျိုးမျိုးဖြင့် အရက်ဆွမ်းကပ်ခြင်းတို့ပင် ဖြစ်သည်။

အရက်ဆွမ်းကပ်ပြီးသော အချိန်ကျမှ နေ့ဆွမ်းကို လောင်းလှူပေးသည်။ နေ့ဆွမ်းလောင်းလှူသည့်အခါတွင်လည်း ချက်ထားသော ဆွမ်းများ၊ ဟင်းများကို ဘာမျှမကျန် အောင် လောင်းလှူလေ့ရှိသည်။ တချို့ရက်များဆိုလျှင် သူ့ကျောင်းမှ သံဃာရှစ်ပါးပင် ဆွမ်းစားစရာမရှိသဖြင့် အသစ်ထပ်ချက်ရသည်။

ထိုသို့ မှန်ကန်စွာ လှူသောကြောင့်လည်း ယခင်က တစ်လလျှင် လေးရက် ဆွမ်းလောင်းနေရာမှ ယခုအခါတွင် တစ်လ ရက်သုံးဆယ်လုံး လောင်းနိုင်ခြင်းဖြစ်သည်။

စစ်ကိုင်းမြို့တွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း တစ်ကျောင်းရှိသည်။ ထိုကျောင်းသည် မူလတန်းမှ အထက်တန်းအထိ သင်ပေးသောကြောင့် နွမ်းပါး ကျောင်းသားပေါင်း တစ်ထောင်ကျော်ရှိသည်။ "ဘက" ကျောင်းဆိုသော်လည်း မိဘမဲ့ ဂေဟာကဲ့သို့ဖြစ်နေသည်။ ကျောင်းအိပ် ဧကျောင်းစား ပို့ထားသော တိုင်းရင်းသား ကလေးငယ်များမှာ နှစ်ရာနီးပါး ခန့်ရှိသည်။ ဆရာတော်က စောင့်ရှောက်ရ လွယ်ကူစေရန် ယောက်ျားလေးများကို ကိုရင်ဝတ်ပေးပြီး မိန်းကလေးများကို သီလရှင်ဝတ်ပေးထားလိုက်သည်။

ကျွန်ုပ်နှင့် တွေ့သောအခါ ဆရာတော်က ယခုကဲ့သို့ ပြော၏။

"ဆရာမ အယောက် ၅၀ လောက်ရှိတယ် ဘုရား။ အယောက် ၃၀ ရဲ့ လစာကိုတော့ ဖေါက်တာ ဖေါ်ခင်ခင်ရီက လှူပေးပါတယ်။ ကျန် အယောက် ၂၀ ရဲ့ လစာကိုတော့ တပည့်တော် ရှာရတာပေါ့ ဘုရား"

"အဆင်ပြေရဲ့လား ဘုရား"

"အခုထိတော့ အဆင်ပြေနေသေးတာပဲ ဘုရား"

"အဆင်မပြေတဲ့အခါ ပြောပါ။ တပည့်တော်လည်း တတ်နိုင်သမျှ ဝိုင်းကူမှာပေါ့ ဘုရား"

"ဆရာတော်မှာလည်း လှူစရာနေရာတွေက အများကြီးဆိုတော့ မပြောရက်ပါဘူး ဘုရား"

"ဒီလိုပဲ မျှတလှူရတာပေါ့ ဘုရား။ ကျောင်းအိပ် ကျောင်းစား ကလေးတွေက များတော့ စားရေးသောက်ရေး အဆင်ပြေရဲ့လား ဘုရား"

"အရင်ကတော့ အဆင်မပြေဘူး ဘုရား။ ဦးကောဝိဒ ရဲ့ စစ်ကိုင်းတောင်ရိုး ဆွမ်းလောင်းအသင်းလေးပေါ်လာမှ တော်တော့်ကို အဆင်ပြေသွားတယ် ဘုရား။ ကိုရင်အပါး (၁၀၀)လောက်အတွက် စားရေးကိစ္စ မပူရတော့ဘူးပေါ့ ဘုရား"

ကိုယ်တိုင် မိဘမဲ့ကျောင်း မထူထောင်နိုင်သော်လည်း မိဘမဲ့ ကလေး (၁၀၀)ကို စောင့်ရှောက်ကျွေးမွေးပြီးသားဖြစ်နေသည့်အတွက် ဦးကောဝိဒ၏ ဆွမ်းလောင်းပွဲအလှူသည် သာသနာရေးသာမက လောကရေးမှာပါ ကျေးဇူးများလှပေသည်။

ကျွန်ုပ်၏ ပညာသင်စရိတ်ထောက်ပံ့မှုကို ကြည့်၍ ဦးကောဝိဒကိုယ်တိုင်လည်း ပညာသင်စရိတ် ထောက်ပံ့ချင်စိတ်တွေဖြစ်နေခဲ့သည်။ ယခုအချိန်တွင် စင်ကာပူမှ မေတ္တာဖောင်ဒေးရှင်းအဖွဲ့များနှင့် တွဲ၍ နွမ်းပါးတက္ကသိုလ်ကျောင်းသား (၂၈)ဦးကို ပညာသင်စရိတ် ထောက်ပံ့နိုင်နေလေပြီ။ လှူချင်စိတ်ရှိရင် လှူနိုင်တယ်ဟူသော စကားအတွက် လက်တွေ့ သာဓကများပင် ဖြစ်ပေ၏။

◈◈◈

ဖိနပ်တစ်ဖက်ပျောက်သည်ကို တွေးပြီး စိတ်ဓာတ်ကျနေမည့်အစား၊ ခြေထောက်တစ်ဖက်ပြတ်နေသူကို ကြည့်၍ စိတ်ထားကို တွန်းတင်လိုက်ပါ။ မှန်ပေသည်။ မိမိတွင် ခြေအစုံ၊ လက်အစုံရှိနေသည်ကို တွေ့မိတိုင်း အားတက်စရာပင် မဟုတ်ပါလော။ ခြေကောင်း၊ လက်ကောင်းများ အားတက်စေရန်၊ အတုယူစေရန်အတွက် ခြေမစုံ၊ လက်မစုံသူတို့၏ ဘဝတချို့ကို တင်ပြချင်ပေသည်။

၁၉၄၆ ခုနှစ်၊ ဧပြေလ ၆ရက်နေ့တွင် ဂျပန်နိုင်ငံ၊ ကျီဘာခရိုင်၊ အဲဒိုးဂါဝါမြို့နယ်ဆေးရုံတွင် ကလေးတစ်ယောက်ကို မိခင်တစ်ဦးက မွေးဖွားပေးလိုက်သည်။ ထူးခြားချက်ကား ထိုကလေးတွင် ခြေနှစ်ချောင်းနှင့် လက်နှစ်ဖက်စလုံး ပါမလာခြင်းပင်တည်း။

လက်နှစ်ချောင်းသည် တံတောင်ဆစ်အောက်နားမှစ၍ ပါမလာခဲ့သလို၊ ခြေနှစ်ချောင်းသည်လည်း ဒူးဆစ်အထက်နားမှစ၍ ပါမလာခဲ့ချေ။ ကလေးကို မြင်လျှင် မိခင်ဖြစ်သူ သွေးတက်ပြီး သေသွားနိုင်သဖြင့် မိခင်နှင့် ကလေးကို ရောဂါအကြောင်းပြချိုး ခွဲထားကြသည်။ ရက်အတန်ကြာလာသောအခါ ကလေးကို မိခင်ထံ ပြဖို့ ဆရာဝန်များမှာ

www.burmeseclassic.com

www.burmeseclassic.com

အတော်ပြင်ဆင်ရသည်။

မူးမေ့လဲသွားလျှင် အောက်ဆီဂျင်ပေးဖို့၊ ပစ်လဲကျ သွားစေရန် သန်မာသော အမျိုးသားတစ်ယောက်က ဆွဲ ခေါ်ထားဖို့ စသော အစီအစဉ်များ လေ့ကျင့်ပြီး သေချာသော အခါတွင်မှ ကလေးကို မိခင်ထံ ခေါ်လာပြီး ပြလိုက်ကြသည်။ ကလေးကို ပြင်လိုက်ရသည်နှင့် မိခင်နှုတ်မှ ရုတ်တရက် ထွက်လာသော စကားမှာ "ဟယ်···ချစ်စရာလေး"ဟူ၏။

ခြေလက်မပါဘဲ ချစ်စရာကောင်းသော ပစ်တိုင်းထောင်း ခဲ့သို့ အရုပ်မျိုးကို ငှင်းမိခင်က တွေ့ဖူးထားဟန်တူသည်။ စိတ်ဓာတ်ပျော့ညံ့သူသည် အဆိုးလောကခံကို အဆင်းလေး ကားအဖြစ် အသုံးချသည်။ စိတ်ဓာတ်ခိုင်မာသူသည် အဆိုး လောကခံကို အတက်လေ့ကားအဖြစ် အသုံးချသည်ဟူသော သဘာနည်းဖြင့် တွက်လျှင် ထိုမိခင်မျိုးသည် စိတ်ဓာတ်ခိုင် မာသော မိခင်မျိုးသာ ဖြစ်ပါလေ၏။

အသေမွေးတာထက်စာလျှင် ခြေပြတ်၊ လက်ပြတ်မွေး တာက တော်သေးသည်ဟု အကောင်းမြင် ဝါဒရှိသည့် မိခင် ဖြစ်သောကြောင့်လည်း "အိုးတိုးဗောကဲဟိရိုးထဖါ"အမည်ရှိ ဒုက္ခိတ လူငယ်လေးတစ်ယောက်သည် တက္ကသိုလ်မှ ဘွဲ့ ရပြီး စာရေးဆရာ ကမ္ဘာကျော်တစ်ယောက်ဖြစ်လာခဲ့ရခြင်း ထင်း

လက်ကောင်း၊ ခြေကောင်း သားတစ်ယောက်ကို အောင်မြင်မှုရအောင် လုပ်ပေးရသော မိဘ၏အရသာထက် ဆက်မပါ ခြေမပါ ကလေးတစ်ယောက်ကို အောင်မြင်မှု ရအောင် လုပ်ပေးနိုင်သော မိဘ၏ အရသာက အဆပေါင်း များစွာ သာလွန်မည်မှာ သေချာပေသည်။ အိုးတိုး၏ မိဘ နှစ်ပါးသည် အခက်အခဲကြီးလေ အောင်ပွဲကြီးလေဟု ခံယူ ထားသူ အာဇာနည်များသာ ဖြစ်ပါလေ၏။

ပါရဂူ၏ "ဗုဒ္ဓဂယာခရီးသည်"ဟူသော စာအုပ်ကြီးထဲ တွင် ခေါင်းဆောင်ကောင်း သဘော်ကပ္ပတိန်တစ်ယောက် အကြောင်းကို ဖတ်ခဲ့ရဖူးသည်။ သဘော်ကြီး နစ်မြုပ်သော အခါ ကပ္ပတိန်က အကြောက်မလွန်ကြရန်၊ ဟိုပြေး ဒီပြေး မလုပ်ကြရန် သတိပေးလိုက်သည်။

ထို့နောက် အသက်ကယ်လေ့များပေးတွင် ပထမ ရွာန်တော်များ၊ ဒုတိယ ကလေးများ၊ တတိယ အမျိုးသမီး များ စသည်ဖြင့် အစဉ်အတိုင်း တက်စေကာ ဘေးလွတ်ရာ သို့ သွားစေသည်။ အသက်ကယ်လေ့များသည် သဘော်ပေါ် ရှိ လူကုန် မတင်နိုင်ပေ။ တချို့က သဘော်နှင့်အတူ အသက် ကို စွန့်ကြရမည်ဖြစ်သည်။

ခရီးသည်အများစုကို အသက်ဘေးမှ ကယ်တင်ပြီး သော် ကပ္ပတိန်သည် သဘော်ကြီးနှင့်အတူ အသေခံလိုက် လေသည်။

အိုးတိုးအမေကဲ့သို့ ပြုကျင့်ပါ

မသန်စွမ်း သားသမီးတို့၏ မိဘများသည် ထိုကမ္ဘတိန် ကဲ့သို့ ဖြစ်သင့်သည်။ ဒုက္ခိတ ကလေးငယ်ကို ကြည့်ပြီး မိမိက အရင်ကြေကွဲနေမည်ဆိုလျှင် ဒုက္ခိတ ကလေးက ဘာမျှ မလုပ်နိုင်တော့ဘဲ တစ်သက်လုံး ထိုင်ငိုနေပေလိမ့် မည်။ ထို့ကြောင့် ဒုက္ခိတ သားသမီးတို့၏ မိဘများသည် မိမိတို့ သားသမီးကို ဒုက္ခိတကဲ့သို့ မဆက်ဆံဘဲ လူကောင်း ကဲ့သို့ ဆက်ဆံပေးသင့်သည်။

ဒုက္ခိတဖြစ်သော အိုးတိုးလေးတစ်ယောက် ထူးချွန်သူ တစ်ယောက်ဖြစ်လာခြင်းမှာ သူ၏ မိဘများ၊ ဆရာများ၊ သူငယ်ချင်းများက လူကောင်းတစ်ယောက်ကဲ့သို့ ဆက်ဆံ သောကြောင့်ဖြစ်ကြောင်း ဆက်ဖတ်လျှင် သိလာပေလိမ့် မည်။ တချို့မိဘများသည် ဒုက္ခိတ ကလေးများကို မည်သူနှင့် မျှ အတွေ့မခံဘဲ အိမ်ထဲတွင် တံခါးပိတ်ထားတတ်ကြသည် မှာ အလွန်များယွင်းသည်။

အိုးတိုး၏ မိဘများကား ထိုသို့မဟုတ်။ အိုးတိုးကို လူတကာမြင်အောင် လူတကာနှင့် ခင်အောင် ဘယ်သွားသွား ခေါ်ဆောင်သွားတတ်သည်။ တွေ့သမျှ လူများကလည်း "ဟယ် ···အရုပ်ကလေးကျနေတာပဲ၊ ချစ်စရာလေး"ဟုသာ ပြောသွား တတ်ကြသည်။ ထိုစကားသည် အိုးတိုးတစ်ယောက် ဘဝ အပြင်သို့ တက်ဖို့ လှေကားတစ်စင်းဖြစ်သွားလောက်အောင် ခွန်အားပြည့်ဝလှသည်။

ထိုမြင့်မြတ်သော စိတ်ဓာတ်ကြောင့်လည်း ဂျပန်နိုင်ငံ သည် ကမ္ဘာတွင် အချမ်းသာဆုံး နိုင်ငံဘဝသို့ ရောက်ရှိနေရ ခြင်းဖြစ်သည်။ မြန်မာအများစုကား ဒုက္ခိတတစ်ယောက် ကြီးစား၍ အရာရောက်လာပြီဆိုလျှင် ဝိုင်းဝန်းနှိပ်စက်တတ် ကြ၊ ဖယ်တတ်ကြသည်။

မြို့တစ်မြို့မှ အမျိုးသမီးလေးတစ်ဦးသည် ဝိုလီယိုရောဂါ ကြောင့် ကလေးဘဝကတည်းက ချိုင်းထောက်နှစ်ဖက်ဖြင့် ကျောင်းတက်ခဲ့ရသည်။ ဘွဲ့ရ၍ သူတို့မြို့မှ တက္ကသိုလ်တစ်ခု သို့ အလုပ်သွားလျှောက်သွားအခါ မသန်စွမ်းမှုကို အကြောင်း ပြု၍ ခါးခါးသီးသီး ငြင်းပယ်လွှတ်ကြသည်။ မသန်စွမ်းသူ ကထိကကို တွေ့ရလျှင် မိမိတို့တက္ကသိုလ် အထင်ဆေးခရာ မည်ဟု မြင်နေကြသည်မှာ အမြင်ကျဉ်းမြောင်းမှုပင်ဖြစ်သည်။

www.burmeseclassic.com

သမ္မတတာဝန်ကို နှစ်ကြိမ်တိတိ အောင်မြင်စွာ ထမ်းဆောင်ခဲ့သော အမေရိကန်သမ္မတ သီအိုဒိုရုစဗဲ့မှာ အောက်ပိုင်း မသန်သောကြောင့် ဝီးချဲလ်ဖြင့် သွားလာနေရသူဖြစ်သည်။

သံဖြူရေပြင်ပြီးသို့အရောက်တွင် မွေးရာပါ ခြေနှစ်ဖက် မသန်စွမ်းသော ဘွဲ့ရ ကလေးမတစ်ယောက် ကျွန်ုပ်ကို လာတွေ့ပြီး ယခုကဲ့သို့ပြောပြသည်။

"တပည့်တော်မ··· ဆရာတော်ရဲ့ စာဖတ်ပရိသတ် တစ်ဦးပါဘုရား။ တပည့်တော်မဟာ မသန်တော့ ချိုင်းထောက် မသုံးရပေမယ့် ထောနင်း ထောနင်းတော့ သွားရတာပေါ့ ဘုရား။ အဲဒါဟာ ဘာများ အပြစ်ရှိပါသလဲ ဘုရား"

"ဘာမှ အပြစ်မရှိပါဘူး။ ဆရာတော်ကိုယ်တိုင်လည်း မသန်စွမ်းဘဝပဲလေ"

"တပည့်တော်မဟာ သခ္ခါနဲ့ ကျောင်းပြီးအောင် သူတကာထက် နှစ်ဆ ပိုကြိုးစားရပါတယ် ဘုရား။ အခု တပည့်တော်မ ဘွဲ့ရပါပြီ။ ဆရာမအလုပ်လည်း လျှောက်ရော ဒီ မသန်စွမ်းတဲ့ အချက်ကိုပဲ အပြစ်ရှာပြီး အလုပ်မခန့်ဘူး ဘုရား။ တပည့်တော်တို့ဟာ မသန်စွမ်းတဲ့ ဘဝမို့ မွေးကတည်းက အားငယ်နေသူတွေပါ။ အခုလို အပြစ်မရှိဘဲ အနိမ့်ခံရတော့ ပိုပြီး အားငယ်တာပေါ့ ဘုရား။ ဒီအကြောင်းတွေကို ဆရာတော်ရဲ့ စာအုပ်တွေထဲမှာ ထည့်ရေးစေချင်လို့ လာပြောတာပါ ဘုရား"

ထိုမိန်းကလေးကို ရှေ့ပြည်သာမြို့နယ်၊ သံဒင်းရပ်ကွက်ရှိ "မြို့-ပရဟိတ သီလရှင် စာသင်တိုက်"တွင် ဆရာမ အလုပ်ရအောင် ကူညီပေးလိုက်သည်။

အနောက်နိုင်ငံမှ လူအများစုသည် မသန်စွမ်းသူကို အထူးအရေးပေးကြသည်။ ကားများ၊ ရထားများပေါ်တွင် မသန်စွမ်းတို့အတွက် သီးသန့် နေရာလုပ်ပေးထားကြသည်။ လေဆိပ်မှ အိမ်သာများတွင်ပင် မသန်စွမ်းသူအတွက် သီးသန့် အိမ်သာတစ်ခန်းပြုလုပ်ပေးထားကြသည်။ အမြင့်ပေါ် တက်ရသော အထင်ကရ နေရာအများစုတွင် ဝီးချဲလ်တက်စရာ လမ်းကို သီးသန့်လုပ်ပေးတတ်ကြသည်မှာ လေးစားစရာ ကောင်းလှသည်။ အင်းလေးမှ လက်မပါ၊ ခြေမစုံ ကလေးများ ရေးသားသော ယွန်းပန်းချီ၊ ပေချပ်ပန်းချီများကိုလည်း တကူးတက အများဆုံး အားပေးကြသည်မှာလည်း ထို အနောက်နိုင်ငံသားများပင် ဖြစ်သည်။

ပြင်ဦးလွင်တွင် မျက်မမြင် ဆိုင်းဝိုင်းနှင့် တီးဝိုင်းအဖွဲ့ ကြီးရှိသည်။ သို့သော် မင်္ဂလာမရှိဟူသော အကြောင်းပြချက်ဖြင့် အလှူမင်္ဂလာပွဲများတွင် သီချင်းမတုံးကြချေ။

အနောက်နိုင်ငံမှာသာဆိုလျှင် မျက်မမြင် ဆိုင်းဝိုင်းနှင့် ခေတ်ပေါ် တေးဂီတအဖွဲ့သည် ကမ္ဘာကျော်မည်ဖြစ်သည်။ အနောက်နိုင်ငံသားများသည် ထိုသို့ အားငယ်သူကို အားပေးတတ်ကြသော မေတ္တာ၊ ကရုဏာကြောင့် ထိပ်ဆုံးအဆင့်သို့ ရောက်နေကြခြင်းဖြစ်သည်။

မြန်မာအများစုကား အားငယ်သူကို ဘေးဖယ်တတ်သော အကျင့်ကြောင့် ကမ္ဘာတွင် အဆင်းရဲဆုံးသို့ ရောက်နေကြခြင်းဖြစ်သည်။

အဖေဖြစ်သူက အိုးတိုးကို ပစ္စည်းခေါ်ပေါ့၊ စကားပြောပုံများကို သင်ပေးသည်။ မိခင်ကား အိုးတိုးကို နေ့စဉ် အရုပ်များပါသော စာအုပ်များ ရွေးချယ်ပြီး စာဖတ်ပြလေ့ရှိသည်။ ထို့ကြောင့် အိုးတိုးလေး စာဖတ်ပါသနာပါလာခဲ့ခြင်းဖြစ်သည်။ စာများများဖတ်သောကြောင့် အိုးတိုးလေးသည် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းဖြစ်သော်လည်း အသိပညာပိုင်းဆိုင်ရာတွင်ကား သန်စွမ်းခြင်းထက်ပင် ကျော်လွန်ကာ ဉာဏ်ဗလမောင်တစ်ယောက်ဖြစ်လာခဲ့ရသည်။

"ကလေးများအား စာဖတ်မပြခြင်းသည် ကလေးများ၏ ဦးနှောက်အတွင်းရှိ စဉ်းစားချင့်ချိန်တတ်သောအပိုင်းအား ခွဲထုတ်ပစ်သည်နှင့် တူသည်"ဟူသော ဧဿနကို မိဘတိုင်း သတိပြုသင့်သည်။

အိုးတိုးလေး ကျောင်းအပ်ချိန်ရောက်လာသောအခါ မိဘနှစ်ပါး ဒုက္ခများကြရသည်။ မသန်စွမ်းဟူသော အကြောင်း ပြချက်ဖြင့် ဝင်ခွင့်ပြုရန် ငြင်းကြသည်။ အစိုးရကျောင်းများက တအားငြင်းဆန်နေသောအခါ မိဘများသည် ပုဂ္ဂလိက ကျောင်းများဆီသို့ ဦးတည်ကြပြန်သည်။ ပို၍ပင် ဆိုးသေးသည်။ ကျောင်းဝင်ခွင့် စာမေးပွဲကိုပင် ဖြေဆိုခွင့်မပေးကြချေ။

ထိပ်တန်းသို့ ရောက်နေသူမှန်သမျှ အနောင့်အယှက် အခက်အခဲ အကျပ်အတည်းများကို အမြင့်သို့ တက်သော လှေကားအဖြစ် မြင်လေ့ရှိကြသည်။ ထိုအချိန်မှာပင် အစိုးရ ကျောင်းတစ်ကျောင်းမှ ကျန်းမာရေးစစ်ဆေးခံရန် အကြောင်းကြားစာတစ်စောင်ရောက်လာသည်။ မိဘများသည် ဝမ်းသာအားရဖြင့် ကျောင်းအုပ်ကြီးအား ဖုန်းဆက် စုံစမ်းကြသည်။

"ကျွန်တော်က အိုးတိုးရဲ့ ဖခင်ပါ။ ကျွန်တော့်သားလေးက ခြေမပါ လက်မပါလေးပါ။ ဒါပေမယ့် လူသာမန်တွေလုပ်တဲ့ အလုပ်မှန်သမျှ အကုန်လုပ်နိုင်ပါတယ်။ ဆရာကြီး အနေနဲ့ ခွင့်ပြုနိုင်တယ်မဟုတ်ပါလား"

www.burmeseclassic.com

ဆရာကြီးထံမှ ဖုန်းသံ ခေတ္တတိတ်သွားသည်။ ထင်သည့်အတိုင်းပင် ကျောင်းအုပ်ကြီးသည် အိုးတိုးကို မသန်စွမ်းလေးမုန်း မသိရှာပါချေ။ အခြေအတင် ဆွေးနွေးပြီးသည့် နောက်ပိုင်း "ဘယ်လိုပဲဖြစ်ဖြစ် ကျောင်းကို တစ်ခေါက် လောက်တော့ ခေါ်လာပါဦး"ဟု ဆိုလာသည်။

ကျန်းမာရေးစစ်ဆေးသောအခါ အချို့သော ကလေးများမှာ အော်ငိုကြသော်လည်း အိုးတိုးကား မတုန်လှုပ်ချေ။ တဆင့်ပြီးတစ်ဆင့် ဆေးစစ်သည်မှာ အောင်မြင်သွားသည်။ ကျောင်းအုပ်ကြီးအခန်းထဲသို့ ရောက်သောအခါ မိခင်ဖြစ်သူမှာ ရင်တဆတ်ဆတ်တုန်နေသည်။

ကျောင်းအုပ်ဆရာကြီးမှာ သဘောကောင်းပြီး ကြင်နာတတ်သည့်အတွက် အိုးတိုးတို့သားအမိ ကံကောင်းသွားသည်။ မိခင်နှင့် စကားပြောအပြီးမှာပင် ဆရာကြီးက အိုးတိုးလေးကို လှမ်းမေးသည်။

"လူလေး မကြိုက်တဲ့ အစားအစာ ဘာများ ရှိသလဲ ကွဲ့"

"ပေါင်မုန့်ပါ ဆရာကြီး"

"ဟယ်...ပေါင်မုန့် မကြိုက်ဘူးလားကွယ်။ အင်း... ဒီဆို ဆရာကြီးတို့ကျောင်းမှာ ကျွေးတဲ့ နေ့လယ်စာချိန်ကျရင် လူလေး ဒုက္ခရောက်တော့မှာပဲ။ ဒီကျောင်းမှာ ကျွေးတဲ့ နေ့လယ်စာက နေ့တိုင်း ပေါင်မုန့်ပါတယ်ကွဲ့"

ထိုစကားအရ အိုးတိုးကို ကျောင်းလက်ခံလိုက်ပြီဖြစ်ကြောင်း မိခင်က နားလည်သွားပြီး မျက်နှာတစ်ပြင်လုံး ဝင်းထိန်သွားသည်။

ဆရာကြီးက ခွင့်ပြုလိုက်သော်လည်း နောက်ရက်မှာတင် မြို့နယ် ပညာရေးကောင်စီက ခေတ္တစောင့်ပါဦးဟု တားမြစ်မိန့်ထုတ်လိုက်သည်။ သူတို့ တားမြစ်မိန့်ထုတ်သည်မှာ အိုးတိုးကို ကျောင်းမတက်စေချင်သော စေတနာဆိုးကြောင့်ကား မဟုတ်။ လက်ချောင်းနေရာတွင် လေးလက်မသာသာလောက် အတက်လေးသာရှိသော အိုးတိုးက တခြားကလေးများကဲ့သို့ မည်သို့ စာရေးနိုင်မည်နည်းဟု တွေးတောပူပန်သောကြောင့်ပင် ဖြစ်သည်။

သူတို့၏ ပူပန်မှုကို အိုးတိုးတို့သားအမိက လက်တွေ့ လုပ်ဆောင်ချက်များဖြင့် ချေဖျက်ပစ်လိုက်သည်။ အိုးတိုးသည် အခြေခံ ကကြီး၊ ကခွေး စာလုံးများကို လေးလက်မလောက် လက်တိုလေးနှင့် ပါးအကြားတွင် ခဲတံညှပ်၍ အလွှာအမြန်ရေးပြလိုက်သည်။ သားအမိနှစ်ယောက် လပေါင်းများစွာ လေ့ကျင့်ခဲ့ခြင်း၏ စွမ်းရည်ပင်ဖြစ်၏။ ထို့ပြင် ငွန်းနှင့် ခက်ရင်းကို ကျွမ်းကျင်စွာကိုင်၍ ပန်းကန်ပြားအတွင်းမှ ထမင်းနှင့် ဟင်းများကို ကျွမ်းကျင်စွာ စားပြခြင်း။ ကတ်ကြေးကွင်းတစ်ဖက်ကို ပါးစပ်နှင့်ကိုက်၍ ကျန်ကွင်းတစ်ဖက်ကို အသားဘုလေးနှင့်ဖိပြီး မျက်နှာကို ရွှေ့လျားကာ စက္ကူတစ်ချပ်ကို တိတိရိရိဖြတ်ပြလိုက်သည်။

အိုးတိုးလေး စွမ်းရည်တစ်ခုပြပြီးသည့်အခါတိုင်း ပညာရေးကောင်စီမှ လူကြီးများမှာ ဟာခနဲ ဟယ်ခနဲဖြစ်သွားကြသည်။ နောက်ဆုံးတွင် အိုးတိုးလေးကို ကျောင်းအပ်ရန် လက်ခံလိုက်ကြတော့သည်။ ကျောင်းရောက်သောအခါတွင် ဒီကလေးကို ကျွန်တော့်အတန်းပို့ပေးပါဟု တောင်းခံခဲ့သူမှာ အိုးတိုးကို ပထမတန်းမှ စတုတ္ထတန်းအထိ သင်ကြားပေးခဲ့သူ ဆရာ တကားဂီပင် ဖြစ်သည်။

ဝန်ထမ်းလောကမှ အချိန်ဆွဲလုပ်ခြင်း

အလုပ်ပင်ပန်းမှုကို ကြောက်သောသူ များများရှိသော နိုင်ငံသည် မြန်မြန်ကြီး ဆုတ်ယုတ်ပျက်စီးရတတ်သည်။ ဂျပန်လူမျိုးအများစုသည် အလုပ်ပင်ပန်းမှုကို မကြောက်ကြချေ။ ငွေရဖို့ အဓိကထားပြီး အလုပ်လုပ်နေကြသူများ မဟုတ်။ အလုပ်လုပ်ဖို့ အဓိကထားသည့်အတွက် ငွေရနေကြသူများသာဖြစ်သည်။ ဆိုလိုသည်မှာ ငွေကို အဓိကမထား။ အလုပ်ကောင်းကောင်းလုပ်ဖို့သာ အဓိကထားကြသည်။

မြန်မာအများစုကား ငွေရဖို့သာ အဓိကထားကြသည်။ အလုပ်များများလုပ်ဖို့ အဓိက မထားကြ။ ထို့ကြောင့် မြန်မာနိုင်ငံသည် အဆင်းရဲဆုံး နိုင်ငံအဖြစ်သို့ ရောက်နေခြင်းဖြစ်သည်။ အတ္တာဟိ အတ္တနော နာထော - မိမိသည်သာ မိမိ၏ ကိုးကွယ်အားထားရာဟု ဗုဒ္ဓက ဟောကြားခဲ့သော်လည်း မြန်မာအများစုကား သူတစ်ပါးကိုသာ အားကိုးရှာချင်ကြသည်။

ဗာအုပ်ထုတ်ရာဌပင် နာမည်ကြီး စာရေးဆရာကြီးများ၏ အမှာစာကို မရမက လိုက်တောင်းတတ်ကြသည်။ ဤသည်မှာ သူတစ်ပါးကို အားကိုးခြင်းတစ်မျိုးပင် ဖြစ်သည်။ နဂိုရှိမှ နကိုင်းထွက်ဟူသော စကားအတိုင်း မိမိရေးသောစာက မကောင်းလျှင်၊ မည်သည့် နာမည်ကြီး စာရေးဆရာက အမှာစာရေးပေးပေး အောင်မြင်လိမ့်မည်မဟုတ်ပေ။

အလုပ်ကို အဓိကမထားဘဲ ငွေရဖို့သာ အဓိကထားကြသော ဝန်ထမ်းတို့၏ စိတ်ဓာတ်နှင့် ပတ်သက်၍ မဇ္ဈိမဆရာတော် ဘဒ္ဒန္တ သူရိယာဘိဝံသ၏ အထူးပုတ္တိကာအုပ်မှ

www.burmeseclassic.com

အချက်တစ်ချက်ကို ထုတ်ပြချင်ပေသည်။ ဘတကော ကာလက္ခယ မေဝဥဒိက္ခတိ နောကမ္မ နိဋ္ဌ - လခစားသည် အချိန်ကုန်မှုကိုသာ ကြည့်သည်။ အလုပ်ပြီးစီးမှုကို အလေးမထားချေ။

တစ်ခါက ပါဠိပညာရေးအဖွဲ့ စည်းမျဉ်းဥပဒေများကို အနည်းငယ် ပြင်ဆင်ရန် ကိစ္စပေါ်လာ၏။ ပြင်ဆင်ဖို့အတွက် ဆရာတော်နှင့် ပထမကျော် ဒကာကြီးတစ်ဦးကို အဖွဲ့က တာဝန်လွှဲအပ်လိုက်လေသည်။ ပြင်ဆင်ဖို့ ဆိုသော်လည်း ကြီးကြီးကျယ်ကျယ် ပြင်ဆင်ရမည်မဟုတ်။ စကားအသုံးအနှုန်း စသည့် အနည်းငယ်မျှသာ ပြင်ဆင်ရန် လို၏။

ပြင်ဆင်မှုကိစ္စသည် တကယ်လုပ်မည်ဆိုလျှင် နှစ်နာရီ သုံးနာရီခန့် လုပ်ရုံမျှဖြင့် ပြီးစီးနိုင်၏။ ဖြည်းဖြည်းဆေးဆေး အချိန်ဆွဲ၍ ပြင်ဆင်လျှင်ပင် တစ်ရက်ပြင်ဆင်လျှင် ပြီးစီးနိုင်၏။ ထို့ကြောင့် ဆရာတော်က တာဝန်ကျ ဒကာကြီးကို ပြောလိုက်သည်။

"ကိုင်း···ဒကာကြီး၊ ဒါလေး ဒီနေ့ပြီးအောင် ပြင်ဆင်လိုက်ရအောင်"

"မလုပ်ပါနဲ့ ဆရာတော်။ တပည့်တော်တို့ ဝန်ထမ်းလောကဆိုတာ တစ်နာရီနဲ့ ပြီးမယ့်ကိစ္စကို နှစ်ရက် သုံးရက် အချိန်ဆွဲပြီး လုပ်ရတယ် ဘုရား။ ဒါမှ အလုပ်တန်ဖိုးလည်း ရှိတယ်။ ပြီးတော့ ရုက်ရုက်နဲ့ ဝန်ခံရရင် နေ့တွက်ရစရာကိစ္စ ဆိုရင်လည်း နေ့တွက်ပိုရတာပေါ့ ဘုရား"

ပထမကျော် ဒကာကြီးသည် ဝန်ထမ်းလောကကို ကိုယ်စားပြု လျှောက်ထားလေသည်။ ဆရာတော်ကမူ အတော်စိတ်ပျက်သွား၏။ ဝန်ထမ်းလောကတစ်ခုလုံး ဤဒကာကြီးလျှောက်ထားသည့်အတိုင်းသာဆိုလျှင် ဤနိုင်ငံသည် ကြီးပွားဖို့ ခဲယဉ်းလှ၏။ ဣန္ဒာသယ ရွှေအိုးရလျှင်မူ ကြီးပွားကောင်း ကြီးပွားလိမ့်မည်။ ကြီးပွားသော်လည်း အလုပ်တော့ တွင်ကျယ်မည်မဟုတ်။

ဆရာ တကားဂိကား အလုပ်ကို အဓိကထားသူဖြစ်သောကြောင့် ဒုက္ခိတ အိုးတိုးလေးကို သူ့အတန်းသို့ ပို့ခိုင်းခြင်းဖြစ်သည်။ အိုးတိုး ကျောင်းသို့ ရောက်လာသောအခါ ကူညီသူတွေ အလွန်ပေါများနေသည်။ မလိုအပ်ဘဲလည်း ဝိုင်းဝန်းကူညီနေသောအခါ အိုးတိုးလေးတစ်ယောက် ကိုယ့်ကိုယ်ကို အားမကိုးဘဲ သူတစ်ပါးကိုချည်း အားကိုးသွားမှာကို ဆရာက စိုးရိမ်သည်။ အသာစောင့်နေလိုက်ရုံဖြင့် ဘာမဆို ပတ်ဝန်းကျင်က ကူညီပေးလိမ့်မည်ဟူသည့် ပျော့ညံ့သည့် စိတ်ထားများ ဝင်လာလျှင် အိုးတိုးလေးတစ်ယောက် အသက်ရှင်နေပါလျက် ဘဝသေနေသော သူတောင်းစားမျိုး ဖြစ်သွားမည်ကို ဆရာ တကားဂိ မလိုလား။ ထို့ကြောင့်···

"အိုးတိုးထာကဲ့အနေနဲ့ သူနိုင်တဲ့ ကိစ္စကို သူ့ဘာသာ လုပ်ပါစေ။ ဘယ်လိုမှ သူတစ်ယောက်တည်း မလုပ်နိုင်တဲ့ ကိစ္စမျိုးကျမှ ဝိုင်းကူကြပါ"

ဟု ကြေညာပေးလိုက်သဖြင့် အရင်ကကဲ့သို့ နေရာတိုင်း ဝင်မကူကြတော့ပေ။

တစ်လောက မင်းရှင်၏ "လမ်းပေါ်မှာ" ဟု အမည်ပေးထားသော ဝတ္ထုတိုပေါင်းချုပ်လေးကို ဖတ်ရသည်။ ပထမတစ်ပုဒ်က ကိုယ့်အား ကိုယ်ကိုးကာ ခြင်းတောင်းရက်စားနေသော ခြေတစ်ဖက်ပြတ် ဒုက္ခိတအမျိုးသားကြီးတစ်ယောက် အကြောင်းဖြစ်သည်။

ထိုအမျိုးသားကြီးက ခြင်းရက်ပေးပြီး သူ့အမျိုးသမီးက စွေးထဲတွင် ရောင်းသည်။ ထိုအမျိုးသားကြီးသည် ခြံတစ်ခြံရှေ့မှ ဖြတ်အသွားတွင် ခြံရှင် အမျိုးသမီးကြီးက ငွေတစ်ကျပ်ဆင်းပေးသည်။ သူ၏ ယောကျ်ားသည်လည်း လေဖြတ်ကာ ဝိုးချဲလ်နှင့် နေရသောကြောင့် ကိုယ်ချင်းစာစိတ်ဖြင့် သနားပြီး ငွေတစ်ကျပ်လာပေးခြင်းဖြစ်သည်။

ချိုင်းထောက်နှင့် အမျိုးသားကြီးသည် သူတောင်းစားမဟုတ်သော်လည်း အလကား လိုချင်သည့်စိတ်ကြောင့် ယူထားလိုက်သည်။ ၁၉၅၀-ဝန်းကျင်က ငွေတစ်ကျပ်သည် နည်းမည်မဟုတ်ပေ။ သူ့အမျိုးသမီး စွေးရောင်းရအမြတ်ငွေသည်ပင် တစ်ကျပ်ရှိချင်မှ ရှိပေမည်။ အကြောင်းရှိ၍ ထိုခြံရှေ့မှ ဖြတ်သွားတိုင်း ခြံရှင် အမျိုးသမီးကြီးက တစ်ကျပ် တစ်ကျပ် ထွက်ပေးသည်။

သူကလည်း အလကားရမှန်း သိလာသောအခါ နှစ်ရက်ခြား။ သုံးရက်ခြား ထိုခြံရှေ့သို့ မရောက်ရောက်အောင် လာသည်။ လအတန်ကြာသောအခါ အမျိုးသားကြီးသည် ခြင်းပင် မရက်တော့ဘဲ လမ်းဘေးတွင် အမြဲတောင်းစားသူတစ်ယောက်ဖြစ်သွားကြောင်းကို စာရေးဆရာ မင်းရှင်က သူ့ကိုယ်တွေ့နှင့် ဖွဲ့နွဲ့ရေးသားခဲ့သည်။ ဤဖြစ်ရပ်၌ ဒုက္ခိတ အမျိုးသားကြီးသည် တစ်ကျပ်ပေးမည့်သူသာ ပေါ်မလာလျှင် သူတောင်းစားဖြစ်လိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် သူတစ်ပါးကို အကူအညီပေးတော့မည်ဆိုလျှင် ပေးသင့်, မပေးသင့် သေချာတွေးတော ဆင်ခြင်သင့်သည်■

မေထွာရှင် (ရေပြည်သာ)

*****

www.burmeseclassic.com

www.burmeseclassic.com

ကောင်းမွန် နူတ်ထွက်
စံငါးချက်

— ခေတ္တရာ ဆရာကျော်

မြတ်စွာဘုရားရှင်၏ အသီတိရွှစ်ကျိပ် လက်ယာတော်ခြေများ လက်ဝဲတော်ရံများအကြောင်း လုံးချင်းစာအုပ်နှစ်အုပ် ရေးခဲ့ဖူးပါတယ်။ ရေးနေရင်းပင် အသီတိ ရဟန္တာကြီးများကို အလွန်ပင် ကြည်ညိုမဆုံးဖြစ်နေခဲ့မိပါတယ်။ ယနေ့တိုင်အောင်သည်း ရဟန္တာ(၈၀)လို့ ကျော်ကြားခဲ့သော လက်ယာတော်ရံ၊ လက်ဝဲတော်ရံကြီးများကို ပင့်ဖိတ်လျက် မပြတ် ဆွမ်းတော်၊ ဆန်ခြမ်း၊ အောင်ပန်းတွေ ဝေဝေဆာဆာဖြင့် နံ့သာရနံ့ ပျံ့လွင့်သွားလျက် ကပ်လှူပူဇော် ဒါနပြုလျက်ရှိပါတယ်။

တစ်ရက်ရဲ့ မနက်ပိုင်း၌ ဘုရားရှင်နှင့် ရဟန္တာကြီးများအား အာရုံထား၍ ဆွမ်း၊ ဇရချမ်း၊ ပန်းနံ့သာများ ကပ်လှူအပြီး အရှင်သာရိပုတ္တရာအကြောင်း အတွေးဝင်လာပါတယ်။ ဩော်...စိတ်တို့ဟာ အာရုံတွေနဲ့မကင်း။ အာရုံများရှိသည့် အတွက်ကြောင့်သာ စိတ်၊ စေတသိက်တို့ ဖြစ်လာကြတာပါ ဘားလို့လည်း တွေးမိပြန်ပါတယ်။

တကယ်တော့ မြတ်ဗုဒ္ဓရဲ့ ဖွဲ့စည်းပုံမှာ အဓိက အရေးပါတဲ့ အင်္ဂသာဝကနှစ်ပါးရှိပါတယ်။ လက်ယာတော်ရံ အရှင်သာရိပုတ္တရာနဲ့ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်ဘုရားပါ။

အရှင်သာရိပုတ္တရာကတော့ ပညာအရာမှာ တော်ဒဂ်ရပါတယ်။ အရှင်မဟာမောဂ္ဂလာန်ကတော့ တန်ခိုးတော်အရာမှာ တော်ဒဂ်ရပါတယ်။ အရှင်သာရိပုတ္တရာရဲ့ ဇာတ်ကြောင်းကိုတော့ တော်တော်များများ သိချင်မှ သိပါလိမ့်မယ်။ သို့သော် အရှင်သာရိပုတ္တရာ ဆိုတဲ့ အမည်နာမကိုတော့ အဘာသာဝင်တိုင်း ကြားဖူးနားဝရှိနေကြပါတယ်။

အရှင်သာရိပုတ္တရာဟာ အနောမဒဿီ မြတ်စွာဘုရားရှင်လက်ထက်က စလို့ အင်္ဂသာဝက၊ မဟာပညာ တော်ဒဂ်ကို တောင်းဆိုသူဖြစ်ပါတယ်။ ကျွန်ုပ်တို့ ဂေါတမဘုရားရှင် လက်ထက်မှာတော့ ပညာအရာမှာ တော်ဒဂ်ဆုရရှိခဲ့ပါတယ်။

တော်ဒဂ်ဆိုသည်မှာ **တော်ဒဂ္ဂမှ** လာပါတယ်။ **တော်** နှင့် **အင်္ဂ** နှစ်ပုဒ်တွဲစပ်နေခြင်းဖြစ်ပါတယ်။ "တော် အင်္ဂ"လို့ ပုဒ်ဖြတ်ပြီး၊ ထိုပုဂ္ဂိုလ်သည် မြတ်၏လို့ အနက်ပြန်ဆိုကြတာများ ရှိပါတယ်။ သူသည် ဤနေရာတွင် အထွတ်အမြတ်ဖြစ်သည်လို့ ဆိုခြင်းဖြစ်ပါတယ်။ မြန်မာတို့က တော်ဒဂ်လို့ ဆိုကြပါတယ်။ ဂေါတမမြတ်စွာဘုရားရှင်ဟာ တော်ဒဂ်ဆုပေးရာမှာ ဘိက္ခူများသာမကပါ၊ ဘိက္ခုနီ၊ ဥပသက၊ ဥပသိကာများကိုလည်း ပေးခဲ့ပါတယ်။ အင်္ဂုတ္တရပါဠိတော်မှာ တော်ဒဂ်အရာဒှာနပေါင်း (၅၈)ခုရှိတယ်လို့ သိရပါတယ်။ အရှင်သာရိပုတ္တရာကတော့ ပညာအရာမှာ တော်ဒဂ်ရခဲ့တာ ဖြစ်ပါတယ်။

တစ်ရံသောအခါမှာ ဘုရားရှင်ဟာ အလုံးစုံသော နတ်၊ လူ၊ ဗြဟ္မာ၊ သတ္တဝါတို့ မဖြေနိုင်သော ပြဿနာကို သာရိပုတ္တရာသာ ဖြေဆိုနိုင်တယ်လို့ မိန့်ကြားခဲ့ဖူးပါတယ်။ ရှင်သာရိပုတ္တရာဟာလည်း ဘုရားရှင်ကို ဤသို့လျှောက်ထားဖူးပါတယ်။

"အရှင်မြတ်ဘုရား...တပည့်တော်သည် အလုံးစုံသော စကြဝဠာတိုက်တို့ကို မီးရှို့ပါလျှင် ဤမျှသော မီးရေပေါက်တို့သည် မြေကြီး၌ ကျကုန်၏။ ဤမျှသော မီးရေပေါက်တို့သည် တောင်၌ ကျကုန်၏။ ဤမျှသော မီးရေပေါက်တို့သည် သမုဒ္ဒရာ၌ ကျကုန်၏ဟူ၍ ရေတွက်ပိုင်းခြားမှတ်သားခြင်းတို့

www.burmeseclassic.com

စွမ်းနိုင်ပါ၏"

ထိုအခါ မြတ်စွာဘုရားရှင်က···

"သာရိပုတ္တရာ···ထိုပိုးရေပေါက်တို့ကို ရေတွက်နိုင် စွမ်းရှိကြောင်း ငါသိ၏။ ရဟန်းတို့···သာရိပုတ္တရာသည် ယခုမှ ပညာကြီးသည်မဟုတ်၊ ရှေးကလည်း ဘဝငါးရာတိုင်မှာ ရဟန္တာ ရဟန်းပြု၍ ပညာကြီးခဲ့သည်သာတည်း"

လို့ မိန့်ပါတယ်။

ရှင်သာရိပုတ္တရာ ပညာကြီး၍ တေဇင်ရလေသည်မှာ-

* ဂဂနဖမ်းကြီးအပြင်၌ သဲလုံးတို့ကို ရေတွက်သည်ရှိသော် ရေတွက်ခြင်းဝှာ တတ်နိုင်ရာ၏။ အရှင်သာရိပုတ္တရာ၏ ပညာကို မရေတွက်နိုင်ရာ။

* မဟာသမုဒ္ဒရာ၌ ထမ်းပိုးရေပွက်တို့ကို ရေတွက်သော် ရေတွက်နိုင်ရာ၏။ ရှင်သာရိပုတ္တရာ၏ ပညာကို မရေတွက်နိုင်ရာ။

* ဟိမဝန္တာ တောသုံးထောင်၊ မဟာသမုဒ္ဒရာလေးစင်း၌ ရှိသော သဲမှုန်တို့ကို တစ်ခုမကျန် ရေတွက်သော်လည်း ရေတွက်နိုင်ရာ၏။ ရှင်သာရိပုတ္တရာ၏ ပညာကို ရေတွက်သော် မရေတွက်နိုင်ရာဟု အဗဒါန်ကျမ်းမှာ ဆိုပါတယ်။

ဝိသုဒ္ဓိမဂ်ကျမ်းတွင်လည်း "ဘုရားသမ္မညူကို ထား၍ လောကာ၌ ပညာရှိသူ လူ၊ နတ်၊ ဗြဟ္မာ၊ ရဟန္တာအပေါင်းတို့၏ ပညာကို တစ်စု၊ ရှင်သာရိပုတ္တရာ၏ ပညာကို တစ်စုပြု၍ နှိုင်းယှဉ်သော်လည်း သတ္တဝါအပေါင်းတို့၏ ပညာသည် ရှင်သာရိပုတ္တရာ၏ ပညာကို တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်ကို တစ်ဖန် တစ်ဆယ့်ခြောက်စိတ် စိတ်ပြန်သော်လည်း တစ်စိတ်ကိုမျှ မတူ"ဟူ၍ ဖော်ပြပါတယ်။

ထို့ကြောင့်လည်း ဘုရားရှင်က "ဘိက္ခုတို့···ပညာကြီးမြတ်သော ငါ၏ သာဝကဘိက္ခုတို့တွင် သာရိပုတ္တရာသည် အမြတ်ဆုံးဖြစ်၏"လို့ တေဇင်ဆိုးမြင့်တော်မူခြင်းဖြစ်ပါတယ်။

ဤသို့အားဖြင့် ပညာအရာမှာ တေဇင်ရတော်မူသော အရှင်သာရိပုတ္တရာဟာ "ကောင်းမွန် နှုတ်ထွက် စံငါးချက်"ကို ဟောတော်မူခဲ့ပါတယ်။

ဒီ စံငါးချက်ဟာ လောကလူသားများအတွက် လွန်စွာ အသုံးဝင်သလို၊ မဖြစ်မနေ စကားပြောကြရတဲ့အခါ၊ တရားဟောကြရတဲ့အခါတွေမှာ လိုက်နာနိုင်ကြဖို့ပဲ ဖြစ်ပါတယ်။

ကိုယ်ထင်ရာ စကားလုပ်၊ ကိုယ်ထွင်ရာ စကားအဟုတ်လို့ လုပ်နေကြသူများအတွက် ပို၍လိုက်နာလေးစား မှတ်သားသင့်တဲ့ စံတွေလို့ ထင်ပါတယ်။ ဒါမှသာ လူမှုရေးနယ်ပယ်မှာ အံဝင်ခွင်ကျဖြစ်ပါမယ်။ အမှန်မြင်၊ အမှန်ပြောလို သူများအတွက်လည်း အသုံးတည့်နေပါမယ်။

အထူးသဖြင့်ကတော့ ပါးစပ်က တရား···တရားဆိုပြီး ဟိုလူ့ ထိခိုက်ပြော၊ ဒီလူ့ ထိခိုက်ဟောကြတဲ့ အပြောသမား အဟောသမားများ အထူးလိုက်နာမှတ်သားသင့်သော စံများဖြစ်ပါတယ်။

ထိုစံငါးချက်ကတော့···

(၁) ဆွမ်းခံချိန်၊ ဆွမ်းစားချိန်၊ ပရိသတ်နဲ့ ရောနော နေချိန်၊ ဆွမ်းစားဇရပ်တို့မှာ နားနေချိန် စတဲ့ မပြောသင့်တဲ့ နေရာတွေ ကင်းဝေးချိန်မှာသာ ပြောရမယ်။

(၂) အကြောင်းအရာ ရေရာ သေချာမှ ပြောရမယ်။ မရေရာ မသေချာဘဲ မပြောရဘူး။

(၃) နှုးညံ့သိမ်မွေ့တဲ့ စေတနာ၊ စကားလုံး၊ အမူအရာတို့နဲ့သာ ပြောရမယ်။ စိတ်ကြမ်း၊ ကိုယ်ကြမ်း နှုတ်ကြမ်းမျိုးနဲ့ မပြောရဘူး။

(၄) အပြောခံရတဲ့သူရဲ့ အကျိုးကို လိုလားရေးရှုတဲ့ စိတ်ထားနဲ့သာ ပြောရမယ်။ ဂုဏ်သိက္ခာကျစေဖို့၊ မကောင်းသတင်း ကျော်ဇောစေဖို့ ဆိုတဲ့ အပုပ်ချဲတာမျိုး မပြောရဘူး။

(၅) မေတ္တာစိတ်သန့်သန့်ထားပြီးတော့သာ ပြောရမယ်။ အပြစ်ရှာခြင်း၊ ရန်တုံ့ပြန်ခြင်းမျိုးနဲ့ လုံးဝ မပြောရဘူးဟူ၍ဖြစ်ပါတယ်။

(ပါထိကဝဂ်၊ သင်္ဂီတိသုတ်)

စကားပြေ ရှင်းလင်းနေပါတယ်။ ကျွန်တော်တို့အနေနဲ့ ကိုယ်တိုင် စကားပြောရာမှာပဲဖြစ်ဖြစ်၊ တရားဟောကြရာမှာပဲ ဖြစ်ဖြစ်၊ လိုက်နာကြဖို့ လိုသလို၊ တစ်ပါးသူပြောသော စကား၊ တစ်ပါးသူဟောသော တရားအပေါ်မှာလည်း ထိုစံများနဲ့ ကိုက်ညီမှု ရှိ၊ မရှိ သုံးသပ်ကြဖို့ လိုပါတယ်။

ထိုစံများနဲ့ ကိုက်ညီတာ မတွေ့ရဘူး ဆိုရင်တော့ ကောင်းမွန်တဲ့ စကား မဖြစ်နိုင်တာကြောင့် စဉ်းစားစရာပါပဲ။

ပြောချင်တာကတော့ စကားပဲ ပြောပြော၊ တရားပဲ ဟောဟော ကောင်းမွန်မှန်ကန်ပြီး ချစ်ဖွယ်စွာဆို၍ ကောင်းကျိုးနဲ့ ယှဉ်သော စကားသာ ဘုရားရှင်နှင့် သူတော်ကောင်းများ လိုလားကြမှာဖြစ်ကြောင်းပါခင်ဗျား ■

ခေတ္တရာ ဆရာကျော်

www.burmeseclassic.com

www.burmeseclassic.com

ဝမ်းနည်းမှတ်တမ်း



ကိုဟိန်းမင်းဇော် အသက် (၂၉)နှစ်သည် ၈-၆-၂၀၁၅ နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပါသည်။

ကိုဟိန်းမင်းဇော်သည် ဂန္ဓိရဆန်းကြယ်မဂ္ဂဇင်း၏ အတွင်းအပြင်အဆင်ကို နှစ်ပေါင်းများစွာ တာဝန်ယူ ဖန်တီးနေသူဖြစ်ပါသည်။ ဂန္ဓိရဆန်းကြယ်မဂ္ဂဇင်းအတွက် ရဲဘော်ရဲဘက်တစ်ယောက် ရုတ်တရက်ကြွေလွင့်သွားသဖြင့် အဖွဲ့သူ အဖွဲ့သားများအားလုံး ဝမ်းနည်း ယူကျုံးမရဖြစ်ရပါသည်။ သေခြင်းတရား၏ သဘောကို ဆင်ခြင်သိသော်လည်း နှမျိုဆဲ၊ တက်ကြွဆဲ၊ အနုပညာအလုပ်များကို အားသွန်ခွန်စိုက် ဖန်တီးနိုင်စွမ်းရှိသူတစ်ယောက် စောစီးစွာ ကြွေလွင့်သွားခြင်းအပေါ် ဆောက်တည်ရာ မရအောင် ကြေကွဲရပါသည်။

ကိုဟိန်းမင်းဇော်တစ်ယောက် ကျင်လည်ရာ ဘဝများစွာ၌ အနာမဲ့၊ အသက်ရှည်ပြီး ပတ်ဝန်းကျင်ကောင်း၌ ကြာမြင့်စွာ ကျင်လည်မွေ့ပျော်နိုင်သူ ဖြစ်ပါစေကြောင်း ဆုတောင်းပေးမိပါသည်။

ကိုဟိန်းမင်းဇော် ကွယ်လွန်သွားသည့်အတွက် မိသားစုများနှင့် ထပ်တူကြေကွဲဝမ်းနည်းရပါသည်။

ဂန္ဓိရဆန်းကြယ်မဂ္ဂဇင်းအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

တောင်ဂူခရိုင်၊ ဖြူးမြို့နယ်၊ ကျောက်တိုင်ကျေးရွာ ကလေးသည် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲတွင် နယ်ခြားဆွောက်တိုင်သတ်မှတ် အစိုက်ခံရသောနေရာ ရွာကလေး ဖြစ်ပါသည်။

ထိုရွာကလေးတွင် နယ်ခြားခံတပ်အထိမ်းအမှတ် တုတ်ကျင်းများ၊ စစ်ရွှေ့လျောက်လမ်း ကတုတ်ကျင်းများ ဆန့်ထက်တိုင် ထင်ရှားရှိနေဆဲဖြစ်သည်။ ထိုရွာကလေး ကို စတင်တည်ဆောက်ကြသူများမှာ တောင်ဂူခံတပ် စစ် ဒိုင်ချုပ် ရွှေလုံဗိုလ်၏ ရှေ့တန်း စစ်ဗိုလ်မှူးများဖြစ်သော ဒိုင်မှူး သုံဦးသည် ရွှေလုံဗိုလ်ကို ကင်းဝန်မင်းကြီးက အင်္ဂလိပ်အမိန့်ဖြင့် အခေါ်ခံရပြီး အဒမန်ကျွန်းအပို့ခံရစဉ် ကာလ ကင်းဝန်မင်းကြီးခေါ်ကတည်းက ရွှေလုံဗိုလ်က မိမိ၏ အာမှူး သုံးယောက်ကို "မိမိကို နေပြည်တော်က ခေါ်သည်။ အခြေအနေ ဘာမျှမသိ။ အင်္ဂလိပ်နှင့် သီပေါမင်းတို့ စစ်ပြေ ငြိမ်းရေး၊ စေ့စပ်ရေးလုပ်သည်ဟူ၍တော့ ကြားရသည်။ အကယ်၍ အင်္ဂလိပ်က တို့နိုင်ငံကို သိမ်းပိုက်သည်ဆိုက သင်တို့တစ်တွေ တပ်ဖျောက်ပြီး ထွက်ခွာခဲ့ကြ" ဟု မှာထား ခဲ့သည်။

ရွှေလုံဗိုလ်ကို အင်္ဂလိပ်က အဒမန်ကျွန်းသို့ ပို့သည် ဟု ကြားရသောအခါ စစ်ဗိုလ်မှူး သုံးယောက်က ကျန် တပ်ဗိုလ်၊ တပ်သားများကို မိမိတို့ရပ်ရွာပြန်လိုက ပြန်ကြ၊ ပြန်လိုက ဒီမှာ ရွာသစ်တည်၍ နေမည်ဟုဆိုကာ စစ်ဗိုလ် ဘမည်ကို ပယ်ဖျောက်ပြီး ဖိုးသာချမ်း၊ ဖိုးပန်းဘူး၊ ဘိုးမြ ဟူသော အမည်ခံယူ၍ ဤရွာကလေးကို တည်ထောင်ပြီး အညာရွှေဘိုတွင် ရှိသော သားမယားများကို ပြန်ခေါ်ကာ ထယ်ယာလုပ်ငန်းဖြင့် အသက်မွေး နေထိုင်ခဲ့ကြသော ရွာ ကလေးဖြစ်သည်။

ထို ဗိုလ်မှူး သုံးယောက်အနက် ဘိုးမြ+ဖေါ်တင်တို့ မွေးဖွားသော သမီးကလေး မသင်သည် ဥပမိ သမ္ဗတ္တိ ပြည့်စုံသူဖြစ်သည်။ ဘာသာတရား အလွန်ကိုင်းရှိုင်းသည်။ အပြောအဆို အပြုအမူ အလွန်နူးညံ့သိမ်မွေ့သူလေးဖြစ် သည်။ မိဘကိုလည်း အလွန်ကိုင်းရှိုင်းလုပ်ကျွေးပြုစုသူဖြစ် သည်။

မိမိအထက်တွင် အစ်ကိုနှင့် အစ်မတစ်ယောက်ရှိ ပြီး သူတို့တစ်တွေက အသီးသီး အိမ်ထောင်ပြုကြသော် လည်း၊ မသင်ကတော့ သူ့ကို ကြိုက်နှစ်သက်သူများက တောင်းရမ်းကြပေမယ့် အိမ်ထောင်ပြုရန် လုံးဝ စိတ်မပါချေ။ သို့အတွက် ရပ်ရွာဆရာတော်များက ဒီကလေးမသည် ဗြဟ္မ ပြည်က လာသော မိန်းကလေးဟု မိန့်ကြားသတ်မှတ်ပေး ကြသည်။

မသင်သည် မိဘ၏ လယ်ယာလုပ်ငန်းများကို တစ်ဖက်က ဦးဆောင်၍ လုပ်ကိုင်နေသလို၊ တစ်ဖက်က လည်း မိဘတို့ကို လိုလေသေးမရှိ၊ ပြုစုစောင့်ရှောက်နေခဲ့ သည်။

ဤသို့ဖြင့် မသင်ဘဝမှ ဒွေးလေးသင်ဘဝသို့ ရောက် လာသည်။ ဒွေးလေးသင်သည် မိဘတို့ ကွယ်လွန်သောအခါ မိမိ၏ လုပ်ငန်းများကို လယ်သူရင်းငှားများ၊ တူ၊ တူမများနှင့် အတူတူလုပ်ကိုင်သည်။

ဆဋ္ဌသင်္ဂါယနာတင်ကာလ၊ မဟာစည် တရားရိပ်သာ များ မြန်မာပြည်အနှံ့အပြားပေါ်ပေါက်လာသောအခါ ဖြူးမြို့ ပင်စင်လမ်းတွင် မဟာစည် သာသနာ့ရိပ်သာပေါ်လာသည်။ ဒွေးလေးသင်သည် ပဋ္ဌင်းဒကာမပြုပြီး ပဋ္ဌင်းထပ်မံ ခံပေး ထားသော ဖြူးမြို့ ဒကွိဇာရုံ စာသင်တိုက်မှ တိုက်အုပ် စာချဆရာတော် ဦးဥတ္တမ ဗုဒ္ဓိဇံတွင် ဥပသမ္ပဒါတင်းဆောက် တည်၊ သမထ ဝိပဿနာ နည်းခံပြီး သမထ၊ ဝိပဿနာ တရားကို ဦးစွာ အားထုတ်ကျင့်ကြံခဲ့သည်။

နောက်တော့ ဆရာတော် ဦးဥတ္တမ ဗုဒ္ဓိ၏ အကြံပြု ချက်အရ ဖြူးမြို့ရှိ မဟာစည် သာသနာ့ရိပ်သာသို့ အချိန်ပိုင်း စခန်းများ ဝင်ဖြစ်ခဲ့သည်။

ဤသို့ဖြင့် အချိန်နှင့် ဒီရေသည် လူကို မစောင့်ဆို သည့်အတိုင်း အချိန်တို့သည် တရွေ့ရွေ့ကုန်ဆုံးလာခဲ့သလို၊ ဒွေးလေးသင်၏ ဘဝသည်လည်း ဒွေးလေးဘဝမှ အဘွားဘဝ သို့ ရောက်လာခဲ့သည်။ တရားအားထုတ်မှုလုပ်ငန်းကလည်း တစ်ဆင့်ထက်တစ်ဆင့် ရင့်သထက် ရင့်လာသည်။ ရုပ်၊ နာမ်ခန္ဓာ၏ မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှု၊ တရစပ်ဖြစ်နေမှု၊ ရေစီးကြောင်းကဲ့သို့ အစဉ်မပြတ် ပျက်နေမှု၊ အိုမှု၊ နာမှုတို့ ၏ သဘောတရားကို သိရှိ သဘောပေါက်လာပြီး မိမိ၏ မိဘအမွေ လယ်ယာလုပ်ငန်းကို မိမိမွေးစားထားသော တူ၊ တူမတို့ကို ဦးဆောင်စေပြီး မိမိက လိုအပ်သမျှကို ပံ့ပိုး ကူညီပေး၍သာ နေသည်။

တစ်နေ့တွင် ဒွေးလေးသင်သည် တရားစခန်းမှ ပြန် လာပြီး ခုနစ်ရက်အကြာတွင် အစ်ကိုနှင့် အစ်မက ကွယ်လွန် ခဲ့ပြီးဖြစ်၍ တူ၊ တူမများကို ခေါ်ပြီး တူ၊ တူမတို့၏ ချမ်းသာ ဆင်းရဲအလိုက် ဥစ္စာပစ္စည်းများကို ဝေဖန် ခွဲခြမ်းပေးသည်။

ဒုတိယနေ့တွင် မိမိက ကျွေးပေးထားသူများ။ မိမိက ပေးရန်ရှိသူများကို ခေါ်ယူတွေ့ဆုံပြီး မိမိပေးရန်ရှိသော လုပ်ခ၊

www.burmeseclassic.com

အလုပ်သမားများ၏ ကြေးငွေများကို အပြတ်ပေးသည်။ မိမိက ရုန်ရှိသော ကြွေးရှင်များကိုလည်း စာရင်းစာအုပ်ထုတ်ပြပြီး တတ်နိုင်သမျှ ဆပ်ရန် ပြောသည်။ မဆပ်နိုင်သောသူများကို အလှူသဘောဖြင့် စွန့်ကြဲပေးကမ်းသည်။ လျှော်ပစ်ပေးသည်။

တတိယနေ့တွင် သူ မွေးစားထားသော တူနှင့် တူမတို့ကို ခေါ်ကာ "ဟောဒါက ငါ့အတူအတွက်၊ ဟောဒါက ငါ့တူမအတွက်၊ ဟောဒါက ငါ ရဟန်းခံထားတဲ့ ဆရာတော်အတွက်၊ ဟောဒါက ရွာဦးကျောင်းဆရာတော်အတွက်၊ ဟောဒါက အကယ်၍ ငါသေခဲ့လျှင် အသုဘစရိတ်လုပ်ပါ။ ကူငွေလက်မခံပါနှင့်။ ရပ်ရွာဓလေ့အရ ခွဲတမ်းမှ ထည့်ဝင်လာသော အလှူငွေများကို ရွာရဲ့ ကျောင်း သိမ် ဆောက်လုပ်ရေးမှာ လှူပါ" ဟု အသီးသီးမှာကြားသည်။

တူ၊ တူမများက ဒွေးလေး သင်ချပေးနေသော အထုပ်များကို ကြည့်ပြီး စဉ်းစားမရဖြစ်နေသည်။ ဒွေးလေးက လူကလည်း ဘာရောဂါမှ မရှိ။ အကောင်းပကတိ။ ရေးကလူကြီးတွေ ပြော,ပြောနေသော တရားပေါက်ပြီး အရူးဘဝရောက်သွားတာလားဟု စဉ်းစားမိကြသည်။

တစ်ဖက်ကလည်း ဒွေးလေးသည် မြန်မာလူမျိုးတို့ ဓလေ့အရ အမွေလုကြမှာ စိုးရိမ်၍ ယခုကတည်းက အမွေကိစ္စကို အပြတ်ရှင်းပေးထားတာဖြစ်မည်ဟု စဉ်းစားမိကြသည်။

ဒွေးလေးသင် သေဆုံးမည့်နေ့ နံနက်ပိုင်းတွင် ဖြူးမြို့သို့သွားပြီး သူမ ရဟန်းခံပေးထားသော ဆရာတော် ဦးဥတ္တမဗုဒ္ဓိကို သွားရောက်ကန်တော့သည်။ သူမဘက်က ရဟန်းဒါယိကာမတာဝန်၊ ပစ္စည်းလေးပါးတာဝန် မကျေမပွန်ရှိက ခွင့်လွှတ်ပါဟု လျှောက်ထားသည်။

ဆရာတော်က "ဒါယိကာမကြီး တာဝန်မကျေတာ ဘာမှမရှိပါ။ ဘုန်းကြီးမှာ အားလုံးပြည့်စုံပါသည်"ဟု မိန့်ကြားသည်။

ဆရာတော်ကလည်း ဒါယိကာမကြီး ကျန်းမာရေး ဒေါင်ဒေါင်မြည် ကောင်းနေပါလျက် ဘာအတွက် ထူးထူးခြားခြားလာလျှောက်နေပါသနည်းဟု ဇဝေဇဝါဖြစ်မိသည်။

ဖြူးက အပြန်၊ ညောင်ပင်သာ အရှေ့ကျောင်းကြီးတွင် သားရဟန်း ကျောင်းထိုင် ဘုန်းကြီးထံ၌ ဥပသမ္ပဒေဝင်နေသော ငယ်စဉ်က အချစ်ဆုံးသူငယ်ချင်း ဒေါ်စိန်တင်ထံသို့ ဝင်ကာ နှုတ်ဆက်စကားပြောသည်။

ညနေ အိမ်ပြန်ရောက်လာသောအခါ တူမလေးကို လိုအပ်တာ မှာကြားပြောဆိုနိုင်ပြီး ထမင်းအသင့်ချက်ခပ်ထားရန် ပြောသည်။ ထိုသို့ပြောပြီး ရေမိုးချိုး၊ အဝတ်အစားသစ်ကို ဝတ်ဆင်သည်။ ယခင်က သနပ်ခါးနံ့သာ မလိမ်းသော ဒွေးလေးသင်သည် ယနေ့ညနေတွင် တစ်ကိုယ်လုံး အစအဆုံး လိမ်းကျံသည်။

ထူးဆန်းစွာ ပြုလုပ်နေသော ဒွေးလေးသင်ကို ကြည့်ပြီး တူမက "အောင်မယ်...ဒွေးလေးက ဒီနေ့ကျမှ ထူးထူးဆန်းဆန်း သနပ်ခါးတွေ ဘာတွေလိမ်းလို့ပါလား"ဟု ပြောမိသည်။

"အေးလေ၊ အပုပ်ကောင်ဆိုတော့လည်း အပုပ်နံ့တွေက ထွက်နေတော့ အပုပ်နံ့တွေ သူတကာ မနံရလေအောင် သနပ်ခါးအမွှေးနံ့လေးနဲ့ ထိန်းထား၊ တားထားပေးရတာပေါ့ တူမရယ်"ဟု ချိုပြုံးသော မျက်နှာဖြင့် ပြောသည်။

ည ၇နာရီတွင် ဘုရားရှိခိုး၊ တရားအနည်းငယ် ထိုင်သည်။ တရားထိုင်ပြီးသောအခါ မိမိနှင့် အတူနေသော တူ၊ တူမများကို ခေါ်ပြီး ကန်တော့စေသည်။

"ငါ့ဘက်က ဝတ္တရားမကျေတာ ရှိရင်လည်း ခွင့်လွှတ်ကြပါနော်။ ငါ့အပေါ် မင်းတို့ဘက်က ဝတ္တရားမကျေတာ ရှိလည်း ဒွေးလေးက ခွင့်လွှတ်ပါတယ်။ ဘဝတစ်သက်တာဆိုတာ သက်တမ်း ၇၅နှစ်က ခဏတာလေးမျှသာ ရှိတာနော်။ ရတနာသုံးပါးကို မမေ့ကြနဲ့။ စိတ်ကောင်းမွေးမြူကြ။ အတတ်နိုင်ဆုံး နိုင်သရွေ့ ဒါနပြုကြ၊ သီလဆောက်တည်ကြနော်"

ဟု မှာကြားသည်။

တူ၊ တူမတို့သည် သူတို့၏ ဒွေးလေး ထူးခြားသော အမူအရာနှင့် ပြုမူပြောဆိုချက်တို့ကို နားမလည်သလို ဖြစ်ပေါ် ခံစားမိကြသည်။ ဒွေးလေးက ပကတိ ကျန်းမာရေး အကောင်းချည်းဖြစ်နေ၍ တစ်စုံတစ်ရာဖြစ်မည်ကို မစိုးရိမ်မိကြချေ။ အသက်ကြီးလာလို့ စိတ်ထင်ရာ ပြောသည်ဟူ၍သာ သတ်မှတ်ကြသည်။

ဒွေးလေးသင်သည် တူ၊ တူမများကို ဆုံးမ သွန်သင်ပြီး အိပ်ရာသို့ စောစောဝင်သွားသည်။ တူမသည် ဒွေးလေးသင်နှင့် အတူတူအိပ်နေကျဖြစ်သည်။ ခါတိုင်းလိုပင် တူမသည် လုပ်နေကျ အလုပ်များကို ပြုလုပ်ဆောင်ရွက်ပြီး အိပ်ရာဝင်သည်။

တူမ အိပ်ရာဝင်သွားသောအခါ ဒွေးလေးသင်မှာ အိပ်ပျော်နေပြီးဖြစ်၍ တူမလည်း တိတ်တဆိတ် ဝင်အိပ်လိုက်လေသည်။

www.burmeseclassic.com

ယခင်က ဒွေးလေးသင်သည် နံနက် ၄နာရီလောက်တွင် အိပ်ရာထလေ့ရှိပြီး ရေမိုးချိုး၊ အဝတ်အစားလဲပြီး ဆီမီးထွန်းကာ ဘုရားရှိခိုးနေက၊။ တူမကိုလည်း ဆွမ်းတော်ကပ်ရန်အတွက် ဆွမ်းချက်ဖို့ နှိုးနေကျဖြစ်သည်။

ယနေ့နံနက်တွင်မူ ဒွေးလေးသင်၏ ဘုရားရှိခိုးသံလည်း မကြား၊ တူမကို နှိုးသံလည်း မကြား၊ အိပ်ရာထဲမှ ထ,သည်လည်း မတွေ့ရချေ။

တူမငယ်သည် အိပ်ရာက လန့်နိုးလာပြီး ကပျာကယာ ဒွေးလေးသင်ကို ကြည့်လိုက်သည်။ ပကတိ အိပ်ပျော်နေသကဲ့သို့ရှိနေ၍ ဒွေးလေးသင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ထင်ပြီး မနှိုးဘဲ အပြင်ထွက်၍ မျက်နှာသစ်သည်။

အချိန်ကြာသည်အထိ နိုးမလာ၍ နေမကောင်းများဖြစ်နေလားဟု ထင်ကာ အခန်းထဲသို့ ပြန်ဝင်ပြီး ဒွေးလေး ··ဒွေးလေးဟု နှုတ်မှ ခေါ်ကာ၊ လက်ကလည်း လှုပ်၍ နှိုးကြည့်သည်။

ဒွေးလေးသင်က လုံးဝ မနိုးတော့ပါ။ လူ့လောကမှ အပြီးပိုင် ထွက်ခွာသွားလေပြီ။

ထိုအခါကျမှ တူမသည် အထိတ်တလန့်ဖြစ်ပြီး ပတ်ဝန်းကျင်ကို ငိုယိုအော်ဟစ်ပြောပြလေရာ ဆွေမျိုးသားချင်းများနှင့် အနီးအနားရှိ လူများက ရောက်လာကြပြီး မနေ့တစ်နေ့က အကောင်း၊ ယနေ့ညမှ ရုတ်တရက် သေဆုံး၍ အံ့အားသင့်နေကြသည်။

တကယ်တော့ ဒွေးလေးသင်သည် ဘုရားရှင် ဟောကြားထားသော သီလစွမ်းအား၊ သမာဓိစွမ်းအား၊ ဝိပဿနာစွမ်းအားဟူသော ဓမ္မတရားဖြင့် သေမည့်နေ့ကို ကြိုသိပြီး ကြိုတင်စီစဉ်ကာ ဆန်းကြယ်လှသော မြတ်ဓမ္မနည်းလမ်းဖြင့် သံသရာခရီးစဉ်ကို အဆုံးသတ်သွားခြင်းသာ ဖြစ်မည်ဟု ဆရာတော် ဦးဥတ္တမ ဗုဒ္ဓိက ဆိုပါသည်။

သင်သည်လည်း မုချ သေရမည်။ အချိန်ပိုင်းသာ လိုတော့သည်။ သင်သေခါနီး ဤ ဒွေးလေးသင်၏ သေနည်းအတိုင်း သေနိုင်အောင် ဗုဒ္ဓ၏ ဆန်းကြယ်သော သီလ၊ သမာဓိ၊ ပညာကို ရအောင် ကြိုးစားအားထုတ်နိုင်ပါစေ ■

မဟာသဒ္ဓမ္မ ဇောတိက ၈၉

တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီ-အေ)

" အာစရိယဂုဏ် အဟံ ဝန္ဒာမိ "

ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)

ဂမ္ဘီရအမည်ခွဲ - အောင်ကောင်းမြ (သာတေတ)

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေရန်။ ဆန်းကျမ်း + သက္ကတ် ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂလာနဝင်းနှင့် မင်္ဂလာအစီအရင်၊ နဝင်းဓာတ်ယဉ်ကြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်ကင်းအစီအရင်များ အထူးဆောင်ရွက်ပေးသည်။

(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါရွေး (မွေးဖွားမည့်ရက်ရွေးခြင်း) စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုတင်ပေးပို့၊ ကိုယ်တိုင်လာလိုပါက ကြိုတင် ဖုန်းဆက်သွယ်ပါ)

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

လမ်းညွှန်

၃၅၊ ၆၅၊ ၃၂၊ ရွှေဧည့်သည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈၁ ကားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်းပါ။

၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။

www.burmeseclassic.com



ရာဇဝင်ထဲက

ကျိုက်တမော်

ပိဉ္ဇကတ်တိုက်တော်ကြီး

မင်းတိုင်ပင်
(မြရောင်မြေ)

ငါးသိုင်းချောင်းမှ ဂွနှင့် အထက်ပိုင်း ပုံရွာ၊ ရေကြည်နှင့် ကျုံပျော်၊ ဟင်္သာတသို့ ဥဒဟိုသွားနိုင်သော လမ်းဆုံအနီး မြင့်မြင့်မားမားနှင့် အဝေးမှ လှမ်းမြင်နိုင်သော ထန်းပင်တွေနှင့် အပြိုင်ရှိနေသည့် ပိဉ္ဇကတ်ကျောင်းကြီးသို့ စာရေးသူတို့အဖွဲ့ ရောက်ရှိခဲ့ကြသည်။ အမှတ်မထင် ပုဂံမြို့ဟောင်းတစ်နေရာများ ရောက်နေရော့သလား။ ရေးဟောင်းဘုရားကြီးသုံးဆူ၊ ကျောင်းတော်ကြီး၊ ပိဉ္ဇကတ်တိုက်ကျောင်းတော်ကြီး၊ နှစ်ထပ်သိမ်တော်ကြီးနှင့် သာသနိကအဆောက်အအုံတွေ၊ တချို့မှာ ခဲ့ထဲကတောင် မထွက်နိုင်သေး။

စာရေးသူတို့ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူး၍ ကျောင်းတော်ကြီးကို လေ့လာကြည့်တော့ နှစ်ထပ် အဆောင်ဆောင်အခန်းခန်းရှိ၏။ ခန့်မှန်းအတောင်(၁၀၀)လောက်ရှည်မည်။ ပြိုပျက်ကျနေတဲ့ အုတ်ချပ်ကြီးတွေက စာရေးသူ လက်တစ်တောင်အတိ ရှိနေ၏။ ပြက်ကတော့ တစ်ထွာခန့် အမြင့်က တစ်ပိုက်ခန့်ရှိမည်ဟု အကြမ်းဖျင်း မှတ်ထားလိုက်သည်။ နံရံ ဆေးရေးပန်းချီကားတွေက ရှေးခေတ်လက်ရာမြောက်လွန်းလှ၏။ ပန်းနွယ် ပန်းခက်တွေက ကြွေသားကဲ့သို့ ပြွန်ဝါ မြင်ရ၏။ ပုဂံခေတ်လက်ရာသို့ လက်ရေးတွေက တူနေပြန်၏။ ၁၂၅၄ ခုနှစ်ဟူသော ကမ္ဘည်းကို မှတ်တမ်းတင်ရိုက်ကူးခဲ့၏။ ကျန် သာသနိက အဆောက်အအုံတွေကတော့ ဟိုတစ်စ ဒီတစ်စပင်။ ဘုရားဟောင်း သုံးဆူ၊ စေတီကြီးတွေက ငုံးတိုင်တိုကြီးတွေ။ ပြုပြင်မယ့် အလှူရှင် ဒါယကာ၊ ဒါယိကာမတွေကို မျှော်နေသယောင်ရှိနေပါ၏။

ဆရာတည်နှင့် စာရေးသူတို့ ရောက်ချင်လှတဲ့ ပိဉ္ဇကတ်တိုက်ကျောင်းကြီးကို တခဲ့တသြကြည့်နေစဉ် ကိုကုလားကြီးက လာပြီး ခေါ်ပါတော့သည်။

"ညီလေး···သိမ်ကျောင်းပေါ်မှာ ဆရာတော် စောင့်နေပါတယ်။ အပေါ်ကို တက်ခဲ့ပါ"

"ဟုတ်ကဲ့ အစ်ကို၊ ဝမ်းသာပါတယ်၊ နေကောင်းတယ်နော်"

"ကောင်းတယ်ကွ။ မင်းတို့အားလုံး ရှာကုန်မှာပဲလား"

"ဟုတ်တယ်ခင်ဗျ"

www.burmeseclassic.com

www.burmeseclassic.com

"အေး၊ လာ...လာ၊ သွားကြမယ်"

သိမ်ကျောင်းကြီးက အတော်မြင့်ပါ၏။ လှေကားက အတော်စောက်လွန်းပါသည်။ သတိထား တက်ရပါ၏။ ဘုရားဆန်တော့၊ ဆရာတော်ကို ဦးချပြီး ခေတ္တထိုင်ကြည့်နေစဉ် ဆရာတော်မှ ရေနွေးကြမ်းနှင့် မုန့်များကို ချ၍ ကျွေးခဲ့ပါ၏။

"ဒကာကြီးတို့...သုံးဆောင်ပါဦး"

"မုန့်ပါ ဘုရား"

"ဆရာတော်...ဒါ စာရေးဆရာ မောင်တည်အေးပါ။ ဒီက ဆရာ ဦးအောင်ကြည်၊ အထက်တန်းပြ (ငြိမ်း)ပါ။ ဟိုဘက်ကတော့ မင်းတိုင်ပင် (မြရောင်မြေ)ပါ"

"ဝမ်းသာပါတယ်"

"ကဲ...ဒကာကြီးတို့၊ ကျုပ် ဒီဆရာတော် ဦးသူရိယ ဘဝ ဖုန်းဆက်လို့၊ နောက်ဆို ပဋ္ဌာန်းပွဲကို ကြွမှာ"

"တော်သေးတာပေါ့ ဘုရား"

"ကျုပ်မှာ ဒီ ပိဋကတ်တိုက်ကျောင်းနဲ့ ပတ်သက်တဲ့ ဟောဒီ စာရွက်တွေရှာပြီး သိမ်းထားပါတယ်။ စာရွက်က အဟာ ခပ်စုတ်စုတ်ပါပဲ"

"မုန့်ပါ ဘုရား။ ဒါဆို တပည့်တို့အတွက် အလွန် အဆန်းရှိလှပါတယ်။ မိတ္တူကူးပြီး ပြန်ပို့ပေးပါ့မယ် ဘုရား"

"ဒကာကြီး...ဒီက ဦးသူရိယက တာဝန်ယူပါလိမ့်မယ်"

"မုန့်ပါ ဘုရား"

"ကဲ...အလိုရှိတာ မေးပါကွယ်"

"အခု သမိုင်းရပြီဆိုတော့ အရှင်ဘုရားရဲ့ ထေရပွတ္တိနဲ့ သာသနာတော်အတွက် ဆောင်ရွက်မှုများပဲ မိန့်ပါ ဘုရား"

"ကျုပ်ဘွဲ့တော်က ဦးဣန္ဒာဘာသပါ။ ၁၃၂၈ ခု၊ သီတင်းကျွတ်လဆန်း ၂ရက်၊ တနင်္ဂနွေနေ့မှာ ရေကြည်ပြီ နယ်၊ ဖလံရေယဉ်အုပ်စု၊ သဲကုန်းရွာမှာ အဘ ဦးစု၊ အမိ ဒေါ်ချစ်တို့မှ မွေးချင်း ၅ယောက်အနက် တတိယသားဖြစ်ပါတယ်။ ငယ်မည်မှာ မောင်အောင်ဌေးဖြစ်ပြီး သာသနာနှစ် ၂၅၂၅ ခုနှစ်၊ ကောဇာ ၁၃၄၃ ခုနှစ်၊ တန်ခူးလဆန်း ၁၂ရက် နေ့မှာ တောင်သာ သဲကုန်းကျောင်းဆရာတော် ဦးမေစိရထံမှာ ရှင်သာမဏေပြုခဲ့ပါတယ်။ အဲဒီမှာပဲ ရဟန်းအခြေခံ စာပေများ သင်ကြားပြီး ၁၃၄၇ ခုနှစ်၊ တန်ခူးလဆန်း ၄ရက် နေ့ နံနက် ၈နာရီ ၂၇မိနစ်မှာ ကန်ဒီဆရာတော် ဦးဆေကိန္ဒကို ဥပဇ္ဈာယ်ပြုပြီး ဦးစု+ဒေါ်ကြည်တို့မှ ပစ္စယာ နဂ္ဂဟခံယူကာ ရဟန်းဘောင်သို့ တက်ရောက်ခဲ့ပါတယ်။ ရဟန်း နှစ်ဝါရတော့ ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်ဆရာတော်ထံမှာ စာပေသင်ကြားခဲ့ပါတယ်။ နောက်ပြီး မန္တလေးမြို့ တောင်ပြင်ထီးလင်းတိုက်၊ ဇောတိကာရုံကျောင်း ဆရာတော် ဦးပညာနန္ဒဘိဝံသနှင့် ဦးနိုင်ကြော်ထံမှာ ပညာသင်ကြားရာ ငယ်လတ်၊ ကြီး၊ ဓမ္မာစရိယ စာချတန်းအထိ ၉နှစ် သင်ကြားခဲ့ပါတယ်။ ယခု ၂၀၀၆ ခုနှစ်မှာ ဒီ ပိဋကတ်တိုက်ကျောင်းကြီး ရောက်ခဲ့ပြီး ဦးဇင်းတစ်ပါး၊ ကိုရင်နှစ်ပါးနှင့်အတူ သာသနာပြုနေခဲ့ပါတယ်"

"မုန့်ပါ ဘုရား။ အရှင်ဘုရားလက်ထက်ကျမှ အခု အဆောက်အအုံများကို ရှင်းလင်းပြုပြင်တာပါလား ဘုရား"

"ဟုတ်ပါတယ်။ ကျုပ် ဒီတောချုံကြီးတွေကို ငွေသုံးသိန်းလောက် ကုန်ကျအောင် ခုတ်ထွင်ရှင်းလင်းခဲ့တယ်။ အခုသိမ်ကြီးက ဦးဟန်မြင့်လွင်+ဒေါ်ကြည်ဝင်း မိသားစုက မ,တည်ငွေ ၈သိန်းနဲ့ အများစုပေါင်း ပြုပြင်ခဲ့တာပါ။ ဒီပြင် သိမ်ဟောင်းကြီး ပြုပြင်တာရယ်၊ မျက်နှာစာရှင်းပြီး ဟိုလမ်း







www.burmeseclassic.com

www.burmeseclassic.com



နဲ့ တံတားရယ်၊ ကုဋီ ၄လုံးရယ်ကိုတော့ ဦးအောင်မြင့်ကျော် (AE-လမ်းအထူးအဖွဲ့ - ၂) + ဒေါ်ခင်မာချိုတို့က လှူဒါန်း ထားတာပါ။ လမ်းတံတားက ကွန်ကရစ်ခင်းဖို့ ကျန်နေပါ သေးတယ်။ ကျောင်းဟောင်းကြီးလည်း ပြင်ဆင်ပါဦးမယ်။ သိမ်ပြင်တုန်းက ၂၀၀၈ခုနှစ်မှာ တိုင်းရင်းဆေးဆရာ ဆရာမြ သမီး ဒေါ်တင်တင်ဥတို့ကလည်း ပါဝင်လှူဒါန်းလို့ ခုလို ပြီးမြောက်သွားခဲ့တာပါ"

"မှန်ပါ ဘုရား။ အရှင်ဘုရား · · · ရေးသားသနာပြု လုပ်ငန်းများရော စီစဉ်ရန် ရှိပါသလား"

"ကျွန်ုပ်က ပိဋကတ်တိုက်ကျောင်းဆိုတော့ ပိဋကတ် စာပေတွေနဲ့ စာသင်တိုက် ဖွင့်ပါမယ်။ ရိပ်သာလည်း ဖွင့်ပါ မယ်။ သာသနာတော်အတွက် တိုးတက်ရန် လမ်းစရာနေပါ ပြီ။ ဗုဒ္ဓအလိုတော်ကျ ဆောင်ရွက်ကျင့်ကြံ ကြိုးစားသွားပါ မယ်"

"အရှင်ဘုရားလက်ထက်မတိုင်မီ ဆရာတော်ကြီး ဦးနတ္တရလက်ထက်က ဒီကျောင်းကြီးက သိုက်ကြီးအေယ်။ ဘယ်သူမှ မလာရဲဘူးလို့ ကြားပါတယ် ဘုရား။ အဲဒီ ဂန္ဓိရ တွေရော တွေ့ရပါသေးလား ဘုရား"

"ကျွန်ုပ် ဒီကျောင်းကြီးပေါ် ရောက်တဲ့ညမှာပဲ အားလုံး ကို မေတ္တာပို့ အမျှဝေပြီး သစ္စာပြုခဲ့တယ်။ မြင်အပ်, မမြင် အပ်တဲ့ ပဂ္ဂိုလ်များ · · · ကျွန်ုပ် သာသနာပြုမှာဖြစ်လို့ ကောင်းတာလည်း မပြန့်, မကောင်းတာလည်း မပြန့်။ ကူညီ စောင့်ရှောက်ပါ။ သင်တို့နေတာတော့ အနှောင့်အယှက်မပြု ပါဘူးလို့ ပြောလိုက်တယ်။ အဲဒီမှာ ကျွန်ုပ် အိပ်နေတုန်း ဒကာမတစ်ယောက် တက်လာတယ်။ ကျွန်ုပ်က လက်ညှိုး ထိုးပြီး စောစောက ပြောသလို ပြောလိုက်တော့ ပျောက် သွားတယ်။ နောက်တော့ ဘုမ္မိရတွေက ဝတ္ထုဒွေတွေကို မရ,ရတဲ့နည်းနဲ့ ကူညီခဲ့တယ်။ ပြောရရင် အိပ်မက်ပေးလို့ ကျွန်ုပ် သုံးလုံးဂဏန်းပေါက်ခဲ့ဖူးတယ်။ ခုတော့ နေသားကျ သွားပါပြီ"

"အရှင်ဘုရား · · · အကျိုးတော်ဆောင်အဖွဲ့များရော ဖွဲ့ထားသေးလား ဘုရား"

"ကျွန်ုပ်အဖွဲ့မှာ လူ ၂၅ယောက်လောက် တာဝန်ပေး ဖွဲ့ထားပါတယ်။ ပွဲတော်တွေကတော့ ပဒ္ဓာန်းပွဲ၊ ကထိန်ပွဲ၊ သီတင်းကျွတ် မီးထွန်းပွဲ၊ တန်ဆောင်တိုင်ပွဲတော်တွေ ဖြစ်ပါ တယ်"

"မှန်ပါ၊ ဝမ်းသာပါတယ် ဘုရား။ အရှင်ဘုရား ဘယ်လို နှုတ်ကပါတ်တော်များ ရွတ်ပွားပါသလဲ ဘုရား"

"ကျွန်ုပ် နေ့စဉ် ပရိတ်ကြီး (၁၁)သုတ်၊ ပဒ္ဓာန်း ၂၄ ပဒ္ဓေည်း၊ ဓာရနပရိတ်၊ အာဘိဏှသုတ်တို့ကို ရွတ်ဖတ်ပြီး မေတ္တာပို့တယ်။ ဂုဏ်တော်ပုတီးစိပ်တယ်။ အနက် ငါးမျိုးကို ပွားများသရဇ္ဈာယ်ပါတယ်"

"မှန်ပါ ဘုရား။ မြတ်စွာဘုရား နှုတ်ကပါတ်တော်ဆို တော့ ဘေးအန္တရာယ်ကင်းပါတယ် ဘုရား"

"ကဲ · · · ဓာတုကြီး၊ ဟောဒီ သမိုင်းထဲက လိုအပ်တာ တွေ ပေါ်လွင်အောင် မှတ်တမ်းတင် ရေးပါတော့"

"မှန်ပါ ဘုရား။ ဝမ်းသာလှပါတယ်"

◈◈◈

ရာဇဝင်ထဲက ရေကြည်

ရေမွန်အခေါ် "ကျိုက်တမော်"။ မြို့မာမင်းလက်ထက် အခေါ် "ပန်းတောရေကြည်" တဲ့။ ပြည်ကို ပတ်ပြီး စီးဆင်းတဲ့

www.burmeseclassic.com

ဘုရားလက်တက်ချောင်းက ရေကြည်လွန်းသဖြင့် ခေါ်ခဲ့ကြခြင်း၏ ပုသိမ်-ဟသ်ာတ ရထားလမ်းဖောက်သည့် ၁၉၀၂ ခုနှစ်က လယ်ကွင်းထဲမှာ ဖြစ်၏။ ဘူတာနှင့် တစ်မိုင်ကျော်ဝေးသော မြို့ဟောင်းမှ လူများက သွားလာရေးလွယ်ကူရန် ချောင်းရွှေ့လာရာ ဘူတာတစ်ဝိုက်တွင် စည်ကားပြီး၊ မြို့ဟောင်းမှာ လူနေကျဲလာသည်။ ၁၉၀၂ ခုနှစ်နောက်ပိုင်းမှာ ပန်းတောမြို့တော်ပြီး "ရေကြည်မြို့"ဟု ခေါ်တွင်ခဲ့ခြင်းဖြစ်သည်။

သက္ကရာဇ် ၉၀၇ ခုနှစ်၊ ခရစ်နှစ် ၁၉၄၅ ခုနှစ်၊ တပင်ရွှေထီးမင်းလက်ထက်က ခေါ်ဝေါ်သည်မှာ "ပန်းတောရေကြည်"ဖြစ်သည်။ မြို့စားများ၊ သူကြီးများ အုပ်ချုပ်ခဲ့ကြောင်း သက္ကရာဇ် ၁၁၄၅ ခုနှစ်မှစ၍ အခွန်များ ဆက်သခဲ့ အုပ်ချုပ်ပုံကို ပန်းတောမြို့ သူကြီး နန္ဒရဲခေါင်၏ စစ်တမ်းမှာ ၁၁၄၆ ခုနှစ်က တစ်ကြိမ်မှ နှစ်ကြိမ် တင်ပြခဲ့ဖူးပါသည်။

သက္ကရာဇ် ၁၁၄၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ပုသိမ် (၃၂)မြို့အဝင်၊ ပန်းတောမြို့ သူကြီး နန္ဒရဲခေါင်အား မေးသော် ပန်းတောမြို့ကို ရာဇာတ္တ ကြီးစိုးကြောင်း၊ ထို့နောက် သား "ငနေသာ"၊ နောက် သား "နန္ဒရဲခေါင်"၊ ဒို့နောက် သား "သော"တို့ ကြီးစိုးပါသည်။

ပန်းတောမြို့၏ နယ်နိမိတ်မှာ တပင်ရွှေထီးမင်း လက်ထက် ၉၀၇ ခုနှစ်နှင့် သာလွန်မင်းလက်ထက် ၉၉၅ ခုနှစ်တွင် အနောက်ဘက် ဟသ်ာတ၊ အရှေ့တောင် ဓနုဖြူခဲတောင်၊ ဆောင်ဘက် ပုသိမ်နှင့် ရခိုင်နယ်စပ်၊ အနောက်မြောက် အနောင်မြို့ အရှေ့မြောက် ရွှေကျင်ရွာအထိ ရှိကြောင်း သိရှိရပါသည်။ သက္ကရာဇ် ၁၁၀၈ ခုနှစ်၊ စစ်ကိုင်းမင်းလက်ထက်တွင် ပဲ့နင်းကြီး ဦးကျော်လှအား အုပ်ချုပ်စေခဲ့သည်။

အင်္ဂလိပ်များ သိမ်းယူသည့် ၁၁၆၄-၁၈၀၂ ခုနှစ်နှင့် ၁၂၄၄-၁၈၅၂ ခုနှစ်အထိ နှစ်ပေါင်း (၅၀) မည်သူ အုပ်ချုပ်သည် မသိရပါ။

၁၈၅၂ ခုနှစ်၊ အောက်မြန်မာပြည်ကို သိမ်းယူပြီး အသုတ်၊ ငါးသိုင်းချောင်း၊ ရေကြည် သုံးမြို့ပေါင်း၍ ရေကြည်မြို့နယ်ဟု သတ်မှတ်ပြီး မြို့ဟောင်းပိုင်းတွင် ရုံးစိုက်၍ အုပ်ချုပ်စေခဲ့ပါသည်။ ဝေနမြစ် ရေကာတာဖို့စဉ် ရေကြည်ချောင်း ပိတ်၍ ကောသွားရခြင်းကြောင့် လှေသမ္ဗန်များ မသွားနိုင်တော့ပေ။ ယခင်တုန်းက ဒီပါရုံဘုရားအထိ ရေလှေ၍ နန်းများ တင်ကျန်ပြီး "နန်းကနိုင်"ဟူသော ကွင်းကြီးရှိပါ၏။ ထိုအချိန်က ကုန်းလမ်းခရီး မရှိသေး။ ရေလမ်းနှင့် သွားလာရသဖြင့် ငါးသိုင်းချောင်းမြို့မှာ ပိုမိုစည်ကားလာတော့၏။ ၁၂၆၀ ခုနှစ်တွင် ရေကြည်မြို့ ပြိုပိုင် ဦးခိုလက်ထက်တွင် ငါးသိုင်းချောင်းသို့ ပြောင်းရွှေ့သွားသဖြင့် ရေကြည်တွင် ဂါတ်သာ ကျန်ခဲ့တော့၏။ ၁၂၈၅ ခု၊ ဒုတိယဝါဆိုလဆန်း ၈ရက်နေ့တွင် ငါးသိုင်းချောင်း ရေကာတာကျိုးသဖြင့် မြို့ပိုင်ရုံးကို ရေကြည်သို့ ပြန်ပြောင်းရတော့သည်။

သမိုင်းဝင်တဲ့ ဘုရားများနှင့် သာသနိက အဆောက်အအုံများ

ရှေးက ထူပါရုံနှင့် ဒီပါရုံဘုရားသည် ရေကြည်မြို့တောင်ဘက်တွင် ရှိပါ၏။ တန်ခိုးကြီးဘုရားတစ်ဆူ ဖြစ်ပါသည်။ သက္ကရာဇ် ၆၀၂ခုနှစ်တွင် ဥမ္မာဒန္တီ မိဖုရားမှ တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ထိုစေတီကြီး၏ မြောက်ဘက် ပေ ၂၀၀ အကွာတွင် နောင်တော်ကြီးစေတီရှိပြီး ဆရာတော် ဦးသုန္ဒရသည် ၎င်းစေတီ၏ ဌာပနာအချို့ကို တူးဖော်၍ လှူဖွယ်ဝတ္ထုများ၊ ရုပ်ပွားတော်များဖြင့် ဌာပနာကာ ဖိနပ်တော်အထိ ပြင်ဆင်တည်ဆောက်ခဲ့ပါသည်။

ပဲ့နင်းကြီးဘုရားမှာ ရေကြည်မြို့ဟောင်းပိုင်းတွင် ရှိပါ၏။ ၎င်းစေတီမှာ ဥမ္မာဒန္တီ မိဖုရားနှင့် ပဲ့နင်းကြီး သူကြီး ဦးကျော်လှက ဆက်လက်ပြင်ဆင်ထားပါသည်။ သက္ကရာဇ်



www.burmeseclassic.com

www.burmeseclassic.com

ဘဝခုနှစ်ဟု ဘုရားထီးတော်တွင် ကမ္ဘည်းတင်ထားပါသည်။ လေတော်ရဲဘုရားသည် ရေကြည်ချောင်းတစ်ဖက်ကမ်း လေတော်ရဲရွာတွင် စာည်ရှိသည်။ ဥမ္မာဒန္တီ မင်းသမီးမှ တည်ထားပြီး ပဲနင်းကြီး ဦးကျော်လှက ပြင်ဆင်၏။ ၁၂၈၅ ခုနှစ်တွင် တစ်ကြိမ်၊ ၁၃၁၀ ခုနှစ်တွင် တစ်ကြိမ် ထပ်မံ ထီးတော် ပြင်ဆင်ခဲ့ပါသည်။ ယခုအခါ ကျောင်းတိုက်ဆရာတော်ကြီး များမှ ဗုဒ္ဓပူဇနီယပွဲတော်များ၊ ပဌာန်းဒေသနာအတွက် ရွှတ် ဖတ် ပူဇော်ပွဲများ ကျင်းပခဲ့ပါသည်။ ဒီပါရဲဘုရားပွဲတော်သည် တပေါင်းလပြည့်နှင့် လပြည့်ကျော် ၁ရက်နေ့အထိ ဈာတ်ပွဲ၊ အပြိမ်ပွဲများဖြင့် ကျင်းပခဲ့ပါ၏။

ရာဇဝင်ဟောင်းရဲ့ ဝိဥကတ်တိုက်ကျောင်း

ဝိဥကတ်သုံးပုံ ရေးဟောင်း ပရိုက်များ ထားရှိရာ ကျောင်းတော်ကြီးဖြစ်သဖြင့် ဝိဥကတ်တိုက်ကျောင်းဟု ခေါ်ပါ၏။ မြို့ဟောင်းဝိုင်းတွင် ရှိ၏။ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်က ဆရာတော် ဦးမေဓာက ဝိဥကတ်တိုက်ကျောင်းအမည် ဖြင့် သိတင်းသုံးခဲ့၏။ ထို့နောက် ဦးသုဒဿန(ဦးအောင်မွေး)မှ ကြီးမှူး၍ သက္ကရာဇ် ၁၂၅၄ ခုနှစ်တွင် ဝိဥကတ်တိုက်ကျောင်း တည်ဆောက်ခဲ့၏။ ထို့နောက် မန္တလေးမြို့သို့ သွားရောက်ပြီး ဝိဥကတ်သုံးပုံကို စာရေး (၆၀)ဦးတို့ဖြင့် သုံးနှစ်တိုင်တိုင် ကူးယူခဲ့သည်။ ၁၂၄၇ ခုနှစ်၊ သီပေါမင်း ပါတော်မူစဉ်က ဆရာတော် မန္တလေးတွင် ရှိနေပါ၏။ ၁၂၈၄ ခုနှစ်တွင် ဆရာတော် ပြန်ကြွလာပြီး ဝိဥကတ်သုံးပုံနှင့်တကွ နန်းတွင်းအသုံးအဆောင်အချို့နှင့် ဘုရင့်ဝတ်လဲတော်များပါ ပါလာခဲ့ပြီး ဝိဥကတ်သုံးပုံကို နိဒ်ခဲ့ထည်ဝါသော ဗီရိုကြီးများ၊ သေတ္တာကြီးများနှင့် စနစ်တကျထားရှိပါသည်။ ၁၃၀၂ ခုနှစ်၊ ပြည်တွင်းစစ်မီးကြောင့် ဝိဥကတ်တော်များနှင့် ရေးဟောင်း ပစ္စည်းများ ဖျက်ဆီးခြင်းခံရပါသည်။ ထို့နောက် ကျန်ရှိသော ဝိဥကတ်သုံးပုံတို့မှာ အပြည့်အစုံအထုပ်မပေါင်း (၁၀၈)ထုပ်နှင့် မပြည့်စုံသော အထုပ်ပေါင်း (၃၆၀)ထုပ်ကို ရန်ကုန်မြို့ ကမ္ဘာအေး ဝိဥကတ်တိုက်သို့ ပေးပို့လှူဒါန်းခဲ့ပါသည်။ ယခုဆိုလျှင် နှစ်ပေါင်း (၁၂၀)တိတိ ကြာမြင့်ခဲ့ပါ၏။ ရာသီဥတုဒဏ်ကြောင့် ပြိုကျပျက်စီးပြီး အဝိုးများ ကွာကျကာ၊ အခင်းများလည်း မရှိတော့ပေ။ အဆောက်အအုံနံရံများမှာ ကွဲအက်နေပါ၏။ ညောင်ပင်နှင့် ချုံနွယ်များ ပေါက်ရောက်ကာ အုတ်ချပ်ကြီးများ ပြိုကျနေပါတော့၏။ သဘာဝဘေးဒဏ်ကြောင့် အနှံတုမရတဲ့ ခိုင်ခဲ့မှုက ကြဲကြွမခံနိုင်တော့ပါ။

ယခုဆိုလျှင် ဆရာတော် ဦးကွန္ဒောဘာသက ဤ ဝိဥကတ်တိုက်ကျောင်းကြီးကို ထိန်းသိမ်းစောင့်ရှောက်နေပါသည်။ ကျန် သာသနိက အဆောက်အအုံများ၊ စေတီပုထိုးများကလည်း ပြုပြင်ဖို့ လက်ကမ်းဖိတ်ခေါ်နေသယောင် ထင်ရပါ၏။ အကယ်၍များ အလှူရှင် ဒါယကာ၊ ဒါယိကာမ၊ ပါရမီရှင်၊ သာသနာပြု ပုဂ္ဂိုလ်တွေ ပေါ်ခဲ့လျှင်တော့ ရွှေရောင် တဖိတ်ဖိတ်နှင့် ကြည်ညိုဖွယ်အတိ ဖူးမြော်နိုင်ပါ၏။

ရေကြည်မြို့အား ရေကြည်သားတို့က ငါတို့မွေးရပ်မြေမှာ တို့တစ်တွေ သာသနာလက်၊ ဒါနလက်၊ ပါရမီရေစက်တွေနှင့် ကုသိုလ်ပြု ဒါနပွား၊ စေတနာထားကြဖို့ လိုအပ်နေပါကြောင်း၊ အကယ်၍များ လှူဒါန်းလိုပါလျှင် ဦးကွန္ဒောဘာသ၊ ဖုန်း-၀၉ ၄၉၇၄၉၀၈၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း ကျွန်ုပ် စာရေးသူနှင့် ရေကြည်သားတို့က ဖိတ်မန္တကာပြုအပ်ပါသည်။

ရှေးတုန်းက ရာဇဝင်ထဲမှ ကျိုက်တမော် ဝိဥကတ်တိုက်ကျောင်းကြီးရှိရာ ပန်းတောမြေသို့ လာရောက်လှည့်ပါ။ လေ့လာကြပါ။ လှူဒါန်းကြပါလို့ တိုက်တွန်း ဂါရဝပြုရင်း ဖိတ်ခေါ်လိုက်ပါတော့သည်။

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု

မင်းတိုင်ပင် (မြရောင်းမြေ)

*****

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ၏ ဝိဇ္ဇာဓရနယ်ပယ်တွင် ထင်ရှားခဲ့သော ရာကျော်ဆရာတော်ကြီး ဦးကိတ္တိအကြောင်း လူအများ ကြားဖူးကြပေမည်။ မြန်မာပြည်အနှံ့အပြားနှင့် မင်းခမ္မတောင် ဆော်တွင် သာသနာပြုလုပ်ငန်းများကြောင့် ကျော်ကြားလှပေ သည်။ အချို့သော တပည့်ရင်း။ ဒကာရင်းတို့က ရွှေဖြစ်သည် ဟု ဆိုပါသည်။ စစ်မှန်သော အတွေးအခေါ်အယူအဆအရ ရွှေသည် ရွှေ၊ ငွေသည်က ငွေသာဟုဆိုပါလျှင် မှန်ကန်မှုရှိ ဆေးမ်မည်။ လူတို့ သုံးစွဲကြသော လူသုံးကုန် ပစ္စည်းတို့ ဘွင် တန်ဖိုးပေါ် မူတည်၍ အတုနှင့် အစစ် ခွဲခြားပေါ်ပေါက်ခဲ့ ခြင်း အစစ်သည် စစ်မှန်၍၊ တန်ဖိုးကြီးခြင်း ရှိသလို၊ အတု သည်ကလည်း သူ့နေရာနှင့်သူ အသုံးမဝင်မရှိ အသုံးဝင်ခြင်း ရှိသည်က လူ့လောကပင် ဖြစ်လေ၏။ အဘယ်ကြောင့်ဆို သော် လူဆိုသော အသိဉာဏ်ရှင်သည် စနစ်တကျ နေရာ ချစွာ အသုံးချတတ်ခြင်းကြောင့်ပင် ဖြစ်ပေသည်။

"ဒကာကြီး···ဘာလုပ်နေလဲ"

"သွပ်ဖမ်းမလို့ပါ ဘုရားသေ့"

"အင်္ဂရတ် ဝါသနာပါတာလား"

"တင်ပါ့ ဘုရားသေ့။ စာအုပ်ထဲက သွပ်ဖမ်းနည်းအတိုင်း လုပ်ကြည့်မလို့ပါ ဘုရားသေ့"

"ဒကာကြီး···လူသားဘဝခရီးလမ်းကို ဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်ဖို့ ဘာလိုလဲ သိလား။ ဘုရားသေ့ပဲ ဖြေပါ့ မယ်။ ဆရာကောင်းလိုတယ် ဒကာကြီး။ ကူးလမ်းဖြောင့်မှ ရောက်လွယ်တယ်ဆိုတဲ့ စကားဟာ နက်နဲမှု ရှိပါတယ်။ အဲဒီလိုပဲ လူတွေမှာ အသိနစ်မျိုးရှိကြတယ်။ တစ်ခုက ပညတ်အသိ (အများပြောသိ) နဲ့ ပရမတ်အသိ(ကိုယ်တိုင် ကိုယ်ပိုင်အသိ) လို့ ခေါ်တယ်။ ဘုရားသေ့ပြောချင်တာက ပရမတ်အသိရှိဖို့ လိုတယ်။ ဒကာကြီးတွေးကြည့်၊ ကိုယ်ပိုင် အသိရှိမှသာ အတတ်ပညာကို ကူးပြောင်းရင် အကျိုးကြီး

ရာကျော်ဆရာတော်ကြီး ဦးကိတ္တိ
ချီးမြှင့်ခဲ့သော
သွပ်စတ်လမ်း

ရဲမျိုးသူ
(ဇော ဓိ မြို့)



www.burmeseclassic.com

www.burmeseclassic.com

စေတယ်"

"တင်ပါ့၊ ဘရသေ့ပြောတာ တန်ဖိုးကြီးပါတယ်"

"ဒကာကြီးကို တစ်ခုပြောပြမယ်။ ကျေးဇူးတော်ရှင် ဗျောင်း ပထမဆရာတော်ကြီး ဦးကောသလ္လမဟာထေရ်မြတ် ဆုံးမခဲ့တဲ့ ဩဝါဒပါပဲ။ မြေပုံဆရာနဲ့ လမ်းညွှန်ဆရာကို ဥပမာ ပေးတယ်။ ခရီးသွားရာမှာ မြေပုံနဲ့ ခရီးသွားရခြင်းထက် လမ်း ညွှန်ကောင်းကောင်းနဲ့ ခရီးသွားရခြင်းဟာ ပိုပြီးခရီးရောက် စေတယ်လို့ ဆိုပါတယ်။ အဲဒီလိုပဲ နိဗ္ဗာန်ရွေးပြည်မြတ်ကို ခရီးသွားရာမှာ စာအုပ်မြေပုံနဲ့ ခရီးသွားခြင်းထက် လမ်းညွှန် ကောင်း (ဆရာကောင်း)နဲ့ ခရီးသွားရခြင်းက ပိုပြီးခရီးရောက် ပါပေတယ်လို့ ဆိုဆုံးမ ဩဝါဒပေးခဲ့ဖူးတယ်"

"တင်ပါ့ ဘရသေ့။ အဂ္ဂရတ် ဝါသနာပါရင် ဆရာလို တာပေါ့ ဘရသေ့"

"ဟုတ်ပေတယ် ဒကာကြီး။ ဘရသေ့ တစ်ခုပြောပြ လိုက်ပါ့မယ်။ လိုက်လုပ်ကြည့်။ မဖြစ်ခဲ့ရင် ဘရသေ့ကို ပြန်ပြောနိုင်တယ်။ အဂ္ဂရတ်စကားမှာ "သွပ်နဲ့ သံပူ။ တစ်မူး ပြည်တန်"ဆိုတဲ့ စကားရှိတယ်။ အချို့ အယူအကောက်ဟာ နိုးနိုးပဲ ကောက်ယူရတယ်။ ဘရသေ့ပြောတဲ့နည်းနဲ့ အောင် မြင်ခဲ့တဲ့ ပုဂ္ဂိုလ်ဟာ အခြားသူ မဟုတ်ပေဘူး။ ဝိဇ္ဇာအကျော် ဆရာတော်ကြီး ဦးကိတ္တိပဲ။ ဆရာတော်ကြီးဟာ အဲဒီနည်းနဲ့ တပည့်ရင်း၊ ဒကာရင်းတွေကို ကူညီပေးခဲ့တာ အများကြီး ပဲ။ ဒါကြောင့် ဆရာတော်ကြီး ဦးကိတ္တိကို ရွှေဖြစ်တယ်လို့ အမည်နာမည်ကြီးခဲ့တာပဲ ဒကာကြီး။ ဒကာကြီး···ပါးလွှာ တဲ့ ဉာဏ်အသိနဲ့ ကြည့်တတ်ရင် ဘရသေ့ပြောတာကို သဘောပေါက်ပါလိမ့်မယ်"

"တင်ပါ့ ဘရသေ့။ တပည့်တော်ကို နည်းကောင်း လမ်းကောင်းလေး ချီးမြှင့်ပါဦး ဘရသေ့"

"ဒကာကြီး···သွပ်နဲ့ သံပူးတာ လွယ်ပါတယ်။ အခု ခေတ် အလွယ်တကူပြောရရင် သွပ်နဲ့ သံ စပ်ပြီးလုပ်ထား တဲ့ နို့ဆီခွက်ပဲပေါ့။ ထုံးစံအတိုင်း လိုအပ်တဲ့ အလေးချိန်ကို ကတ်ကြေးစာချ၊ အလေးချိန်တိုင်း၊ လုံမှာ ထည့်၊ စကြာဖို နဲ့ ဖျော်။ သိရမှာက လက်ချားတစ်မျိုးတည်းသာ သုံး။ ချော် ဝါကြည်ဆိုက်အောင်အထိ ထိုးရတယ်။ သံပါတယ်ဆိုပြီး ဆေးခန်းမပေါက်ရဘူး။ ကိုယ်တိုင် စိတ်တိုင်းကျ ကျေနပ်စေ တဲ့ အဆင့်အထိရောက်ဖို့ မီးဓာတ်ကို ကောင်းကောင်း နားလည် အကဲခတ်တတ်ရတယ်။ ချော်ကို ကြည့်ပြီး ဓာတ် အဆင့်ကို သိရတယ်။ တန်ဖိုးကြီးတဲ့ သတ္တုကို စီရင်တာမို့ အချိန်ပေးရတယ်။ ပင်ပန်းမှုနဲ့အတူ မိမိကိုယ် ယုံကြည်မှု ရှိစေဖို့ လိုတယ်။ ဖိုအပြင်အဆင်မှအစ "ညှပ်ကိုင်လုံထား ဆေးတစ်ပါးလို့"ဆိုတာကြောင့် လွယ်ကူလှတဲ့ သဘောတော့ မဟုတ်ဘူး ဒကာကြီး။ နက်နဲတဲ့ ပညာအသိရှိနေတယ်လို့ နားလည်အပ်တယ်"

"တင်ပါ့။ တပည့်တော် ကြိုးစားကြည့်ပါ့မယ် ဘရသေ့"

"ချော်ဟာ အရောင်ကြီးတယ်လို့ ဒကာကြီး မှတ်ပါ။ ချော်ဝါကြည်ဖို့ကိုပြီး လုံဆဲချောင်ဖြစ်ပြီဆိုရင် ရပြီ။ ဓာတ်သား ရဲ့ ကြည်လင်မှု၊ စင်ကြယ်မှုကို ကြည့်ပြီး ဓာတ်ကို အကဲ ခတ်ရတယ်။ အလေးချိန်ပမာဏ လျော့ကျသွားပေမယ့် ပိုမိုကျစ်လျစ်ပြီး အလေးချိန်စီးတဲ့ သွပ်သံလုံးကို ရပြီပေါ့။ အဲဒီ သွပ်သံလုံးကြီးကို ဘာဆေက်လုပ်ရမလဲဆိုတော့ အလေး ချိန်ကို ချိန်၊ လုံအရွယ်အစားကို ရွေး၊ လုံကို ဇော်မံ အခြောက်လှန်း။ ဇော်မံတယ်ဆိုတာဟာလည်း ပညာသဘော အရ အရောင်ကြီးတယ်။ ဒကာကြီး မံတတ်မှာပေါ့"

"တင်ပါ့ ဘရသေ့၊ တပည့်တော် မံတတ်ပါတယ်"

"ဒါဆို ဘရသေ့ မပြောတော့ပါဘူး။ သွပ်သံဓာတ် တစ်ကျပ်သားနဲ့ ပြဒါးစိမ်း သုံးကျပ်သားထည့်။ အဖုံးပိတ်ပြီး စိတ်ကြိုက် ဇော်မံရတယ်။ ဉာဏ်အသိနဲ့ ယှဉ်လုပ်ရမယ့် နည်းကို မြင်အောင် ဘရသေ့ပြောပြမယ်။ ဒကာ ဖွဲမီး ကိုးတင်းကုန်အောင် နဝင်းဓာတ်ယူပြီး မီးမပြတ် ဖုတ်ခိုင်း တာပါပဲ။ ဖွဲမီးအားကောင်းချိန် ပြဒါးရည်ထဲကို သွပ်က ဝင်မယ်။ သံက မပျော်ဘူး။ အဲဒီလိုနဲ့ ပြဒါးနဲ့ သွပ်ဟာ ဓာတ်ကောလီဖြစ်ပြီပေါ့။ အဆင့်တိုင်း အဆင့်တိုင်းမှာ ဉာဏ်အသိရှိရတာမို့ စိတ်အသိနဲ့ ကြိုးပြီး ဖိထိုးကြည့်ရ တယ်။ ဘရသေ့ပြောပြတဲ့အထိ ဒကာကြီး သဘောပေါက်ရဲ့ လား"

"သဘောပေါက်ပါတယ် ဘရသေ့"

"လူတော်တော်များများ သုံးတဲ့ စကားရှိတယ်။ အမှန် ပဲ ဒကာကြီး၊ ပြဒါးတစ်လမ်း, သံတစ်လမ်းဆိုတာ။ ပြဒါး ဓာတ်ဟာ ဘယ်တော့မှ မတွဲတူး။ ဒီတော့ ဓာတ်ကောလီဖြစ် သွားတဲ့ သွပ်နဲ့ ပြဒါးတွဲပြီး ဓာတ်ဟာ ရွှေရောင်ဆိုးပြီးသား ဖြစ်သွားပြီဆိုတာ ဒကာကြီး မြင်ကြည့်၊ ဖွဲမီးကိုးတင်းကုန်လို့ အလိုချမ်းတယ်ဆိုရင်ပဲ လုံဆန်ချောင်ပြီး ဂလုတ်ဂလုတ် လှုပ်လို့ မြည်တဲ့ သွပ်ပြဒါး ဓာတ်သားကို သံဓာတ်နဲ့ တွဲကား တွေ့ပါလိမ့်မယ်"

"ဒါဆို ဓာတ်နှစ်မျိုးကွဲပြီး ရတာပေါ့ ဘရသေ့"

"ဟုတ်တယ် ဒကာကြီး။ အဲဒီတော့ ဇောကောလီဖြစ် နေတဲ့ သွပ်ပြဒါးလုံးကို ဉာဏ်အသိနဲ့ သုံးသပ်ပြီး လုပ်ပို့

www.burmeseclassic.com

www.burmeseclassic.com

ကြနေသေးတယ်လို့ မှတ်ရမယ်။ ဓာတ်သားကို လုံထဲ ထည့်မီ လက်ချားမီးပေါက်ကို ဖျော်၊ လက်ချားပျော်တော့ ဆတ်သားထည့်၊ မီးလတ်ကို သုံးပြီး အညစ်ဓာတ်တွေ စင်အောင်ထိုး။ ချော်ဝါကြည်အဆင့်ရောက်ပြီဆိုရင် စမ်းသပ်ကြည့်လို့ ရပြီပေါ့။ ဒကာကြီး နားမရှပ်အောင် ပြန်ပြောရရင် ဆုံအဆင့်ဆင့်ပြောင်းတဲ့ သဘောကို သိရမယ်။ ကျွမ်းကျင်ချင်ရင်တော့ အမြဲတမ်း အလေးချိန်၊ အပူရှိန်၊ ချော်ပြောင်းအမှု ကြာမြင့်ချိန်တွေကို တစ်ဆင့်တိုင်း တစ်ဆင့်တိုင်း မှတ်တမ်းတင်ထားရမယ်။ မိမိကိုယ်တိုင် စိတ်တိုင်းကျပြီဆို နှန်းဆွဲသတ္တိကို စမ်းကြည့်ရတယ် ဒကာကြီးရဲ့။ အဆင်ချေ ကျနပ်ပြီဆိုရင် သုံးပဲ တစ်ပဲ စပြီးစမ်းကြည့်။ မှတ်တင်အရောင်ကြိုက်ပြီဆိုရင် လိုသလိုစပ်ပြီး "ရွှေနဲ့ စပ်၊ ထပ်တူဖြစ်ပြီ" လို့ ဒကာကြီး အပိုင်မှတ်ပေတော့"

"တင်ပါ့ ဘရသေ့။ ဖြစ်နိုင်မယ်လို့ တပည့်တော် ယုံပါတယ် ဘရသေ့"

"အဲဒီဓာတ်အတတ်နဲ့ ဆရာတော်ကြီး ဦးကိတ္တိ အကြောင်း ဒကာကြီးကို ဗဟုသုတ ဆက်ပြောပြဦးမယ်။ ဒီနည်းနဲ့ ဆရာတော်ကြီး ကူညီပေးလို့ ကြီးပွားသူတွေ၊ ရွှေဆိုင်သူဌေးတွေ အများကြီးပဲ။ ဘာတွေ ဖြစ်လာလဲဆိုတော့ သူတွေရဲ့ သဘောဟာ တစ်ယောက်ကို ပေးတာ မြင်တော့ အများကပါ လိုချင်ကြတော့တယ်။ ဒီတော့ သွပ်သံဓာတ်ကို ထုံမှု ချ၊ ဇလားရေခွက်ထဲ သွန်ထည့်လိုက်တော့ ဓာတ်လုံးလို အလုံးပွားတွေ အများကြီးဖြစ်ကုန်ပါရော။ တောင်းတဲ့ လူတိုင်းကို တစ်လုံးစီ ပေးတယ်။ ဓာတ်လုံးလေးတွေ ရတော့ လက်စွပ်လုပ်တဲ့သူက လုပ်၊ ဘုရားစင်ပေါ် တင်သူက တင်၊ ကြာလာတော့ သွပ်နဲ့ သံသဘောအရ အရောင်တွေ ညှိုးပြီး မည်းဝါဝါဖြစ်ကုန်တော့တာပေါ့ ဒကာကြီးရယ်။ ဘရသေ့ ပြောချင်တာကို ဒကာကြီး သဘောပေါက်လား"

"ဉာဏ်အသိကို ပြောချင်တာပါ ဘရသေ့"

"ဟုတ်တယ် ဒကာကြီး။ ဆရာတော်ကြီးက လူတွေ လိုချင်ကြတော့ သူမှာ ရှိတဲ့ ဓာတ်ကို အမှန်ခွဲပေးခဲ့တယ်။ အသုံးမပြုတတ်ကြတော့ မည်းညစ်ညစ် ဝါတာတာ ဓာတ်သားတွေသာ လူတွေမှာ အဖတ်တင်တဲ့ သဘောကို ပြောချင်တာပဲ။ ဒကာကြီးကို ဘရသေ့ နောက်ဆုံးပြောချင်တာက ရွှေစပ်တဲ့အတတ်ဟာ တကယ်သုံးတတ်သူအတွက် အကျိုးကြီးတယ်။ လောကီလူသားတို့ လေ့လာအသုံးချအပ်တဲ့ ပညာတစ်ခုလို့သာ မှတ်ပြီး ကြိုးစားကြည့်သင့်တယ်လို့ ဆိုချင်တာပါပဲ" ■

မဟာမြို့ဆရာတော်ကြီးအား အာရုံဖြင့်
ဦးခိုက်လျက်
ရဲမျိုးသူ (ဓောဓိမြို့)

*****



အယ်ဒီတာအဖွဲ့
အမှတ်–၁၆၉၊ ဒုတိယထပ်(ဝဲ)၊ ၃၁ လမ်း(ထက်)၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း– ০৯ ৭২০৭২০৪৩৫২১

www.burmeseclassic.com

www.burmeseclassic.com

ကြံတိုင်းအောင်သည့် ဖောင်တော်ဆောင် ဂါထာမန္တန် ▬ တောကျောင်းဘုန်းကြီး

အထက်ပါ ဂါထာမန္တန်အား အလောင်းစည်သူမင်းကြီးသည် ဖောင်တော်ပေါ်တွင် ဆောင်ခဲ့ပြီး လေကိုးသန်းရံကာ သမုဒ္ဒရာကို ဖြတ်သန်းခဲ့သည်။ ဖောင်စကြာခရီးကား အဖက်ဖက်မှ အောင်မြင်ခဲ့သည်သာဖြစ်သည်။ စိတ်အကြိုရှိသမျှ လိုအင်ဆန္ဒပြည့်ဝခဲ့သည်။ ဇမ္ဗူသပြေပင်သို့ ရောက်သောအခါ သိကြားမင်းသည် ကျောက်ဖျာလွှာပြီး ရုပ်ဖြူဘုရားကို ဆက်သသည်။ သီဟိဠ်ဘုရင်ကလည်း ဒက္ခိဏာသာခါ ရုပ်ထုတော်ကို "ရှင်လုဘုရား" ဟူ၍ ဆက်သသည်။ သိကြားမင်းကိုယ်တိုင် မင်းကြီး စိတ်အကြိုရှိတိုင်း ပြည့်ဝအောင် စွမ်းဆောင်ဖန်တီးပေးနိုင်သည့် ဂါထာမန္တန်ဖြစ်ပါသည်။ အသုံးချတတ်လျှင် အသုံးချတတ်သလောက် လိုအင်ဆန္ဒများ ပြည့်ဝစေပါသည်။

သို့ဖြစ်ပါ၍ စိတ်ကြိုစည်တိုင်း အောင်မြင်စေရန်နှင့် လိုအပ်သည့်အခါ ဉာဏ်ရှိသလို အသုံးပြု ရွက်ဆောင်နိုင်ရန် အတွက် ရေးသားဖော်ပြလိုက်ခြင်းသာ ဖြစ်ပါ၏။ ■

ကြံစည်တိုင်း အောင်မြင်၍ ဆန္ဒပြည့်ဝပါစေ

တောကျောင်း ဘုန်းကြီး

ကြံတိုင်းအောင်သည့် ဖောင်တော်ဆောင် ဂါထာမန္တန်ဆိုသည်မှာ အလောင်းစည်သူမင်းတရားကြီး ဖောင်တော်၌ ဆောင်ခဲ့ဖူးသော အစွမ်းထက်သည့် ဂါထာမန္တန်ကို ပြောလိုရင်းသာ ဖြစ်ပါသည်။ ၎င်းဂါထာမန္တန်မှာ -

(၁) ဗုဒ္ဓေါ တိလောက ဒီပေါစ
ဗုဒ္ဓေါ သူရော တမောနုတ္တော။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမ်ိ
နတ္ထိ မယုံ ဘယံ သဒါ။

(၂) ဓမ္မော တိလောက ဒီပေါစ
ဓမ္မော သူရော တမောနုတ္တော။
ဓမ္မံ သရဏံ ဂစ္ဆာမ်ိ
နတ္ထိ မယုံ ဘယံ သဒါ။

(၃) သံဃော တိလောက ဒီပေါစ
သံဃော သူရော တမောနုတ္တော။
သံဃံ သရဏံ ဂစ္ဆာမ်ိ
နတ္ထိ မယုံ ဘယံ သဒါ။

www.burmeseclassic.com

www.burmeseclassic.com

* နက္ခတ္တဗေဒသည် ကျယ်ပြန့်၍ အကျိုးအကြောင်း ဆက်နွယ်ခိုင်လုံသော အကြောင်းအရာများဖေါ်တွင် အဓြေခံထားသည်။

* ဂြိုဟ်၊ နက္ခတ်၊ ကြယ်၊ တာရာများအကြား၊တွင် ဖြစ်ပေါ်နေသော ဥပဒေသများသည် ကျွန်ုပ်တို့ကမ္ဘာ၊ လူသတ္တဝါများအကြားတွင် ဖြစ်ပေါ်နေသော အင်အားများပင်ဖြစ်သည်။

* နက္ခတ္တဗေဒ သိပ္ပံပညာရပ်သည် လူသားတို့၏ အတိတ်ကံနှင့် ပတ်သက်သော အကြောင်းအရာ ဗဟုသုတကို ရှာဖွေသိရှိနိုင်ပြီး အတိတ်ကံကို ကြဲ့ကြဲ့ခံ၍ အသစ်အသစ်သော ကံများကို မည်ကဲ့သို့ ပြုလုပ်ရမည်ဆိုသည်ကို နည်းပေးလမ်းပြ ပြုလုပ်ထားခြင်းဖြင့် ကံကြမ္မာဘီးအဝန်းအဝိုင်းမှ လွတ်မြောက်စေနိုင်သည်။ (ဂြိုဟ်ဖဇာတကကျမ်း)

၂၀၁၂ အတွက် ဟောစာတမ်း

မှာယူနိုင်ပါသည်။

(ဘဏ်မှ ငွေကြိုပို့ရန်လို့ပါသည်။ ဟောစာတမ်း အိမ်အရောက်ပို့ပေးမည်။ မီးခွေးရေး၊ ကျန်းမာရေး၊ ငွေရေးကြေးရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းပြဿနာ၊ ကြောအနှံ့ပါမည်။ ကလေးအမည်ပေး၊ လုပ်ငန်းနာမည်ပေး၊ မင်္ဂလာရက်ရွေး၊ နီတ်ကလေးမွေးရက်ရွေး မှာယူနိုင်သည်)

ခေတ္တရာဆရာကျော်

(အာကာသနက္ခတ္တဗေဒ ကျမ်းကျင်ပညာရှင်)

www.burmeseclassic.com

ဘော်တိုက်ထဲက တစ္ဆေ

နေမျိုးနွယ်(သစ္စာပြေ)

www.burmeseclassic.com

www.burmeseclassic.com

များစွာသော ဝတ္ထုဇာတ်လမ်းတို့ အတွင် လက်ထပ်ခဲ့ပေါင်းသင်းကြလေသတည်းဟု အဆုံးသတ်ကြပေမယ့် ကျွန်တော့်မှာ လက်ထပ်ပြီးမှ ဘဝကို ထောင်ရသူပြန်ပါသည်။ ကျွန်တော်အချစ်ဆုံးသူလေးနှင့် လက်ထပ်ခဲ့သောနေ့တစ်နေ့မှာ ကျွန်တော့်ဘဝတစ်သက်တာ အပျော်ဆုံးနေ့ဖြစ်၏။ လူတိုင်းကသည်း ကျွန်တော်တို့နှစ်ယောက်ကို ကြည့်ပြီး အပြုံးသည်းလွန်းသည်ဟု ဆိုကြသည်။ တကယ်တော့ ကျွန်တော်တို့ မင်္ဂလာသားမှာ ငွေကြေးမရှိ နွမ်းပါးလွန်းသည့်အပြင် ကျွန်တော်က အလုပ်အကိုင်မဲ့ ဆရာဝန်ကစ်ဦးဖြစ်ပါသည်။ ဆေးသိပ္ပံဖြစ်စေ၊ ကျွန်ုပ်တို့ ကြင်စဦးနှီးမောင်နှံမှာ တစ်ဦးကို တစ်ဦး ချစ်ကြ၊ မြတ်နိုးကြ၊ ကြင်နာကြဆဲပင်။

လက်ထပ်ပြီးသည့်နောက်ပိုင်း ပိုလို့ပင် ဆင်းရဲသွားသည်ထင်မိ၏။ ကျွန်တော်ကလည်း နေရာအနှံ ဒေါင်းတောက်အောင် အလုပ်ရှာပေမယ့် အဆင်မပြေနိုင်ဖြစ်နေသည်။ သို့နှင့် တစ်နေ့မှာ နိုင်ငံခြားသို့ သွားမည့် သင်္ဘောတစ်စီးပေါ်တွင် သင်္ဘောဆရာဝန်အဖြစ် အလုပ်ရပါတော့သည်။ သင်္ဘောဆရာဝန်ဖြစ်သည့်အလျောက် သင်္ဘောသွားရာ လိုက်ပါရချေတော့သည်။ အမှန်ဆိုရလျှင် ကျွန်တော်၏ ကြင်စဦး ဇနီးလေး အနီကို မခွဲခွာရက်ပါ။ ကျွန်တော့်အတွက် တခြားရွေးချယ်စရာလမ်းဆို၍ တစ်ခုမျှ မရှိတော့ပေ။ ဆွေကြေးက လိုအပ်နေပြီမဟုတ်ပါလား။

ကျွန်တော် လိုက်ပါ အလုပ်လုပ်ကိုင်ရသည့် သင်္ဘောအမည်မှာ "မေဆလာ" ဟု ခေါ်ပြီး ပိုင်ရှင်မှာ ကိုမင်းဒင်ဖြစ်၏။ ထိုသူမှာ အသက် ၅၀ ခန့် ခပ်ညှပ်ညှပ်လူတစ်ယောက်ဖြစ်ကြောင်း တွေ့ရသည်။ သင်္ဘောပေါ် ရှိသမျှ လူတိုင်းက သူ့ကို သဘောမကျ။ မနှစ်မြို့ကြကြောင်းလည်း တွေ့နေရ၏။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် ပင်လယ်ထဲ ခရီးထွက်လာပြီး နောက်တစ်နေ့မှာ သူ့အပေါ် အခြားသူများနည်းတူ ခံစားစပြုလာခဲ့သည်။ ထိုပိုင်ရှင် ဦးမင်းဒင်ဆိုသူက သူ့ကျွန်းမာရေးကိစ္စတစ်ခုတည်းကိုသာ အာရုံစိုက်လွန်းသည်။ သူ့ကျွန်းမာရေးအခြေအနေကိုလည်း ကျွန်တော့်ထံ ပြသအစစ်ဆေးခဲ့သည်မှာ တစ်နေ့လျှင် နှစ်ကြိမ် (သို့မဟုတ်) သုံးကြိမ်နှုန်းလောက် ရှိ၏။ သူမှာ နလုံး၊ အစာအိမ်၊ ဦးခေါင်း တစ်ခုခုအတွက်၊ ဒါမှမဟုတ် အမြဲစိုးရိမ်သောကရောက်နေသူဖြစ်သည်။

ကျွန်တော်တို့ သင်္ဘောကြီးသည် မြို့သို့ ရောက်ရှိသွားစဉ်တွင် ဦးမင်းဒင်သည် ကျွန်တော်နှင့် လာတွေ့ ပြန်ပါသည်။

"ကျွန်တော်ပြောလိုက်ရင် ခင်ဗျားယုံမှ ယုံပါ့မလား မသိဘူး။ ဒါပေမယ့် ကျွန်တော့်မှာ ကျွန်တော့်အသက် (၅၈)နှစ်ပြည့်တဲ့နေ့ မရောက်မီ အသက်အန္တရာယ်စိုးရိမ်နေရဦးမဲ့။ စက်တင်ဘာလ ၁၀ ရက်ဆိုရင် ကျွန်တော့်အသက် (၅၈)နှစ်ပြည့်တော့မယ်။ အဲဒီနေ့ည သန်းခေါင်ကျော်သွားပြီဆိုရင်တော့ သေဘေးက လွတ်ပြီ။ အသက်ရှည်ရှည် ရှင်သန်သွားနိုင်ပြီ။ ဒါကို ကျွန်တော် ကြိုတင်ပြီး ဘာကြောင့်သိနေတယ်၊ ဘယ်လိုသိနေတယ်ဆိုတာကိုတော့ ရှင်းမပြတတ်ဘူးဗျာ။ ဘာပဲဖြစ်ဖြစ် အခု ကျွန်တော်ပြောနေတာတွေဟာ အမှန်တွေပဲဆိုတာကိုတော့ ယုံလိုက်စမ်းပါ။ ကျွန်တော်သေရမှာ ကြောက်တယ်။ ဒီမှာ ရှိတဲ့ ဆရာဝန်တွေကိုလည်း သဘောမကျဘူး။ ကျေးဇူးပြုပြီး ကျွန်တော့်ရဲ့ ဆရာဝန်အဖြစ်နဲ့ ခင်ဗျားပဲ ကျွန်တော့်အနားမှာ နေပေးပါလားဗျာ။ နေပေးမယ်မဟုတ်လား။ ခင်ဗျားကို ကျွန်တော် လစာကောင်းကောင်း ပေးပါ့မယ်။ နောက်ပြီး အဲဒီ စက်တင်ဘာလ ၁၀ရက်နေ့ ညသန်းခေါင်ကျော်တာနဲ့ ခင်ဗျားကို ပြန်လွှတ်မှာပါ"

ဦးမင်းဒင်၏ တုန်လှုပ်ချောက်ချားစွာ ပြောစကားများဖြစ်၏။ ပထမတစ်လကျော်သွားသည်နှင့် သူ ကျွန်တော့်ကို ငါးသိန်းထုတ်ပေးပါသည်။ ကျွန်တော်ကလည်း ထိုငွေကို ချက်ချင်းဆိုသလိုပင် ကျွန်တော့်ဇနီးထံ လှမ်းပို့လိုက်သည်။ ဒုတိယလမှာမူ ရှည်လျားလွန်း၊ ကုန်နိုင်ခဲလွန်းသည်ဟု ထင်မိသည်။ ကျွန်တော့်မှာ ဦးမင်းဒင်နှင့်အတူ တစ်နေ့လုံး တစ်ညလုံး နေပေးနေရတော့၏။ သူ အချိန်နှင့်အမျှ ကြောက်ရွံ့စိုးရိမ်ခြင်း ကြီးမားနေခြင်းကြောင့်ဖြစ်သည်။ သို့သော်လည်း သူ့ကျွန်းမာရေးက တစ်ချိန်လုံး အကောင်းပကတိကြီးပင်။

သို့နှင့် စက်တင်ဘာလ ၁၀ရက်သို့ ကျရောက်ခဲ့ပါပြီ။

သင်္ဘောပိုင်ရှင် ဦးမင်းဒင်ကို အရှင်လတ်လတ်ကြီးအတိုင်း တွေ့နေရသေးသည်။ သူ မသေသေး။ ဦးမင်းဒင်မှာ ကျေးဇူးတင်လွန်းလှပြီး ကျွန်တော့်အား ပေးသင့် ပေးထိုက်သောငွေများ ရှင်းပေးပါသည်။ ထိုငွေများကိုလည်း ကျွန်တော့်ဇနီးထံ ချက်ချင်း အမြန်လှမ်းပို့လိုက်ပြန်ပါသည်။ ကိစ္စအားလုံးပြီးသည်နှင့် သင်္ဘောကြီးပေါ်မှ ဆင်းပြီး ထွက်ခွာတော့မည်ဟု ကျွန်တော် စီစဉ်ထားပြီးဖြစ်၏။ ထိုသို့ စီစဉ်ထားသည့်ကြားထဲက ကျွန်တော် ကောက်ကာငင်ကာ အပြင်းအထန် ဖျားတာရဲ့သွားသည်။ ထို့နောက်မှသာ ဇာတ်ပြန်ခရီး စတင်နိုင်ခဲ့ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

◈◈◈

လပေါင်းများစွာကြာပြီးမှ ကိုယ့်အိမ်ကိုယ်ရာ ဘွားခနဲ ပြန်ရောက်သော အခါတွင် ကျွန်တော်မှာ တစ္ဆေတစ်ကောင်လို ဖြစ်နေတော့၏။ မိသားစုတစ်ခုလုံးက ကျွန်တော်သေပြီ၊ ပြန်မလာတော့ဟု ဘွက်ဆထားပြီးသည့် အတွက် အနီကလည်း သူ့အစ်ကိုနှင့် အစ္စူနေထိုင်နေလေပြီ။ ပထမဆုံး ကိုယ့်မိသားစုနှင့် ပြန်ဆုံဆည်းရသည့် ကြောင့် ကျွန်တော် အလွန်အမင်း ပျော်ရွှင်ခဲ့ရပါသည်။ သို့ပေမယ့် ကြာကြာပျော်ရွှင်ခွင့် မရလိုက်ပါ။ ယခု ကျွန်တော်မှာ အလုပ်လက်မဲ့ဖြစ်သွား ပြန်ပြီဟူသော အသိကြီးက စိုးပိုးခံစား နေရပြန်ချေပြီ။ နောက်တစ်ချက်က ကျွန်တော် သင်္ဘောမှာတုန်းက အကြီး အကျယ်ဖျားနာပြီးသည့်နောက်ပိုင်း အတော်လေး အင်အားချည့်နဲ့လာခဲ့ သည်။ ထိုကြားထဲကပင် ဝင်ငွေလေး ရရာရကြောင်း ရုံးတစ်ခုခုမှာ အလုပ် အကိုင်တစ်ခုခု ရှာကြည့်သော်လည်း အကြောင်းမထူးခဲ့။ အလုပ်ဆိုရှိ ဘာ တစ်နှမှ ရှာဖရာဘဲဖြစ်ရပြန်သည်။

တစ်နေ့ အနီ၏ စားပွဲပေါ်မှ ဖောင်တိန်တစ်ချောင်းရှာနေပိစဉ် ထို စားပွဲပေါ်မှာပင် စာတစ်စောင်ကို တွေ့ ထိုက်ရသည်။ ထိုစာမှာ ရပ်ဝေးမှ လာသော စာဖြစ်ကြောင်း ကျွန်တော် သတိ ပြုမိလိုက်ပါသည်။

"အို...ဟုတ်ပါရဲ့ရှင်၊ အဲဒီစာကို ကျွန်မ မေ့နေလိုက်တာ။ အဲဒီစာက မောင် ဒီမှာ မရှိခင်ကတည်းက ရောက် နေနှင့်တာ ကြာလှပြီ"

အနီက ပျာပျာသလဲ ဝင်ပြော လိုက်သည်။ ကျွန်တော်က ထိုစာအိတ် ကို ဖောက်ဖတ်လိုက်ရာ ဦးမင်းဒင် သင်္ဘောပိုင်ရှင်ထံမှ ဖြစ်ကြောင်း တွေ့ လိုက်ရ၏။ စာမှာ အောက်ပါအတိုင်း ဖြစ်သည်။

စက်တင်ဘာ ၁၂၊ ၂၀၀၁ ခုနှစ်
မိတ်ဆွေကြီး ဒေါက်တာ နေမျိုး

မိတ်ဆွေကြီးအနေနဲ့ ကျွန်တော့်ကို ကျေးဇူးတရား မသိတတ်ဘူးလို့ ထင် ကောင်းထင်နေပါလိမ့်မယ်။ ကျွန်တော့် ဘက်က ပြန်လည်ကျေးဇူးပြုတဲ့အနေနဲ့ ဒီချက်လက်မှတ်လေး ပို့လိုက်ပါတယ်။

သင်၏ ထာဝရ သစ္စာရှိသော
သင်္ဘောပိုင်ရှင် ဦးမင်းဒင်

ထိုစာနှင့်အတူ ငွေဆယ်သိန်း တန် ချက်လက်မှတ်တစ်စောင်ကို တွေ့ လိုက်ရသည့်အတွက် ပထမတွင် ကျွန် တော့်ကိုယ်ကျွန်တော် အိပ်မက်မက်နေ သလားဟုပင် ထင်မိပါသေးသည်။ ထို လများအားလုံးအတွင်း ကျွန်တော်တို့ ဆင်းဆင်းရဲရဲနေထိုင်ခဲ့ရသည်။ ငွေကြေး အတွက် ပူပင်ကြောင့်ကြမှုများခဲ့ရသည်။ အနီ၏ စားပွဲပေါ်မှာ ချက်လက်မှတ် တစ်စောင် ငုတ်တုတ်ရှိနေခဲ့သည်ကို ကျွန်တော်တို့ မသိခဲ့ကြ။ ကျွန်တော် မဖော်ပြနိုင်လောက်အောင် ပျော်သွား သည်။ ထို့နောက် ဦးမင်းဒင်ထံ ကျေးဇူး တင်ရှိကြောင်း စာတစ်စောင် ချက်ချင်း ရေးလိုက်ပါသည်။ ဟစ်ဆက်တည်း နောက်တစ်နေ့တွင် ရန်ကုန်သို့ သွား ရောက်ပြီး ဘဏ်တွင် ငွေထုတ်ယူ လိုက်မည်ဟု ဆုံးဖြတ်လိုက်၏။ ရန်ကုန် ဘဏ်ကြီးတွင် ထုတ်ယူရမည်ဖြစ်ပါ သည်။

နောက်တစ်နေ့ ရန်ကုန်သို့ အသွား လမ်းခရီးပေါ်တွင် ကျွန်တော် တို့၏ အိမ်နီးချင်းဖြစ်သူ မောင်ချွန်နှင့် တွေ့ဆုံမိခဲ့သည်။ သူကပင် ကျွန်တော့် ကို နှုတ်ဆက်စကားပြောဆိုမေးမြန်းပြန် သည်။

"ဟေ့...သူငယ်လေး နေမျိုး ဘယ်သွားမလို့လဲကွ"

"ရန်ကုန်ဘဏ်ကြီးကိုပါခင်ဗျ"

"ဩော်...ဩော်...ငါလည်း ရန်ကုန်ကို သွားမှာပဲ။ အတူသွားကြတာ ပေါ့။ ငါ အဲဒီဘဏ်ကြီးမှာ နှစ်ပေါင်း (၂၀)လောက် ငွေကိုင်စာရေးလုပ်လာခဲ့ တာ မင်းမသိဘူးလား။ ငါကတော့ ငါ ထိုင်ခဲ့တဲ့ ငါ့ကောင်တာလေးကို အခုထိ သတိရမိတုန်းပဲဗျာ။ ငါ့ကောင်တာက ကဲကောင်းတဲ့ ကောင်တာကွ"

"ဗျာ...ကဲကောင်းတဲ့ ကောင် တာ၊ ဟုတ်လား"

"ဟုတ်တာပေါ့ ချာတိတ်ရာ။ အဲဒီဘဏ်ကြီးထဲ အလုပ်လုပ်သူတွေ သမျှ တချို့ကောင်တာတွေက ကဲ ကောင်းပြီး၊ တချို့ ကောင်တာတွေက ကဲဆိုးတယ်ဆိုတာ သိနေကြတယ်ကွ။ တချို့ လူတွေကျတော့ ကဲကောင်းတဲ့ ကောင်တာမှာ ထိုင်လိုက်ရလို့ ကောင်း စားသွားကြတာနဲ့၊ ရာထူးတွေ တက် သွားကြတာနဲ့ပေါ့။ တချို့ ကဲကောင်းတဲ့ လူတွေ ပြောတာပါ။

အဲ...ဒီအထဲမှာ ကဲဆိုးတဲ့ ကောင်တာတွေထဲက ပြောရရင် ဥပမာ တစ်ခုတော့ ထုတ်ပြနိုင်တယ်။ မောင်ပု လို့ခေါ်တဲ့ သူငယ်လေးတစ်ယောက် ပေါ့ကွာ။ သူ အဲဒီ ကဲဆိုးတဲ့ ကောင်တာ မှာ ထိုင်ခဲ့ရတယ်။ လူကတော့ လူချော လေး။ ပျော်ပျော်ရွှင်ရွှင်လည်း နေတတ် တယ်။ သူမှာ နှင်းဆီလို့ခေါ်တဲ့ ညီမ လေးတစ်ယောက်ရှိတာပဲ။ သူညီမလေး ကလည်း ချောချောလှလှလေး။ သူ့ အစ်ကို မောင်ပုကို အတော်လေးဒိုင်းကို ချစ်တာ။ ဒီကလေးမလေးက သူတို့ မိသားစုအတွက် တစ်ကယ်တစ်လမ်းက ဝင်ငွေရဖို့ အလုပ်အပြင်းအထန်လုပ်ရဲ

www.burmeseclassic.com

ဆေးဘူး သူ့အစ်ကိုကိုလည်း အမြဲကရတစ်ခါက စောင့်ရှောက်နေတာပေါ့ကွာ။ ဒီတို့ ငွေကိုင်စာရေးတွေအားလုံး နင်းဆီကို ကြိုက်မိကြတာချည်းပဲ။ လူပျိုသူရွယ်တိုင်းလိုလို ကြိုက်ကြတာဆိုပါဆော့။ ဒီအထဲ ငါကိုယ်တိုင်အပါအဝင်ပဲဟော့။ တို့တွေ လက်ထပ်ခွင့်တောင်းလိုက်တိုင်းလည်း သူလေးက အမြဲငြင်းတယ်ကွ။ ဒီအထဲမှာမှ ကိုမြင့်မောင်ဆိုတဲ့ လူတစ်ယောက်လည်း ပါသေးတယ်။ ဒီလူက မောင်ပုရဲ့ အရင်းအချာဆုံး သူငယ်ချင်း။ မောင်မြင့်က သူ့ကို ချစ်နေတယ်ဆိုတာလည်း နင်းဆီ သိနေတာပဲ။ ဒါပေမယ့် နင်းဆီကလည်း မောင်မြင့်အပေါ် ကြောက်လန့်မိတဲ့ ခံစားချက်တစ်မျိုးပဲ ရှိခဲ့တယ်။ သူ့အစ်ကို မောင်ပုကိုလည်း မောင်မြင့်နဲ့ တစ်ချိန်လုံး တတွဲတွဲလုပ်နေတဲ့အတွက် အမြဲပူပန်သောကရောက်နေရရှာတယ်။

တစ်နေ့ကော့ အဲဒီဘဏ်ကြီးမှာ ပြဿနာပေါ်ပါလေရော။ ငွေတွေ ယူသွားတဲ့ကိစ္စကွ။ မောင်မြင့်ဆိုတဲ့ ကောင်ကလည်း မောင်ပု ခိုးတာပါလို့ ပြောတော့တာပါပဲ။ ဒီမှာတင် မောင်ပု က ထောင်ကျသွားခဲ့တယ်။ နောက်ပြီး ထောင်ထဲမှာပဲ သေသွားခဲ့ပြန်တယ်။ ဒီလို မောင်ပု ထောင်ထဲမှာ သေသွားတယ်ဆိုကတည်းက သူညီမ နင်းဆီခမျာ ပရိဒေဝမီးတောက်လောင်ပြီး အရူးတစ်ပိုင်းနဲ့ ကြောင်တောင်တောင် ဖြစ်သွားရှာပြန်တာပေါ့။ မောင်ပု သေဆုံးသွားပြီးတဲ့ နောက်ရက်တွေမှာ နင်းဆီဆိုတဲ့ မိန်းကလေးဟာ ဘဏ်ကြီးကို နေ့တိုင်းလာ လာပြီး "ကျွန်မ အစ်ကို လာပါသလားရှင်" လို့ မေးနေတော့တာပါပဲ။ တို့တွေကလည်း "မင်း အစ်ကို ဒီနေ့ မလာပါဘူး မိန်းကလေး ရယ်" လို့ပဲ ပြန်ပြောနေကြရတယ်။ ဒီတော့ သူက ကျွန်မ မျှော်နေတဲ့ အကြောင်း ပြောပေးကြပါလား။ ကျွန်မ မနက်ဖြန် လာခေါ်မယ်လို့လည်း ပြောပေးပါနော်လို့ ဆိုသွားတတ်သေးတယ်။ ဒီလိုနဲ့ တစ်နေ့မှာတော့ ဒီကလေးမလုံးဝ မပေါ်လာတော့ဘူး။ ဒီနောက်တော့ သူလည်း သေသွားပြီဆိုတဲ့ သတင်း ကြားလိုက်ရတော့တာပါပဲကွာ"

ရှည်လျားစွာ ပြောသွားသော စကားမှာ ကြေကွဲ ရင်နင့်ဖွယ်ကောင်းလှသည်။ ထို့ပြင် ကျွန်တော့်အား သိချင်စိတ်တစ်ခုက ရှိနေပြန်သည်။

"ဒီနဲ့ မောင်မြင့်ဆိုတဲ့သူကရော ဘာဖြစ်သွားသေးလဲ"

"အင်း... မောင်ပုသေသွားပြီးတဲ့ နောက် အထက်အရာရှိတွေက သူ့ကို သူ့ရဲ့ ကံကောင်းတဲ့ ကောင်တာက နေပြီး မောင်ပုရဲ့ ကောင်တာဟောင်းကို ပြောင်းထိုင်ခိုင်းလိုက်တယ်။ သူက လည်း ပုံမှန် အလုပ်ဆင်းနေကျအတိုင်း ဆင်း ပြန်နေကျအတိုင်း ပြန်။ နေ့တိုင်း အချိန်မှန်နေတာပဲ။ ဘယ်သူနဲ့မှလည်း စကားမပြောတော့ဘူး။ တစ်လက်လုံး လူပျိုကြီးဘဝနဲ့ နေသွားပြီး အခန်းကျဉ်းလေးတစ်ခုထဲ တစ်ကိုယ်တည်း အခန်းအောင်နေသွားတော့တယ်။ သေတော့လည်း သူ့အသက် ၅၀ လောက်မှာ ချက်ချင်း ကောက်ကာင်ကာ သေသွားတာပဲ။ ဒီနောက်တော့ သေဆုံးသွားပြီးသား လူတစ်ယောက်ရဲ့ ချက်လက်မှတ်နဲ့ တစ်ယောက်ယောက်က ဒီဘဏ်ကြီးမှာ ငွေလာထုတ်တဲ့အခါတိုင်း အဲဒီ မောင်မြင့်ရဲ့ ဝိညာဉ်ရောက်ရောက် လာတတ်တယ်လို့ လူတွေ့ ပြောနေကြတယ်ကွ။ ဒါကို လူအတော်များများ မြင်ဖူးကြသတဲ့"

ကျွန်တော်တို့နှစ်ဦးသား စကား တပြောပြောနှင့် လာခဲ့ကြရာ ဇာတ်လမ်းကလည်း အဆုံး၊ လိုရာခရီးသို့လည်း အရောက်၊ အသီးသီး နွှတ်ဆက် လမ်းခွဲခဲ့ကြပါတော့သည်။

များမကြာမီမှာပင် ကျွန်တော့်မှာ ရန်ကုန်မြို့၏ လူသူများ ပျားပန်းခတ်မှု ရှုပ်ထွေးလှသော ဆူးလေလမ်းမကြီးများပေါ် လျှောက်သွားနေလျက်သား ဖြစ်နေခဲ့ပါသည်။ ထို့နောက်တော့ ရန်ကုန်ဘဏ်ကြီးသို့ ရောက်ခဲ့ဖူးပါတော့သည်။ ဘဏ်ကြီးလေးအရောက်

www.burmeseclassic.com

ငွေသား ဆယ်သိန်းထုတ်ယူလာသော ချက်ငင်္ချက်မှတ်မှာ အစစ်မဟုတ်ဟု ပြောဆိုစွပ်စွဲကြတော့သည်။ ကျွန်တော့်မှာ ထိုပြစ်မှုနှင့်ပင် ထောင်အကျဉ်းစံဘဝရောက်ခဲ့ရပါချေပြီ။ အဖြစ်အပျက်တို့မှာ ဘယ်လိုမှ မမျှော်လင့်နိုင်လောက်အောင်ဖြစ်နေသည်။ ချက်လက်မှတ်က ဘယ်လိုက ဘယ်ပုံ အတုဖြစ်သွားရပါလိမ့်။ ရဲများကလည်း မေးပြီးသား အလားတူ မေးခွန်းဟောင်းများသာ ထပ်တလဲလဲမေးနေပြန်သည်။ ကျွန်တော့်အဖို့လည်း ဖြေပြီးသား အဖြေဟောင်းနှင့် ပြန်ဖြေရုံက လွဲ၍ အခြားမရှိ။ တာဝန်ရှိသူများက သင်္ဘောပိုင်ရှင် ဦးမင်းဇင်ထံမှ ရပါသည်ဆိုသော ချက်လက်မှတ်အကြောင်း မေးမြန်းကြသည်။

"ချက်လက်မှတ်ပေါ်က နေ့စွဲကို ပြောပြပါ ကိုနေမျိုး"

"နေ့စွဲကတော့ သူပေးလိုက်တဲ့ စာထဲက နေ့စွဲအတိုင်းပဲလေ။ စက်တင်ဘာလ ၁၂ရက်တဲ့။ ဒီမှာ ကြည့်ကြပါခင်ဗျာ"

"ဒီမှာ အဲဒီစာနဲ့ ချက်လက်မှတ် ဆိုတာက ခင်ဗျားကိုယ်တိုင်ရေးထားတာလို့ပဲထင်တယ်။ ခင်ဗျား တကယ်ပဲ ဘာမှမသိဘူးလား။ ရန်ကုန်က ရဲဌာနတွေဆီ စုံစမ်းတော့ သင်္ဘောပိုင်ရှင် ဦးမင်းဇင်ဟာ စက်တင်ဘာလ ၁၁ရက် နေ့ကတည်းက သေဆုံးပြီးပြီလို့ သိရတယ်။ ကဲ - စက်တင်ဘာလ ၁၁ရက်မှာ သေသွားတဲ့လူက စက်တင်ဘာလ ၁၂ရက်ပါလို့ ရေးနိုင်ပါ့မလား။ ခင်ဗျား စဉ်းစားကြည့်ပေါ့။ လူပဲ သေသွားပြီပဲဗျာ။ ဒီချက်လက်မှတ်ကလည်း အစစ်မဟုတ်ဘူး။ အဲဒီငွေစာရင်းနံပါတ်ကလည်း အင်္ကလိပ်ဘဏ်က နံပါတ်မဟုတ်ဘူး။ ကဲ - ဒီကိစ္စကို ခင်ဗျား ဘယ်လို

ငွေသား ဆယ်သိန်းထုတ်ယူလိုက်ပါသည်။ ကျွန်တော်လည်း ငွေသားထုတ်ယူရရှိပြီးသွားသည်နှင့် ထိုဘဏ်ကြီးထဲမှ အပြန်ဆုံး ပြန်လှည့်ထွက်လာခဲ့တော့၏။ စိတ်ထဲတွင်လည်း မသိုးမသန့် မအီမလည် တစ်မျိုးကြီး ခံစားနေရသည်မှာ အမှန်ပင်။ မည်သို့ဖြစ်စေ၊ အိမ်ပြန်ရောက်သည်နှင့် ကျွန်တော် လူချမ်းသာလေးတစ်ဦးဖြစ်သွားပြီဟု ဆိုရပါတော့မည်။

◈◈◈

ကျွန်တော်တို့ဘဝ တစ်နှစ်အတွင်း အရာရာပြောင်းလဲသွားပုံမှာ အံ့သြစရာပင် ကောင်းတော့သည်။ ကျွန်တော်ကိုယ်တိုင်လည်း အလုပ်အကိုင်တစ်ခုရရှိသွားခဲ့ပြီး တင့်တောင့်တင့်တယ်နေနိုင်သွားပြီဖြစ်၏။ အလုပ်အကိုင်ကလည်း ဆရာဝန်တစ်ယောက်အဖြစ် လုပ်ကိုင်ရသောကြောင့် ကျွန်တော့်လုပ်ငန်းတွင် ကျွန်တော်ပျော်ပိုက်လုပါသည်။ ထိုသို့ရှိနေစဉ် တစ်နေ့မှာ ရန်ကုန်ဘဏ်ကြီးမှ ဝန်ထမ်းတစ်ယောက်နှင့် ရဲသားတစ်ယောက် ကျွန်တော့်အိမ်သို့ ရောက်လာသည်ကို တအံ့တသြ တွေ့လိုက်ရသည်။ ကျွန်တော် အံ့သြလို့မဆုံးမီ ထိုသူများက ငွေဆယ်သိန်းတန် ချက်လက်မှတ်နှင့် ကျွန်တော် ငွေသားထုတ်ယူလာသည့်ကိစ္စအပေါ် မေးခွန်းများစွာထုတ်ပြီး စစ်ဆေးပါတော့သည်။ ကျွန်တော်ကလည်း ကျွန်တော် သိသမျှအားလုံး ပြန်လည်ဖြေကြားပြောဆိုရုံသာ ရှိပါသည်။ ထိုနေ့အဖို့ လိုအပ်သမျှ စစ်ဆေးမေးမြန်းပြီး သူတို့ နောက်ကြောက်ပြန်လှည့်သွားကြ၏။

ဒါပေမယ့် ထိုသူနှစ်ဦး နောက်တစ်နေ့ ကျွန်တော့်အိမ် ပေါက်ချလာပြန်ပါသည်။ ယခုအခါတွင် ကျွန်တော်

တွင် ကျွန်တော့်အိတ်ကပ်ထဲမှ ချက်လက်မှတ်ကို နောက်ထပ်တစ်ကြိမ် ပြန်ထုတ်ကြည့်မိပါသေးသည်။ ချက်လက်မှတ်အစစ်ဟုတ်၊မဟုတ် သေချာစေရန်ဖြစ်၏။ ဘဏ်ကြီးထဲမှ အနေအထားက ပထမတွင် ကျွန်တော့်ကို စိတ်ရှုပ်ထွေး နောက်ကျိစေပါသည်။ လွန်စွာမှ များပြားလှသော ကောင်တာများ၊ ထိုကောင်တာအသီးသီးတွင် ရှိနေကြသော ငွေကိုင်စာရေးများ၊ စိတ်ဇဝေဇဝါဖြစ်ရလောက်အောင်ပင် ကျွန်တော် ဘယ်ကောင်တာကို သွားရမည်မသိ။ ကျွန်တော် ကျိုးကန်းတောင်းမောက်ဖြစ်နေစဉ် ထိုများပြားလှစွာသော ငွေကိုင်စာရေးများထဲမှ တစ်ယောက်က ကျွန်တော့်ကို ကြည့်နေမှန်း ကျွန်တော် သတိထားမိလိုက်တော့၏။ ထိုငွေကိုင်စာရေးမှာ အခြား ငွေကိုင်စာရေးများထက် အသက်အရွယ်ကြီးရင့်နေပြီး သူက အခြားသူများအားလုံး၏နောက်တွင် မတ်တတ်ရပ်လျက်ရှိသည်။ ထိုငွေကိုင်စာရေးကြီး၏ အဝတ်အစားများမှာ အူကြောင်ကြောင်နှင့် တစ်မျိုးကြီးဖြစ်နေ၏။ လွန်ခဲ့သော နှစ်အချို့ဆီက ခေတ်ဟောင်း အဝတ်အစားများ ဖြစ်နိုင်ပါသည်။ ထူးဆန်းနေသည်က သူ့မျက်နှာဖြစ်ပြီး ပိန်ပါးဖြူဖျော့လွန်းလှသည်မှာ လူသေကောင်မျက်နှာအတိုင်း ဖြစ်နေပြန်သည်။ သူ့မျက်နှာပေါ်တွင် အင်္ကလိပ်အက္ခရာစာလုံး (Y)ပုံသဏ္ဌာန် အနီရောင် အမာရွတ်ကြီးတစ်ခုကလည်း အထင်းသားရှိနေ၏။ အခြား ငွေကိုင်စာရေးများမှာ သူတို့အလုပ်နှင့် သူတို့မအားလပ်နိုင်အောင် ဖြစ်နေသောကြောင့်လည်း ကျွန်တော့်အဖို့ ထိုငွေကိုင်စာရေး လူထူးလူဆန်းကြီးဆီသာ သွားရန်ရှိတော့သည်။ နောက်ဆုံးတွင်တော့ သူ့ထံမှာပင် ချက်လက်မှတ်ပြီး

www.burmeseclassic.com

နှင်းမလဲ။ ဒါတွေကို ခင်ဗျားကိုယ်တိုင် အပ်ကြေလိုက်တာဖြစ်ကြောင်း ဖြစ်ဖို့ ရှိနေပြီလေ"

စုံစမ်းထောက်လှမ်းရေးတာဝန်ရှိသူရဲ့ ပြောစကားကြောင့် ကျွန်တော် အာပြန်ပြောရမှန်းမသိလောက်အောင် စိတ်ရှုပ်ထွေး နောက်ကျိခဲ့ရသည်။ စက်ဘင်ဘာလ ၁၁ရက်တုန်းက ဦးပင်းဒင် တစ်ယောက် ဘယ်ပုံသေဆုံးသွားသည် ဆို စက်တင်ဘာလ ၁၁ရက်နေ့ဆိုက သည်း သူ့ထံမှ ကျွန်တော်ခွဲခွာပြီး နောက်တစ်နေ့ဖြစ်နေသည်။ ထိုချက် သက်မှတ်ပေါ် လက်မှတ်မရေးထိုးသေး ဘဲ တစ်ရက်ဖြစ်နေပြန်သေးသည်။ ဒါ ဖြစ်နိုင်။ ကျွန်တော့်ကိုယ်ကျွန်တော် သိသမျှမှာ ကျွန်တော် ရူးသွပ်နေသူ မဟုတ်သလို၊ ပြစ်မှုကျူးလွန်ခဲ့သူ မဟုတ်။ ထို့နောက် မတတ်နိုင်သည် အဆုံး သက်သေပြဖို့ ကျွန်တော်ကြိုရ ဆောသည်။

ငွေထုတ်သည့်နေ့က ကျွန်တော် နှင့်အတူ ရန်ကုန်သို့ လာခဲ့ကြရင်း သမီးတစ်လျှောက်လုံး ရန်ကုန်ဘဏ် ကြီးထဲမှ တစ္ဆေဇာတ်လမ်းအကြောင်း ပြောလာခဲ့သူ မောင်ချွန်ကလည်း ကျွန်တော့်သတင်းကို ရသွားပါသည်။ သူက ကျွန်တော့်အပေါ် ခင်မင်ရင်းစွဲရှိ သူဖြစ်ပြီး ကျွန်တော့်အတွက် စိတ် ကောင်းဖြစ်သွားရှာ၏။ ထို့ကြောင့် လည်း ထောင်ထဲရောက် ကျွန်တော့်ကို လာရောက်တွေ့ဆုံခဲ့သည်။

"မနက်ဖြန်ကျရင် မင်းနဲ့ စုံထောက်တွေ ဘဏ်သွားတဲ့အခါ ငါပါ လိုက်ခဲ့မယ်ကွာ။ ဒီကိစ္စ မင်းကို ငါ ကူညီနိုင်မယ်ထင်တာပဲ"

နောက်တစ်နေ့စောစောတွင်တော့ ကျွန်တော်တို့ ဘဏ်ကြီးသို့ ရောက်ရှိ သွားကြပါသည်။ စုံထောက်များက ကျွန်တော့်အနေနှင့် ငွေကိုင်စာရေး အားလုံးကို သတိကြီးကြီး ဂရုတစိုက် ကြည့်ဖို့သာ ပြောနေသည်။ ကျွန်တော် အခက်တွေ့ရပါပြီ။ ထို အူကြောင် ကြောင် ခေတ်ဟောင်းအဝတ်အစားများ နှင့် လူထူးလူဆန်း ငွေကိုင်စာရေးအို ကြီးကို နေရာအနှံ့ အသည်းအသန်ရှာ ကြည့်ပါသည်။ ဘယ်မှာမှ မတွေ့ရ။

"ဒုက္ခပဲ၊ သူ့ကို မတွေ့ဘူး"

"ခင်ဗျား အချိန်ဆွဲလိုက်တာ မဟုတ်လား။ ကျွန်တော်သိပါတယ်ဗျာ။ ဒီလူ ဒီမှာ တကယ်မရှိပါဘူး"

"နေပါဦး၊ မင်းကရော ဒီလူကြီး ရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြနိုင်ရဲ့လား"

စုံထောက်အရာရှိ၏ စိတ်ဆိုး မာန်ဆိုးပြောလိုက်သည့် စကားကို မောင်ချွန်က ကြားဖြတ်လိုက်သည့် အနေနှင့် ကျွန်တော့်ဘက် လှည့်မေး လိုက်သည်။

ကျွန်တော်ကလည်း ထိုအသက် ကြီးကြီး၊ ငွေကိုင်စာရေးကြီး၏ အူ ကြောင်ကြောင် ခေတ်ဟောင်း အဝတ် အစားများပုံ၊ မျက်နှာပါးလျ ဖြူဖွေးနေ ပုံ၊ မျက်နှာပေါ်မှာ အင်္ဂလိပ်အက္ခရာ စာလုံး (Y)ပုံသဏ္ဌာန် အနီရောင် အမာရွတ်ကြီးတစ်ခုရှိပုံ၊ သက်ရှိ လူ တစ်ယောက်နှင့် မတူဘဲ လူသေ အလောင်းကောင်ကြီးနှင့် ပိတ်နေပုံ အစရှိသမျှ မခြွင်းမချန် ပြောပြလိုက် ၏။

"ဒါက သေသွားတဲ့ လူတစ် ယောက်ဖြစ်နေလို့ကိုး။ မင်းမြင်ခဲ့တာ မောင်မြင့်ရဲ့ ဝိညာဉ်တစ္ဆေပဲကွ။ အဲဒီနေ က ငါ မင်းကို ဒီဇာတ်လမ်းပြောပြခဲ့ တယ်လေ။ မှတ်မိသေးလား။ အဲဒီ ငွေ ကိုင် တစ္ဆေက သေပြီးသား လူတစ် ယောက်ရဲ့ ချက်လက်မှတ်နဲ့ ငွေလာ ထုတ်တဲ့အခါတိုင်း အမြဲရောက်ရောက် လာတတ်တယ်လို့ ငါပြောခဲ့တာရော မှေ့သွားပြီလား။ ဘဏ်အရာရှိတစ် ယောက်ကို မေးကြည့်ပေါ့ကွာ"

မောင်ချွန်က ကျွန်တော့်ကို စကားပြောနေရင်းက စုံထောက်အရာ ရှိဘက် လှည့်ပြီး ပြောလိုက်ပြန်သည်။

"ဒီ ရန်ကုန်ဘဏ်ကြီးထဲက တစ်ယောက်ယောက်၊ ဒါမှမဟုတ် တစ်နိုင်ငံလုံးမှာ ရှိတဲ့ ဘဏ်တစ်ခုခုထဲ က တစ်ယောက်ယောက် ဘယ်သူ ဖြစ်ဖြစ် မေးကြည့်ပါ။ ဟောဒီ ရန်ကုန် ဘဏ်ကြီးထဲက ဝိညာဉ်တစ္ဆေကြီး အကြောင်း သိကြပါတယ်"

ရဲအရာရှိနှင့် ဝန်ထမ်းများက လည်း ထိုနေ့အဖို့ ဘဏ်အရာရှိများ၊ ဘဏ်ဝန်ထမ်းများကို မေးခွန်းပေါင်း ရာနှင့်ချီ မေးလေသည်။ ဘဏ်ကြီးထဲ မှ လူတိုင်း ပြောပြကြသော ထိုဝိညာဉ် တစ္ဆေကြီးအကြောင်း အဖြစ်အပျက် ဇာတ်လမ်းမှာလည်း တစ်ထပ်တည်း တူညီနေချည်းသာဖြစ်နေ၏။

နောက်ဆုံး တာဝန်ရှိသူများအား လုံး ယုံကြည် လက်ခံသွားရပါတော့ သည်။ ကျွန်တော်လည်း ထိုနေ့ညနေ ပိုင်းမှာပင် လေဆာအိမ်မှ လွတ်မေးလိုက် သော ငှက်ကလေးပမာ လွတ်လပ် ပေါ့ပါးကြည်နူးစွာ ကိုယ့်အိမ်ကိုယ်ပြန် နိုင်ခဲ့ပေပြီ။ ကျွန်တော့် ချစ်ဇနီးကလေး အနီကလည်း စိတ်ပူပန်စွာဖြင့် ကျွန်တော် ပြန်အလာကို မျှော်နေပေ ရော့မည်။■

ဘာသာပြန်ဝတ္ထုရေးနေသော စာရေးဆရာကြီး ကို အုံးကြိုင်၏ ပြောပြ ချက်အရ မြန်မာမှုပြု ရေးသားလိုက် ခြင်းဖြစ်ပါသည်။

နေမျိုးနွယ် (သစ္စာဇမ္ဗု)

www.burmeseclassic.com

ရာထူးတက်တဲ့ အောင်ရွှစ်ချက်ဂါထာ

တက္ကသိုလ် အုပန်ငယ်

စာရေးသူတို့ရုံးတွင် စာရင်းစစ်မှူးရာထူးသို့ တိုးမြှင့်ရေး စာမေးပွဲဖြေဆိုရင် အချိန်နီးကပ်လာပြီဖြစ်သည်။ ထိုအချိန်ရောက်လာရင် အတူလက်တွဲလုပ်ခဲ့သော စာရင်းစစ် ဝန်ထမ်းများက စာရေးသူထံ အကူအညီတောင်းခံလာတတ်၏။ စာရေးသူ တတ်သမျှ မှတ်သမျှ ဗေဒင်ပညာ၊ သမထစွမ်းအားဖြင့် တတ်နိုင်သရွေ့ အကူအညီပေးရစမြဲပါ။

တစ်နေ့တွင် တပည့်ဟောင်းဖြစ်သူ မောင်လှကြည် တစ်ယောက် အရေးတကြီးနှင့် အိမ်ကို ရောက်လာပြီး...

"ဆရာ...ကျွန်တော့်ကို ကူညီပါဦး"

"ဘယ်လိုဖြစ်လာလို့ ဘာတွေ ကူညီရမှာတုန်း"

"စာမေးပွဲက နီးပြီ ဆရာ။ ရာထူးတက်အောင် အစီအရင်လေး လုပ်ပေးပါဦး"

"ဟ...စာမေးပွဲအောင်ဖို့ဆိုတာ နတ်တင်မှ ရမှာပေါ့။ ငါ့ဆီ ဘာလို့ လာရတာတုန်း"

"စာမေးပွဲအောင်ချင်ရင် နတ်တင်ရမယ်၊ ဟုတ်လား။ ဘယ်နတ်ကို တင်ရမှာလဲ ဆရာ"

"အေး၊ ဟုတ်တယ်။ စာရင်းစစ်ဆိုတာ လုပ်ငန်းကျွမ်းကျင်ရေးယ်။ လုပ်ငန်းကျွမ်းကျင်ဖို့ဆိုရင် နတ်တင် နင်တတ်မှ ရမှာပေါ့"

"ဟာ... ဆရာကလည်း နောက်နေပြန်ပါပြီ"

"မနောက်ပါဘူး။ စာရင်းစစ်ဆိုတာ စာရင်းစစ် နည်းဥပဒေ၊ စာရင်းစစ်လုပ်ထုံးလုပ်နည်းတွေနဲ့ ဝန်ထမ်းစည်းမျဉ်းဥပဒေ၊ ဘဏ္ဍာရေးစည်းမျဉ်းဥပဒေတို့ကို တတ်သိ နားလည်ထားရမှာပေါ့"

"ကျွန်တော်က ဒီဥပဒေတွေကိုတော့ ကြေညက်အောင် ဖတ်ထားပြီးပါပြီ။ စီးပွားရေးဘွဲ့ရလည်း ဖြစ်လို့ စာရင်းကိုင်၊ စာရင်းစစ်ပညာကိုလည်း တတ်ထားပြီးသားပဲ။ ဒါပေမယ့် ရာထူးပေးမှာက နေရာ (၂၀)ပဲရှိတယ်။ ဝင်ပြိုင်မယ့် လူတွေက အများကြီးပဲလေ"

မောင်လှကြည်က အားငယ် မာန်လျော့သော လေသံဖြင့် ပြောလာသည်။ စာရေးသူက အားပေးသည့်အနေဖြင့်

"အရေးကြီးတာက စိတ်ဓာတ်ပဲ မောင်လှကြည်ရဲ့ နေကမင်းသားလို ငွေရိုက် ရမှာပဲပေါ့။ စာမေးပွဲက ဘယ်လောက် အခက်ကြီး မဟုတ်ပါဘူး။ မောင်ရင့်အတွေ့အကြုံနဲ့ဆိုရင်

www.burmeseclassic.com

အောင်မြင်မှာပါ။ စိတ်မပျက်ပါနဲ့"

"ကျွန်တော် ကြိုးစားပါ့မယ် ဆရာ။ ဒါပေမယ့် စာမေးပွဲက အောင်မှတ်ရရဲ့နဲ့ မပြီးဘူး။ ထိပ်ဆုံးကို ရောက်နေမှ စိတ်ချရမယ်။ ဒါကြောင့်မို့ အားလုံးကို ကျေးဖြတ်သွားနိုင်ဖို့ အတွက် ဆရာက တပည့်ကို လိုအပ်တာလေး အကူအညီ ပေးစေချင်ပါတယ်"

"ဘာလဲ...စာပြပေးရမှာလား။ လူကြီးတွေကို လိုက် ပြောပေးရမှာလား"

"မဟုတ်ပါဘူး ဆရာရယ်။ ခုန ဆရာပြောသလိုပေါ့။ စိတ်ဓာတ်က အရေးကြီးပါတယ်။ ကျွန်တော့်ကို အဆောင် တလေးတစ်ခုလောက် လုပ်ပေးစမ်းပါ။ အဆောင်လေး ရှိ ဆာ့ စိတ်ဓာတ်တွေ တက်ကြွနေပြီး အားရှိနေတာပေါ့"

စာရေးသူသည် သူ့ကို သနားလာသဖြင့် ဆက်မစတော့ ဘဲ ပေးသင့်သော အဆောင်တစ်ခုကို စဉ်းစားလိုက်သည်။ စာရေးသူ ကျောင်းသားဘဝက စာကျက်နေစဉ် ဆွမ်းခံကြွ လာသော ဦးပဉ္စင်းတစ်ပါး ပေးသွားဖူးသော "အောင်ရှစ်ချက် ဂါထာတော်"ကို သတိရလာသဖြင့် စာရွက်တစ်ရွက်ပေါ်တွင် ဂါထာကို ရေးချပြီး မောင်လှကြည့်အား...

"အဲဒီဂါထာတော်ဟာ အောင်ရှစ်ချက် ပဒုမ စက္ကြာ ဂါထာလို့ ခေါ်တယ်။ ဒီဂါထာကို ရာထူးတိုးမြှင့်ပေးတဲ့ အမိန့် ထွက်မချင်း တစ်နေ့ကို (၉၉)ခေါက် ရွတ်ပေးရမယ်။ ဘိုအင်ကိစ္စမှန်သမျှ အောင်မြင်လာလိမ့်မယ်။ လွယ်တယ် ဆိုပြီး အထင်မသေးလိုက်နဲ့ဦး။ တန်ခိုးထက်တာ အမှန်ပဲ"

မောင်လှကြည့်က စာရွက်ကို အားရဝမ်းသာစွာဖြင့် သုံးယူ၍ စာရွက်ပါ ဂါထာကို ဖတ်ကြည့်ပြီး...

"ဒီဂါထာကို မကြာခဏ စာအုပ်၊ စာဆောင်၊ မဂ္ဂဇင်း ထွေမှာ တွေ့ဖူးခဲ့တာပို့ ရွတ်ရမှာ အခက်အခဲမရှိလောက် ဘူး ကျေးဇူးပါပဲ ဆရာ။ ဆရာပြောတဲ့အတိုင်း လုပ်ဖြစ် အောင် လုပ်မှာပါ။ ရာထူးတက်ရင်တော့ ဆရာ့ကို မမေ့ပါ ဘူး"

ဟု ပြောဆို နှုတ်ဆက်ပြီးနောက် သွက်လက်စွာ နေအိမ်မှ ပြန်ထွက်သွားပါသည်။

◈◈◈

ခြောက်လမျှ ကြာပြီးသောအခါ မောင်လှကြည့်တစ် ယောက် ရာထူးတိုးမြှင့်ပြီး ရုံးပြည်အရှေ့ဝိုင်းရှိ မြို့တစ်မြို့ သို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သူငယ်ချင်းများထံမှ ကြား သိရသိုက်ရသဖြင့် ဝမ်းသာမဆုံးဖြစ်မိသည်။

ကိုးလအကြာတွင် မောင်လှကြည့် ပြန်ရောက်လာပြီး ရုံးပြည်ထွက် ပစ္စည်းများနှင့် လာကန်တော့ပါတော့သည်။ စာရေးသူ ပေးလိုက်သော ဂါထာတန်ခိုးကြောင့် အားလုံးကို ကျေးဖြတ်၍ ရာထူးတိုးခဲ့ခြင်းဖြစ်ကြောင်း ပြောပြပါသည်။

အောင်ရှစ်ချက် ပဒုမစက္ကြာ ဂါထာတော်

ဃေစက္ကော ဃယန္တောယော၊
ဃေတဗွေ ဇယာသနေ၊
ဃောပေသိ ဇယေသိန်၊
ဃဲဒေတု ဇယုတ္တရော။

အနက်အဓိပ္ပာယ်

ဃေစက္ကော - အောင်ရာ အောင်ကြောင်း၊ အောင် မောင်းလက်နက်၊ အောင်စက်ရတနာရှိတော်မူပေထသော၊ ဃယာသနေ - ဗောဓိညောင်ရွှေ ဗုဒ္ဓဟေအောက် ဆန်းကြယ် ပေါက် သားရောင်တောက် ပလ္လင်အောင်ရပ်ခွင့်၌ ဃေတဗွေ- ဝေပုတ္တ စသည်အပြား၊ အောင်အပ်သော မာန်ငါးပါးတို့ကို၊ ဃယန္တာ - တုတ်, ဓား မဆောင်၊ ကြီးမနှောင်ဘဲ၊ အောင်တော် မူပေထသော မြတ်စွာဘုရားယသည်၊ ဃေသိန်- အောင်ရာ အောင်ကြောင်း အောင်မောင်းလက်နက် အောင်စက်ရတနာ ကို ရှာမီးကြကုန်သော ဝေနေယျကြာ သတ္တဝါတို့အား၊ ဃောပေသိ - အသာလွယ်ကူ အောင်စေတော်မူလေပြီ။ ဃယုတ္တရော - အောင်သူတကာတို့ထက် မြတ်တော်မူသော၊ သောနယော - လူသုံးပါးတို့၏ ရှေ့သွားခရီးညွှန်သဖွယ် ဖြစ် တော်မူသော မြတ်စွာဘုရားသည်၊ ဇယဲ - ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပျောက်ကွာ မင်္ဂလာအောင်ဆုကို၊ ဒေတု - ပေး သနားတော်မူပါ အရှင်ဘုရား။

အဆိုပါ ဂါထာမှာ ပျော်ဘွယ်မြို့ နေရှင်နယ် ဆရာ တော်ဘုရားကြီး အမြဲရွတ်ပွားကြည်ညိုတော်မူသော ဂါထာ ကြီးဖြစ်ပါသည်။

တက္ကသိုလ် အပန်ငယ်

*****

www.burmeseclassic.com

www.burmeseclassic.com

ဥယျာဉ်ကြီး ဗုံးကျလို့
ရွှေပြောင်ပြောင် ပြောင်

ငွေငွေး(ဟသ်ာတ)

စမ္ဘဇဏ်ဂါထာတော်

ဣတိပိ ဝိဒုကတ္တယံ အနိစ္စံ ဒုက္ခံ အနတ္တံ၊
သတ္တာ ဟောဋ္ဌကေါ အင်္ဂဂီကော မဂ္ဂေါ၊
စတုပဋ္ဌာနံ သဗ္ဗသဏ္ဍန္နော သဟသာ သူရိယော၊
သြောင်း နမော မေတ္တာနံ ရာဇာယံ စောရာယံ၊
ဥဒကာယံ အဂ္ဂိဘယံ သတ္တုဘယံ သဗ္ဗဘယံ၊
ဇေယျော ဇယတု မင်္ဂလံ၊
အနိစ္စံ သခ်ိတံ ပဋိစ္စ သမုပ္ပန္နံ၊
ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓ ဓမ္မံ ခမတိ။

www.burmeseclassic.com

www.burmeseclassic.com

စမ္ဘခဏ်ဂါထာတော်၏ မြန်မာပြန်အနက်

ဝိဇ္ဇကတ်သုံးပုံသည် ဤသို့ဖြစ်ခြင်း၊ ပျက်ခြင်းသဘော ရှိသော အကြောင်းကြောင့်လည်း အနိစ္စမည်၏။ ဤသို့ ဖြစ်ခြင်း၊ ပျက်ခြင်းတို့သည် မပြတ်နိပ်စက်ခြင်းသဘောရှိသော အကြောင်းကြောင့်လည်း ဒုက္ခမည်၏။ ဤသို့ မိမိအလိုသို့ မရိုက်ခြင်းသဘောရှိသော အကြောင်းကြောင့်လည်း အနတ္တ ဆည်၏။

ခုနစ်ပါးသော ဗောဇ္ဈင်သည် လည်းကောင်း၊ အင်္ဂါရုန်ပါး ရှိသောမဂ်သည်လည်းကောင်း၊ ပစ္စည်းဟူသော လေးပါးသော ပတ္ထာန်းသည် လည်းကောင်း၊ အလုံးစုံသော တရားအပေါင်းကို ဣဿရော-အစိုးရတော်မူသော မြတ်စွာဘုရားသည် လည်းကောင်း၊ ရောင်ခြည်တစ်ထောင်အလင်းကို ဆောင်သော နေမင်းသည်လည်းကောင်း၊ ဤသို့ ဖြစ်ခြင်း၊ ပျက်ခြင်း ဃသည့် သဘောရှိသော အကြောင်းကြောင့်လည်း အနိစ္စမည်၏။ ဒုက္ခမည်၏။ အနတ္တမည်၏။ အထူးသဖြင့် မြတ်တော်မူကုန်သော မဟာမေတ္တာအရှင်ဖြစ်တော်မူကုန်သော ဘုရားရှင်တို့အား တပည့်တော်သည် ရှိခိုးပါ၏။

ထိုမေတ္တာအရှင်ဖြစ်တော်မူကုန်သော ဘုရားရှင်တို့၏ မေတ္တာတော် အာနုဘော်အားဖြင့် မင်းဘေးကို လည်းကောင်း၊ ခိုးသူဘေးကို လည်းကောင်း၊ ရေဘေးကို လည်းကောင်း၊ မီးဘေးကို လည်းကောင်း၊ ဓား-လက်နက်ဘေးကို လည်းကောင်း၊ အလုံးစုံသောဘေးကို လည်းကောင်း အောင်မြင်နိုင်သည်ဖြစ်ပါစေသတည်း။ ကုသိုလ်မင်္ဂလာသည် အောင်မြင်နိုင်သည် ဖြစ်ပါစေသတည်း။

အကြင်ကြောင့် အကြောင်းတရားကို စွဲ၍ဖြစ်သော အကျိုးတရားသည် ကဲ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပေါင်းကာ ပြုပြင်အပ်သည် ဖြစ်၍ အပြမရှိ။ ကုန်ခြင်းသဘောရှိ၏။ ပျက်ခြင်းသဘောရှိ၏။ ထို့ကြောင့် ရာဂကင်းခြင်းသဘောရှိသော၊ ချုပ်ငြိမ်းခြင်းသဘောရှိသော နိဗ္ဗာန်ကို ပညာရှိအပေါင်းတို့သည် နှစ်သက်မြတ်နိုးတော်မူပါ၏။

◈◈◈

စာရေးသူ၏ ဇာတိ ဟင်္သာတမြို့တွင် မီးအကြီးအကျယ် နှစ်ကြိမ်လောင်ဖူးသည်။ မြို့လုံးကျွတ်မျှ လောင်ကျွမ်းခဲ့၏။ လူအသေအပျောက်များပင် ရှိခဲ့သည်။ ပထမအကြိမ်လောင်စဉ်က စာရေးသူမှာ အလယ်တန်းကျောင်းသားဘဝ ၁၉၅၃ ခုနှစ်က ဖြစ်ပြီး၊ ဒုတိယအကြိမ်လောင်စဉ်က စာရေးသူ ဝန်ထမ်းဘဝ ၁၉၈၄ ခုနှစ်က ဖြစ်သည်။

မြန်မာနိုင်ငံတွင် မီးလောင်သည်မှာ ထူးဆန်းသည်တော့ မဟုတ်။ နှစ်စဉ်နှစ်တိုင်း မြန်မာပြည်အနံ့ အမျိုးမျိုးသော အကြောင်းတို့ဖြင့် မီးလောင်မှုများ ဖြစ်ပွားလျက်ရှိသည်။ ဟင်္သာတတွင် မီးနှစ်ကြိမ်လောင်ရတဲ့အကြောင်း ပြောစရာများ ရှိနေသည်။

ဤမှု မြို့လုံးကျွတ်နီးပါး လောင်သည့် မီးသည် ရွှေပြောင်ပြောင်ရပ်ကွက်မှစ၍ ကရင်ကျောင်းလမ်း၊ ဗိုလ်ချုပ်လမ်းတစ်လျှောက်၊ ဈေးပိုင်း၊ တာကြီးတန်း၊ လမ်းမတော်၊ ဆကာတန်း၊ ဥယျာဉ်ပိုင်း၊ ငင်းမှ မြို့တွင်း၊ ရေကာတာကုန်းကျော် ကာတာလေးပိုင်း မိုးကောင်းကျောင်းအထိ ရောက်ခဲ့သည်။

ဒုတိယအကြိမ်တွင်လည်း ရွှေပြောင်ပြောင်ရပ်ကွက်မှ ပင် စတင်လောင်ကာ ပထမလောင်စဉ်တုန်းကကဲ့သို့ မြို့လုံးနီးပါးဖြစ်သည်။ ထူးခြားသည်က ဤမှု မြို့လုံးနီးပါးလောင်သည့်မီးတွင် အရှေ့ အနောက်၊ တောင်၊ မြောက် ဝဲယာဘေးမှ အိမ်များ မီးလောင်ကျွမ်းခဲ့ရသော်လည်း၊ မီးဟပ်ခြင်းပင် မခံရသည့် မြို့နှယ် လှပ်စစ်ရုံးအနီး ဗိုလ်ချုပ်လမ်းပေါ်ရှိ အိမ်တစ်အိမ်ဖြစ်သည်။

ဂင်းအိမ်မှာ ဒုတိယကမ္ဘာစစ်ကျန် အိမ်ဟောင်းတစ်လုံး ဖြစ်ပြီး အနည်းငယ် ပြုပြင်ထားသည့် နှစ်ထပ်အိမ်တစ်လုံး ဖြစ်သည်။ မီးလောင်ပြင်ဖြစ်ပြီးနောက် လမ်းပေါ်တွင် သွားလာကြသော လူအပေါင်းနှင့် ဌာနဆိုင်ရာများက ဂင်းအိမ်တစ်လုံးတည်း ထီးတည်းကြီး မိုးထောင် ကျန်ရှိနေသည်ကို တအံ့တသြ ငေးငေးမောမောဖြင့် သတိမထားမိသူ မရှိသလောက်ဖြစ်သည်။

ဤသို့ မီးနှစ်ကြိမ်လောင်သည့်တိုင် နှစ်ကြိမ်စလုံး မီးလောင်မခံရသည့် အိမ်အပေါ် အတွေးအမျိုးမျိုးဖြင့် စိတ်ဝင်စားခဲ့ကြသည်။ ထူးခြားသည်ကတော့ အမှန်ပင်။ ဂင်းအိမ်ပိုင်ရှင်မှာ စာရေးသူ၏ အဒေါ်ဖြစ်သည်။ တစ်မြို့လုံးနီးပါး မီးနှစ်ကြိမ်အလောင်ခံရသည့်တိုင် အဒေါ်အိမ်က နှစ်ကြိမ်စလုံး မီးကွင်းနေ၍ လူတို့ စိတ်ဝင်စားကြသည်။ ထို အကြောင်းအား မေးမြန်းကြသည်။

စာရေးသူ၏ အဒေါ်ကလည်း ဇလွန်ဇာတိဖြစ်၍ ပြည်တော်ပြန်ဘုရားကြီး၏ လှူသမျှ ထင်ရှားသည့် စမ္ဘခဏ်ဂါထာကို ကောင်းကောင်းရသလို၊ နေ့စဉ် ညမနက် ဝတ်မပျက် ရွတ်ဖတ်လေ့ရှိသည်။ အားလပ်သည့်အချိန်များတွင်လည်း နှုတ်က ရွရွရွတ်ဖတ်နေတတ်သည်။ အရေးကြုံလျှင်

www.burmeseclassic.com

လည်း စမ္မခဏ်ဂါထာကိုပဲ သတိရလိုက်သည်။ အိမ်၏ အောင့်အိုင်းတွင်လည်း စမ္မခဏ်ဂါထာကို ရေး၍ ပူဇော်ထားသည်။ အဒေါ်ကတော့ ဤစမ္မခဏ်ဂါထာ၏ တန်ခိုးတော်ကြောင့်ဟု အခိုင်အမာယုံကြည် ပြောဆိုသည်။

စမ္မခဏ်ဂါထာကို မြန်မာပြည်အနံ့ မသိသူ ရှားပါသည်။ အထူးအားဖြင့် ဇလွန်ပြို့အနီးတစ်ဝိုက်ရှိ မြို့ရွာနယ်ပယ်ခရီးတို့၌ သိမီသူ လူကြီးအများ၊ ၎င်းဂါထာကို စစ်ကြီးတစ်လျှောက်နှင့် ပြည်တွင်း ဆူပူသောင်းကျန်းမှုကာလတွင် အထူးအားထားကြသည်။ စာရေးသူတို့ ငယ်စဉ် ဗုံးခိုကျင်းအတွင်းဝင်၍ ဗုံးရောင် ခိုအောင်းစဉ်၌လည်း လူတိုင်း ပါးစပ်ဖျားတွင် ၎င်းစမ္မခဏ်ဂါထာတော်ကို ရွတ်ပွားနေကြသည့်အသံများ ကြားနေရသည်။

၎င်းစမ္မခဏ်ဂါထာသည် နယ်နယ်ရရတော့ မဟုတ်။ အင်္ဂလန်ပြည်ရှင် ဝိတိုရိယဘုရင်မကြီး ခေါင်းကိုက်ရောဂါ ဓေဒနာစွဲကပ်လာ၍ အိပ်မက်အရ အိန္ဒိယပြည် ဘုံဘောဖြို့ ဂိုဒေါင်အတွင်းမှ မူလ သီတင်းသုံးတော်မူရာဒေသ ဇလွန်ပြို့သို့ ပြန်လည်ပို့ဆောင်ပေးရသည့် "မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး" ၏ ထိုင်ခုံ(စမ္မခဏ်) ရေတွာက်မျက်နှာစာတွင် ရေးထိုးထားသော ဂါထာဖြစ်ပါသည်။

သက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် ပြည်နှင့် တောင်ငူအောက်၊ အောက်မြန်မာနိုင်ငံတစ်ဝန်းလုံးကို အင်္ဂလိပ်နယ်ချဲ့တို့က သိမ်းပိုက်ခဲ့သည်။ နယ်ချဲ့တို့က မြန်မာနိုင်ငံအတွင်းရှိ ကြေးဆင်းတုတော်မြောက်များစွာနှင့် ကြေးအိုး၊ ကြေးခွက်အစအန ပေါင်းများစွာကို သိမ်းကျုံးယူငင်သွားသည်။ အင်္ဂလိပ်စစ်ဗိုလ် ဆာပျွန်ဆပ်က သက္ကရာဇ် ၁၂၁၇ ခုနှစ်တွင် မာရ်အောင်မြင် မြတ်စွာဘုရား ဆင်းတုတော်ကြီးအား သင်္ဘောဖြင့် အိန္ဒိယပြည် ဘုံဘောဖြို့သို့ သယ်ဆောင်သွားခဲ့သည်။

ဘိုးတော်ဘုရား၏ သားတော် အိမ်ရှေ့မင်း သီဟသူရသည် သက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် ဓညဝတီ(ရခိုင်ပြည်)သို့ ဦးတော်မူပြီး အပြန်ခရီးတွင် ရဟန်းရှင်လူ ပြည်သူအပေါင်း ကိုးကွယ်ပူဇော်ရန် မဟာမုနိ၊ ရှင်ကျော်မုနိ၊ ရွှေဘုံသာမုနိ၊ မာရ်အောင်မြင်မုနိဘုရားလေးဆူကို ပင့်ဆောင်တော်မူခဲ့သည်။

အိမ်ရှေ့မင်းသားသည် မာရ်အောင်မြင် ဆင်းတုတော်အား နန်းတော်ဦးတွင် ကိုးကွယ်ထားသောကြောင့် "နန်းဦးဘုရား" ဟုလည်း အမည်တွင်ခဲ့သည်။

ဘိုးတော်မင်း၊ အိမ်ရှေ့မင်း၊ ဘကြီးတော်မင်း၊ ကုန်းဘောင်မင်း၊ ပုဂံမင်း၊ မင်းဘုန်းမင်း၊ ကနောင်မင်းတို့အဆက်ဆက်တွင် နန်းဘွဲ့ဦးခဲ့ကြီးကွယ်ရင်း ဆုတောင်းပြည့်လွန်း၍ ဆုတောင်းပြည့်ဘုရားဟုလည်း ခေါ်တွင်ခဲ့သည်။

အိန္ဒိယပြည်မှ ပြန်လည်ပို့ဆောင်၍ မူလ ကိန်းဝပ်စံပယ်တော်မူရာ နေရင်းဒေသ ဇလွန်ပြို့သို့ ပြန်လည်ကြွရောက်တော်မူသည်ကို အစွဲပြု၍ "မာရ်အောင်မြင်" ဘွဲ့အမည်မှသည် "ပြည်တော်ပြန် မြတ်စွာဘုရား" ဟု ယနေ့ထက်တိုင် ထင်ရှားကျော်ကြားတော်မူခဲ့သည်။

ပြည်တော်ပြန်ဘုရားကြီး၏ အံ့သြကြည်ညိုဖွယ်ရာ တန်ခိုးတော်များ များပြားစွာ ရှိလှသည့်အထဲမှ အချို့ကို ဖော်ပြလိုပါသည်။

(၁) ၁၂၈၀ ခုနှစ်အတွင်း ကမ်းနား ယာယီစံကျောင်းတော်၌ သီတင်းသုံးနေစဉ် ရေကြီးခြင်းဘေးနှင့် ကြုံရသော်လည်း ရေမမြုပ်ဘဲ ရေကန်တော့ထိုးနေခဲ့သည်။ ကမ်းနားရပ်ကွက် မီးလောင်စဉ် တန်ဆောင်းတော်ကြီးနှင့်တကွ ဆင်းတုတော်များ မီးဘေးဒဏ်မှ လွတ်ကင်းခဲ့သည်။

(၂) ဒုတိယကမ္ဘာစစ်အတွင်း ဇလွန်ပြို့တွင် ဗုံးဆန်၊ အမြှောက်ဆန်များ ကျရောက်ခဲ့သော်လည်း ဘုရားကြီးနှင့် သာသနိကအဆောက်အအုံများ လုံးဝ ထိမှန်မှု မရှိခဲ့သည်ကိုလည်း ဇလွန်ပြို့သူ မြို့သားများ၊ ရဟန်းရှင်လူများကို ပူးတွေခဲ့ရသည်။

ရွှေပြောင်ပြောင်

မီးလောင်မှုနှင့် စပ်၍ ဟင်္သာတမြို့တွင် ပြောစမှတ်ဖြစ်စရာအကြောင်းတစ်ခုကိုတော့ သိမီသူဝတိုင်း အမှတ်ရစေသည်။ မည်သို့ပင်ဆိုစေ၊ အံ့သြထူးဆန်းဖွယ်တော့ အမှန်ပင်။ ဒါကတော့ မီးလောင်တိုင်း ရွှေပြောင်ပြောင် ရပ်ကွက်က စတင်မီးလောင်ခြင်းပင် ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီး မြန်မာပြည်သို့ ကူးစက်လာခိုနိုးတွင် ဟင်္သာတမြို့၏ အရှေ့ပိုင်းရပ်ကွက်များဖြစ်သော တာဝါးဆယ်၊ ရွှေပြောင်ပြောင်၊ ညောင်ပင်ရွာ စသော ရပ်ကွက်တို့တွင် လူသိများသော စိတ်မနံ့သူတစ်ယောက်ရှိသည်။ သူ့အမည်က ဦးသိန်းဟန်ဖြစ်သည်။ ဦးသိန်းဟန်သည် ရပ်ရွာတွင်းလျှောက်၍ ဤသို့အော်လေ့ရှိသည်။

"ဥယျာဉ်ကြီး ဗုံးကျလို့ ရွှေပြောင်ပြောင် ပြောင်ရော။ တာဝါးဆယ် ဆယ်လိမ့်မည်" ဟူ၍ဖြစ်သည်။ တကယ်ပင် စစ်ကြီးဖြစ်လာသောအခါ မြို့လယ် ဥယျာဉ်ရပ်ကွက်ကို ကျယ်တို့ မီးလောင်ဗုံးကြဲချရာ ရွှေပြောင်ပြောင်ရပ်ကွက်ပါ မီးကူးစက်လောင်ကျွမ်း၍ ပြောင်ခဲ့ရသည်။ စာရေးသူတို့ နေထိုင်သော တာဝါးဆယ်ရပ်ကွက်မှာ ယခုတိုင် မီးတစ်ကြိမ်မျှ

www.burmeseclassic.com

လောင်ကျွမ်းခံရခြင်း မရှိပေ။ လွတ်လပ်ရေးခေတ် မြို့လုံးကျွတ်နီးပါး မီးအကြီးအကျယ်လောင်သော နှစ်ကြိမ်ဆို့လည်း ရွှေပြောင်ပြောင်ရပ်ကွက်ကပင် စတင်လောင်ကျွမ်းခဲ့သည်သာဖြစ်သည်။

ရွှေပြောင်ပြောင်ရပ်ကွက်၌ စာရေးသူတို့ ငယ်စဉ် သိတတ်သည့်အချိန်က စ၍ ရွှေပြောင်ပြောင်ဘုရား၊ ရွှေမြောင်ပြောင်စေတီဟူ၍ တည်ရှိခဲ့သည်။ ဘယ်အချိန်က စတင်တည်ထားခဲ့သည်ကတော့ စာရေးသူ မစူးစမ်းမိခဲ့။ ၎င်း ရွှေပြောင်ပြောင်ဘုရားအမည်ကို အစွဲပြု၍ ရွှေပြောင်ပြောင်ဘုရားဖြစ်လာသည်လားတော့ စာရေးသူ မပြောတတ်။ တစ်ခုခုကို အစွဲပြု၍ ခေါ်ဝေါ်လာခြင်းတော့ အမှန်ဖြစ်နိုင်သည်။

ရွှေစေတီ

ယခုအခါ ၎င်း ရွှေပြောင်ပြောင်ဘုရားကို မြို့နယ်တာဝန်ရှိသူများနှင့် ရပ်ကွက်က အမည်ပြောင်းလိုက်ကြသည်။ ပြောင်းလိုက်သည့် အမည်က "ရွှေစေတီဘုရား"။ လမ်းကိုလည်း "ရွှေစေတီလမ်း" ဟူ၍ဖြစ်သည်။ အကြောင်းက ရွှေပြောင်ပြောင်ဆိုသော စကားရပ်က ဗီဇနေသည်။ စကားနောက် တရားပါသည်ဟု သူတို့မှာ်ယူကြ၍ ပြောင်းလိုက်ခြင်းဖြစ်သည်။

အဲဒီ နာမည်ပြောင်းလိုက်သည့်အချိန်မှ စ၍ 'ယခုတိုင် ရွှေပြောင်ပြောင်ရပ်ကွက်မှစ၍ ဗီဇလောင်သည်ဟူ၍ မကြားရတော့။ ဤ ဂန္ဓိရဆန်မှုကို မည်သည့်လောက ပညာရှင်က မည်သို့ပြောဆို ဆန်းစစ်နိုင်လိမ့်မည်နည်း။

ငွေငြေး (ဟင်္သာတ)

ကိုးကား

- မာရ်အောင်မြင့် ပြည်တော်ပြန်ဘုရားသမိုင်း။

*****

www.burmeseclassic.com

www.burmeseclassic.com

လွတ်မြောက်ရာ ဂိမ်သာ(၁)

ကောလွှာညီ

(ရင် တွင်း သာ သ နာ ပြု)

ဆရာ့ဉာဏ်တော်အား ဖူးတွေ့ရသည့်အတွေ့အကြုံ

"ဆရာပို့သော လွတ်မြောက်ရာ ဂိုဝ်သာ" ဒီနာမည်လေးသည် ပညာတော်ရှာရာ ဓာတ်သက်ပါဆိုသလို ဒီဌာနလေးကို ရောက်လိုက်သည်နှင့် အားလုံးကို လွတ်မြောက်သွားသည်ဟု ခံစားလိုက်ရပါသည်။ ဩော်...လွတ်မြောက်ရာ ရိုးသာတဲ့လား။ ဒီနာမည်လေးကို ပေးတဲ့သူ ဘယ်သူများပါလိမ့်။ ဆရာက မိမိကို ဘဝလွတ်မြောက်မှုရအောင် အမျိုးမျိုး ပညာပေးခဲ့ပုံလေးကို ပြန်လည်အတွေးရောက်မိပါတော့သည်။ မိမိမှာ ဆရာ့၏ ပညာရေးနှိုး သောက်စိုခဲ့ရသည်မှာ အနှစ် (၄၀)ကျော်ခဲ့ပြီလေ။ ဒီအချိန်မှာ ဒီနေရာကို ပို့လိုက်တာ အဓိပ္ပာယ်တစ်စုံတစ်ရာရှိလေမလားလို့ ဉာဏ်နဲ့ လိုက်မိပါတယ်။ ဉာဏ်က ကျက်စားပါတော့သည်။ ဆရာ မိမိကို ဗုဒ္ဓဂယာဘုရားဖူးပြန်ပြန်ချင်း သူ့ထံ လာဖို့ မိန့်သည်။ ဒါလည်း အကြောင်းတစ်ခု၊ အဲဒီအချိန်က ဗုဒ္ဓဂယာခရီးကြမ်းက ပြန်လာရတာဖြစ်လို့ ငြင်းဆန်မိပါသေးတယ်။ သို့သော် ဆရာသည် အကြောင်းမဲ့ လုပ်လေ့လုပ်ထ မရှိတာကြောင့် နောက်နေ့ ချက်ချင်း မန္တလေးလိုက်သွားပါတယ်။ မန္တလေးရောက်တော့ အေးအေးဆေးဆေးပင် ဘာအကြောင်းမှ မရှိသလို၊ အထူးအထွေမိန့်ကြားသည် မတွေ့ရပါ။ သို့သော် တနလ်းနေ့ မြဝတီရုပ်သံအစီအစဉ်က ဆရာလွှင့်နေကျ အစွန်းလွတ်ရာဆီသို့ အစီအစဉ်လာချိန်ရောက်မှ ထူးခြားမှုကို တွေ့လိုက်ရပါတယ်။ ဆရာနှင့် တွေ့တိုင်း မိမိက ဉာဏ် အမြဖွင့်ထားပါတယ်။ ထိုနေ့က အမှတ်မထင် ကြီးကျယ် အေးချမ်းသော ဉာဏ်တော်ကြီးကို မိမိဖူးတွေ့နေရပါတယ်။ ရုပ်သံအစီအစဉ်ကလည်း ဆရာအနေနဲ့ ဆရာ့ဉာဏ်ကြီးထဲမှာ ပညာရေးပုံနဲ့ ဘယ်လိုပညာမျိုးကို ရပ်ရွာပို့ပါသလဲ။ အဲဒီ

www.burmeseclassic.com

ရယူတဲ့ ပညာဟာ လူ့လောကကို ဘယ်လိုအကျိုးပြုပုံတွေကို မေးမြန်းဖြေကြား ဆွေးနွေးနေသောအချိန်ဖြစ်ပါတယ်။

သြော်...ဆရာမြတ်ကြီး (သို့မဟုတ်) မြတ်စွာဘုရား ဉာဏ်တော်ကြီးများ ကြွလေသလားလို့ ထင်မိပါတယ်။ သို့သော် ဆရာ့ဉာဏ်များဖြစ်လေမလားလို့လည်း တွေးမိပါတယ်။ ဆရာ့ဉာဏ်ဆိုရင်တော့ ဆရာ့အနားမှာ နေရတဲ့ လူတွေကတော့ ကံကောင်းတာပဲ။ မိမိ ဗုဒ္ဓဂယာမှာ မြတ်စွာဘုရား၏ ဉာဏ်တော်ကြီးကို ဖူးရသလို၊ ဆရာ့ထံမှာလည်း အလားတူ ဉာဏ်တော်ကြီးက ကွန့်မြူးနေတော့ အားလုံး အေးချမ်းနေမှာပေါ့လို့ မှတ်တမ်းတင်လိုက်မိပါတယ်။ ရုပ်သံအစီအစဉ်ပြီးလို့ ဆရာ ပရိသတ်ဘက်ကို ပြန်လှည့်ပြီး မိန့်လိုက်သံကတော့ မိမိအတွက် အတိုင်းမသိ ဝမ်းမြောက်ရတဲ့ စကားသံပဲဖြစ်ပါတယ်။

"ငါက အရင်တုန်းက ဉာဏ်ပေါက်ချင်ရင် နေရာကောင်းတွေကို ရှာပြီး လိုက်တရားထိုင်ရတယ်။ ဥပမာ-မဟာမြတ်မုနိဘုရားတို့လို၊ ကျိုက္ခမီ ရေလယ်ဘုရားတို့လို၊ ရွှေတိဂုံဘုရားတို့လို၊ ရွှေစက်တော်ဘုရားတို့လိုမှာ ထိုင်မှ ဉာဏ်ပေါက်တယ်။ ခုတော့ ဘယ်နေရာမှာမဆို ငါ့ဉာဏ်က ဖောက်လို့ ရနေပြီ"

လို့ မိန့်လိုက်တော့ မိမိတွေ့နေတဲ့ ဉာဏ်တော်ကြီးက ဆရာ့ဉာဏ်က ဖောက်လိုက်လို့ ပေါ်လာတဲ့ အဖေးဓာတ်ကြီးဖြစ်နေတာကို သိလိုက်ရပါတယ်။ ဒါက အကြောင်းအရာတစ်ခုပေါ့။

နောက်ပြီး သီလရှင်ဆရာလေး ပရိသတ်ဘက်ကို လှည့်ပြီး မိန့်လိုက်တဲ့ စကားကလည်း မိမိဉာဏ်ကို အတည်ပြုလိုက်သလိုဖြစ်သွားပါတယ်။ ဒီလိုပါ။ မိမိတို့ ဗုဒ္ဓဂယာခရီးသွားနေစဉ်မှာပဲ သန္တိသုခကျောင်းမှာ ရာသက်ပန် ယောဂီကြီး ဒေါ်သိန်းမေ အနိစ္စရောက်သွားပါတယ်။ ဒီ ဒါယိကာမကြီးဟာ ဦးပဉ္စင်းတပည့်တွေရဲ့ မိခင်လည်းဖြစ်တယ်။ ဦးပဉ္စင်းအပေါ်ကိုလည်း အထူးပယ်ကြည်တဲ့ ဒါယိကာမကြီး။ သူ့ရဲ့ သားသမီးတွေကို ဦးပဉ္စင်း တရားပေးရတာ အတော်ခက်ခဲခဲ့ပါတယ်။ ဒါယိကာမကြီးကိုယ်တိုင်က အတော်သဘောထားပြည့်ဝတဲ့ ဒါယိကာမကြီး။ သူ့သားသမီးတွေ တရားရရင်ပြီးရော။ လူ့လောကထဲမှာ လည်နေတာကို ကြိုက်ပုံမရဘူးနဲ့ တူတယ်။ သံသရာက ထွက်ရင် ပြီးရောဆိုပြီး စွန့်လွှတ်မှုအပြည့်နဲ့ မိမိကို နားလည်မှုပေးပါတယ်။ ဒါကြောင့် သူ့သား သမီးတွေဟာလည်း သီလရှင်လေးတွေ ဖြစ်ကုန်ကြပြီလေ။ ဒီဒါယိကာမကြီး အနိစ္စရောက်တော့ မိမိက ဉာဏ်နဲ့ လိုက်ကြည့်မိပါတယ်။ သြော်...တရားနဲ့ တော်တော်ပြည့်ဝနေတာပဲ။ အဆင့်တောင် တော်တော်မြင့်နေပြီပဲလို့ သိလိုက်ရပါတယ်။ ဒါက မိမိအမြင်ပါ။ ဒါပေမယ့် ဆရာက...

"သီလရှင်ဆရာလေးတွေ... နင်တို့ ဒေါ်သိန်းမေကို မီဖို့ အတော်ကြိုးစားရမယ်။ ဒီဒါယိကာမကြီးကို ငါတောင် သိပ်မကူလိုက်ရဘူး"

ဆိုပြီး မိန့်တော့ မိမိ ဗုဒ္ဓဂယာမှာ ဒေါ်သိန်းမေရဲ့ ဉာဏ်ကို လိုက်ကြည့်တာ ဆရာပြောတာနဲ့ တစ်ထပ်တည်း ဖြစ်နေတယ်။ ပျော်လိုက်တာ။ မိမိက သေဆုံးသွားတဲ့ ဉာဏ်တွေကို လိုက်ကြည့်လို့ ရတယ်ဆိုတဲ့ သဘောကို ဆရာက သက်သေပြပေးလိုက်သလိုပါပဲ။ ဒီလို ဉာဏ်တွေ တွေ့ရဖို့ မိမိကို ဆရာ ဘယ်လိုပညာတွေပေးပြီး ခိုင်းခဲ့သလဲဆိုတာကို တဖြည်းဖြည်း လွတ်မြောက်ရာဆီသို့ ရိပ်သာကို ရောက်ရင် လွတ်မြောက်ရာဘဝကို ရောက်အောင်လို့ ဘယ်လို ဖြတ်သန်းရတယ်ဆိုတာကို ဆက်လက် တင်ပြပါမယ်။

ဘဝလွတ်မြောက်ဖို့ စခဲ့ရသည့်အကြောင်း တစေ့တစောင်း

မိမိဘဝလွတ်မြောက်ခြင်းအစ "မြတ်ပန်းမွှေးလှိုင်ကြူ" ကလို့ ပြောရင်ရမယ်။ "မြတ်ပန်းမွှေးလှိုင်ကြူ" စာအုပ်ကို ဆရာတော် အသျှင်နန္ဒဝံသ(မဟာဝိဇ္ဇာ)က ရေးသားခဲ့တာပေါ့။ ဒီစာအုပ်ပါ အချက်အလက်အချို့ဟာ မိမိဘဝလွတ်မြောက်ဖို့ ငြိနေတဲ့ အငြိဖြတ်ဖို့ လမ်းစကို စတင်တွေ့ရှိတဲ့ စာအုပ်ပဲဖြစ်ပါတယ်။

မိမိအနေနဲ့ အိုးအိမ်ထူထောင်ပြီး သားငယ်လေးတစ်ဦး ထွန်းကားခဲ့တဲ့ အချိန်ကပေါ့။ သစ္စာတရားကို သိချင်လို့ လူတကာ၊ ရဟန်းတကာကို မေးသော်လည်း အဖြေမရခဲ့ဘူးလေ။ ဒါပေမယ့် တစ်ခုတော့ သိရတယ်။ ဒီလိုစကားတွေနဲ့ မေးနေမယ့်အစား အကျင့်တစ်ခုခုနဲ့ သိအောင်လိုက်မှ ရမယ်ဆိုတဲ့ လမ်းစတစ်ခုကို ရခဲ့တယ်။ ဒါကြောင့် တရားထိုင်ဖြစ်သွားတာပေါ့။ မိမိအိမ်နဲ့ နီးတဲ့ လယ်တီမူဆရာ သက်ကြီးကမ္မဋ္ဌာန်းတိုက်ကို ရောက်သွားတာပေါ့။ ဒီမှာက ဆရာတော်ကြီး ဦးဂန္ဓမာ ဟောထားတဲ့ တရားတွေကိုသာ နာနေရတယ်။ ဆရာတော် ဦးဂန္ဓမာဆိုတာ သမ္မတကြီး စောရွှေဝိုက်လက်ထက်က ကိုးကွယ်ခဲ့တဲ့ ဆရာတော်ကြီးပေါ့။ သူဟာ စာတတ်ပေတတ်ပုဂ္ဂိုလ်ကြီး ဆရာသက်ကြီးထဲမှာ နည်းနာခံပြီး ခန္ဓာရဲ့ တရိန်ရိန် တလူပ်လူပ် တရွရွတွေကို တွေ့ပြီး တရားရခဲ့တဲ့ ဆရာတော်ကြီးပေါ့။ ဆရာတော်ကြီးက တရား

www.burmeseclassic.com

ဟော အလွန်အကွက်လည်ပါတယ်။ ဆရာတော်ကြီးဟော တရားကို နာပြီး မိမိလည်း ခန္ဓာကိုယ်ရဲ့ တရိန်ရိန် တလှုပ်လှုပ် တရွရွကို တွေ့ခဲ့တာပေါ့။ နောက်ပြီး ငြိမ်းအေးမှုတစ်ခုကိုလည်း အပြည်လိုလို ခံစားနေရတယ်။ ဒီတော့ ဆရာတော်ကြီးကို မိမိရဲ့ တရားအခြေအနေကို လျှောက်ထားမလို့ မေးကြည့်တော့ ပုံလွန်တော်မူသွားတာ (၂၆)နှစ်တောင် ရှိသွားပြီလေ။ ဒီမှာတင် မေးစရာ ဆရာ မရှိတော့ ဆရာရှာရတာပေါ့။ ဒီဆရာတော်ကြီးရဲ့ တရားထဲမှာ အပြည်လိုလိုပါတယ်။

ရဟန်းပဂ္ဂိုလ် လူထိုထို၊
စာကို ကျင့်သုံး၏
စာကား ဟုတ်၏။ ဘုဏ်မမိ၊
ထိုအောင် သူ မသိ၊
ယထာဘူတ ကျဖို့ရာ၊
ဆရာရှာလေဘိ။

ဆရာရှာတဲ့အခါမှာ ဘယ်လို ဆရာမျိုးဆိုတာကို ပြောမထားဘူး။ ဒီတော့ ဆရာရှာရတာ ခက်တာပေါ့။ စာတတ်ပေတတ်တွေ ဘုဏ်မမိလို့ရှိရင် ယထာဘူတ မကျနိုင်ဘူးလို့ ဆိုလိုက်တာပေါ့။ ဒီတော့ အကျင့်ကျင့်ပြီး စာပေပါကျွမ်းကျင်တဲ့ ဆရာမှ ဖြစ်မယ်လို့တော့ စိတ်ထဲမှာ သတ်မှတ်မိပါတယ်။

ဒီအချိန်မှာ မိမိ အထက်က ပြောခဲ့တဲ့ "မြတ်ပန်းမွှေးလှိုင်ကြူ" ဆိုတဲ့ စာအုပ်ကို ဖတ်ရတာပေါ့။

တောတွေ၊ တောင်တွေမှာ လှည့်ပြီး တရားအားထုတ်ကြောင်း ရေးထားတဲ့ စာအုပ်ပေါ့။ မိမိကလည်း တရားကျင့်နေတယ်ဆိုတော့ သဘောကျတာပေါ့။ ဩော်... မိမိဒီကြားထဲမှာ မိမိစိတ်ဖြစ်စဉ်ကလေးကို ပြောဖို့ ကျန်ခဲ့တယ်။ ဆရာတော်ကြီး ဦးဂန္ဓမာရဲ့ တရားကို နာပြီး ခန္ဓာကိုယ်ရဲ့ တလှုပ်လှုပ် တရွရွတွေကိုလည်း တွေ့ပြီး ၄၅မိနစ်လောက်မှာ ငြိမ်းငြိမ်းသွားတယ်။ အဲဒီလိုနဲ့ ငြိမ်းသွားပြီဆိုရင် ကြိုက်သလောက်ထိုင်တော့။ ညောင်းလည်း မညောင်းတော့ဘူး။ နာတာ ကျင်တာ ကိုက်တာ ခဲတာတွေလည်း မရှိတော့ဘူး။ ဒီတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုနေတာလားလို့တောင် ထင်မိတယ်။

ဒါပေမယ့် မိမိကိုယ်မိမိ မယုံဘူးဖြစ်နေတယ်။ ဆရာလည်း မရှိတော့၊ ဒီလောက် တရားတွေ ကောင်းနေရင် အိမ်ထောင်တွေ ဘာတွေစွန့်ပြီး အားထုတ်ရရင် ဘယ်လောက်တိုးတက်သွားမလဲလို့ တွေးမိတာပေါ့။ ဒီမှာလည်း အခါအခွင့်သင့်ချင်တော့ မိမိအားထုတ်နေတဲ့ ကျောင်းမှာ ဆရာ ဦးအုန်းဆိုတာရှိတယ်။ သူက စက်ဖွင့်ရတယ်။ တရားခွေတွေကို ရွေးရွေးပြီး လူတွေ နားလည်နိုင်မယ့် တရားခွေတွေကိုပဲ ဖွင့်ပေးတယ်။ အဲဒီခေတ်က တိပ်ရီကော်ဒါကြီးတွေ၊ အခွေတွေက အကြီးကြီးတွေ။ အဲဒီ ဆရာအုန်းက မိမိ တရားအားထုတ်တာကို သဘောကျနေတယ်။ မိမိက သူများတွေပြန်လည်း မပြန်ဘူး။ တရားမိနေရင် ၂နာရီ၊ ၃နာရီ ကြာအောင် ထိုင်ဖြစ်တာပေါ့။ မိမိက ဓမ္မာရုံရဲ့ အောက်ထပ် စက်ခန်းနားမှာဆိုတော့ ဦးအုန်းက သူအခွေဖွင့်ပြီးလို့ ပြန်ရင် မိမိဘေးမှာ ကျောင်းခြံဝင်းတံခါးသော့ရယ်၊ ယောဂီတွေ တရားကျင့်တဲ့ အခန်းတစ်ခန်းရဲ့ သော့ရယ်၊ သော့နှစ်ချောင်း လာထားပြီး သွားတာပေါ့။

ဆိုလိုတာက ပြန်မယ်ဆိုလည်း ဝင်းတံခါးသော့ဖွင့်ပြီး ပြန်၊ မပြန်ဘူးဆိုလည်း ယောဂီတွေ တရားကျင့်တဲ့ အခန်းတစ်ခန်းထဲမှာ ဝင်အိပ်ပြီး ကျင့်ပေါ့ဆိုပြီး သော့နှစ်ချောင်းထားထားသွားတယ်။ ဒီတော့ မိမိမှာ အကွက်ရသွားတာပေါ့။ အိမ်မှာ ဇနီးကို "ဒီနေ့ ကမ္မဋ္ဌာန်းကျောင်းမှာပဲ အိပ်မယ်၊ မပြန်ဘူး၊ တံခါးပိတ်အိပ်တော့" လို့ မှာခဲ့ပြီး ကမ္မဋ္ဌာန်းကျောင်းမှာပဲ အိပ်ဖြစ်သွားတာပေါ့။ ဒီလိုနဲ့ တစ်လ၊ နှစ်လလောက်ကြာတော့ "ငါ မိသားစုထဲက ထွက်ပြီး အားထုတ်ရင် ဖြစ်ပြီ" ဆိုပြီး အားတက်နေတာပေါ့။ အဲဒီမှာတင် ငါ ဒီနေ့ပဲ ထွက်တော့မယ်လို့လည်း ဆုံးဖြတ်လိုက်ရော ဘယ်လိုက ဘယ်လိုအတွေးတွေဝင်လာလဲ မသိဘူး။ သားလေးကလည်း ငယ်သေးတယ်။ ကျောင်းကို ငါ မရှိရင် ဘယ်သူသွားပို့မလဲ၊ သူနဲ့ ကစားဖော်မရှိရင် ဘယ်လိုနေမလဲ။ ငါနဲ့ပဲ ဆော့ကစားနေတာ စသဖြင့် အတွေးလည်း ဝင်လာရော ရင်တွေပူလာတော့တာပဲ။ ဟာ... အဲဒီတော့ မဖြစ်သေးပါဘူး။ ကဲ... ကဲ မဖြစ်သေးပါဘူး။ ကလေးကြီးတဲ့အထိပဲ စောင့်တော့မယ် ဆိုပြီး လက်လျှော့ခဲ့ရတယ်။ အဲဒါ မိမိကို ချည်နှောင်ထားတဲ့ကြိုးကို မဖြတ်နိုင်တော့ ဘယ်လွတ်မြောက်တော့မလဲ။ ဒါကြောင့် လွတ်မြောက်ရာဆိုတာ လွယ်လွယ်လေးနဲ့တော့ မရောက်နိုင်ဘူးလို့ သိရကြောင်း အတွေ့အကြုံကို စေတနာမေတ္တာဖြင့် တင်ပြအပ်ပါသည်။

ဘယ်လိုလွတ်မြောက်အောင်လုပ်ရသလဲဆိုတာကို ဆက်လက်တင်ပြပါဦးမည်။

စေတနာ၊ မေတ္တာဖြင့်
ကေသရ္ဘည
(ရင်တွင်းသံသနာပြု)

*****

www.burmeseclassic.com



ပျားစွဲနိမိတ်နှင့် ယတြာချေနည်း

ဦးကိုကိုအေး
(ကြိုပင်ကောက်)

မခင်ခင်အေး ကျွန်တော့်ထံ ရောက်လာပြီး အောက်ပါ မေးခွန်းများကို ဆက်တိုက်ဆိုသလို စိုးရိမ်ပူပန်စိတ်တို့ဖြင့် မေးနေခြင်းဖြစ်သည်။

"အစ်ကိုကြီး...ပျားတွေ အုံဖွဲ့ပြီး အရပ်လေးမျက်နှာက ဝင်ပြီး ခေါင်တိုင်မှာ ပျားတွေ စွဲနေလို့ အဲဒါ ဘာဖြစ်မလဲ၊ ဘယ်လို ကာကွယ်ရမလဲ"

ရုတ်တရက် ကျွန်တော် ဘာပြန်ပြောရမှန်းမသိ။ ကျွန်တော်က ဒေါ်ခင်ခင်အေးအား စိတ်ကို အေးအေးထားပါ၊ သိသလောက် အကြံပြုပေးရမှာမဲ့လို့ ပြန်ပြောလိုက်ပါသည်။ ပျားစွဲတာ ရှေးရှေး နိမိတ်ကျမ်းတွေမှာ အကောင်းအဆိုး နှစ်တန်ကိုပဲ ရေးသားတာ တွေ့ရပါတယ်။ ကိုယ်တွေ့ မှတ်သားထားတဲ့ အတွေ့အကြုံလေးတွေကို အရင်ပြောပြမယ်။ နားထောင်ပါ။ မိုးကုတ်ရိပ်သာ (၃၂)မှာ အကျိုးဆောင် လုပ်နေတဲ့ ဦးသိန်းဝင်းကို သိတယ် မဟုတ်လား။ သူ့အိမ် အနောက်ဘက်တံခါးမှာ ပျားလာစွဲတာ။ အဲသည် ပျားစွဲပြီး နောက်ပိုင်းမှာ ထီသိန်းဆုပေါက်သွားတယ်။ မယုံရင် မေးကြည့်ပါလား။ နောက်တစ်ခုက ပွဲစားတန်းက တစ်မြို့လုံး လေးစားရတဲ့ အဘ ဦးအောင်သန်းရဲ့ ဗီရိုထဲမှာ ပျားစွဲတာ သုံးနှစ်၊ တက်လိုက်တဲ့ စီးပွား၊ တစ်ခြိုးပြီး တစ်ခြိုးဝယ်။ စီးပွားကျတယ် မရှိဘူး။ အဲဒါ ကောင်းကျိုးပြုတာလေ။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ဦးက တို့ဆရာကြီး။ အခု အသက် ၉၀ ပြည့်ပြီ။ သူသိက္ခာထောက်ပြီး နာမည်မပြောဘူး။ အိပ်ရာခင်းမှာ ပျားစွဲတာ။ အဲသည်အချိန်က အသက် ၇၀ လောက်ပဲ ရှိတယ်။ "တပည့်...ငါ့ကို ဟောကိန်းထုတ်ဦးကွာ" ဆိုပြီး ဆရာကိုယ်တိုင်လာမေးတာ။ တို့က ကြောက်ရ၊ လေးစားရတာမို့ "ဆရာကြီး မိန်းမရလိမ့်မယ်"လို့ တစ်ခွန်းတည်းပဲ ဟောလိုက်တယ်။ ဆရာကြီး အိမ်ထောင်ပြုသွားတယ်။ နောက်တစ်ဦးက လမ်းမတော်လမ်းက ကိုချိုကြီးအိမ်။ မီးဖိုချောင်မှာ မီးဖိုအောက်မှာ ပျားစွဲတာ၊ တက်လိုက်တဲ့ စီးပွားရေး၊ မနားဘူး။

နောက်တစ်ဦးကတော့ မနန္ဒဝင်း။ သူက သူ့အစ်ကိုကြီး စီးပွားကို မီရတာ။ ကုန်လောင်ဖို့ ဂိုဒေါင်ကြီးတစ်လုံးကို ခြံတစ်လုံးဆောက်ပေးတာ။ အဲသည် ဂိုဒေါင်ရဲ့ ထုတ်ယောက်မှာ ပျားစွဲတာ။ ဘေးနံရံတွေ ပြိုကျသွားတယ်။ အဲသည် အစ်ကိုကြီးလည်း စီးပွားပျက်တာ သိန်း ရာနှင့်ချီပြီးကုန်သွားတယ်။ အဲဒါ ငါသိထားတဲ့ ပျားစွဲနိမိတ်အတွေ့အကြုံတွေ။ ကောင်းတာတွေလည်း ရှိတယ်။ ဆိုးတာတွေလည်း ရှိတယ်။ အကျိုးပေးတာလည်း ရှိတယ်။ အကျိုးမပေးတာလည်း ရှိတယ်။ ပျားကောင်တို့ဟာ တောတောင် သစ်ပင်တွေမှာ နေကြတာ။ သူတို့အသိုက်အဲ့ဖွဲ့ပြောင်းလာတာ မူလ သာယာမှု ပျက်သုဉ်းလို့။ ခုကွန့် ပြေးလာတာလို့ ငါထင်တယ်။ ဘာပဲဖြစ်ဖြစ် ရေးရေးက ဆရာ့ဆရာတို့ရဲ့ ပျားစွဲနိမိတ်ကို ငါ့ဆီမှာ ကောင်းအောင်လုပ်တဲ့ နည်းတွေ ရှိပါတယ်။ စိတ်အေးအေးထားပါ။ ငါ ကူညီပါ့မယ်။ ကောင်းအတိတ်၊ ကောင်းနိမိတ်ပဲ ယူလိုက်ပါ။ ဒါက ငါ့ကိုယ်တွေ့အကြောင်း ပြောတာ။ ပျားစွဲနိမိတ်အကြောင်း ပြောပြမယ်။ နားထောင်။

များသောအားဖြင့် အိမ်၏ အထက်ပိုင်းများကို ပျားစွဲလျှင် မကောင်းကျိုးပေးမည့် နိမိတ်။ အောက်ပိုင်းကို စွဲလျှင် ကောင်းကျိုးပေးမည့် နိမိတ်လို့ ယူပါလေ။

အိမ်ခေါင်၌ ပျားစွဲမှ ဥစ္စာကုန်ခန်းအံ့၊ ပျက်စီးဆုံးပါးအံ့၊ တံခါးရွက်စွဲမှ လာဘ်ကြီးရအံ့။

လှေကားတွင် စွဲမှ ကျွန်၊ ကျေး၊ နွား ရအံ့၊ ပျောက်ပြီး ဥစ္စာ ပြန်ရအံ့။

ဆင်၊ ကြမ်းခင်းပန်း၊ တိုင်ခြေတို့၌ ဆွဲမှ စီးပွားချမ်းသာတိုးတက်အံ့၊ အိပ်ရာခြင်ထောင်တို့၌ ဆွဲမှ ကောင်းစားကြွယ်ဝအံ့၊ မြတ်သောဥစ္စာရအံ့။

အဝတ်ပုဆိုးတို့၌ စွဲမှ ဥစ္စာရအံ့။ သူတကာထက် မြတ်အံ့။ လုံရိုးဥ စွဲမှ ရန်အောင်အံ့။

နတ်အုန်းသီးတွင် မြောက်အရပ်က လာ၍စွဲမှ ချမ်းသာသူ ဆင်းရဲအံ့၊ ဆင်းရဲသူ ချမ်းသာအံ့။ အိမ်သာအောက် စွဲမှ သေကြေပျက်စီးအံ့။

ဤကလေးမသည် တူမအရင်းလို ခင်ပါသည်။ ကုန်စုံဆိုင်ကြီးဖွင့်ထား၍ လက်လီလက်ကားဖြင့် အောင်မြင်နေ၏။ ဤပျားစွဲကျမ်းအဟောများကို တူမ ခင်ခင်အေးအား နှုတ်မှ တစ်ခုစီ ပြောပြမိသည်။

"ဗုဒ္ဓဘာသာဝင်တွေ ဖြစ်သောကြောင့် ဦးစွာပထမ သီလခံယူပါ။ သောက်ရေအိုးထဲက ရေကို လက်ပြန်ခပ်ပြီး ခြောက်ခွက် ပက်ဖျန်းပါ။ ဒါ နှင်တို့နေရာမဟုတ်ဘူး၊ ထွက်သွား...ထွက်သွားဆိုပြီး ပက်ဖျန်းပေးပါ။

ဆန်ပြာ ဆန်ကောဖြင့် လက်ပြန် ခြောက်ချက် လေကြမ်းခပ်ပေးပါ။ ပျားများ အလိုလိုထွက်သွားလိမ့်မည်။ ပျားများ ထွက်သွားသောအခါမှ ပျားအုံနေရာကို စား (သို့မဟုတ်) လုံပြီးပြီး ဖျက်သည့်ပုံသဏ္ဌာန်ပြုလုပ်ပေးပါ။ နှင်တို့ကို ငါနှိုင်ပြီ မကောင်းသောအခိုက်များ ပျောက်ပါစေဟု နှုတ်မှ ပြောပါ။ ပျားစွဲသော နေရာကို ပရိတ်ရည်ဖြင့် ပက်ဖျန်းပြီး မကောင်းကျိုးများ ပျောက်၊ ကောင်းကျိုးတွေ ရောက်ပါစေဟု ပြောပါ။

ဗုဒ္ဓရှင်တော်မြတ်ဘုရားကို ရည်မှန်းပြီး သီလခံယူခြင်း၊ မေတ္တာသုတ်ရွတ်ခြင်း၊ ဆွမ်းသုံးပုံပေါ်တွင် ပျားရည်ဆမ်းထားသော ပျားဆွမ်းကို သုံးရက်တိတိ ပူဇော်ပါ။

ပျားစွဲအခိုက်များ ပျောက်ကင်းပြီး ကောင်းကျိုးလိုရာ ဆန္ဒများ ရရှိခံစားနိုင်ပါသည်ဟု တူမဖြစ်သူအား ပြောပြဖြစ်သည်။

ပျားစွဲခဲ့သော အကောင်းအဆိုးကို ပြန်ဆန်းစစ်ပါ။ အထက်ဖော်ပြပါ အစီအမံများကို ပြုလုပ်ပေးခြင်းအားဖြင့် သင်တို့အပေါ် ကျရောက်အပ်သော ဘေးဆိုး၊ အန္တရာယ်ဆိုးများကို လွန်မြောက်စေနိုင်ပါကြောင်း စာရှုသူ ခုနစ်ရက်သားသမီးအပေါင်းတို့အား ဝေမျှလိုက်ရပါသည်။

ဦးကို့ကို့ဇေး(ကြို့ပင်ဇကာက်)

* * *

www.burmeseclassic.com

www.burmeseclassic.com

ကြိုကြိုရေး

ညဦးယံမှ စ၍ တစိမ့်စိမ့်မြွားနေသောမိုးက နံနက်လင်းသည့်တိုင် မတိတ်ချင်သေး။ အရှေ့ကျွန်းမှ ထွက်ပေါ်လာမည့် နေမင်း၏ ရောင်ဝါကို ဖုံးအုပ်ဖို့ စိုင်းပြင်းနေသော တိမ်ညိုအုပ်တို့ ကောင်းကင်တစ်ခွင်တွင် မင်းမူနေပုံကို တွေ့မြင်နေရသည်။ မိုးရာသီ၏ ဝါဆိုဦးနေ့ရက်များမှာ ရာသီဥတုက အေးမြစိမ့်မြဖွယ်နေပြီး မိုးရိပ်ဆင်နေသည်ဖို့ ဒီနေ့အဖို့ နေရောင်မြင်ရဖို့ မလွယ်ဟု တွေးမိရင်း ဝါဆိုတစ်ယောက် အိပ်ခန်းပြတင်းဝမှ ကောင်းကင်သို့ ငေးမောမိရင်း စိတ်ပျက်နေရသည်။

ထက်ကောင်းကင်တွင် လေတိုက်နှုန်းမြင့်နေပုံရသည်။ မိုးသားတိမ်လိပ်တို့ လေယူရာ အပြေးအလွှား လိုက်ပါနေကြသည်။ တစ်ခဏချင်းမှာပင် မည်းမှောင်သော အစိုင်အခဲတို့ လွှင့်ပါးပြီး ကောင်းကင်မျက်နှာကြည်လင်လာ၍ မိုးမင်းရယ် တိတ်ပါတော့ဟု တတွတ်တွတ်ရွတ်ရင်း ကောင်းကင်သို့ ငေးနေသော ဝါဆို၏ မျက်နှာလေးမှာ မိုးရေထိသည့်ပန်းနယ် လန်းဆန်းသွားရ၏။

"ဝါဆိုရေ...ဝါဆို၊ အဆင်သင့်ဖြစ်ပြီလား။ ဝါဆိုပန်းခူးသွားကြမယ်"

"အေး၊ လာပြီ"

သူငယ်ချင်းတစ်စုထဲ အသံပြန်ပြုရင်း ဝတ်ထားပြီးသော ချည်သားဝမ်းဆက်လေးကို ပြုပြုပြင်ပြင်လေးလုပ်ရင်း မှန်ကို တစ်ချက်ကြည့်လိုက်သည်။ သနပ်ခါး ပါးကွက်ကျားနှင့် ယဉ်စစမျက်နှာလေးက ပြုံးရွှင်နေရသည်။ ယဉ်ယဉ်ကလေး လှသော ဝါဆိုမှာ ရိုးရိုးလေး ဝတ်စားဆင်ယင်ပြီး အိမ်ရှေ့သို့ အပြေးထွက်အလာ၊ အိမ်ရှေ့တွင်

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်တွင် ထိုင်နေသော ဖခင်ကြီးကို တွေ့လိုက်ရ၍ ခြေလှမ်းတို့ ဘရိတ်အုပ်ပြီး ကွေ့ဝင်သွားလိုက်ရသည်။

"ဖေဖေ"

"ဘာလဲ သမီး"

"ဖေဖေ . . . သမီး စုရည်တို့နဲ့ ပြန်ခူးလိုက်သွားမယ်နော်"

"ဟာ . . . ဖေဖေက သမီး ဖေဖေ့ဦးကျောင်းကို ဥပုသ်သီလယူဖို့ လိုက်မယ်ထင်နေတာ"

အဝတ်အစားသစ်များ သေသပ်စွာ ဝတ်ဆင်ထားသော ဦးထွန်းလူမှာ သမီးအား ပြောသာ ပြောလိုက်ရသော်လည်း သမီး၏ ပုံစံက သနပ်ခါးပါးကွက်ကျားနှင့် ပြင်ဆင်ထားပုံမှာ သီလယူမည့်ပုံမဟုတ်မှန်း သတိထားဖြစ်သည်။ စုရည်၊ ယဉ်နွဲ့ ခင်ထားမေသူ၊ ခင်ဝိုင်းတို့မှာလည်း အနည်းငယ် ပြင်ဆင်ထားပြီး မိန်းကလေးအုပ်ထဲ ရောပါနေသော မိုးစွေပင် ရူပါဖွင့်လို့။

"ဦး . . . စုရည်တို့ ဝါဆိုပန်းခူးသွားကြမလို့၊ ဝါဆိုကို ထည့်လိုက်ပါနော်"

"ဟုတ်ပါတယ် ဦး။ ယဉ်နွဲ့တို့တင် မဟုတ်ပါဘူး။ မိုးစွေလည်း ပါပါတယ်ရှင့်"

စည်းကမ်းရှိသော ဦးထွန်းလူ၏ စိတ်ကို သိကြ၍ တလေးတစား ခွင့်တောင်းကြခြင်းပင်ဖြစ်သည်။ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com

လေး အဖော်ပါခြင်းကို အဖော်ကောင်းဟု သတ်မှတ်ကြသည်ထင့်။ ဘယ်ကိုပဲ သွားသွား သတိ၊ အသိရှိမှ။ စည်းကမ်းနဲ့ သိက္ခာရှိမှ အန္တရာယ်က လွတ်ကင်းမည့်အကြောင်း ပြောပြရသည်။

"သမီးတို့...ဝါဆိုပန်းခူးကြရဲ့ပဲလား။ ဝါဆိုပန်းခူးပွဲကြည့်ဖို့ရော"

"ဒီလိုပါ ဖေဖေ။ သမီးတို့ ဝါဆိုပန်းခူးကြမယ်။ ပြီးတော့ ဘုရားစေတီနဲ့ ဘုန်းတော်ကြီးကျောင်းတွေမှာ ပန်းတွေ ညောင်ရေအိုး ထိုးမယ်။ ဒီနေ့ ဝါဆိုလပြည့်နေ့မဟုတ်လား ဖေဖေရဲ့"

"အေးပါ။ တို့ဗုဒ္ဓဘာသာဝင်တွေ အတွက် ဝါဆိုလပြည့်နေ့က အခါကြီးရက်ကြီးပို့ ဘုန်းတော်ကြီးကျောင်းတွေမှာ ဝါဆိုသင်္ကန်းကပ်ကြတယ်။ ဥပုသ်သီလယူ၊ ကောင်းမှုပြုကြတယ်။ ဒါထုံးစံတစ်ခုပဲ။ ကဲ...မိုးစွေ၊ ဦးကို မှန်မှန်ပြောစမ်း။ ဝါဆိုပန်းခူးပွဲသွားကြဦးမယ်မဟုတ်လား"

"ဟုတ်ကဲ့ ဦး၊ ကျွန်တော့်ကို သူတို့ ချောဆွဲလာတာခင်ဗျ"

"အဲ့မာ...နင်ပဲ လိုက်ချင်ပြီးတော့။ လူကြီးရှေ့မှ ပဏာလုပ်နေသေးတယ်"

"အေးလေ၊ သူလည်း လိုက်ချင်တာ နှန့်လို့။ သူက **ခင်ထား** ပါလို့ လိုက်ချင်တာ သိပါ့"

တစ်ယောက်တစ်ပေါက် ဝိုင်းရန်ထောင်၍ မိုးစွေမှာ ကုပ်သွားရသည်။ ခင်ထားမှာ နှုတ်ခမ်းတစူစူ။

"ကဲ...ကဲ၊ ဝါဆိုပန်းခူးပွဲကို သွားကြည့်ချင်ကြတယ်ပေါ့။ ကမ်းပေါ်က ကြည့်မှာဆို ခွင့်ပြုပါတယ်"

"ကဲပါ ဖေကြီးရယ်။ သမီးတို့က ကမ်းနဖူးက ကြည့်မယ်လို့ ပြောပြီးပြီပဲ။ ကလေးတွေ သွားပါစေရှင်"

အိမ်အတွင်းခန်းမ ဆွမ်းအုပ်ပွေ၍ ဟင်းချိုင့်ဆွဲကာ ထွက်လာသော ဒေါ်ခင်မေက ပြောလိုက်သည်။

"မေ... မင်း ကလေးတွေကို သေချာအလိုမလိုက်နဲ့။ လူငယ်ဆိုတာ လူကြီးတွေက လမ်းမှန်ပြပေးမှ လမ်းဖြောင့်ကို လျှောက်တတ်ကြမှာ။ ဝါဆိုပန်းခူးပွဲဆိုတာ ဗုဒ္ဓဘာသာဝင်တွေရဲ့ အထွတ်အမြတ်ပွဲ။ ကုသိုလ်ယူတဲ့ပွဲ။ ဒါပေမယ့် တို့အရပ်ဒေသမှာက မြစ်နားချောင်းနားရွာတွေဆိုတော့ ခုလို ဝါဆိုလမျိုးမှာ ချောင်းရေတွေကျ၊ မြစ်ရေတွေ လျှံနဲ့။ တချို့ ရွာတွေဆို ကုန်းမရှိသလောက်ပဲ။ တစ်ရွာနဲ့ တစ်ရွာ၊ တစ်အိမ်နဲ့ တစ်အိမ် လှေနဲ့ ကူးရတယ်လေ။ ခုလို ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ အဲ...ဒေသအခေါ် ဝါဆိုပန်းခူးပွဲကို မြစ်ထဲမှာ ကျင်းပကြရတယ်။ သက္ကယ်ပြင်မြစ်ထဲမှာ အကဝိုင်းတွေ၊ အိုးစည်ဝိုင်းတွေကို မော်တော်တွေနဲ့ လှည့်ကြတယ်။ သက္ကယ်ပြင်၊ သံပုရာတိုင်း၊ သာယာကုန်း၊ လေးအိမ်တန်း၊ ရှမ်းစု၊ ဇီးပင်ကွင်း စတဲ့ ရွာတွေက သူ့အဖွဲ့နဲ့ သူ မော်တော်တွေမှာ လှူဖွယ်ပစ္စည်းတွေနဲ့ မြစ်ထဲမှာ စုပြီး က,ခုန်ကြ၊ အလှူပွဲလှည့်ကြ၊ နောက်မှ ကိုယ်တာဝန်ကျရာ ဘုန်းကြီးကျောင်းမှာ လှူကြနဲ့ ပျော်စရာ၊ ကြည်နူးစရာလည်း ကောင်းပါတယ်။

အဲ...တစ်ခုဆိုးတာက ဝါဆိုပန်းခူးပွဲကို လိုက်ကြည့်ကြတဲ့ လူပြောက်များစွာထဲမှာ စည်းကမ်းမဲ့သူတွေ ပါနေတာကိုပဲ ကုသိုလ်ပွဲ၊ ဘာသာရေးပွဲနဲ့ မလိုက်ဖက်တဲ့ အပြုအမူတွေ လုပ်လာကြတယ်။ ကာလသားတွေအချင်းချင်း လှေပြိုင်ကြတာတော့ မဆန်းပါဘူး။ အဲ...တချို့ အမူးသမားတွေက နောင့်ယှက်မှုတွေ ပြုကြတယ်။ ပျော်တော့ ပျော်ကြတာပဲ။ ဒါကို နားလည်ပေးလို့ရတယ်။ ဒါပေမယ့် အပျော်လွန်တော့ ပျက်ရော။ အချင်းချင်းတွေ လှေပြိုင်ရင်း လှေမောက်ပစ်ကျ၊ မိန်းကလေးပါတဲ့ လှေတွေနောက် လိုက်ပြီး ရည်းစားစကားပြော၊ လက်မခံရင် လှေမောက်ပစ်၊ ဒါတွေက မကောင်းတဲ့ စရိုက်တွေပဲ။ မနှစ်ကဆို အပျော်ကစားရာကနေ သာယာကုန်းရွာက လှေမောက်တာ မိန်းကလေးသုံးယောက်သေဆုံးသွားရတယ်။ ဒါမပျော်သင့်တဲ့ အပျော်မျိုး ပျော်ခဲ့ကြလို့ပဲလေ။ ကြည်နူးစရာ မြင်ကွင်းကနေ အနိဋ္ဌာရုံအဖြစ် ပြောင်းသွားရတယ်။ ဒါကြောင့် အခါကြီးရက်ကြီးမှာ ကုသိုလ်နဲ့ အပျော် မရောယှက်ပါနဲ့လို့ ကလေးတို့ကို ပြောချင်တယ်"

ဦးထွန်းလူ၏ စကားကို လူငယ်အားလုံး တလေးတစား နားထောင်နေကြသည်။ နားထောင်ရုံမက၊ လိုက်နာကြရန်လည်း လိုသည်ဟု ဆက်ပြောဖြစ်သည်။ ဆွမ်းအုပ်နှင့် ဒေါ်ခင်မေက စကားကြောရှည်ရန် ကောဟူသော မျက်စောင်းတစ်ချက်ထိုးလိုက်ရင်း...

"ကဲ...အဖေကြီးရေ၊ ကျောင်းသွားဖို့ အဆင်သင့်ဖြစ်ပြီ။ တော်ကြာသီလယူ မမိဘဲ နေဦးမယ်"

ဦးထွန်းလူက ပညာအတတ်နည်းပါး၍ အသိတရားပါ ချို့တဲ့သောဇနီးကို တစ်ချက်ကြည့်ပြီး "လောကမှာ မင်း မသိတာ အများကြီး မခင်မေရေ" ဟုသာ အော်လိုက်ချင်ခဲ့၏။

◈◈◈

ကမ်းလုံးပြည့် လှုံ့တက်နေသော ဝါဆိုဦး၏ နေ့ရက်များတွင် ဝါဆိုပန်းကလေးများ လိုင်လိုင်ပွင့်ခဲ့လေပြီ။ ဝါဆိုတို့အုပ်စု ပန်းခူးရင်း ကျော်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဝါဆိုရေ…နင် ဒီနေ့ အရမ်းလှနေတယ်"

"အဲ့မယ်…ခင်ဗိုင်းကလဲ၊ အားသုံး ဒီနေ့ လှနေကြပါတယ်နော်"

"မေသူတို့ လှတယ်ဆိုတာ ဝါဆိုကို မမိပါဘူးလေ"

"ဟေ့…မြောက်လည်း ဝါဆိုက မြောက်ပါဘူးနော်။ ဒီမှာ ဝါဆိုပန်းစည်းတဲ့ ဆွဲထားလို့"

"ဟဲ့…နင်တို့ ဘယ်ပဲလှလှ၊ မီးစွေအမြင်နဲ့ ကြည့်ရရင် ခင်ထားအလှဆုံး"

"အဲ့မယ်…ကိုယ့်ငါးချဉ်ကိုယ် ချဉ်"

"မီးစွေနော်…နင် မစနဲ့ သိလား။ ခင်ထား ရုက်တယ်တော့"

"ရုက်တာ ချစ်လို့နေမှာ။ ယဉ်နဲ့ ပြောတာ ယုံ"

"ကဲပါ…ဝါဆိုတို့အားလုံး လှနေကြမှာပါ။ ဝါဆိုတို့ တောသူတွေဆိုတာ အေရိးပစ်ကစားဖို့ မလိုဘူး။ လေ့ကျင့်ခန်းလုပ်ဖို့လည်း အချိန်မပေးနိုင်ဘူး။ လယ်ထဲမှာ တလည်လည်လုပ်ရင်း၊ ကိုင်းထဲမှာ တကိုင်းကိုင်းလုပ်ရင်း ကျန်းမာသန်စွမ်းကြတယ်လေ။ ခုလို နယ်ချဲ့တဲ့ အရွယ်မှာ နင်းဆီတစ်ပွင့်ရဲ့ ပွင့်ဖတ်လို နူးညံ့မယ်။ ဒါပေမယ့် ပင်ယံထက်မှာ ဝေလည်း မွေး၊ မြေပြင်မှာ ကြွေလည်း မွေးပဲ။ ခရေနို့ သိမ်မွေ့တဲ့ အလှမျိုးတော့ ရှိကြပါတယ်လေ"

ဝါဆိုတို့ လူစု အိမ်က ထွက်လာတော့ မိုးက တိတ်သလောက်ရှိခဲ့ပြီ။ တိမ်တစ်အုပ် ဖုံးလွှမ်းသွား၍ အင်အားမဲ့နေရောင်အောက်မှာ လှပစွာ ဖူးပွင့်နေသော ဝါဆိုပန်းတို့ကို ခူးကြသည်။ မိုးရေစက်တို့ကို သယ်ဆောင်ထားသော ပန်းရွက်စိမ်းရင့်ရင့် အရွက်ဖားဖားကြီးများကို ပွေ့ပိုက်ထားရသော ဝါဆိုမှာလည်း ရေစိုနေရပြီ။

"ဝါဆိုရေ…ပန်းတွေ အရမ်းပွင့်တယ်နော်"

"ဟုတ်တယ် စုရည်။ ဝါဆိုလနဲ့ လိုက်ဖက်အောင် အချိန်နဲ့ တစ်ပြေးညီ ပွင့်ရတာ။ ရာသီပန်းပေါ့။ ဝါဆိုပန်းတွေ ပွင့်တဲ့ ဝါဆိုဦးရက်တွေမှာဆို ဝါဆိုကို မွေးခဲ့တာ။ ဒါကြောင့် ဒီပန်းလေးတွေကို ချစ်တယ်။ မြတ်မြတ်နိုးနိုးနဲ့ကို စွဲလမ်းနေမိတာ"

"ဟုတ်ပါပြီ ဝါဆိုရယ်။ ရည်ခဲ့တစ်ခု သတိထားမိတာက ဝါဆိုပန်းတွေက ပန်းတိမ်မနိုင်ပန်းနဲ့ ဆင်တယ်နော်။ ဒါပေမယ့် တန်ဖိုးချင်း ကွာနေရတာက တောပန်းဖြစ်နေရလို့ထင်ပါရဲ့နော်"

"တန်ဖိုးဆိုတာ လူတွေရဲ့ သတ်မှတ်ချက်ပါ။ အစိမ်းရင့်ရင့် အရွက်ကြီးကြီးတွေနဲ့ အဝါရောင်အခက်အခက်နဲ့ ပွင့်နေပုံက ကဗျာဆန်ပါတယ်။ မြို့ကလူတွေကိုလေ ဝါဆိုပန်းတွေ ပွင့်တဲ့ ဒီဝါဆိုဦးကို တစ်ခေါက်လောက် အလည်ခေါ်ချင်ပါရဲ့"

"ဟုတ်ပါပြီ ဝါဆိုရယ်။ ကဲ…ကဲ ဒီပန်းစည်းကို နင်ပဲ ပွေ့ခဲ့။ ဟာ…လုလိုက်တာ။ ကာရန်မိတဲ့ ကဗျာတစ်ပုဒ် လိုပဲ။ အသက်ဝင်တဲ့ ပန်းချီကား တစ်ချပ်လိုပဲ။ တကယ်…တကယ်"

"ဟေ့…မိုးစွေ၊ နင် မမြောက်နဲ့။ ငါ မင်္ဂလာဆောင်ရင် ငါ အဝတ်အစားမှာပါ"

"ဟဲ့…ဝါဆိုမှာ ရည်းစားရှိပြီလား"

"ဒီနေ့ပဲ ဝါဆိုပန်းခူးပွဲမှာ ချစ်သူတွေတော့မှာ။ ဒီပန်းစည်းက ဖူးစာရှင် ရွေးမယ့် ပန်းစည်းဟ၊ ဟားဟားဟား"

ဝါဆိုတို့အဖွဲ့ ပန်းခူးရင်း ပျော်ရွှင်နေကြသလို၊ ကမ်းပြည့်လျှံသော သက္ကယ်ပြင်မြစ်အတွင်းဘွဲ့လည်း ဝါဆိုပန်းခူးပွဲကို ကျင်းပနေပါသည်။ မြစ်အနီးပတ်ဝန်းကျင်ရွာများမှ လှုံ့ဖွံ့ယ်ပစ္စည်းများစွာကို မော်တော်နှင့် သယ်ယူလာပြီး အကများနှင့် ပွဲကြည့်သူများအား ဧည့်ခံပေးလေသည်။ အိုးစည်ဝိုင်းများမှာ ဆူညံလျက်ရှိပြီး သူ့အုပ်စုနှင့်သူ နောက်မှ လိုက်ပါလာကြသူများ၏ လှေများလည်း များစွာရှိ ည်။

သူ့ရွာ သူ့အဖွဲ့၊ ကိုယ့်ရွာ ကိုယ့်အဖွဲ့များ သက္ကယ်ပြင်မြစ်ဝကွင် ဆုံမိကြပြီး အပြိုင်တီးကြ မှုတ်ကြ ကကြပါသည်။ မြစ်ရေကြီးချိန်မို့ ရေစီးကသန်လှသည်။ ပွဲကြည့်လာ လှေများမှာ သူထက်ငါ အပြိုင်လှော်နေကြပေသည်။ တဝါးဝါးရယ်မောသံ၊ နောက်ပြောင်သံများနှင့် ဆူလျက်ရှိသည်။ ဝါဆိုတို့အုပ်စု ပန်းခူးပြီး မြစ်ကမ်းနဖူးမှ ရပ်လျက်ကြည့်ကြသည်။ ပျော်စရာပွဲတစ်ခုဖြစ်၍ အင်္ဂပူဖြို့ ဟင်္သာတမြို့များမှပင် လာရောက်ကြသည်မို့ ကမ်းပေါ်မှာလည်း တိုး၍ပင်မပေါက်အောင် စည်ကားလျက်ရှိသည်။

မိုးစွေမှာ ယောကျ်ားလေးပီပီ ငြိမ်သက်စွာ ကမ်းပေါ်မှ ကြည့်ခြင်းကို အားမရ။ အဖွဲ့ကို အဖော်ညှိသည်။ အားလုံးမှာ အပျော်များ ကူးနေရပြီဖြစ်၍ မငြင်းမိကြ။ ဝါဆိုတစ်ဦးသာ ဖခင်၏ စကားကို အမှတ်ရလေသည်။

"ဝါဆိုရေ…တို့ အကမော်တော်နား လှေနဲ့ သွားကြည့်မယ်"

"ဟယ်…ငါ့ဖေဖေဆူလိမ့်မယ်"

"လှေနဲ့တော့ လျှောက်မလိုက်ပါဘူး။ ခင်ထားတို့ မော်တော်နား အနီးကပ်ကြည့်ချင်တယ်"

"စုရည်လည်း သွားချင်တယ်။ ဟို အပြာရောင် မော်တော်လေး လွှင့်လာအဲ့ဒါ သာယာကုန်းက ပဒေသာတက

www.burmeseclassic.com

အင်္ကျီ စိန်သောင်းဆိုင်းအဖွဲ့က အဆိုတော်တွေကို တုတ်ထားတာ"

"ဟဲ့ . . . သံပုရာတိုင်းကလည်း အပြင်မင်းသမီးတုတ်ထားတယ်တဲ့၊ ကြည့်ချင်တယ်"

"စည်ပင်သာယာက ယိမ်းလည်းကောင်းတယ်။ ရှမ်းစုက ဦးရွှေရှိ။ အေမိုးက ပြိုင်စံရှားနော်"

အားလုံး တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေ၍ ဝါဆိုစကားက အရာမရောက်။ အများဆန္ဒမို့ ငြင်းရမှာ အခက်။ ကိုယ်တိုင်လည်း မြစ်အတွင်း အများနည်းတူ ပျော်လိုသော ဆန္ဒက ပေါ်လာရသည်။ သို့သော်လည်း စည်းကမ်းမဲ့ အပျော်လွန်သူများနှင့် ကြုံရမည်စိုး၍ စိတ်မှာ သိပ်မရဲ။ စည်းကမ်းဘောင်အတွင်းမှ ပျော်ကြမည်ဆိုလျှင် ပျော်ရွှင်ဖွယ်ကောင်းသော ကုသိုလ်ယူသည့် ပွဲတစ်ခုဖြစ်နိုင်ပါလိမ့်ဟု တွေးလိုက်မိသည်။

ဝါဆိုတို့နယ်တွင် ဝါဆိုဦး မြစ်ရေတက်ချိန်၌ အယူတစ်ခုလည်း ရှိ၏သည်။ မြစ်ရေက လူစားသည်ဟူသော ရပ်စကား။ ရွာစကားပင်။ မြစ်ရေတွင် လူတစ်ဦးဦး စတေးခံရပါမှ ရေကူးသည်ဟု အစွဲရှိကြသည်။ ထိုအစွဲကို ယုံကြည်ကြစေရန် အဖြစ်အပျက်များလည်း ရှိခဲ့သည်။ သဘာဝတရားကို ပုံသေသတ်မှတ်၍လည်း မရနိုင်။ အကြောင်းတိုက်ဆိုင်မှုလည်း ဖြစ်နိုင်ပေသည်။ သဘာဝတရား၏ ဘေးအန္တရာယ်ကို လူတို့ သိရှိ သတိမူကြရန် လိုအပ်ပေသည်ဟု ဖခင်၏ ဆုံးမစကားကို မမေ့သော်လည်း သူငယ်ချင်းများ၏ ဆန္ဒကို ဝါဆို လိုက်လျောမိ၏။

"ကဲ . . . တက်ကြ၊ လာကြ"

မိုးစွေက ကမ်းစပ်ရှိ လှေတစ်စင်းကို ကြိုးဖြည်၍ ပဲ့မှာ ထိုင်လိုက်သည်။ အားလုံး လှေပေါ် တက်ကြပြီး ဝါဆိုမှာလည်း ပန်းစည်းကို မွှေပြီး လှေဦးတွင် ထိုင်လိုက်သည်။ မြစ်အတွင်းမှ သီချင်းသံ၊ အိုးစည်ဝိုင်း၏ တီးမှုတ်သံတို့ကြား ဝါဆိုတို့လှေကလေး တိုးဝှေ့ဝင်လာနေ၏။ အကများကို ကြည့်ကြရင်း ကြောက်စိတ်တို့ လွင့်ပျောက်ကာ ပျော်ရွှင်စိတ်တို့ ဝင်လာနေသော ဝါဆို၏ ရင်မှာ ချမ်းမြေ့ခြင်းဖြင့် မျက်နှာလေးမှာ ဝင်းပနေရ၏။

အနောက်တောင်ထောင့်က ဆင်နေသော မိုးရိပ်ကို သတိမမူနိုင်ကြ။ ခဏအကြာ တဖွဲဖွဲမှ တအုန်းအုန်းရွာချလေသည်။ မိုးမှာ များလာသလို၊ လေမှာလည်း ကြမ်းလာနေခဲ့၏။ အားနှင့် သွန်ချနေသော မိုးလေတို့ကြောင့် ပတ်ဝန်းကျင်မှာ ဝေဝါးကုန်သည်။

မိုးသံနှင့် ဆိုင်းသံတို့ ရောထွေးကုန်ပြီး ပွဲလာ လှေများ ကမ်းပြေးကပ်သူ ကပ်နှင့် မြစ်အတွင်း ရှုပ်ထွေးသွားရသည်။ မိုးစွေက ကမ်းကို ဦးတည်၍ လှေကို လော်ခဲ့သည်။ မိုးကြောင့် ခရီးမတွင်။ လေဆန်ဖြစ်၍ အားစိုက်လော်နေရသည်။ ကာလသားလှေတို့က တဝါးဝါးအော်ရယ်ရင်း လှေပြိုင်လော်နေကြသည်။ မိုးစွေမှာ လော်သူတစ်ယောက်တည်းမို့ သတိထားနေရလေ၏။

"မိုးစွေ . . . မြန်မြန်လော်ပါ။ နောက်မှာ လှေတစ်စင်းလိုက်လာတယ်"

"လော်နေတာပဲ ခင်ထား၊ လေက ကြမ်းနေတယ်"

မိုးစွေမှာ နောက်သို့ လှည့်မကြည့်အား။ တဟေးဟေးအော်ရင်း လှေတစ်စင်း အနားကပ်လာသည်။

"ဟေ့ . . . ကိုယ့်လူတို့၊ တို့လှေနား မကပ်နဲ့၊ မိန်းကလေးတွေ ပါတယ်"

မိုးစွေက လှမ်းပြောလိုက်သည်။ ကြားမည်လည်း မထင်။ အပျော်လွန်နေကြလေ၏။ မြစ်နားနေသူများမို့ ရေမကူးတတ်သူ မရှိသော်လည်း ရေကြီးလိုင်းထန်သော ဒီလိုရာသီတွင် ရေကူးကျွမ်းသူပင် မြစ်ထဲ မဆင်းရဲ၊ တဟဲဟဲ အော်သံပေးရှိ စီးနေသော ဝါဆိုဦးပွဲတော် ရေအတက်ကြမ်းကြမ်းကို ကြောက်ကြသည်။ ဝါဆိုမိုးကတော့ သဘာဝအတိုင်း ရွာသွန်းပြီ။

"ဟေ့ . . . ယောက်ဖလေး၊ နမတစ်ယောက်မေးခဲ့ပါ"

"အချစ်လေးရေ . . . ကြောက်နေပြီလား။ ကိုကိုလာပြီလေ"

"မကြောက်ပါနဲ့ မမြင်းရယ်၊ ရေနစ်ရင် ဗိုလ်အောင်ဇင် ဆယ်ယာပေါ့"

"လှေဦးက ဝါဆိုပန်းပိုင်ရှင်လေး လှလိုက်တာ။ အရမ်းအရမ်းကို ခိုက်သွားပြီ"

စနောက်စကားများ ပြောကာ လှေသုံးလေးစင်း ဝါဆိုတို့လှေကို ဝိုင်းထားသည်။ ထွက်ပေါက်မရှိဖြစ်နေပြီး မိုးစွေမှာ တစ်ဦးတည်းမို့ ဒေါသကို မျိုသိပ်ထားရသည်။ မျက်နှာနီကျွင်ကျွင်များနှင့် အရက်သောက်ထားပုံလည်း ရသည်။ အထွတ်အမြတ် ဘာသာရေးပွဲနှင့် လိုက်ဖက်မှုမရှိသော၊ ရန်ကားသော အပြုအမူများဖြစ်၍ ဝါဆို နောင်တရနေလေသည်။ အရေးစေ့ အရာပေါ်သည်ကား စုရည်။

"မိုးစွေ . . . မြန်မြန်လော်ပါဟဲ့၊ ငါ . . . ငါ အပေါ့သွားချင်လို့"

"ဟာ . . . နင့်ကောင်တွေလှေက ဝိုင်းနေတာ ငါ ဘယ်လိုဖောက်ထွက်ရမှာလဲဟ"

"စုရည်ရေ . . . နင် မနိုင်နင်း လျှောက်သာ လျှောက်လိုက်ဟဲ့၊ ဟင်းဟင်း"

"အေးလေ၊ မိုးရွာနေတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျိုင်းဆို လူ မသိအောင် လွှတ်ပြီးနေပြီ ဟဲဟဲဟဲ"

"ဟင်း...၊ ဒါကြောင့် နံနေတာ။ မီးရေ ငိုရွဲနေရတဲ့အထဲ၊ ခင်ဗျိုင်း ညစ်ထတ်မ"

တစ်ယောက်တစ်ပေါက် ဝိုင်းစနေသော အပျော်အပြက် စကားများကြောင့် ဝါဆိုမှာ စိုးရိမ်စိတ်ဝင်နေရလေပြီ။

"ဟေ့...ဟေ့၊ အဲလို မလုပ်ကောင်းဘူး။ လေပေါ်မှာနော်။ နားမလည်ကြဘူးလား။ ပွဲတော်ရောက နတ်ကြီးတယ်"

ဝါဆို၏ သတိပေးသံကို မီးသံက ခဲအုပ်သွားခဲ့သည်။ မိုးစွေမှာ သတိနှင့် လော်နေသော်လည်း ညာဘက်ဘေးမှ လာက အားနှင့် ပြေးတိုက်လိုက်သဖြင့် မထိန်းနိုင်တော့ဘဲ လူး၍ မှောက်သွားရလေ၏။

"အား...အမလေး။ လုပ်ကြပါဦး"

အော်ဟစ်သံများ ဆူညံသွားရ၏။ အားလုံးမှာ မြစ်ထဲ ပစ်ကျသွားခဲ့လေသည်။ မြေပ်သူ၊ ပေါ်သူ၊ ကူးခတ်သူများနှင့် ရွှံထွေးသွားပြီး မိုးကြမ်းကြမ်း လှိုင်းထန်ထန်တွင် ဝါဆိုတို့ လူစုကွဲကုန်၏။ လေဦးထိပ်မှ ဝါဆိုမှာ ရင်ဘို ပွေ့ထားသော ဝါဆိုပန်းစည်းနှင့်အတူ ရေထဲ ပစ်ကျသွားရစဉ် လွှင့်ထွက်သွားသော အဝါရောင် ပန်းစည်းကို မျက်ဝန်းထောင့်မှာ မြင်လိုက်ရပြီး ပစ္စက္ခအခြေအနေအားလုံးကို မေ့သွားခဲ့လေ၏။

◈◈◈

ဒေါ်နှင်းမိုးသည် ထမင်းတောင်းရွက်ကာ မြစ်ကမ်းနဖူးမှ လမ်းလျှောက်၍လာခဲ့သည်။ ဒီနေ့ ဝါဆိုလပြည့်နေ့ဖြစ်၍ ခင်ပွန်းဖြစ်သူ ဦးချစ်မောင်နှင့် အတူ မနက်စောစော သီလယူခဲ့သည်။ အေးအေးချမ်းချမ်းနေရမည်ဖြစ်သော်လည်း လယ်ထဲတွင် လယ်စောင့်နေရသူ သား ချစ်မိုးအား စိတ်မချသဖြင့် လယ်ထဲလိုက်ခဲ့ရခြင်းဖြစ်သည်။ ခင်ပွန်းသည်က "သူ့ဝမ်းဆာရင် ပြန်စားလိမ့်မပေါ့ကွာ" ဟူသော စကားကိုပင် အမှုမထားနိုင်။ လယ်မှာ ကောက်စိုက်၍ မပြီးသေး။ အောက်ကျင်း လယ်များမှာ မြစ်ရေဖုံးလွှမ်းနေ၍ အားရစရာမရှိပေ။ ကုန်းလယ်တချို့ကိုသာ ဂရုစိုက်နေရ၍ ချစ်မိုးမှာ လယ်စောင့်တဲလေးဌ ညအိပ်စောင့်လေသည်။

ဒေါ်နှင်းမိုးမှာ ချစ်မိုးအကြောင်း သိသည်။ အလုပ်ကြိုးစားသော်လည်း အရက်ကို ခုံမင်သူဖြစ်သည်။ ဆုံးမ၍ မရသဖြင့် ဦးချစ်မောင်မှာ သားအား စကားမပြော။ ဒေါ်နှင်းမိုးမှာ မိခင်မို့ မနေနိုင်။ ထမင်းမစားဘဲ အရက်ပဲ သောက်မည်စိုး၍ ဥပုသ်သီလကြိုးနှင့်ပင် ထမင်းတောင်းလာပို့ရလေ၏။ သီလကလည်း ရှိတော့မည် မထင်။ သားအပေါ် စိုးရိမ်စိတ်ဖြင့် ဥပုသ်ကျိုးခဲ့လေပြီ။ ဖုံဆိုင်းသော မိုးရိပ်ကြောင့် နေရောင်မရှိ။

လယ်တဲစုစုကို လှမ်းမြင်နေရပြီဖြစ်သည်။ မိုးအခါဖြစ်၍ ရွံ့ပွက်များနှင့် လမ်းသွား၍ အဆင်မပြေ။ ထမင်းတောင်းကို ဂရုပြုနေရသည်။ လယ်ထဲ ချိုးဝင်းခါနီး မြစ်ကမ်းနဖူးရှိ တရုတ်မန်ကျည်းပင်အောက်၌ ခေတ္တနားနေရသည်။ လှိုင်းအပုတ်ကြောင့် တရုတ်မန်ကျည်းပင်အမြစ်ကြားတွင် ညပ်လျက် တင်နေသော ဝါဆိုပန်းစည်းကို တွေ့လိုက်ရသဖြင့် ကောက်ယူလိုက်သည်။

"အဲ့...ဒီပန်းစည်းက ဘယ်သူ့ဟာပါလိမ့်။ ရေစီးနဲ့ မျောလာတာဖြစ်မယ်။ လူ မတွေ့တော့ ပိုင်ရှင်ရှိမယ်မထင်ဘူး။ အတော်ပဲ၊ လယ်တဲက ဘုရားမန်းအိုး ညှိုးလောက်ပြီး သား ချစ်မိုးကို ပန်းလဲပေးခဲ့ဦးမှ"

ဒေါ်နှင်းမိုးမှာ ပန်းစည်းကို ထမင်းတောင်းပေါ် တင်ပြီး ရွာက်လာခဲ့သည်။ ချစ်မိုးက လယ်ကန်သင်းပေါက်နေရာမှ ထ,လာပြီး ထမင်းတောင်းကို ယူသည်။

"အမေ...ဥပုသ်ကြိုးနဲ့ ဘာလို့ လာရတာလဲ၊ မိုးတွေ ရေတွေထဲမှာ။ အား...ထမင်းတောင်းက လေးလိုက်တာ။ ဘာတွေများလဲ အမေရဲ့"

"အေးဟယ်၊ ငါလည်း ဥပုသ် ထွက်ပါပြီ။ ငါ့သား အရက်ချည်း ဖိသောက်နေမှာစိုးလို့ လာရတာ။ တောင်းထဲ ထမင်းဟင်းပဲ ပါတယ်။ သြော်...မေ့လို့ လမ်းမှာ ပန်းတစ်စည်းကောက်ရလို့ ယူလာတာ။ သားကို ဘုရားပန်းလဲပေးရဦးမယ်။ ရွှံတွေ ဗွက်တွေ ရှန်းလာရလို့ထင်ရဲ့၊ တောင်းရွက်ရတာ လေးလိုက်တာ သားရယ်"

"အဲဒါ အမေပင်ပန်းတာပေါ့။ ကဲပါ...ဘုရားပန်းအိုး သား လဲလိုက်ပါ့မယ်။ ကဲ...ကဲ အမေပြန်တော့နော်၊ နေဝင်လုပြီ"

"အေးအေး၊ ပြန်မယ်။ သြော် - ထမင်းလည်း စားဦး။ ဘုရားပန်းလည်း လဲလိုက်နော်။ ချစ်မိုးရယ်...ပန်းအိုးလည်း နွမ်းလို့။ ဘုရား တရားလည်း သတိရပါဦးဟဲ့"

"အမေကလဲဗျာ၊ အိမ်မှာ အဖေက ပူညံပူညံလုပ်လို့ လယ်ထဲ လာနေပါတယ်။ သား အလုပ်လည်း မပျက်ပါဘူး။ အရက်က ညမှ သောက်တာပါ အမေရဲ့။ သားမှာ အရက်ပဲ အဖော်ရှိတာလေ"

ချစ်မိုးမှာ ရုပ်မဆိုးပါ။ အရက်ကို ခုံမင်ပြီး ပေပေတေတေနေခြင်းသာဖြစ်

www.burmeseclassic.com

သည်။ သပ်သပ်ရပ်ရပ်နေပါက မိန်းကလေးများ ဂရုပြု နှစ်သက်ဖွယ်ရာပါရှိသည်။ ချစ်မိုးမှာ အသက်အစိတ်ကျော်လာခဲ့ပြီ။ ချစ်သူရည်းစား မရှိသေး။ ဒေါ်နှင်းမိုးမှာ သားကို နေရာချထားပေးချင်နေလေပြီ။

"ငါ နင့်ကို အိမ်ထောင်ပြုစေချင်ပြီ။ လူကလည်း ညံ့ပါ့ဟယ်"

"ဟားဟားဟား··· အမေက အထင်သေးတာကိုး။ ကဲ- ဒီည အရက်လေး သောက်ရင်း ရည်းစားရှာလိုက်မယ်။ ကောက်စိုက်မတွေ့ ပေါမှပေါ။ သားက အရက်ကို ပိုကြိုက်တာ"

"နင်နော်···ပြောလေ ကဲလေပဲ"

မိခင် ဒေါ်နှင်းမိုး ပြန်သွားတော့ ချစ်မိုး အလုပ်သိမ်းပြီး ရေမိုးချိုး ထမင်းစားမီ အရက်သောက်ဖို့ ပြင်သည်။ ဘုရားပန်းအိုးလဲဖို့ သတိမရ။ အရက်သမားနှင့် ကုသိုလ် အပ်စပ်မှု မရှိဟု တွေးရင်း ပန်းစည်းဆီ အကြည့်ရောက်သွားသည်။ တဲထရံတွင် ကပ်၍ မီထောင်ထားသော ဝါဆိုပန်းစည်းမှာ ဖုတ်ခဲနဲ့ ကြမ်းပြင်ပေါ် လဲကျသွားသည်။

"နင်လည်း အဲဒီမှာအိပ် ပန်းစည်းလေးရေ။ ငါ အရက်သောက်လိုက်ဦးမယ်"

ချစ်မိုး အရက်သောက်ချိန်တွင် အပြင်လောကဌ အလင်းရောင် မရှိတော့ပေ။ မိုးက သဲခဲနဲ့ ရွာချသည်။ လေပါ၍ ရေနုံ့ဆီ မီးခွက်ထွန်း၍မရ။ ဝါဆိုလပြည့်ညဏ် ပြည့်ဝန်းသော လရဲ့ အလင်းရောင်နှင့်ပင် အရက်သောက်ဝိမ်းယူဖြစ်ခဲ့သည်။ ဝါဆိုမိုးက တကယ့်ကို သဲသဲမဲမဲရွာနေချိန်၊ မိုးချုန်းသံ, လျှပ်ပန်းလျှပ်နွယ်တို့ လင်းလက်နေချိန် အရက်သောက်ရသော အရသာကို ချစ်မိုး နှစ်ခြိုက်နေမိသည်။

အရက်ကလေး ဝင်သွားတော့ ခန္ဓဝကိုယ်သွေးသားတွေက ပူနွေးလာခဲ့ပြီး ရီဝေဝေ အာရုံခံစားမှုအပေါ် တွယ်ဖက်နေဆဲ။ အရက်ပုလင်းကုန်မှ လူလည်း မောက်တော့သည်။ ကြမ်းပြင်ပေါ် လဲချရင်း အရက်ဝိမ်းကျနေခဲ့၏။

"ကိုကြီး···ကိုကြီး"

အနားမှ ကပ်၍ ခေါ်နေသံကို ကြားနေရသည်။ အိပ်မက်ဟု ထင်ရအောင် အိပ်မပျော်။ အရက်မှာ ယစ်မူးနေခြင်းသာ။

"ကိုကြီး···ကိုကြီး ထ,ပါဦးရှင့်"

လက်မောင်းကို လှုပ်နှိုးလိုက်သလို ခံစားလိုက်ရသည်။ အတွေ့အထိ အေးစက်စက်။ ပူနွေးမှု ကင်းနေသည်။ မျက်လုံးကို အားယူဖွင့်ကြည့်လိုက်ရာ တဲခေါင်မိုး ပေါက်ပြဲ မိုးယိုရှ် လက်မောင်းတစ်ဖက် ရေရွှဲနေရ၏။

"ကိုကြီးရေ···ထပါဦး ထပါဦးရှင့်"

ဝိဝိသသ ကြားလိုက်ရသော စကားသံကြောင့် ချစ်မိုး ရုတ်ခနဲ ထထိုင်လိုက်သည်။ ဝင်းခနဲ လက်သွားသော လျှပ်စီးရောင်နှင့် တဲပေါ်မှ ခြေတွဲလွဲချထိုင်နေသော မိန်းကလေး တစ်ယောက်ကို မြင်လိုက်ရသည်။ ချစ်မိုး အရက်မူးပင် ပြေသွားရလေသည်။ မိန်းမနှင့် ပတ်သက်၍ ချစ်မိုးမှာ အတွေ့အကြုံမရှိ။ ညအချိန်ရောက်လာသော မိန်းကလေးမှာ ဘယ်သူနည်း။ အံ့သြနေမိရလေသည်။

"ကိုကြီး···ဝါဆိုလေ မိုးတွေ အရမ်းရွာနေလို့ မိုးခိုနေတာပါ"

"ဝါဆို···ဟုတ်လား။ မင်းကို ငါ မသိဘူး။ ညအချိန် မင်း ဘယ်လို ရောက်လာခဲ့တာလဲဟင်"

"ဝါဆိုက ရှမ်းစရွာကပါ။ ဝါဆိုတို့ သူငယ်ချင်းတွေ ဝါဆိုပန်းခူးပြီး ပွဲကြည့်ကြတယ်။ အဲဒီမှာ အရက်မူးသမား တစ်စုကြောင့် ရောထဲကျသွားတယ်။ ဝါဆို သတိရလာတော့ ကိုကြီးရဲ့ တဲကို ရောက်လာခဲ့တယ်။ မိုးတွေ အရမ်းရွာတော့ ဝါဆို ကြောက်တယ်။ အိမ်မပြန်တတ်တော့ဘူး ကိုကြီးရယ်။ ဝါဆိုကို အိမ်ပြန်ပို့ပေးပါနော်"

"မင်းကွာ···ခက်တာပဲ"

မဖိတ်ခေါ်ဘဲ ရောက်လာသော မိန်းကလေး။ ပဟေဠိဆန်သော အဖြစ်တစ်ခု။ ချစ်မိုး အိပ်မက်မက်ခြင်းမဟုတ်မှန်း စိတ်မှာ သိနေရသည်။ အားသွန်ရွာနေသော မိုးပေါက်များ၊ ခပ်ကြမ်းကြမ်းတိုက်နေသော မိုးဦးကျ လေများကြောင့် လယ်တဲမှာ သိမ့်ခနဲ ခါသွားသည်။ လျှပ်စီးအလက်မှာ မြင်တွေ့နေရသော ရေစိုစိုအလှကြောင့် ရင်မှာ ဖို သွားရသည်။ မျက်ဝန်းလှလှလေးများနှင့် မကြာခဏ ဆုံဖူးရသည်။ အပြစ်ကင်းစင်သော၊ ချောမောသော မျက်နှာလေးကြောင့် ရင်မှာ တသိမ့်သိမ့်နှင့် ကရုဏာစိတ်တွေ ပေါ်လာနေရ၏။

"ဝါဆို···မင်း အရမ်းချမ်းနေပြီ"

အမှတ်မထင် ဝါဆို့ကိုယ်လေး အား ခပ်ဖွဖွလေး ဖက်ထားပေးလိုက်မိ၏။ အချစ်စိတ်၏ စေ့ဆော်မှုဖြင့် အကြင်နာအပြုအမူလေးပို့ ဝါဆို မငြင်းပါ။ စိတ်ရိုင်းမရိုသော ချစ်မိုး၏ ရင်ခွင်တွင်းသို့ တိုးဝင်လိုက်သည်။ ထိတ်လန့်ဖွယ်အဖြစ်ကို ကြုံတွေ့ခဲ့သူပို့ ချစ်မိုး အား အားကိုးလိုပုံရ၏။ အတွေ့အထိက နွေးထွေးမနေဘဲ အေးစက်စက်နှင့်ပို့ သနားနေမိရသည်။

"ကိုကြီးရယ်··အရက်မသောက်ပါနဲ့လားနော်။ ကိုကြီးက ရိုးသားတယ်၊ အရက်သမားဘဝနဲ့ မလိုက်ဖက်ပါဘူး"

"မင်း မကြိုက်လို့ဘားဟင် ဝါဆို"

"အရက်သမား လူရမ်းကားတွေ

www.burmeseclassic.com

ကြောင့် ဝါဆို ဒုက္ခဖြစ်ရတာ။ ဝါဆို သူတို့ကို မုန်းတယ်"

"ဝါဆိုရယ်၊ မင်းမုန်းတဲ့သူ ကိုယ် ချစ်လိုပါဘူး။ ကိုယ် အရက်မသောက်ဘူး မင်းချစ်မှာလားဟင်"

"ကိုကြီးက ရုပ်လည်း မဆိုးဘူး။ ဓာတ်ထားလည်း ကောင်းတယ်။ အဲဒါ ကြောင့်လေ ဝါဆိုက ချစ်···ချစ်"

"ဟာ···ဝမ်းသာလိုက်တာ ဝါဆိုရေ။ မနက်လင်းရင် ကိုကြီးမိဘ ဆွေကို ဖွင့်ပြောမယ်။ ပြီးရင် ဝါဆိုတို့ ဘက်ကို သွားပြီး နားဖောက်မယ်"

ချစ်မိုးမှာ ချစ်စိတ်ကြောင့် ကြည်နူးနေရ၏။ တစ်ကြိမ်တစ်ခါမှ အချစ်နှင့် တွေ့ဆုံဖူးပါ။ ယခုတော့ ချစ်ရသူလေး က မျက်စိလည် လမ်းမှား၍ ရောက် လာခဲ့ပြီ။ နဖူးစာ ရွာလည်ပြီထင်ပါရဲ့။ ပြင်ပလောကမှာ ဝါဆိုမိုးက မစဲနိုင် သေး။

"မစဲဘဲသာ ရွာပေတော့ ဝါဆိုမိုးရေ။ ကိုယ့်အတွက်တော့ အချစ်မိုးပါလေ"

ကြည်နူးမှုများဖြင့် အချိန်တွေ ကုန်သွား၏။ နာရီလက်တံတွေ မြန်ဆန် သွန်းပြီလား။ မိုးသောက်ယံကို ရောက်ခင်က တားလိုက်ချင်သည်။ ကောင်းကင်ယံမှ ကြယ်ရောင်လေးများ ထင်လက်လာပြီးခဏ လပြည့်ညဉ့် လ ရောင်မှာ လယ်ကွင်းတစ်ခြင် ဖြာကျနေ လေသည်။

"ကိုကြီးရေ···ဝါဆိုကို ဖေဖေ ဆူတော့မယ်။ ဝါဆိုလေ မိဘစကားကို ဥပေက္ခာပြုခဲ့လို့ ဒီလိုအဖြစ်မျိုး ကြုံရ တာ။ ဝါဆိုရဲ့ ပန်းလေးတွေ ပြန်ပေးပါ။ ဝါဆိုကို ခွပဲ ပြန်ပို့ပေးပါနော်···နော် ကိုကြီး"

ဝါဆိုက ပြောပြောဆိုဆို တဲပြင် သို့ လှမ်းထွက်သွားသဖြင့် ချစ်မိုးလိုက် ခဲ့ရသည်။ လရောင်အောက်တွင် လယ် ကန်သင်းတို့ကို ဖြတ်လာခဲ့ပြီး ရှမ်းစ ရွာသို့ ရောက်ခဲ့သည်။ ဝါဆိုမှာ ဆန္ဒ စောသည်ထင်၏။ အလွှားနှုန်း မြန်လွန်း၍ ချစ်မိုးပင် မနည်းမီအောင် လိုက်ခဲ့ရ သည်။

"ဟိုရှေ့က ပုန်းညှက်ပင်ကြီးနဲ့ အိမ်ပဲ ကိုကြီး။ မီးတွေ လင်းလို့။ ဝါဆို ကို မျှော်နေကြပြီ။ ကျေးဇူးပါ ကိုကြီး ရယ်။ ဝါဆိုသွားတော့မယ်"

"ဟာ···ဝါဆို၊ နေဦးလေ။ ဝါ ဆို···"

ပုန်းညှက်ပင်ကြီး၏နောက်မှ ခြံ ဝင်းအတွင်းသို့ ဝင်သွား၏။ အိမ်ထဲတွင် မီးလင်းနေသည်။ အိမ်ရှေ့တွင် တာ လပတ်အမိုးနှင့် အသုဘအခမ်းအနား ကို တွေ့ရသည်။ ချစ်မိုး၏ အော်ခေါ်သံ ကြောင့် အိမ်အတွင်းမှ လူကြီးတစ်ဦး ထွက်လာသည်။ ခြံဝမှ ရုပ်လွှာကိုသော ချစ်မိုးကို မြင်တော့ အံ့သြနေပုံရ၏။

"ဟေ့···ဘယ်သူလဲ၊ အချိန်မတော် ဘယ်သူ့ကို ခေါ်နေတာလဲ"

"ဟို···ဝါဆိုကိုပါ။ သူ အိမ်ထဲ ဝင်သွားတယ်။ ဒီမှာ သူပန်းစည်းပါ"

"ဟင်···ဝါဆိုပန်းတွေ၊ မင်းက သမီးရဲ့ သူငယ်ချင်းလား။ ဝါဆိုသတင်း ကြားလို့ လာတာလား။ မနက်လင်းမှ လာရောပေါ့ကွယ်"

"မဟုတ်ဘူး ဦးလေး။ ဝါဆိုက ပြန်ချင်တယ်ဆိုလို့ လိုက်ပို့ရတာ။ ဒါ သူပန်းတွေပါ"

"ဟေ···ဒါ သမီးယူလာတဲ့ ပန်း၊ ဟုတ်လား။ မင်းစကားတွေကို ဦးလေး နားမလည်ဘူး။ လာ၊ အိမ်ထဲ ဝင် ရှင်းပြပါဦးကွယ်"

အရက်ဆီဦး လင်းကြက်တွန်သံကို ကြားလိုက်ရသည်။ အိမ်ထဲ ဝင်ခဲ့ပြီး ဝါဆိုနှင့် တွေ့ခဲ့ပုံကို အစအဆုံးပြောပြီး သည်အထိ ဝါဆို့ကို မတွေ့ရသေးပေ။ အိမ်တွင်းမှာ ဂီးတိုးရိုပ်တိပင် မတွေ့ ရ၍ ဘဝင်မကျလှ။

ချစ်မိုးမှာ ဝါဆိုအကြောင်းပြော စဉ် မျက်ဝန်းများ လင်းလက်တောက်ပ ပြီး ခံစားမှုတစ်ခုရှိနေပုံရသော မျက်နှာ သွင်ပြင်ကြောင့် ဦးထွန်းလူမှာ ချစ်မိုး၏ ရင်ထဲထိ လှမ်းမြင်မိရပြီး စိတ်ထိခိုက် သွားရသည်။

"မင်း···ဝါဆို့ကို မျှော်နေတာ လား။ မမျှော်နဲ့တော့ မောင်ချစ်မိုး။ မင်း နဲ့ ဝါဆို တွေ့ခဲ့တာ ခဏကလေးပါ။ နောက် ပြန်တွေ့ချင်လို့လည်း မရတော့ ဘူး။ မင်း နောက်ဆုံးတွေ့ချင်တယ်ဆို ရင်တော့ အိမ်ရှေ့က ပုန်းညှက်ပင်ကြီး အောက်မှာ ရှိနေတယ်။ သွားတွေ့လိုက် ပါ။ ဒါမှ မင်းယုံမှာပါကွယ်။ သမီးပိုင်တဲ့ ဝါဆိုပန်းတွေကို မင်းကိုယ်တိုင်ပေး လိုက်ပါကွယ်"

ဦးထွန်းလူ၏ စကားများကို ချစ်မိုး နားမလည်။ ခြံပြင်ရှိ ပုန်းညှက် ပင်ကြီးအောက်တွင် အလောင်းစင် တစ်ခုကို တွေ့ခဲ့ရသော်လည်း ချစ်မိုး နားမလည်နိုင်။ အမှောင်လွှမ်းနေဆဲမို့ ခြောက်ချားဖွယ် မြင်ကွင်းဖြစ်သော်လည်း အသည်းငယ်၍ မနေနိုင်တော့ ပြီ။

"ဦးသမီး ဝါဆိုက မနေ့က ဝါဆို ပန်းခူးပွဲမှာ မြစ်ထဲ လေမှောက်ပြီး ဆုံး သွားတယ်။ မင်းနဲ့ တွေ့ခဲ့တာ သမီးရဲ့ ဝိညာဉ်ပဲ။ သမီးဟာ သူနဲ့ နောက်ဆုံး အတူရှိနေတဲ့ ဝါဆိုပန်းစည်းကို ငြိတွယ် သွားပုံပဲ။ ပန်းစည်းနဲ့အတူ မင်းဆီ ရောက်လာခဲ့ပုံပဲ။ ဦးတော့ ဒီလိုပဲ ယူဆ တယ်"

ဦးထွန်းလူ၏ စကားများအား မယုံကြည်လို့ မရတော့ပေ။ ပုန်းညှက် ပင်အောက်ရှိ အခေါင်းတွင်းမှ ထာဝရ

www.burmeseclassic.com

www.burmeseclassic.com

အိပ်စက်နေသော ဝါဆို၏ ရုပ်ခန္ဓာက အမှန်တရားတစ်ခုကို ထုတ်ဖော်ပြောကြားနေသကဲ့သို့ ရှိသည်။ ပိုင်ရှင်မဲ့ ပန်းထင်၍ အမှတ်မထင် ကောက်ယူလာခဲ့သော မိခင် ဒေါ်နင်းမိုးကို အပြစ်မတင်လိုတော့ပါ။ ဝါဆိုပန်းကလေးများနှင့် ငြိတွယ် ဝိညာဉ်တစ်ခု သူ့ထံ ရောက်လာခဲ့ပုံမှာ သူ့အတွက်တော့ အိပ်မက်မဟုတ်။ မချစ်တတ်သော အရက်သမားကြီးတစ်ယောက် အချစ်မူးခြင်းလား။ ဝါဆိုမိုးမှာ သောကတွေ အဖော်ခေါ်လာသော သောကဝေမိုး အဖြစ် ရွာသွန်းနေဆဲ။

ဝါဆို
အသက်(၁၈)နှစ်

ဤစာတန်းလေးနှင့် အခေါင်းပေါ်သို့ ဝါဆိုပန်းစည်းလေး တင်ထားခဲ့ပြီး ချစ်မိုး လှမ်းထွက်လာခဲ့သည်။ ပန်းညှက်ပင်အောက်မှ လှမ်းအထွက် ချစ်မိုးရင်မှာ နလုံးသားမဲ့ ဟာလာဟင်းလင်း။ တစ်ခဏအတွင်း ခိုဝင်လာသော ချစ်ခြင်းခံစားမှုမှာမူ နလုံးသား၏ အနက်ရှိုင်းဆုံးတစ်နေရာမှာ ထာဝရ အိပ်စက်နားခိုနေပေရော့မည်။ ဝါဆိုဦးမှာ ဒဏ္ဍာရီတစ်ပုဒ်အနေနှင့် ချန်ထားရစ်သော်လည်း ချစ်မိုးမှာ အသက်ရှင်သရွေ့ မေ့ပျောက်တော့မည်မထင်။

◈◈◈

"ဝါဆိုပန်းတွေ ××× တို့နဲ့အတူ မင်းကို ကြိုဆောင့်နေ××× မင်းက ပြန်လို့ရောက်မလာ ××× လဝါဆို မိုးထဲမှာ××× တို့ကို တစ်ယောက်တည်းထားခဲ့သူ×××

"ဝါဆိုမိုးတွေ အခါခါရွာသွန်းခဲ့ပေါ့ ဝါဆိုရေ။ ရာသီစက်ဝန်းတွေ အခါခါလည်ခဲ့ပေါ့။ ဝါဆို ရှိမနေတဲ့ ဝါဆိုပန်းခူးပွဲကို ကိုကြီးတစ်ယောက်တည်း ရောက်လာခဲ့ရပြန်ပြီ ဝါဆိုရေ"

သက္ကယ်ပြင်မြစ်အတွင်း ကမ်းပြည့်အောင် ရေများ လှုံ့ခဲ့ပြီ။ နှစ်စဉ်လို ဝါဆိုပန်းခူးပွဲကို ကျင်းပနေခဲ့လေပြီ။ မိုးဦးကျမိုးနှင့် လေကြောင့် ရေလိုင်း ရိုက်ခတ်သံတို့မှာ အတိတ်ကို နှိုးဆွပေးနေသကဲ့သို့ ရှိသည်။ နှစ်တွေ ဘယ်လောက်ပြောင်းပြောင်း အချိန်ကာလတွေ ဟောင်းနွမ်းသွားပါစေ၊ ဘာသာရေးပွဲနှင့် ယှဉ်ပြိုင်၍ အပျော်ဖက်ခြင်းလေ့မှာ မပျောက်ဆုံးသေးပေ။

ဆိုင်းသံ ဗုံသံများကြား လှေပြိုင်စဉ်နောက်ပြောင်သည့် မြင်ကွင်းသို့ ဦးချစ်မိုး အာရုံရောက်နေရလေသည်။

"ဟေ့...မြေးရေ၊ လှေနဲ့ မထိုက်နဲ့ ကမ်းပေါ်မှာပဲ နေ"

"အဘွားကြီး... မြေးတွေကို အလိုမလိုက်နဲ့နော်"

ချစ်မိုး အသံကြားရာသို့ လှမ်းကြည့်မိတော့ ဆံပြူ သွားကျိုး စုံတွဲတစ်တွဲ။ ဦးမိုးစွေနှင့် ဒေါ်ခင်ထားတို့စုံတွဲ။ ဝါဆိုပန်းခူးပွဲသို့ ကမ်းပေါ်မှ ကြည့်ရင်း မြစ်ရေပြင်မှာ ပျော်လိုသော သားသမီးမြေးမြစ်များအား မှာနေခြင်းဖြစ်သည်။

"ဟဲ့...ဟဲ့ လှေကို ကောင်းကောင်းလော်။ မရိုမသေစကားမပြော နဲ့။ ဝါဆိုဦးပွဲတော်ရေက နတ်ကြီးတယ်"

စုရည်၊ ယဉ်နွယ်၊ ခင်ဝိုင်းတို့ ဇရာအိုတစ်စု မျိုးဆက်သစ်တို့အတွက် ရတက်မအေးနိုင်။ ဦးချစ်မိုးက လှိုင်းအပုတ်ကြောင့် ကမ်းပေါ် လွှင့်တက်လာသော ဝါဆိုပန်းတစ်ခက်ကို ကောက်ယူလိုက်သည်။ ရင့်ရော်သော အသက်အရွယ်၊ ဇရာ၏ အရေးအကြောင်းများနှင့် အိုမင်းခြင်းဇာတ်ရုပ်ကို အပိုအပြင်ဖော်ထုတ်နေသော မျက်နှာပြင်ဝယ် ညှိုးနွမ်းသွားရပြီး နှပျို့ဆဲ နလုံးသားမှာလည်း လှိုက်ခနဲ ခုန်သွားရလေ၏။

"ဝါဆိုသီချင်းတွေ အခါခါဆိုပိပေါ့။ ဝါဆိုမိုးတွေ ဖြိုင်ဖြိုင်ရွာခဲ့ပေါ့။ ကိုကြီးမှာတော့ အလွမ်းတွေနဲ့ တစ်ယောက်တည်းပါပဲ ဝါဆိုရယ်"

အပြာရောင်အလှ ပျောက်ဆုံးနေသော မိုးကောင်းကင်တွင် ခဲမုတ်ရောင် တိမ်တို့ အုံခဲလာပြီး မိုးက သဲသဲရွာချလေသည်။ မိုးက ကြမ်း လေက ရမ်းနှင့် မြစ်ပြင်မှာ လှေများစွာ စ,နောက်ကျိစယ်ပုံကို မြင်နေရသော ဦးချစ်မိုးမှာ ရင်တွင် လှိုင်းခတ်နေရ၏။

"ဒီလို မကစားကြပါနဲ့ကွယ်။ မပျော်သင့်တဲ့ အပျော်မျိုး မပျော်ချင်ကြပါနဲ့။ ကုသိုလ်ရေးနဲ့ အပျော်ကို မတွဲယှက်ကြပါနဲ့။ ပုထုဇဉ်တွေဆိုတာ ကိုယ့်ထိမှ နာတတ်ကြတာမို့ မင်းတို့ မခံစားဖူးလို့ပါ။ ငါ အရက်သမားကြီး ဦးချစ်မိုးလို လူမသေဘဲ ဘဝသေမှာစိုးလို့ ဒီလို မကျိစယ်ကြပါနဲ့ ကလေးတို့ရယ်"

ဦးချစ်မိုးမှာ ကြေကြေကွဲကွဲ စကားသံကို ဟစ်အော်၍ ပြောရင်း ဝါပြင်တွင် မျက်ရည်တို့ဖြင့် စိုစွတ်နေလေသည်။ ဝါဆိုမိုးက အပြီးနဲ့ မဟုတ်ဘဲ သဘာဝအတိုင်း ရွာသွန်းမြဲ။ မိုးသံနှင့် ရောထွေးသွားရသော နလုံးသားပဲတင်သံကြောင့် ဝါဆိုဦးဒဏ္ဍာရီတစ်ပုဒ်လို ထားသွားခဲ့သူ ချစ်သူအား တမ်းတစိတ်များနှင့် ရင်မှာ လှိုင်းထန်ဆဲ ■

မှတ်ချက်။ မပျော်သင့်သော အပျော်ကို မပျော်ကြရန် ပြောပြဆုံးမးခဲ့သော စာရေးသူ့ကို ကွယ်လွန်သွားသော ဖခင်ကြီးအား ကျေးစာခုဖြင့် ကန်တော့ပါ၏။

ဝေး (ဇရာဝတီ)

www.burmeseclassic.com

www.burmeseclassic.com

လက်ယား၊ လက်ဝဲ အောင်စမြဲ

နတ်မောက် မုတ်ကျောက်

လူတိုင်း လူတိုင်းသည် မိမိအကျိုးစီးပွား၊ အများကောင်းကျိုး မျော်ကိုးရည်ရွယ်၊ ရည်မှန်း ဦးတည်၍ ကြိုးစားလုံ့လပြုနေကြသည်သာ ဖြစ်ပါသည်။ ခြွင်းချက်အနေဖြင့် ခုန်းပြုံးများ၊ ကြွက်ခွေးများ အနည်းအပါးတော့ ရှိပါသည်။ ဤသည်မှာလည်း သဘာဝ နိယာမ တရားဟုသာ ယောနိသောမန သီကာယာ စိတ်နလုံးသွင်းရပါတော့မည်။

ကောင်းမှု၊ ကောင်းကျိုး၊ ကောင်းစေတိုးအောင် နေ့စဉ်ကြံဆောင်နေသော်လည်း အနည်းအပါးအောင်မြင်သူ၊ အသင့်အတင့်အောင်မြင်သူများ၊ များများအောင်မြင်သူ၊ အများဆုံးအောင်မြင်သူ၊ အကောင်းဆုံး၊ အအောင်မြင်ဆုံး စသည်ဖြင့် အမျိုးမျိုးကွဲပြားခြားနားသွားတတ်ပါသည်။ မိမိတို့၏ ကံအကျိုးပေးပါရမီအလျောက် အနုအရင့်ကွာခြားခြင်းပင်ဖြစ်ပါသည်။

ကံဆိုသည်မှာ ပြုလုပ်ခြင်းအလုပ်။ ပါရမီဆိုသည်မှာ အဖြည့်အဆည်း ဖြည့်သွားခြင်းသာ ဖြစ်ပါသည်။

ကံဟူသောအလုပ်ကို ကြိုးစားလုပ်သော်လည်း ဆယ်ခါနှင့် မအောင်မြင်သေးလျှင် ပါရမီဟူသော အဖြည့်အဆည်းဖြင့် ဆယ့်တစ်ခါ ထပ်မံ ကြိုးစားလိုက်ပါဟု ဆိုချင်ပါသည်။ မည်သည့်အလုပ်မဆို "တစ်နေ့ တစ်လံ၊ ပုဂံ ဘယ်ရွေ့မလဲ" ဟု ဆိုသကဲ့သို့ပင်၊ တစ်နေ့လျှင် တစ်လံမျှ လမ်းလျှောက်သွားလျှင်ပင် ပုဂံ ရွေးဟောင်းမြို့ကြီးဆီ ရောက်ရမည်သာ ဖြစ်ပါသည်။ ထားပါတော့။

ယခု ကျွန်ုပ် တင်ပြလိုသည်မှာ ကံဟူသော အလုပ်ကို ဉာဏ်ကူ၍ ပါရမီနှင့် ဖြည့်ဆည်းသွားနိုင်ရန်ဖြစ်ပါသည်။

တစ်နှစ်အာကိစ္စကို တစ်လတာနှင့် အောင်မြင်ပြီးစီး

www.burmeseclassic.com

အောင် အထောက်အပံ့ဖြစ်စေမည့် လက်ယာ၊ လက်ဝဲ အောင်စမြဲ ဂါထာတော် ရွတ်ပွားလျက် အကျိုးကျေးဇူးများ စေရန်ဖြစ်ပါသည်။

ဖရဿဝါစာ အရည်မရ အဖတ်မရ ပြောဆို အချိန်ဖြုန်းမည့်အစား ဂါထာတော်၊ မန္တန်တော်များ ရွတ်ပွားနေခြင်းက အထူးပင် ကောင်းကျိုးတရားတိုးပွားနေမည်မှာ မုချမလွဲပင်။

ယခု တင်ပြမည့် လက်ယာ ဂါထာတော်၊ လက်ဝဲ ဂါထာတော်များကို လွန်ခဲ့သည့် ၁၀နှစ်ခန့်မှစ၍ ကျွန်ုပ်နှင့် နီးစပ်ရာ လက်လှမ်းမှီရာ စာပေမိတ်ဆွေများ၊ ရုံးလုပ်ဖော်ကိုင်ဖက်များကို ဓမ္မဒါန အခမဲ့ ဝေငှခဲ့ရာ အောင်မြင်မှုအလီလီ အပြန်ရရှိ၊ အကျိုးထူးခဲ့ကြသဖြင့် ကျွန်ုပ်မှာ သူတို့... သူတို့တွေ ကျေးဇူးတဲ့ပြန်သော ပုဆိုး၊ အင်္ကျီများ ဝတ်မကုန်၊ စာရွက်ထုပ်၊ ဘောလပင်ဘူးများပင် ရေမကုန်အောင် အလှူပယ် ပေါများခဲ့ပါသည်။

ဂုဏ် လက်ယာ ဂါထာ၊ လက်ဝဲ ဂါထာတော်များမှ ရည်လျားထွေပြား ဝေဖန်ခြင်း မရှိသည့်အပြင်၊ ခက်ခဲသည့် အသံထွက်များလည်း မပါဝင်ပါ။ ဆယ်ကြိမ်မျှ ကြည့်ရွတ်လျှင် အလွယ်အသာ အလွတ်ရွတ်ပွားနိုင်ပါသည်။ မိမိရည်ရွယ်ချက်၊ ရည်မှန်းချက်၊ အလုပ်၊ စီးပွား၊ ပညာ အစရှိသည်တို့ကို လက်ယာ-လက်ဝဲ ဂါထာတော်များ ရွတ်ပွားလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုအလီလီကို အပြန်ရရှိစေပါမည်။ မယုံမရှိပါနှင့်။ လက်တွေ့ ရွတ်ပွားကြည့်ပါဟု သာ တိုက်တွန်းလိုပါသည်။

လက်ယာ-ဂါထာတော်ကို ရွတ်ပွားပြီး လက်ယာ-လက်ရုံး ဆန့်တန်းကာ မိမိဆန္ဒရှိရာကို ဆောင်ရွက်ပါ။ အလျင်အမြန်တိုးတက်ပြီးစီး အောင်မြင်စေပါမည်။ လက်ယာ ဂါထာတော်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

လက်ယာ-ဂါထာတော်

သံသာရစက္ကာ ဝိဒ္ဓံသံ၊
သံသုဒ္ဓ မဿ ဩရသံ။
သံဆိန္နကံ ဘဝေ အာသံ၊
သံယံ အဝိ သုမာနသံ။

အနက်ပြန်မာပြန်

သံသရာတည်းဟူသော စက်အကန့်တို့ကို ချိုးဖဲ့ ဖျက်ဆီးတော်မူတတ်သော၊ ညစ်ကျယုတ်မာ ကိလေသာတို့မှ ကောင်းစွာ စင်ကြယ်ပြီးသောစိတ် ရှိတော်မူသော၊ ဘဝသုံးပါး၌ ချစ်ခင်တွယ်တာ အာသာတဏှာကို ကောင်းစွာ မြင်တော်မူပြီးထသော၊ အဲ့ဒီးခြင်းတုံ့ မစွမ်းနိုင်ရာ လွန်စွာကောင်းမြတ်သော ရွှေနလုံးတော် ရှိထသော မြတ်စွာဘုရားကို လည်းကောင်း။

သံသရာတည်းဟူသော စက်အကန့်တို့ကို ချိုးဖဲ့ ဖျက်ဆီးတော်မူတတ်သော၊ ညစ်ကျယုတ်မာ ကိလေသာတို့မှ ကောင်းစွာ စင်ကြယ်ပြီးသော၊ ဘဝသုံးပါး၌ ချစ်ခင်တွယ်တာ အာသာတဏှာကို ကောင်းစွာ ဖြတ်တော်မူပြီးထသော၊ အဲ့ဒီးခြင်းတုံ့ မစွမ်းနိုင်ရာ လွန်စွာကောင်းမြတ်သော ရွှေနလုံးတော်ရှိထသော ရှစ်ယောက်သော အရိယာ သံဃာတော်မြတ်အပေါင်းကို လည်းကောင်း အကျွန်ုပ်သည် အဋ္ဌလီညွတ်ကာ ရှိခိုးပါ၏ အရှင်ဘုရား။

(မှတ်ချက်။ မြန်မာပြန်မှာ ပိုမိုကြည်ညို သဒ္ဓါပွား ရွတ်ပွားနိုင်ဖို့ သတိထားရန်သာ ဖြစ်ပါသည်။ ပါဠိသက်သက်ကိုသာ ရွတ်ပွား၍ အကျိုးထူးတရား ပွားများနိုင်ပါသည်။)

လက်ဝဲ-ဂါထာတော်

တံ မေ သ ဒိ ကော မံ သု ရေ၊
သော အ ပ နာ ပ သု ဘ ဝိ။
အ မံ သိ တိ ဖု ဝိ သိ ဝေ၊
က ကော က ဂေါ နု မာ မဟံ။

အနက်ပြန်မာပြန်

* တဏှာဂ်ရာ မြတ်စွာဘုရားကို လည်းကောင်း။
* မေဓာဂ်ရာ မြတ်စွာဘုရားကို လည်းကောင်း။
* သရဏာဂ်ရာ မြတ်စွာဘုရားကို လည်းကောင်း
* ကောဏ္ဍည မြတ်စွာဘုရားကို လည်းကောင်း။
* မဂ်လမြတ်စွာဘုရားကို လည်းကောင်း။
* သုမနမြတ်စွာဘုရားကို လည်းကောင်း။
* ရေဝတ မြတ်စွာဘုရားကို လည်းကောင်း။
* သောဘိတ မြတ်စွာဘုရားကို လည်းကောင်း။
* အနောမဒဿီ မြတ်စွာဘုရားကို လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com

* ပဒုမ မြတ်စွာဘုရားကို လည်းကောင်း။
* နာရဒ မြတ်စွာဘုရားကို လည်းကောင်း။
* ပဒုမုတ္တရ မြတ်စွာဘုရားကို လည်းကောင်း။
* သုမေဓာ မြတ်စွာဘုရားကို လည်းကောင်း။
* သုဇာတာ မြတ်စွာဘုရားကို လည်းကောင်း။
* ပိယဒဿီ မြတ်စွာဘုရားကို လည်းကောင်း။
* အတ္ထဒဿီ မြတ်စွာဘုရားကို လည်းကောင်း။
* ဓမ္မဒဿီ မြတ်စွာဘုရားကို လည်းကောင်း။
* သိဒ္ဓတ္ထ မြတ်စွာဘုရားကို လည်းကောင်း။
* တိဿမြတ်စွာဘုရားကို လည်းကောင်း။
* ဖုဿမြတ်စွာဘုရားကို လည်းကောင်း။
* ဝိပဿီမြတ်စွာဘုရားကို လည်းကောင်း။
* သိခီမြတ်စွာဘုရားကို လည်းကောင်း။
* ဝေဿဘူ မြတ်စွာဘုရားကို လည်းကောင်း။
* ကကုသန် မြတ်စွာဘုရားကို လည်းကောင်း။
* ကောဏာဂုံ မြတ်စွာဘုရားကို လည်းကောင်း။
* ကဿပ မြတ်စွာဘုရားကို လည်းကောင်း။
* ဂေါတမ မြတ်စွာဘုရားကို လည်းကောင်း။

အကျွန်ုပ်သည် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

(မှတ်ချက်။ လက်ဝဲ-ဂါထာတော်ကို အချိန်အခါမရွေး သတိရတိုင်း အောက်မေ့ ရွတ်ပွားနိုင်ပြီး လိုရာဆန္ဒ ပြည့်ဝ အောင်မြင်ပြီးစီးစေနိုင်ပါသည်။ နေ့ညအမြဲ အကျိုးစီးပွား တိုးပွားစေပါမည်။ အနက်ပြန်မာပြန်မှာ သိထားရန်သာ ဖြစ်ပါသည်။)

မိမိတို့၏ ပစ္စုပ္ပန်ကံအလုပ်ကို ဉာဏ်ထုတ်ပွား၍ ပါရမီဖြည့်ဆည်း ရွတ်ပွားဆောင်ရွက်သွားပါက လောကီ ရေးရာ၊ လောကုတ္တရာအဖြာဖြာတွင် အောင်မြင်မှု အကျိုးထူး အကျိုးဦးများ ရရှိသွားစေရန် ဓမ္မဒါန ရေးသားတင်ပြအပ်ပါသည်။

တိုးတက်ကြီးပွားကြပါစေ
နတ်မောက် မုတ်ကျောက်

ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

ဆည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ

ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်းရွှေမှုမဖျက် နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်တာဟော စာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်စာလုံး များကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီနှေ့ရက်များပြန်မာဇာတာအင်္ဂလန်ဇာတာပြန်မာ ဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှပြန်မာများအတွက်နာမည်ပေးခြင်း စသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဉာဏ်ပုဗ္ဗော၁၇၀၀ကျော်) သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍အထူးဆောင်ရွက် ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်မြတ်ကို နာရီမိနစ်စက္ကန့်အပါအဝင်လိုအပ်သောယဉ်ကြားများOGဆရာဝန်နှင့်တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောဟောစာတမ်း များ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်ဟောခြင်း အကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသင်္ကေတများလိုင်းကောင်းကောင်းရစေရန် နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမောင်နှံများ စုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူးချွန်မှုရှိ/ မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရုပ်ရည်ချောမော သော်လည်းအဆင်မပြေဖြစ်နေသည့်လူပျိုကြီးအပျိုကြီးများကံပွင့်အောင်ပြုလုပ် ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာအစီအရင် ပညာဓာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြင်စေရ မည်ဟုမှတ်ပါ(နှုတ်ဟောဉာဏ်ပူဇော်ခ၅၀၀၀ကျော်)နာမည်ပေးခြင်းနှင့်ဟောစာတမ်း များ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့VPLဖြင့်လည်းကောင်းဘဏ်မှငွေလွှဲ လျှင်ချက်ခြင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်နေရပ်လိပ်စာဖော်ပြ၍မေးမြန်းခဲ့ပါ သည်နှင့်ကုန်ပို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေးစရာမလိုပဲပေး မည်ဖုန်းသာဆက်လိုက်ပါတိုက်(၃၅)မြေညီထပ်(၈၇)လမ်းမဂလာတောင်ညွန့်မြို့နယ်

ရန်ကုန်မြို့။(ပိတ်ရက်မရှိ) ☎ 01- 394727, 399426, 09-73009994, 09-73078260, 09-5152521,

www.burmeseclassic.com

၂၀၁၅-ဩဂုတ်လအတွက်
ကံကောင်းစေမည့် အကြံပြု စာမျက်နှာ

ခေတ္တရာ ဆရာကျော်

ဒီစာမျက်နှာဟာ သင့်အတွက် ကံကောင်းစေဖို့ အကြံပြု စာမျက်နှာဖြစ်ပါတယ်။

ပင်လယ်ပြင်မှာ မုန်တိုင်းထတဲ့အခါ သံလိုက်အိမ်မြှောင်က ဘောင်-မြောက် လမ်းညွှန်ပြသလို၊ ဘဝကံပွင့်လန်းဖို့ တစ်ထောင့်တစ်နေရာက သင့်ကို အထောက်အပံ့ဖြစ်ပါလိမ့်မယ်။

"လောကတွင် သေခြင်းတရားမှလွဲ၍ မကျော်ဖြတ်နိုင်သော အခက်အခဲဟူသည် မရှိ"

(တတိယနှားဖြင့် နှားထောင်ခြင်း)

၂၀၁၅၊ ဩဂုတ်လ စန်းပွင့်ရက်များ

၁၊ ၂၊ ၃၊ ၁၁၊ ၁၂၊ ၂၀၊ ၂၁၊ ၂၉၊ ၃၀ ရက်များ	အနောက်အရပ် စန်းပွင့်သည်။
၄၊ ၅၊ ၁၃၊ ၁၄၊ ၂၂၊ ၂၃၊ ၃၁ ရက်များ	မြောက်အရပ် စန်းပွင့်သည်။
၆၊ ၇၊ ၁၅၊ ၁၆၊ ၂၄၊ ၂၅၊ ၂၆ ရက်များ	အရှေ့အရပ် စန်းပွင့်သည်။
၈၊ ၉၊ ၁၀၊ ၁၇၊ ၁၈၊ ၁၉၊ ၂၇၊ ၂၈ ရက်များ	တောင်အရပ် စန်းပွင့်သည်။

အထက်ဖော်ပြပါ ဇယားအတွင်းရှိ ရက်များမှာ ဆိုင်ရာ စန်းပွင့်ရက်များကို ဖော်ပြထားခြင်းဖြစ်သည်။ ထိုရက်များအလိုက် ခရီးသွားလာမှု၊ စီးပွားကုန်သွယ်မှု၊ အကြံအစည်အသစ်ပြုမှု၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ပညာရေးက အစ ဉာဏ်ရှိသလို အသုံးပြုနိုင်သည်။

စန်းသည် မိဿ၊ သိဟ်၊ ဓနုရာသီများတွင် ရှိပါက အရှေ့အရပ် စန်းပွင့်သည်။ ပြိဿ၊ ကန်၊ မကာရရာသီများတွင် ရှိပါက တောင်အရပ် စန်းပွင့်သည်။ တူ၊ ကုမ်၊ မေထုန်ရာသီများတွင်ရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကဋ်၊ ဗြိစ္ဆာ၊ မိန်ရာသီတွင်ရှိပါက မြောက်အရပ် စန်းပွင့်၏။ စန်းပွင့်အရပ်ကို မျက်နှာမူ၍ အကြံအစည်ပြုနိုင်ပါသည်။ ကံရှိသရွေ့ ပွင့်လန်းလာပါလိမ့်မည်။

www.burmeseclassic.com

ဩဂုတ်လ အကြံပြုချက်

နွေစဉ်နံနက်တိုင်း စန်းပွင့်အရပ်ဘက် လှည့်ကာ ဖလားထဲရှိ ရေကို စိုက်ကြည့်ပြီး သရဏာဂုံသုံးပါးကို ကိုးခေါက် ရွတ်ပါ။ ထိုရေဖြင့် မျက်နှာသစ်ပါ။ ဘေးကင်းရန်ကွာ စိတ်ချမ်းသာရပါစေဟု ဆုတောင်းပါ။ ရက်မပျက်လုပ်ပါ။ စ,ရွတ်ပြီး သည်မှ တစ်ပတ်ကျော်လျှင် သိသာပါမည်။

ဘာလုပ်လုပ် အခက်အခဲတွေ့ ကြုံနေရသူများအဖို့ ...

* **တနင်္ဂနွေသားသမီး**များ မွေးနေ့တိုင်း နို့ခဲဖြင့် ဆွမ်းတော်ကပ်ပါ။
* **တနလ်္ဂာသားသမီး**များ မွေးနေ့တိုင်း အုန်းဆီကို တတ်နိုင်သရွေ့ မိတ်ဆွေများအား လှူပါ။
* **အင်္ဂါသားသမီး**များ မွေးနေ့တိုင်း ခရမ်းသီးနှပ်ဖြင့် ဆွမ်းလောင်းပါ။
* **ဗုဒ္ဓဟူးသားသမီး**များ မွေးနေ့တိုင်း စံပယ်ပန်းကို ဘုရားကပ်လှူပါ။
* **ကြာသပတေးသားသမီး**များ မွေးနေ့တိုင်း ခုနစ်ရက်သားသမီးကို ရေသန့်လှူပါ။
* **သောကြာသားသမီး**များ မွေးနေ့တိုင်း မေတ္တာသုတ်ကို သက်စေ့ ခေါက်ရေ ပုတီးစိပ်ပါ။
* **စနေသားသမီး**များ မွေးနေ့တိုင်း အိုးသစ်ထဲ သပြေထိုး၍ ဘုရားလှူပါ။

အားလုံးသော ခုနစ်ရက်သားသမီးတို့သည် ဤလထဲ၌ အောက်ပါ ဂါထာတော်ကို စန်းပွင့်အရပ်ဘက် မျက်နှာမူပြီး နွေစဉ် နံနက်ပိုင်း သက်စေ့ ခေါက်ရေရွတ်ပါက လွန်စွာအကျိုးထူးပါမည်။ ပိတ်နေသော လာဘ်များ ပွင့်မည်။ မိတ်ဆွေသစ် တိုးမည်။ ရရန်ရှိသော ငွေကြေးများ ရလိမ့်မည်။ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်း ဒသာစီး မကောင်းမှု ရှိနေပါက ကောင်းကျိုးဖြစ်စေပါမည်။

ဂါထာ

အရဟံ ဗဟိအန္တရေယံ သုဂတံ၊
အဓိတံ ဝိရဇံ လလိတံ အတုလံ။
စရဏံ တီဘာရုပဿမံ ယာမကံ၊
သုခဒံ သရဏံ ပဏာမာမိ ဇိနံ။

ယုံကြည်လေးမြတ်ထား၍ ရွတ်ပါ။ ကိုးရက်မှ စ,ကာ သိသာထွာသော အကျိုးပေးကောင်းများ ရလာပါမည်။

ကျန်းမာရေး

အချဉ်မျိုးစုံ ရှောင်ပါ။ ပုစွန်ချဉ်၊ မျှစ်ချဉ်၊ ခရမ်းချဉ်၊ ရှောက်၊ သံပရာ၊ ကတက်ချဉ်ကအစ ရှောင်သင့်ပါသည်။ ဝမ်းချုပ်မခံပါနှင့်။ လေတိုက်မခံပါနှင့်။ အထူးသဖြင့် ဝေဒနာရှိနေသူများ ရေချိုးမှု ဂရုပြု။ ရေချိုးစဉ် လေတိုက်မခံသင့်ပါ။

ခုနစ်ရက်သားသမီးများအားလုံး

ဘေးကင်းရန်ကွာ စိတ်ချမ်းသာ၍ မကောင်းဘေးမှ ကင်းဝေးစေရန် ရည်သန်၍ မွေးနေ့မနက်တွင် တံခွန်ကုက္ကား တစ်စုံ၊ သပြေပန်း (၅)ညွှန့်၊ အလင်းတိုင်၊ နံ့သာတိုင်များအား မွေးနံ့ထောင့်တွင် လှူပြီး ဂြိုဟ်တိုင်အား ရေလောင်း၍ ဆုတောင်းပါ ■

www.burmeseclassic.com

www.burmeseclassic.com

ထက်နုံသုံးပါး ဝရိုးသွား

■ ကျော်မိုးလွင် (ဝါးခယ်မ)

"တစ်ရွာမပြောင်း သူကောင်းမဖြစ်"

"သေချင်သည့်ကျား တောပြောင်း"

ခရီးသွားနှင့် ပတ်သက်သော ရေးလူကြီးများ ထားခဲ့သော စကားဖြစ်ပါသည်။ အကြောင်းမဲ့ ထားခဲ့ခြင်းမဟုတ်ပါ။ ဤစကားများသည် ဗေဒင်ပညာနှင့် ဆက်စပ်နေကြောင်း လေ့လာချက်အရ သိရှိခဲ့ရသောကြောင့်ဖြစ်ပါသည်။

မြန်မာ့ဂိုးရာဗေဒင်တွင် နေထိုင်ရာ မြို့ ရွာ ရွေးနည်း ဟူ၍ ရှိပါသည်။ လက်ံအရ...

* ထက်နုံသုံးပါး အောက်သို့ သွားသည်၊ သစ်သားမြို့ ရွာနေထိုင်ရာ၏။
* အောက်က သုံးနုံ၊ ထက်သို့ ဆန်သည်၊ သစ်နုံမြို့ ရွာ မနေရာ။
* အောက်မှာ အချင်းချင်း ပြန်တုံ့လင်း၊ အရှင်း ရှောင်အပ်စွာ၊
* ထက်နုံသုံးပါး အောက်သို့သွား။

ဥပမာ - တနင်္ဂနွေအားသမီးသည်...

အထက် ပဉ္စပွတ်နုံက စ၍ အောက်နုံသုံးပါး အဆုံးရှိသော မန္တလေး၊ ပန်းတနော်၊ မြင်စိုင်း။

အထက်အညွှန့်နုံက စ၍ အောက်နုံသုံးပါး အဆုံးရှိသော ကဝ၊ ကျောက်တန်း၊ ကျောက်ဆည်။

အထက် ဆပွတ်နုံက စ၍ အောက်နုံသုံးပါး အဆုံးရှိသော သန်လျက်၊ ဟင်္သာတ၊ သာစည်မြို့များ၌ နေထိုင်ရပါမည်။

ဂင်းမြို့များ၌ မနေရလျှင် မိမိခြံဝန်း၊ မွေးနုံဖြစ်သော တနင်္ဂနွေထောင့်(အရှေ့မြောက်ထောင့်)၌ အထက်နုံ သုံးပါး၊ အောက်နုံ သုံးပါးတွဲသော အပင်စိုက်ရပါမည်။

မရမ်းပင်၊ သစ်ဆိမ့်ပင်၊ ပိတောက်ပင်တို့ စိုက်ရပါမည်။

အောက်က သုံးနုံ၊ ထက်သို့ ဆန်

အောက်ဂြိုဟ်ရန်း အင်္ဂါ(၃)က စ၍ အထက်နုံ သုံးပါး အဆုံးရှိသော ဆိပ်ပြို့ ညောင်ကန်၊ ဆိပ်သာ။

အောက်စတုရန်းက စ၍ အထက်နုံသုံးပါး အဆုံးရှိသော မြို့ ရွာ ရွှေဘို၊ လှည်းကူး၊ ရွာသာ။

အောက်အမြစ် စနေနုံက စ၍ အထက်နုံသုံးပါး မြို့ ရွာ ထန်းပင်၊ တောင်ကြီး၊ တောင်သာတို့သည် မနေအပ်သော မြို့ ရွာများဖြစ်သည်။

တနင်္ဂနွေသားသမီးများအတွက် တွက်ပြထားခြင်းသာ ဖြစ်သည်။

တပည့်ကျော် ကျေးတော စောလှိုင်က သူ အဂ်ါသား အတွက် တွက်ကြည့်ရင်း ပြောလာသည်။

"ဒါဆို ကျွန်တော်နေနိုင်တဲ့ မြို့ ရွာက တောင်သာ၊ တောင်ကြီး၊ ဖေါ်ပြစ်ပြီး မနေသင့်တဲ့ မြို့ ရွာက သာကေတ၊ ဟင်္သာတ၊ ကျောက်တန်း၊ မင်းတုန်းပေါ့ ဆရာမိုး"

"အေး၊ အားလုံးတွက်ကြည့်ရင် နေသင့်တဲ့ မြို့ ရွာ (၉)ခု၊ မနေသင့်တဲ့ မြို့ ရွာ (၉)ခုဆိုပါတော့ ကျေးတောရာ"

```
    ဝ
  ၄ ဝီး
  ၁
 ---
  ၃
 ---
  ၆
  ၂ ခယ်
  ၅ မ
```

"ဒီလိုဆို ကျွန်တော် ဝါးခယ်မမှာ နေတာ မှန်နေတာပေါ့ ဆရာမိုး"

"ဟုတ်လိုက်လေ ကျေးတောရယ်"

ထုံးစံအတိုင်း ကျေးတော စောလှိုင်က ကျွန်ုပ်တွက်ပြသည်ကို ကူးယူကာ ကျွန်ုပ်အိမ်မှ နွှတ်ဆက်ထွက်ခွာသွားပုံ လေတော့သည်။

ခုနစ်ရက် သားသမီးများ မြို့ ရွာအရွေးမှန်ကြပါစေ ■

ကျော်မိုးလွင် (ဝါးခယ်မ)

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ရေးနှောက်/သောကမှန်သမျှကင်းဝေးစေရအောင်

- အိမ်ထောင်ရေးရှုပ်ထွေးဖောက်ပြန်နေသူနဲ့ မကြည့်ချင်လောက်အောင် အမြန်ဆုံး မုန်းတီးပြတ်စဲ အဆက်အသွယ်ပြတ်စေဖို့
- အိမ်မှထွက်သွားသော အိမ်ထောင်ဘက် အိမ်ကို အမြန်ဆုံးပြန်လာဖို့
- မိမိတစ်ဦးတည်းကိုသာ ချစ်ခင်စွဲလန်းယုယ အလိုသစ္စာရှိပြီး အိမ်ထောင်ရေး သာယာပျော်ရွှင်ခိုင်မြဲစေဖို့
- မိမိပြောစကား အောင်မြင်ပြီး သူရှာဖွေရရှိသမျှငွေများ မိမိထံ အကုန်အပ်နှံစေဖို့
- ကွဲကွာနေသော အိမ်ထောင်ဘက်နဲ့ အမြန်ဆုံးပြန်ပေါင်းရစေဖို့

အပါအဝင် အိမ်ထောင်ရေးဆိုင်ရာ အဆင်မပြေမှုများအတွက် ဂျိမ်္ဘရုပညာယဉ်ကြာအစီအရင်နှင့် ပုံပိုးကူညီမှု လိုအပ်လျှင် ယခုပင် လာခဲ့ပါ။

ဆရာကြီး ဦးအောင်မြိုင် (လက္ခဏာဗေဒင်ပညာသုတေသီ၏သား)

ဆရာဦးပိုင်ဇအောင်(ဝိဇ္ဇာဘွဲ့)၊ (လက္ခဏာဗေဒင်ဟောခန်း)

တိုက်(၄၀) (ဘီ-၁)၊ မြေညီထပ်၊ မဟာမြိုင်အိမ်ရာ(ထိပ်)၊ ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်။
မြောက်ဒဂုံမြို့နယ်။ ဖုန်း - ၀၉ ၇၃၁၄၇၀၂၄၊ ၀၉ ၅၀၉၃၈၉၁၊ ၀၉ ၂၅၀ ၇၇၃၆၃၆

ယုံကြည်အားကိုးမှုသာ လာခဲ့ပါ။

ရောဂါဆင်းရဲခြင်းကင်းဝေးအောင် "ဘုန်းကြွယ်" ဆေးကိုဆောင်

ဆရာမကြီး ဒေါ်လှလှကြွယ် ၏

ဘုန်းကြွယ်
ဝမ်းမှုန်ဆေး

ဗဟုသုတ - ဘုန်းကြွယ်ဆေးဝါးထုတ်လုပ်ရေး - အမှတ်(၉၆)၊ ခရေပင်လမ်း၊ ၂/(က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁၆၇၅၅၇၁၊ ၀၉ ၇၃၁၇၀၄၅၅ ၊ ၀၉ ၄၄၈၀၂၁၅၅၅

www.burmeseclassic.com

နတ်တောင်သို့ ဒုတိယအကြိမ်

မြသိန်း

သစ်တောအရာရှိ ကျွန်ုပ်ဦးအောင်သန်းသည် ဒုတိယကမ္ဘာစစ်မဖြစ်ခဓိက တောင်ငူမြို့အရှေ့ဘက်တောင်ပေါ်ကျေးရွာ ဘောဂလိကြီးဦးအခြေစိုက်၍ သစ်ထုတ်လုပ်ရေးကို လုပ်ကိုင်ခဲ့ရာ ဘောဂလိကြီးအရှေ့ဘက် (၁၀)မိုင်ခန့်အကွာရှိ ပေ ၆၀၀၀ ခန့်မြင့်သော နတ်တောင်၏အလယ်ရှိ ရေအိုင်ထဲမှ လပြည့်ညမှ ထွက်သော နွယ်ရှင် နတ်ပန်းတစ်မျိုးနှင့် တွေ့ခဲ့ဖူးသူဖြစ်၏။

နတ်တောင်၏ အောက်ခြေရှိ ရွာများမှ ရွာသားအချို့သည် ထိုနတ်တောင်ထိပ်တွင် ထူးဆန်းသော နတ်ပန်းရှိသည်ဟု ရေးလူကြီးများ ပြောခဲ့သည်ကို ဟုတ်မဟုတ် သွားရောက်စုံစမ်းရာမှ ပျောက်ဆုံးသွား၏။

နတ်တောင်အောက်ခြေရှိ ရွာ

www.burmeseclassic.com

www.burmeseclassic.com

ပါ"

ဟု ပြောသည်။

"သေနတ်နဲ့ ပစ်လိုက်လို့ ပျက်စီးသွားပြီပဲ"

ဟု ကျွန်ုပ်က ပြောရာ သားအဖ နစ်ယောက်စလုံးက -

"ပြန်ရှင်ကောင်း ရှင်လာနိုင်တယ်"

ဟု ပြောကြ၏။

"ဝေးတယ်။ ဆရာကြီးတို့ ပင်ပန်းပါလိမ့်မယ်"

ဟု ကျွန်ုပ်က ပြောရာ သူတို့က အပင်ပန်းခံနိုင်ပါကြောင်း၊ ထိုနေရာကို လေ့လာလို၍ လိုက်ပို့ပေးပါရန် မေတ္တာရပ်ခံသောကြောင့် ကျွန်ုပ်သည် သူတို့သားအဖကို နတ်တောင်သို့ လိုက်ပို့ပေးရန် သဘောတူလိုက်၏။

ကျွန်ုပ်သည် နတ်တောင်ထိပ်သို့ ဒုတိယအကြိမ်သွားရပါဦးမည်။

◈◈◈

လပြည့်နေ့မတိုင်မီ နှစ်ရက်အလိုတွင် ကျွန်ုပ်တို့သည် နတ်တောင်အောက်ခြေရှိ ရွာသို့ ရောက်သွားပြီး နားနားနေနေ နေကြပါသည်။

ကျွန်ုပ်သည် ယခင် ပထမ တစ်ခေါက်က လူများကိုပင် ခေါ်လာခဲ့ပါသည်။

အဖိတ်နေ့ ညနေစောင်းတွင် ကျွန်ုပ်တို့သည် တောင်ပေါ်သို့ စတက်ကြပါသည်။ သူတို့သားအဖသည် ကျွန်ုပ်တို့လောက် မတက်နိုင်ကြပါ။ သို့သော် သူတို့သည် ငွေကောင်းကြ၏။

ည ဂုနာရီခန့်၌ နတ်တောင်ထိပ်၏ အောက်ဘက် ပေတစ်ရာခန့် နေရာတွင် ကျွန်ုပ်တို့ စခန်းချပါသည်။

လပြည့်ညဉ့် ပြည့်ပြီးနေသော လမင်းကြီးသည် ထိန်ထိန်သာနေ၏။

ဘစ်ရွာမှ ရွာသူကြီးက ရွာသားများ ဆွောက်ဆုံးရှင်းကို စုံစမ်းပေးရန် အကူအညီတောင်းလာသဖြင့် စွန့်စွန့်စားစား အလုပ်လုပ်ရန် ဝါသနာပါသော ကျွန်ုပ် ဦးအောင်သန်းသည် လိုင်စင်ဖြင့် ကိုင်ဆောင်ထားသော နစ်လုံးပြူး သေနတ်ဖြင့် လပြည့်နေ့ညတွင် သတ္တိရှိသော ရွာသားအချို့နှင့် ကျွန်ုပ်၏ တပည့်အချို့ ကိုနှင့်အတူ နတ်တောင်သို့ သွားသည်။

ရှေးလူကြီးများက ထိုနတ်ပန်းသည် လပြည့်နေ့ညမှ ထွက်လာလေ့ရှိသည်ဟု ပြောသွားကြောင်းကိုလည်း ကျွန်ုပ်သိရ၏။

ကျွန်ုပ်တို့သည် လပြည့်ညတွင် ကိုတောင်ထိပ်၌ စခန်းချနေကြစဉ် ည သန်းခေါင်ယံ၌ လက ကျွန်ုပ်တို့၏ ဦးခေါင်းပေါ်သို့ တည့်တည့်ရောက်ခဲ့နိုင်၌ ကျွန်ုပ်တို့သည် အလွန်မွေးသော သန်းရုံတစ်ဖျိုးကို စတင်ရ၏။ ထိုအနံ့ကြီး ကျွန်ုပ်တို့တစ်တွေ လရောင်အကူအညီဖြင့် တောင်ထိပ်ကလယ်ရိုက် ရေအိုင်ဆီမှ ပန်းပွင့်ဖြူဖြူကြီးတစ်ပွင့်ကို တွေ့ရှိ၍ တစ်ချိန်တည်းမှာပင် ရေထဲမှ ရဲရဲနီသည်းများ ထွက်လာပြီး နွယ်ကြိုးသဖွယ် အမျှင်တန်းများသည် အရပ်ဆယ်မျက်နှာသို့ ပျံ့ထွက်လာ၏။ ကျွန်ုပ်က သတိထားကြပေဟု အော်ပြောရာ သေနတ်ကိုလည်း ပစ်ရန် အသင့်အနေအထားဖြင့် ကိုင်ထားလိုက်၏။

နွယ်သစ်မျှင်သည် ရှေ့ဆုံး၌ ရပ်နေသော သူ၏ ခြေထောက်ကို ရစ်ပတ်သိုက်သည်ကို ကျွန်ုပ်တွေ့လိုက်သဖြင့်

"နွယ်ရှင်ဟေ့၊ ဓားနဲ့ ဖြတ်ပြီး အပြန်ဆုံး နောက်ဆုတ်ကြ"

ထိုသို့ပြောရင်း ဤနွယ်ရှင်များသည် နတ်ပန်းနှင့် ဆက်စပ်မှု ရှိရမည်ဟု ကျွန်ုပ်စဉ်းစားမိသဖြင့် ကျွန်ုပ်သည် နတ်ပန်းပွင့်၏ အရင်းပိုင်းကို ချိန်ရွယ်ပြီး သေနတ်ဖြင့် ပစ်ထည့်လိုက်သည်။ ပန်းပွင့်မှာ ကြေမွသွားသလို၊ ပန်းပွင့်၏ အရင်းရိုးတံမှာလည်း ပြတ်တောက်သွား၏။

အံ့သြဖွယ်ကောင်းသည်မှာ ပန်းပွင့်လည်း မရှိ၊ ရိုးတံလည်း ပြတ်သွားသည်မှာ ရေထဲမှ ထွက်လာသော နွယ်ရှင်များမှာလည်း အားပျော့ကာ တဖြည်းဖြည်းနှင့် ရေကန်ထဲ လျော့ဆင်းသွားကြကုန်၏။

"ကဲကောင်းတယ်ဟေ့၊ နွယ်ရှင်တွေက ငါတို့ကို ရေကန်ထဲ ဆွဲခေါ်ပြီး စားကြမလို့။ အရင်လူတွေ ပျောက်သွားတာ လူသားစားတဲ့ နတ်ပန်းရဲ့ အစာတွေဖြစ်သွားလို့။ ကဲ···ကဲ၊ ငါတို့ ပြန်ကြစို့"

ဤသည်မှာ နတ်တောင်ထိပ်သို့ ကျွန်ုပ်တို့ ပထမဆုံးအကြိမ်ရောက်စဉ်က ဖြစ်သည်။

◈◈◈

ထိုဖြစ်ရပ်ဖြစ်ပြီး နောက် ၆လ ကျော်ကျော်အကြာ၌ နတ်တောင်သို့ ဒုတိယအကြိမ် ကျွန်ုပ်သွားရဖို့ အကြောင်းဖန်လာပြန်၏။

အငြိမ်းစား ရာဇဗေဒ ကထိက ဦးဘလှနှင့် သူ့သမီး မလှမြင့်တို့သည် နတ်တောင်မှ နတ်ပန်းသတင်းကို တောင်ငူတွင် ကြားရသောကြောင့် ကျွန်ုပ်နှင့် လာတွေ့ကြခြင်းဖြစ်သည်။ ဦးဘလှသမီး မလှမြင့်မှာလည်း ရာဇဗေဒနည်းပြဖြစ်ပြီး မဟာသိပ္ပံဘွဲ့အတွက် စာတမ်းပြုစုရန် ကျွန်ုပ်ထံသို့ ရောက်လာကြခြင်းဖြစ်သည်။

"ကျွန်မက စာတမ်းအတွက် ပန်းပင်၊ ပန်းပွင့်မျိုးစုံကို စုဆောင်းပြီး စာတမ်းပြုစုနေတာပါ။ နတ်တောင်က နတ်ပန်းကို ကိုယ်တွေ့လေ့လာချင်လို့

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်တွင် မိုးသားများ မရှိ။

"လိုရမယ်ရ စားတွေကိုတော့ အသင့်ဆောင်ခဲ့ကြပါ။ အခြေအနေက ဘယ်လိုမှန်းမသိဘူး"

ဟု ကျွန်ုပ်က အားလုံးကို ပြောလိုက်ပါသည်။

ဦးဘလှတို့သားအဖကို ကျွန်ုပ် အနီးမှ လိုက်ပါကြရန် ကြိုတင်ပြောထားပါသည်။

ည ၁၀နာရီကျော်လာလေပြီ။

ကျွန်ုပ်တို့တစ်တွေသည် တိတ်ဆိတ်စွာဖြင့် အခြေအနေကို စောင့်ကြည့်နေကြသည်။

လမင်းကြီးသည် ကျွန်ုပ်တို့၏ ဦးခေါင်းပေါ်တည့်တည့်သို့ တဖြည်းဖြည်းတက်လာရာ ဦးဘလှတို့သားအဖက ရေကန်ရှိရာသို့ သွားရအောင်ဟု ကျွန်ုပ်ကို ပြောသဖြင့် ကျွန်ုပ်က···

"သွားတာပေါ့။ ကျွန်တော်က ရှေ့က သွားမယ်"

ဟု ပြောပြီး ကျွန်ုပ်က သေနတ်ကို ပစ်ရန်အနေအထားဖြင့် အသင့်ပြင်၍ တစ်လှမ်းချင်းသွားသည်။

ကျွန်ုပ်တို့ တောင်ထိပ် ရေကန်နှုတ်ခမ်းသို့ အရောက်၌ လမင်းကြီးသည် ကျွန်ုပ်တို့ခေါင်းပေါ်သို့ တည့်တည့်ရောက်လာပြီး ရေကန်၏ ရေမှာ တဖြည်းဖြည်းလှုပ်လာသည်။ ပန်းဖူးကြီးတစ်ဖူး ရေထဲမှ ထွက်လာပြီး ရေပေါ်ရောက်သည်နှင့် ပွင့်အာသွားပါတော့သည်။

"ဟယ်···ပန်းဖြူဖြူကြီး၊ လှလိုက်တာ"

မလှမြင့်၏ နှုတ်မှ အသံထွက်သွား၏။

ပွင့်လာသောပန်းမှ မွှေးလွန်းသော ရနံ့လည်း ထွက်လာ၏။

"သိပ်မွှေးတယ်။ အဆိပ်ဖြစ်နိုင်တယ်။ မရှူကြနဲ့။ နာခေါင်းကို စည်းထား"

ဦးဘလှ၏ အသံ။

ထိုတစ်ခဏ၌ ရေကန်ရေမှာ ပို၍ လှုပ်ရှားလာကာ ရေထဲမှ အမျှင်တန်းများ၊ နွယ်ကြိုးအမျှင်တန်းများ ထွက်လာ၏။ အရပ်လေးမျက်နှာသို့ ပျံထွက်လာ၏။

ဂင်းအမျှင်တန်းများသည် ကျွန်ုပ်တို့ရှိရာသို့ တရွေ့ရွေ့လာနေသည်ကို လရောင်အကူအညီဖြင့် တွေ့ရ၏။ အစိမ်းရောင် အမျှင်တန်းနွယ်များက လက်သန်းထက်ဝက်ခန့် အလုံးတုတ်၏။

"ရှေ့မတိုးကြနဲ့။ နောက်ဆုတ်ကြ၊ နောက်ဆုတ်ကြ"

ကျွန်ုပ်သည် ကျွန်ုပ်၏ အနီးရှိ ဦးဘလှတို့ကို လှမ်းဆွဲထားလိုက်ရသည်။ သူတို့က ပန်းပွင့်နှင့် နွယ်တန်းများကို စိတ်ဝင်စားနေရာ ဦးဘလှ၏ ခြေထောက်ကို နွယ်တစ်မျှင်က ဆွဲပတ်လိုက်သဖြင့် ဦးဘလှ လဲကျသွား၏။

ကျွန်ုပ်သည် စားကို ဆွဲထုတ်လိုက်ပြီး နွယ်ကြိုးကို ဖြတ်၍ သေနတ်ဖြင့် ပန်းပွင့်ရှိရာသို့ ချိန်ရွယ်၍ ခပ်သွက်သွက် ပစ်ထည့်လိုက်ရာ ပထမအကြိမ်မှာကဲ့သို့ပင် ပန်းပွင့်သည် ကြေမွသွားပြီး အရင်းမှာလည်း ပြတ်ထွက်သွားလေတော့၏။

"အဲ့သြစရာပဲ၊ ကံကောင်းလို့။ ဦးအောင်သန်းက၊ လက်ဦးပေလို့"

မလှမြင့်သည် သူ့ဖခင်ကို ဆွဲထူရင်း ပြောသည်။

"နတ်ပန်းဟာ ပြန်ရှင်တာပဲ၊ မျိုးမပြုတ်ဘူး"

ဟု ကျွန်ုပ်က ပြောလိုက်သည်။

ကျွန်ုပ်သည် တောင်အောက်သို့ တဖြည်းဖြည်းဆင်းလာကြသည်။

"ငါက ဒီနွယ်ရှင်တွေကိုတော့ ကြားဖူးရုံ ကြားဖူးတာ။ ခုမှ ကိုယ်တွေ့ကြုံတယ်။ နောက်ပြီး ဒီလိုလှပပြီး အန္တရာယ်ကင်းတဲ့ ပန်းမျိုးကိုလည်း အခုမှပဲ မြင်ဖူးတော့တယ်"

ဦးဘလှက တောင်အောက်သို့ ဖြည်းဖြည်းဆင်းလာရင်း ပြောလိုက်သည်။

"သဘာဝဟာ သိပ်ထူးဆန်းတယ်။ ဒီကမ္ဘာမှာ ငါတို့ မသိတာတွေ အများကြီးပဲ ရှိတယ်"

ဦးဘလှသည် ဆက်လက်ပြောလိုက်မိ၏။

နောက် နှစ်ရက်ကြာသောအခါ ဦးဘလှတို့သားအဖသည် ကျွန်ုပ်အား ကျေးဇူးတင်ပါကြောင်းကို လိုက်လိုက်လဲလဲပြောပြီး တောင်ဂူသို့ ပြန်သွား၏။

◈◈◈

နောက်တစ်နေ့အကြာ၌ အာရုတွင် ဒုတိယကမ္ဘာစစ်မီးကြီး ထတောက်လေရာ ကျွန်ုပ်သည် တောင်ဂူသို့ ပြန်၍ အထက်မှ ညွှန်ကြားသည့် အတိုင်း အလုပ်များကို ရပ်ဆိုင်းလိုက်ရပါသည်။

အထက်လူကြီးက ကျွန်ုပ်အား အိန္ဒိယပြည်သို့ လိုက်ရန် ခေါ်သော်လည်း ကျွန်ုပ် မလိုက်ပေ။ ဂျပန်ခေတ်၌ တောင်ဂူ၌ နေရင်း ဦးဘလှည့် ပို၍ရင်းနှီးသွားကာ၊ ဂျပန်ဝင်လာပြီး တစ်နှစ်အကြာ၌ ကျွန်ုပ်နှင့် မလှမြင့်သည် ဘဝတစ်သက်တာ အဖော်မွန်များဖြင့် သွားပါတော့၏။

မြသိန်

*****

www.burmeseclassic.com

www.burmeseclassic.com



မော်ဝင်နေတဲ့မြို့ သို့မဟုတ်
ပင်လယ်နဲ့ လက်ထပ်ထားတဲ့ ဗင်းနစ်

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး - သု)

ဗလောရင့်ကို ရောက်တော့ တစ်ခွိန်က ကိုယ်တို့ မြန်မာနိုင်ငံရဲ့ မဟေသီတစ်ပါးဖြစ်ခဲ့တဲ့ ရတနာနတ်မယ်လည်း ဒီမြို့ကို ရောဝဲနေပြီး စားသောက်ဆိုင်နဲ့ ချက်ပြုတ်နည်းသင်တန်းကျောင်းတွေ ဖွင့်ထားတာကို သတိရလိုက်ပါတယ်။ တစ်ညအိပ်ပြီး နောက်နေ့မှာတော့ ဗလောရင့်ဟိုတယ်ကနေ ခရီးဆက်နှင်းကြတယ်။ ဘိုယ်ကတော့ စပ်စုတတ်သူမို့ ခရီးသွားတိုင်း ကားပြတင်းကနေ မျက်တောင်မခတ်ကြည့်နေမိရဲ့။ လူနေရပ်ကွက်များနဲ့နီးတဲ့ အိမ်ဘေးတစ်လျှောက်မှာ အသံကာ နံရံတုများ၊ လေကာတံတိုင်းများကို နေရာတိုင်း တပ်ဆင်ကာရံထားတာ တွေ့ရတယ်။ လမ်းဘေးမှာ ပဝိစပ်စိုက်ခင်းတွေ ဆက်တိုက်မြင်နေရပေါ့။ ရိတ်သိမ်းပြီးစ မြေကွက်တွေမှာ ကောက်ရိုးတွေကို ကြီးမားတဲ့ အလိပ်ကြီးတွေ ကျစ်ကျစ်လျစ်လျစ်လိပ်ပြီး ကွင်းအနှံချထားတာလည်း တွေ့ရတယ်။ လယ်ကွင်းတွေ အကြာကြီးဖြတ်ရလို့ ခရီးဖော်တွေကတော့ အိပ်နေကြရဲ့။

သံခေါင်းစွပ် မင်းသားရဲ့ မြို့

မက်ကြာခင်မှာ တိုရိန်နို(Torino)မြို့ကို ဖြတ်ရတယ်။ အလက်ဇန္ဒားဒူးမားရဲ့ "သံခေါင်းစွပ်မင်းသား" ဇာတ်လမ်းအခြေတည်ထားတာ ဒီမြို့မှာဖြစ်ပါတယ်။ ဒဂုန်ရွှေများရဲ့ ဇာတ်လမ်းနဲ့ မဂ္ဂဇင်းအခန်းဆက် ရုပ်ပြရော၊ အဖြူအမည်းခေတ်က ခင်မောင်ဇင်သရုပ်ဆောင်ခဲ့တဲ့ ရုပ်ရှင်ရော၊ တိုက်တင်းနစ် မင်းသားချောလေး လီယိုနာဒိုရဲ့ ယနေ့ခေတ် ရိုက်တဲ့ ရုပ်ရှင်ရော ကြည့်ထားမှုးလို့ တိုရိန်နိုကို စိတ်ဝင်စားသွားတယ်။

တိုရိန်နိုမြို့ဟာ အီတလီအနောက်မြောက်ပိုင်းမှာ ရှိတဲ့ တိုရိန်နိုပြည်နယ်ရဲ့ မြို့တော်ဖြစ်ပြီး ပိုးမြစ်(The Po)ရဲ့အပေါ်ဘက်မှာ ရှိပါတယ်။ အီတလျှံလို တိုရိန်နိုလို့ခေါ်ပြီး အခြားအမည်တွေကလည်း

www.burmeseclassic.com

တုရင်(Turin)မြို့ ဖြစ်ပါတယ်။ အဲ့ပ်ဟောင်တန်းရဲ့ အရှေ့ဘက် ကျယ်ပြောပြီး မြေညီကောင်းတဲ့လွင်ပြင်မှာ တည်ရှိလို့ အီတလီရဲ့ အရေးအပါဆုံး စက်မှုနဲ့ ဆက်သွယ်ရေးဗဟိုဌာနတွေထဲက တစ်ခုပါ။ အဓိက ကားလမ်း မီးရထားလမ်း တွေဆုံရာလည်း ဖြစ်ပြီး နိုင်ငံတကာ လေဆိပ်လည်းရှိတယ်။ မြို့ကြီးဟာ ကွဲကွဲပြားပြားရှိလှတဲ့ စီးပွားရေး ခရီးသွားလုပ်ငန်းနဲ့ နည်းပညာမြင့် ကုန်ပစ္စည်းတွေ ထုတ်လုပ်မှုတွေကြောင့် သိသိသာသာ ထင်ရှားလာတယ်။ (ball-bearing)၊ လေယာဉ်၊ ရာဘာနဲ့ စက္ကူစက်ရုံတွေ၊ သားရေနယ်ရာမှာ သုံးတဲ့ သဘာဝဆီးဆေး သားရေထည်လုပ်ငန်းတွေကလည်း အလားတူပဲ အရေးပါလှတယ်။ အဲဒီမှာ သတ္ထုဗေဒ၊ ဓာတုဗေဒဆိုင်ရာ၊ ပလတ်စတစ်နဲ့ လျှပ်စစ်နည်းပညာစက်ရုံတွေလည်းရှိပြီး ချောကလက်၊ ဝိုင်၊ အထူးသဖြင့် (Vermouth)ဟာ ထင်ရှားတဲ့ ထုတ်ကုန်ပါ။ ၁၉၉၉ခုမှာ တုရင်ကို ၂၀၀၆ခုနှစ် ဆောင်းရာသီ အိုလံပစ်အတွက် ရွေးချယ်လိုက်ကြတယ်။ လူဦးရေဟာ ၂၀၀၄ခုနှစ် ခန့်မှန်းခြေအရ (၈၆၇၈၅၇)ဦး ရှိတယ်။

တိုရိနိုမှာ ပြိုင်ဘက်ကင်းတဲ့ အီတလီရဲ့ ဖီယက်(Fiat)နဲ့ (Lancia)ကားစက်ရုံတွေ၊ မော်တော်ကားများစွာ ထုတ်လုပ်ခဲ့တယ်။ ဖီယက်နဲ့ ကာလရှည်ကြာစွာ ပတ်သက်ခဲ့ပြီး ဌာနချုပ်လည်း တုရင်မှာ ရှိတယ်။ ဒါပေမယ့် ၂၀ရာစုနောက်ပိုင်းမှာ မော်တော်ကားစက်ရုံဟာ ကျဆင်းလာပြီး ခုတော့ ဖီယက်ကုမ္ပဏီလည်း အိန္ဒိယနိုင်ငံက တာတာ(Tata) ကားကုမ္ပဏီနဲ့ ပူးပေါင်းလိုက်ရပါပြီ။

၂၁–ဘီစီမှာ တုရင်ဟာ ကာသေ့ ကျူးကျော်ဝင်ရောက်သူ ဟန်နီဘောလ်(Hannibal)ရဲ့ ဖျက်ဆီးခြင်းကို ခံလိုက်ရဖူးပြီး နောက်ပိုင်းမှာ ရောမစစ် ကိုလိုနီလည်း ဖြစ်ဖူးရဲ့။ ကောရင်ဒိဘုရင် ဩဂတ်စတပ်က ပြန်လည်တည်ဆောက်ခဲ့တဲ့ ထောင့်မှန်စတုဂံပုံ မြို့တံတိုင်းရဲ့ ကျန်ရစ်နေဆဲ နံရံတွေ၊ (The Palatine) ဂိတ်နဲ့ မျော်စင်တွေကို မြင်နိုင်ပါသေးတယ်။ ၁၇၂၀ ခုနှစ်မှာ ဆာဒီးနီးယား(Sardinia) မင်းနိုင်ငံရဲ့ မြို့ ဖြစ်လာပြန်ပြီး ၁၉ရာစုမှာတော့ အီတလျံနိုင်ငံရေးပေါင်းစည်းမှုလှုပ်ရှားရာ နိုင်ငံရေးနဲ့ အသိပညာဌာနပါ။ ၁၈၆၁–၆၈ခုများအတွင်းမှာတော့ စုစည်းလိုက်တဲ့ အီတလီရဲ့ ပထမဆုံး မြို့တော်ဖြစ်လာပါတယ်။ ဒုတိယမြောက်မှာ တုရင်ဟာ ပြင်းထန်တဲ့ လေကြောင်းတိုက်ခိုက်မှုတွေ ခံခဲ့ရဖူးရဲ့။

သခင်ယေရှု မြှုပ်နှံစဉ်က အဝတ်ရှိတဲ့ အဝတ်ခတ် အိမ်ဘုရားကျောင်း

၄၁၅ခုလောက်ကတည်းက ဘုန်းတော်ကြီးတွေ သြဇာသက်ရောက်ရာမို့ ၁၅၁၀ခုထိ ခရစ်ယာန်ဂိုဏ်းချုပ် ပိုင်ခဲ့တဲ့ တုရင်မှာ သာသနိက ဗိသုကာလက်ရာတွေလည်း များစွာပါ။ ၁၆၀၀ခုနောက်ပိုင်း(The Baroque)ဗိသုကာ- ဂါရီနိုဂါရီနီ (Guarino Guarini)ရဲ့ အထင်ရှားဆုံးလက်ရာ၊ အပြောင်းအလဲ မျိုးစုံကြုံခဲ့ရတဲ့ (La Consolata)ဘုရားကျောင်းလည်း ရှိရဲ့။ ၁၈၅၃ခုက The Waldensian ဟာ တုရင်ရဲ့ ပထမဆုံး ပရိုတက်စတင့်ဘုရားကျောင်းဖြစ်ပြီး တော်ဝင်သူတွေ မြှုပ်နှံရာအဖြစ် အကြာကြီးရပ်တည်ခဲ့ပါတယ်။ ဘဏ်သစ်လောင်းခေတ်ဟန် ဘုရားကျောင်း(San Giovanni Battista)(၁၄၉၈)နဲ့ ဂါရီနိုဂါရီနီရဲ့ ပြောင်မြောက်တဲ့ မွေရင်းလက်ရာ (Santa Sindone Chapel) ဘုရားဆောင်(၁၆၉၄)လည်း ရှိသေးတယ်။ ဒါဟာ သခင်ယေရှု မြှုပ်နှံစဉ်က အဝတ်လို့ အတော်ကြာကြာ ယုံကြည်ခဲ့ကြတဲ့ လီနင်စ(linen)အိုင်းတစ်ခုရှိတယ်ဆိုတဲ့ တုရင်ရဲ့ အဝတ်တော်အိမ်(The Shroud)လည်း ဖြစ်ပါရဲ့။ ဘုရားကျောင်းများစွာဟာ ၁၉၉၇ ခု၊ ဧပြီလ မီးကြီးမှာ အလွန်အမင်း ပျက်စီးသွားလို့ နောက်ပိုင်းမှာ ကြီးမားတဲ့ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ပြန်လည်လုပ်ဆောင်ခဲ့ကြရတယ်။

ရာစုနှစ်များစွာ မြို့စားပိုင်နဲ့ တော်ဝင်မြို့တော်ဖြစ်ခဲ့တဲ့ တုရင်မှာ နန်းတော်ကောင်းတွေလည်း များလှရဲ့။ ၁၇ရာစုက တည်ခဲ့တဲ့(The Madama)နန်းတော်၊ ၁၇ရာစုအတွင်းက ဆဗွိုင်မြို့စားတွေ နေထိုင်သွားခဲ့ရာ ကျန်ရစ်သူ မုဆိုးမများရဲ့ နန်းဆောင်တွေနဲ့ ၁၈၄၈–၆၀ ခုအတွင်းက ဆာဒီးနီးယန်းလွှတ်တော်တို့ ရှိပါတယ်။ ၁၈၆၁–၆၄ခုအတွင်းက အီတလျံလွှတ်



www.burmeseclassic.com

www.burmeseclassic.com

မော်ဝင် ဗင်းနစ်မြို့သို့

ဗင်းနစ်မြို့ကို နီးလာတော့ ရေပြင်ကျယ်ကြီးကို ဖြတ်ပြီး ဆောက်လုပ်ထားတဲ့ တံတားအရှည်ကြီးနဲ့ ကျွန်းတစ်ကျွန်းကို အရောက်သွားကြရသေးတယ်။ ရေပြင်ကျယ်ကြီးက ကျယ်လှသလို၊ တည်ထားတဲ့ တံတားကျယ်ကြီးကလည်း အံ့သြဖွယ်ကောင်းလောက်အောင် ရှည်ပါရဲ့။ ပင်လယ်ဖြတ် တံတားရှည် ကားလမ်းကြီးရဲ့ လက်ဝဲတက်တစ်နေရာမှာတော့ နိုင်နိုဆောကောင်ကြီးရဲ့ ကျောရိုးကြီးများသဖွယ် ရှည်လျား လှစွာသော ငါးရိုဆက်သွယ်ရေးလမ်းအရှည်ကြီးတစ်ခုကိုလည်း ပြိုင်လျက်တွေ့လိုက်ရသေးတယ်။

ကိုယ်တို့စီးလာတဲ့ ခရီးသွား ကားကြီးကို ကျွန်းရဲ့ ဆိပ်ကမ်းတစ်နေရာမှာ ရပ်ထားခဲ့ကြပြီး ဗင်းနစ်ကို စက်လှေနဲ့ ကူးကြရပြန်ပါတယ်။ ပင်လယ်ထဲမှာတော့ သင်္ဘောအကြီးကြီး တွေ ဆိုက်ကပ်ထားတာ အများကြီးပါပဲ။ ဒီသင်္ဘောကြီးတွေ အားလုံးဟာ တကယ့်သင်္ဘောတွေမဟုတ်ဘဲ၊ တချို့က ဗင်းနစ် ကို လာရောက်လည်ပတ်သူတွေ မြို့ထဲမှာ နေရာမရရင် ဒါကြီးတွေပေါ်မှာ ဟိုတယ်သဖွယ် တည်းခိုနိုင်ကြသတဲ့။ သင်္ဘောကြီးများဟာ အထပ်တွေများစွာနဲ့ အလွန်လည်း ကြီးမားလှပြီး သင်္ဘောပေါ်မှာ ရေကူးကန်တွေပါ ထည့်သွင်း တည်ဆောက်ထားသတဲ့။ အဲဒီလို သိပ်ကြီးရမယ့် ထူးတော့ မအံ့သြမိပါဘူး။ ဗင်းနစ်ကိုယ်တိုင်က မြေကြီးပေါ်က မြို့မဟုတ်ဘဲ ရာချီနေတဲ့ ကျွန်းငယ်ပေါင်းများစွာကို ဆက်ထားတဲ့ မြို့ကြီးကိုး။ စက်လှေက ရောမ သင်္ဘောကြီး (Ruby Princess) ဘေးမှ ကပ်မောင်းခဲ့တယ်။ ခုနစ်ထပ် ရှစ်ထပ်လောက်မြင့်တဲ့ တိုက်ခန်းတွဲကြီးလို သင်္ဘောကြီးပေါ့။ နီးမှ ပိုလို့ ကြီးမားတယ်ဆိုတာ အံ့တန်နန်းမြင်လိုက်ရတယ်။ ဥရောပသား ကိုနာခေါင်း ရှည်တွေဟာ တယ်လည်း တတ်နိုင်တဲ့သူတွေပါလားလို့ မှတ်ချက်ချမိရဲ့၊ စိမ်းပြာနေတဲ့ ပင်လယ်ရေပြင်ပေါ်မှာ စက်လှေ ဟာ လျှပ်ပြေးနေပါတယ်။ မှန်ချပ်တွေ ကာထားပေမယ့် ပင်လယ်ရေတွေက ပန်းပြီးဝင်လာနေပေါ့။ တဖြည်းဖြည်းနဲ့ ဗင်းနစ်ကို လှမ်းမြင်ရအောင်ကို နီးကပ်လာပါပြီ။ ဗင်းနစ်ကို ပင်လယ်ရေပြင်ထဲတွင် တွေ့ရတာ၊ မှန်ချပ်ပြင်ညီပေါ်မှာ အဆောက်အအုံတွေ တင်ထားသလိုပင်။ ဗင်းနစ်ကို ရောက်လာတဲ့ ခရီးသွား ည့်သည်တိုင်းဟာ အခြားကမ္ဘာတစ်ခုခုကို အပို့ခံရသလိုလည်း ခံစားမိတတ်ကြရဲ့၊ တစ်ဦးချင်းစီရဲ့ ခံစားမှုမှာ ပတ်ဝန်းကျင်အနေအထားနဲ့ အလှအပတွေဟာ ဘာနဲ့မှ နှိုင်းယှဉ်လို့ မရအောင် စွဲထင်ကျန်ရစ်နေမှာပါ။

ဗင်းနစ်မြို့(Venice)ဆိုသည်ကား

ဗင်းနစ်နဲ့ နီးလာလေ ငါ တကယ်ပဲ ဗင်းနစ်ကို ရောက်နေ

ဆော်အဆောက်အအုံဟာ ခုတော့ ရှေးဟောင်းအနုပညာ (The Ancient Arts) ပြတိုက်ပါ။ (The Carignano) နန်းတော် (၁၆၇၉)၊ ဘုရင်(Victor Emmanuel II)ရဲ့ မွေးဖွားရာ(၁၈၂၀)နဲ့ ဆားဒီနီးယန်း(chamber of deputies)နဲ့ ပထမဆုံး အီတလျံ ပါလီမန်ရဲ့ တစ်ခါက စည်းဝေးရာနေရာ။ ခုတော့ အီတလျံ အမျိုးသားပြတိုက်(The Risorgimento)တွေလည်း ရှိရဲ့၊ တော်ဝင် နန်းတော်(၁၆၄၆-၅၈)ဟာ ဥရောပရဲ့ စစ်လက်နက်ပစ္စည်းများ စုဆောင်းရာ အကောင်းဆုံးနေရာ (The Royal Armoury)ပေါ့။

အရင်က ဘာသာရေးကောလိပ်ဖြစ်တဲ့ သိပ္ပံအကယ်ဒမီ (၁၆၇၈)ဟာလည်း ခုတော့ ရှေးဟောင်းပစ္စည်း (Antiquities) ပြတိုက်၊ အီဂျစ်ပြတိုက်နဲ့ (The Sabauda) ပြခန်းတွေဖြစ်လို့ပေါ့။ အခြားသော ဘာသာရေးအဆောက်အအုံတွေဖြစ်တဲ့ ဘုရားရှိခိုးကျောင်း(citadel)ဟောင်းကြီးတွေ၊ ၁၆၆၃ခုမှာ ရဟန်း ဘုရားရှိခိုးကျောင်းအဖြစ် စခဲ့ပြီး နောက်ပိုင်းမှာ မြို့သိမ်းသွားတဲ့ (The Mole Antonelliana)၊ ခေတ်သစ် တုရင်ပြပွဲအဆောက်အအုံနဲ့ ခေတ်သစ် မော်ဒန်အနုပညာပြခန်းပါ။ ထူးခြားလှတဲ့ သူထုအဆောက်အအုံများစွာကလည်း အတိတ်ကို ဖော်ပြနေပေါ့။ အခြားပြတိုက်တွေမှာတော့ အမြောက်၊ မော်တော်ကားရယ်ရှင်၊ သဘာဝသိပ္ပံ၊ သတ္တဗေဒ၊ ကျောက်ဖြစ်ရုပ်ကြွင်းဗေဒ၊ သတ္တုဗေဒဆိုင်ရာ စုဆောင်းမှုတွေ ပြသထားပါတယ်။ အလားတူပဲ ကောင်းမွန်တဲ့ စာကြည့်တိုက်တွေလည်း အများကြီးပါ။ ၁၄၀၄ ခုနှစ်မှာတော့ တုရင်တက္ကသိုလ်ကို ထူထောင်ခဲ့တယ်။ သိပ္ပံနဲ့ နည်းပညာကောလိပ်(၁၈၅၉)၊ (The Albertina) အကယ်ဒမီပြခန်းဆောင်(၁၆၅၂)၊ (The Giuseppe Verdi) နိုင်ငံတော် တူရိယာထိန်းသိမ်းစောင့်ရှောက်ရေးဌာန(၁၈၆၇)၊ ဒီဇွန်ရေသိပ္ပံ စက်မှုပညာဌာန(၁၉၃၅)နဲ့ (Institute of European Studies)(၁၉၅၂)တို့အပါအဝင် အခြားပညာရေးသိပ္ပံဌာနတွေလည်း အများကြီးပါ။

ပါရာမောင့် ရုပ်ရှင်ကုမ္ပဏီ လိုဂိုနဲ့ ဆန်းဖလားဝါး ဆိုဖီယာလောရင်း

"ပါရာမောင့် ရုပ်ရှင်ကုမ္ပဏီက အမှတ်တံဆိပ်(Logo) လုပ်ထားတဲ့ တောင်လည်း ဒီမှာရှိတယ်"လို့ လမ်းညွှန်က ပြောတယ်။ ရုပ်ရှင်ဆိုမှ အော်စကာဆုရ နာမည်ကျော် အီတလီ မင်းသမီးကြီး ဆန်းဖလားဝါးတော်ကားက "ဆိုဖီယာလောရင်"ကို သတိရသွားပြီး ဒရိုင်ဘာကို မေးကြည့်တော့ နေပမယ်မြို့က ထူးခြားရောက်နေတုန်းပို့ အဲဒီနိုင်ငံနဲ့ ဆိုင်တာတွေကို ကိုယ်က စိတ်ဝင်စားနေမိတာပါ။

www.burmeseclassic.com



ရတာ ဟုတ်ရဲ့လားလို့ ကိုယ့်ကိုယ်ကို ပြန်မေးနေမိပါတယ်။ အိပ်မက်ပမာပါပဲ။ ကိုယ်နဲ့ အလှမ်းကွာလွန်းတဲ့ ဒဏ္ဍာရီထဲက မြို့၊ အခြားကမ္ဘာထဲက မြို့၊ စာအုပ်တွေ၊ ပန်းချီတွေ၊ သီချင်းနဲ့ ကဗျာတွေမှာသာပါတဲ့ မြို့ပေကိုး။ ဗင်းနစ်အကြောင်း ရေးဖွဲ့ထားသမျှဟာလည်း စိတ်ကူးယဉ်ဆန်လှချည်ရဲ့။ ဒီလို မော်ဝင်နေတဲ့မြို့ကို တစ်နေ့မှာ ကိုယ် တကယ်ရောက်ရှိလှည်းလိမ့်မယ်လို့ တစ်ခါမှ မတွေးမိခဲ့ပါဘူး။

လှိုင်းကြက်ခွပ်တွေ တဖျတ်ဖျတ်ကြားက ဗင်းနစ်မြို့ကြီးကို အနီးကပ် တရွေ့ရွေ့ မြင်နေရပေါ့။ သစ်ပင်မရှိတဲ့ မြို့၊ အထပ်မြင့်မဟုတ်ပေမယ့် တိုက်တာနဲ့ ဘုရားကျောင်းတွေ တန်းစီနေတဲ့မြို့။ မော်တော်ကားလမ်း မရှိတဲ့မြို့၊ ဓာတ်ဆီငွေ့တွေ မလွှမ်းခြုံတဲ့မြို့။ ကားဟွန်းသံ မည်တဲ့ မြို့ပါ။ ဂေါသစ်နန်းတော်တွေဟာ လမ်းတွေကို အနားသတ်လို့၊ ဗင်းနစ်ရဲ့ သင်္ကေတဖြစ်တဲ့ ဆန်မာကို(San Marco)က [illegible]ကြီးဟာ မြို့တော်ရဲ့ ရင်ပြင်ပေါ်မှာ ရပ်လို့ပေါ့။

ဗင်းနစ်ဆိုတာ အီတလျံလို့ ဗင်နီးဇီးယား(Venezia)လို့ ခေါ်တဲ့ အီတလီနိုင်ငံတောင်ပိုင်းက ပြည်နယ်များနဲ့ ဗီနေတို(Veneto)ဒေသရဲ့ မြို့တော်ပါ။ ဗင်းနစ်ဟာ အက်ဒရီယာ့တစ်(The Adriatic)ပင်လယ်ရဲ့ အနောက်မြောက်ဘက်အဆုံးမှာ ရှိတဲ့ ကျွန်းစုလေးတွေပေါ်မှာ ရှိနေတယ်။ ကျွန်းပေါင်း ၈၀ ကျော်ရှိရာမှ ကျွန်း(၁၁၇)ခုကို တံတားများနဲ့ ထိုးကာ ပေါင်းစုဆက်နွယ်ပြီး တည်ထားတဲ့ ကျွန်းမြို့တော်တစ်ခုပါ။

ဒီနယ်မြေရဲ့ စီးပွားရေးအချက်အချာ ဗင်းနစ်ဟာ အာရှတိုက်နဲ့လည်း ယဉ်ကျေးမှုအဆက်အဆံတွေ ရှိခဲ့ပါတယ်။ ဗင်းနစ်မှာ နာမည်အမျိုးမျိုးတွင်ခဲ့ပြီး နောက်ပိုင်းမှာ နပိုလီယံကလည်း ဗင်းနစ်ကို သိမ်းပိုက်ခဲ့ဖူးပါတယ်။ အာရှသမိုင်းမှာ နာမည်ကြီးခဲ့တဲ့ ကမ္ဘာ့ခရီးသည်ကြီး မာကိုပိုလိုဟာလည်း ဗင်းနစ်သားဖြစ်ပြီး မြန်မာနိုင်ငံကိုတောင် ရောက်ရှိခဲ့ဖူးပါရဲ့။ "အီတလီပိုး"လို့ ယနေ့တိုင် နာမည်ကြီးနေတဲ့ ပိုးထည်များလည်း အီတလီမှာ ရှေးကတည်းက ထုတ်လုပ်ခဲ့လို့ မာကိုပိုလို ခေတ်ထဲက ပိုးထည်တွေ တွင်တွင်ကျယ်ကျယ်သုံးနေခဲ့ပါပြီ။ ကမ္ဘာတစ်ဝှမ်းကို ပိုးထည်တွေ ကုန်ကူးခဲ့တဲ့ နိုင်ငံပေကိုး။ ပိုးကုန်သည် မာကိုပိုလိုဟာ ကမ္ဘောဇဿီနန်းတော်ကို မြင်တော့ နန်းတော်အမိုးကို ကြည့်ပြီး ရွှေမြေ(Golden Land)လို့ တောင် မြန်မာ့မြေကို အမည်ပေးခဲ့ပါသေးတယ်။

ဗင်းနစ်ရဲ့ ပြိုင်စံကင်းအလှ

ဗင်းနစ်ဟာ သူ့ရဲ့ ပတ်ဝန်းကျင်အနေအထားအရ၊ ဓိသုကာအရနဲ့ သမိုင်းအရပါ ပြိုင်ဘက် မရှိပါဘဲ။ အပြာရောင် အက်ဒရီယာ့တစ် ကောင်းကင်အောက်က တလက်လက် တောက်ပနေတဲ့ ထုံးအိုင်ရေပြင်ရဲ့ အလင်းပြန်မှုတွေ၊ အရောင်လင်းလက်တောက်ပတဲ့ စကျင်ကျောက်တွေနဲ့ အလှတန်ဆာဆင်ထားတဲ့ နှန်းတော်ဆောင်တွေ၊ ခေါင်းလောင်းမျှော်စင်နဲ့ လိပ်ခုံး(dome)အဆောက်အအုံတွေဟာ ပန်းချီဆွဲလို့လည်း မဆုံးနိုင်၊ ဓာတ်ပုံရိုက်လို့လည်း မကုန်နိုင်၊ ရုပ်ရှင်ကားတွေမှာ ဖော်ပြလို့လည်း မဝနိုင်တဲ့ အလှတွေပါ။ အဲဒီလို တည်ရှိနေတဲ့ ဗင်းနစ်ရဲ့ ဆွတ်ပျံ့ဖွယ် မြင်ကွင်းတွေကြောင့် မြို့ရဲ့ တကယ့်သရုပ်ကို ဖွင့်ဆိုပြဖို့လည်း ခပ်ခက်ခက်ရယ်။ အနောက်တိုင်းသားတွေရဲ့ အတွေးထဲမှာတော့ ပြိုင်စံကင်းတဲ့ နေရာတစ်ခု ဖြစ်နေလို့ ကဗျာလက်ာ စာပေတွေမှာ အမြဲလိုလို မဆုံးနိုင်အောင် ရေးသားဖော်ပြခံနေရဆဲပါ။

ဒီနေရာဟာ ကိုယ်တို့ ဆယ်တန်းကျောင်းသားဘဝက သင်ခဲ့ရတဲ့ ဗင်းနစ်မြို့က ကုန်သည် (Merchant of Venice) ပြဇာတ်ရဲ့ ဇာတ်အိမ်အခြေတည်ရာပါ။ "ဗင်းနစ်မြို့က ကုန်သည်"ဟာ စာဆိုကျော် ဝီလျံရှိတ်စပီးယား(William Shakespeare)ရဲ့ အခန်းငါးခန်းပါတဲ့ ဟာသဇာတ်မြူး(comedy)ပါ။ ၁၅၉၆-၉၇ခုလောက်က ရေးခဲ့တဲ့ ပြဇာတ်ပေါ့။ ချေတုံးထားတဲ့ ငွေတွေအတွက် အတိုးမပေးရင် အသားတစ်ပေါင်ကို လိုးယူမယ်ဆိုတဲ့ အတိုးပေးစားတဲ့ ဂျူးလူမျိုး အမြတ်ကြီးစား ရှိုင်းလော့(Shylock)ကို သူများကို ကူညီလိုတဲ့ အန်တိုနီယိုနဲ့ သူ့သူငယ်ချင်းရဲ့ချစ်သူ ဉာဏ်ထက်မြက်တဲ့ လေးနားတို့က တရား

www.burmeseclassic.com

ခွင်မှာ ချေပရင်း အနိုင်ယူလိုက်ပုံဟာ ယနေ့တိုင် စွဲထင်နေတဲ့ ဇာတ်ကွက်တွေပါ။

ဂျာမန်စာရေးဆရာ သောမတ်မင်း(Thomas Mann)ရဲ့ ဝတ္ထုရှည်ဝတ္ထုဖြစ်တဲ့ ဂျာမန်မှာ (Der Tod in Venedig) နာမည်နဲ့ အစာ၂ ခုက ထုတ်ဝေခဲ့တဲ့ ဗင်းနစ်မှာ သေဆုံးခြင်း (Death in Venice)ဆိုတဲ့ တနင့်တပိုး ဆိုနှင့်ဖွယ် ဇာတ်လမ်းတစ်ခုလည်း အခြေတည်ခဲ့ဖူးတယ်။ မန်းရဲ့ ထင်ရှား လူသိများဆုံး ဝတ္ထုဖြစ်ပြီး စိတ်ပညာ ပါရဂူကြီး ဆစ်ဂမန်ဖရိုက် (Sigmund Freud)ရဲ့ "ဧသီစိတ်"ကို သာဓကပြနေရင်း အကျင့်စာရိတ္တ ယိုယွင်းမှုဟာလည်း မဖြစ်ရအောင် အနုပညာမြောက်လှစွာ သင်္ကေတပြုခဲ့ဖူးပါပဲ။

ဒါရိုက်တာ ဒေးဗစ်လင်း(David Lean)က ဩဇာတိုရဲ့ ကာလ The Time of the Cuckoo ပြဇာတ်ကို ဆီလျော်အောင် ပြင်ဆင်ပြီး ရိုးစင်းစွာ ရိုက်ကူးခဲ့တဲ့ နွေကာလ (Summertime) ဆိုတဲ့ ၁၉၅၅ ခုက ပြသခဲ့တဲ့ အမေရိကန် ဒရာမာရုပ်ရှင်ကားကလည်း ဗင်းနစ်မှာ ဇာတ်အိမ်တည်ခဲ့တာပါ။ မင်းသမီး ကက်သရင်းဟတ်ဘန်း (Katharine Hepburn)က ကင်မရာတစ်လုံးအဖော်ပြုပြီး ဆွတ်ပုံ့ဖွယ် ဗင်းနစ်ရှုခင်းတွေကို နေရာဒေသ လိုက်ရိုက်ပြီး ဗင်းနစ်ခရီးစဉ် အိပ်မက်ကို မက်နေတဲ့ အပျိုကြီးတစ်ဦးအဖြစ် သရုပ်ဆောင်ထားတယ်။ ဆက်ဆံရေး ချောလှတဲ့ ဒေသခံလူတစ်ဦးနဲ့ မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ပြီး ထွမ်းမောဖွယ် အချစ်တစ်ခုဆီကို ဦးတည်သွားနေစဉ် သူ ချစ်မိသူဟာ လက်ထပ်ပြီးသားဆိုတာ သိသွားတဲ့အချိန်မတော့ မမျှော်လင့်တဲ့ ရှုပ်ထွေးမှုတွေ ဖြစ်ပေါ်လာပုံ ထာဝရအချစ် ဇာတ်ကြောင်းတစ်ခုပေါ့။

ရုပ်ရှင်တစ်ကားလုံးကို တကယ့်ဗင်းနစ်ရဲ့ ရင်သပ်ရှုမောဖွယ် ရိုက်ကွင်းနေရာတွေမှာ သွားရိုက်ကူးခဲ့တယ်။ ရိုက်ကွင်းရဲ့ ပတ်ဝန်းကျင်အနေအထားတွေက တကယ့်ကို အလွန်ရိုးရှင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို အတိုင်းမသိ ပို့ပေးနေရဲ့။ ဟက်ဘန်းဟာ သာယာတဲ့ သဘာဝအနေအထားကို တွန်းလှန်နှိုင်စွမ်းမရှိတဲ့ အထီးကျန် အမျိုးသမီးတစ်ဦးအဖြစ် ထူခြောပြောင်မြောက်လှလို့ အော်စကာအချိန်ခံရတယ်။ ဒီကားကို ယူနိုက်တက်ကင်းဒမ်မာတော့ နွေရဲ့ ရူးသွပ်မှု(Summer Madness)ဆိုတဲ့ အမည်နဲ့ ပြသခဲ့ပါတယ်။

ပြီးတော့ ယနေ့ခေတ်မှာလည်း နာမည်ကြီးအဆိုတော် မက်ဒေါနားက ဗင်းနစ်မှာ သူ့သီချင်းခွေတွေကို လာရောက် ရိုက်ကူးခဲ့သလို၊ ပေါလီဝုဒ်စတားတွေဖြစ်တဲ့ ဘရက်ပစ်နဲ့ အင်ဂျလီနာဂျိုလီတို့ကလည်း Tourist ဇာတ်ကားကို ဗင်းနစ်မှာ ရိုက်ခဲ့ဖူးပါတယ်။ အခြားအခြားသော ဗင်းနစ်ကို အခြေခံတဲ့ ဇာတ်ကားတွေ၊ သီချင်းတွေ၊ MTVတွေလည်း အများကြီးပါ။ ကမ္ဘာပေါ်မှာ ထင်ရှားကျော်ကြားသမျှ နာမည်ကျော် သရုပ်ဆောင်တိုင်း ဗင်းနစ်နဲ့ မကင်းကြပါဘူး။ လူအတော်များများရဲ့ အိပ်မက်ဟာလည်း "ဗင်းနစ်ကို ရောက်ဖူးချင်တယ်" ဆိုတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ပိုင်းဆိုင်ရာ ပဲသုပထဝီ၊ တည်နေရာနဲ့ ဗင်းနစ်မြို့အခင်းအကျင်း

ဗင်းနစ်ဟာ(Laguna Veneta)လို့ခေါ်တဲ့ လခြမ်းပဲ ပင်လယ်ထုံးအိုင်(Lagoon)ထဲမှာ ရှိပါတယ်။ ပင်လယ်ထဲက သီခြားမြို့လို ဖြစ်နေပေမယ့် သူ့ပတ်ပတ်လည်က စိမ့်မြေတွေ၊ အီတလီမြောက်ပိုင်းက အဓိမြေတွေနဲ့လည်း ဆက်နွယ်နေရဲ့။ ထုံးအိုင်ရဲ့ မြောက်ဘက်မှာ ဆယ်ယူထားတဲ့ စိမ့်မြေရှိတော (Jesolo)ဟာ ၃၂မိုင်ရှိတယ်။ တောင်ဘက်စွန်းကတော့ Chioggia အလွန်က မြေအထိ ကျယ်ပြန့်နေရဲ့။ ဗင်းနစ်ရဲ့ ပတ်ဘလစ်မှာ ထုံးအိုင်ပတ်ပတ်လည်က (The dogado) နယ်မြေတွေလည်း ပါဝင်ပါတယ်။ ၁၅ရာစုအစောပိုင်းထဲက တစ်စုတစ်ဝေးတည်း ကြီးမားစွာရှိနေတဲ့ ဒီပထဝီမြေ အင်ပါယာဟာ အရှေ့ဘက်မှာ The Istrian ကျွန်းဆွယ်၊ အနောက်ဘက်မှာ မီလန်နယ်စပ်၊ တောင်ဘက်မှာ ပိုးမြစ်၊ မြောက်ဘက်မှာ မြင့်မားတဲ့ အဲလ်ပ်(Alps)တောင်အထိ ဆန့်ထုတ်ထားတဲ့ နေရာကြီးပါ။ ၁၆ ရာစုက စလို့ ဗင်းနစ်သားတွေဟာ မြေဝယ်ခြင်း၊ မြေယာဖော်ယူခြင်းနဲ့ ပဲသုပထဝီမြေရဲ့ စီးဆင်းမှုမှာ အများကြီး ပြုပြင်နဲ့ကြတယ်။ ရီပတ်ဘလစ်ရဲ့ ပုံရိပ်တွေကိုလည်း အရင်က အထင်ကရဖြစ်တဲ့ Padua၊ ဗီရိုနာ(Verona)နဲ့ Vicenza လို ကျန်ရှိနေဆဲ မြို့တွေမှာ မြင်နိုင်သေးရဲ့။

ထုံးအိုင်ရဲ့ ရေတိမ်ပိုင်းကို ရေကူးနိုင်တဲ့ ကမ်းခြေပိုင်း သဲသောင်ခုံနဲ့ မျဉ်းတားသလို အနားသတ်ထားတယ်။ အဲဒီမှာ ၃ပေရှိ ဒီရေလမ်းကြောင်းနဲ့ မြို့ရဲ့ ရေကြောင်းသွားလာရေး လမ်းလည်း ရှိတယ်။ သောင်ခုံပေါ်မှာ အခြေချ နေထိုင်လာခဲ့ကြတာ ရာစုနှစ်နဲ့ချီပြီး ကြာခဲ့ပါပြီ။ အထင်ရှားဆုံးနေရာကတော့ လီဒို(The Lido)ပါပဲ။ လီဒိုဟာ ၁၉ရာစုရောက်တော့ ဖက်ရှင်ကျလှတဲ့ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းပေါ့။

ယနေ့ ဗင်းနစ်အုပ်ချုပ်ရေးမြို့တော် ဒေသန္တရ ကွန်မြူး (comune)ကို မိုင် ၉၀ ပတ်လည်ရှိတဲ့ ထုံးအိုင်က ဝန်းပတ်ထားတယ်။ မြို့ပြ နယ်မြေမှာ စက်မှုလုပ်ငန်းရေယာ (Mestre, Marghera)နဲ့ မာကိုပိုလိုနိုင်ငံတကာ လေဆိပ်ရှိတဲ့ Tessera တွေလည်း ရှိနေပါတယ်။ မာကိုပိုလို နိုင်ငံတကာလေဆိပ် (၁၉၆၀ ခု)ကို မြို့အနောက်မြောက်ဘက်၊ ဆယ်ယူပြုပြင်ယူထားတဲ့ Tessera မှာ တည်ဆောက်ခဲ့တယ်။ ၁၉၈၇ ခုနှစ်မှာတော့ ဗင်းနစ်နဲ့ သူတည်ရှိရာ ထုံးအိုင်တို့ တစ်စုတစ်ဝေးတည်းကို ယူနက်စကို (UNESCO)ရဲ့ ကမ္ဘာ့အမွေအနှစ်ဒေသ (World Heritage site)အဖြစ် အသိအမှတ်ပြုခြင်းခံရပါတယ်။

ဗင်းနစ်ဟာ မူလက ပင်လယ်ထဲက တံငါသည်မြို့လေးပေါ့။ နောက်တော့ ရေကြောင်း ရီပတ်ဘလစ် (republic)ရဲ့ ဗဟိုဌာနဖြစ်လာခဲ့တယ်။ ရီပတ်ဘလစ်ကာလ နေ့ရက်များမှာ ဗင်းနစ်ဟာ ကြည်လင်အေးငြိမ်းဆုံး ရင်သပ်ရှုမောဖွယ် ဟန် (la serenissima)နဲ့ပါ။ ၁၇၉၇ ခုနှစ် ရီပတ်ဘလစ် ကျဆုံးသွားပေမယ့် ပင်လယ်ရေကြောင်းကုန်သွယ်မှုတွေ အားကောင်းလာပြီး အဓိကရ ပင်လယ်ဆိပ်ကမ်းမြို့ကြီးဖြစ်လာပါတယ်။ အလယ်ခေတ်နောက်ပိုင်းမှာ ဥရောပရဲ့ အကြီးဆုံး ဆိပ်ကမ်းမြို့ကြီးပေါ့။ ဗင်းနစ်ဟာ ယနေ့ထိလည်း အက်ဒရီယာ့တစ် ပင်လယ်မြောက်ပိုင်းက အဓိက အီတလျံဆိပ်ကမ်းမြို့နဲ့ ကမ္ဘာ့ရှေးအကျဆုံး ခရီးသွားလုပ်ငန်းနဲ့ ယဉ်ကျေးမှုဗဟိုအဖြစ် ဆက်လက် တည်ရှိနေဆဲပါ။

ရိုးရာဓလေ့ စက်မှုလုပ်ငန်းများ

ဗင်းနစ်ရဲ့ သမိုင်းစာမျက်နှာတွေကို လှန်လို့မှမဆုံးခင် စက်လှေဟာ ဗင်းနစ်မြို့ရဲ့ လှေဆိပ်မှာ ထိုးရပ်လိုက်ပါတော့တယ်။ လှေအဆင်း မြင်းအတက် ခက်ခဲလှတယ်ဆိုပေမယ့် ဗင်းနစ်လှေဆိပ်ရဲ့ သစ်သားတံတားရှည်ကတော့ စက်လှေနဲ့ တစ်ပြေးညီပဲမို့ လွယ်လွယ်နဲ့ပဲ ကုန်းပေါ်ကို ရောက်ခဲ့ပေါ့။ တဖြူးဖြူးတိုက်နေတဲ့ ဆားနံ့သင်းတဲ့ ပင်လယ်လေကို ရှူရှိုက်ရင်း ဗင်းနစ်ကုန်းမြေကို ခြေချလိုက်တယ်။ အိပ်မက်လိုလို တကယ်လိုလိုပါပဲ။ ကိုယ်နဲ့ အလှမ်းကွာလှပြီး ဒဏ္ဍာရီဆန်လှတဲ့ ဗင်းနစ်ကို ငါ တကယ်ပဲ ရောက်လာခဲ့ပြီဆိုတဲ့ ကြည်နူးစိတ်ဟာ ဖိလှိုက်လို့နေရဲ့။

ကမ်းနားလမ်းတစ်လျှောက် လျှောက်လာခဲ့ပေါ့။ ကဗီဆိုင်လေးတွေက ရောင်စုံ ပွင့်ဖူးနေတဲ့ ပန်းလေးတွေဟာ လေမှာ နွဲ့နွဲ့လေး လှုပ်ခတ်နေကြတယ်။ ဖြူနုစန်၊ ဝါကျင်ကျင် ကျောက်လှေကားလေးတွေကို ဖြတ်လျှောက်ခဲ့ရတယ်။ အိုးတံတားအောက်က စိမ်းညှိညှိရေပြင်မှာ လှေနက်နက်လေးတွေ စီးမျောလို့၊ တံတားလက်ရန်းတွေကလည်း ကျောက်သားတွေမို့ အေးအေးဆေးဆေး တက်ထိုင်ချင်လိုက်တာ။ တံတားအဆင်းမှာတော့ ဘာယာဉ်မှ မရှိတဲ့ လူသွားလမ်းတွေ၊ ကျောက်မြားချပ်ကြီးတွေ ခင်းထားပြီး လူတွေက အိပ်မက်မှာ လွင့်မြောနေသလို တစ်ငြိမ့်ငြိမ့်လျှောက်လှမ်းနေကြရဲ့။ ရှေ့ဟောင်း တိုက်တာအဆောက်အအုံ ထူပျစ်ပျစ်ကြီးတွေ မျက်နှာဖုံးမျိုးစုံ ချိတ်ဆွဲထားတဲ့ လမ်းဘေး စျေးဆိုင်လေးတွေ၊ လက်လုပ် ဖန်ထည်ပစ္စည်းတွေ၊ ပိုးထည်တွေနဲ့ မျက်နှာဖုံးတွေကို ဗင်းနစ်ရောက်ရင် အမှတ်တရ ဝယ်ယူနိုင်ပေါ့။ လမ်းတစ်ဖက်က ကမ်းစပ်မှာတော့ အစီအရီ ဆိုက်ကပ်ထားတဲ့ လှေကလေးတွေ။

ဘယ်ယာဉ်၊ ဘယ်ကားမှ တိုက်မှာ မပူရဘဲ လှည့်လည်စွာ လျှောက်ခဲ့ရတဲ့ လမ်းဟာ မိုင်ပေါင်းကုဋေရှည်လည်း မောမယ်မထင်ပါဘူး။ သောက ကင်းဝေးပြီး ဒီဘာချမ်းသာလုံးလမ်းလျှောက်လို့ကောင်းတုန်း ရင်ပြင်ကျယ်ကြီးကို တွေ့ပြီး

www.burmeseclassic.com

သူတွေကြားကနေ လမ်းညွှန် ဦးဆောင်ခေါ်သွားရာကို လိုက်ခဲ့ရာ မကြာခင် တိုက်အိမ်တစ်ခုရဲ့ အောက်ထပ်ကို ဝင်သွားရတယ်။ အဝင်ဝမှာပဲ အစိမ်းရောင်ဖန်သားနဲ့ ပြုလုပ် အလှပြထားတဲ့ ဖန်ထည် မြင်းကြီးတစ်ကောင်ကို တွေ့လိုက်ရပေါ့။

အိုး . . . ဒါဟာ ဖန်ချက်လုပ်ငန်းတစ်ခုပါပဲလား။ ရှေးဆောက်လက်ရာနည်းပညာနဲ့ ဖန်လုပ်ငန်းအချို့ ဗင်းနစ်မှာ ရှိနေဦး ရိုးရာ ဖန်ချက်စက်ရုံတွေကို ဝင်ရောက်လေ့လာနိုင်ကြတယ်။ ဗင်းနစ်ရဲ့ အအိုဟောင်းဆုံးနဲ့ အထူးခြားဆုံးတွေထဲက တစ်ခုဟာ ဖန်ထည်(glassware)လုပ်ငန်းပါ။ အကောင်းဆုံး ဖန်ထည်ထုတ်လုပ်မှုဟာ အလွန်လှပသိမ်မွေ့ပြီး အရည်အသွေး မီလှုသတဲ့။

အလုပြု ကြော်ငြာထားတဲ့ ဖန်အိုးဖန်ခွက်၊ ဖန်ပန်းအိုး အန်ပုတီး ဖန်ထည်တွေကြားက ဖြတ်ပြီး အခန်းတစ်ခန်းထဲကို ဝင်လိုက်ကြရတယ်။ အဲဒီမှာ ဖန်လုပ်ငန်းလုပ်ကိုင်ပုံတွေကို သရုပ်ပြပေးတယ်။ ခံရီးသွားတွေ အများကြီး စုဝေးရောက်ရှိနေပြီး အံ့သြစွာကြည့်နေကြရဲ့။

အလွန်မြင့်တဲ့ အပူရှိန်ရဖို့ ဖန်ချက်ရုံမှာ မီးကျီးခဲကြီးများနဲ့ အပူပေးထားတဲ့ ဖန်သားကို သကြားရည်ပျစ်ပျစ်ကြီးတိုအနေအထားမှ ဖန်လုပ်ငန်းကျွမ်းကျင်သူက ပိုက်ရှည်ကြီးနဲ့ သုမ်းကာ တို့ယူတယ်။ အဲဒီ ဖန်သားတွေကို ညှပ်အရှည်ကြီးများနဲ့ ထိန်းကာ ကပ်ကျေးရှည်ကြီးနဲ့ ဖြတ်တောက်တယ်။ ဆွဲတွဲတဲ့ ဖန်သားတွေကို ညှပ်ရင်း၊ ဆွဲရင်း၊ ကိုက်ဖြတ်ရင်း၊ ဆေးနဲ့ မွှတ်သွင်းရင်းနဲ့ပဲ ဂိုင်းပါတဲ့ ဖန်ပန်းအိုးရှည်တွေ၊ ငါးရုပ်၊ မြင်းရုပ်တွေ ပြုလုပ်ပြကြတယ်။ ဖန်ဇလုပ်သားတွေရဲ့ လက်မှုအသွားကျွမ်းကျင်မှုမှာ အံ့ဩဖွယ်ရာပင်။ ထိုလူလုပ်ကိုင်နေပုံများကိုဘေးမှ ဖန်စက်ရုံ လူကြီးတစ်ဦးက ရှင်းပြပေးပါတယ်။ မြန်မာပြည်မှ နဂါး ဖန်ချက်စက်ရုံကိုပင် သတိရမိသေးတော့။ ဒီလိုပဲ ကျွမ်းကျင်စွာ ဖန်ထည်တွေ ပြုလုပ်နိုင်ပြီး လက်ရာမြောက်လှတာ ကိုယ်တွေမို့ ကိုယ့်တိုင်းပြည်အတွက် ဂုဏ်ယူခဲ့ပါဘူး။ မန္တလေး နန်းတွင်းက နန်းတော်ရာ ပြခန်းဆောင်တစ်ခုမှာ ဖန်စိမ်းနဲ့ လုပ်ထားတဲ့ ပွတ်လုံးတိုင်လေးတွေ ခို်တာကိုလည်း မျက်စိထဲမှာ မြင်ယောင်ရင်း အမျိုးဂုဏ်၊ ဘာတိဂုဏ် တက်မိပါသေးတယ်။ တစ်ကမ္ဘာလုံးသိအောင် ဗင်းနစ်သားတွေလို မပြနိုင်တာကိုပဲ ဝမ်းနည်းမိရဲ့။

ယနေ့ ဒီမှာ ပြသတဲ့ ဖန်ထည်များကတော့ ခရီးသွားများအတွက် လက်ဝတ်တန်ဆာအပေါစားတွေ ဖြစ်ဟန်ရှိသေမယ့်လည်း အတော်လက်ရာမြောက်ပါသေးတယ်။ ၁၂၉၁ ခုမှာ ဖန်လုပ်ငန်း မီးပြင်းဖို့များစွာဟာ မူရာနို(Murano)ကျွန်းပေါ်ကနေ မီးဘေးအန္တရာယ် ကြုံတင်ကာကွယ်တဲ့အနေနဲ့ မြောက်ဘက်ကို ပြောင်းရွှေ့သွားကြတယ်။ ထို့အတူ ဒီရွေးဟောင်းစက်ရုံတွေကနေ ထုတ်လိုက်တဲ့ အခိုးအငွေ့တွေဟာ ဗင်းနစ်ရဲ့ ဂုဏ္ဍာက်သားတွေကို စားသွားစေရဲ့။ လုပ်ငန်းတွေ ကျဆင်းခဲ့ပေမယ့် မူရာနိုဟာ ယနေ့ ဖန်ထည်ထုတ်လုပ်မှု ဗဟိုချက်ဖြစ်နေဆဲပါ။

ဗင်းနစ် မဂျိုလီကာမြေအိုး (Venice majolica)

မဂျိုလီကာမြေအိုးဟာ ဗင်းနစ်မှာ လုပ်တဲ့ သံဖြူသုတ်ထားတဲ့ မြေထည်(tin-glazed earthenware)ပါ။ ၁၆ရာစုမှာတော့ အဲဒီစတိုင်ဟာ အထွဋ်အထိပ်ကို ရောက်သွားခဲ့ဖူးပါတယ်။ (Maestro Ludovico)၊ (Domenigo da Venezia)နဲ့ (Jacomo da Pesaro)အလုပ်ရုံတွေမှာ ဒီပုံစံနဲ့ ထူးခြားတဲ့ ခွက်ယောက်တွေ ထုတ်လုပ်ခဲ့ကြတယ်။ ဗင်းနစ်သားအိုးထိန်းသည်တွေဟာ အကောင်းဆုံး တန်ဆာဆင်မှုအဖြစ် အောင်ပွဲရ အထိမ်းအမှတ်ပစ္စည်း ဖိုင်းဆု(trophies)ကို ဆေးခြယ် အသုံးပြုခဲ့ကြတယ်။ ကမ္ဘာလုံးပုံ၊ တေးဂီတ တူရိယာတွေ၊ အခြားသော ကိရိယာပစ္စည်းတွေနဲ့ အဖြူပေါ်မှာ အပြာရောင်သမ်းတဲ့ ကြွေထည်၊ ဒါမှမဟုတ် အဖြူရောင် ကြွေထည်(enamel)အောက်ခံပေါ်မှာ တောက်ပတဲ့ အဖြူရောင်ပိတ်ပိတ်ကို အလျားလိုက် အစဉ်အတိုင်းဟန်နဲ့ အသားပေးပြီး ဖော်ပြကြပါတယ်။ ထူထပ်စွာ လိမ်ယှက် ရောထွေးနေတဲ့ ပင်စည်ရိုးတံတွေရဲ့ ကနုတ်ပန်းတွေကတော့ ပုံစံကျဒီဇိုင်းပါ။ ဗင်းနစ်သားတွေရဲ့ အပြာနဲ့ အဖြူ ကြွေထည်အဆင်တန်ဆာကို ပိုမိုနှစ်ခြိုက်ကြခြင်းက တရုတ်ကြွေထည်နဲ့ တူရကီ အိုးခွက်တွေရဲ့ လွှမ်းမိုးမှု ရှိနေတာကို ပြသကြရဲ့။

အီတလီနိုင်ငံတွင်းက မြို့ပေမို့ ဗင်းနစ်မှာ သားရေစက်ရုံတွေလည်း ရှိပါတယ်။ ဗင်းနစ်တစ်လွှား ပြန့်ကျဲနေတဲ့ ခပ်သေးသေး လေ့ဝင်းတွေနဲ့ အခြားရိုးရာဧလေ့ ဇိမ်ခံပစ္စည်း လက်မှုအလုပ်ရုံတွေမှာ ဇာ၊ အဝတ်အထည်နဲ့ ပရိဘောဂတွေလည်း ထုတ်လုပ်ကြပါသေးတယ်။

အခြား (Burano, Caorle, Malamocco) နဲ့ (Torcello) တို့လို သေးငယ်တဲ့ ကျွန်းလေးတွေမှာ နေထိုင်သူတွေဟာ အစဉ်အလာအရ ထုံးအိုင်ရဲ့ ဒေသစီးပွားရေးလှုပ်ရှားမှုတွေမှာ မှီခိုနေရတယ်။ ငါးဖမ်းလုပ်ငန်း၊ ကြက်-ငှက်လုပ်ငန်း၊ ဆားထုတ်လုပ်မှုနဲ့ ဥယျာဉ်ခြံစိုက်ပျိုးရေးတွေပေါ့။ အချို့သော နေထိုင်မှုတွေဟာ ပင်လယ်ကမ်းခြေခရီးသွား တိုးပွားလာမှုအောက်မှာ ဖုံးလွှမ်းခံသွားရတယ်၊ ထင်ထင်ရှားရှားကျဆင်းလာပေမယ့်လည်း ရှေးဟောင်း ကုန်သွယ်ရေးတွေကိုတော့ ဆက်လက်လုပ်ဆောင်နေကြဆဲမို့ တံငါသည်တွေရဲ့ အငယ်စားလက်မှုတွေကိုလည်း ထုံးအိုင်မှာ ဆက်လက် မြင်နိုင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com

တူးမြောင်းထဲက လှေတွေနဲ့ တံတားများ

ဖန်နန်းတော်ထဲက အထွက်မှာတော့ ကျောက်လှေဆိပ်ကို ဆင်းကြတယ်။ အဲဒီမှာ လှေတွေပြီး ဗင်းနစ်မြို့အလှကို လှေစီးရင်း ကြည့်ရှုခံစားကြမယ်လေ။

ဗင်းနစ်ရဲ့ ရေလမ်းမှာ သယ်ယူပို့ဆောင်ပေးတဲ့ လူသိအများဆုံးပုံစံဟာ ဂွန်ဒိုလာ(the gondola)လှေတွေပါ။

ဗင်းနစ်ရေပြင်က အဆောင်တန်ဆာများ ဆင်ယင်ထားတဲ့ ဒီအနက်ရောင် လှေလေးတွေဟာ နာမည်ကြီးလှရဲ့။ ဂွန်ဒိုလာလှေတွေကို လှေထိုးသားနဲ့တကွ ငှားစီးနိုင်ပြီး တူးမြောင်းတစ်လျှောက် တစ်ပတ်လှည့်လည်ကာ ဗင်းနစ်မြို့ကို ပတ်ပြီး အပျော်စီးနိုင်ပါတယ်။ အဲဒီလို အပျော် ဂွန်ဒိုလာလှေ စီးဖို့ကို ကိုယ်တို့ ခရီးသွားကုမ္ပဏီက လမ်းညွှန်အညွှန်းစာရွက်မှာသာ ပင်လယ်ပြင်သို့ပါ လှေကို ထွက်ပေးပါတယ်။ ဗင်းနစ်ကမ်းခြေတစ်လျှောက် လှေစီးပြီး ပင်လယ်ထဲကနေလည်း မြို့ကို ရှုမောခွင့်ရခဲ့ပါရဲ့။ လှေစီးရင်း စိတ်ကူးယဉ်ဆန်လှတဲ့ အတွေ့အကြုံကို ခံစားနေမိရင်း အိပ်မက်ကောင်းကနေ မနိုးထချင်တဲ့ ဆန္ဒတွေတောင် ဖြစ်ပေါ်မိပါတယ်။ ဩော်...အိပ်မက်ဆိုတာ အချိန်တန်တော့လည်း နိုးရတာပါပဲလေ။ ဒါပေမယ့် တန်တယ်။ ဥရောပခရီးထွက်ရတာ ဗင်းနစ်တစ်ခုတည်းနဲ့တင် တန်တယ်လို့လည်း စိတ်ထဲက ကျိတ်ပြီး ဝိတိဖြစ်မိရဲ့။

ပင်လယ်ပြင်ကနေ မြို့ဆိပ်ကို ပြန်ဝင်ခါနီး ကမ်းစပ်မှာ အမေရိကန်က လေဘာတီရုပ်လို မီးတုတ်ကိုင်ထားတဲ့ ကျောက်ရုပ်တစ်ခုလည်း တွေ့လိုက်ရသေးတယ်။ သိပ်အကြီးကြီးတော့ မဟုတ်ပါဘူး။





လုံလုံပပ မက်လုံးပေးထားပေမယ့် တကယ်တမ်းမှာတော့ ဘာမှမစီစဉ်ပေးပါဘူး။ ဗင်းနစ်ရောက်မှ ဂွန်ဒိုလာ မစီးဘဲ ပြန်ဖို့ဟာကလည်း ကိုယ်တို့အငွေက် မဖြစ်နိုင်ပြန်တော့၊ မိမိဘာသာဘဲ ကိုယ့်ငွေ ကိုယ်ထုတ်ပြီး စီးခဲ့ကြရပေါ့။

ဂွန်ဒိုလာတစ်စီးမှာ ဖယောက်လောက် စီးနိုင်ပြီး တစ်ယောက်ကို ၁၂၄၂ရီ (မြန်မာကျပ်ငွေ×၁၃၀၀-၁၅၆၀၀ ကျပ်)လောက် ကုန်ကျပါတယ်။ တချို့လှေများမှာတော့ လှေထိုးသားတွေအပြင် အကော်ဒီယံတီးသူ၊ ရိုးရာသီချင်း သီဆိုပေးသူများလည်း ပါကြရဲ့။ ဒါအတွက်လည်း ငွေကြေးတစ်စုံတစ်ရာပေးရမှာပါ။ တချို့လှေများမှာတော့ လှေထိုးသားကပဲ သီဆိုသွားပါတယ်။ လှေတွေက တူးမြောင်းတစ်လျှောက် တစ်စီးနဲ့တစ်စီး သိပ်မဝေးလှအောင် ထပ်နေတာမို့ ကိုယ်တို့ မြန်မာတွေကတော့ သူလှေက ဆိုလည်း ကိုယ်ကြားနိုင်တာပဲ လေလို့ သဘောထားလိုက်ပြီး ချွေတာမိပါရဲ့။ ဂွန်ဒိုလာတွေက တူးမြောင်းတစ်လျှောက် မြို့တွင်းကို တစ်ပတ်ပတ်ပြီး မြို့ပြင်

ယနေ့တိုင် အဲဒီ တစ်မူထူးခြား ပြိုင်ဘက်ကင်းပြီး မမှောက်နိုင်တဲ့ တစ်မျိုးတည်းသော လှေတွေဟာ ရာနဲ့ချီ ကျန်ရစ်နေဆဲပါ။ အခြားသဘော်တွေက အရေအတွက်ပိုများတဲ့တိုင် သူတို့ရဲ့သပ်ရပ်လှပပြီး ကျောက်ကျောက်မော့မော့နဲ့ ချောမွတ်ပြောင်လက်ကာ၊ ဖိတ်ဖိတ်လက် အနက်ရောင်ဆေးသုတ်ထားတဲ့ ပုံသဏ္ဌာန်ဟာ ဗင်းနစ်ရဲ့ သင်္ကေတတစ်ခုပဲပေါ့။ စာရေးဆရာအများအပြားဟာ ဗင်းနစ်ရဲ့ ဆွတ်ပျံ့ဖွယ်ရာများကို ဂွန်ဒိုလာလေးတွေနဲ့ သရုပ်ဖော်ပြကြတယ်။ ကမ္ဘာလှည့်ခရီးသည်များကလည်း တူးမြောင်းတွေကို ဖြတ်ရင်း ဂွန်ဒိုလာ လှေထိုးသမား(gondolier)တွေရဲ့ သီဆိုမှုနဲ့အတူ လှော်ခတ်တာကို ညနေဆည်းဆာတိုင်းသည်အထိ ဈေးကြီးကြီးပေးချင်တဲ့ ဆန္ဒတွေ ရှိနေဆဲပါ။ ဒါပေမယ့် နှစ်ပေါင်းများစွာထဲက ဂွန်ဒိုလာသမားတွေဟာ သူတို့ရဲ့ အံ့သြစရာကောင်းလောက်အောင် ကိုင်တွယ်လှော်ခတ်နိုင်မှု လက်မှုအစွမ်းနဲ့ တူးမြောင်းထဲယင်းတွေ ရုတ်ခြည်း ချိုးကွေ့နေတတ်တဲ့တိုင် အဲဒီတစ်လျှောက်မှာ

www.burmeseclassic.com

www.burmeseclassic.com

ဆွေပတ်သွားလာရင်း အီတာလျံ ကဗျာဆရာ(Ariosto) ဒါမှမဟုတ်၊ (Tasso)တို့ရဲ့ လက်ာတွေကို ရွတ်ဆိုပြနိုင်ခဲ့ပေါ့။ ဂူးဆွားသော ဂွန်ဒိုလာတွေဟာ ယနေ့တိုင်လည်း ကူးတို့လေ့အဖြစ် ဂရင်းတူးမြောင်း(The Grand Canal)ကို ဖြတ်ပြီး ဘာဝန်ထမ်းဆဲပါ။ သို့သော်လည်း ထိန်းသိမ်းရတဲ့ ကုန်ကျစရိတ်က သူတို့ကို အဆုံးမှာ ပျောက်ကွယ်သွားစေနိုင်တဲ့အထိ ဆောင်းနေရဲ့။ တူးမြောင်းတွေဟာ အမျိုးအစားများစွာသော မော်တာ ပါဝါသုံး စက်လေ(boats)တွေနဲ့ ပြည့်နှက်လို့နေပေါ့။

စက်လေအစားစားရှိရာ မြူနီစီပယ် သယ်ယူပို့ဆောင်ရေးစနစ်က ပို့တဲ့ လူထု ရေလမ်းဘတ်စ်ကားတွေလို့ ပြောနိုင်တဲ့(the vaporetti)တွေကနေ၊ ကိုယ်ပိုင်မော်တာတပ် အကြီးစား ကူးတို့သဘော်(motor-launch) တက္ကစီတွေအထိပေါ့။ အခြားသော အထူးပြု လက်မှုသီးနှံနဲ့ ဟင်းသီးဟင်းရွက်တွေ သယ်ဆောင်လာတဲ့ ဝမ်းပြားရေယာဉ်(the barges) တွေ၊ အမှိုက်တင် ဝမ်းပြားရေယာဉ်တွေ၊ လူနာတင်ယာဉ်နဲ့ ရဲကူးတို့သဘော်(launches)တွေလို လေ့တွေဟာလည်း ခရီးသွားတွေရဲ့ အိတ်တွေနဲ့ ပြည့်လို့ အဆုံးမရှိတဲ့ အရောင်၊ အမျိုးမျိုးသော ကွဲပြားမှုတွေနဲ့ ရေလမ်းမြင်ကွင်းတွေကို ဖန်တီးထားပေါ့။

ဗင်းနစ်ဟာ လမ်းလျှောက်သူတို့ရဲ့ မြို့တော်ပါ။ အခြားသော ရောမရင်ပြင်(Rome Square)နဲ့ လီဒိုပေါ်က ရပ်နားကွင်းကြီးတွေမှာလည်း မော်တော်ကားတွေကိုတော့ မြို့ကနေ ဖိတ်ပင်ထားတယ်။ မကြာခဏ ရှောင်လမ်းတွေ၊ လမ်းဆုံးတွေနဲ့လည်း ပက်ပင်းတိုးတတ်တဲ့ ပြဿနာတွေလည်း ရှိရဲ့။ မည်သူမဆို ဗင်းနစ်ရဲ့ ဘယ်နေရာကိုမဆို တူးမြောင်းတွေရဲ့ ကမ်းပါးကနေ ခြေလျင်ခရီးနဲ့ ရောက်နိုင်ပါတယ်။ ကျောက်ပြားခင်း(the paved)လမ်းတွေ၊ အရင်ပြင်တွေကို ဖြတ်ရင်း ၄၀၀ ကျော်လောက်၊ ဒါမှမဟုတ် ဒီဇိုထက်ပိုနိုင်တဲ့ တူးမြောင်းတံတား(ponti)တွေကိုလည်း ဖြတ်ရင်းပေါ့။ ရိုးရာပုံ အခုံးစက္ကူတံတားတွေလည်း အများအပြားကျန်ရှိနေဆဲပါ။ ဒါပေမယ့် ရှေးဟောင်း တံတားအရေအတွက် အတော်များများကိုတော့ ၁၉ရာစုမှာ သံကြိုးပံသံထည် တံတားတွေနဲ့ အစားထိုးလာပါပြီ။

ဂရင်းတူးမြောင်းကို တံတားသုံးစင်းနဲ့ ဖြတ်သန်း ဆက်သွယ်ထားတယ်။ ဒီသုံးစင်းမှာ ပိုပြီးဇာတ်ကွက်ဇာတ်လမ်းတွေများတာကတော့ နာမည်ကျော် ရီရယ်တို(the Rialto)တံတားပါ။ (Antonio da Ponte) (စီ၁၅၉၀)က ဒီဇိုင်းထုတ်ပြီး ဆီလျော်လုတဲ့ နာမည်ကိုပါ ပေးခဲ့တယ်။ အခြားတံတားနှစ်စင်းကတော့ သိပ်မကြာသေးခင်ကမှ စတင်အခြေပြုပြီး စက္ကူကျောက်နဲ့ တည်ဆောက်ထားတဲ့ မီးရထားဘူတာရုံက(the Scalzi) တံတား(၁၉၃၂)ပါ။ နောက်တစ်စင်းကတော့ ခပ်မြင့်မြင့်ခုံးထားပြီး ယာယီတံတားလို့ ထင်ရမြင်ရတဲ့ သစ်သားထည် တံတား(The Accademia)ပါ။ ခြေလျင်လျှောက်လမ်းတွေကိုတော့ ကြံခိုင်အောင် သံမဏိနဲ့ အားဖြည့်ထားတယ်။ ဒါကို လည်း ၁၉၃၀ ခုမှာမှ တည်ဆောက်ခဲ့တယ်။ တံတားတစ်စင်းမှာတော့ ခရစ်တော်ရဲ့ လက်ဝါးကပ်တိုင်အစစ်ဟာ ရေထဲကျသွားပြီးမှ အလိုလျောက် ပြန်လည်ပေါ်ထွက်လာတယ်ဆိုတဲ့ အပြောတွေနဲ့ နာမည်ကျော်နေရဲ့။

ဗင်းနစ်သားတွေဟာ သူတို့ရဲ့ တူးမြောင်းတွေက ရေကြောင်းတွေကို အလွန်ပဲ သိရှိနားလည်မှုကြောင့် ၁၃၈၀ခုနှစ်မှာ ဂျီနိအာသား(The Genoese)တွေကို နိုင်လိုက်ဖူးပါတယ်။ ပင်လယ်ဒီရေလှိုင်းတွေကလည်း သဘာဝရဲ့ အညစ်အကြေးသန့်စင်ရေးစနစ်တစ်ခုလို မြို့တော်ရဲ့ တူးမြောင်းတွေကို တစ်နေ့နှစ်ကြိမ် ရိုက်ခတ်ဆေးကြော သန့်စင်ပေးနေလေရဲ့။

နန်းဆောင်တော်(Palaces)

ကမ်းပေါ်ပြန်တက်ပြီး ဗင်းနစ်ရင်ပြင်ကို သွားရောက်လေ့လာကြပြန်တယ်။ ရင်ပြင်ပတ်လည်မှာတော့ ရှေးဟောင်း အဆောက်အအုံတွေနဲ့ ဘုရားကျောင်းကြီးတွေ၊ နာရီစင်တွေ၊ စေးဆိုင်၊ ကော်ဖီဆိုင်လေးတွေ အများရှိနေရဲ့။ ဘယ်ကရောက်လာမှန်းမသိတဲ့ ကမ္ဘာတစ်ဝှမ်းလုံးက လူတွေတော့ ကျိတ်ကျိတ်တိုးပါပဲ။

မြို့တော်ရဲ့ လမ်းဖြစ်တဲ့ တူးမြောင်းတွေမှာ အိမ်တွေဟာ စီတန်းပြီး အဆင်းရဲဆုံး အကွက်တွေကနေ ကြီးကျယ်ခမ်းနားတဲ့ နန်းဆောင်(palazzi)တွေထိ အစားစားရှိနေရဲ့။ ရိုးရိုးအိမ်တွေဟာ ယေဘုယျအားဖြင့် သုံးလေးထပ်လောက်ပဲ မြင့်ပါတယ်။ သူတို့ဟာ မူလကတော့ အပြင်လေ့ကားအုံတွေနဲ့ ဒေသန္တရဝင်းတွေမှာ အစုလိုက်ရှိနေရဲ့။ သူတို့ရဲ့ ရိုးရိုးထောင့်မှန်စတုဂံပုံ တံခါးပေါက်နဲ့ ပြတင်းပေါက်တွေက အလင်းရောင်ကို အရောင်မတင်ထားတဲ့ အဆင်တန်ဆာလည်း မရှိတဲ့၊ စက္ကူကျောက်တွေက ဘောင်ခတ်ထားပေလိမ့်မယ်။ အဲဒီရဲ့ အုတ်နီနီ၊ ဒါမှမဟုတ် မြေနီရောင်သုတ်ထားတဲ့ အင်္ကျီသရုတ်နံရံတွေက မြို့အခင်းအကျင်းကို နွေးထွေးစေပါရဲ့။ ဒါပေမယ့် ဒါဟာ နန်းဆောင်တွေမှာဖြစ်ပြီး ရိုးရိုးလူနေအဆောက်အအုံတွေမှာ မဟုတ်ပါဘူး။ ဒါတွေရဲ့ ရှေ့ဟာ ပိုကြီးမားတဲ့ တူးမြောင်း(အထူးသဖြင့် ဂရင်း)တွေဆီ တိုက်ရိုက်ရောက်နေပေါ့။ ဆေးတွေ တောက်ပလွန်းစွာနဲ့ လေ့ကြိုးချည်တိုင်တွေက သူတို့ရဲ့ ရေဝင်ပေါက်တွေကို ဖြစ်စေရဲ့။

ဗိသုကာဟန်ဟာ အချိန်နဲ့အမျှ ပြောင်းလဲနေပေမယ့် ဒီကုန်သည်အဆောက်အအုံကိုယ်ထည်တွေဟာ အလေးအတိုင်း မပျက်မစီး ကျန်ရစ်နေသေးရဲ့။ ရေပြင်ညီသပ်ကို ကုန်သည်တွေရဲ့ ရုံးခန်းနဲ့ စတိုခန်းအဖြစ် သုံးပြီး အထက်ထပ်

www.burmeseclassic.com

မှာ ဂုဏ်မြင့်သူမိသားစုတွေ နေထိုင်ကြတယ်။ အဲဒီကနေ ယေဘုယျအခန်းနဲ့ တူးမြောင်းကို အပေါ်စီးက ကြည့်နိုင်တယ်။ ယေဘုယျ လက္ခဏာအနေနဲ့ အလယ်ဗဟိုပိုင်းမှာ လေသွန်ပြတင်း ၅ခု၊ ဖခုရှိတဲ့ ပြတင်းပေါက်အစုကိုလည်း တွေ့နိုင်ပြီး သီးခြား ဘေးပြတင်းပေါက်နှစ်ခုလည်း ရှိသေးရဲ့။ ဒါက အခန်းတွေရဲ့ အတွင်းပိုင်း စီစဉ်ထားမှုမှာပါ ရောင်ပြန်ဟပ်နေတယ်။ တူးမြောင်းကနေ နန်းဆောင်အဝန်းအဝိုင်းတစ်ခုဆီကို နောက်ဘက်ကနေ လာတဲ့အခါ မမျှော်လင့်ဘဲ ဒါတွေကို ဘွားခနဲတွေ့ရပြီး ဥယျာဉ်လေးတွေ၊ အလှစိုက် စိမ်းလန်းစိုပြေတဲ့ သစ်ပင်တွေလည်း အမြဲလို ရှိနေတတ်ရဲ့။ နံရံတံတိုင်းတွေဟာ အမြဲတမ်း အုတ်သားဖြစ်ပြီး တန်ဆာဆင်ထားတဲ့ ကျောက်တွေနဲ့ပါ တွေ့နိုင်ကြတယ်။ အဆောက်အအုံတိုင်းလို အများဆုံး သုံးတဲ့ တောက်ပ ကြည့်စင်တဲ့ စကျင်ဖြူတွေကို (Istrian)ကျောက်ကျင်းတွေကနေ ဗင်းနစ်ကို ဈေးသက်သာစွာ သဘော်နဲ့ သယ်ယူနိုင်ရဲ့။ ဒါတွေကို လွယ်ကူစွာ ထွင်းထုနိုင်ပေမယ့် ဆား(ခတော့ အက်စစ်)လွှမ်းနေတဲ့ ဗင်းနစ် လေနဲ့ ရာသီဥတုရဲ့ ဆိုးဝါးစွာ စိုထိုင်းစေမှုကိုလည်း အံတုနေရတယ်။

နန်းတော်မျက်နှာစာ(facades)ဟာ မူရင်း ဘိုင်ဇင်တိုင်း(Byzantine)အသွင်သဏ္ဌာန်ကနေ ဟန်အားဖြင့် တိုးတက်ပြောင်းလဲလာတယ်။ ယေဘုယျလက္ခဏာအားဖြင့် ရှည်ပြီး ကျဉ်းမြောင်းတဲ့ ပေါင်းခုံးတွေနဲ့ပေါ့။ ဒါတွေဟာ ၁၃-၁၄ရာစု အစောပိုင်း ဂေါသစ်ကာလ(Gothic period)အစကို ညွှန်ပြနေတယ်။ ၁၅ရာစုက မူးရစ်(Moorish) အမြင်နဲ့ အလွန်ဆန်းပြားတဲ့ သုံးရွက်ဆိုင် ပဲရွက်ပုံ(trefoil)တွေ၊ လေးရွက်ဆိုင်တွေနဲ့လည်း နွယ်ခက်ပြီး တန်ဆာဆင်ထားပေါ့။ (The Ca' d'Oro)(စီဘ၄၂၅-၁၄၄၀)လို အဆင်တန်ဆာများစွာ ဆင်ယင်ထားတဲ့ နောက်ပိုင်း ဂေါသစ်နန်းတော်တွေမှာတော့ အလယ်ဗဟိုပြားဟာ မျက်နှာစာတစ်ခုလုံးကို ဖြတ်ပြီး ဆန့်ထွက်နေလိုက်တာ၊ ထပ်ပြန်တလဲလဲနဲ့ အပေါ်နှစ်ထပ်လောက်တိုင်ပါရဲ့။ ၁၅ရာစု နောက်ပိုင်းမှာတော့ နန်းတော်ဗိသုကာမှာ ဥဏ်သစ်လောင်း(Renaissance)အသွင်တွေ စတင် လွှမ်းမိုးလာခဲ့တယ်။ (Jacopo Sansovino)ဒီဇိုင်းထုတ်ပြီး (စီ ၁၅၃၆-၄၅)မှာ တည်ဆောက်တဲ့ (Ca' Grande)(The Palazzo Corner)မှာလိုပေါ့။ ဒုတိယ(The Palazzo Grimani)(စီဘ၅၆)ဟာ (Michele Sanmicheli)ရဲ့ ဒီဇိုင်းဖြစ်ပြီး ၁၅၇၅ ခုမှာ အပြီးသတ်ခဲ့တယ်။ ဒါတွေဟာ အချိုးအစားတိုင်းထွာထားပြီး တိတိကျကျ အချိုးညီတဲ့ အဆောက်အအုံတွေနဲ့ မိတ်ဆက်လာတာကို ပြနေရဲ့။

၁၇ရာစုမှာ တည်ဆောက်ခဲ့တဲ့ Mannerist နဲ့ Baroque နန်းဆောင်တွေကတော့ တန်ဆာဆင်ထားတဲ့ ဂန္ဓဝင်ဟန်(Classical Style)နဲ့အတူ ကြီးလေးတဲ့ ပုံစံခွက်နဲ့ ကနုတ်ပန်းလို ဆန်းကြယ်တဲ့ အပြောက်အမွှန်း (Baldassare Longhena)ရဲ့ (the Palazzo Pesaro)(၁၆၅၉-၁၇၁၀)မှာလို ကိုယ်စားပြုနေပေါ့။ ကြီးမားတဲ့ တူးမြောင်းတွေတစ်လျှောက် အလင်းအမှောင် ဆန့်ကျင်ဘက်သဘောကို ပေါင်းစပ်အသုံးပြုပြီး ခပ်နက်နက် တပ်ဆင်ထားတဲ့ ဟန်အမျိုးမျိုးနဲ့ ပြတင်းပေါက်တွေ၊ အလှဆင်မှန်ကူကွက်(paneling)တွေနဲ့ အဆောက်အအုံမှာ သုံးတဲ့ ပစ္စည်းတွေက ဗင်းနစ်အခင်းအကျင်းကို အမြင်အားဖြင့် အံ့သြခြင်းများစွာဖြစ်အောင် ပံ့ပိုးပေးနေရဲ့။

ယဉ်ကျေးမှုအမွေအနှစ်(Cultural heritage)များ

မိုလို(The Molo)ကျောက်ရေဆိပ်

ကျယ်ပြန့်တဲ့ မိုလိုကျောက်လှေဆိပ်(quay)ဟာ (The Piazzetta)ကို ရေဝင်ရောက်တဲ့နေရာမှာ ရှိပါတယ်။ ဒါဟာ တစ်ခါတုန်းကတော့ ကြီးကျယ်တဲ့ မင်းမှုထမ်းတွေ၊ ထူးခြား



www.burmeseclassic.com

www.burmeseclassic.com



ခွဲခြမ်းမေ့တော်စေတီတော်အတွင်းရှိ ရုပ်ဖွားတော်

www.burmeseclassic.com

www.burmeseclassic.com





သလဲသီး ခွဲခြမ်းစေတီတော် သာဓုခေါ်သံများ

ပေဒသုတော်သီ

ဆရာမျိုး

သလဲဦး ခွဲခြမ်းစေတီတော်ကို အကြိမ်ကြိမ်ဖူးမြော်နိုင်ရန် ကြိုးပမ်းမိသည်။ ခွဲခြမ်းဆရာတော် ဦးဩဘာမုလည်း အကြိမ်ကြိမ်ဖိတ်ခေါ်သည်။ ခေတ္တ ကျိုင်းတုံရောက် သလဲဦး ရွာသား ကိုလှိုင်ရွှေဝင်းကလည်း ကြိမ်ဖန်များစွာ တိုက်တွန်းသည်။ နဂါးပွက်ဆရာတော်ဘုရားကြီးထံ ခွဲခြမ်းမွေတော်ဘုရားအကြောင်းကို ရေးသားစေလိုသည်။ သို့ပါသော်လည်း သီးခြား သွားရောက်ရမည့် ရပ်ဝေးဒေသတစ်ခုဖြစ်နေသဖြင့် ခရီးလမ်းမကြဲခဲ့ပါ။

ယခု ကြဲကြိုက်ရန် အကြောင်းဖန်လာခဲ့ပါသည်။ "မင်္ဂလာ" ခေါ် ဘုရားထီးတင်ပွဲဆောင်းပါး ထွက်ရှိလာခဲ့သည်။ ဤဆောင်းပါးတွင် ခွဲခြမ်းဆရာတော် ဦးဩဘာနှင့် ကိုလှိုင်ရွှေဝင်းတို့က အဓိက ဇာတ်ပို့နေရာများက ပါဝင်နေကြသည်။ ဤသို့အားဖြင့် စာရေးသူသည် တောင်ကြီးမြို့မှ နံနက် ၁၀နာရီတွင် နန်းပန်ကားကို စီး၍ နေ့လယ် ၂နာရီခွဲ နောင်တောလမ်းဆုံတွင် ဆင်းသည်။ ထိုမှ တစ်မိုင်ခွဲခရီးကို ခြေလျင်လျှောက်ရသည်။

မင်္ဂလာယ်ခေါ် ပအိုဝ်းရွာသို့ရောက်ရှိချိန်တွင် ကျောက်တစ်လုံးရွာသို့ ရွာလုံးကျွတ် ရှင်လောင်းတပည့်အဖြစ် သွားကြရပါသတဲ့။ ပအိုဝ်းရိုးရာယဉ်ကျေးမှု စာတမ်းစဉ်များတွင် ဤဓလေ့နှင့် ပတ်သက်၍ စာရေးသူ ရေးသားဖော်ပြပြီးဖြစ်တယ်။ ကျန်ရှိနေသော ကျောင်းစောင့်နှင့် ရွာစောင့်များတွင် မြန်မာစကား လည်လည်ဝယ်ဝယ်တတ်မြောက်သူ မပါ။ သူစကား ကိုယ် မသိ၊ ကိုယ့်စကား သူတို့ မသိ၊ ခွဲခြမ်းဆရာတော်ဆီ ဖုန်းဖြင့် အကူအညီတောင်းခံသည်။ ဆရာတော်က

www.burmeseclassic.com

www.burmeseclassic.com

(၁၂)ကောခန့်ရှိလေသည်။ သာသနာ့အဆောက်အအုံ (၇)လုံး ရှိပါသည်။ ပင်မ စေတီအပါအဝင် စေတီပေါင်း (၃၅)ဆူ၊ ရင်ပြင်မှ စိန်ဖူးတော်အထိ ဉာဏ်တော် (၁၁၀)ပေ၊ ခွဲခြမ်း မွေတော်ကျောင်းကို ဂေါစက္ကဲကျေးရွာများဖြစ်ကြသော သလဲဦးကျေးရွာ၊ အလယ်မြောင်ရွာ၊ ကုန်းခြံအထက်ရွာနှင့် ကုန်းခြံအောက်ရွာတို့မှ ကိုးကွယ်ဆည်းကပ်ကြသည်။ မူလ ဆရာတော် ဦးတေဇင်္ဘ ပျံလွန်တော်မူပြီးနောက် လက်ရှိ ဆရာတော် ဦးဩဘာသ သက်တော် (၆၆)နှစ်၊ သိက္ခာတော် (၄၅)ဝါက ဦးစီးပဓာန နာယက ဆရာတော်ဖြစ်လာသည်။ သံဃာဦးရေ (၆)ပါးရှိသည်။ အလယ်မြောင်ရွာမှ ဘုရား ကျောင်းသို့ တက်သောလမ်းတွင် အုတ်လှေကား (၅၈)ထစ် ရှိသည်။ စကြံပတ်လမ်းသည် ဆွမ်းလောင်းရံတန်းများ ဖြစ် ကြသည်။ နရပတိစည်သူ သမိုင်းပေစာတွင် အောက်ပါ အတိုင်း ပါရှိ၏။

နရပတိစည်သူမင်းကြီးသည် မိုင်းသောက်မြို့မှ ဒက္ခိဏဒေသာတောင်ဘက်သို့ ဆွေတော်မျိုးတော် ကျေးကျွန် များနှင့်အတူ ဖောင်တော်ဖြင့် ဆန်တက် ကြွမြန်းတော်မူ လာခဲ့၏။ မနီးမဝေးသောအရပ်၌ နန်းအိမ်တော်ဆောက်လုပ် ၍ (၃၂)နှစ်နှင့် (၇)လ စံပယ်တော်မူသည်။ ထိုအခါ၌

သည်း အင်းစကားပဲ တတ်သည်။ ပအိုဝ်းစကားမတတ်။

"ဆရာမျိုး··· ကျုပ်ကျောင်းကိုသာ လာခဲ့ပါ။ ဒီမှာ ရှိတယ်"

ဟူ၍ ဖိတ်ခေါ်လေသည်။ အဲဒါနဲ့ ပါလာတဲ့ စာစောင် ကွေကို···

"လွယ်ခေါ်ဆရာတော် ပြန်ကြွလာရင် ကပ်လိုက်ပါ"

လို့ ပြောပြီးပေးလိုက်တယ်။ ရွာစောင့် ပအိုဝ်းများတွင် ရွာနယ်ဆိုတာကို နားလည်သူ မပါ။ မြန်မာစာဖတ်တတ်သူ မပါ။

"တို့ မိုးခေါ် ဘုရားစာတ်ပုံတွေ လာပေးတယ်" ဆိုပြီး သူထားလိုက်ကြသည်။ စာရေးသူကို အတင်းလက်ဆွဲခေါ်၍ မီးဖိုဆောင်တွင် အတင်းထမင်းစားခိုင်းကြသည်။ "ဒီအချိန် ထမင်းမစားတတ်ပါ"လို့ ပြောလည်း နားမလည်။ ပအိုဝ်း ဆန်လုံးစီ ထမင်းဟင်းကို အချိန်အခါမဟုတ်ဘဲ ကြိတ်မိတ် စားသော်လည်း မစားတတ်၊ မဝင်။

အဲဒါနဲ့ သလဲဦးကို ဆိုင်ကယ် ကယ်ရီဒုံးဖို့ ကြိုးစား ရသည်။ ရွာထဲမှာ ဆိုင်ကယ်မောင်းသမား မရှိ။ ရှင်လောင်း တပည့်များ ဖြစ်ကုန်ကြသည်။ ရှိလျှင်လည်း ကယ်ရီခကို ခြွမ်းကျောင်းအရောက် တစ်သောင်းခန့် ပေးရပေလိမ့်မည်။ ရွာစောင့်များက စာရေးသူကို လမ်းဘေးတွင် ထိုင်ခုံတစ်လုံး ခူပေးသည်။ လာတဲ့ကား တားစီးတဲ့။ ကား (၁၀)စီးခန့် ဖြတ်သွားကြသည်။ တားပြီး မြန်မာလိုပြောတော့ ခေါင်းခါပြီး မောင်းထွက်သွားကြသည်။ ဒီလိုနဲ့ (၁၁)စီးမြောက်မှာ ညောင် ရွှေကားဖြစ်နေသဖြင့် မြန်မာလိုပြောလို့ အဆင်ပြေသွား သည်။ လွတ်ပါပြီ။ ဒုက္ခ···ဒုက္ခ···အောင့်ဒုက္ခ။

သလဲဦးရွာထိပ်တွင် ဆင်းပြီး (၆)ဖာလုံ တောင်တက် ခရီးဖြစ်သော ခွဲခြမ်း မွေတော်ကျောင်းသို့ ခြေလျင်လျှောက် ရသည်။ ဆရာတော် ဦးဩဘာက ကြိုဆိုနေရာချထားပေး သည်။

"ဒကာကြီး··· ကျုပ်အခန်းထဲမှာ အနားယူပြီးမှ ဘုရားလေး ဘာလေး သွားဖူးချေ။ ဘုန်းကြီးတို့ကတော့ အလှူအတွက် စည်းဝေးလိုက်ဦးမယ်"

အဲဒါနဲ့ ဆရာတော် စီစဉ်ပေးတဲ့ အခန်းမှာ မောသမျှ ဩချ အနားယူလို့ အပန်းဖြေ။ ညနေ နေချိုချိန်မှာ ခွဲခြမ်း မွေတော်တို့ ဖူးမြော်ပေါ့။

◈◈◈

သလဲဦး ခွဲခြမ်းမွေတော်၏ သာသနာ့ဇရီယာသည်

www.burmeseclassic.com

နန်းတော်အတွင်းဝယ် မိန်းမအာဆင်းနှင့်တူသော မိန်းမလျာ ယောကျ်ားတစ်ယောက်သည် မိန်းမဝတ် မိန်းမစားနှင့် မောင်မကိုယ်လုပ်တော်အထဲတွင် ဝင်၍နေသည်ကို မောင်းမကိုယ်လုပ်တော်တို့သည် မင်းကြီးအား လျှောက်ကြလေသော်၊ မင်းကြီးက ကြည့်ရှုစစ်ဆေးပြီး ဤသူသည်ကား ပတော်မမှန်သော အကျင့်စာရိတ္တရှိသည်ဖြစ်၍ သင်သည်ကား တစ်လ မိန်းမထိ၊ တစ်လ ယောကျ်ားလိင် ပေါ်၍ နပုန်းဖြစ်စေဟု မင်းကြီးသမုတ် ကျိန်ဆဲတော်မူသောကြောင့် နပုလ္လိင်ဖြစ်သည်။ ယင်းသို့ဆိုပြီးမှ လူအပေါင်းတို့ကို ခေါ်တော်မူ၍ နန်းအိမ်တော်အရှေ့တွင် တဲနန်းတော် ဆောက်လုပ်ပြီး လူအပေါင်းတို့အား ခွဲခြမ်းတော်မူသည်။

ရှမ်းယွန်းတို့မှကား မြင်းခွာသံရိုက်စေ၊ တလိုင်းတို့မှကား သံခေါင်းထစ်စေ၊ ရှမ်းတို့မှကား သံခေါင်းကို အကုန်ရိုက်စေ၊ မြန်မာတို့မှကား ထိပ်ကွဲက်စေ၊ ခေတို့မှကား သျှောင်ကြီးထုံးစေဟူ၍ ရှမ်း၊ တလိုင်း၊ ယွန်း၊ မြန်မာမှစ၍ လူမျိုးကို ခွဲခြားတော်မူသောကြောင့် ယခုတိုင် "ခွဲခြမ်းအရပ်" ဟု တွင်သည်။ ကြွင်းကျန်၍ နေခဲ့သောရွာကို ရှမ်းတို့ဘာသာဖြင့် "ကွဲခြဲ" ဟူ၍ ခေါ်ဝေါ်ကြသည်။

ယင်းသို့ပြီးမှ ဖောင်တော်တွင် အရှင်မင်းကြီးသည် ပြန်တော်မူကြမည်ဟု လူအပေါင်းတို့ကို ခေါ်တော်မူလေသော် မလိုက်ချင်၍ ပုန်းရောင်းကွယ်နေသောကြောင့် လူကြီးလူကြည့်ဟူ၍ တွင်လေသည်။ နရပတိစည်သူမင်းကြီးသည် နန်းအိမ်တော်က ဆင်းသက်၍ ဆန်တက်တော်မူလေသော် မနီးမဝေးသောအရပ်သို့ရောက်ပြီးမှ တစ်ဖန် နန်းအိမ်တော်သို့ ပြန်လည်တက်တော်မူပြန်သည်။ ဤသို့ ပြန်တော်မူသည်ကား အခြားမဟုတ်၊ မျှဝတီပြည်အရပ်တွင်ပင် ကြွင်းကျန်ရစ်သော လူနတ်အပေါင်းတို့ကို အတ္တဟိတ၊ ပရဟိတ္ထ ပစ္စုပ္ပန်, သံသရာ အကျိုးစီးပွားနှစ်ပါးတို့ကို မြင်တော်မူ၍ သနားကရုဏာ စုံမက်တော်မူသောကြောင့် အိမ်တော်သို့ ပြန်ကြွလာ၍ ကုန်းတော်ပေါ်တွင် စေတီတည်ကာ၊ ငါ တည်ထားပြုစုသော ကောင်းမှုအကျိုးတို့ကိုလည်း ငါ ဝေငှဦးမည်ဟူ၍ စိတ်တော်အကြံရှိပြီး ထန်ဘန်ရနတ်၊ သာယာမနတ်၊ ရက္ခိတနတ်၊ ဝဏ္ဏနတ်၊ ကရုနတ်၊ ဝါသနိနတ်၊ လောထာသနတ်၊ ဂုရုနတ်၊ ရုတရိန်တ်၊ ဖေါရက္ခိနတ်၊ ဘုမ္မိ ရက္ခိတနတ်၊ အာကာရက္ခိတနတ်၊ မိဿနတ်၊ ပါလေယ ရက္ခိတနတ်၊ ဝိသာယဟဏနတ်၊ တိရိနတ်၊ သရဝဏ္ဏနတ်၊ သမ္မာတီတနတ်၊ ဂုလမိတနတ်၊ ပစ္စန္ဒနတ် စသော ဤနတ်မင်းကြီးနှစ်ကျိပ်တစ်ယောက်တို့ကို ခေါ်တော်မူ၍ ဘုရားပွဲတော်ကြီးကို သုံးရက်ပတ်လုံး မင်္ဂလာဆောင်၍ အောင်ပွဲခံတော်မူသည်။ ရေစက်လွှန်းချ အမျှဝေတော်မူပြီးမှ ဝေနေယျ သတ္တဝါလူသူအပေါင်းတို့ကို ဝေငှတော်မူပြီးလျှင် ဝေနေယျ သတ္တဝါလူသူအပေါင်းတို့သည် အုန်းအုန်းကျက်ကျက် သာဓုအေ

www.burmeseclassic.com

www.burmeseclassic.com

မှားဖြစ်ကြသော (ဦးစံခင်+ဒေါ်အေးစိန်)၊ (ဦးစောဖစ်သန်းနှ+ဒေါ်လှရွှေ)နှင့် ဦးလှရွှေ+ဒေါ်တင်လေးတို့အား ရည်စူးအမှုးထား၍ ဦးသိန်းကော်ထွန်း+ဒေါ်စုမွန်စံ၊ မောင်ညီညီကျော့၊ သားရာဇာအောင် ကောင်းမှုအဖြစ် တွေ့မြင်ရပါသည်။

ဘုရားဝန်းကို ပတ်၍ စိတ်တိုင်းကျ ဖူးမြော်လေ့လာပြီးလျှင် ကျောင်းကြီးပေါ်မှ ဘုရားခန်းကို ထပ်မံ မှတ်တမ်းတင်ပါသည်။ နံရံထက်မှ ရှေးဟောင်း ရုပ်ပွားဆင်းတုတော်များ၊ ပင်မ အပူတော်ခံ ငါးစပ်ဘုရားရုပ်ပွားတော်တို့ကို မှတ်တမ်းတင် ရိုက်ကူးဖြစ်ပါသည်။

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ရက်၊ ၂၇-၄-၂၀၁၅

ဆောဒနာခေါ်ပြီးမှ မင်းကြီးလည်း တန်ခူးလပြည့်နေ့တွင် နန်းအိမ်တော်မှ ကြွတော်မူစဉ် သင်္ကန်းနက် လှေကြီးကို မီးတော်မူ၏။ နောက်ပါ ဖောင်တော် တစ်သီန်းသားတို့နှင့် ဘက္ခု နေဝန်းပေါ်ကို ထွက်တော်မူ၍ အနောက်ချောင်းကို ဆန်ကြွတော်မူလေသည်။

ဤသမိုင်းကို ဇာတ်တော်သရုပ်ဖော် ပန်းချီကား(၆)ချပ်ဖွင့် အကျဉ်းချုပ် ရေးဆွဲထားသည်များကို...

(၁) ဆရာကြီး ဦးဘိုးဟုံ + ဒေါ်ဖြေမြိမ်း။

(၂) အလယ်ရွာဘုရားဒကာ မောင်+ဒေါ်ပိန်၊ သားကျော်ဆန်း၊

(၃) အလယ်ရွာ ဦးဘိုးကျပ်၊ သမီးမောင်နမတစ်စု။

(၄) အလယ်ရွာ ဦးဘစိန်+ဒေါ်ငြေး၊ သားချွေးမ။

(၅) အလယ်ရွာ ဘိုးရွှမ်း၊ ဒေါ်လုံ(အုတ်တော)။

(၆) ကုန်းခြံအထက် ဆရာရင်+ဒေါ်ကူး သားသမီးတစ်စု၊

အစရှိသည့် မိသားစုများမှ လှူဒါန်းကြပါသည်။

ခွဲခြမ်းမွေတော်ကျောင်းတော်ကြီးသည် ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့သည်ဖြစ်ပေရာ ဆရာတော် ဘယ်နှဆက် သီတင်းသုံးတော်မူခဲ့ကြသည်ကိုတော့ဖြင့် မသိရှိနိုင်ပါ။ သို့သော် စေတီတော်၏ အရှေ့ပြောက်ဘက် မြေကွက်ထပ်တွင် တည်ရှိနေသော ရှေးဆရာတော်ကြီးများ၏ အရိုးကျွမ်းသာဒ်များမှာ ဖြတ်သန်းလာခဲ့သောခေတ်ကို ဖော်ကျူးနေသည်ဟူ၍ ထင်မြင် ယူဆရပါသည်။ ကိုးဆူကျောင်းဒါယကာစဉ်အဆက် ကျွန်ရှိခဲ့သော ရုပ်ပွားတော်အပိုင်းအစများကိုလည်း စေတီတော်အတွင်း ရာဟုထောင့်၌ ဝမ်းနည်းကြေကွဲဖွယ်ရာ ဖူးမြင်ရပါသည်။ ခွဲခြမ်းမွေတော်စေတီတော်အတွင်း သီတင်းသုံးတော်မူကြကုန်သော ရုပ်ပွားတော်အသီးသီးတို့သည် တင့်တယ်သပ္ပယ်သော ဂန္ဓမြေတော်ကို ဆောင်တော်မူကြလျက် ဖူးမဝနိုင်အောင် ရှိလှပေသည်။ စေတီဆော်၏ အာရုံခံအရှေ့ဘက်မှ ထီး တံခွန်၊ ကုက္ကားမျှား ကပ်လှူထားသော ရှေးလက်ရာ ပလွင်သုံးဆင့် ပန်းဆိုးဆော်ကြီးကိုလည်း ရှေးဟောင်း အမွေအနှစ်အဖြစ် တွေ့မြင်ရပါသည်။

သာသနာ့ပရဝဏ်အတွင်း ရေလုံလောက်စွာ သုံးစွဲနိုင်ရန်အတွက် ဆရာတော်ကြီးမှ အမြော်အမြင်ကြီးမားစွာဖြင့် တောင်ပေါ် သဘာဝ ရေထွက်မှ အဆင့်ဆင့် သွယ်ဆန်းရယူပုံ၊ ၎င်းမှ သောက်ရေသန့် ပြန်လည်ထုတ်လုပ်ပုံတို့ကို ရှင်သပ်ရှုမော အံ့သြဖွယ်ရာ တွေ့ရှိရပါသည်။ သံဃာတော်များ လက်ဆေးရေသုံးစွဲနိုင်ရန်အတွက် ဘိုးဘွားမိဘ

www.burmeseclassic.com





(တနလ်ာနေ့) နံနက် ၆နာရီမှ စတင်၍ အလှူဒါယကာ ဦးခင်မောင်ဆွေ+ အလှူဒါယိကာမ ဒေါ်ကျင်ကျင်ရွှေတို့၏ ရင်နှစ်သည်းချာ သားလှုရတနာများဖြစ်ကြသော မောင်လင်းမြတ်ဦးနှင့် မောင်ကောင်းဆက်သူတို့အား ရှစ်ပါးပရိက္ခရာ စုံလင်စွာဖြင့် ဗုဒ္ဓမြတ်စွာ၏ သာသနာ့ဘောင်အတွင်းသို့ ပဗ္ဇဋ္ဌအမွေ ရှင်သာမဏေအဖြစ်သို့ သွတ်သွင်းချီးမြှင့်ခြင်း မင်္ဂလာအခမ်းအနားပင်ဖြစ်ပါသည်။

ယင်သဲယာတော် (၁၃)ပါးကြွရောက် ချီးမြှင့်တော်မူကြ၍ နံနက် ၉နာရီအချိန်တွင် အခမ်းအနားအစီအစဉ် ၆ရပ်ဖြင့် ကျင်းပပြုလုပ်ပေးရာ မိုင်းသောက် ကျောက်နီတောရ ဆရာတော် ဦးစန္ဒာဘာသမ အနုမောဒနာတရားဟောကြား ချီးမြှင့်တော်မူပါသည်။ အလှူဒါယကာ ဦးခင်မောင်ဆွေ+ ဒေါ်ကျင်ကျင်ရွှေမိသားစုတို့မှ ခွဲခြမ်း မွေတော်ကျောင်းဌာဖွင့်လှစ် သင်ကြားလျက်ရှိသော ဗုဒ္ဓဘာသာယဉ်ကျေးမှု မွမ်းစကူးလ်ကျောင်းတော်သို့ အလှူတော်ငွေ ပေးအပ်လှူဒါန်းပါသည်။ ဆက်လက်၍ အလှူရှင်များမှ ငွေပဒေသာပင် (၇)ပင် ဆက်ကပ်လှူဒါန်းကြပြီးလျှင် အောက်ပါ သီးခြား အလှူရှင်များမှလည်း အလှူပဒေသာပင်များကို ဆက်ကပ်လှူဒါန်းကြပါသည်။

၁။ ဒေါ်စောမေ၊ ဦးခင်မောင်လွင်+ ဒေါ်သီတာဝင်း၊ ကုန်းခြံအောက်ရွာ၊

၂။ ဦးနေဝင်း+ဒေါ်နုန်းစိန်၊ ကုန်းခြံအောက်ရွာ၊

၃။ ဦးကျော်မြင့်လေး+ဒေါ်ခင်စ၊ ကုန်းခြံအောက်ရွာ။

၄။ ဦးခင်မောင်ဌေး+ဒေါ်ဌေးမြင့်၊ ကုန်းခြံအောက်ရွာ။

၅။ ဦးခင်မောင်ရေး+ဒေါ်ခင်ဆွေမြင့်၊ ကုန်းခြံအောက်ရွာ။

၆။ ဦးစိုးအောင်+ဒေါ်ထွေးခင်၊ ဥတ္တော။

၇။ ဦးထွေး+ဒေါ်လှခင်၊ ကုန်းခြံအထက်ရွာ။

၈။ ဦးအောင်နိုင်+ဒေါ်အေးအေးနှင်း၊ မိုင်းသောက်ဈေးသစ်။

၉။ ဗိုလ်ကြီး ချမ်းပြည့်အောင်+မအေးအေးအောင်၊ တောင်ကြီး။

အခမ်းအနားပြီးဆုံးချိန်တွင် အလှူရှင်များမှ ရွှေမိုင်ငွေမိုး၊ သကြားလုံးမိုးများ ပက်ဖျန်းကြပါသည်။ ဤသို့အားဖြင့် သလဲဦး ခွဲခြမ်းမွေတော်ကျောင်းတိုက်နှင့် စေတီတော်ပတ်ဝန်းကျင်တစ်ခွင်မှ သာဓုခေါ်သံများသည်ကား အထက်ကောင်းကင် စကြဝဠာတစ်ခွင်သို့တိုင်အောင် ပျံ့လွင့်သွားခဲ့ရပါပေတော့သတည်း■

ဂျစ္ဆာသယမဟိန္ဒိ
ဗေဒသုတေသီ ဆရာမျိုး

*****

www.burmeseclassic.com

ရွှေထီးမဆောင်းခဲ့ရသော ဗိုလ်ချုပ်တစ်ဦး

ဦးရေလှကို(နှင်းဝတ်ဆီဖို့)

ပြည်ထောင်စု ပြုကဲ့ပျက်စီးဆုံးရှုံးစေနိုင်သော တောင်းဆိုမှုများကြောင့် ပါလီမန် ဒီမိုကရေစီခေတ်အား ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော တော်လှန်ရေးကောင်စီအစိုးရမှ အဆုံးသတ်စေခဲ့ပါသည်။

တစ်နည်းအားဖြင့် တပ်မတော်မှ တိုင်ပြည်၏ အချုပ်အခြာအာဏာကို ရယူခဲ့ပြီး ထိုခေတ် ထိုအခါက ခေတ်စားခဲ့သော ဆိုရှယ်လစ် ပန်းတိုင်ဆီသို့ အရောက်ချီတက်ရန် ကြိုးစားခဲ့ကြသည်။ ထိုသို့ ကြိုးစားပုံဖော်ရာတွင် တပ်မတော်ခေါင်းဆောင်ပိုင်းမှ အသွင်ပြောင်းလဲပြီး နိုင်ငံ့ခေါင်းဆောင် အဓိပတိအကြီးအကဲဘာဝန်များအား ဆင့်ကဲဆင့်ကဲ ထမ်းရွက်ခဲ့ကြပေသည်။ သို့အတွက်ကြောင့် တပ်မတော်ခေါင်းဆောင်ပိုင်းဆိုင်ရာ ထိပ်တန်းတာဝန်တစ်ရပ်ဖြစ်သည့် ကာကွယ်ရေးဦးစီးချုပ်ရာထူးအတွက် စစ်ခေါင်းဆောင်ပိုင်းအပြောင်းအလဲများကို ဖြစ်ပေါ်စေခဲ့ပါသည်။ တပ်မတော်ပြန်တမ်းဝင်အရာရှိကြီးဦးဖြစ်လာသည်နှင့် သူတို့၏ အနာဂတ်ရည်မှန်းချက်မှာ စီးပွားဥစ္စာချမ်းသာကြွယ်ဝရေးလည်း မဟုတ်သလို၊ ငွေကြေးအသိပြာ တောင့်တင်းခိုင်မာရေးလည်း မဟုတ်ကြပါ။ တပ်မတော်အရာရှိအားလုံး မျှော်မှန်းထားကြသည်မှာ နောင်အနာဂတ် တပ်မတော်ကို ဦးဆောင်နိုင်သော တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တစ်ဦးအဖြစ် ရောက်ရှိရေးသာဖြစ်ပေသည်။ သို့မှသာ သူ့ဘဝ၊ သူ့သမိုင်းကြောင်းပုံရိပ်အတွက် ရွှေထီးဆောင်းရသော စစ်ခေါင်းဆောင် ဗိုလ်ချုပ်တစ်ဦးအဖြစ် သောင်းပေါင်းများစွာသော တပ်မတော်အရာရှိများအလယ်တွင် မှတ်ကျောက်တင်နိုင်ပေလိမ့်မည်။

တပ်မတော်အဖွဲ့အစည်းတွင် ရွှေထီးဆောင်းရမည့် အမြင့်ဆုံး ရာထူးဘာဝန်အတွက် ထိပ်ဆုံးမရောက်မီ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ဖြင့် တပ်မတော်ကို ကွပ်ကဲအုပ်ချုပ်ကြရသည်။ ထိပ်ဆုံးရာထူးတာဝန် ထမ်းရွက်နေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်မှ အနားယူသွားလျှင် ထိုနေရာသို့ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အတော်များများမှ တာဝန်ထမ်းရွက်ခွင့်ရရှိတတ်ကြသည်။ ယခု စာရေးသူ ရေးသားတင်ပြမည့် ဆောင်းပါးတွင် ရွှေထီးဆောင်းခွင့်ရရန် ရာနှုန်းပြည့် မျှော်လင့်ချက်မှုးရှိနေသော ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တစ်ဦးသည် မိမိသဘောဆန္ဒအလျောက် တပ်မတော်မှ နှတ်ဇွတ်ပြီး ရွှေထီးဆောင်းရမည့် အခွင့်အရေးကောင်းနှင့် လွဲချော်ခဲ့ပုံကို သူ၏ ဇာတာပါ ကြိုးဟ်ရပ်တည်မှုများဖြင့် ယှဉ်တွဲ တင်ပြပေးသွားပါမည်။ အဆိုပါ ရွှေထီးဆောင်းခွင့် မကြုံခဲ့သော ဗိုလ်ချုပ်တစ်ဦး၏ အမည်နာမမှာကား ဗိုလ် မျူးချုပ် အောင်ကြီးပင်ဖြစ်ပေသည်။

www.burmeseclassic.com

နောင် တပ်မတော်၏ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖြစ်လာမည့် ဗိုလ်မှူးချုပ် အောင်ကြီးအား ၁၉၁၉ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ရက်၊ တနင်္ဂနွေနေ့ နံနက် ၄နာရီ ၃၀မိနစ်၌ ပဲခူးတိုင်း၊ ပေါင်းတည်ကြီးတွင် မွေးဖွားသန့်စင်ခဲ့သည်။ ဓနလင်္ဂ၏ နောက်ဆုံး အံသာမြတ်သော နဝင်းစီးနင်းခွိန် မွေးဖွားခဲ့သည့်အတွက် ထွန်းပေါက်တိုးတက် ကြီးပွားမည့် ဇာတာရှင်ဖြစ်နေပေသည်။ ရာသီခြားသော်ငြားလည်း ဒီဂရီနီးကပ်စွာ ပူးယှဉ်နေသည့် တနင်္ဂနွေနှင့် ဗုဒ္ဓဟူးကြိုးပ်နစ်လုံးကြောင့် ပထမတန်းစား ရာဇယုဂ်ရရှိပြီး တိုင်းပြည်လွတ်လပ်ရေးအတွက် နိုင်ငံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာမှ တပ်မတော်ဘက် တိုက်ခိုက်ရေးတာဝန်များ ထမ်းရွက်ရန် ကံကြမ္မာမှ ဖန်တီးပေးခဲ့သည်။ စစ်ဖက်အဖွဲ့အစည်း ဘာသခင် တနင်္လာကြိုးပ် မရဏဘာဝတွင် ဝဂ္ဂတ္တမမြတ်သော နဝင်းစီးနင်းရပ်တည်မှုကြောင့် ကောင်းကျိုးပြုပြီး ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဆင့်အတန်းထိ ရောက်ရှိ ကြီးပွားခဲ့ရပေသည်။ လွတ်လပ်ပြီးစ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တပ်မတော်သို့ ဗိုလ်မှူးကြီးအဆင့်ဖြင့် ပြောင်းရွှေ့တာဝန်ထမ်းရွက်ခွင့်ရရှိခဲ့ပေရာ ကောင်းကင်ရှိ ကောဇာကြာသပတေးမှ ဓနလင်္ဂပေါ်သို့ ဒီဂရီ နီးကပ်စွာ စီးနင်းနေခြိန်ဖြစ်ပေသည်။ သို့သော် မကြာမီ ငွန်လအတွင်း ကောဇာ ကြာသပတေးကြိုးပ် မကာရရာသီ၌ နှစ်ဖြစ်နေစဉ် ဒုတိယ ဗိုလ်မှူးကြီးအဆင့်သို့ ပြန်လည်လျှောချခြင်း ခံခဲ့ရပါသည်။



ဗိုလ်မှူးချုပ် အောင်ကြီး၏ ဇာတာခွင်

ဇာတာ၌ အဂိါနှင့် သောကြာကြိုးပ်များ ဒီဂရီ နီးကပ်စွာ ပူးယှဉ်နေခြင်းမှာလည်း ငွေကြေး၊ လာဘ်လာဘ၊ စီးပွားက်ကောင်းမွန်မည့် ဇာတာရှင်ဖြစ်ပြီး နေ့စဉ် ဝင်ငွေကောင်းမွန်သည့် လုပ်ငန်းကြီးများ ဆောင်ရွက်ရန် ဖော်ပြနေပေသည်။ သို့အတွက်ကြောင့် ဗိုလ်မှူးချုပ် အောင်ကြီးသည် တပ်မတော်မှ နှုတ်ထွက်ပြီးသည့်နောက် အောင်ကြီးကိတ်မှန်များ ထုတ်လုပ်ဖြန့်ချိရောင်းချရာ ကြီးမားသည့် အောင်မြင်မှုများ ရရှိခဲ့ပေသည်။ စနေကြိုးပ် မရဏဘာဝ၌ ရပ်တည်နေမှုကြောင့် သက်တောင့်သက်သာ ဆောင်ရွက်ရသော လုပ်ငန်းထက် သက်စွန့်ဆင်းရဲများ ပင်ပင်ပန်းပန်းလုပ်ဆောင်ရသော လုပ်ငန်းမျိုးသာ အကျိုးပေးသည်။ ကြာသပတေးကြိုးပ် အာရိဘာဝတည်ရှိနေမှုကြောင့် ခေါင်းမာပြီး အများနှင့် အသွင်မတူသည့် ဆန်းကျယ်ဘက် ရှုထောင့်အမြင်မှ တွေးခေါ်ဆုံးဖြတ် ဆောင်ရွက်လုပ်ကိုင်တတ်သူမျိုးဖြစ်သည်။ ထိုကြိုးပ်၏ အနေသည့်မှုကြောင့် ရရှိထားသော ရာထူးဩဇာအာဏာလက်ထဲတွင် မတည်မြဲခြင်း၊ ရုန်းလေးလုံးကာလတွင်လည်း အာဏာရအစိုးရအဖွဲ့အစည်း၏ ဆန့်ကျင်

www.burmeseclassic.com

အက်နေရာတွင် ရပ်တည်ပြီး နိုင်ငံရေး၊ အုပ်ချုပ်ရေးဩဇာအာဏာ တစ်ဖန် ပြန်လည်ရယူနိုင်ရန် ကြိုးစားသော်လည်း အောင်မြင်မှုများ မရရှိနိုင်ခဲ့ပေ။

တပ်မတော်၌ တာဝန်ထမ်းရွက်စဉ် တစ်နယ်တည်းသား မဆလခေတ်အကြီးအကဲဖြစ်လာမည့် ဗိုလ်ချုပ်ကြီး နေဝင်း၏ ယုံကြည်စိတ်ချမှုကြောင့် အနာဂတ် သူ ထမ်းရွက်နေသော ကာကွယ်ရေးဦးစီးချုပ်တာဝန်ပေးအပ်ရန် ရည်ရွယ်ပြီး ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရာထူးတာဝန်အထိ အဆင့်ဆင့်တိုးမြှင့်ပေးခဲ့သည်။ သို့သော် ဆိုရှယ်လစ်စနစ် အပေါ် အယုံအကြည်မရှိသော အကြောင်းပြချက်ဖြင့် အမြင့်ရောက်လုလု ရာထူးတာဝန်မှ မိမိဆန္ဒသဘောအလျောက် စွန့်ထွက်စာတင်ခဲ့သည်။ ထိုသို့သော အခြေအနေများထိ ရောက်ရှိရန် ကြာသပတေးဂြိုဟ်၏ ဆန့်ကျင်ဖက် စိတ်ဆန္ဒ သဘောထားများမှ သူ့အပေါ် လွှမ်းခြုံထားသည်။

ငယ်ရွယ်စဉ် တွေ့မြင်ရသော ဗိုလ်မှူးချုပ် အောင်ကြီး

တပ်မတော်အတွင်း တာဝန်ထမ်းဆောင်စဉ် ၁၉၅၃၊ မေလတွင် ဗိုလ်မှူးကြီး ရာထူးသို့ ပြန်လည်တိုးမြှင့်ခြင်း ခံခဲ့ရပြီး ကောဇာ ကြာသပတေးဂြိုဟ်မှ ဆယ်တန်ဘဝအမြင့်ရှိခြင်း ကောဇာ တနင်္ဂနွေနှင့် ဗုဒ္ဓဟူးဂြိုဟ်များ မိဿရာသီ၌ အားကောင်းစွာ ရပ်တည်ခြင်းတွင် ရာထူးအတွက် ကံကောင်းမှုများ တွေ့ကြုံခဲ့သည်။ ၁၉၅၉၊ ဧပြီလတွင် ကောဇာ တနင်္ဂနွေနှင့် ဗုဒ္ဓဟူးဂြိုဟ်များ မိန်ရာသီ၌ တည်ရှိခြင်း ဗိုလ်မှူးချုပ် ရာထူးတိုးမြှင့်ခြင်းခံခဲ့ရပြီး ဗိုလ်ချုပ်ကြီး နေဝင်း၏ အိမ်စောင့်အစိုးရနှင့် တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် တိုင်းပြည်၏ ဒုတိယထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်လာခဲ့သည်။ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ကျောင်းသားအရေးအခင်းကာလတွင် သမိုင်းဝင် ကျောင်းသားသမဂ္ဂအဆောက်အအုံအား မိုင်းဖြင့် ဖောက်ခွဲ ဖျက်ဆီးခဲ့ရာတွင် တာဝန်ရှိသူအဖြစ် စွပ်စွဲသတ်မှတ်ခံရမှုကြောင့် ရာထူးတာဝန်မှ နုတ်ထွက်သွားခဲ့ပါသည်။ ၁၉၆၃၊ မတ်လတွင် တပ်မတော်မှ နုတ်ထွက်ခွင့်ပြုခဲ့ရာ ကောဇာအဂ်ီနှင့် ရာဟုဂြိုဟ်များ မရဏဘာဝသို့ ရောက်ရှိနေချိန်ဖြစ်ပေသည်။ သူဘဝအတွက် အဂ်ီနှင့် ပြောသော နဝင်းစီနင်းထားသည့် ရာဟုဇာတာများ ကောင်းကျိုးပေးခဲ့ပြီး ရာဟု ထူလ ကြာသပတေး အန္တရဒသာကာလတွင် ရွှေထီးဆောင်းရမည့်ကိန်းမှ လွဲချော်စေခဲ့သည်။ ကြာသပတေးဂြိုဟ် အချုပ်အနောင်ခံရကိန်း နေရာဌာန်တွင် ရှိနေသည့်အတွက် အင်းစိန်အကျဉ်းထောင်၌ အကြိမ်ကြိမ် ထိန်းသိမ်းမှု ခံခဲ့ရသော ဗိုလ်ချုပ်ဟောင်းတစ်ဦး ဖြစ်သည်။ ၁၉၈၈ အရေးအခင်းကာလများတွင်လည်း ပြည်သူ့ထောက်ခံမှု ရရှိခဲ့သော ဗိုလ်ချုပ် အောင်ကြီးအဖြစ် ထင်ရှား ကျော်ကြားလာသော်လည်း ကံကြမ္မာမှ သူ့အား တစ်ဖန်ပြန်လည်၍ ရာဇပလ္လင်ထက်သို့ ပို့ဆောင်မပေးတော့ပေ။ တိုအချိန်ကာလ၌ ရာဇယုဂ်ရရှိထားသော ဂြိုဟ်ကာလများ မဟုတ်သည့်အတွက် သူ့ဇာတာရှိ ဂြိုဟ်ရပ်တည်မှုများကို ကျော်လွန်ပြီး တိုင်းပြည်၏ ထိပ်တန်းနေရာသို့ မရောက်ရှိနိုင်ခဲ့ပေ။ သူ ဖြစ်လိုသော တိုင်းပြည်၏ ကံကြမ္မာမှာလည်း မိုးနဲ့

www.burmeseclassic.com

မြေ ဆီနဲ့ ရေကဲ့သို့ လွဲချော်ခဲ့ရပေသည်။ အသက် (၉၄)နှစ်အရွယ်ထိ အသက်ရှည်စွာ နေထိုင်ခဲ့ရသော ဇာတာရှင်ဖြစ်ပြီး မရဏဘာဝ တည်ရှိနေသော စနေဂြိုဟ်ဒဿာအဆုံးဌ္ဌ ဘဝကို ချုပ်ငြိမ်းစေခဲ့ပေသည်။

အသက်ကြီးပိုင်း၌ တွေ့မြင်ရသော
ဗိုလ်မှူးချုပ် အောင်ကြီး

ရွှေထီးမဆောင်းခဲ့ရသော ဗိုလ်ချုပ်တစ်ဦး "ဗိုလ်မှူးချုပ် အောင်ကြီး"အပေါ် သူ၏ အနာဂတ်ဘဝ၊ သူ၏ ရာထူးတာဝန်များဖြင့် လဲလှယ်ပြီး တစ်နယ်တည်းသား သံယောဇဉ်ကြီးမားလှသော ဗိုလ်ချုပ်ကြီး နေဝင်းထံသို့ မြန်မာပြည်နှင့် ဆိုရှယ်လစ် အယူဝါဒ မအပ်စပ်ပုံများအား အားမနာတမ်း ရဲရဲဝံ့ဝံ့တင်ပြပြီး ကိုယ် ယုံကြည်မှုမရှိသော ခေတ်စနစ်တစ်ခုအောက်တွင် မွန်းကျပ်စွာဖြင့် တိုင်းပြည်၏ ကြီးလေးသော ရာထူးတာဝန်များကို မထမ်းဆောင်လိုသည့် သံမဏိစိတ်ဓာတ်ပိုင်ရှင်တစ်ဦး အဖြစ် တွေ့မြင်ရပါသည်။ အမြဲတမ်းလည်း မဆလပါတီ၏ အားနည်းချက်များအပေါ် အကြံပေးစာများ ရေးသား၍ ထောင်သွင်း အကျဉ်းကျခံခဲ့ရသည်အထိ စွန့်လွှတ် စွန့်စားခဲ့ရသော တပ်မတော်သားဟောင်းတစ်ဦးဖြစ်ပေသည်။ သူလက်မခံနိုင်သည့် ဆိုရှယ်လစ်စနစ်မှာလည်း မြန်မာပြည်အတွက် အမှန်တကယ် အသုံးမတည့်နိုင်သည့် အခြေအနေကို ရှစ်လေးလုံးအရေးအခင်းကြီးပေါ်ပေါက်မှသာ တိုင်းပြည်ခေါင်းဆောင်များမှ မျက်ဝါးထင်ထင် သိရှိလာခဲ့ပေရာ တိုင်းပြည်အတွက် များစွာနစ်နာခဲ့ရပေသည်။ သို့ဖြစ်၍ မြန်မာ့တပ်မတော်သမိုင်းတွင် ကိုယ့်ရာထူးတာဝန်ထက် ကိုယ့်ယုံကြည်ယူဆချက်ကို ရဲဝံ့ပြတ်သားစွာ လဲလှယ်ဝံ့သည့် ဗိုလ်ချုပ်တစ်ဦးရှိခဲ့ဖူးသည်ကိုတော့ တပ်မတော်သားများ ဘယ်တော့မှ မေ့ပျောက်နိုင်ကြလိမ့်မည် မဟုတ်ပေ။ "ဗိုလ်မှူးချုပ် အောင်ကြီး"အနေဖြင့် ရွှေထီးမဆောင်းခဲ့ရသော်ငြားလည်း တပ်မတော်သမိုင်းမှတ်တမ်း၌ ထူးခြားလွန်းသော ဗိုလ်ချုပ်တစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့သည့် သူရဲကောင်းတစ်ဦးဖြစ်ပါကြောင်း... ■

ဦးဇေယျာကို (အမှုဆောင်အရာရှိချုပ်)
မြန်မာနိုင်ငံနက္ခတ်သိပ္ပံအဖွဲ့
၀၉ ၅၃ ၉၃၄၄၃

*****

www.burmeseclassic.com

www.burmeseclassic.com

ဘဝပုဏ္ဏားဒေဖြရှာကာလာ

● တက္ကသိုလ်စိုးမိုးနိုင်

ဖွေးဖွေး (ခ) အိဖြူဖွေး

ဝတ်ထိုးကန်မြို့၊ အမှတ်(၅၉၇)၊ ပွဲစားလမ်း၊ မြည်မြိုနှယ်၊ ပဲခူးတိုင်း။

မေး။ ။ ကံကောင်းခြင်းလက်ဆောင် ယကြာတစ်ခု လိုချင်ပါသည်။ (အထူးသဖြင့် ငွေကြေးကံကောင်းချင်သည်။)

ဖြေ။ ။ ဖွေးဖွေးသည် တရုတ်ဝေဒဗေဒင်ပညာရပ်အရ နွား(သစ်သား)နှစ်ဖွားဇာတာရှင်ဖြစ်သည်။ အနောက်တိုင်းဗေဒင်ပညာရပ်အရ ပြိဿရာသီဖွား(taurus)ဖြစ်၏။ ဂဏန်းဗေဒင်ပညာရပ်အရ (၅)ဂဏန်းသမားဖြစ်သည်။

ထို့ကြောင့် ဖွေးဖွေးသည် စိတ်ဓောတ်အင်အားကောင်းမွန်သူ၊ မှတ်ဉာဏ်ကောင်းသူ၊ မိမိ·မိသားစုအပေါ် သစ္စာရှိပြီး အနစ်နာခံ ဆောင်ရွက်တတ်သူဖြစ်သည်။

ဖွေးဖွေးသည် နာမ်ပိုင်း အားကောင်းသူဖြစ်သဖြင့် စိတ်ကူးဉာဏ် ကွန့်ပြူးပြီး လုပ်ငန်းဆောင်တာတို့တွင် တီထွင်ဆန်းသစ်မှုကြောင့် ဘဝအောင်မြင်မှုများ ရရှိစေပါလိမ့်မည်။ သည်းခံနိုင်စွမ်းရှိခြင်းနှင့် စိတ်ဆုံးဖြတ်ချက် ခိုင်မာခြင်းတို့က ဖွေးဖွေးကို အောင်မြင်မှုလမ်းကြောင်းပေါ်သို့ တွန်းပို့ပေးပါလိမ့်မည်။

ဖွေးဖွေး၏ အားနည်းချက်မှာ တစ်ခါတစ်ရံ စိတ်မြန်ပြီး ရှူးရှူးဒိုင်းဒိုင်းပြောဆိုတတ်ခြင်းပင် ဖြစ်သည်။

ဖွေးဖွေး၏ အားသာချက်မှာ ဘဝက ပေးအပ်လာသော အပြောင်းအလဲနှင့် အတွေ့အကြုံသစ်တို့ကို ရဲရဲရင့်ရင့် ရင်ဆိုင်ရဲခြင်းဖြစ်သည်။

ဖွေးဖွေးသည် လုပ်ငန်းနယ်ပယ်တွင် ဦးဆောင်လုပ်ကိုင်နိုင်သော အရည်အချင်းကောင်းများ ရှိသည်။ အချစ်ရေးတွင် သံလိုက်ဓာတ်ကဲ့သို့ ဆွဲဆောင်နိုင်စွမ်းရှိလှုပ် ဖြစ်သည်။

ဖွေးဖွေးအနေဖြင့် အဓိက ရှောင်ကြဉ်ရမည့်အချက်မှာ အောင်မြင်မှုကို ဖြတ်လမ်းမှလိုက်ပြီး တစ်ချီတည်း အပွဲကြီးကာ လောင်းကစားမှု ပြုလုပ်ခြင်းပင် ဖြစ်သည်။ ငါးစာကိုသာ မြင်ပြီး ငါးမြှားချိတ်ကို မမြင်သောငါးသည် အန္တရာယ်ကြီးလှသဖြင့် ဖွေးဖွေးအနေဖြင့် လောင်းကစားမှုများကို အထူးပင် ရှောင်ကြဉ်သင့်ပါသည်။

ဖွေးဖွေးအတွက် အကျိုးပေးသော ဂဏန်းနံပါတ်မှာ (၁၊ ၅၊ ၃)ဖြစ်သည်။ တနင်္ဂနွေသမီး အိဖွေးပြူ (ခေါ်) ဖွေးဖွေးအတွက် ကံကောင်းခြင်းလက်ဆောင် ယကြာမှာ ကံကောင်းချင်သူ ဖွေးဖွေးအနေဖြင့် ကံတရား၏ သဘောတရားများကို သိထားရန် လိုအပ်ပါသည်။

သံသရာခရီးသည် သတ္တဝါတိုင်းမှာ အတိတ်ဘဝများက မိမိတို့ ပြုလုပ်ခဲ့သော ကုသိုလ်ကံများ မြောက်များစွာ

www.burmeseclassic.com

ရှိသကဲ့သို့ အကုသိုလ်ကံများသည်လည်း အသစ်သော အနှစ်ရောတွက်လို့ မကုန်နိုင်လောက်အောင်ပင် ရှိခဲ့ကြသည်။ ထို့ကြောင့် ဆုတ်ကပ် ဝိပတ္တိကာလမှာ အကုသိုလ်ကံများ အသာစီးရပြီး ကုသိုလ်ကံများထက် အကျိုးပေးနှောင့်ရှဲ့၍ ကုသိုလ်ကံများမှာ အကျိုးပေး မဖွဲ့ပြိုးနိုင်ဘဲ ပေးပို့နှံ့မြဲဖြစ်နေသည်။ ထို့ကြောင့် ဝိဝိတို့ အတိတ်ကုသိုလ်ကံများ ပွဲ့ပြိုးတိုးတက်ကြီးပွားလာစေရန်(သစ်ပင်များအား ရေလောင်းပေးရသကဲ့သို့) ကုသိုလ်အမျိုးမျိုးကို ပြုလုပ်ရလေသည်။

ထို့ကြောင့် ဖွေးဖွေးအနေဖြင့် ဝိဝိတ် သံသရာခရီးမှာ ပြုလုပ်ခဲ့ဖူးသော ကုသိုလ်ကံများ၏ အကျိုးဆက်ကို ရရှိခံစား စံစားစေနိုင်ရန် သီလမြဲအောင် နေထိုင်ပါ။ အောက်ပါ "တနင်္ဂနွေနေ့မွေး ဘုရားများ"ကို နေ့စဉ် ရှိခိုးပါ။ ဝိဝိတတ်နိုင်သရွေ့ ဒါနကောင်းမှုများကို ပြုလုပ်ပေးပါ။

တနင်္ဂနွေနေ့မွေး ဘုရား

(၁) မေဓင်္ကရာဘုရား။
(၂) သောဘိတဘုရား။
(၃) ဝိယဒေသီဘုရား။
(၄) သိခီဘုရား။

ဘုရားလေးဆူရှိခိုးဂါထာ

မေဓင်္ကရာ သောဘိတောစ
ဝိယဒေသီ သိခီ ဇိနော။
ရတိဂါရေ အဘိဟတာ
တေနမသဿာမိ သာဒရံ။

ဆုတောင်းဂါထာ

နတ္ထေနာနေန ကမ္မေန
ဝိနဿတု ပေါရာဏကံ
စတုန္နံ ပုဒ္ဓတေဇေန
သဒါ သုခီ ဘဝန္တု မေ။

အထက်ပါ "တနင်္ဂနွေနေ့မွေး ဘုရားလေးဆူ ရှိခိုးဂါထာ"ကို ထက်သန်သော စေတနာသဒ္ဓါတရားဖြင့် ရွတ်ဆိုပူးများခြင်းဖြင့် ဖွေးဖွေးအနေဖြင့် ကောင်းကံများ ဆင့်လာပါလိမ့်မည်။

ကိုကောင်းကြီး (ခ) ကိုခင်ဇော်ဦး
အမှတ်(၅၉၇)၊ ပွဲစားလမ်း၊ ပြည်ပြိုနယ်၊ ပဲခူးတိုင်း။

မေး ။ ကျန်းမာရေးကောင်းမွန်စေရန် ယတြာကို ပေးပါ။

ဖြေ။ ။ ကိုကောင်းကြီးသည် တရုတ်ဝေဒဗေဒင်ပညာရပ်အရ ကြွက်(သစ်သား)နှစ်ဖွား ဇာတာရှင်ဖြစ်သည်။ ဂဏန်းဗေဒင်ပညာရပ်အရ (၆)ဂဏန်းသမားဖြစ်သည်။ အနောတတိုင်းဗေဒင်ပညာရပ်အရ သိဟ်ရာသီဖွား(Leo)ဖြစ်၏။

ထို့ကြောင့် ပွင့်လင်းဖော်ရွေသူ၊ အပေါင်းအသင်းများကြားတွင် ပေါ်ပြူလာစေဖြစ်သူဖြစ်သည်။

ကိုကောင်းကြီး၏ အားသာချက်မှာ ဖြတ်ထိုးဉာဏ်ကောင်းပြီး လုပ်သင့်လုပ်ထိုက်သည်များကို လက်မနေးဘဲ လုပ်ကိုင်ဆောင်ရွက်တတ်ခြင်းပင် ဖြစ်ပါသည်။ ဘဝတို့အားခံချွန်ရှိအောင် လုံ့ဆြိုးစွာ စုဆောင်းသိမ်းဆည်းတတ်သူ၊ အခွင့်ကောင်းများကို အမိအရ ရယူတတ်သူလည်းဖြစ်သည်။ ကိုကောင်းကြီးသည် ခရီးသွားလာမှုကို အပြတ်မြတ်နိုးပြီး ခရီးသွားလာရန် စိတ်ကူးနေတတ်သူဖြစ်သည်။

သွေးတိုးရောဂါအခြေခံရှိသူ ကိုကောင်းကြီးအတွက် သက်ရှည်ကျန်းမာစေရန် နည်းလမ်းကောင်းများနှင့် ကျန်းမာရေးယတြာမှာ သွေးတိုးရောဂါရှိသူ ကိုကောင်းကြီးအနေဖြင့် သွေးတိုးရောဂါနှင့် ပတ်သက်သော ဗဟုသုတများ ရှိထားရန် လိုအပ်ပါသည်။ သို့မှသာ ဆောင်သင့်သည်ကို ဆောင်ပြီး ရှောင်သင့်သည်ကို ရှောင်နိုင်ပါလိမ့်မည်။

သွေးတိုးရောဂါသည် မျိုးရိုးလိုက်သော ရောဂါအမျိုးအစားဖြစ်သည်။ သွေးတိုးဟူသည် သွေးကြောထဲမှာ ရှိသည့် ဖိအားများခြင်းပင် ဖြစ်သည်။ သွေးတိုးလျှင် ခေါင်းကိုက်ခြင်း၊ ခေါင်းဖန်ခြင်း။ မူးဝေခြင်း။ ဂက်ကြောတက်ခြင်း။ ဂက်ကြောထိုးခြင်း။ ပျို့ခြင်း။ မျက်လုံးအစ်ခြင်း။ မျက်ရိုးကိုက်ခြင်း၊ ရင်တုန်ခြင်း။ ဖောခြင်း။ အသက်ရှူမဝခြင်း။ စိတ်မတည်ငြိမ်ခြင်းတို့ ခံစားရတတ်ပါသည်။

သွေးတိုးနေသော်လည်း ရောဂါဝေနာ မခံစားရသူလည်း အများအပြားရှိတတ်ပါသည်။ လေ့ကြတ်မှ သွေးတိုးမှန်း သိသူများလည်း ရှိတတ်ပါသည်။ သွေးတိုးရောဂါလက္ခဏာများသည် တစ်ဦးနှင့် တစ်ဦး မတူညီနိုင်ပါ။

သွေးတိုးဖြစ်လျှင် နောက်ဆက်တွဲ ဖြစ်နိုင်သော ရောဂါများမှာ နလုံး၊ ကျောက်ကပ်၊ ဦးနောက်နှင့် မျက်စိဆိုင်ရာ ရောဂါများဖြစ်ပါသည်။

နလုံးထိခိုက်သောအခါ နလုံးကြီးခြင်း။ နလုံးသွေးကြောကျဉ်းခြင်း။ ဦးနောက်ထိခိုက်လျှင် ဦးနောက်သွေးကြောပိတ်ခြင်း။ ဦးနောက်သွေးကြောပေါက်ခြင်း။ ဦးနောက် သွေးကြောပေါက်ခြင်း။ ဦးနောက်သွေးယိုခြင်း။ လေဖြတ်ခြင်း ဖြစ်သည်။ သတိလစ်၍ အသက်ဆုံး[illegible]နိုင်သည်။

www.burmeseclassic.com

သွေးတိုးကြောင့် ကျောက်ကပ်ရောင်ခြင်း ဖြစ်နိုင်သည်။ မျက်စိသွေးကြောပေါက်ပြီး မျက်မမြင်ဘဝကို ရောက်ဆောတ်သည်။

၁။ သွားနှင့် ခံတွင်းကျန်းမာရေးကို ဂရုစိုက်ပါ။

သွားနှင့် ခံတွင်း မကျန်းမာမှုကြောင့် ဖြစ်ပွားတတ်သော နောက်ဆက်တွဲ ရောဂါများကတော့ -

(၁) နလုံးရောဂါ

(၂) ဆီးချို သွေးချိုရောဂါ

(၃) အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ

(၄) ခံတွင်းကင်ဆာတို့ ဖြစ်ပါသည်။

၂။ ပန်းသီး၊ ကြက်သွန်ဖြူ၊ မုန်လာဥနီ၊ ဂေါ်ဖီထုပ်၊ ကြာဥတို့ကို စားသုံးပေးပါ။

သွေးတိုးရောဂါအခြေခံရှိသူများအနေဖြင့် နောက်ဆက်တွဲ ကျောက်ကပ်ရောဂါလည်း ဝင်လာတတ်သည်။ ထို့ကြောင့် မိမိ၏ ကျောက်ကပ်ကို ကျန်းမာနေစေရန် ပန်းသီး၊ ကြက်သွန်ဖြူ၊ မုန်လာဥနီ၊ ဂေါ်ဖီထုပ်၊ ကြက်ဥတို့ကို စားသုံးသင့်ပေသည်။

ကိုကောင်းကြီးအတွက် ကျန်းမာရေးယတြာမှာ အကောင်းမြင် အပြုတွေးစိတ်ကို မွေးပြီး စိုးရိမ်စိတ်ကို လျော့ချပါ။ သီလမဲ့အောင် နေထိုင်ပါ။ အထူးသဖြင့် အရက်၊ ဘီယာနှင့် ဆေးလိပ်သောက်သုံးမှုကို အထူးရှောင်ရှားပါ။

မိမိ၏ ကျန်းမာရေးကောင်းတာထက် ပိုမိုကောင်းမွန်စေရန် အဓိဋ္ဌာန်ပုဂ္ဂိုလ်ခြင်း၊ တရားထိုင်ခြင်း၊ တရားနာခြင်း၊ တရားစာအုပ်ဖတ်ခြင်းတို့ကို ပြုလုပ်ပေးပါ။

ထို့အပြင် ဟောရွှင်သုတ်တော်ကို ရွတ်ဆိုပွားပြီး မြန်မာပြန် အနက်အဓိပ္ပာယ်ကို ဆင်ခြင်ပါ။ အထက်ပါ အချက်များကို လိုက်နာပါက ကိုကောင်းကြီးအနေဖြင့် သွေးတိုးရောဂါကင်းဝေးပြီး သက်ရှည်ကျန်းမာ ချမ်းသာပေလိမ့်မည်။

ထက္ကသိုလ် စိုးမိုးနိုင်

*****

ဆု တောင်း ပြည့်

ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ဖလိတပညာရှင် - မဟာဂန္ဓရိဗေဒင် လက္ခဏာသုတေသီ

ဆရာကြီး - အောင်ဘုန်းမြင့် (ကချင်မြို့)

ကလောင်စွဲ - ကာလီခါ့စ်(မြန်မာပြည်)

- ယတြာ ဓာတ်ရိုက်ဓာတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရှေ့ဆောင်လမ်းညွှန်အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီမှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

ဖုန်း ☎ - ၀၁-၅၄၀၇၂၀၊ စုံစမ်းရေး 📱 - ၀၉-၃၁၀၂၂၈၁၆၊ ၀၉-၂၅၀၃၆၁၅၄

www.burmeseclassic.com

ဂျွီရဆန်းကြယ်မဂ္ဂဇင်း၏ လက်ဆောင်မွန်
ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒဿနနဲ့ မှန်ကန်တဲ့ အသိတရားရှိဖို့လိုပါတယ်။ ရေလိုက်လွှဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးထဲမှာ မောပန်းလမ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။

ဒါ့ကြောင့် . . . ဒဿနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒင်ပညာ၊ တိုင်းရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ။

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွန်းရှိပါသည်။

A = ဒီနှစ်ထဲမှာ ကံကောင်းမလား။

B = ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယကြာတစ်ခု လိုချင်ပါသည်။

C = ကျန်းမာရေးဓာတ်စာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)

D = ကျန်းမာရေးကောင်းစေရန် ယကြာကိုပေးပါ။

E = အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။ (ချစ်သူ၏ မွေးနေ့၊ရက်၊လ၊ ခုနှစ်၊ မွေးဒေသနှင့် လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)

F = ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့၊ရက်၊လ၊ခုနှစ်၊အချိန်၊ မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လိုပါသည်။

G = အပ်စပ်သော အဓိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမည် ။ ။ _____

မွေးခုနှစ်၊လ၊ရက် ။ ။ _____

နေရပ်လိပ်စာ ။ ။ _____

_____

_____

မိမိမေးလိုသည့် ။ ။ _____

မေးခွန်းအကြောင်းအရာ _____

သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကို အမှန်(✓)ခြစ်၍ ဖော်ပြပါ။

A ( ) B ( ) C ( ) D ( ) E ( ) F ( ) G ( )

ဤပုံစံတွင်ဖြည့်စွက်၍ဖြတ်ပြီးလျှင်အောက်ပါလိပ်စာသို့ပို့လိုက် ပါ၊လ၊(သို့မဟုတ်)

ဤပုံစံအတိုင်းမိမိလက်ရေးဖြင့်လည်းပေးပို့လို့ရပါတယ်၊

ဂျွီရဆန်းကြယ်မဂ္ဂဇင်း

ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမှတ်-၁၇၉(ဒုတိယထပ်/ဝ)၊၃၁-လမ်း၊(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၃၇၄၄၈၅

www.burmeseclassic.com



မန်းတခိုင်

နှောင်လတ်

ကျွန်ုပ်သည် မိတ်ဆွေတစ်ဦး၏ ဖိတ်ခေါ်မှုဖြင့် တောင်ခြေရွာကလေး သို့ ရောက်ခဲ့ဖူးသည်။ တောင်ခြေရွာနှင့် မနီးမဝေး တောင်ကုန်းပြင့်လေးပေါ်ရှိ ဆရာတော် ဘဒ္ဒန္တသောဘိတ၏ သာသနာ့ရဂ္ဂိတဘုန်းတော်ကြီးကျောင်း သို့ ရောက်ခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သာသနာ့ရက္ခိတဘုန်းတော်ကြီး ကျောင်း၏ ဒုတိယဦးစီးပဓာန နာယက ဆရာတော်ထံမှ သီလယူပြီး ဥပုသ် စောင့်ခဲ့ဖူးသည်။ ထိုဘုန်းတော်ကြီး ကျောင်းအနီးရှိ "ရွှေစေတီ"ကို ကြည်ညို ရိုသေစွာ ဖူးမြော် ကန်တော့ခဲ့ဖူးသည်။

"ရွှေစေတီ"ဟူသော ဆိုင်းဘုတ် ကြီးထူထားပြီး ရွှေရောင်တဝင်းဝင်းဖြင့် ရွှေသင်္ကန်းကပ်လှူ ပူဇော်ထားသည့် ကိုးတောင်ပြည့် စေတီတော်နှင့် ပတ်သက်သည့် "ရွှေစေတီဇာတ်လမ်း"ကို လည်း ဆရာတော် ဘဒ္ဒန္တ သောဘိတ ထံမှ ကျေးဇူး ကြီးနာခဲ့ရဖူးပါသည်။

◈◈◈

တောင်ခြေရွာကလေးတွင် လွန်စွာ ချစ်ခင်ရင်နှီးကြသော ငယ်သူငယ်ချင်းနှစ်ယောက်ရှိသည်။ စိုးအောင်နှင့် မောင်မြိုင်ဟု ခေါ်၏။ စိုးအောင်နှင့် မောင်မြိုင်မှာ အရက်သမားများဖြစ်သည်။

အရွယ်ရောက်ကြသောအခါ စိုးအောင်က ထန်းပင်ကုန်းရွာသူ မခင်ဖြူနှင့် အိမ်ထောင်ကျသည်။ အိမ်ထောင်သက်ကြာသည့်တိုင် သားသမီး မရကြ။ အသောက်လျော့သည်မှာတော့ ကြာပြီ၊ မောင်မြိုင်ကတော့ အသောက် မလျော့။ မကောင်းမှု ဒုစရိုက်လုပ်တာ မလျော့။

"သူငယ်ချင်း...မင်း အသောက် လျှော့က်တော့"

"အေးပါကွာ"

"မကောင်းမှုတွေလည်း မလုပ်နဲ့တော့"

"အေးပါကွာ"

အေးပါကွာဟု ဆိုသော်လည်း မောင်မြိုင် ဘာမျှမလျော့၊ ဇနီး မကျော့နှင့် သားသမီးလေးယောက်ရသည့်တိုင် မလျော့။

တစ်ညတွင် စိုးအောင်နှင့် မောင်မြိုင် တစ်အိမ်စီ၊ တစ်မိသားစုစီ နေသော်လည်း ပြိုင်တူ အိပ်မက်မက်ကြသည်။ ပြိုင်တူဟု ပြောခြင်းမှာ အိပ်မက်တစ်မျိုးတည်းကို နှစ်ယောက် ထပ်တူမက်ခြင်းကြောင့်ဖြစ်သည်။

အိပ်မက်ထဲ၌ ဝတ်ဖြူစင်ကြယ် ထက်ထားသော ဖြူဖြူဝေ ထောင်ထောင် မောင်းမောင်း ပုဂ္ဂိုလ်ကြီးက သူတို့ကို နှိုးပြီးပြောသည်။

"ထ...ထ"

သူတို့က အိပ်ရာမှ ထကြသည်။

"သာသနာ့ရက္ခိတကျောင်းနားက စေတီတော်အပျက်ကို သိတယ်မဟုတ်လား။ မင်းတို့သူငယ်ချင်းနှစ်ယောက် အဲဒီ စေတီတော်အပျက်ကို ဖြို။ ဖြိုဆိုတာက ဖျက်ဆီးခိုင်းတာ မဟုတ်ဘူး။ ဖျက်ဆီးပစ်ဖို့ မဟုတ်ဘူး။ ဖြိုရင် ရွှေဒင်္ဂါးတွေ၊ ငွေဒင်္ဂါးတွေနဲ့ ရွှေသားအစစ်နဲ့ ထုဆစ် ပူဇော်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော် ဆင်းတုတော်တွေကို တွေ့မယ်။ ရွှေဒင်္ဂါးတွေနဲ့ ငွေဒင်္ဂါးတွေကို သုံးပုံစီ ပုံပြီး တစ်ပုံစီ မင်းတို့ ယူကြ၊ စားကြ၊ လှူကြ။ ကျန်တဲ့ တစ်ပုံကို စေတီတော် ပြန်တည်။ ရွှေဆင်းတုတော်တွေကို မယူနဲ့။ အားလုံး စေတီတော်မှာ ဌာပနာပြန်ထည့်"

မိုးစင်စင်လင်းသည်နှင့် စိုးအောင်က မောင်မြိုင်ဆီ လာသည်။ မောင်မြိုင်ကလည်း စိုးအောင်ဆီ လာသည်။ လင်းခဲ့ တွေ့သည်နှင့် အိပ်မက်အကြောင်း ပြောကြသည်။

အိပ်မက်က ထပ်တူဖြစ်နေ၍ စေတီတော်အပျက်ကို ဖြိုပြီး အသစ် ပြန်တည်ရန် ဆုံးဖြတ်ခဲ့ကြသည်။

စင်စစ် စိုးအောင်က ထိုဆုံးဖြတ်ချက်ကို ခိုင်မာစွာ ဆုံးဖြတ်ခြင်းဖြစ်သည်။ မောင်မြိုင်က ဆုံးဖြတ်ချက် မခိုင်။

စေတီအပျက်ကို ဖြိုလျှင် တွေ့ရမည့် ရွှေဒင်္ဂါးများ၊ ငွေဒင်္ဂါးများကိုသာ ပိုင်ဆိုင်လိုသောကြောင့် စေတီတော် အပျက်ကို ဖြိုပြီး အသစ်တည်မည်ဟု တက်ကြွစွာပြောသည့် စိုးအောင်၏ စကားအဆုံးတွင် သဘောတူသည်ဟု ပြောခဲ့ခြင်းဖြစ်သည်။

◈◈◈

"ရွှေ...ရွှေ...ရွှေဒင်္ဂါးတွေ"

"ဒီမှာ ငွေဒင်္ဂါးတွေ"

"ဟာ...ရွှေဆင်းတုတော်တွေ"

ဘွဲ့တော်မသိသော စေတီတော် အပျက်ကို ဖြိုသော စိုးအောင်နှင့် မောင်မြိုင်က ရွှေဒင်္ဂါးအပြား (၉၀၀) ငွေဒင်္ဂါးအပြား (၃၀၀၀)ထောင်နှင့် ရွှေသားအစစ် ဗုဒ္ဓရုပ်ပွား ဆင်းတုတော် (၉)ဆူကို ရရှိသည်။

"မင်းက ရွှေဒင်္ဂါး ၄၅၀၊ ငွေဒင်္ဂါး ၁၅၀၀ ယူ။ ငါလည်း ရွှေဒင်္ဂါး ၄၅၀၊ ငွေဒင်္ဂါး ၁၅၀၀ ယူမယ်။ ရွှေဆင်းတုတော် ၉ ဆူကို ဌာပနာထဲ ပြန်ထည့်ပြီး ပိတ်ထားခဲ့မယ်"

အသောက် မလျော့သော လောဘသမား မောင်မြိုင်၏ စကားကို စိုးအောင်က လက်မခံ။

"ဟာ...ဒီလိုမလုပ်နဲ့။ အိပ်မက်ထဲက ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်ကြီး ပြောသလို ရွှေဒင်္ဂါးတွေနဲ့ ငွေဒင်္ဂါးတွေကို သုံးပုံ ပုံမယ်။ တစ်ပုံကို မင်းယူ၊ နောက်တစ်ပုံကို ငါယူမယ်။ ကျန်တဲ့ တစ်ပုံကို ဘုရားတည်မယ်။ အသစ်တည်လှူ ပူဇော်တဲ့ ဘုရားဌာပနာမှာ ရွှေဆင်းတုတော် ကိုးဆူလုံးထည့်သွင်းလှူမယ်"

www.burmeseclassic.com

www.burmeseclassic.com

မောင်မြိုင်က သဘောမကျ။ သူငယ်ချင်းဆိုသောအသိကိုပင် မေ့အောင်ပြီး စကားမာခဲ့သည်။

"ဟေ့ကောင် စိုးအောင်၊ ငါပြော သလိုလုပ်"

ရှာရှာရဲရဲဖြစ်နေသော မောင်မြိုင်ကို စိုးအောင်က စကားမပြိုင်၊ အငြင်းမခံလုပ်။

"အေးလေ၊ မင်းပြောသလိုလုပ်ပါပေါ့။ ဒါပေမယ့် ငါကတော့ ငါ့အတွက်ရမယ့် ရွှေဂါးတွေနဲ့ ဘုရားကြီးမယ်"

"ဒါကတော့ မင်းသဘောပဲ ကွာအောင်"

မောင်မြိုင်၏ စကားအဆုံးတွင် အံ့အားသင့်စရာ မြင်ကြရသည်။ သူတို့ ရှေ့ရှိ ရွှေဂါးပြားများမှာ လေထဲတွင် ပျောက်ပျံသွားခြင်းပင်။ အကုန်တော့ မလွှင့်ပါ။ သူတို့ရှေ့ တစ်လံအကွာလောက် ဆောက်သည်အထိ လေထဲ လွှင့်ပျံလာစဉ်မှ ပျောက်ကွယ်သွားသည်ကို မြင်ကြခြင်းဖြစ်သည်။ ဌေဂါးများကတော့ မပျံကြ။

ကျန်သော ရွှေဂါးပြားများကို ချကြည့်သောအခါ အပြားသုံးရာတိတိသာ ရှိတော့သည်ကို သူတို့ သိလိုက်ရသည်။ ထိုအခါ စိုးအောင်က...

"ကဲ...သူငယ်ချင်း မင်းနဲ့ ငါ မျှကြမြင်ပဲ။ အိပ်မက်ထဲကအတိုင်း လုပ်ပြီးဖြစ်မယ်။ မလုပ်ရင် ဒုက္ခရောက်နိုင်တယ်"

"မင်းက ဘာကို ကြောက်တာလဲ။ ဟေ့ကောင် စိုးအောင်၊ မင်း သတ္တိမရှိဘူးလား။ ငါပြောသလိုလုပ်"

ဒုက္ခကို မကြောက်ဘဲ လောဘတက်နေသော မောင်မြိုင်၏ စကားအဆုံးတွင်...

"ရှူးရှူး...ရှူးရှူး"ဆိုသော နှာမှုတ်သံများပေးပြီး သူတို့ကို ပေါက်သတ်မည့်ပုံစံလုပ်နေသည့် သူတို့နှင့် သုံးလံကွာခန့်တွင် သူတို့ကို ပတ်ပတ်လည် ဝန်းရံနေသော ကြီးမားသည့် မြွေဟောက်ကြီးများကို ရုတ်တရက် မြင်လိုက်ကြရလေသည်။

စိုးအောင်က အကြောက်ကြီး ကြောက်ပြီး...

"ကျွန်တော်တို့ကို မသတ်ပါနဲ့။ အိပ်မက်ထဲကအတိုင်း လုပ်ပါ့မယ်"

ဟု အော်ရင်း မောင်မြိုင်ကို...

"သူငယ်ချင်း...အိပ်မက်ထဲက အတိုင်း လုပ်မယ်လို့ ကတိပေးလိုက်ကွာ"ဆိုပြီး တိုက်တွန်းလိုက်ပါသည်။

မကြောက်တူးဆိုသော မောင်မြိုင်ကလည်း မြွေဟောက်တစ်ကောင်တစ်ကောင်၏ ဆန့်ကောလောက်ကြီးသော ပါးပျဉ်းကြီးများကို ကြည့်ရင်း တုန်လှုပ်ကြောက်ရွံ့လာကာ...

"အိပ်မက်အတိုင်း လုပ်ပါ့မယ်။ မလုပ်ရင်၊ ကတိမတည်ရင် သတ်ပါ"

ဟု အော်လိုက်သောအခါ မြွေဟောက်ကြီးများ ပျောက်ကွယ်သွားတော့သည်။

ဤမျှ ကြောက်လန့် တုန်လှုပ်ရသည့်တိုင် အသောက်သမား၊ လောဘသမား၊ ဒုစ္စရိုက်သမား မောင်မြိုင်က ရွှေသားဆင်းတုတော်တစ်ဆူကို စိုးအောင် မမြင်အောင် ခါးပိုက်ဆောင်ထဲထည့်လိုက်သည်။

"ဟင်...ရွှေဆင်းတုတော် ရှစ်ဆူပဲ ရှိတော့ပါလား"

ရွှေဂါးအပြားသုံးရာကို သုံးပုံ့ပြီး တစ်ယောက် အပြားတစ်ရာယူရန် ပြုလုပ်ပြီးသည်နှင့် စိုးအောင်က ရွှေဆင်းတုတော်များကို ရေကြည့်ရာ စောစောကအတိုင်း ကိုးဆူမဟုတ်ဘဲ ရှစ်ဆူသာ တွေ့ခြင်းကြောင့် စိုးအောင်က မောင်မြိုင်အား မေးလိုက်သည်။

"စောစောက ရွှေဂါးပြားတွေ လေထဲ လွှင့်ပျံပျောက်သွားသလို၊ ရွှေဆင်းတုတော်တစ်ဆူလည်း လေထဲ လွှင့်ပျံပျောက်သွားတာနေမှာပေါ့"

အလေးအနက်မထားဘဲ ခပ်ပေါ့

www.burmeseclassic.com

ပေါ့ဖြေသော မောင်မြိုင်၏ စကားကြောင့် စိုးအောင်က မောင်မြိုင်ကလိမ်ကျကျစ်ကျပြီး ရွှေစေတီတစ်ဆူကို ဝက်ထားသည်ဟု ခန့်မှန်းလိုက်သည်။ ဝက်ထားသည့် နေရာမှာလည်း မောင်မြိုင်၏ ခါးပိုက်ဆောင်ထဲမှလွဲ၍ မည်သည့်နေရာမျှ မဖြစ်နိုင်ဟုလည်း တွေးမိသည်။ သို့သော် "မင်း ခါးပိုက်ဆောင်ထဲ ဝက်ထားတယ်မဟုတ်လား၊ ထုတ်စမ်း" ဟုလည်း မောင်မြိုင်ကို မပြောရဲ။ မောင်မြိုင်က သူ့ကိုယ်နှင့် မကွာ ဓားမြောင်ကို ဝက်ကိုင်ထားတတ်သောကြောင့်ဖြစ်သည်။

ထို့ကြောင့် ဘာမျှမပြောတော့ဘဲ ငွေဒင်္ဂါးအပြားသုံးထောင်ကို သုံးပုံပုံပြီး တစ်ပုံကို သူယူသည်။ တစ်ပုံကို မောင်မြိုင်အား ပေးသည်။ ရွှေဒင်္ဂါးအပြားတစ်ရာ၊ ငွေဒင်္ဂါးအပြားတစ်ထောင်နှင့် ဗုဒ္ဓရုပ်ပွား ရွှေသားအစစ် ဆင်းတုတော် ရှစ်ဆူမှာ သူတို့နှစ်ယောက်ကြား ၌ ရှိနေသည်။

"ဒီတစ်ပုံကို မင်းယူပြီး ဘုရားတည်မလား"

မောင်မြိုင်က စိုးအောင်၏အမေးကို ခေါင်းခါရင်း...

"မင်းပဲ ယူပြီး ဘုရားတည်။ ငါ အလုပ်ရှုပ်မခံနိုင်ဘူး"

ဟု မောင်မြိုင်က ပြောလိုက်သည်။ ထို့နောက် စိုးအောင်နှင့် မောင်မြိုင် စေတီအပျက်မှ ပြန်လာခဲ့ကြတော့သည်။

◈◈◈

ထိုရက်များအတွင်း မောင်မြိုင်ကြီးပွားနေသည်။ ရထားသော ရွှေဒင်္ဂါးပြားများနှင့် ငွေဒင်္ဂါးများကြောင့် သောက်သော အရက်များမှာ အကောင်းစားချည်းဖြစ်နေသည်။ အမြည်းမှာလည်း ကြက်ကောက်လုံးကြော်တို့၊ ဘဲကောင်လုံးကြော်တို့၊ ပုစွန်ဆိုလည်း ပုစွန်ထုပ်ကြီးတွေကို မီးဖုတ်လို့။

ထမင်းပွဲမှာဆိုလည်း ဟင်းတွေက အမျိုးမျိုး။ မောင်တို့။ မောင်မျိုးနှင့် မအေးမေ၊ မထွေးမေဆိုသော သားကြီး သမီးကြီး လေးယောက်မှာလည်း ရွှေတွဲလွဲ ငွေတွဲလွဲ။ ဝတ်စားဆင်ယင်မှုကလည်း ဗီဒီယိုမင်းသား မင်းသမီးတွေလို။

မောင်မြိုင်ကို သားသမီးများက "အဖေ... အဲဒီရွှေတွေ ငွေတွေကို ဘယ်က ရတာလဲ" ဟု မည်သူမျှ မမေးရဲ။ မေးလည်း မမေးကြ။ မိဘက ပေးလျှင် ယူ၊ ကျွေးလျှင် စား။ ဒါပဲမဟုတ်လား။

"ဒီရွှေဒင်္ဂါးတွေနဲ့ ငွေဒင်္ဂါးတွေ ဘယ်က ရတာလဲ၊ မဟုတ်တာ လုပ်လာပြီထင်တယ်" ဟု ဇနီးသည်ကလည်း မမေးရဲ။ မပြောရဲ။ လက်ရဲဇက်ရဲဖြစ်သော လင်ယောကျ်ားအကြောင်း သိထားတာ ကြာပြီဆိုတော့ လေကုန်ခံ မမေးတော့။

မောင်မြိုင်က အရက်သောက်ကျွမ်းကျင်သော်လည်း ဖဲရိုက်မကျွမ်းကျင်။ ကြက်တိုက် မကျွမ်းကျင်။ ထို့ကြောင့် ဖဲဝိုင်းနှင့် ကြက်ဝိုင်းကြောင့် လူမိုက်နှင့် ငွေ အတူမနေ ဆိုသော စကားနှင့်အညီ မောင်မြိုင့်ဆီမှာ ရွှေရှားခဲ့သည်။ ငွေရှားခဲ့သည်။ ထိုအခါ ရွှေမရှား ငွေမရှားဖြစ်ခဲ့သော မောင်မြိုင်က အကြံကုန် ဂဠုန်ဆားချက်ဆိုသကဲ့သို့ ဝက်ယူခဲ့သော ရွှေသားအစစ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်၏ နဖူးသင်းကျစ်တော်အလယ်ရှိ ပတ္တမြားကြီးကို ထုတ်ယူသည်။ လွယ်လွယ်ကူကူ ထုတ်ယူနိုင်ခြင်းမဟုတ်။

ပတ္တမြားကြီး မထိမရှ မကွဲအောင် ဆင်းတုတော်ကို ပက်လက်လှန်ထားပြီး ပတ္တမြားကြီးပတ်လည်ရှိ နဖူးတော်ကို ဆောက်ဖြင့် ထွင်းထုယူခြင်းဖြစ်သည်။ ဖြည်းဖြည်းညင်သာစွာ ထွင်းထုသည်မဟုတ်။ အားစိုက်၍ အရှိန်ပြင်းပြင်း ထွင်းထုခြင်းဖြစ်သည်။

"ဒုတ်...ဒုတ်...ဒုတ်"

တဒုတ်ဒုတ်အသံမြည်သော်လည်း နဖူးတော်တွင် အရာအနည်းငယ်မျှ မထင်။ လက်ပန်းကျအောင် ထုသည်။ ချွေးဒီးဒီးကျအောင် ထုသည်။ ခြေပစ်လက်ပစ်ကျအောင် ထုသည်။ သို့သော် ပတ္တမြားကြီးကို ထုတ်ယူ၍မရ။

"တောက်"

ဒေါသထွက်ပြီး တက်ခေါက်ရင်း...

"ဒီလောက်တောင်ဖြစ်တာ အရှည်ကျိုပစ်မယ်"

ဟု ကြိမ်းမောင်းကာ ရွှေသားအစစ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ဖိထိုးကာ အရှည်ကျိုသည်။

အချိန်ကုန်ခံကာ ဒီးရဲရဲဖြင့် ကျိုသည့်တိုင် ရွှေဆင်းတုတော်က အရှည်မပျော်။ ပုံစံမပြောင်း။ အရှည်ကျိုထားသောကြောင့် အပူရိန်များကြောင့် အပူစီးနေမည်ထင်ပြီး ရုပ်ပွားဆင်းတုတော်ကို ညှပ်ဖြင့် ယူ၍ ရေထဲထည့်ခဲ့သည်။

ရဲခနဲ အသံမပြည်။ လက်ဖြင့် ရုပ်ပွားတော်ကို ကိုင်ကြည့်ရာ အပူလုံးဝစီးခြင်းမရှိ။ ပကတိ အေးမြနေသည်ကို မောင်မြိုင် ခံစားခဲ့ရသည်။

ထိုအခါ မောင်မြိုင် အကြံအိုက်သည်။ လူလည်း လွန်စွာ မောပိုက်ပင်ပန်းခဲ့သည်။ သို့သော် ထိုညက မောင်မြိုင် အိပ်မပျော်။

◈◈◈

မောင်မြိုင် အိပ်မက် မက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ညက မက်ခဲ့သော အိပ်မက်ထဲတွင် မြင်သည့် ဝတ်ပြုစင်ကြယ်နှင့် ပဂိုလ်ကြီးက သူ့ကို လာနှိုးပြန်သည်။

"ထ···ထ"

သူက အိပ်ရာမှ ထ,ရပြန်သည်။ ဝတ်ပြုစင်ကြယ်နှင့် ပဂိုလ်ကြီးက သူ့ကို ပြောပြန်သည်။

"မောင်မြိုင်···မင်း တယ်မိုက်နေပါလား။ အခြားတစ်ယောက်သာ မင်းလို ပြုမူရင် ဒုက္ခအကြီးအကျယ် ရောက်မယ်။ မင်းကတော့ မင်း အခုပြန်တည်ရမယ့် စေတီတော်ရဲ့ မူလ အလှူရှင်ဆိုတာ မေ့နေတာကိုး။ မမေ့နဲ့ မမေ့နဲ့။ မင်းကိုယ်တိုင် အဲဒီ ကိုးတောင်ပြည့်စေတီတော်ကို အဓိဋ္ဌာန်တင်ပြီး တည်လှူ ပူဇော်ခဲ့တာ။ မင်းကိုယ်တိုင် တည်လှူ ပူဇော်ထားတဲ့ ရွှေစေတီ။ အဲဒီ စေတီတော်ကိုလည်း မင်းပဲ "ရွှေစေတီ"လို့ ဘွဲ့တော်ဆက်ကပ်ခဲ့တာ။ အဲဒီတုန်းက ရွှေစေတီသာ တကယ်လို့ ပြိုပျက်ခဲ့ရင် ပြန်လည် တည်လှူပူဇော်သူရှိရင်လည်း တည်လှူလို့ မရပါစေနဲ့။ ရရင်လည်း ပြန်ပြိုပျက်ပါစေ။ ပြိုပျက်တဲ့ ရွှေစေတီတော်ကို မင်းကိုယ်တိုင် ပြန်တည်မှ တည်လှူပူဇော်လို့ ရပါစေလို့ အဓိဋ္ဌာန်ခဲ့တာ။ အဲဒါ အခု မင်းသူငယ်ချင်း စိုးအောင်က ရွှေစေတီကို ပြန်တည်နေတယ်။ ဘယ်နှကြိမ်တည်တည် တည်ပြီးတာနဲ့ ပြန်ပြိုကျမှာပဲ။ မင်းသွားပြီး ဘုရားပြန်တယ်။ အချိန်ကျပြီ၊ နောက်ကို အရက်မသောက်တော့နဲ့။ မကောင်းတာ မလုပ်တော့နဲ့။ ရွှေစေတီကို ပြန်တည်။ သာသနာပြုပြီး ဘဝသစ်ကို ကူးနိုင်အောင် ဆောင်ရွက်တော့။ ရွှေစေတီဆီကို ပြန်သွား။ စေတီတော်တည်လှူပူဇော်"

အိပ်မက်ထဲက ပဂိုလ်ကြီးလည်း ပျောက်၊ အသံလည်း ပျောက်။ သို့ရာတွင် အိပ်ရာမှ နိုးသည့်တိုင် မောင်မြိုင်၏အာရုံ၌ ထိုပဂိုလ်ကြီး၏ တည်ကြည်ခန့်ညားသော ရုပ်ပုံနှင့် သြဇာသံက မပျောက်။

မောင်မြိုင်၏ စိတ်က ရွှေစေတီတည်သည့်နေရာသို့ သွားချင်သောစိတ်ကို တားမရ။

"ဂါ···စိုးအောင် ဘုရားတည်နေတဲ့ နေရာကို သွားမှဖြစ်မယ်"

မောင်မြိုင် ရွှေစေတီကို ဒုတိယအကြိမ်ရောက်ခဲ့ပြန်ပါသည်။

◈◈◈

"ဟာ···မောင်မြိုင် သူငယ်ချင်း၊ မင်းလာတယ်"

သူ့ကို မြင်သည်နှင့် စိုးအောင်က ဝမ်းသာအားရ နှုတ်ဆက်သည်။ စိုးအောင်က ရွှေစေတီအနီးတွင် ခြေပစ်လက်ပစ် ထိုင်နေရာမှ စကားစခြင်းဖြစ်သည်။

စိုးအောင်က ဝေစုဖြစ်သော ရွှေဒင်္ဂါးပြားများကို မယူ။ စေတီတော် ပြန်လည်တည်လှူရန် ရည်ရွယ်ထားသော ရွှေဒင်္ဂါးပြားများ။ ငွေဒင်္ဂါးပြားများကို ရောင်းချပြီး အသစ်တည်လှူသည်။ အခက်အခဲမရှိ။ လွယ်ကူစွာပင် တည်လှူနိုင်ခဲ့သည်။

သို့သော် တည်လှူပြီးပြီးချင်း ထီးတော် မတင်လှူမီ ပြိုကျခဲ့သည်။ စိုးအောင်က ထပ်မံ ပြုပြင်တည်လှူသည်။ ဒုတိယအကြိမ် ပြိုကျခဲ့ပြန်သည်။ တတိယအကြိမ် ပြိုကျပျက်

www.burmeseclassic.com

စီးနေသော ရွှေစေတီတော်ကြီး၏ ခြေတော်ရင်းနားတွင် စိတ်ပျက်လက်ပျက် ထိုင်နေစဉ် မောင်မြိုင်ရောက်လာသည်ကို မြင်၍ ဝမ်းသာအားရ နှုတ်ဆက်ခြင်းဖြစ်သည်။

မောင်မြိုင်က သူ့အနီးတွင် ဝင်ထိုင်ရင်း သူ့ဂုက်ယူထားသော ရွှေသားအစစ် ဆင်းတုတော်တစ်ဆူကို ပြန်ပေးပြီး ပတ္တမြားကြီးကို ရယူလိုခြင်းကြောင့် သူ ပြုမူမှားခဲ့ခြင်းမှအစ အိပ်မက်မက်သည်အထိ ပြောပြသည်။

"မင်း အခုလို အမြင်မှန်ရတာ ဝမ်းသာတယ်ကွာ။ ငါ့မှာလည်း ရွှေဒင်္ဂါးတွေလည်း မရှိတော့ဘူး။ ငွေဒင်္ဂါးတွေလည်း မရှိတော့ဘူး။ သုံးကြိမ်တိတိ တည်လှူ ပူဇော်ပြီးတာနဲ့ ပြန်ပြိုကျတဲ့ ဒီစေတီတော်ကို စတုတ္ထအကြိမ် ပြန်တည်လှူဖို့ တော်တော်အခက်ကြုံနေတုန်း မင်းက ဒီရွှေစေတီတော်ကို တည်လှူမယ်ဆိုတော့ ငါတော်တော်ဝမ်းသာတယ် မောင်မြိုင်"

စိုးအောင်၏ စကားကြားသော်လည်း မောင်မြိုင်က ဝမ်းမသာနိုင်။ သူသုံးဖြုန်းထားသောကြောင့် သူမှာ ရွှေမရှိ၊ ငွေမရှိဖြစ်နေသောကြောင့် ဖြစ်သည်။

"မင်းပြောတာတော့ ဟုတ်တယ် စိုးအောင်။ ဒါပေမယ့် ငါသုံးဖြုန်းထားလို့ ရွှေတွေ၊ ငွေတွေ မရှိတော့ဘူး။ ငါ ဘာနဲ့ ဘုရားပြန်တည်ရမလဲ"

ထိုအချိန်၌ ပီသသော ဩဇာသံတစ်သံကို သူတို့အားလုံး ကြားလိုက်ကြရသည်။

"အလှူခံပုံတစ်ပုံထား။ ရွှေစေတီတည်ရန်လို့ စာရေးထား။ အလှူရှင်တွေ သူ့ဘာသာသူ လာလှူလိမ့်မယ်။ ဘယ်သူလဲ၊ ဘယ်မှာနေလဲဆိုတာတွေ မမေးနဲ့"

သံတိုအားလုံး ဆိုသည်မှာ စိုးအောင်၊ မောင်မြိုင်နှင့် ဘုရားတည်ရာတွင် ပါဝင်ကူညီနေကြသော ပန်းရဆရာနှင့် အလုပ်သမား ကုသိုလ်ပါဝင်ယူကြသော တောင်ခြေရွာမှ လူကြီးလူရွယ် လူငယ်များဖြစ်သည်။

အသံရှင် မည်သူဖြစ်သည်ကို စိုးအောင်နှင့် မောင်မြိုင် သိသည်။ အိပ်မက်ထဲ၌ တွေ့ခဲ့သော၊ သူတို့ကို စကားပြောခဲ့ဖူးသော ဝတ်ဖြူစင်ကြယ် ဝတ်ထားသည့် ပုဂ္ဂိုလ်ကြီးမှလွဲ၍ မည်သူမျှ မဖြစ်နိုင်။ စိုးအောင်ရော မောင်မြိုင်ပါ ထိုအသံကို ကောင်းကောင်းမှတ်မိနေကြသည်ပဲလေ။

◈◈◈

"ဒကာကြီးရေ... တိုတိုပြောရရင် မောင်မြိုင်က အလှူခံပုံး ထားတယ်။ အဲဒီပုဂ္ဂိုလ်ကြီးပြောသလို အလှူခံပုံးမှာ ရွှေစေတီတည်ရန် ဆိုတဲ့ စာရေးပြီး ကပ်ထားတယ်။ ဘယ်သူမှ မပြောကြဘဲ လာလိုက်ကြတဲ့ အလှူရှင်တွေဆိုတာ အများကြီး။ ငွေတွေ လှူတယ်။ ရွှေထည်ပစ္စည်းတွေ လှူတယ်။ ပြီးတော့ ရွှေဒင်္ဂါးတွေ၊ ငွေဒင်္ဂါးတွေလည်း လှူတယ်။ အဲဒါတွေနဲ့ပဲ ရွှေစေတီကို မောင်မြိုင် တည်လှူ ပူဇော်နိုင်ခဲ့တယ်။ စေတီတော်မှာ ရွှေထီးတော်ဆက်ကပ် လှူဒါန်းပြီးတာနဲ့ အမျှအတန်းပေးဝေတော့ သာဓုခေါ်သံတွေ ညံနေတာပဲ။

ရွှေစေတီတည်လှူ ပူဇော်တော်မူပြီးတဲ့ အောင်ပွဲအနေနဲ့ ရဟန်းခံရှင်ပြု၊ သီလရှင်ဝတ်ပွဲကို ခြိမ်ခြိမ့်သဲကျင်းပနိုင်ခဲ့တယ်။ အဲဒီအလှူတော်မင်္ဂလာက အတော်ကို ထူးမြတ်တယ်။ ဘာလို့ဆိုတော့ မောင်မြိုင်နဲ့ စိုးအောင်က ကိုတို့မိမ သားသမီးတွေကို ရှင်သာမဏေဝတ်ပေး၊ သီလရှင်ဝတ်ပေးသလို မောင်မြိုင်ရဲ့ သားကြီးနှစ်ယောက်ကို ရဟန်းခံမှာ ထည့်သွင်းခဲ့တယ်။ သမီးနှစ်ယောက်ကိုလည်း သီလရှင်ဝတ်ပေးခဲ့တယ်။ ပြီးတော့ မောင်မြိုင်ကိုယ်တိုင်လည်း အကျင့်တရားရပြီး အရက်သေစာမသောက်တော့ဘဲ၊ မကောင်းမှုဒုစရိုက်တွေ မလုပ်တော့ဘဲ ရဟန်းအဖြစ် သာသနာ့ဘောင်ထဲသို့ ဝင်ခဲ့တယ်။ သူ့ဇနီးကလည်း သမီးတွေလိုပဲ သီလရှင်ဝတ်ခဲ့တယ်။

သီလရှင်ဝတ်တဲ့ အမေနဲ့ သမီးနှစ်ယောက်ကတော့ သီလရှင်ဘဝနဲ့ စစ်ကိုင်းတောင်ဘက် တက်သွားကြတာ ခုထိ သက်ရှိထင်ရှားရှိနေဆဲပါပဲ။ သားနှစ်ယောက်ကလည်း ရဟန်းဘောင်ထဲမှာ ပျော်ရွှင်စွာပဲ သာသနာပြုနေကြဆဲဖြစ်တယ်။

အင်း... မောင်မြိုင်ကတော့ ဟောဒီ သာသနာ့ရက္ခိတ ဘုန်းတော်ကြီးကျောင်းရဲ့ ပထမဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတအဖြစ် သာသနာ့တာဝန်ကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ခဲ့ပြီး ပျံလွန်တော်မူခဲ့တာ ငါးနှစ်တောင် ကျော်သွားပြီ"

ဟု ပြောရင်း ရွှေစေတီဇာတ်လမ်းကို သာသနာ့ရက္ခိတ ဘုန်းတော်ကြီးကျောင်း၏ ဒုတိယဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘိတက နိဂုံးကမ္ပတ် အဆုံးသတ်ခဲ့ပါသည်။

◈◈◈

ကျွန်ုပ်သည် မိတ်ဆွေဖြစ်သူနှင့် အတူ ရွှေစေတီကို ဖူးမြော်ကန်တော့ပြီး ပြန်လာသည့်တိုင် ဆရာတော် ဘဒ္ဒန္တ သောဘိတထံမှ သိခဲ့ရသော "ရွှေစေတီဇာတ်လမ်း"ကို သတိရနေဆဲဖြစ်ပါသည်။

ပန်းတနော် နောင်လတ်

www.burmeseclassic.com

www.burmeseclassic.com



➤➤➤ စာမျက်နှာ ၁၂၀ မှ

တဲ့ ညည့်သည်တွေ အခမ်းအနားနဲ့ ဆိုက်ရောက်လာတဲ့ နေရာ၊ ဗင်းနစ်သို့ အရှေ့ဝင့်ပေါက်တံခါးဖြစ်ပါတယ်။ ၁၂ရာစုမှာ အရှေ့တိုင်း(The Orient)ကနေ သယ်ဆောင်ခဲ့တဲ့ ကြီးမားလှတဲ့ နမ်းဖတ်ကျောက်တိုင်လုံး(granite columns)နှစ်ခုကြောင့် အမှတ်ရ ထင်ရှားခဲ့ပါတယ်။ တိုင်လုံးတစ်ခုဟာ စာအုပ်တစ်အုပ်ကို ပင့်ထားတဲ့ စိန့်မတ်ရဲ့ တောင်ပံပါ ခြသေ့ကို ထောက်ပံ့ထားပြီး နောက်တစ်ခုမှာတော့ မိကျောင်းပေါ်မှာ ရပ်နေတဲ့ ဗင်းနစ်ရဲ့ ပထမဆုံး အစောင့်အရှောက်ပုဂ္ဂိုလ်၊ သူတော်စင် စိန့်သီအိုဒေါ်(St.Theodore)ရှိနေရဲ့။

ဆန်မာကို(San Marco)အဆောက်အအုံများ

လက်ဖျားခါလောက်အောင် အံ့တာနဲ့ ကြီးကျယ်ခမ်းနားတဲ့ ဗင်းနစ်မြို့ ပန္နက်ပုံဟာ ကျောက်ချပ်ပြားတွေ ချိတ်ဆက်ခင်းထားတဲ့ ရင်ပြင်ကျယ်ကြီး။ အထိမ်းအမှတ်အဆောက်အအုံတွေ၊ ဂရုတစိုက်တည်ထားတဲ့ အမှတ်တရတွေနဲ့ ပင်လယ်ထုံးအိုင်ရဲ့ ရောင်ပြန်ဟပ်နေတဲ့ ရေတွေရဲ့ အကျိုးသက်ရောက်မှုများမှာ မှိုတည်နေရဲ့။ ဗင်းနစ် ရီပတ်ဘလစ်ရဲ့ အုပ်ချုပ်ရေး အသည်းနှလုံးကတော့ မြို့လယ်ကွက်လပ်(The Piazza)နဲ့ ရင်ပြင်ငယ်(The Little Square)ပတ်လည်က ဆန်မာကို အဆောက်အအုံတွေမှာ ရှိနေပေါ့။

ဆန်မာကိုဘုရားကျောင်း(San Marco Basilica)

မိုလိုကျောက်ဆိပ်က တိုင်လုံးတွေပေါ်မှာ တန်ဆာဆင်ထားသလိုပဲ ဆန်မာကိုရင်ပြင်အတွင်းမှာနဲ့ အဲဒီမှာ ရှိနေတဲ့ အဆောက်အအုံတွေရဲ့ တကယ့်ပွဲငုံများစွာမှာ ခြသေ့ပန်းပုရုပ်တွေကို ခင်းကျင်းထားတာ မြင်နိုင်ပါရဲ့။ ဗင်းနစ်နိုင်ငံရေး(iconography)ရဲ့ သော့ချက်ဟာ သူတို့ သည်းပြုထားတဲ့ ခရစ်ဝင်ကျမ်းပြု(The evangelist)လေးဦး စိန့်ဂျွန်၊ စိန့်မက်သရူး စိန့်မတ်၊ စိန့်လုတို့အနက်က တစ်ဦးဖြစ်တဲ့ စိန့်မတ်(St. Mark)ရဲ့ ကိုယ်ခန္ဓာရုပ်အလောင်းကို ဒေါ်ဂတ်နန်းတော်နဲ့ ဆက်နေတဲ့ ဆန်မာကိုဘုရားကျောင်းမှာ မြှုပ်နှံထားတယ်လို့ ဆိုကြတယ်။ ဒီကြီးမားထည်ဝါလှတဲ့ ဘုရားကျောင်းကြီးကို ၈၂၉ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၁၀၇၁ ခုနှစ်မှ ပြီးစီးသွားခဲ့တာပါ။ ဒါဟာ အစဉ်အလာအရ မြို့စားတွေရဲ့ ကိုယ်ပိုင် သီးသန့်ဝတ်ပြုရာ နေရာအပြင်၊ နိုင်ငံရေးအဆောက်အအုံအဖြစ်ပါ အကျိုးရှိရှိ အသုံးဝင်ခဲ့တယ်။ သူ့ရဲ့ ဗိသုကာဒီဇိုင်းက ဘိုင်ဇင်တိုင်းဟန်ပါ။ လက်ဝါးကပ်တိုင်ပုံခန်းမဖွဲ့ ပေါင်းကူးအမိုးခုံး ငါးခုတပ်ဆင်ထားတယ်။ အဲဒီရဲ့ လှိုဖိုးထနေတဲ့ စကျင်ကျောက်ခင်း စင်္ကြံလမ်း(pavements)တွေ၊ တိုင်လုံးတွေနဲ့ အရောင်တင်ထားတဲ့ ကျောက်ပြားချပ်(panels)နဲ့ ရွှေသားနန်းစီရွေချ(mosaics)တွေက ရောင်ပြန်ဟပ်တဲ့ အလင်းရောင်နဲ့ အတွင်းဝိုင်းဟာ တောက်ပနေရဲ့။

ဆန်မာကိုရင်ပြင် (The Piazza San Marco)

အမိုးခုံးနဲ့ အတွင်းတိုင်လုံးတွေပါတဲ့ ဘုရားကျောင်းရဲ့ ငါးခုသောအခုံး(the arched)တွေ၊ မုခ်ခုံးတွေနဲ့ မုခ်ဝ(portals)ရှေ့မှာ ကျယ်ပြန့်တဲ့ ကျောက်ပြားခင်း ကွင်းပြင်ကျယ်ကြီး ဆန်မာကိုရင်ပြင်(square)ရှိနေပါတယ်။ ဒီရင်ပြင်ကြီးကို နပိုလီယံက ဥရောပမှာ အကောင်းဆုံး ည့ဉ်ခန်းဆောင် (drawing room)လို့ခေါ်ခဲ့တယ်။ ရင်ပြင်ရဲ့ တောင်နဲ့မြောက်ဘက် တောင်ပံ(wings)တွေမှာ စီမံအုပ်ချုပ်ရေးရုံးဟောင်း(The Old Procurators' Offices)နဲ့ ရုံးသစ်(The New Procurators' Offices) ရုံးအဆောက်အအုံနှစ်ခုရှိနေရဲ့။ ဒါတွေဟာ ခုတော့ ဖက်ရှင်ဆိုင်တွေနဲ့ သပ်ရပ်ခမ်းနားတဲ့ ကဖီးဆိုင်(cafés)တွေဖြစ်နေပေါ့။ နွေရာသီလများမှာတော့ အဲဒီက တစ်ဖွဲနဲ့တစ်ဖွဲ့ အပြိုင် သီကျူးနေကြတဲ့ တေးဂီတဝိုင်းတွေနဲ့ တစ်သီတစ်တန်းကြီးရှိနေတဲ့ လေဟာပြင်စားပွဲတွေက ဖောက်သည်တွေကိုဆွဲဆောင်နေရဲ့။ အုပ်ချုပ်ရေးရုံးဟောင်းရဲ့ ဘုရားကျောင်းအစွန်းဘက်မှာ ၁၄ရာစုနောက်ပိုင်းလက်ရာ နာရီစင်ရှိပြီး အချိန်နာရီတွေကို မူးရစ်ရပ်(Moorish)နစ်ရပ်က အချိန်မှန်မှန် ထိုးနှက်ပေးနေရဲ့။

ရင်ပြင်မှာ ကမ္ဘာလှည့်ခရီးသွားများဟာ အချိန်တိုင်း စုံပြဲ

www.burmeseclassic.com

www.burmeseclassic.com

တိုးနေကြပေါ့။ အငမ်းမရ အစားကြူးနေတဲ့ ခိုတွေကလည်း အများအပြားပါ။ နာရီစင်က (The Merceria)ဆီ ဝင်ပေါက်ကို မိုးနေပြီး အဓိက စျေးဆိုင်လမ်းမဟာ ရီရယ်တိုကို ဦးတည်ကာ စီတန်းနေတယ်။ The piazzetta အဆုံးမှာတော့ မြင်ကွင်းဟာ မိုလိုကျောက်ရေဆိပ်ပေါ်က တိုင်လုံးတွေဆီကို တန်းနေရဲ့။ ဒီမြင်ကွင်းလိုင်းကို ဘုရားကျောင်းရှေ့က အလံတိုင်သုံးခုက အထူးပြုနေပြန်တယ်။ ခေါင်းလောင်းမျှော်စင်အခြေမှာတော့ (Sansovino)ရဲ့ ပြခန်းငယ်လေး(Loggetta)(Small Loggia)ရှိနေရဲ့။

ပုံမှန်အရ တောင်ဘက်နဲ့ အရှေ့ဘက်က လေနဲ့အတူ ပေါင်းစပ်လာတဲ့ မြင့်မားတဲ့ ဒီရေလိုင်းတွေ၊ ထုံးအိုင်ရဲ့ ရေမြင့်တက်လာမှုတွေက မြို့ကို ရေလွှမ်းစေတတ်ရဲ့ပေါ့။ ရေမြင့်တက်မှုဟာ ဗင်းနစ်သားတွေနဲ့ဖြင့် အတော်လေး အကျွမ်းဝင်နေလို့ အဓိက ရင်ပြင်တွေမှာ ခရီးသည်တွေ သွားလာနိုင်ဖို့ ပလက်ဖောင်းတွေကို မြင့်တင်ပေးထားလို့ ဟော်ဂုံ၊ ရေကြီးလည်း ခရီးသည်တွေက မြို့ကို လမ်းလျှောက်ပြီး ပတ်ကြည့်နိုင်တယ်။

ဒိုဂက်စ်မြို့စားနန်းတော် (The Doges' Palace)နဲ့ သက်ပြင်းချတံတား

မိုလိုရဲ့ ညာဘက်ခြမ်းကတော့ ဒိုဂက်စ်မြို့စား နန်းတော် (Palazzo Ducale)ပါ။ သူရဲခိုပါတဲ့ နန်းတော်ထုထည်ကြီးဟာ ထုံးအိုင်ရေပြင်မှာ ပေါ်နေသလိုရှိနေရဲ့။ ဒါရဲ့ ပန္နက်ပုံဟာ ဗင်းနစ်နန်းတော်ရာတွေရဲ့ စံပြပုံစံအတိုင်းဖြစ်ပြီး နန်းတော်ဝင်းအတွင်းဘက် အလယ်ကောင်မှာ ကြီးမားတဲ့ လှေကားအုံကြီး(Scala dei Giganti)တစ်ခုရှိပါတယ်။ အဲဒီမှာ ဗီသုကာအစဉ်အလာကြီး သုံးမျိုးဖြစ်တဲ့ ဂေါသစ်(Gothic)၊ မူးရစ်(Moorish) နဲ့ ဉာဏ်သစ်လောင်းခေတ်(Renaissance)ဟန်တွေ စုပေါင်းပါဝင်နေရဲ့။ ၉၇ဖခုမှာ မူရင်း ဥရာစုအဆောက်အအုံ မီးလောင်သွားခဲ့ပြီးနောက်၊ ၁၄၅ ၁၆ ရာစုထိ ကာလသက်တမ်းရှိတဲ့ ယနေ့ခေတ် အဆောက်အအုံရဲ့ အများစုဟာ နှစ်ပေါင်းများစွာ တိုင် ရပ်တည်နိုင်ခဲ့ပြန်တယ်။ နန်းတော်ဟာ ဗင်းနစ်နိုင်ငံရေးဘဝရဲ့ ဗဟိုချက်လည်းဖြစ်**ပါတယ်**။ ရွေးကောက်ခံ မြို့စားဒိဂီ(doge)များရဲ့ စံမြန်းရာမှ**သာ** မဟုတ်ဘဲ၊ ရီပတ်ဘလစ်အုပ်ချုပ်ရေးကောင်စီနဲ့ ဝန်ကြီးများရဲ့ တွေ့ဆုံဆွေးနွေးရာနေရာလည်းဖြစ်ရဲ့။ အဲဒီရဲ့အခန်းတွေနဲ့ လှေကားအုံတွေဟာ ဗင်းနစ်ပန်းချီဆရာနဲ့ လက်မှုပညာသည်များရဲ့ တစ်ယောက်ပြီး တစ်ယောက် အမွမ်းတင် တန်ဆာဆင်မှုများနဲ့ ကြွယ်ဝနေရဲ့။ နန်းတော်အရှေ့ဘက်ပိုင်းမှာ တူးမြောင်းကျဉ်းကျဉ်းလေးတစ်ခု ဖြတ်စီးနေပြီး သက်ပြင်းချတံတား(The Bridge of Sigh)နဲ့ ဆက်သွယ်ကူးသန်းထားရဲ့။ ဒီတံတားဟာ တစ်ခါက နိုင်ငံတော်အကျဉ်းသားများကို အကျဉ်းချဖို့ ဖြတ်ခေါ်လာရာဖြစ်ပြီး ကဗျာစာဆို(Lord Byron)ရဲ့ (Childe Harold's Pilgrimage) (၁၈၁၂-၁၈)မှာ အထင်အရှား မှတ်တမ်းတင်ထားပါတယ်။

ခေါင်းလောင်းမျှော်စင် (The Campanile)

ဒီခေါင်းလောင်းမျှော်စင်ဟာ ၃၂၄ပေ(၉၉မီတာ)မြင့်ကာ ကြီးမားပြီး ဘုရားကျောင်းရဲ့ ခေါင်းလောင်းစင်(bell tower)ဖြစ်ပြီး လွတ်လပ်စွာ ရပ်တည်နေတယ်။ အနည်းငယ် ထောင့်မှန်ကျတဲ့ တည်ဆောက်ပုံရှိပြီး ဗင်းနစ်အနီရောင်ရှဉ့်အုတ်(red-clay brick)နဲ့ လွှမ်းခြုံထားရဲ့။ မျှော်စင်ဟာ ဆန်မာကိုရဲ့ အထွဋ်ပေါ်မှာတောင် မြင့်တက်မိုးထိုးနေပြီး မြို့အခင်းအကျင်းကိုပါ လွှမ်းမိုးနေလို့ ထုံးရေအိုင်ကို ဖြတ်ပြီး မိုင်ပေါင်းများစွာကနေ မြင်နိုင်ရဲ့။ ၁၉၀၂ခုမှာ မျှော်စင်ကြီး လဲပြိုကျသွားတုန်း အဲဒီဖြစ်ရပ်ကို အဓိအရဖမ်းလိုက်နိုင်တဲ့ ဓာတ်ပုံဆရာဟာ ကံကောင်းသွားပြီး ကျော်ကြားခဲ့ပေါ့။ မြို့တော်ကောင်စီဟာ ပတ်ပတ်လည်မှာ ထပ်မံအားဖြည့်ထားတဲ့ အင်္ဂတေသားတွေနဲ့ မျှော်စင်ကို ပြန်ဆောက်ဖို့ ရက်ခြည်းဆုံးဖြတ်ခဲ့တယ်။ ဒီလုပ်ငန်းဟာ ၁၉၁၂ခုမှာ ပြီးသွားပါတော့တယ်။ ယနေ့ ဘုရားရှိခိုးကျောင်းခေါင်းလောင်းစင်(The belfry)ဆီ ခရီးသွားတွေကို ပို့ဆောင်နေတဲ့ ဓာတ်လှေကားတစ်စင်းရှိနေပါပြီ။ ဒါကို (Istrian) ထုံးကျောက်ဖြူနဲ့လုပ်ထားပြီး ကျွန်းရဲ့ အံ့မခန်းဖွယ် မြင်ကွင်းကျယ်၊ ပင်မမြေနဲ့ ပင်လယ်ကို မြင်နိုင်ဖို့ လေးဘက်လေးတန်လုံး ဖွင့်ပေးထားတယ်။

မျှော်စင်အခြေမှာ (Sansovino) ဒီဇိုင်းထုတ်ပေးထားတဲ့ တိုင်လုံးတွေနဲ့ ပေါ်တီကို(The Loggetta) ရှိနေပါတယ်။ (Verona)စကျင်ကျောက်နီ၊ (Carrara) စကျင်ကျောက်ဖြူတွေနဲ့ မွမ်းမံ တန်ဆာဆင်တည်ဆောက်ထားပြီး အစိမ်းရောင်ပြောက်ကျား(verde)စကျင်ကျောက်နဲ့ (Istrian) ထုံးကျောက်ဖြူ ရောဟောင်းပစ္စည်းတွေနဲ့ ပေါ်တီကိုဟာ ဒိဂီနန်းတော်မပြီးခင်မှာ ဗင်းနစ်သား လူကုံထံတွေ စုဝေးတဲ့အခါ သင့်တော်တဲ့ နေရာခံနေရာပေါ့။ ဒီပေါ်တီကိုဟာ ၁၉၀၂ခုမှာ မျှော်စင်ပြိုကျတော့ ကြေမွပျက်စီးသွားခဲ့ပေမယ့် မူရင်းပစ္စည်းတွေ သုံးပြီး အသေးစိတ် အတိအကျ ပြန်လည်ထိန်းသိမ်းထားခဲ့တယ်။ ခုတော့ ပေါ်တီကိုဟာ ခရီးသည်တွေ မျှော်စင်ဓာတ်လှေကားကို သုံးဖို့ စောင့်နေစဉ် အဝင်ခန်းမဖြစ်နေပေါ့။

မာကိုပိုလိုရဲ့ သေတမ်းစာရှိတဲ့ စာကြည့်တိုက်ဟောင်း (The Old Library)

စာကြည့်တိုက်ဟောင်း (၁၅၂၉ခု)ကို (The National Marcian)သို့ စိန့်မတ်စာကြည့်တိုက်လို့လည်း ခေါ်ကြရဲ့။ (The piazzetta)ရဲ့ အနောက်ဘက်ခြမ်း အလွန်အဝိုက် ၂၁နဲ့ နီးကပ်

www.burmeseclassic.com

ခေါင်းလောင်းမျှော်စင်နားမှာ တည်ရှိတယ်။ စာကြည့်တိုက် (Sansovino)က ဒီဇိုင်းဆွဲပြီး ၁၄၆၈ ခုမှာ တည်ဆောက်ခဲ့ တယ်။ ကွန်စတင်တီနိုပယ်က လက်တင်ဂိုဏ်းချုပ်ကြီး (Bessarion)က ရီပတ်ဘလစ်ရဲ့ နောင်လာ နောက်သားတွေ အတွက် ချန်ရစ်တဲ့ လူသာ ပဓာနဝါဒကျမ်းနဲ့ စုဆောင်းထား ခဲ့ မှားလှစွာသော လက်ရေးမူတွေကို ထားဖို့ပါ။ ခုတော့ အခြေက သုတေသနစာကြည့်တိုက်ဖြစ်ပြီး အဖိုးမဖြတ်နိုင်တဲ့ ပက်ထိုလိုရဲ့ သေတမ်းစာ၊ (Petrarch)ရဲ့ လက်ရေးမူနဲ့ စာအုပ် များစွာအပြင် ဗင်းနစ်ဟာ ပုံနှိပ်ထုတ်ဝေရေးနဲ့ မြေပုံဆွဲပညာ (Cartographic)ဌာနကြီးတစ်ခုဖြစ်လာတဲ့အခါ ပုံနှိပ်မြေပုံတွေ အပြည်း များစွာရှိနေရဲ့။

ကုန်သည်များ အစည်းအရုံးအဆောက်အအုံ

(Trade guild buildings)

ရီပတ်ဘလစ်ကာလအတွင်း လူနည်းစု ကိုယ်စားပြု အဏ္ဏာန်(the oligarchic)အစိုးရဟာ ဗင်းနစ်ရဲ့ လူကုံထံမဟုတ် တဲ့ မိသားစုတွေအားလုံးကို ပစ်ပယ်ပြီး အာဏာယူခဲ့တယ်။ ဩဇာဆိုစေ၊ အဲဒီမှာ ရိုးရိုးသာမန် ဗင်းနစ်သားတွေရဲ့ ဘဝမှာ ဆင်နွှဲတဲ့ အခြားနည်းလမ်းတွေလည်း ရှိပါရဲ့။ အဲဒီထဲက တစ်ခုဟာ The scuole ကို ဖြတ်ပြီး ဘုရားစုမှာ စခဲ့တဲ့ အဓိက အနေနဲ့ များစွာသော သာမည ပရဟိတ(philanthropic) လုပ်ငန်း အသင်းအပင်းတွေနဲ့ အစည်းအရုံးတွေပါ။ ဂိုဏ်းတစ်ခုချင်း စီ အဲဒီရဲ့ အဖွဲ့ဝင်တွေ စုဝေးဖို့နဲ့ ကုသိုလ်ဖြစ် လုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် သုံးတဲ့ နှစ်ထပ်စည်းဝေးခန်းမ ရှိတယ်။ ဆွဲဆောက်ခဲ့သော ဂိုဏ်းကြီးတွေဟာ အလွန့်အလွန် ကြီးပွား ချမ်းသာလာပါတော့တယ်။ သူတို့အဆောက်အအုံတွေကို ခမ်းနားထည်ဝါတဲ့ ဗိသုကာအပြောက်အမွှမ်းတွေနဲ့ ဝန်းပတ် ထားတယ်။ ၁၂၆၀ ခုမှာ တည်ထောင်ပြီး မီးကြီးလောင်လို့ ၁၃၈၇-၉၅ခုမှာ ပြန်လည်တည်ဆောက်ခဲ့ရတဲ့ စန်မာကိုရဲ့ (The Great School) မှာလိုပေါ့။ ခုတော့ ဆေးရုံတစ်ရုံဖြစ်နေပါ ပြီး အဲဒါရဲ့ (trompe l'oeil) စကျင်ကျောက်ပြားရှည်ကြီးတွေနဲ့ ၁၄၇၈ ခုမှာ အစပြုပြီး ၁၅၆၀ ခုမှာ အပြီးသတ်ခဲ့တဲ့ (The San Rocco)ကျောင်းကြီးရဲ့ ဆေးခြယ်ထားတဲ့ မုန့်ပုံကွက် (panels)နဲ့ မျက်နှာကျက်တွေဟာ (Tintoretto) ရဲ့ အကောင်း ဆုံး လက်ရာတွေပါ။ (Slavic)ကုန်သည်တွေအတွက် (San Giorgio degli Schiavoni)ကျောင်းမှာ (Vittore Carpaccio)ရဲ့ အကောင်းဆုံးလက်ရာတွေ စုဆောင်းထားရဲ့။ ဗင်းနစ်အပြင်က အဓိက ပြခန်းဆောင်နဲ့ (Fine Arts)အကယ်ဒမီ၊ ၁၂၆၁ခုမှာ (San Giovanni Evangelista) ကျောင်းကို အုတ်မြစ်ချခဲ့တယ်။

ဘုရားရှိခိုးကျောင်းများ(Churches)

ဆန်မာကို(Basilica)ဘုရားကျောင်းဟာ အများပြည်သူ့ ဘာသာရေးဘဝရဲ့ ဆုံဆည်းရာပါ။ ထို့အတူ အစုအပြုံလိုက်ရှိ နေတဲ့ အခြားဘုရားကျောင်းတွေကလည်း ဗင်းနစ်မြို့တော်အခင်း အကျင်းမှာ မရှိမဖြစ်တွေပါ။ ရှားပါးတဲ့ ခေါင်းလောင်းမျှော်စင် တွေက မိုးကောင်းကင်စက်ဝန်းကို ထောင့်မှန်ကျကျ ထိုးဖောက် နေပေါ့။ တန်ဆာဆင်ထားတဲ့ မျက်နှာစာ (facades)တွေက လည်း ရင်ပြင်ရဲ့ ကျက်သရေကို တိုးစေပေါ့။ စီ ၁၃၅၀-၁၅ ရာစု အစောပိုင်းမှာ ပြန်တည်ဆောက်ခဲ့တဲ့ အနစ်တင်္ဂါသစ် လက်ရာ(Madonna dell'Orto)၊ တည်ငြိမ်ခန့်ညားလှတဲ့ ဥဏ္ဍ သစ်လောင်းခေတ်အစောပိုင်းက Santa Maria dei Miracoli (၁၄၈၁-၉၉)နဲ့ San Moisè (၁၆၆၈)ရဲ့ The Baroque ဝင့် ထည်မှုတွေရောပေါ့။

ဘုရားရိုးကျောင်းတွေထဲက ပိုမိုအထင်ကြီးလောက်ဖွယ် အဖြစ်ဆုံး(Santi Giovanni e Paolo)၊ ဒိုမီနီကန်ဘုရားကျောင်း ဟာ ဗင်းနစ်ဒေသစကားနဲ့တော့ (San Zanipolo)ပေါ့။ နှင်းဆီ ရောင် ကျောက်နဲ့ဖြစ်ပြီး ၁၂၄၆ခုမှာ အုတ်မြစ်ချခဲ့ကာ ၁၄၃၀ ခုမှာ လွှဲအပ်ခဲ့တယ်။ ကျယ်ပြန့်တဲ့ အဝှင်းပိုင်းကိုတော့ ဝတ်ပြု ရန် ရောက်လာကြတဲ့ မြို့နေ ဆင်းရဲသားအများအပြားအတွက် ဒီဇိုင်းလုပ်ခဲ့ပါတယ်။ ဒါကို ဂုဏ်သရေရှိ မိသားစုတွေကတော့ မြှုပ်နှံရာနေရာအဖြစ်သာ အလေးထားခဲ့တယ်။ များစွာသော မြို့စားတွေ အဲဒီမှာ လဲလျောင်းခဲ့ကြတယ်။ အမှတ်တရဖြစ်ဖို့ ကြွယ်ဝစွာ ပြင်ဆင်ဖန်တီးထားတဲ့ သခ်ိုင်းဂူလိုဏ်တွေလည်း ရှိရဲ့။ (Titian)နဲ့ (Giovanni Bellini)တို့ရဲ့ ပန်းချီတွေနဲ့ ဘုရား ကျောင်း ယဇ်ပလ္လင်ဟာ ၁၈၆၇ခုနှစ် မီးမှာ တချို့ ပျက်စီးသွား ခဲ့တယ်။ အကောင်းဆုံးလက်ရာအတွက် ကြာရှည် မယှဉ်ပြိုင် နိုင်ဖို့ စီ-၁၂၅၀မှာ တည်ပြီး စီ-၁၄၄၃ခုမှာ ပြီးခဲ့တဲ့ (The Franciscan Santa Maria dei Frari)ရဲ့ ကြီးမားစွာသော ဂေါသစ်ထုထည် ကြီးဟာ ရီရယ်တိုအနောက်ဘက်က ထူထပ်သိပ်သည်းစွာ အခြေချရာမြေမှာ ထွက်ပေါ်ထာခဲ့တယ်။ (Titian)ရဲ့ (Assumption) (၁၅၁၆-၁၈)ပန်းချီကားကိုတော့ အဲဒါရဲ့ ဘုရားစင်မြင့်ပေါ်မှာ၊ ဝတ်ပြုပစ္စည်းများ ထားရာအခန်းက ခမ်းနားကြီးကျယ်တဲ့ (The High Renaissance)ကာလ ဘာသာရေးပန်းချီတွေ စုဆောင်းထားမှုမှာ ပြသထားတယ်။

ဒီလို ကြီးမားတဲ့ ဂေါသစ်ဘုရားကျောင်းတွေနဲ့ ယှဉ်ပြီး သေးငယ်တဲ့ အသင်းတော် ဘုရားကျောင်းလေးတွေလည်း မြို့ပြကွက်ထဲမှာ မမြင်ချင်အဆုံးပေါ့။ The La Salute နဲ့ the Palladian ဘုရားကျောင်းတွေကို ဆန်မာကိုကနေ ရေပြင်ကို ဖြတ်ပြီး မြင်နိုင်ရဲ့။ အများစုက ဘာသာရေးဝတ်ပြုကိုးကွယ်ရာ တွေပါ။ ၁၆၃၁- ၂၃နှစ် Baldassare Longhena လက်အောက် မှာ စတင်တည်ဆောက်ပြီး ၁၆၈၃ခုမှာ ပုလိပ်ရောဂါဆေးက

www.burmeseclassic.com

လွှတ်ကင်းခဲ့လို့ ကျေးဇူးတော် ချီးမွမ်းတဲ့အနေနဲ့ ဆက်ကပ်လှူဒါန်းခဲ့တဲ့ (Santa Maria della Salute)ကိုတော့ ဆန်မာကို မြစ်ဝမ်းထဲကို ဂရင်းတူးမြောင်းပွင့်ထွက်တဲ့ မြင်ကွင်းပသာဒ ရှိရာမှာ နေရာပေးခဲ့တယ်။ အဲဒါရဲ့ တောက်ပတဲ့ အဖြူရောင် စကျင်ကျောက်သားထုဟာ ဂရင်းတူးမြောင်းရဲ့ ဂေါသစ်နန်း ဆောင်ပေါ်ကနေ ခန့်ညားထည်ဝါစွာ ငွားငွားစွင့်စွင့် ပေါ်ထွက်နေရဲ့။ ၁၅၆၆ခုမှာ တည်ဆောက်ပြီး ၁၆၁၀ခုမှာ အပြီးသတ်ခဲ့တဲ့ San Giorgio Maggiore ဘုရားကျောင်း။ Il Redentor (၁၅၇၇-၉၂)နဲ့ Le Zitelle (၁၅၈၂-၈၆)အားလုံးကို Andrea Palladio က ဒီဇိုင်းထုတ်ပေးခဲ့တယ်။ သူတို့ရဲ့ ရောမ ဂန္ထဝင်မြောက် မျက်နှာစာတွေကို (The Giudecca) တူးမြောင်းရေပြင်ကို ဖြတ်ပြီး မြင်နိုင်အောင် ရည်ရွယ်ခဲ့ကြတယ်။ ဆန်ကျော်ဂျီယိုနဲ့ La Salute တို့ဟာ ပွင့်နေတဲ့ ထုံးအိုင်ဘက်လှည့်ပြီး ဆန်မာကိုရှေ့ ရင်ပြင်ကနေ ရေထဲကို စွန်းထွက်နေကြရဲ့။ ဂူလိုင်လတိုင်း ဗင်းနစ်နဲ့ Il Redentore ကို ယာယီတံတားတစ်ခုနဲ့ ယေရှုခရစ်တော်(The Redeemer)ဘာသာရေးပွဲတော်မှာ ဆက်သွယ်ပေးခဲ့ကြတယ်။ ဒီတူးမြောင်းမှာ ပြိုးပြိုးပြက်ပြက် ရွှေရေလှေတွေနဲ့ ပြည့်နှက်သွားတဲ့ခါ မီးရှူးမီးပန်းပစ်ဖောက်ပွဲတွေလည်း ကျင်းပကြတယ်။

ဗင်းနစ်ရဲ့ ရာသီဥတု

အဲဒီနောက် ဗင်းနစ်ရဲ့ ကွေ့ကွေ့ကောက်ကောက် လမ်းကြားလေးများတွင် လျှောက်ကာ စွေးဝယ်ကြ၊ လေ့လာကြပြန်တယ်။ ပျမ်းမျှ နေ့အပူချိန် ၇၅-၈၀ ဖာရင်ဟိုက်ရှိတဲ့ ဗင်းနစ်ကို နွေရာသီမှာ လာရောက်လည်ပတ်သူများကြတယ်။ တစ်ခါတစ်ရံမှာ မြင့်မားတဲ့ စိုထိုင်းဆကြောင့် ထုံးအိုင်ကို ဖြတ်ပြီး ဖြစ်ပေါ်လာတဲ့ မြူတွေနဲ့ အဲလ်ပ်ကို မှုန်ပြိုင်းပြိုင်း မြင်ကွင်းဖြစ်စေတယ်။ နွေဦးနဲ့ ဆောင်းဦးတွေဟာ ကြည်လင်ပြီး အထူးသဖြင့် မြောက်လေတိုက်တဲ့အခါ တောက်ပတဲ့ အလင်းရောင်နဲ့အတူ အာဖရိက ကနေ ဥရောပတောင်ပိုင်းကို တိုက်ခတ်လာတဲ့ တောင်ဘက် လေပူတွေကို သက်သာစေရဲ့။ ဇန်နဝါရီလမှာ ပျမ်းမျှ ၃၆ ဒီဂရီဖာရင်ဟိုက်ရှိတယ်။ ဗင်းနစ်ဆောင်းဟာ မြူတွေ ဖုံးအုပ်ပြီး ပြင်းတဲ့ တုန်ခိုက်နေတော့ မြို့တော်ကို အထူးဘဲ ပဟေဠိဆန်တဲ့ အသွင်အပြင်ဖြစ်စေပေါ့။ နှစ်စဉ် ဖိုးရေချိန် ပျမ်းမျှ ၃၄လက်မ၊ ဂလက်မကျော်လောက် နိဝင်ဘာနဲ့ အောက်တိုဘာမှာ ရွာချတယ်။ မေနဲ့ ဇွန်လမှာတော့ (၆.၅)လက်မ ရှိပါတယ်။

ခရီးသွားလုပ်ငန်း

၁၈ရာစုအကုန်ကစလို့ ခရီးသွားလုပ်ငန်းဟာ ဗင်းနစ်စီးပွားရေးရဲ့ နှလုံးသားပါ။ ၁၉ရာစုမှာ ချမ်းသာတဲ့ သုံးနိုင်ဖြန်းနိုင် နိုင်ငံခြားသားတွေအတွက် ဇိမ်ခံဖို့ ထူထောင်ထိုက်တဲ့ The Danieli ဟိုတယ်နဲ့ ထင်ရှား ကျော်ကြားလှတဲ့ Caffè Florian လိုမျိုးတွေလည်း တိုးတက်လာပေါ့။ ဟိုတယ်လေးတွေနဲ့ ဈေးဆိုင်တွေလည်း အထူးသဖြင့် အမှတ်တရပစ္စည်းနဲ့ ကာနီဗယ်ပွဲတော်သုံး မျက်နှာဖုံးဆိုင်တွေက အဓိကလမ်းတွေ The station နဲ့ ရပ်နားကွက်လပ်တွေကနေ ရီရယ်တိုနဲ့ ဆန်မာကိုအထိ လမ်းတစ်လျှောက်က ရင်ပြင်တိုင်းမှာ စီတန်းလိုပ်။ မြို့နေ လုပ်သားအများအပြားဟာ ခရီးသွားလုပ်ငန်းနဲ့ ဆက်နွယ်ရာတွေမှာ အလုပ်ရကြတယ်။ ခုတော့ ရာသီတိုင်းမှာ အလုပ်တွေဆက်နေရဲ့။

တာဝန်ရှိသူတွေကလည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုပ်ရှားသက်ဝင်နေဖို့ အားဖြည့်ပေးကြတယ်။ ၁၉၈၀ခု အစောပိုင်းမှာ ဖေဖော်ဝါရီလတိုင်း ကျင်းပတဲ့ ရှေးဟောင်း ကာနီဗယ်ပွဲတော်(the ancient Carnival)ကို ပြန်အသက်သွင်းခဲ့တယ်။ ၂နှစ် တစ်ကြိမ် ကျင်းပတဲ့ ပွဲတွေလည်း နှစ်စေ့အောင်ကို လှည့်ပြီးလုပ်ပေးတယ်။ နှစ်တိုင်းမှာလည်း နိုင်ငံတကာက စုဝေးရောက်ရှိလာဖို့ အခြားသော အနုပညာ၊ ဗိသုကာ၊ ရုပ်ရှင်အက၊ တေးဂီတနဲ့ ဇာတ်ရုံ (Theatre) ဆိုင်ရာပွဲတော်တွေကို အလှည့်ကျ ကျင်းပပေးတယ်။ ၂နှစ်တစ်ကြိမ်ပြုလုပ်တဲ့ နိုင်ငံတကာ ဗင်းနစ်ရုပ်ရှင်ပွဲတော် (the International Venice

www.burmeseclassic.com

www.burmeseclassic.com

Film Festival)ကိုလည်း လိမ့်မှာ စက်တင်ဘာလတိုင်း ကျင်းပခဲ့တယ်။ ရုပ်ရှင်တွေကို မြို့တော်တစ်ခွင်မှာ ပြသပြီး ထောင်ဆောင်းများစွာသော သရုပ်ဆောင်တွေ၊ ဝေဖန်ရေးသမားတွေနဲ့ အခြားရုပ်ရှင်လုပ်ငန်းသမားတွေ လာရောက် ဆင်နွှဲကြပေါ့။ ဒီလုပ်ရပ်ဟာ နိုင်ငံတကာ စုစည်းရာအဖြစ် ဗင်းနစ်ကို မြှင့်တင်သလို မြို့ရဲ့ စီးပွားရေးအတွက်လည်း ခရီးသွားလုပ်ငန်းနဲ့ ပိုမို နှောင်ပြဖို့ တွဲနောင်ပေးလေရဲ့။

ပသို့ဆိုစေ၊ ခရီးသွား လူအုပ်စုကြီးဟာ မြို့တော်အတွက် ဩဿနာတွေကိုလည်း ပြန်ပေးတတ်ကြပါရဲ့။ အခြေခံအဆောက်အအုံဟာ မကြာခဏဆိုသလို၊ နှစ်စဉ် သန်းနဲ့ချီတဲ့ ဧည့်သည်ဆွေရဲ့ အလေးချိန်အောက်မှာ တကယ့်ကိုပဲ လဲကျလုမတတ် ဖိတ်ပိတ်သွားတယ်။ မြို့နေတွေဟာ ခရီးသွားလုပ်ငန်းရဲ့ လိုအပ်ချက်အရ အလွန်အမင်း မြင့်မားတဲ့ ဈေးနှုန်းတွေနဲ့ ဆော်ထည့်သိုက်တတ်ကြသတဲ့။ ကိုယ်တို့ကတော့ ကမ္ဘဏီက စီရင်ချက်နဲ့ ညနေစာကို ဗင်းနစ်မြို့တွင်းတစ်နေရာက ကြိုတင် ဘွတ်ကင်လုပ်ထားတဲ့ဆိုင်မှာပင် စားသောက်ခဲ့ကြတယ်။ တရုတ်စာဟောတ်ပါ။ ဒေသအစားအစာပင်ဖြစ်ပါတယ်။ အီတလီဝိုင်၊ ဆိုင်မုန့်နဲ့ အသားဟင်းပါပါတယ်။ အဲဒီအတွက် ကိုယ်မှာ ရင်ခုန်ရပြန်ပေါ့။ နေ့စဉ် တရုတ်ဆိုင်မှာ စားနေရတာတွေ ဆက်တော့ အတွေ့အကြုံသစ်ပေးမှာပါ။

ဗင်းနစ်မြို့ဟာ ကမ္ဘာလှည့်ခရီးသည် အလွန်များလှသမို့ မြို့ထဲမှာ တည်းခိုမယ့်နေရာ မရနိုင်ပါဘူး။ သို့မို့ကြောင့် ဗင်းနစ်မြို့က အတန်ငယ်ဝေးသော နေရာ၊ ရေပြင်ခြားနေတဲ့ အခြားတစ်ဖက်ကမ်းမှာ ရှိနေမယ့် ကိုယ်တို့ရဲ့ ခရီးသွားကားဆီကို ပြန်ရမှာပါ။ အဲဒီကားက ကိုယ်တို့ တည်းခိုမယ့် နိုဗိုတယ် (Novotel)ဟိုတယ်ကို ပို့ပေးပြီး ညအိပ် တည်းခိုကြရမယ်။ ဗင်းနစ်မှာ ညအိပ်ခွင့်ရမယ်ဆိုရင်ဖြင့် ပင်လယ်ထဲက မြို့ရဲ့ ညအလှကို ခံစားရဦးမှာပေါ့။

ဒီလို ဗင်းနစ်မြို့ကို လွမ်းလွမ်းနဲ့ ရင်သပ်ရှုမောစွာကြည့်ရှုနေစဉ်မှာ ပင်လယ်ပြင်ဘက်ရှိ မြင်ကွင်းအတွင်း ကြီးမားလှစွာသော သင်္ဘောကြီးတစ်စင်း ခုတ်မောင်းလာတာကို လှမ်းမြင်လိုက်ကြရတယ်။ ခရီးသည်အများပင် အဲဒီမြင်ကွင်းကို အာရုံရောက်သွားကြပြီး ဝိုင်းကြည့်နေကြပြန်ပေါ့။ တချို့ကတော့ ကင်မရာတွေနဲ့ ဓာတ်ပုံတွေ ရိုက်ရင်း မှတ်တမ်းတင်နေကြတယ်။ အဲဒီနောက် ဗင်းနစ်ကမ်းခြေမှာ လမ်းလျှောက်ကြရင်း နောက် ဘယ်တော့များမှ ပြန်ရောက်ရမည် မသိသော၊ သေသည်အထိ ပြန်မရောက်တော့သည်လည်း ဖြစ်နိုင်သော ဗင်းနစ်ကို နွှတ်ဆက်ကြရတယ်။ မကြာမီ စက်လှေနဲ့ပင် ဗင်းနစ်ကို နွှတ်ဆက်ထွက်ခွာကြရတော့မယ်လေ။ လေလည်း ပိုအေးလာတယ်။ ပင်လယ်ကို ဖြတ်လာတဲ့ ဒီလေဟာ ပိုကြမ်းလာသလိုပါပဲ။ နေရောင်လည်း အတန်ငယ်ညှိုးကျသွားပါပြီ။ သို့သော် အလင်းရောင်ကား ထိန်လျက်ပင်ရှိသေးရဲ့။ ဗင်းနစ်မြို့ရဲ့ မော်ဆန်တဲ့ ညနေခင်းလေးပေါ့။

ဗင်းနစ်ရဲ့ အလှကို ထိန်းသိမ်းစောင့်ရှောက်ရေး

ဗင်းနစ်ဟာ လူသားအားလုံးရဲ့ အနုပညာဝိုင်းနဲ့ ဗိသုကာဆိုင်ရာ ဘိုးဘွားအမွေအနှစ်မြို့လည်း ဖြစ်ပါတယ်။

စီးပွားရေးနဲ့ နိုင်ငံရေးအရလည်း ကမ္ဘာ့ကုန်သွယ်ရေးမှာ နှစ် ထောင်နဲ့ချီပြီး လွှတ်လပ်တဲ့ အခန်းကဏ္ဍရှိနေပါရဲ့။ ဒါပေမယ့် မြင့်တက်လာတဲ့ ပင်လယ်ရေမျက်နှာပြင်နဲ့ ဗင်းနစ်မြို့တည်ထားတဲ့ မြေတွေရဲ့ ကျွံဝင်မှုက မြို့ရဲ့ လက်ရှိအနေအထားမှာ ဆက်လက် တည်ရှိနေနိုင်မှုကို ခြိမ်းခြောက်လို့နေပေါ့။

ဒါကြောင့် ထုံးအိုင်ကို ဂရုတစိုက် ခြုံးခဲ့ချွေတာသုံးဖို့၊ ကာကွယ်ဖို့လည်း လိုပါတယ်။ ၂၀ ရာစုမှာ တူးမြောင်းတွေ ပိုနက်လာမှု၊ ပင်မမြေရဲ့ ရေအောင်းလွှာတွေကနေ ရေချို့အလွန်အကျွံထုတ်ယူသုံးစွဲမှု၊ အက်ဒရီယာတစ် ပင်လယ်မြင့်တက်မှု၊ ဘူမိဗေဒအရ ပိုးမြစ်ဝှမ်း ပိုမိုနစ်မြုပ်လာမှုတွေ အားလုံး စုပေါင်းအကျိုးသက်ရောက်ပြီး မြေမျက်နှာပြင်ကို နိမ့်ကျစေခဲ့ကာ၊ ပြင်းထန်တဲ့ ရေလွှမ်းမိုးမှု ဖန်တီးဖြစ်ပေါ်စေခဲ့တယ်။ ၁၉၆၆ခုမှာ အတော်လေး ထင်ရှားတဲ့ တိုက်ခိုက်မှုအဖြစ်၊

www.burmeseclassic.com

ဆိုဆိုဝါးဝါး ရေလွှမ်းမိုးခြင်း ကျရောက်လာတယ်။ အမျိုးသား ရေးအနေနဲ့သာမက အဆုံးစွန်ဆုံးမှာ နိုင်ငံတကာကပါ ပါဝင်ပြီး ပြဿနာတွေကို လေ့လာပြီး ဖြေရှင်းဖို့ ကမ်းလှမ်းကြတယ်။ ဗင်းနစ်ရဲ့ ဆက်လက်ရပ်တည်မှုကို ခြိမ်းခြောက်နေလို့ ရေကြီး ရေလွှမ်းတဲ့အခါ မြေငှတ်နိုင်ဖို့ ထုံးအိုင်မှာ မြစ်တားဆည်တစ်ခု တည်ဆောက်ဖို့ စိတ်ကူးတစ်ခုကို ၁၉၈၈ ခုမှာ စတင်ခဲ့တယ်။ အင်ဂျင်နီယာတွေလည်း အဲဒီထဲက စတင်ပြီး ရေပြေးပုံစံကို စမ်းသပ်လုပ်ကြတယ်။

ကျွန်းတွေပေါ်မှာ တည်ရှိနေတဲ့ မြို့ရဲ့ အနေအထားကို လည်း သမိုင်းဝင်ဌာနတစ်ခုအဖြစ်ထက်လွန်ပြီး ခေတ်သစ် မြို့ပြကျယ်ဝန်းလာမှုကို ကန့်သတ်ထားရပါပြီ။ မြို့ကို ပန္နက်ချ တည်ဆောက်ထားတဲ့ တူးမြောင်းနဲ့ ကျဉ်းမြောင်းတဲ့ လမ်း လေးတွေကလည်း မော်တော်ကားတွေ ဝင်ရောက်ခြင်းကို ကာကွယ်ထားပြီးသားပါ။ မြို့ရဲ့ ပြိုင်ဘက်ကင်းပြီး လှပကောင်း မွန်တဲ့ အဆောက်အအုံတွေနဲ့ အထိမ်းအမှတ်တွေဟာ စီးပွားရေးလွှမ်းမိုးတဲ့ ကာလကတည်းက ကြွယ်ဝစွာ ရှိနေခဲ့ တာပါ။ ထိခိုက်လွယ်လို့ သိမ်မွေ့လှတဲ့ ထိန်းသိမ်းစောင့်ရှောက် မှုတွေ လုပ်ပေးဖို့ဟာ တစ်ကမ္ဘာလုံးရဲ့ စိတ်ထက်သန်လှတဲ့ ဆန္ဒဆိုတာ အသေအချာပါ။ ခုခါမှာ ထိန်းသိမ်းစောင့်ရှောက် ရေးတွေကို မြို့တော်ရဲ့ အဆောက်အအုံတွေမှာသာမကဘဲ၊ မြို့တော်ကိုယ်တိုင်ကိုပါ တိုးချဲ့ပြီးလုပ်နေကြရရဲ့။

ဒါ့အပြင် ၂၀၀၆ခုနှစ်ခန့်မှန်းခြေအရ လူဦးရေဟာ မြို့ တွင်းမှာ (၆၁၆၁၁)ဦးနဲ့ ဒေသတစ်ခုလုံးမှာ (၂၆၈၉၃၄)ဦး ရှိပါတယ်။ ဗင်းနစ်မှာနေတဲ့ လူဦးရေအချိုးအဆဟာ ပုံမှန် လိုလို သေးငယ်လို့လာနေပါပြီ။ ၂၀ရာစုအစတုန်းက သမိုင်း ဝင်မြို့ရဲ့ ဗဟိုမှာ လူဦးရေ လေးပုံတစ်ပုံရှိခဲ့ပေမယ့် ရာစုနှစ် လယ်ကျတော့ တစ်ဝက်ကျော်ကျော်လောက်ကိုပဲ ထိန်းထား နိုင်ခဲ့တယ်။ ၂၁ရာစုစတော့ လေးပုံတစ်ပုံထက်တောင် နည်း သွားပြန်ပါတော့တယ်။ မြို့တွင်းမှာ ကြီးလေးတဲ့ စရိတ်တွေက လူတွေဟာ မြို့သစ်တွေဘက်ကို ရွှေ့ပြောင်းသွားကြတာပါ။ ဒါကလည်း ဗင်းနစ်ရဲ့ ပြဿနာတစ်ရပ်ပါပဲ။

ဗင်းနစ်ရဲ့ ဒဏ္ဍာရီ (The myth of Venice)

ဘယ်လိုပဲဖြစ်စေ၊ ဗင်းနစ်သားတွေဟာ အီတလီမှသည် ဥရောပမြောက်ပိုင်းနဲ့ အရှေ့ပိုင်းထိ ဒေသတွေရဲ့ ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်နဲ့ ယဉ်ကျေးမှု လွှမ်းမိုးချက်အမျိုးမျိုးကို တုံ့ပြန် ပြီး သတိရှိစွာနဲ့ သူတို့မြို့ကို ထူးခြားတဲ့ နေရာအဖြစ် ဒီဇိုင်း ထုတ် ပုံဖော်ခဲ့တယ်။ သူတို့က သူတို့မြို့ဟာ ဘုရားသခင်ရဲ့ နတ်ကပတော်နဲ့ ဘာသာရေးအရ သိက္ခာတော်ထပ်ရာဌာန၊ မြို့ပြနဲ့ စီးပွားရေးဘဝတွေကို သူတော်စင် စိန့်မတ်(St. Mark) ကောင်းချီးပေးရာ အသိုင်းအဝန်း၊ သူတို့ရဲ့ ပင်လယ်ထုံးအိုင် တွေက အကာအကွယ်ပေးထားတဲ့ အရပ်၊ သက်ဦးဆံပိုင် ဘုရင်စနစ်၊ အထက်တန်းလွှာ မင်းမျိုးစိုးနွယ် (aristocracy)နဲ့ ရီပတ်ဘလစ်ကင်တို့ စုစည်းပေါင်းစပ်ပြီး ဟန်ချက်ညီညီ ဖွဲ့စည်းအုပ်ချုပ်တဲ့ လွတ်လပ်ရာအရပ်လို့ သတ်မှတ်ယူဆကြရဲ့။

ဗင်းနစ်မှာ ရီပတ်ဘလစ်ကင်-ရောမကို အတုယူပြီး ဒီဇိုထက်သာအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ထားတဲ့ မြို့တော်ရဲ့ ဗိသုကာ၊ အထူးသဖြင့် ဘုဏ်းသစ်လောင်းကာလ လက်ရာ တွေ ရှိတယ်။ ဗင်းနစ်ရဲ့ ကြီးကျယ်လှတဲ့ ဓလေ့ထုံးတမ်းတွေ ဖြစ်တဲ့ ဒေါဂီမြို့စား နန်းတော်ကနေ ဘုရားကျောင်းအထိ စီတန်း လှည့်လည်ပွဲတွေလည်း ရှိတယ်။ ဒါ့အပြင် နှစ်စဉ် ကျင်းပမြဲဖြစ်တဲ့ မြို့စားရဲ့ ပင်လယ်နဲ့ လက်ထပ်ပွဲ (The Marriage with the Sea)လည်းရှိရဲ့။ ပင်လယ်ထဲက မြို့ဖြစ်လို့ မြို့စားမင်းကလည်း ပင်လယ်နဲ့ သစ္စာနံထားရပါတယ်။ အဲဒီ လက်ထပ်ပွဲအချိန်မှာတော့ မြို့စားဟာ ရွှေလှက်စွပ်တစ်ကွင်း ကို သစ္စာရှိခြင်းနဲ့ အမြဲထာဝရ စိုးမိုးအုပ်ချုပ်နိုင်ခြင်းရဲ့ သက်သေ ခံတစ်ခုအဖြစ် ပင်လယ်ထုံးအိုင်ထဲ ပစ်ချပြီး ဗင်းနစ်ရဲ့ ဒဏ္ဍာ ရီကို အများပြည်သူသိအောင် ဖော်ကျူးကြတာဇတ္တလည်း ရှိပါတယ်။ သမိုင်းဆရာတွေကတော့ ဒါတွေကို ဗင်းနစ်ရဲ့ ဒဏ္ဍာရီလို့ ညွှန်းဆိုကြတယ်။

စက်လှေခေါ်ဆောင်ရာကို လိုက်ပါရင်း ကိုယ်ကတော့ ညနေရီ နေရောင်အောက်မှာ ဝေးကျန်ရစ်ခဲ့တဲ့ ဗင်းနစ်မြို့ ကြီးကို မခွဲချင် ခွဲချင်နဲ့ နှုတ်ဆက်ခဲ့ပါတယ်။ တကယ်ပဲ ပင်လယ်ရေပြင်ပြန့်ပြန့်ကြီးမှာ မှန်ချပ်ပေါ် တင်ထားသလို ထုနဲ့ ထည်နဲ့ ရှိနေတဲ့ ဗင်းနစ်မြို့ကြီးပါပဲလား။ အံ့သြဖွယ် မော်ဝင်နေတဲ့ မြို့ သက်ပြင်ရိုက်သံ တံတားနဲ့ မွန်းကျပ်ဖွယ်မြို့ ကွန်ဒိုလာလေ့ရဲ့ ညက်ညောစွာ လော်ခတ်မှုနဲ့ လေ့ထိုးသား တွေ ရွတ်ဆိုတဲ့ အီတာလျံ ရှေးရိုးလက်ာ စီးမျောတဲ့ မြို့ ကမ္ဘာပေါ်မှာ ဘယ်ဟာဥမ္မ တိုက်မှာ မစိုးရွံရာဘဲ လွတ်လပ်စွာ လမ်းလျှောက်နိုင်တဲ့ မြို့၊ ပူပြင်းလှတဲ့ မီးရှိန်နဲ့ ဖလံမှုတ် ပညာထဲက ဖူးပွင့်လာတဲ့ ဖန်ပန်းအလှတွေနဲ့ ပင်လယ်ဆားနံ့ သင်းတဲ့ မြို့၊ ပင်လယ်နဲ့ လက်ထပ်ထားတဲ့ မြို့စားမင်း အားလုံးဟာ အိပ်မက်လိုပါပဲ။ တစ်ခါတစ်ရံမှာ အိပ်မက်က မနိုးချင်တဲ့ ဆန္ဒတွေ ရှိတတ်ပေမယ့် ဗင်းနစ်အိပ်မက်ကတော့ ကိုယ်မနိုးထချင်ဆုံး အိပ်မက်တစ်ခုဖြစ်မှာပါ ■

ကိုအေးမြင့်

စာကိုး

- (Venice)(Merchant of Venice),(Venice Film Festival), (Venice majolica), (Summertime), Encyclopædia Britannica, 2013.

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅၊ သြဂုတ်လအတွက်

နာမကျရဆန်း အထူးဟောစာတမ်း

ဂန္ဓီရ ဆရာလှမျိုး
(B.Sc)

တနင်္ဂနွေနံအကျရာ

(အ၊ အာ၊ ကြ၊ အိ၊ အီ၊ ဥ၊ ဥူ၊ ဧ၊ ဩ) စသည့် "အ" အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် လူမျိုးခြား၊ နိုင်ငံခြား၊ မင်းစိုးရာဇာနှင့် ဆက်နွယ် ပူးတွဲပေါင်းစပ်အလုပ် အကျိုးပြုမည်။ နာရီ၊ ထီး၊ ဖနပ်၊ အထည်၊ ဓာတ်ပစ္စည်းများ စသည့် စနေနံပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ အစီအစဉ်မရှိဘဲ ခရီးတစ်ခုသွားရမည်။ ညာရေးကံဇာတာကောင်းမည်။ အချစ်ရေး ကံခေနေမည်။ ချစ်သူနှင့် ယာယီခွဲနေရမည်။ အိမ်ထောင်ရေး စိတ်သောကကြုံရမည်။ လက်အောက်ငယ်သားအတွက် စိတ်ညစ်ရမည်။ ဘာသာရေးအမိဓာန် မပျက်မကွက်ပြုလုပ်ပါ။ မိဘနှစ်ပါးကျန်းမာရေး သတိုက်နေရမည်။

ကောင်းကျိုးပြုယတြာ - မိတ်ဆွေတစ်ဦး(ခမမိတ်ဆွေတစ်ဦး)အား ပိတောက်သားပုတီးတစ်ကုံးလျှူလိုက်ပါ။

တနလာနံအကျရာ

(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် မိမိဆောင်ရွက်နေကျအလုပ် ပုံမှန်လုပ်ပါ။ ငွေရင်းနှီးမြှုပ်နှံမှု မပြုလုပ်သင့်သေးပါ။ အိမ်မှာ မနေချင်၊ အလုပ်ထဲမှာ မပျော်ဖြစ်နေမည်။ အလုပ်ထွက်/ပြောင်းလျှင် ပိုဆိုးသွားမည်။ ပညာရေး၊ ဘာသာရေး နိုင်ငံရေးအသင်းအဖွဲ့များတွင် ပါဝင်လှုပ်ရှားရမည်။ မိတ်ဆွေဆရာသမားထံမှ အကူအညီရမည်။ ပညာရေးဆိုင်ရာ လုပ်ငန်း သင်တန်း အောင်မြင်မည်။ လက်အောက်ငယ်သား ဒုက္ခပေးမည်။ မိခင်ကျန်းမာရေးညံ့မည်။ ခွေး၊ ကြောင် ထွက်သွားလျှင် ကောင်းသည်။ ချစ်သူနှင့် ခွဲခွာနေရမည်။ အိမ်ထောင်ဘက် ကျန်းမာရေးညံ့မည်။

ကောင်းကျိုးပြုယတြာ - တနလာနေ့တိုင်း ခွေး၊ ကြောင်၊ ခိုတို့ကို အစာကျွေးပါ။

အင်္ဂါနံအကျရာ

(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် လုပ်ငန်းနှစ်မျိုးပြုလုပ်ရခြင်း၊ တာဝန်နှစ်ခုယူရခြင်း ကြုံတွေ့ရမည်။ ရတာ မလို၊ ထိုတာ မရဖြစ်နေတတ်သည်။ စပ်တူရွယ်ယာလုပ်ကိုင်ရမည်။ ရွှေ၊ ရေ၊ ဝါး၊ ဝက်၊ ယွန်းထည်၊ အဝတ်အစားလုပ်ငန်းများ အကျိုးအမြတ်ခံစားရမည်။ ငွေ၊ ကားအတွက် စိတ်သောကကြုံရမည်။ စက်ပစ္စည်း၊ ဆိုင်ခန်း၊ စိန်၊ စာအုပ် ထွက်မည်။ မြေဝင်ကိန်းရှိသည်။ ငွေဝင်လျှင် ဘဏ်မှာ အပ်ထား၊ မြေဝယ်ထားပါ။ အိမ်ပတ်ဝန်းကျင်တွင် ပဋ္ဌာန်းရွက်ဆိုသံကြားရပါက အောင်ဘာလေထီထိုးပါ။ အချစ်ရေး စိတ်မအေးဖြစ်နေရမည်။

ကောင်းကျိုးပြုယတြာ - မွေးနံထောင့်တွင် ရွက်လှ (၁၇)ညွှန့်လျှပါ။ ဘုရားရေသပ္ပာယ်ပါ။ ရေလှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူးနံအင်္ဂါရာ

(ယ၊ ရ၊ လ၊ ဝ၊ ဿ) နှင့် စသော အမည်ပိုင်ရှင်များ...

ဤလတွင် လုပ်ငန်းအသစ်တစ်ခု စတင်ပြုလုပ်ရမည်။ လုပ်ငန်းတိုးချဲ့ ပြောင်းလဲခြင်း ကြုံတွေ့ရမည်။ ဝန်ထမ်းဆိုပါက အစိုးရအမိန့်ဖြင့် ပြောင်းလဲရခြင်း ကောင်းသည်။ ကွဲကွာနေသော မိသားစုနှင့် ပြန်လည်ဆုံတွေ့ရမည်။ အထက်လူကြီး အကြီးအကဲ၏ အပြစ်တင်တာ ခံရမည်။ စိတ်ငြိမ်အောင် ထား။ စိတ်ရှည် သည်းခံနေပါက ပြဿနာမဖြစ်ပါ။ အချစ်ရေးထက် ပညာရေးကို ဦးစားပေးပါ။ ချစ်သူ၏ လိမ်လည်လှည့်ဖြားခြင်း ခံရမည်။ အိမ်ထောင်ဖက်အလုပ် အဆင်မပြေ၍ အိမ်တွင်းရေး စိတ်ပူပန်နေရမည်။ ယာယီအခိုက်အတန့်သာ ညံ့ခြင်းဖြစ်ပါသည်။ ကျန်းမာရေး စိုးရိမ်စရာမလိုပါ။

ကောင်းကျိုးပြု ယတြာ - မိမိနေအိမ်တွင် ဓာတ်ကြီးလေးပါးဆွမ်း တစ်ရက်လှူလိုက်ပါက တစ်အိမ်လုံး ကောင်းသွားပါမည်။

ကြာသပတေးနံအင်္ဂါရာ

(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ...

ဤလတွင် အကြံအစည်အောင်မြင်မည်။ စိတ်ဆွေ ဆရာသမားထံမှ အကူအညီရမည်။ ပညာရေးဆိုင်ရာ လုပ်ငန်းဟူသမျှ အဆင်ပြေမည်။ ပြည်တွင်းပြည်ပခရီးဝေးသွားလာရပါက ငွေကြေး၊ ဓာတ္တုဂ်စာတမ်း တစ်ခုခုပျောက်တတ်သည်။ သတိထားသွားပါ။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောလုပ်ငန်း ကောင်းမည်။ အဆက်အသွယ်ကောင်းရမည်။ အိမ်ခြံမြေအရောင်းအဝယ်ကိစ္စ အဆင်ပြေမည်။ အနီးကပ်ရန်၊ လူယုံ သတိထားပါ။ ဤလတွင် ကြာသပတေးနှင့် စနေနံကောင်းသည်။ ပူးတွဲပေါင်းစပ် အဆောင်အဖြစ် အသုံးပြု လှူဒါန်းပေးပါက ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝပါမည်။

ကောင်းကျိုးပြုယတြာ - ပိတောက် (၁၂)ညွှန့် ဘုရားလှူပြီး ဖယောင်းတိုင်အဖြူ (၅)တိုင်ပူဇော်၍ (၅၇၊ ၇၅)အတွဲ ထီထိုးပါ။

သောကြာနံအင်္ဂါရာ

(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ...

ဤလတွင် အကြံအစည်လွဲချော်နေတတ်သည်။ အပြိုင်အဆိုင် အတိုက်အခံကြုံရမည်။ တစ်ယူသန် တစ်ဖွတ်ထိုး ခေါင်းမာခြင်း မပြုပါနှင့်။ ဝန်ထမ်းအလုပ် ရာထူးတိုးမည်။ ပညာရေး၊ ဘာသာရေး၊ နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားရမည်။ အကြီးအကဲနှင့် အဆင်မပြေ။ လက်အောက်ငယ်သား ဒုက္ခပေးတတ်သည်။ ကား၊ စက်ပစ္စည်း၊ ကျောက်၊ ငွေ စသည့် တန်ဖိုးနံများ ထွက်မည်။ မိဘအကြီးအကဲတစ်ဦး ကျန်းမာရေးညံ့မည်။ သားသမီးပညာရေးအတွက် ဂုဏ်ယူရမည်။ ချစ်သူနှင့် သဘောထား ကွဲလွဲမည်။ အိမ်ထောင်ဖက်နှင့် စကားများ အဆင်မပြေဖြစ်မည်။

ကောင်းကျိုးပြုယတြာ - မွေးနံထောင့်တွင် ထန်း၊ ဒန်း၊ ခနဲ စနေနံတစ်မျိုးမျိုး (၁၀)ညွှန့်လှူပါ။ ဗုဒ္ဓါဂုဏ်တော် နေ့စဉ် ပုတီး (၉)ပတ်စီပါ။

စနေနံအင်္ဂါရာ

(တ၊ ထ၊ ဒ၊ ဓ၊ န၊ ၌) နှင့် စသော အမည်ပိုင်ရှင်များ...

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ လုပ်ငန်းအသစ်ပြုလုပ်ရခြင်း။ လုပ်ငန်းအပြောင်းအလဲကြုံတွေ့ရမည်။ လူမျိုးခြား နိုင်ငံခြားနှင့် ဆက်နွယ်သောအလုပ် ပူးတွဲပေါင်းစပ်လုပ်ကိုင်ရမည်။ ဘာသာမတူ လူမျိုးနှင့် တွဲလုပ်ရသောကိစ္စ သတိထား ဆောင်ရွက်ပါ။ ငွေဝင်သော်လည်း မိသားစုကျန်းမာရေးအတွက် ပြန်ထွက်တတ်သည်။ ငွေချေးငှားခြင်း။ အကြွေးအပေး အယူကိစ္စ ရှောင်ပါ။ သူတစ်ပါးကိစ္စ ကြားဝင်ကူညီခြင်း မပြုပါနှင့်။ ချစ်သူ၏ လိမ်လည်လှည့်ဖြားခြင်း ခံရမည်။ အိမ်ထောင်ဖက် ကျန်းမာရေးညံ့နေမည်။ အိမ်မပတ်ဝန်းကျင်တွင် ပဋ္ဌာန်းရွတ်သံကြားရပါက ကောင်းသော နိမိတ်ဟု ယုံကြည်ပါ။

ကောင်းကျိုးပြုယတြာ - ကြာသပတေး၊ စနေ တစ်ပတ် နှစ်ရက် ထောပတ်ထမင်း၊ ထောပတ်ပါသော မုန့်၊ ပဲနို့ တစ်မျိုးမျိုး ဘုရားကပ်လှူပါ။ (၅၇၊ ၇၅)အတွဲပါသော အောင်ဘာလေထီထိုးပါ။

ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ

*****

www.burmeseclassic.com

www.burmeseclassic.com

အိုပယ်ဘဝမှ လွတ်ကင်းစေသော သရဏဂုံ ဂါထာပြန်

ရောမြေ ကျော်ဝေ

စာရေးသူတို့ ဟသ်တပြိုန္နယ်၊ စာရေးဆရာအဖွဲ့ဝင်တို့သည် နှစ်စဉ် နှစ်ပတ်လည်အသင်းကြီး၏ အစည်းအဝေးကို ကျင်းပပြီးစီးတိုင်း ရုံကြီးရပ် "အောင်ပိုင်"လက်ဖက်ရည်ဆိုင်တွင် စုပေါင်း၍ ဆုံဆည်းကြပါသည်။ လပတ်အစည်းအဝေးထက် နှစ်ပတ်လည်အစည်းအဝေးကြီးက လူစုံပါသည်။ သုတ ရသ စုံလင်စွာဖြင့် နှစ်သက်ရာ ဂန္ဓိရစာပေများကိုလည်း ဆွေးနွေးကြပါသည်။ "နွံနှာဦး"ဆိုသူ ကဗျာဆရာကြီးက ဟသ်တပိုင် တလတ္ထော်ကျေးရွာတွင် နေသဖြင့် စာရေးဆရာအဖွဲ့ဝင်များက အပြန်ခက်ခဲမည်စိုးသဖြင့် ဆိုင်ကယ် ကယ်ရီဖြင့် ပြန်စေသလို၊ ရွှေကျွန်းမောင် (ခမောက်စု)နှင့် မင်းမြင့်နိုင် (ဘူးသီးတောင်)တို့ကလည်း ခမောက်စုတွင် နေထိုင်ကြသဖြင့် ရထားအခီပြန်ရန်အတွက် လက်ဖက်ရည်ပင် မသောက်တော့ဘဲ အဖွဲ့ဝင်များကို နှုတ်ဆက်ပြီး ခပ်သုတ်သုတ်ပင် ထွက်ခွာသွားကြလေသည်။

ဆုံနေကျ "အောင်ပိုင်"လက်ဖက်ရည်ဆိုင်တွင် မဂ္ဂဇင်းအသီးသီး၌ သုတ ရသစာပေများ၊ ဂန္ဓိရစာပေများကို ရေးသားဖော် ရေးသားဘက်များသည် လက်ဖက်ရည်တစ်ခွက်၊ မုန့်တစ်ခုဖြင့် မှတ်သားစရာ ဗဟုသုတရဖွယ် စကားများကို ဆွေးနွေးခြင်း၊ ဝေဖန်ခြင်း၊ အကြံပြုခြင်းများဖြင့် အချိန်ကို ၂နာရီကျော်ခန့်ကုန်ပြီးမှ ဆိုင်ကယ်ကိုယ်စီဖြင့် မိမိတို့နေအိမ်သို့ အသီးသီးပြန်ခဲ့ကြပါသည်။ တစ်နေ့တာ၏ နှစ်ပတ်လည်အစည်းအဝေးသည် အလွန်ပျော်စရာကောင်းလှပါ၏။ လူငယ်

www.burmeseclassic.com

စာရေးဆရာများကို ဝါရင့် စာရေးဆရာကြီးများက ဆုံးမ သြဝါဒပေးသလိုး လူငယ်များကလည်း ဝါသနာတူ စာပေ အနုပညာရှင်ကြီးများကိုလည်း မဂ္ဂဇင်းများတွင် ဆက်လက် ရေးသားပေးပါရန် အားပေးတိုက်တွန်းကြပါသည်။

လူအိုပေမယ့် စာပေပညာက မအိုပါ။ အိုယယ်ဟူသော စကားသည် လူသားအချင်းချင်း အဆင့်အတန်းခွဲခြားတတ် သော ဓလေ့စရိုက်များမှ ထွက်ပေါ်လာသော စကားစုဖြစ် သည်။ ဆင်းရဲချမ်းသာခွဲခြားခြင်းနှင့်လည်း ဆိုင်သည်။ ရာထူး ဂုဏ်ရိုနှိပါဝါနှင့်လည်း ဆိုင်သည်။ စာပေပညာသည်ကား အဆင့်အတန်းမခွဲခြား။ ဆင်းရဲချမ်းသာ အလေးမထား။ စာပေ သမားအချင်းချင်း ရင်းနှီးချစ်ခင် အကျွမ်းတဝင်ဖြစ်ခြင်းက အိုခြင်း၊ ပျိုခြင်းမရှိ။ လူသားထဲက စာပေသမားတွေကတော့ အဆင့်အတန်းမခွဲခြားသည်မှာ စာပေသမားတို့၏ ကိုယ်တွေ့ ဖြစ်သည်။ ယုံကြည်ချက်လည်း အပြည့်အဝရှိကြသည်။ မဂ္ဂဇင်းစာမျက်နှာပေါ်တွင် မိတ်ဆွေစာရေးဆရာတို့၏ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို့ကို အနည်းနှင့် အများ ဖော်ပြပါရှိလာ လျှင် တွေ့ကြုံသူတို့က အားပါးတရ ဖုန်းနှင့်တစ်သွယ်၊ အချို့လည်း လူကိုယ်တိုင်ပင် ဝမ်းသာစွာဖြင့် သွားရောက်၍ ဘယ်လက ဘယ်မဂ္ဂဇင်းမှာ ဆရာရဲ့ ဆောင်းပါး၊ ဝတ္ထုတို ပါလာပြီ စသည်ဖြင့် ပင်ပန်းမှုကို ဘေးဖယ်ထားပြီး အိမ်တိုင် ရာရောက် ပြောကြားသော စာရေးဆရာတို့ကိုလည်း လေးစားမိပါ၏။ စာမူခ အနည်းနှင့် အများ ရရှိကြပေမယ့် မဂ္ဂဇင်း၏ စာမျက်နှာပေါ်တွင် မိမိ၏ စာမူပါလာပါက စာရေး သူတို့အဖို့ ဝမ်းသာကြည်နူးခြင်းက အတိုင်းထက်အလွန်ပင်။ ပြည်သူကို စာပေဖြင့် အကျိုးပြုနိုင်ခဲ့ခြင်းကို ဂုဏ်ယူမိခြင်း ပင်ဖြစ်ပေသည်။

စာရေးသူသည် တစ်ချိန်က အပျော်တမ်း စာရေးဆရာ တစ်ယောက်အဖြစ် စာပေများကို ရေးသားလျက်ရှိပါသည်။ တစ်နေ့တွင် စာရေးသူ၏ ညီဖြစ်သူ ပန်းမြိုင်လယ် စိန်ဝင်းက အိမ်ကို အလည်လာရင်း...

"အစ်ကိုကြီး...မင်း စာရေးဆရာအသင်းဝင်ပါလား။ ဒီမှာ ကျွန်တော် အသင်းဝင်ပြီးတဲ့ ကဒ်ရလာပြီ"

ဟု စာရေးသူကို ပြပါသည်။ "မြန်မာနိုင်ငံ စာရေးဆရာ အသင်းအဖွဲဝင်ကတ်"ဟု ရေးသားထားပါသည်။ ဥက္ကဋ္ဌမှာ ဦးတင်လိုင်(လယ်တွင်းသား စောချစ်) ဖြစ်ပါသည်။ စာရေးသူ က...

"စာရေးဆရာအသင်းဝင်တာတော့ ဟုတ်ပါပြီ။ ဘယ် လို အခွင့်အရေးတွေ ရမှာလဲ။ ငါ ခဏခဏ အစည်းအဝေး မတက်ချင်ဘူး။ အစည်းအဝေးတက်ရတာ ဝန်ထမ်းဘဝ ဌာန ဆိုင်ရာကတည်းက ငြီးငွေ့နေပြီ"

ဟု ဆိုသောအခါ ပန်းမြိုင်လယ် စိန်ဝင်းက...

"စာရေးဆရာအဖွဲဝင်ကဒ်က တို့မြို့နယ်တွင်သာမက၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံး အကျွမ်းဝင်တယ်။ စာရေးဖို့ အတွက် အခြားမြို့နယ်တွေကိုပဲ သွားသွား၊ အသင်းဝင်ကဒ် ကလေးရှိထားတော့ စာရေးဖို့ အခက်အခဲမရှိဘူး။ အစစ အဆင်ပြေတယ်။ မုတ်ပုံတင်နဲ့ စာရေးဆရာကဒ်ရှိထားရင် မြန်မာပြည်အနှံ့သွားလို့ရတယ်။ ပြင်ပလူနဲ့ စာရေးဆရာက ကွာတာပေါ့။ အသိအမှတ်ပြု စာရေးဆရာဆိုတာ ခွင့်ပြုချက် ရှိရင် ဓာတ်ပုံကအစ ရူထောင့်အမျိုးမျိုးမှာ ဖော်ပြလို့ရတယ်။ ဥပမာ - ဘုရားစေတီပုထိုးတို့၊ ဂန္ဓိရဆန်တဲ့ ဖြစ်ရပ်ဆန်းတို့၊ လူ၊ ရဟန်း၊ သိမ်၊ ကျောင်းတို့က အစပေါ့"

ဟု ပန်းမြိုင်လယ် စိန်ဝင်းက ပြောသောအခါ စာရေး သူသည် ဓာတ်ပုံရိုက် ဝါသနာရှင်တစ်ဦးဖြစ်သည်နှင့်အညီ ဂန္ဓိရဆန်းကြယ်မဂ္ဂဇင်းတွင်လည်း ဝတ္ထု၊ ဆောင်းပါးရေးနေ သူဖြစ်သဖြင့် စာရေးဆရာအသင်းဝင်ကဒ်ကို စိတ်ပါဝင်စား စွာ လုပ်ခဲ့သလို၊ တပည့်များကိုလည်း အသင်းဝင်ကဒ်ပြု လုပ်ရန် တိုက်တွန်းခြင်းဖြင့် အသင်းအင်အားတောင့်တင်းစေ ပါသည်။ စည်းလုံးမှုသည် အင်အားပင်မဟုတ်ပါလား။

◈◈◈

တစ်နေ့ စာရေးသူထံသို့ စာရေးဝါသနာပါသူ မိတ်ဆွေ တစ်ဦး အလည်ရောက်လာပါသည်။ စာရေးသူက...

"ကျွန်တော်တို့အရွယ်တွေက အိုပယ်ဟေ့ ဖြစ်နေပြီ လေ။ အသက် ၆၀ ကျော်ရင် မည်သူမျှ ခင်ဗျားတို့၊ ကျွန် တော်တို့ကို အရေးမလုပ်ကြတော့ဘူး။ ကိုယ်နဲ့ လက်တွဲပြီး အလုပ်အတူလုပ်ခဲ့ကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေကလည်း လက်ရှိ ဝန်ထမ်းတွေဆိုတော့ လမ်းမှာ တွေ့တာတောင် အခေါ်အပြောမလုပ်ချင်ကြဘူး။ တရားသဘောနဲ့ တွေးကြည့် ရင် အိုပယ်ဘဝ၊ ကြောင်အိုတော့ ကြွက် မလေးဆိုသလို ဖြစ်နေပြီပေါ့"

မိတ်ဆွေက...

"မင်းကမှ တော်ပါသေးတယ် ကျော်ဝေရာ။ ငါတို့ဆို နေစရာ ကိုယ်ပိုင်မြေက လက်တစ်ဝါးတောင် မရှိဘူး။ သား သမီးနာမည်နဲ့ လိုင်းခန်းထဲ ကပ်နေရတော့ ဌာနဆိုင်ရာ လူကြီးကိုလည်း ကြောက်ရသေး။ ဒီကြားထဲ သားသမီးတွေ က မပြေလည်တော့ စိတ်ဆင်းရဲ၊ လူဆင်းရဲဘဝနဲ့ အရွယ်

www.burmeseclassic.com

ဆုတဲ့ အိုပယ်ဘဝဖြစ်နေရတာပေါ့။ မင်းက တစ်မိပေါက် တစ်ယောက်ထွန်းဆိုသလို၊ မင်းသားကြီးက နေစရာ စားစရာ ပျောင်ရအောင် မိဘတွေကို စိတ်ချမ်းသာအောင် ထားတာ ပြောလောက်ပါပေ့။ ငါတို့ မင်းသားကြီးအကြောင်းကို မကြာခဏ ချီးမွမ်းရသေးတယ်။ မင်းတို့က ကုသိုလ်ကံအထူး ဆောင်းပါတယ်ကွာ။ အိမ်ဆိုလည်း ကျောင်းကန်နားနီးသလို၊ ဘုန်းသီလလည်း စောင့်ရတာ အဆင်ပြေတာပေါ့။ မိဘကို စိတ်ချမ်းသာအောင်ထားတဲ့ မင်းတို့ရဲ့ သားကြီးက ရာထူးဌာန ထက်ဦးမယ်။ ကြီးပွားချမ်းသာဦးမယ်။ အသက်လည်း ရှည်ဦးမယ်။ သူတော်ကောင်းတွေနဲ့လည်း တွေ့ဦးမယ်။ ဆောင်ဘဝအတွက်လည်း သူက နတ်ပြည်ဘုံဗိမာန်မြင့်မြင့်နဲ့ နေရဦးမှာပါကွာ။ ဒါ့ထက် ကျော်ဝေ၊ မင်းသားသမီးအကျိုး ခံစားရတာ ဘယ်လို ဂါထာတွေ၊ ဂုဏ်တော်တွေကို ရွတ်လို့ ဝဲ"

ဟု မိတ်ဆွေက မေးသောအခါ စာရေးသူကလည်း-

"ကျွန်တော်က အမေသင်ပေးထားတဲ့ သရဏဂုံ ဂါထာပြန်ကို တစ်နေ့ကို ကိုးခေါက်ရွတ်တယ်လေဗျာ။ အဲဒီ အကျိုးကျေးဇူးတွေက ယခုဘဝမှာပဲ လက်ငင်းအကျိုးပေးတယ်ဗျ။ ညအိပ်ရာဝင်တိုင်း အနန္တောအနန္တင်းပါးကို မမေ့ဘူး။ ဦးတိုက် အိပ်တယ်။ ကံငါးပါးကို လုံအောင်ထိန်းတယ်။ ဝါတွင်း ဥပုသ်သီလမပျက်စောင့်တယ်လေဗျာ။ မှတ်မှတ်ရရ ခင်ဗျားကို ကျွန်တော်ပြောပြဦးမယ်။ ကျွန်တော့်ဇနီးမှာ သားကြီးကိုယ်ဝန်ရှိစကတည်းက အိမ်က ဘုရားမှာ ပန်းပွင့်ဖြူဖြူလေးတွေကို ပန်းကန်ပြားထဲထည့်ပြီး နေစဉ်လှူတယ်။ ဆုတွေလည်း တောင်းတယ်။ သားယောကျ်ားလေးဖြစ်ပါစေ၊ ကိုယ်အင်္ဂါများလည်း ပြည့်စုံစွာ ပါရှိပါစေလို့ မိဘတို့ရဲ့ ထုံးစံအတိုင်း မေတ္တာစေတနာအပြည့်နဲ့ပေါ့။ သားကြီးမွေးပြီးကတည်းက ဒီဟာရေးလည်း အဆင်ပြေတယ်။ လစာ (၈၂)ကျပ်နဲ့ ကြွေးမတင်အောင် စားတတ်တယ်။ အရက်မသောက်၊ ဖဲမရိုက်တတ်သလို၊ ကွမ်းစား ဆေးလိပ်လည်း မသောက်တတ်တော့ အိမ်ကို ညေ့သည်လာတောင် တာဝန်မကျေဖြစ်မိတဲ့။ ကျွန်တော်တို့က ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားလို့ အခေါ်ခဲရမှာ ရှက်တယ်။ ကျွန်တော် အရက်သမား၊ ဖဲသမားဆို အလွန်မုန်းတယ်။ အပေါင်းအသင်းလည်း မလုပ်ဘူး။ သူတို့က သောက်သောက်စားစား လူမင်းသားတွေတဲ့။ ကျွန်တော့်ကို တော့ မသောက်မစား လူငှားတဲ့။ ဒါပေမယ့် ကျွန်တော် သူတို့ကို စိတ်မဆိုးပါဘူး။ လူလိမ္မာအမျက် အပြင်မထွက်နဲ့ ဆိုသလို သည်းခံပြီးနေလိုက်တယ်။ နောက် သိပ်မကြာပါဘူး၊ သူတို့ဘဝနဲ့ သူတို့အကြောင်း၊ သေသူက သေ၊ အလုပ်ပြုတ်သူက ပြုတ်သွားကြတာ။ သူ့ကိုကို မသနားပေမယ့် သူတို့ကို မီခိုပြီး စားသောက်နေရတဲ့ သားစုတွေကိုတော့ ကိုယ်ချင်းစာစိတ်နဲ့ သနားမိပါရဲ့။ ဒီလိုကလည်း ကံ-ကံရဲ့ အကျိုးပေးတွေပါပဲ"

ကျွန်တော် ဒီစကားပြောပြီးနောက်သည် တည်ခင်းထားသော လက်ဖက်ပွဲနှင့် ရေနွေးကြမ်းကို မိတ်ဆွေရှေ့သို့ တိုးပေးပြီး...

"စကားလည်း ပြော၊ လက်ဖက်လည်း စား၊ ရေနွေးသောက်"

ဟု ဆိုသောအခါ မိတ်ဆွေက လက်ဖက်တစ်ဇွန်း၊ ရေနွေးတစ်ခွက်သောက်ပြီး လက်မှ နာရီကို ကြည့်ပြီး...

"အချိန်က မစောတော့ဘူး သူငယ်ချင်း။ ငါလည်း လမ်းကြုံတာနဲ့ မင်းအိမ်ကို ဝင်လာတာ။ ဒါ့ထက် ကျော်ဝေ၊ မင်း စောစောက ပြောတဲ့ မင်းအမေသင်ပေးထားတဲ့ သရဏဂုံဂါထာပြန်ကို ငါလိုချင်တယ်ကွာ။ ငါ့ကို စာရွက်တစ်ရွက်နဲ့ ရေးပေးကွာ"

ဟု ဆိုသောအခါ စာရေးသူကလည်း လွယ်ကူစွာ ရေးပေးလိုက်ပါသည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဂစ္ဆာမိ ဗုဒ္ဓံ သရဏံ။
ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဂစ္ဆာမိ ဓမ္မံ သရဏံ။
သံဃံ သရဏံ ဂစ္ဆာမိ၊ ဂစ္ဆာမိ သံဃံ သရဏံ။

ဒုတိယမြို့၊ တတိယမြို့ဟူ၍သာ ဆက်၍ ရွတ်ဆိုပြီး မိတ်ဆွေက စာရွက်ကို သေချာစွာ ခေါက်လျက် အိတ်ကပ်ထဲသို့ ထည့်ပြီး စာရေးသူကို နှုတ်ဆက်၍ ပြန်သွားလေတော့သည်။

မိတ်ဆွေပြန်သွားပြီးနောက် စာရေးသူ စဉ်းစားမိပါသည်။

"မင်းကမှ တော်ပါသေးတယ် ကျော်ဝေရာ။ ငါတို့ဆိုနေစရာကိုယ်ပိုင်မြေက လက်တစ်ဝါးတောင် မရှိဘူး။ စိတ်ဆင်းရဲ လူဆင်းရဲဘဝနဲ့ အရွယ်မလွတဲ့ အိုပယ်ဘဝဖြစ်နေရတာပေါ့" ဟူသော စကားကို အထပ်ထပ်အခါခါပင် ပြန်လည်ကြားယောင်နေမိပါတော့သည်။

အမည်မဖော်လိုသော သူငယ်ချင်းတစ်ယောက် အိုပယ်ဘဝမှ လွတ်ကင်းပါစေ ■

ရောမြေ ကျော်ဇေး

www.burmeseclassic.com

www.burmeseclassic.com

နပျိုကျန်းမာ အသက်ရှည်စေရာ

နတ်မောက် မှတ်ကျောက်

လူတိုင်း၏ တူညီနိုင်သော ဆန္ဒမှာ နပျိုကျန်းမာ၍ အသက်ရှည်ရှည်နေလိုကြခြင်းဖြစ်သည်။ သို့သော် ယနေ့ခေတ် လူငယ်၊ လူရွယ်၊ လူလတ်၊ လူကြီးအချို့ပါ ဆေးလိပ်ကွမ်းယာ၊ အရက် စသည့် တစ်မျိုးမဟုတ် တစ်မျိုး စွဲလမ်းစွာ သုံးစွဲနေကြပါသည်။ ဆေးလိပ်၊ ကွမ်းယာ၊ အရက်သည် အူသိမ်အူမ၊ အဆုပ်အသည်းများကို များစွာထိခိုက်ပျက်စီးစေသည်။

ရောဂါသီ ဆေးရိုးသည်ဆိုသကဲ့သို့ အရွယ်နှ ရုပ်ပျိုစေရန်အတွက် လုပ်ဆောင်ရမည့် နည်းလမ်း၊ မှီဝဲရမည့် ဆေးနည်းကို တင်ပြအပ်ပါသည်။

* နေ့စဉ် အိပ်ရာမှ နံနက်စောစောထလျှင် ဆားကို လက်ဖက်စားဇွန်းတစ်ဝက်ခန့် ရေကျက်အေး တစ်ဖန်ခွက်နှင့် ဖျော်သောက်ပေးပါ။ အူလမ်းကြောင်းမှ အစာအိမ်မှ မလိုအပ်သော ရောဂါပိုးအဆီများကို ချေဖျက် သန့်ရှင်းစေပါမည်။

* မျက်နှာကို ရေကြည် ရေအေးနှင့် ဦးစွာ မျက်နှာသစ်ပြီးမှ သွားတိုက်ပါ။ သွားပိုမိုခိုင်မာပြီး မျက်နှာကြည်လင်စေပါသည်။

* ညအိပ်ရာမဝင်မီ ရေနွေး ခပ်နွေးနွေးတွင် လက်ဖဝါး၊ ခြေဖဝါးများကို ၁၀မိနစ်မှ ၁၅မိနစ်ခန့်အထိ စိမ်ပြီး ရေများ ခြောက်အောင် အဝတ်နှင့် သုတ်ပါ။

ထို့နောက် ဘုရားဂုဏ်တော်ကိုးပါးကို (၉)ခေါက်၊ သမ္မာဒ္ဓေါဂါထာတော်ကို (၉)ခေါက်ရွတ်ပွားပြီးမှ အိပ်ရာဝင်ပါ။

ကောင်းသော အိပ်မက်၊ ကောင်းသော အိပ်စက်ခြင်းများနှင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာလာပါမည်။

မှီဝဲရန် ဆေးဝါးအဖြစ်က···

* ကျောက်သွေး တစ်ကျပ်ခွဲသား။
* ငှက်သိုက် တစ်ကျပ်သား။
* ဘုမ္မရာဇာ ငါးကျပ်သား။
* ရှဉ့်မတက်ဥ ခြောက်ကျပ်သား။
* ဒဟတ်သကိုင်း ဆယ့်နှစ်ကျပ်သား။
* နဲ့သာနီ တစ်ကျပ်ခွဲသား။
* နဲ့သာဖြူ တစ်ကျပ်ခွဲသား။
* ဝိတ်ချင်းသီး ငါးမူးသား။
* ဇာသီး သုံးမတ်သား။
* ဇာပွင့် သုံးမတ်သား။
* ပရန္ဒဝါဥ ခြောက်ကျပ်သား။

အထက်ပါ ဆေးအမည်များသည် အမှုန့်ပြုပြီး ဟူးရည်နှင့် အလုံးလုံး၍ရအောင်နယ်ပြီး ဆီးစေ့ခန့် လုံး၍ နေလှန်းပါ။ တစ်လုံးနှင့် တစ်လုံး ပူးကပ်ခြင်းမရှိတော့မှ ဖန်ဘူးတွင် ထည့်ထားပါ။ နံနက် တစ်လုံး၊ ည အိပ်ရာဝင် တစ်လုံး ရေအေး အဝေသောက်၍ မှီဝဲသွားပါက အထူးပင် နပျိုလန်ဆန်းစေပါသည်။

(မှတ်ချက်။ အထက်ပါ ဆေးအမည်များကို မန္တလေးမြို့ ပရဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီး ဆေးမှုန့်ဖြစ်သည့်အထိ ဆောင်ရွက်ပေးသော ဆိုင်များ ရှိပါသည်။) ■

နတ်မောက် မှတ်ကျောက်

*****

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး တိုင်းရင်းဆေးပါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ(တိုး) ၁၀၂၄

ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ

ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး

လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေဖော် စာရေးဆရာများ ဆုံကြသည်။ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ပိုင်းတည်းတွင် ဆွေလိုက်ရသည်။ ကိုမင်းဆွေက···

"လာ···ထိုင်၊ ကိုဇော်ရဲနိုင်။ မတွေ့ရတာ ကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ။ ခင်ဗျားက တိုင်းရင်းဆေးတွေအကြိုက်သူဆိုတော့ ကျွန်တော်တို့သုံးယောက် ခံစားနေရတဲ့ ဝေဒနာအတွက် အကူအညီတောင်းချင်လို့ပါ"

"ဘဝတူ ရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့ အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ။ ကျွန်တော်တို့သုံးယောက် ဆီးနဲ့ ပတ်သက်တဲ့ ဝေဒနာတွေ ခံစားနေရတယ်။ ဒါပေမဲ့ ဖြစ်စဉ်တူသလိုလိုနဲ့ ဆန်းနည်းကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော့်ဆီးရောဂါနဲ့ ပတ်သက်တဲ့ ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်။ ဘယ်သူက ဘယ်လိုလက္ခဏာတွေ ဖြစ်တယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်။ နေပူမိုးရွာမရောင်သွားတဲ့သူတွေ အပူအစပ်အနှံ ချုပ်စာတွေ လွန်ကဲစွာ စားတဲ့သူတွေ၊ မေထုန်မှု လွန်ကဲသူတွေ၊ အညောင်းထိုင်မှု များတဲ့သူတွေဟာ ဆီးပူညောင်းကျဆုံးဖြစ်တတ်တယ်။ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ပိုးကောင်လေးများ သွားနေသလို ရွှဲရွှဲဖြစ်ပြီး ယားတတ်တယ်။ တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လို ကျလာတတ်တယ်။ ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်းတဲ့သူ၊ သုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ်တတ်တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီး မကြာခဏသွားပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး ဆီးသွား အားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်း ယားယံခြင်း လက္ခဏာတွေ ခံစားရတတ်တယ်။ ဆီးအောင့် ဆီးချုပ်ရောဂါကို အခြေခံပြီး သည်းခြေ၊ လေ ဒေါသနှစ်ပါးကြောင့် သလိပ်ဒေါသလွန်ကဲတဲ့ ကျင်ငယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်ကပ်က စပြီး ဆီးအိမ်တိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ခေါ်တာပဲ။ ကျောက်တည်ရောဂါဖြစ်တော့မယ်သူရဲ့ ဆီးဟာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ အာခဲစွာ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ အစားအစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်။ ကဲ-ခင်ဗျားတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြောပြကြပါ"

ကိုမင်းဆွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့ တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာနဲ့ တူပြီး ကိုကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့ တူကြောင်း ပြောပြကြပြီး ···

"ကဲ - ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခုလောလောဆယ်တော့ **ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြား**ကို နီးစပ်ရာ မြန်မာဆေးမျိုးစုံဆိုင်များမှာ ဝယ်ယူသောက်လိုက်ပါ။ **ကိန္နရဝတီဆေးတိုက်က ထုတ်တဲ့ ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးပြား**ဟာ ဆီးချိရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ ဆီးကျဉ် ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ သုက်လွှတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် ကာမစိမ်မှန် ပြဿဒေါခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သဲ့သဲ့သာပျောက်ကင်းစေတတ်ဗျ။ ကျွန်တော်မိတ်ဆွေ **ဆရာ ဦးလှိုင်မြင့်က ကြက်လည်ဆံ ဆီးဆေး**ထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေကို ဦးစားပေးကုသနေတာဆိုတော့ အဲဒီ **ဆရာ ဦးလှိုင်မြင့်ရှိတဲ့ ကန္တရဝတီဆေးတိုက်**ကို သွားပြီး ဆရာနဲ့တိုင်ပင်၊ ဆေးစား ဆေးကုသရင် ခင်ဗျားတို့ ခံစားနေရတဲ့ ဝေဒနာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ။ **ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေး**ရဲ့ ဆောင်ပုဒ်လည်း မှတ်ထားဦးဗျို့။ **ဆီးရောဂါမှန်သမျှ ပျောက်ကင်းချမ်းသာစေရမည်··· ကိန္နရီ···**တဲ့ဗျာ။

ပင်ရင်းဌာန– ကန္တရဝတီဆေးတိုက်
အမှတ် (၇၄၁)၊ ဓနသိဒ္ဓိလမ်း၊ (ဂ)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာအေး)၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁-၄၀၃၇၉

www.burmeseclassic.com

စိတ္ဓာဉ်စိုးသော ကျား

မင်းဂဲကော်

"ဆရာကြီးတို့ ··ကျွန်တော်တို့ ဒီရွာမှာ တပ်စခန်းအသစ် စခန်းထိုင်မှာ ပနော့"

"ဟုတ်ပါတယ် အဘ။ ဒါကြောင့် အဘတို့ ရွာလူကြီးတွေနဲ့ လာတွေ့ ပြီး မိတ်ဆက်တာပါ။ ကျွန်တော်က တပ်ကြပ်ကြီး ကျော်မင်းပါ။ အောက်မှာ လုံခြုံရေးယူထားတာက တပ်ကြပ်ကြီး ကျော်ဆွေ၊ နောက်စခန်းမှာ ဒုတပ်ကြပ် ဖိုးခွေးဆုတဲ့ ခဲရာသုံးယောက်ပါ။ စခန်းထိုင်ရတာက သောင်းကျန်းမှု နဲ့ပဲမေယ့်

www.burmeseclassic.com

အစ်လော ဘိန်းမောင်ခို အဖွဲ့ နောက် ဆောက်စိမ်းသယ်အဖွဲ့ တွေ ရှိတယ်လို့ ကြားမကြာ သတင်းရလို့ လမ်းကြောင်း ပိတ် ရှင်းလင်းရတဲ့ တာဝန်ပါ။ ဂိုးသား ဘဲ့ ရွာသားတွေကို ဖမ်းပြီး ဘိန်းသယ်၊ ဆောက်သယ်ခိုင်း၊ ရွာထဲဝင်ပြီး ရိက္ခာ သယ်၊ ဝယ်တယ်ဆို တာထက် အခမဲ့ ဆောင်းပေးနေရတယ်ဆိုတာ ကျွန်ုပ်တို့ သိပြီးသား ပါ အဘ"

"ဟုတ်တာပ၊ ဟုတ်တာပ။ အများဆုံးကတော့ ရှမ်းပိုင်းက ရိက္ခာ အတွက် စုဆောင်းပေးရတယ်။ ကချင်ပိုင်းက သူတို့ပစ္စည်းတွေထမ်းပြီး နယ်စပ်အထိ ပို့ရတာပ။ အခကြေးငွေ ဘာညာ မရပနေဘူး"

"စိတ်မရှိနဲ့နော် အဂုံး (ကချင်သို့ အဖေဟု ခေါ်ခြင်း)။ အဂုံးတို့က ဘိုက်ဆံအခကြေးငွေပေးရင် လုပ်ပေးမှာ ထား"

"ရော်...မလုပ်...မလုပ်၊ သေနတ်တွေ ကြောက်တာပအေး"

မန်လုံရွာကြီး၏ တစ်ဦးတည်း သောသူကြီး ရှမ်းပိုင်းမှ အသက် ၆၈ နှစ်ရှိ ဘိုးတော် ဦးစိုင်းကျောက်ဖနှင့် ရှမ်းလူကြီးများ။ ကချင်ပိုင်းမှ ဆလန်ဝါ (ရွာလူကြီး) ဦးလဘန်နော်နှင့် လူကြီးများ အားလုံးပေါင်း အယောက် ၃၃ ယောက်အား ကျွန်တော်တို့ ရိက္ခာထမ်း လက်ဖက်ရည်ဖျော်ကာ မိတ်ဆက်ပွဲပြုလုပ်စဉ် သူကြီး ဦးစိုင်းကျောက်ဖ မှလည်း ခေါ်ပတ်ကြောင့် သူအိမ်ကြီး၏ အပေါ်ထပ်တွင် ညှဉ်ခံ၏။

"ကျွန်တော် တစ်ခုမှာပါရစေ။ အခင်းကိစ္စပါ။ ဗမာစောစော၊ ရှမ်းတောပြန်ဆိုတဲ့ စကားပုံရှိပါတယ်။ ဒါပေမယ့် ဒီရက်ပိုင်းက စပြီး ညဉ့်အချိန်မတော်တို့ မနက်စောစောတို့ ကျွန်တော်တို့ ကင်းပုန်း လှည့်ကင်းထွက်မှာပါ။ မမှား သင့်တာတွေ မမှားရအောင်ပေါ့။ အရေးကြီးရင် ကျွန်တော်တို့ကို အကြောင်းကြားပါ။ နေ့ညမပြတ် ကူညီပေးမှာပါ"

"ကောင်းတာပအေး။ ဝမ်းသာတာပ။ ရော်...လဘန်နော်ပအေး၊ နင့်အဝိုင်းကို ပြောထားပ။ စောစောကြီးလည်း တောင်ယာမထွက်နဲ့။ ဝိုးချုပ်မှလည်း မပြန်ကြနဲ့။ စောစောပြန်ကြတာပအေး"

"ရော်...ယောက်ဖ သူကြီး၊ နင်တို့ရွာပြီးက ညောင်စောက်လမ်းအကြောင်းလည်း ဆရာကြီးတို့ကို အသိပေးတာပနော့။ ငါတို့က အဲဒီလမ်းကို မသုံး၊ တောင်ပေါ်လမ်းကို သုံးတာပနော့"

"ဟုတ်ပ...ဟုတ်ပ။ လဘန်နော်ပြောမှ သတိရတာပ ဆရာကြီး။ ရွာပြီးက ညောင်စောက်ချောင်းနဲ့ ချောင်းအတက်မှာ ဟိုဟာကျန်းတာပ။ အန္တရာယ်ကြီးတာပနော"

"ဗျာ...ဘာများလဲ သူကြီးရဲ့"

"ယောက်ဖ သူကြီး၊ နင် အတာပ။ ပြောစရာရှိ တည့်တည့်ပြောတာပဆိုး"

"အေးပါဟ၊ ပြောတာပ"

သူကြီး ဦးစိုင်းကျောက်ဖနှင့် ကချင်အဝိုင်းမှ ဆလန်ဝါ ဦးလဘန်နော်တို့နှစ်ယောက် အချီအချပြောသံကို ကျွန်တော်တို့ နားထောင်နေကြ၏။ ဘာကိစ္စမှန်းမသိ၊ ရွာပြီးလည်း ပါသည်။ ညောင်စောက်ချောင်းနှင့် ချောင်းအတက်တဲ့၊ ဘာများပါလိမ့်။ ထိုစဉ်-

"တခြားမဟုတ်ပနော့။ ဒီ မန်လုံရွာကြီးရဲ့ ရွာပြီးပ။ အနိပ္ပိုင်းမှာ ညောင်စောက်ချောင်းရှိတာပ။ ချောင်းအတက်မှာ..."

"ရော်...ခက်တာပ"

"ပြောမှာပ။ ညဉ့်အချိန်မတော်ဖြတ်သွားရင် အသေဆိုးနဲ့ သေကြတာပ။ နှတ်ကြမ်းတာပလို့ ပြောပေမယ့် နတ်မကြမ်းခဲ့ သရဲကြမ်းတာပ။ သရဲက အစွယ်ပြူးနေတာကို သေသူတွေ ပြန်ပြောပြတာပနော့"

"ဗျာ...သေသူတွေက ဘယ်လို ပြန်ပြောလဲ။ မသေခင် သေအံ့ဆဲဆဲမှာ သတိရပြီး ပြောတာလား"

"မဟုတ်...မဟုတ်၊ သရဲသတ်လို့ သေပြီးမှ ပြောပြတာပ"

"အဘာ...မရှင်းဘူး။ အသေးစိတ် ပြောပြပေးပါ"

"ပြောရတာပ။ ဟိုး လွန်ခဲ့တဲ့ နှစ်ပေါင်း လေးငါးဆြောက်ဆယ်လောက်က နယ်ချဲ့တွေကို တော်လှန်ရင်း ထွက်ပြေးလွတ်မြောက်လာတဲ့ ကုမ္ပဏီထွား ဆိုတဲ့ လုံသမားတစ်ယောက် ရောက်ခဲ့တာပ။ သိရသလောက်ကတော့ မြောက်ပိုင်း ရှမ်းပြည်ဘက်ကနေ ရောက်လာတာပ။ ကုမ္ပဏီထွား မြန်မာသားလို့ သူကိုယ်သူပြောတာပ။ တစ်ခုထူးတာပနော့။ သူရင်ဘတ်နဲ့ နောက်ကျောမှာ ဘီလူးခေါင်းပုံ အစွယ်ကြီးတွေကားကား ဆေးမင်ကြောင်ထိုးထားတာပ။

သူဟာ အပြီး တုတ်ပြီးတဲ့အပြင် ယမ်းမကူး၊ သေနတ်ပါ ပြီးတာပနော့။ လူကွဲပြီး ရောက်လာတော့ နယ်ချဲ့တွေကလည်း သူ့နောက်ကို လိုက်တာပ။ ရွာတွေမှာ အသေရရ၊ အရှင်ရရ သတင်းပဲ ပေးပေး၊ ဆုငွေပေးမှာပလို့ ပြောတာပ။ နယ်ချဲ့တွေဟာ သူ့ကို တော်တော်ကြောက်တာပအေး။ သူက လည်း ကြမ်းမှကြမ်း။ နယ်ချဲ့မှန်ရင် အရှင်မထားဘူး။ နောက်ဆုံး လူသားစားတဲ့အထိ ဆိုးတာပ။ ဒီရွာပတ်ဝန်းကျင်က ရွာတွေဟာ ကုမ္ပဏီ လူသားမြန်မာသားကို ကြောက်တော့ မပြောရဲ

www.burmeseclassic.com

www.burmeseclassic.com

ဘူး။ အဲဒီတော့ နယ်ချဲ့တွေက ရွာသားတွေကို ရိုက်နှက်သတ်ဖြတ်လာတယ်။ အဲဒီတော့မှ အဲဒီ ဂုမ္ဘက် ထွေးဟာ အဖမ်းခံတာပ။

အင်း···နယ်ချဲ့တွေက ဘယ်လို သတ်လို့မှ မသေတော့ စအိုထဲကို သပ်ထိုးရိုက်ပြီးသတ်မှ သေဆုံးရတာပ။ သူသေဆုံးတဲ့ ညမှာပဲ နယ်ချဲ့တွေ အောင်ပွဲခံနေချိန်မှာ ဘီလူးကြီး တစ်ကောင် ချက်ချင်းရောက်လာပြီး အဲဒီနယ်ချဲ့ (၁၀)ဦးကို သတ်ဖြတ်ပစ်တယ်။ အလောင်းတွေကို ညောင်စောက်ချောင်းအတက် ကုန်းပေါ်မှာ စုပြုထားတယ်။ နောက်ဆုံး အရိုးတွေဟာ ညောင်စောက်ကမ်းပါးမှာ ညောင်မြစ်တွေနဲ့ ရောပြီး ကုန်းတစ်ဝက် ရေတစ်ဝက်ဖြစ်နေတာပနော့"

ကျွန်တော်တို့ ငယ်ငယ်က ပုံပြင်ပြောပြလေ့သော ကျွန်တော့်အတိုးဆန်းအား ပြန်သတိရမိ၏။ အဘိုးပြောသည့် သူပုန်လို့ သတ်မှတ်ခြင်းခံရသော ဂဠန်ဆရာစံ သူရဲကောင်းကြီးအကြောင်း၊ သူ၏ တပည့် ဂဠန်တပ်ဖွဲ့ဝင် သူရဲကောင်းများအကြောင်းဖြစ်သည်။

"သူကြီး···အဲဒီ ဂုမ္ဘက် ထွေးမြန်မာသားဆိုတာ ဘာဖြစ်လို့ အဖမ်းခံလိုက်တာလဲ။ ဟို ရွာသားတွေကို နှိပ်စက်လို့ဆိုတာရော မှန်သလား"

"အင်း···အဘတို့ ပြောတာပနော့။ ရွာသားတွေက အားကိုးတာပ။ ဒါကို နယ်ချဲ့တွေ သိပြီး နှိပ်စက်သလို၊ သူမှာ အသက်လည်းရ၊ ပြေးစရာလည်း အင်အားမရှိလို့ အသေခံရင်း အဓိဋ္ဌာန်ပြုတာပ။ သူသေပြီးရင် နယ်ချဲ့အားလုံးကို ဝိညာဉ်ဘဝကနေ သတ်ပါရစေ။ သတ်နိုင်မည်ဆိုပါက ယခုပင် မိမိအသက်ကို လဲရဲ့ညည်ဟု ဆိုပြီး ဆုံးသွားလို့ အဲဒီနယ်ချဲ့ (၁၀)ဦးကို ဝိညာဉ်က သတ်တာပနော့"

"အဲ့ဩစရာပဲ အဘ။ ဒါ့ထက် အခု အဘတို့ပြောနေတာက အဲဒီ ညောင်စောက်ချောင်းနဲ့ အတက်မှာ ဟိုဟာကျန်းတယ်၊ အန္တရာယ်ကြီးတယ် ဆိုတာကရော အဘ"

"ပြောရတာပနော့။ သေဆုံးသွားတဲ့ နယ်ချဲ့တွေ လုံးဝ မကျွတ်ပ။ သူတို့ကလည်း ရွာသားတွေကြောင့်ဆိုပြီး အခဲမကြေဘဲ ဖြတ်သွားဖြတ်လာတွေကို ခြောက်လှန့်တာပ။ အများဆုံးကတော့ ကျားယောင်ဆောင်ပြီး ရွာသားတွေကို ကိုက်ဖြတ်ကြတာပအေး"

"အဘတို့တ ဘာမှမလုပ်ဘူးလား"

"ရော်···ဘုန်းတော်ကြီးတွေပင့်ပြီး ပရိတ်ရွတ်လည်း မရ၊ ခက်တာပ"

"ကောင်းပါပြီ။ ကဲ···ကျွန်တော်တို့ ပြန်မယ်။ ဒီည အဲဒီ ရွာပြီးက ညောင်စောက်ချောင်းနဲ့ အတက်ညောင်ပင်ကြီးမှာ ကင်းပုန်းချမယ်။ သူကြီးနဲ့ ဆလန်ဝါ တစ်ယောက်မှ မလာကြပါနဲ့နော်"

"ရော်···ရော်"

"ဗျာ"

"ဟုတ်တာပ။ ဆရာကြီးတို့ ဒီနေ့မှ ရောက်တာပ။ ဒုက္ခဖြစ်မှာစိုးတာပနော့။ အခြေအနေကြည့်သေးတာပအေး"

"ရပါတယ် ဆလန်ဝါ ဦးလဘန်နော်။ စိတ်မပူပါနဲ့။ ရွာသူကြီးတို့က ဘုရားရယ်၊ ရွာဦးနတ်ကြီးရယ်ကို အားကိုးအားထားရှိသလို၊ နတ်ကိုးကွယ်သူတွေမို့ ရိုးရာနတ်ပဲ အားထားတာကောင်းပါတယ်။ ဒီအန္တရာယ်ကို ဂျွန်တော်တို့ ရှင်းလင်းပေးပါရစေ"

"ဝမ်းသာတာပ။ အန္တရာယ်အများကြီးပနော့။ ဆရာကြီးတို့ ဂရုစိုက်ကြတာပ"

"ကောင်းပါပြီ သူကြီး။ ဟို ဘိန်းသယ်၊ ကျောက်စိမ်းသယ်အဖွဲ့ သတင်းရရင်တော့ ချက်ချင်း သတင်းပို့ပေးပါ သူကြီး"

"စိတ်ချတာပနော့။ ကိုကိုတို့ ဂရုစိုက်ကြတာပအေး"

"စိတ်ချပါ အဘ၊ ကဲ···ခွင့်ပြုပါဦး"

"ဟုတ်···ဟုတ်၊ ဖြည်းဖြည်းသွားတာပ"

ရှမ်းထုံးစံအတိုင်း သက်ကြီးရွယ်အိုများက လူငယ်လူရွယ်များကို ကိုကို ဟု ခေါ်ခြင်း၊ ပြန်ရန် နှုတ်ဆက်သော အခါဝယ် ဖြည်းဖြည်းသွားတာပ ဆိုသည့် ချစ်စရာ ရိုးရာ ယဉ်ကျေးသိမ်မွေ့သော စကားများကို ကြားရပြီး ကျွန်တော်တို့ စခန်းသို့ ပြန်ခဲ့ကြသည်။

◈◈◈

ညစာစားပြီးသည်နှင့် တပ်ကြပ်ကျော်ဆွေနှင့် တပ်စိတ်တစ်စိတ်ထားခဲ့ပြီး ကျွန်တော်နှင့် ဒုတပ်ကြပ် ဖိုးဇေတို့ ဦးစီးလျက် တပ်စိတ်နှစ်စိတ် ခရီးစတင်ထွက်ခဲ့ပါပြီ။ အခိုက ညောင်စောက်ချောင်းနှင့် ချောင်းအတက်က ညောင်ပင်ကြီးဆီသို့။

စစ်သားနှင့် တစ္ဆေ သရဲကား အမြဲယှဉ်ပြိုင်နေရဆဲ၊ လက်တွဲနေရဆဲလို့ ဆိုရပါမူ မမှားပါ။ သရဲရှိ၍ မသွားနိုင်ဟု ဆုံးဖြတ်၍ မရ။ သရဲမိုင်းကုန်းအလောင်းတွေအကြား ညဉ့်နက်သန်ခေါင် နေရထိုင်ရ၊ အိပ်ရ။ မိမိစစ်သည် အလောင်း။ ရန်သူ့အလောင်းတွေကြား နေထိုင်ခဲ့ရပေါင်းလည်း မရေမတွက်နိုင် ခြောက်လှန့်မှုတွေကို တွေ့ကြုံခဲ့ကြ၍ မရ၊ ထားရာနေ၊ စေရာသွား မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

စခန်းတစ်ခုတွင် ရန်သူမှ လာတိုက်ခိုက်စဉ် မိမိ၏ ကင်းစခန်းမှ ပြန်လည်ခုခံတိုက်ခိုက်ရင်း ရဲဘော်တစ်ဦး ကျဆုံးခဲ့သည်။ ရန်သူကား ရေဆက်မတိုးနိုင်။ ထိုစဉ် မိုးလင်းပိုင်း သုံးနာရီခန့်တွင် ရန်သူများက တိတ်တဆိတ် အမှောင်ထုတွင်းမှ ချဉ်းကပ်စဉ် ကျဆုံးသွားသော ရဲဘော်၏ ဝိညာဉ်က ကင်းတဲအမိုးပေါ်မှ နေ၍ ရန်သူအား ကျီဖိုးသေနတ်ဖြင့် ဆီးကြိုပစ်ခတ်၏။ ထို ရဲဘော်ဝိညာဉ်၏ ပစ်ခတ်မှုကြောင့် စခန်းတစ်ခုလုံး အသက်ဝင် လှုပ်ရှားနိုင်ခဲ့သလို၊ ကင်းတဲခေါင်မိုးတွင် မီးပွင့်များ လင်းလက်နေသော ဝိညာဉ်၏ ပစ်အားကို ကောင်းစွာ တွေ့ခဲ့ရပါသည်။

ညောင်ပင်ကြီးပတ်ပတ်လည်နှင့် ချောင်းအစပ်တို့တွင် သုံးယောက်တစ်တွဲ ကင်းပုန်းချထားပြီး ဆရာဖိုးခွေးနှင့် လှအောင်မှာ လှည့်ကင်း၊ ကျွန်တော်နှင့် တပ်သား ရဲမြင့်မှာ အလွန်ဆွေးလှန်သည့် ညောင်ပင်ကြီး ခြေရင်းတွင် နေရာယူထားစဉ်...

"ဆရာကြီး"

"အင်း"

"အသံကြားတယ်၊ ညောင်ပင်ကြီးအခေါင်းထဲက ထင်တယ်"

"ဘာသံလဲ"

"တက်ခေါက်သံမှ တက်ခေါက်သံအစစ်"

"အေး၊ ငါလည်း ကြားတယ်"

ထိုစဉ် ဆရာဖိုးခွေးနှင့် တပ်သား လှအောင်တို့နှစ်ယောက် ရောက်လာသည်။ သူတို့ လှည့်လည်စစ်ဆေးစဉ် တွေ့ကြုံရသော အချက်များ၊ သတင်းများကို ဖောပို့သည်။

"ဆရာကျော်ရေ...ထူးတော့ ထူးတယ်ဗျ။ လူစကားသံတွေ ကြားရတယ်။ ဘာသာကွဲ စကားတွေလိုပဲ၊ ဗိုလ်လိုလည်း မပီမသ"

"ဆရာ ဖိုးခွေးက ဗိုလ်လိုတတ်လို့လား"

"ခွေးကောင် ရဲမြင့်၊ ငါ ကိုးတန်းအောင်တဲ့အထိ ကျောင်းနေခဲ့တာကွ။ တတ်သင့်သလောက် တတ်တယ်။ မိတ္ထီလာသားကွ"

"ကဲ - ဟေ့ကောင် ဖိုးခွေး၊ ဘာတွေထူးသေးလဲကွ"

"ငါ့အထင်တော့ မကျွတ်မလွတ် တာတွေ အမှန်ပဲ"

"ကဲ...ထားပါတော့၊ မနက်မှ ဆက်"

"ဝုန်း...ဝေါင်း..."

"ဟာ...ရေထဲမှာ...ရေထဲမှာ ကျားကြီး"

"မပစ်ကြနဲ့၊ မပစ်ကြနဲ့"

ကျွန်တော်က အတင်းအော်ပြီး ဖိုးခွေးက လက်နှိပ်ဓာတ်မီးဖြင့် ကျားကြီးကို မီးထိုးပြပေး၏။ ကျွန်တော်က သေနတ်ပြောင်းဖြင့် ကျားကြီးအား ချိန်ထားစဉ် ကျားကြီးက ကုန်းပေါ် ပြန်တက်၍ ကျွန်တော်တို့ကို လန့်ပြီး အောက်ဘက်လျှိုထဲ ပြေးဝင်သွားလေ၏။

ထိုကျားကြီးကား လူသားစားနေကျ ကျားကြီးဖြစ်ပေမည်။ သို့သော် လူအင်အားများသလို၊ သူ့ထက် နေရာယူကောင်းထားသည့်အတွက် တစ်ခုခုအား ခုန်အုပ်ပါသော်လည်း မဖိလိုက်ဘဲ ရေထဲ ထိုးကျခြင်းသာ ဖြစ်လေသည်။ ထိုကျားကြီးအား ကျွန်တော် ခွင့်မလွှတ်ချင်ပါ။ အထက်မှ ကျွန်တော့် အားမှာ ကြားထားသည်မှာ "မင်းက မုဆိုး၊ ပစ်စရာရှိ ပစ်။ ဒါပေမယ့် ကျား၊ ကျားသစ်၊ တောင်ဆိတ်တွေကို မပစ်နဲ့။ အန္တရာယ်ကို လွတ်အောင် ရှောင်။ နောက်ဆုံး ရှောင်မရမှ ပစ်" ဆိုသော အမိန့်ကိုပြင့် ကျွန်တော် လိုက်နာထားရသည်။



www.burmeseclassic.com

ကျွန်တော် အထိုင်ပြောင်းလိုက် ရပါပြီ။ သက်မဲ့ဝိညာဉ် မကောင်းဆိုး ဝါးများအား ပစ်ခတ်မည်ဆိုပါက မုဆိုး ဒူးထောက်အနေအထားဖြင့် ပစ်မှ နိုင်၏။ သားကောင်ပဲ ဖြစ်ဖြစ်၊ မကောင်း ဆိုးဝါး ဝင်ရောက်ပူးကပ် စီးနေပါက မုဆိုး ဒူးထောက်အနေအထားသည် ဆရာကြီးများအပြော နားဝင်းပိတ်ဟုဆို၏။ စအိုအား ဖနောင့်ဖြင့် ပိတ်၍ အသက်ရှူရပ်ကာ ပစ်ခတ်ရ၏...

"ဟာ...ဟာ...ဆရာကျော်၊ ဟို...ဟို...ညောင်ပင်ပေါ်မှာ၊ ဟိုမှာ ဘာကောင်ကြီးလဲ"

"အေး၊ အသာနေ"

ကျွန်တော် အထိုင်ပြောင်းလိုက် ရပါပြီ။ သက်မဲ့ ဝိညာဉ် မကောင်းဆိုး ဝါးများအား ပစ်ခတ်မည်ဆိုပါက မုဆိုး ဒူးထောက်အနေအထားဖြင့် ပစ်မှ နိုင်၏။ သားကောင်ပဲ ဖြစ်ဖြစ်၊ မကောင်း ဆိုးဝါး ဝင်ရောက်ပူးကပ် စီးနေပါက မုဆိုး ဒူးထောက်အနေအထားသည် ဆရာကြီးများအပြော နားဝင်းပိတ်ဟု ဆို၏။ စအိုအား ဖနောင့်ဖြင့် ပိတ်၍ အသက်ရှူရပ်ကာ ပစ်ခတ်ရ၏။ ယခု ထိုနည်းအတိုင်း အထိုင်ပြောင်းလိုက် သည်နှင့် ဘာကောင်းမှန်း မသိရလေ သော မည်းမည်းနက်နက် အကောင် ကြီးအောက်သို့ ခုန်ချလိုက်သည်နှင့် ကျွန်တော်၏ သေနတ်ပြောင်းဝမှ...

"ဒိုင်း...ဒိုင်း..."

နစ်ချက်ပစ်ခတ်လိုက်၏။ အကောင်ကြီးမှာ မြေပြင်မရောက်မီ ပစ်ခတ်ခံရသည့်အတွက် အရှပ်ကြီး ပြတ်ကျလာသည်ကို အားလုံးအတွေ့ အောက်ရောက်တော့ ထ,ခုန်ပြန်၏။ ဒီတစ်ခါမှာတော့ ထင်ထင်ရှားရှားတွေ့ လိုက်ရသည်မှာ တောမုဆိုး ကျားကြီး။

"ဆရာကျော်...ကျားကြီးဗျ"

"မဟုတ်ဘူး ဆရာ ဖိုးခွေး၊ သား ကောင်ဗျ၊ ဟင်းစားရပြီ"

"ဗျာ..."

ထိုအကောင်ကြီးမှာ တုတ်တုတ် မျှ မလှုပ်တော့ပါ။ ကျွန်တော်တို့လက် တွင် ရှိကြသော လက်နှိပ်ဓာတ်မီးများ ဖြင့် ထိုးကြည့်လိုက်တော့ ကျွန်တော် ပြောသည့်အတိုင်းပင် တောမုဆိုးကျား လုံး၀ မဟုတ်တော့ဘဲ အစွယ်ပြူးပြူး ဖွေးဖွေးနှင့် မည်းမည်းနက်နက် တော ဝက်ထီးကြီးတစ်ကောင်ပင်။

"တောက်...မဖြစ်နိုင်တာပေါ့ ဗျာ။ တောဝက်က သစ်ပင်ပေါ် ရောက် ပါ့မလား။ ကျားဆိုတာ ခဲလက်ခံပါတယ် ဆရာကျော်"

"ဟုတ်တယ် ဆရာ ဖိုးခွေးရေ။ ဒါမျိုး အများကြီးကြုံပါတယ်။ တောစီး နေတာလေ။ ရွာသားတွေ သေကြေ ပျက်စီးတာလည်း ကျားနဲ့ တော့ပဲဗျ။ တောစီးပြီး ကျားကိုက်တာလေ။ လူ တွေအမြင်က ကျားမထင်ပဲ မကောင်း ဆိုးဝါး အစုလိုက်အပြုံလိုက်သေဆုံး သွားသူတွေရဲ့ ဝိညာဉ်စီးထားတော့ ကျားလို့ မမြင်ဘူး။ ကျွန်တော်သိတယ်။ သေပြီးမှ လာပြောတယ်ဆိုကဲ့တည်းက တွေးမိပြီးသားပါ။ အဓိက,ကတော့ ဂုဏ္ဍာဏ် ငထွား မြန်မာသားလို့ အထင် မမှားကြနဲ့။ နယ်ချဲ့ ဝိညာဉ်တွေရယ်၊ မကြာခဏ သေဆုံးကြရတဲ့ ရွာသား တွေရဲ့ ဝိညာဉ်တွေပါ ရောထွေးနေတာ ပဲ"။

နောက်နေ့မှစ၍ ကျွန်တော်တို့ တပ်စိတ်နှစ်စိတ်အပြင် ရွာသားတွေနှင့် ပူးပေါင်းကာ၊ ထိုညောင်စောက်ချောင်း နှင့် ချောင်းအတက်တွင်ရှိသော ညောင် ပင်ကြီးအား ကျွန်တော်၏ အဓိန်ပြန် တမ်းဖြင့် ခုတ်ထွင်လဲ၍ ချုံတွေ၊ ကိုင်း တွေကို ရှင်းလိုက်ပါသည်။ အပင်ထွား ထွားအကိုင်းများ အုပ်ဆိုင်းနေသော ညောင်ပင်ကြီးကား လုံး၀ မရှိတော့၊ ဖြောင့်ဖြူးသောလမ်း၊ အေးချမ်းသော လမ်းဖြစ်သွားလေပြီ။ ရွာလူကြီးတွေနှင့် တိုင်ပင်ကာ မကျွတ်မလွတ်သော ဂုဏ္ဍာဏ်ကြီးရှိခဲ့သေးလျှင်၊ တစ်ဖန် နယ် ချဲ့တွေ အစုလိုက်သေဆုံးမှု ဝိညာဉ် တွေ ရှိခဲ့သေးလျှင်၊ နောက် သေဆုံးခဲ့ ရသော ရွာသားတွေအတွက် ရွာဦး ကျောင်းဆရာတော်၏ မေတ္တာပရိတ် တရားပွဲများခြင်းဖြင့် သန့်ရှင်းလိုက် သောအခါ ယနေ့တိုင် အဖုအထစ်မရှိ တော့ဘဲ၊ တောမုဆိုး ကျားကြီးလည်း သေနတ်သံကြောင့် ကြောက်လန့်ပြီး တောနက်ထဲသို့ ဝင်သွားလေတော့ သည်■

မင်းရဲကျော်

*****

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ သြဂုတ်လအတွက်

လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

(ကဒ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

ဆရာ မြတ်ထွဋ်ခေါင် (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

တနင်္ဂနွေသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - တနင်္ဂနွေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း ပျဉ်းမ (၅)ညွှန့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် သွားရောက်လှူဒါန်း၍ လိုရာဆုကို တောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ကဲ့ကော် (၁၅)ညွှန့်နှင့် ထီးပြူ(၁၅)လက်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။

ဆွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ပျဉ်းမ (၉)ညွှန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခု သွားရောက်လှူဒါန်းပြီး ဒီဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ဘွဲ့နှင်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ (၉)ညွှန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။

နိုင်ငံခြားခရီးအတွက် - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွှန့်နှင့် တံခွန်ကုက္ကား (၉)စုံကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွှန့်ဖြင့် မိမိရောင်းချလိုသော ကုန်ပစ္စည်းများကို ရိုက်ပါ။

ထီကံကြမ္မာ - (၇)ထိပ်စီးကို (၇)နောက်ပိတ်နှင့် (၁)အကွရာပါသောထီကို ရွေးထိုးပါ။

www.burmeseclassic.com

တနလ်ာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - တနလ်ာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း ဓာန်ခိုးကြိုးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ထီးဖြူ (၁၀)လက်နှင့် နင်းဆီ (၁၀)ပွင့်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ရှိသော ဘုရားရှင်၏ ရင်ဘတ်တော်အား ရှေ့ချ၍ မိမိလိုရာဆုကို တောင်းပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် အင်ကြင်းညွှန့် (၃)ညွှန့်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သီဟိုဠ် (၆)ညွှန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - အင်္ဂါနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဩဇာညွှန့် (၁၄)ညွှန့် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - ဗုဒ္ဓဟူးနေ့ နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် နာနတ်ပို (၉)ကျပ်သားခန့်ကို သွားရောက်လှူဒါန်း၍ လိုရာဆုကို တောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဇီးပို (၉)ကျပ်သား လှူဒါန်း၍ ဂုဏ်တော်ကိုးပါးအား (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၈)ထိပ်စီး (၈)နောက်ပိတ်နှင့် (၁)အကွန့ရာပါသောထီကို ရွေးထိုးပါ။

အင်္ဂါသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း ဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ထန်း(၁၀)ညွှန့်၊ ဒူးရင်းယို (၉)ကျပ်သားတို့ကို သွားရောက်လှူဒါန်းပြီး လိုရာဆုတောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - သောကြာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ရေသက်စေ့နှင့် ဆီမီး (၉)တိုင်တို့ကို သွားရောက်လှူဒါန်းပါ။

ငွေကြေးအခက်အခဲအတွက် - တနလ်ာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် အုန်းယို (၉)ခုနှင့် ရေသန့်ဘူး (၉)ဘူးကို သွားရောက်လှူဒါန်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် သရက် (၉)ညွှန့်၊ ဆီမီး (၉)တိုင်၊ ရေသက်စေ့တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - တနလ်ာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ခရေ (၉)ညွှန့်နှင့် ရေသက်စေ့တို့ကို လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို ပုတီး(၉)ပတ်စီပါ။

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာထောင့်တွင် သရက်သားနှင့် ပြုလုပ်ထားသော ပုတီးတစ်ကုံးကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနလ်ာနေ့နံနက် ၆နာရီမှ ၇နာရီအတွင်း မိမိအိမ်ရှေ့တွင် ဖြတ်လာသော အလှူးပုဂ္ဂိုလ်တစ်ဦးကို ငွေ (၉၀၀)ကျပ်လှူပါ။

အိမ်/ကားရောင်းလိုလျှင် - ကြာသပတေးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် နှင်းတစ်ခွက်နှင့် နင်းဆီပန်း(၉)ပွင့်ကို လှူဒါန်းပါ။

ထီကံကြမ္မာ - (၉)ထိပ်စီး (၉)နောက်ပိတ်နှင့် (၁)အကွန့ရာပါသောထီကို ရွေးထိုးပါ။

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် အုန်း (၉)ညှင့်လှူဒါန်းပြီး ဒီဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသင်္ကန်းလှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စီပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ကဲ့ကော် (၁၅)ညှင့်လှူဒါန်းပြီး အရဟံဂုဏ်တော်ကို ပုတီး (၁၈)ပတ်စီပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ကိတ်မုန့် (၉)ခုလှူဒါန်းပြီး ဒီဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ပန်း (၉)ညှင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညှင့်နှင့် တံခွန်ကုက္ကား(၃)စုံတို့ကို သွားရောက်လှူဒါန်း၍ လိုရာ ဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကား ရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ်(၆)ညှင့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (လ)အက္ခရာပါသောထီကို ရွေးထိုးပါ။

ကြာသပတေးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကဲ့ကော် (၉)ညှင့်ကို သွားရောက်လှူဒါန်းပြီး ဒီဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၉)ညှင့်ကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စီပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စိမ်း (၉)ညှင့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယိုနှင့် ကိတ်မုန့်ဆွမ်းလှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် လောက်သေ (၉)ညှင့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၅နာရီခွဲအတွင်း အင်ကြင်း (၉)ညှင့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၉)ညှင့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၁)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (ထ)အက္ခရာပါသောထီကို ရွေးထိုးပါ။

www.burmeseclassic.com

သောကြာသားသမီးများအတွက်

ချစ်သူနှင့် အဆင်မပြေစေရန် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ထန်း (၉)ညွှန့်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေစေရန် - တနလာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စီပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ဆီး (၈)ညွှန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ကို ပုတီး (၉)ပတ်စီပါ။

အလုပ်အကိုင်အခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထောင့်တွင် ရေသက်စေ့ သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - တနလာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ထန်းလျက် (၉)ကျပ်သား၊ နှင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇီဇဝါ (၉)ညွှန့်နှင့် တံခွန်ကုက္ကား (၉)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဇော်စိမ်း (၈)ညွှန့် သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ် / ကား ရောင်းလိုသော် - တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွှက်လှ(၉)ညွှန့်ကို တရော်ကင်ပွန်းနှင့် ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၁)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (လ)အက္ခရာပါသောထီကို ရွေးထိုးပါ။

စနေသားသမီးများအတွက်

ချစ်သူနှင့် အဆင်မပြေစေရန် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မေမြို့ (၉)ညွှန့်ကို သွားရောက်လှူဒါန်း၍ ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်ထောင်ရေးအဆင်မပြေစေရန် - စနေနေ့ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မီးသက်စေ့သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စီပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ကဲ့ကော် (၁၅)ညွှန့် သွားရောက်လှူဒါန်း၍ အရဟံဂုဏ်တော်ကို ပုတီး (၉)ပတ်စီပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ပေါင်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ပုလဲပန်း (၉)ညွှန့် ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဝိတောက် (၂၉)ညွှန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၁)ထိပ်စီး၊ (၂)နောက်ပိတ်နှင့် (က)အက္ခရာပါသောထီကို ရွေးထိုးပါ။

*****

www.burmeseclassic.com

www.burmeseclassic.com

ကျောက်ဖရုံပင်
ဆေးဖက်ဝင်

ကျော်စွာဟိန်း(ရွှေလော်ကား)

မြန်မာအခေါ် ကျောက်ဖရုံပင်ဟုခေါ်ပြီး ရုက္ခဗေဒ အမည်ကတော့ Benincasa Cerifera ဟူ၍ဖြစ်ပါသည်။ တစ်နှစ်ခံ နွယ်ပင်မျိုးဖြစ်ပြီး အချို့မျိုး၊ အခါးမျိုးဟူ၍ နှစ်မျိုး ရှိပါသည်။ အဖြူရောင်အမွေးကလေးများ ဖုံးလွှမ်းနေသည်။

ကျောက်ဖရုံသီးသည် အစေ့များသော အခွံမာသီးဖြစ် သည်။ အသားများသည်။ အသီးပုံသဏ္ဌာန်မှာ ဘဲဥပုံရှိသည်။ အသီးနုစဉ် အမွေးနုရှိပြီး စောက်ပသော အစိမ်းရောင်ရှိ သည်။ ရင့်မှည့်သောအခါ ချောမွတ်လာသည်။ အသီးအတွင်း သားဖြူ၍ အရည်ရွှမ်းသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးပင်အဖြစ် အတွေ့ရများသည်။

တိုင်းရင်းဆေးကျမ်းများအလိုအရ ချို၏။ အေး၏။ အနည်းငယ်ငန်သော အရသာရှိသည်။ အားကို တိုးပွားစေ ၍ သည်းခြေကို နိုင်သည်။ ရင့်မှည့်သောအသီးသည် ဝမ်းမီး ကို တောက်စေသည်။ သွေး၊ လေရောဂါနှင့် သည်းခြေဖောက် ပြန်၍ ရူးသွပ်ခြင်းကို ပျောက်စေသည်။ ဆီးအိမ်ကို သန့်ရှင်း စေသည်။ သုက်ကို တိုးပွားစေ၏။ နလုံးကို နှစ်သက်စေ၊

www.burmeseclassic.com

ငြိမ်းစေ၏။

"ကျမ်းလာ မဖောက်၊ သီလဖျင်း မြောက်စုံ၊ ကျောက်ဖရုံ မူ၊ မတူအရေး သွေးနှင့် ယုတ္တိ၊ သင့်ပြန်ခြင်းရာ၊ အားကိုသာလျှင်၊ ပဝတ္တတိ၊ ဖြစ်ဘိလေဆုံး၊ နလုံးငြိမ်စေ၊ ဆောင်ရွက်ပေးသည်၊ ညာကြောင့်၍ မခန်းတည်း" ဟူ၍ ရသဓာတုဆေးကျမ်းဌ ဖော်ပြထားပါသည်။

ဆေးအဖြစ် အသုံးပြုပုံ

(၁) သွေးအန်၊ သွေးဝမ်း၊ သွေးယိုစီးသော ရောဂါများတွင် ကျောက်ဖရုံသီး သတ္တုရည်ကို တိုက်ကျွေးပေးလျှင် ပျောက်ကင်းစေသည်။

(၂) ကျောက်ကပ်ဖောရောင်ခြင်းနှင့် အသည်းရောင်အသားဝါရောဂါများတွင် ကျောက်ဖရုံသီးသတ္တုရည်ကို သကြား၊ ဂလူးကို့စ်တို့နှင့် တိုက်ကျွေးလျှင် ပျောက်ကင်းစေပါသည်။

(၃) ဆီးဝါ၊ ဆီးနည်း၊ ဆီးအောင့်၊ ဆီးချို၊ ဆီးကျောက်တည်၊ ဆီးအိမ်ရောင်ရောဂါများတွင် ကျောက်ဖရုံသီးသတ္တုရည်၊ သုံးကျပ်သားတွင် ရိုန်းခိုနှင့် ဂျုံပင်ပြာဆား၊ အနည်းငယ်ရောထည့်၍ တိုက်ကျွေးလျှင် ပျောက်ကင်းစေသည်။

(၄) ချောင်းဆိုးရင်ကျပ်ရောဂါဖြစ်လျှင် ကျောက်ဖရုံပင်အမြစ်မှုန့်ကို ရေနွေးနှင့် သောက်လျှင် ပန်းနာ ရင်ကျပ်ရောဂါပျောက်ကင်းစေ၏။

(၅) ကျောက်ဖရုံပွင့်အခြောက် သုံးမူးသားကို ကြိတ်ခြေ၍ ချင်းနှင့် တိုက်ကျွေးက ကာလသားဝမ်းပင် ပျောက်စေ၏။

(၆) သွေးဖောက်ပြန်၍ ရူးသောသူကို အစိမ်းသတ္တုရည် တစ်ကျပ်သား၊ ကုံကုမံတစ်ရွေး၊ သကြား ရှစ်ပဲသားတို့ ရောဖျော်ပြီး သုံးခွက်ခွဲ၍ နံနက်၊ နေ့၊ ည သုံးကြိမ်တိုက်ပါ။ ပျောက်ကင်းစေသည်။

(၇) အရူးရောဂါရှိသူသည် ငရုတ်သီး၊ အရက်၊ အပူအစပ်၊ သွေးခြောက်စေသော အစားအသောက်တို့ကို စားမိ၍ မျက်စိနီခြင်း၊ သွေးကြောများ ထကြွ၍ ရန်လိုခြင်း၊ အော်ဟစ်ခြင်းများပြုပြီး သောင်းကျန်းနေလျှင် ကျောက်ဖရုံသီးသတ္တုရည်ကို သကြားထည့်၍ တိုက်ပေးပါက ငြိမ်သက်ပြီး အိပ်ပျော်သွားပါမည်။

(၈) ဒူလာသရောနာ (ခေါ်) ကျင်ချောင်းကိုက်ပြီး ဆီးနှင့် ရော၍ အဖြူအဖတ်များ ထွက်ကျသော ရောဂါကို ကျောက်ဖရုံသီးသတ္တုရည်နှင့်ပင် ပျောက်ကင်းစေပါသည်။

တိုင်းရင်းဆေးဆရာများ အလွန်အားထားရသော "ကုမ္ဘဏ္ဍာချက်ဆေး"ကို ဖော်ပြပေးပါမည်။

ကုမ္ဘဏ္ဍာချက်ဆေး (တိုင်းရင်းဆေးနံပါတ်-၆၁)

(၁) ဝိတ်ချင်းသီး - ၃ ပဲသား
(၂) ချင်းခြောက် - ၃ ပဲသား
(၃) ဇီယာ - ၁၅ ပဲသား
(၄) သစ်ကြံပိုး - ၁၅ ပဲသား
(၅) ပါလာစီမ်း - ၁၅ ပဲသား
(၆) ကရင်းရွက် - ၁၅ ပဲသား
(၇) ငရုတ်ကောင်း - ၁၅ ပဲသား
(၈) နံနံစေ့ - ၁၅ ပဲသား
(၉) ပျားရည် - ၁၂ ကျပ်သား
(၁၀) ထောပတ် - ၁၂ ကျပ် ၈ ပဲသား
(၁၁) သကြား - ၁ ပိဿာ ၆၅ ကျပ်သား
(၁၂) ကျောက်ဖရုံသီး - ၁ ပိဿာ ၆၅ ကျပ်သား

ဂင်းဆေးကို မတူးမခြစ်အောင် ကျိုချက်ပါ။ စေးထန်လာသောအခါ အိုးကို ချ၍ အအေးခံထားပါ။ ဂင်းဆေးသည် အားကို ဖြစ်စေသော တန်ခိုးထူးရှိသည်။

ချောင်းဆိုး၊ အိပ်မပျော်၊ အားကုန်ခန်းသော အဆုတ်နာတွင် လည်းကောင်း၊ အပူဇက် အအေးဇက်မခံနိုင်သူများတွင် လည်းကောင်း၊ အားနည်း၍ မူးဝေမောပန်း နလုံးတုန်ရင်ခုန်ရောဂါတွင် လည်းကောင်း၊ အရွယ်လွန် အားကုန်ခန်းသူများတွင် လည်းကောင်း၊ အလွန်သင့်မြတ်သော အားဆေးကြီးဖြစ်ပါသည်။

မီးယပ်ရောဂါ၊ ဒူလာရောဂါ၊ ကိုယ်တွင်း အပူအောင်း၍ ချောင်းခြောက်ဆိုးခြင်း၊ အဖြူဆင်းခြင်း၊ သွေးအားနည်းခြင်းများကို ပျောက်ကင်းစေပါသည်။

မိမိပတ်ဝန်းကျင်ရှိ သီးပင် စားပင်များကို "အစာလည်းဆေး၊ ဆေးလည်း အစာ" အဖြစ် သုံးစွဲတတ်ကြစေရန် ဖော်ပြလေးလိုက်ပါသည် ■

ကျော်စွာဟိန်း (ရွှေလော်ကား)

ကျမ်းကိုး

- တိုင်းရင်းဆေးပညာဦးစီးဌာန "တိုင်းရင်းဆေးဆရာသင်တန်း စာမူ"
- အရှင်နာဂသိန်၏ "အခြေပြု ဆေးအဘိဓာန်"

*****

www.burmeseclassic.com

www.burmeseclassic.com

သတင်းပုံရိပ်များ

မောင်ဝေအေး

ဒီတစ်ပတ် သတင်းပုံရိပ်ကဲ့တော့ ထူးခြားတဲ့ နတ်ပူဇော်ပသပွဲအကြောင်းနဲ့ စ,ချင်ပါ့ဘယ်။

အညာဒေသမှာ နေထိုင် ကြီးပြင်းကြတဲ့သူတွေဟာ နတ်ကိုးကွယ် ယုံကြည်မှုကို အစဉ်အဆက် လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့တာ ရိုးရာယဉ်ကျေးမှုတစ်ခုပါပဲ။

ကျေးလက်နေ တောင်သူတွေဟာ လယ်ယာစိုက်ပျိုးရေးအတွက် ခုဂုမင်းနတ်တွေထဲက မြင်းဖြူရှင်နတ်ကို နတ်နန်းဆောက်ပြီး ကိုးကွယ်ပူဇော်ကြပါတယ်။

အခုဖော်ပြပေးတဲ့ ပူဇော်ပသတဲ့ ဓလေ့ဟာ အခြားသူများနဲ့ မတူပါဘူး။ နတ်ဒိုးမတီး၊ နတ်ကနားပေးကြ[illegible]မဟုတ်ပါဘူး။ ပုံတွေမှာ ပြထားတဲ့အတိုင်း ဝက်သားတွေကို ချက်ပြီး မြင်းဖြူရှင်နတ်ကို ပူဇော်ပသပါတယ်။ နှစ်စဉ် နယုန်လပြည့်ကျော် ၅ရက်နေ့ရောက်တိုင်း ဆစ်ကိုင်းမြို့နယ်၊ သာဒွန်းရွာမှာ ကျင်းပမြဲဖြစ်ပါတယ်။ တကယ်လို့ နယုန်လပြည့်ကျော် ၅ရက်နေ့ဟာ ဗုဒ္ဓဟူးနေ့ဖြစ်နေခဲ့ရင် နှစ်ရက်နောက်ဆုတ်ပြီး ကျင်းပကြပါတယ်။

◈◈◈



ဒုတိယ သတင်းတစ်ပုဒ်ကတော့ ကမ္ဘာ့အသေးဆုံး သမင်လေးက ဘမ်ဘီကာတွန်း သမင်လေးထက် သေးငယ်လွန်းတဲ့ သမင်ပေါက်လေးတစ်ကောင်ကို မွေးဖွားခဲ့တဲ့ သတင်းပါပဲ။

တောင်ပိုင်း ပူဇူမျိုးစိတ် သမင်ထီးလေးဟာ မေလ ၁၂ရက်နေ့မှာ နယူးယောက်ရှိ ကွင်းတိရစ္ဆာန်ရုံမှာ မွေးဖွားခဲ့တာပါ။ အရွယ်ပမာဏဟာ ခွေးငယ်လေးတစ်ကောင်ရဲ့ အရွယ်ထက် သေးငယ်လွန်းပါတယ်။ သူ ကြီးလွှားနိုင်တဲ့ အလွန်ဆုံး ပမာဏဟာ ၁၃ လက်မအထိသာ ရှိနိုင်မှာပါ။

www.burmeseclassic.com



တတိယသတင်းတစ်ပုဒ်ကတော့ သက်တမ်း(၁၄၅၉) နှစ်ရှိနေပြီဖြစ်တဲ့ စကျင် ဗုဒ္ဓဆင်းတုတော်ရဲ့ ဦးခေါင်းတော်နဲ့



ကိုယ်ခန္ဓာဟာ ၁၈ နှစ်ကြာအောင် ကွဲကွာနေတာကို ပြန်လည်ပေါင်းစည်းပေးတဲ့ အခမ်းအနားအကြောင်းပဲ ဖြစ်ပါတယ်။ ဒီအခမ်းအနားကို ထိုင်ဝမ်နိုင်ငံ၊ မိုဂေါရှန်း ဘုန်းတော်ကြီးကျောင်းတွင် (၂၃-၅-၂၀၁၅)ရက်နေ့မှာ ကျင်းပပါတယ်။

ထိုင်ဝမ်နဲ့ တရုတ်ပြည်မကြီးတို့ရဲ့ သဘောတူညီချက်အရ ပြန်လည်ပေါင်းစည်းထားတဲ့ ဆင်းတုတော်ကို လာမယ့် နွေကျရင် တရုတ်ပြည်မကြီးရဲ့ ဟီဘိုင်ပြည်နယ်က ပြတိုက်မှာ အပူဇော်ခံထားမှာ ဖြစ်ပါတယ်။ ၁၉၃၆ ခုနှစ်မှာ ဦးခေါင်းတော် ပျောက်ဆုံးခဲ့တာ ဖြစ်ပါတယ်။

◈◈◈

စတုတ္ထ သတင်းပုံရိပ်ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ပတ်သက်ပါတယ်။ အင်းလေးလို့ ပြောလိုက်တာနဲ့ မြန်မာသာမက၊ ကမ္ဘာအနှံ့က လူတွေ တော်တော်များများ အကျွမ်းတဝင်ဖြစ်ပြီးသားပါ။

ဒီဘက် နှစ်ပိုင်းတွေမှာ အင်းလေးကန် ယိုယွင်းလာတဲ့ သတင်း၊ ရေလျော့နည်းလာတဲ့ သတင်းတွေကို စိတ်မကောင်းစွာ ကြားနေရပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသူများက အင်းလေးကန် မပျက်စီး၊ မတိမ်ကောဖို့ ဝိုင်းဝန်းကြိုးပမ်း အဖြေရှာနေကြပါတယ်။

ဒီအခြေအနေမျိုးမှာပဲ အင်းလေးကန်ဒေသကို ပထမဆုံး ဇီဝအဝန်းနယ်မြေ (Biosphere Reserve) အဖြစ် ယူနက်စကိုက ၂၇ကြိမ်မြောက် ညီလာခံကနေ ဆုံးဖြတ်သတ်မှတ်လိုက်ပါတယ်။ ဒီသတင်းကိုလည်း ဝမ်းသာစရာ သတင်းပုံရိပ်အနေနဲ့ ဖော်ပြပေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ခရစ်သကျရာဇ် (၂၀၁၅) ခုနှစ်အတွက်
တစ်နှစ်စာ ကံကြမ္မာအထူးဟောမယ်

အချစ်ရေး၊ စေ့စပ်လက်ထပ်ရေးကိစ္စတွေ အဆင်ပြေမလား၊ ချစ်သူကွဲ၊ စေ့စပ် လက်ထပ်ပျက် အချစ်ရေးအတွက် စိတ်ညစ်ရမလား၊ အရက်တကွဲ၊ အစွပ်အစွဲ၊ အတိုင်အတော၊ အစစ်အဆေး၊ အမူအခင်း၊ ပြဿနာကြီးတွေ့ရမလား၊ အမှုနိုင်မလား၊ ရှုံးမလား၊ လုပ်ငန်းခွင်မှာ အဆင်ပြေကံကောင်းမလား၊ အတိုက်အခံ၊ အနောင့်အယှက်၊ အခက်အခဲ၊ အကျပ်အတည်း တွေကြုံရမလား၊ နိုင်ငံခြားသွားရမလား၊ ရေးဖြေ၊ နှုတ်ဖြေ၊ လက်တွေ့အင်တာဗျူး၊ ဖြေဆိုမှုမှုတွေ အောင်မြင်မလား၊ အလုပ်အကိုင်အသစ် ရရှိမလား။

ယုံကြည်အားကိုးမှသာ လာခဲ့ပါ။

ဆရာဦးဝိုင်ဇအောင်(ဝိဇ္ဇာဘွဲ့)၊ (လက္ခဏာဗေဒင်ဟောခန်း)

တိုက်(၄၀) (ဘီ-၁)၊ မြေညီထပ်၊ မဟာမြိုင်အိမ်ရာ(ထိပ်)၊ ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်။
မြောက်ဒဂုံမြို့နယ်။ ဖုန်း - ၀၉ ၇၃၁၄၇၀၂၄၊ ၀၉ ၅၀၉၃၈၉၁၊ ၀၉ ၂၅၀ ၇၇၃၆၃၆

ဆရာမဒေါ်အေးလာဘ်ချမ်း
(လက္ခဏာဗေဒင်+ယတြာအစီအရင်၊ အမျိုးသမီးသီးသန့်ဗေဒင်ဟောခန်း)

- ချစ်သူ/ခင်ပွန်းမှ တခြားမိန်းကလေးများ စိတ်မဝင်စားဘဲ မိမိကိုသာ တမ်းတမ်းစွဲ ဖြစ်နေဖို့။
- ချစ်သူ/ခင်ပွန်းအပေါ် မိမိစကားများသာ အောင်မြင်စေဖို့။
- ချစ်သူ/ခင်ပွန်း လုပ်ငန်းခွင်တွင် အနောင့်အယှက်ကင်း၍ အလုပ်အကိုင်အဆင်ပြေစေဖို့
- ချစ်သူ/ခင်ပွန်းမှ အပေါင်းအသင်း၊ အပျော်အပါး၊ မိန်းမကိစ္စကင်း၍ အိမ်မြဲစေဖို့။
- မိမိတို့ချစ်ခရီးလမ်းတွင် ကြားလူအနောင့်အယှက်ကင်း၍ ခိုင်မြဲစေဖို့။
- ချစ်သူ/ခင်ပွန်း ရှာဖွေသမျှ မိမိကိုသာ အကုန်အပ်နှံစေဖို့ (သို့မဟုတ်) မိမိတောင်းသလောက် ငွေကြေးများ၊ လွယ်ကူစွာ ရရှိစေဖို့။
- အဆက်အသွယ်ပြတ် ကွဲကွာနေသူထံမှ အဆက်အသွယ်ပြန်စေဖို့ (သို့မဟုတ်) အဆက်အသွယ် ပြန်လုပ်လာစေဖို့။

(ပိတ်ရက်မရှိ) နေ့စဉ် နံနက် ၉ နာရီမှ ည ၄ နာရီအထိ ဟောခန်း ဖွင့်ပါသည်။

ယုံကြည်မှုရှိမှသာ လာခဲ့ပါ။

တိုက်(၃၉) (ဘီ-၁)၊ မြေညီထပ်၊ မဟာမြိုင်အိမ်ရာ(ထိပ်)၊ ဦးဝိစာရလမ်းမပေါ်၊ (၄၁)ရပ်ကွက်။
မြောက်ဒဂုံမြို့နယ်။ ဖုန်း - ၀၉ ၅၀၉၃၇၆၈၊ ၀၉ - ၇၃၀၄၃၇၁၃

www.burmeseclassic.com

www.burmeseclassic.com

အစွဲအလမ်းကြီးသော သူငယ်ချင်း

ပေါ်လွင်ဦး(ရေး)

နေသည် ခြစ်ခြစ်တောက် ပူနေသော သူငယ်ချင်းဖြစ်သူ အောင်စိုးလင်းကို တွေ့မြင်လိုက်ရသဖြင့် ဝမ်းသာအားရဖြင့်...

"အောင်စိုးလင်းပါလား။ ငါတို့ မတွေ့ရတာ အတော်ကြာပြီကွာ။ မင်း အသားတွေ မည်းသွားလို့ မနည်းကြည့် ယူရတယ်"

"မင်းလည်း အတော်ဝလာတယ်

ည။ ကျွန်တော်သည် မော်လမြိုင်မြို့ အဝေးပြေး ကားဝင်းသို့ ည့်သည်ပို့ပြီး အအေးဆိုင်တစ်ဆိုင်တွင် စိတ်အေး လက်အေးထိုင်ပြီး အအေးသောက်နေ စဉ် "ဟေ့-အောင်မော်" ဟု ပခုံးပုတ်ပြီး နောက်မှ ခေါ်သံကြောင့် လှည့်ကြည့် လိုက်သော် သုံးလေးနှစ် ကွဲကွာနေ

www.burmeseclassic.com

ဟု ပြောပြီး ဝင်ထိုင်လေသည်။

"ကြံရည်တစ်ခွက်ပေးကွာ" ဟု ပြောပြီး ကျွန်တော်က စိုးလင်းအား...

"မင်း...အခု ဘာအလုပ်တွေ လုပ်နေလဲ"

"ငါ ဆောက်လုပ်ရေးကုမ္ပဏီမှာ အထွေထွေမန်နေဂျာလုပ်နေတယ်။ အခု ထားဝယ်က ဆိုက်တစ်ခုကို သွားမလို့"

"အရေးမကြီးရင် ငါ့အိမ်ကို တစ်ည လိုက်ခဲ့ကွာ။ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

ဟု ဆိုကာ အောင်စိုးလင်းအား ကျွန်တော်၏အိမ်သို့ ခေါ်လာခဲ့သည်။

အောင်စိုးလင်းနှင့် ကျွန်တော်သည် ကျောင်းနေဖက် အိမ်နီးနားချင်း သူငယ်ချင်းများဖြစ်ကြသည်။ ယခင် အာရ်အိုင်တီ-စက်မှုတက္ကသိုလ်တွင် သူက Civil (မြို့ပြ)နှင့် ကျောင်းပြီး၍ ကျွန်တော်က E.P(လျှပ်စစ်)နှင့် တစ်နှစ်သည်း ဘွဲ့ရခဲ့ကြပြီးနောက် ကျွန်တော်သည် ပင်လယ်ခရီးသွားလာခြင်းကို ဝါသနာအရ နိုင်ငံခြားသင်္ဘောကုမ္ပဏီ တစ်ခုတွင် အလုပ်ဝင်ခဲ့သည်။ လွန်ခဲ့သည့် သုံးနှစ်ကျော်က ရန်ကုန်တွင် တစ်ခါဆိုပြီး နောက်ထပ် မဆုံဖြစ်တော့။ ယခု ကျွန်တော်သည် အလုပ်မှ ဆင်းပြီး စာရေးခြင်းအလုပ်ဖြင့် တစ်ကိုယ်တည်း နေထိုင်လေသည်။

အိမ်သို့ရောက်သော် ကျွန်တော်သည် အောင်စိုးလင်းအား လက်ဆွဲပြီး ခေါ်လာခဲ့သည်။ ထိုစဉ် မောင်ကျော်မြင့် အနားသို့ ရောက်လာပြီး...

"ကိုကြီး...ညည့်သည်ပါလာပါသား"

"အေးကွာ၊ အအေးတစ်ခုခုယူခဲ့ကွာ"

မောင်ကျော်မြင့်သည် ကျွန်တော်တို့အတွက် အချိုရည်နှစ်ဘူးလောက်လေ သည်။ ကျွန်တော်က "မောင်ကျော်မြင့်...ဒီကို ခဏလာဦး" ဟု ခေါ်ပြီး...

"အရက်နှစ်လုံးနဲ့ အမြည်းကောင်းကောင်းသွားဝယ်ကွာ"

ဟု ပြောကာ ပိုက်ဆံထုတ်ပေးလိုက်သည်။

"မင်းဒနီးရော မတွေ့ပါလား။ သူက ဘယ်သူလဲကွ"

"ငါ အိမ်ထောင်မပြုဖြစ်ပါဘူးကွာ။ ဒီကောင်လေးက ဆွေမကင်းမျိုးမကင်းကွ။ စိတ်ချရလို့ ငါခေါ်ထားလိုက်တာ"

"ဆောရီးကွာ သူငယ်ချင်း"

"မင်းရော နွယ်နွယ်ရိန္ဒဲ့ အိမ်ထောင်ကျတာ ဘယ်လောက်ကြာပြီလဲ"

"လေးနှစ်ကျော်ပြီကွ။ ကလေးတောင် နှစ်ယောက်ရပြီ"

ထို့နောက် ကျွန်တော်က...

"နောက်မှပဲ အေးအေးဆေးဆေး စကားပြောကြတာပေါ့ကွာ။ ရေချိုလိုက်ကွာ၊ လေးနာရီတောင်ထိုးတော့မယ်"

"အေး၊ ကောင်းသားပဲ။ တစ်နေကုန် ကားစီးလာရတာ"

ဟု ဆိုကာ ကျွန်တော်ညွှန်ပြသော ရေချိုးခန်းသို့ သွားလေတော့သည်။

ခဏအကြာ မောင်ကျော်မြင့် ပြန်ရောက်လာပြီး ထမင်းစားခန်းသို့ ဝင်သွားကာ ချက်ပြုတ်ကြော်လှော်နေပါတော့သည်။

ကျွန်တော်သည် မောင်ကျော်မြင့်အား လိုအပ်သည့် အမြည်းများကို မှာပြီး သူငယ်ချင်းနှစ်ယောက် အရက်သောက်လိုက်၊ ရေးဟောင်းနောင်းဖြစ်တို့ကို ပြောလိုက်နှင့် အချိန်ကုန်မှန်းမသိ ကုန်လာခဲ့သည်။ နံရံမှ နာရီကို ကြည့်လိုက်သော် ည ၈နာရီထိုးပြီ ထို့နောက် ထမင်းစားသောက်ရင်း အောင်စိုးလင်းက...

"အခုဆောက်နေတဲ့ ပရောဂျက်ပြီးရင် မင်းတို့ပြည်မှာ ဟိုတယ်တစ်လုံး ဆောက်ဖို့ လက်ခံထားတယ်ကွ"

"ဘယ်တော့လောက် ကြာဦးမလဲကွ"

"အလွန်ဆုံးကြာရင် နောက်နှစ်လပေါ့ကွာ။ အဲဒီတော့ တို့သူငယ်ချင်းနှစ်ယောက် ပြန်ဆုံကြဦးမှာပေါ့"

ထို့နောက် ကျွန်တော်တို့ နှစ်ယောက်သည် အိပ်ရာဝင်ခဲ့ကြသည်။

နောက်တစ်နေ့နံနက် ၄နာရီခွဲလောက်တွင် ကျွန်တော်သည် အောင်စိုးလင်းအား ထားဝယ် ကားဂိတ်သို့ ပို့ပေးခဲ့ပြီး အိမ်သို့ ပြန်လာခဲ့သည်။

ဒီလိုနဲ့ ကျွန်တော်သည် စာရေးခြင်း၊ စာအုပ်ထုတ်ခြင်းအလုပ်ဖြင့် အောင်စိုးလင်းအကြောင်းကို မေ့မေ့ပျောက်ပျောက်နေခဲ့သည်။

တိတ်ဆိတ်သော လမိုက်ညတစ်ညဖြစ်သည်။ ညသည် တိတ်ဆိတ်မှောင်မိုက်နေ၏။ ပတ်ဝန်းကျင်တွင် ပုဇဉ်းရင်ကွဲအော်သံမှတစ်ပါး တိတ်ဆိတ်နေ၏။ ကျွန်တော်သည် အိပ်မပျော်သောကြောင့် လသာဆောင်ရှိ ပက်လက်ကုလားထိုင်တွင် ထိုင်၍ ကောင်းကင်တွင် မိတ်တုတ် မိတ်တုတ် ကြယ်ကလေးများကို ကြည့်ကောင်းကောင်းနှင့် မော့ကြည့်နေသည်။ ထို့နောက် အိပ်မရသည့်အတူ မထူးပြီမို့ ရေးလက်စ စာမူကို ဆက်ရေးရန် စာကြည့်ခန်းသို့ လျှောက်လာခဲ့စဉ်...

"ဒေါက်...ဒေါက်"

"ဒေါက်...ဒေါက်"

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့မှ တံခါးခေါက်သံကြား၍ "ဟေ့...ဘယ်သူလဲ" ဟု မေးရာ...

"ငါ အောင်စိုးလင်းပါကွ အောင်မော်ရ"

ဟု ဆိုသဖြင့် ကျွန်တော်သည် ညဉ့်ခန်းတွင် ချိတ်ဆွဲထားသော သော့တွဲကို ယူ၍ တံခါးဖွင့်ပေးလိုက်ရာ အောင်စိုးလင်းကို တွေ့ရလေသည်။

"လာကွာ အောင်စိုးလင်း၊ ညဉ့်နက်လှပြီ"

"အေးကွာ၊ ငါ မင်းကို ဝင်နှုတ်ဆက်တာကွ"

အောင်စိုးလင်း၏ အပြောကြောင့် ကျွန်တော်သည် အမှတ်မထင် ကြက်သီးမွေးညင်းထသွားလေသည်။

ထိုအခါ မောင်ကျော်မြင့် နိုးလာပြီး အနားသို့ ရောက်လာလေသည်။

"မင်း ထမင်းစားပြီးပြီလား"

"မစားရသေးဘူးကွာ"

"မောင်ကျော်မြင့်ရေ...ငါ့သူငယ်ချင်းအတွက် စားစရာ ထမင်းဟင်း မရှိ,ရှိတာ စီစဉ်ခဲ့ကွာ"

"ဟုတ်ကဲ့"

ခဏအကြာတွင် မောင်ကျော်မြင့် ရောက်လာပြီး ထမင်းစားရန် လာခေါ်လေသည်။ အောင်စိုးလင်းသည် ထမင်းစားရင်း...

"ကျေးဇူးတင်လိုက်တာ အောင်မော်ရာ။ ငါ မော်လမြိုင်မှာ လက်ခံထားတဲ့ ဟိုတယ်ဆောက်လုပ်စဲ့အထဲမှာ မပါတော့ဘူးကွ။ မင်းကိုလည်း ငါ လာနှုတ်ဆက်တာ"

"မင်းကလဲကွာ၊ မော်လမြိုင်မှာ ဟိုတယ်ဆောက်လုပ်တဲ့အထဲ မပါလည်း ဘာဖြစ်လဲ"

ကျွန်တော်၏ အမေးကို သူ ဘာမှ ပြန်မပြောချေ။ သူ ထမင်းစားနေပုံကို ကြည့်ပြီး ကျွန်တော့်ရင်ထဲတွင် တစ်မျိုးဖြစ်လာသည်။

အောင်စိုးလင်း ထမင်းစားပြီးသော် အချိန်ကား ည၌ ၁နာရီကျော်ပြီ မို့ တစ်ဦးနှင့် တစ်ဦး ဘာမှပြောမနေတော့ဘဲ အိပ်ရာဝင်ခဲ့ကြသည်။

အိပ်ရာသို့ ရောက်သော် ကျွန်တော်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။

◈◈◈

နံနက် အိပ်ရာမှထသော် နံနက် ၈နာရီခွဲလုပြီ။ တစ်ဖက်ခန်းရှိ အောင်စိုးလင်း အိပ်နေသောအခန်းကို တံခါးခေါက်ကြည့်ရာ မည်သည့်အသံမျှ မကြားရချေ။ တံခါးကို တွန်းလိုက်သော် အလွယ်တကူ ပွင့်သွားလေသည်။ အခန်းထဲတွင် အောင်စိုးလင်းကိုမူ မတွေ့ရချေ။ အိပ်ရာသည် ပည်သူမျှ အိပ်ထားသည့်ပုံစံမရှိဘဲ ပြန့်ပြူးနေ၏။

ကျွန်တော်သည် စဉ်းစားရ ခက်လာပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။ အိမ်ရှေ့တံခါးလည်း ပိတ်ထားလေသည်။ သူ အစောကြီးထပြန်သွားသည်မှာ မဖြစ်နိုင်ပေ။ တပည့်ဖြစ်သူ မောင်ကျော်မြင့်သည် အိပ်နေဆဲပင် ရှိသေး၏။ ကျွန်တော်သည် မောင်ကျော်မြင့်ကို နှိုး၍ အကျိုးအကြောင်းပြောပြပြီး တစ်အိမ်လုံးရှိ အခန်းများကို လိုက်ရှာသော်လည်း အောင်စိုးလင်းကို မတွေ့ရချေ။

ထို့ကြောင့် ကျွန်တော်သည် ရေချိုးပြီး မောင်ကျော်မြင့် ပြင်ပေးသော နံနက်စာကို စားသောက်ပြီး အကြောင်းစုံ စဉ်းစားနေစဉ် သတင်းစာရောက်လာသဖြင့် ဟိုလုန် ဒီလှောနှင့် စိတ်မဝင်စားစွာ ကြည့်နေလိုက်သည်။

"ဟာ..."

နာရေးကြော်ငြာတစ်ခုကြောင့် ပါးစပ်မှပင် အာမေဋိတ်သံထွက်ပေါ်သွား၏။

အနီးတွင် ရောက်လာသော မောင်ကျော်မြင့်က "ဘာတွေလို့လဲ အစ်ကိုကြီး" ဟု မေးရာ ကျွန်တော်က လက်ထဲရှိ သတင်းစာမှ နာရေးကြော်ငြာတစ်ခုကို ပြလိုက်သည်။

ဦးအောင်စိုးလင်း
အသက် (၄၅)နှစ်
အထွေထွေမန်နေဂျာ
A.Q ဆောက်လုပ်ရေးကုမ္ပဏီ

မောင်ကျော်မြင့်သည် သတင်းစာကို ဖတ်ပြီး မျက်စိမျက်နှာပျက်ကာ လက်ထဲမှ သတင်းစာ လွတ်ကျသွား၏။

"ဒါဖြင့် ညက ရောက်လာတဲ့ ကိုအောင်စိုးလင်း သေပြီပေါ့"

"အောင်စိုးလင်းဆေတာ သုံးရက်ရှိပြီကွ။ ဒီနေ့ဆို သင်္ချိုင်္ဂဟ်လောက်ပြီ"

"ဒါဖြင့် ညက ရောက်လာတာ သရဲပေါ့"

"အေးလေကွာ၊ သေ၍နီး စွဲမိစွဲရာ စွဲလမ်းပြီး ငါ့ဆီ ရောက်လာတာ နေမှာပေါ့။ ဘုရားဟော တရားတော် တွေ့မှာလည်း အထင်အရှားရှိနေတာပဲကွ"

ဟု ဆိုကာ ရန်ကုန်သို့သွားရန် မောင်ကျော်မြင့်အား ပြင်ဆင်ခိုင်းလိုက်သည်။

ကျွန်တော်တို့ နေထိုင်သော လူသားများ၏ ပတ်ဝန်းကျင်တွင် မယုံနိုင်လောက်အောင် ကဿီရဆန်သော ဆန်းကြယ်မှုများကို လက်တွေ့ မြင်လိုက်ရလေသည်။

ပေါ်လွင်ဦး (ရေး)

www.burmeseclassic.com

သက္ကဝတီအဓိဋ္ဌာန်

သက်နှင်းဆွေ၊ပုပ္ပါး။

(၁)

လွန်ခဲ့သည့် (၇)နှစ်လောက်က ဖြစ်သည်။

မှတ်မှတ်ရရ၊ ထိုနေ့က ဝါဆိုလပြည့်နေ့ဖြစ်သည်။ ဆယ်ဦးတုတ သားယာကြည်လင်နေ၏။ လမ်းမပေါ်တွင် ဘုရားသွားသူ၊ ဘုန်းကြီးကျောင်းတက်သူများဖြင့် စည်ကားနေသည်။ ဘချို ဒေးစွန်းပါသို့ သွားသူတွေကလည်း သွားကြသည်။ ဘချိုက ပန်းတစ်ပွင့်တောင်သို့ သွားကြသည်။

ကျွန်တော်တို့ကမူ ကျွန်တော့်ဆရာနှင့်အတူ တိုက်ကြီးဘက်သို့ ထွက်ခဲ့ကြ၏။ တိုက်ကြီးသို့ ရောက်သောအခါ ဆူဆောက်ဖို့ ခရီးက လမ်းအနည်းငယ်ကြမ်းပြီး တိုက်ကြီးမှ မိတ်ဆွေတွေကလည်း အတူလိုက်ချင်သည်ဟု ဆိုသဖြင့် ကျွန်တော့် တိုယိုတာကိုရိလာကားလေးကို ကိုက်ကြီးမှာပင် သားရစ်ခဲ့လိုက်၏။

ကျွန်တော်တို့အုပ်စုသည် ဆိုင်ကယ်များဖြင့် ခရီးဆက်ခဲ့ကြ၏။ တိုက်ကြီးမှ အရှေ့ဘူးစူးသို့ ကျောက်ခင်းသမ်းသေးအတိုင်းလာခဲ့ကြသည်။ လမ်းက တစ်ဖြောင့်တည်း ဖြစ်၏ သို့သော် နိမ့်လိုက် မြင့်လိုက်နှင့် အတက်အဆင်းတွေများသည်။ ကျင့်တွေ၊ ချိုင့်စွေးကို ဝေ့ကာဝိုက်ကာ ရှောင်ကွင်းရင်း ဆိုင်ကယ်စီးကြရသည်။ သို့သော် တောရိပ်တောင်ရိပ်တို့ဖြင့် စိတ်မှာ ကြည်လင်နေ၏။ လမ်းဘေးတစ်ဖက်တွင် ချိန်ပြူ ရေပိုက်လိုင်းကြီးက မြွေကြီးတစ်ကောင် ကျောခင်းထားသလိုလို ဖြောင့်စင်းစွာ တည်ရှိနေသည်။

လေးမိုင်လောက် ခရီးဆက်မိကြချိန်တွင်မူ တောအုပ်ညိုညိုထဲ၌ "သက္ကဝတီမြို့" ဆိုသည့် သစ်သားပြားပေါ်တွင် ရွှေရောင်စာလုံးဖြင့် ကမ္ဘည်းထိုးထားသည့် ဆိုင်းဘုတ်ကြီး တစ်ခုကို လမ်းရှေ့တည့်တည့်မှာပင် ဘွားခနဲ တွေ့လိုက်ရတော့သည်။ ထိုဆိုင်းဘုတ်နှင့် လမ်းထိပ်၏ အထက်တွင် "ရွှေပြောင်ပြောင်ဘုရား" ဆိုသည့် စာတန်းကြီးနှင့်အတူ ရွှေရောင် စေတီတော်ကြီးကိုပါဖူး တွေ့ရပြန်သည်။ ထိုနေရာမှာပင် ကျွန်တော်တို့ ဆိုင်ကယ်တွေကို ရပ်ထားလိုက်ကြသည်။

"ဒါက သက္ကဝတီမြို့ဟောင်းပဲ။ ဟိုဘက်မှာ ချိုးပြူရေလောင်ကန်ကြီးရှိတယ်။ ပထမဆုံး ဗျာဒိတ်တော်ပေး ဘုရားကုန်းပေါ် တက်ကြရအောင်"

ဆရာညွှန်ပြရာ လမ်း၏တောင်ဘက်သို့ မော့ကြည့်လိုက်ရာ ကုန်းမြင့်ထက်တွင် စေတီတော်များကို ဖူးတွေ့ရပြန်သည်။ ထို့အပြင် ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးတင်သည့် ကလေးကြည်ဘုရားအနေအထားဖြင့် မားမားမတ်မတ်

www.burmeseclassic.com

တည်ရှိနေ၏။ ထိုကုန်းမြင့်ထက်သို့ နှစ်ဆစ်ခို့ လှေကားပြုလုပ်ထားသည်မှာ ကဗျာဆန်ဆန် လှပနေသည်။ ထိုတံတားလေးလို လှေကားအတက်သည် ခို့ပြုရှေ့ပြိုက်လိုင်းကြီးကို ဖြတ်ကျော်ပြုလုပ်ထားသည့် ခံုကျော် တံတားတစ်ခုလည်း ဖြစ်နေပြန်၏။

ဆရာနှင့် ကျွန်တော်တို့ ဘုရားကုန်းပေါ်သို့ တက်ခဲ့ကြသည်။ ဗျာဒိတ်တော်ပေး ဘုရားကို ဦးတိုက် ဖူးမြော်ကန်တော့ပြီးနောက် ဘုရား၏တစ်ဖက် သစ်ပင်အုပ်အုပ် လေးဖက်သို့ လျှောက်ခဲ့ကြသည်။ ထိုသစ်ပင်စိမ်းစိမ်းအုပ်အုပ် အောက်တွင် ဘုန်းကြီးကျောင်းကလေးက အေးချမ်းစွာ တည်ရှိနေလေ၏။

(၂)

ဘုန်းကြီးကျောင်းပရဝုဏ်ရှိ သစ်ပင်ရိပ်တို့တွင် ဥဂုဿသီလဆောက်တည်ရန် ရောက်နေကြသူတချို့လည်း တွေ့၏။ ဆရာနှင့် ကျွန်တော်တို့အုပ်စုလည်း ထိုဘုန်းကြီးကျောင်းမှာပင် ဝါဆိုလဆန်းကပ်လှူကြသည်။ ဥဂုဿသီလခံယူဆောက်တည်ကြသည်။ တရားမဇ္ဈနာယူကာ ရေစက်ချခြင်း၊ အမျှဝေခြင်းတို့ကို ပြုကြပါသည်။ ဆရာတော်အတွက် ယူဆောင်လာသည့် ဆွမ်းချိုင့်နှင့်တကွ လှူဖွယ်ပစ္စည်းတို့ကို လှူကြပြီးနောက် ဗျာဒိတ်တော် ဘုရားကုန်းတော်ပေါ်သို့ ပြန်ပြီးတက်ခဲ့ကြပြန်၏။ မတ်ရပ် ရုပ်ပွားတော်သည် ကုန်းမြင့်ထက်တွင် တည်ရှိနေပြီး ဝေနေယျသတ္တဝါတို့ကို လက်ညှိုးတော်ဖြင့် ညွှန်ပြနေကာ ဗျာဒိတ်စကားပိန့်ကြားတော်မူနေဟန် တည်ရှိနေသည်။ ထိုရုပ်ပွားတော်ကြီး၏ အထက်တွင် တန်ဆောင်းကျောင်းဆောင်ကြီးကလည်း မိုးလေလုံခြုံစွာ အရိပ်ကာမိုးထားသေး၏။

ဆရာသည် ဗျာဒိတ်တော်ရုပ်ပွားတော်၏ ရှေ့တွင် အလင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိ ပူဇော်ကာ အဓိဋ္ဌာန်ပုတီးစိပ်လေသည်။ ကျွန်တော်တို့လည်း ဆရာ၏ နောက်ဘက် နေရာလွတ်တွင် ထိုင်ကာ တတ်သမျှ မှတ်သမျှ ဘုရားဝတ်ပြုခြင်း၊ ပရိတ်တော်၊ ဂါထာတော်များ ရွတ်ပွားပူဇော်ခြင်း ပြုကြ၏။ ဆရာ့တပည့်လေး စိုင်းငွေလင်းဦးကမူ အာနာပါနရှုမှတ်နေသည်ကို တွေ့ရ၏။ ကျွန်တော်တို့အားဆိုင်ကယ်ဖြင့် လိုက်ပို့ကြသည့် တိုက်ကြီးမှ ကိုအုန်းမြင့်နှင့် ကိုသန်းနိုင်ဦးတို့ကမူ ဘုရားရှိခိုးပြီးနောက် တိတ်ဆိတ်စွာ ထိုင်နေကြသည်။ ကျွန်တော်က ဆရာသင်ပြပေးထားခဲ့သည် ဂါထာတော်များကို တိုးတိတ်စွာ ရွတ်ပွားနေမိ၏။

ဆရာကမူ အဓိဋ္ဌာန်ပုတီးစိပ်ပြီးနောက် မေတ္တာပို့ စာသားတစ်ခုကို တိုးညှင်းငြီသစွာ ရွတ်ပွားပြီး မေတ္တာဘာဝနာပွားများနေသည်ကို တွေ့ရ၏။ ဆရာ၏ မေတ္တာပို့သံသည် တိုးတိုးဖွဖွနှင့် ကြည်လင်စွာ ပျံ့လွင့်နေလေသည်။ ကျွန်တော် တို့အားလုံးသည် ဆရာ၏ မေတ္တာပို့သံတွင် နစ်မျောသွားကြတော့၏။ ဒီအချိန်မှာပင် အပြင်တွင် မိုးက ခပ်ဖွဲဖွဲလေး ရွာချလာလေသည်။

(၃)

"အဲဒါက ရိုးရိုးမေတ္တာပို့ မဟုတ်ဘူးကွယ်။ ပဌာန်းမေတ္တာပို့လို့ ခေါ်တယ်။ ပဌာန်း ၂၄ပစ္စည်း တစ်ပါးစီရဲ့ အနက်အဓိပ္ပာယ်ကို အခြေခံပြီး သတ္တဝါတွေကို မေတ္တာပို့သတာပါပဲ။ တော်တော်လေးနက်တယ်။ အမှန်တော့ လေးနက်တယ်ဆိုတဲ့ စကားနဲ့တင် မလုံလောက်သေးဘူးကွယ်။ တို့ဘုရားရှင်ရဲ့ ပဌာန်းတရားတော်ကြီးရဲ့ အလွန်ကျယ်ပြန့်လှတဲ့ အနက်အဓိပ္ပာယ်တွေထဲက အနှစ်ချုပ် အဓိပ္ပာယ်တွေနဲ့ မေတ္တာပို့တာမို့ သိပ်ပြီးနက်နက်ရှိုင်းရှိုင်း မွန်မြတ်နေတယ်"

အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်းတို့ ပြုပြီးနောက် မိုးရွာနေသေးသဖြင့် ဘုရားတန်ဆောင်းထဲမှာပင် ထိုင်နေဖြစ်ကြသေးသည်။ ထိုအချိန်တွင် ဆရာ့တပည့် စိုင်းငွေလင်းဦးက မေးသဖြင့် ဆရာက ပြန်ပြောပြနေခြင်းဖြစ်သည်။ အပြင်တွင် မိုးက ခပ်စိပ်စိပ်ရွာနေသည်

"ကျွန်တော်လည်း အာနာပါန ရှုမှတ်နေရင်းနဲ့ ဆရာ့မေတ္တာပို့နေပုံကို အာရုံစိုက်ထားမိတာ။ တော်တော် ထူးခြားတာပဲနော်"

စိုင်းငွေလင်းဦး၏ စကားကြောင့် ဆရာက အေးချမ်းစွာ ပြုံး၏။

"ထူးခြားတယ်ဆိုတဲ့ စကားမျိုးလောက်တင် သုံးထိုက်မသင့်လျော်ဘူးကွယ်။ အလွန်နက်နဲသိမ်မွေ့လှတဲ့ တရားသဘော အနှစ်သာရတွေ ပြည့်ဝနေတယ်လို့ ဆိုရမှာပါကွယ်။ ဆရာတို့လို လူမာမန်တွေ ဘယ်လိုမှ အပြည့်အဝ ဉာဏ်မမီနိုင်နဲ့ ပဌာန်းတရားတော်ကြီးကို တတ်နိုင်သလောက် အာရုံပြုကြည်ညို နလုံးသွင်းနိုင်အောင် အရိုးရှင်းဆုံး အဓိပ္ပာယ်ဖွင့်ပေးထားတာလေကွယ်။ အဲဒီ ပဌာန်းကျမ်းတော်ကြီးလာတဲ့ တရားတော်ရဲ့ အခြေခံ အနက်အဓိပ္ပာယ်တွေကို မေတ္တာပို့နိုင်အောင် အလွန်ဉာဏ်ကြီးစွာ စီမံထားတဲ့ ပဌာန်းမေတ္တာပို့ပါကွယ်။ ဆရာဖြင့် တော်တော်လေးကို သဘောကျတယ်။ စီမံပေးခဲ့တဲ့ ပုဂ္ဂိုလ်ကိုလည်း အလွန်ကြည်

www.burmeseclassic.com

သည်းတင်၊ ဦးလည်း ညွှတ်မိပါရဲ့"

တစ်ခါမှမ်းရှာနေသည့် မိုးရေစက်တွေကြားတွင် ဝန်းကျင်တစ်ခုလုံး မှုန်ပျိုင်းနေ၏။ လေအဝေ့တွင် မိုးစက်တချို့က ဘုရားတန်ဆောင်းထဲသို့ ဝေ့ဝိုက် ပက်စင်လာသည်။ မိုးလေအထိအတွေ့တို့ဖြင့် ကျွန်တော့်စိတ်တို့ ပိုပြီး အေးမြသက်ဆက်လာ၏။

"ကျွန်တော်က တခြား သက္ကာယအစွဲနဲ့ အဓိဋ္ဌာန်ဝင့်စဉ်တွေကိုတော့ ဝါသနာမပါဘူး ဆရာရဲ့။ ဒီလိုမျိုး အတိမ္မာတရားတော်နဲ့ ယှက်နွယ်နေတဲ့ အနက်အဓိပ္ပာယ်သည်း ကျယ်ပြန့်တဲ့ ကျင့်စဉ်မျိုးကိုတော့ တရားထိုင်တဲ့ အလုပ်နဲ့တွဲပြီး ကျင့်သုံးချင်နေတာ"

စိုင်းငွေလင်းဦးကပင် ဆရာ့ကို ဆက်ပြီးပြောလိုက်လေသည်။ ရန်ကုန်မှ အတူလိုက်ပါလာခဲ့သည့် ကျွန်တော့် အစ်ကိုကြီး ဦးဝင်းမောင်နှင့် တိုက်ကြီးမြို့သား ကိုအုန်းမြင့်၊ ကိုသန်းနိုင်ဦးတို့ကမူ ဘာမှ ဝင်မပြောဘဲ ဆရာပြောသမျှ စာရိတသေ နားထောင်နေကြလေသည်။

"ဆရာက အဲဒီမေတ္တာပို့ကို အဓိဋ္ဌာန်ကျင့်စဉ်တစ်ခု အနေနဲ့ အားထုတ်နေတာလား ဆရာ"

ကျွန်တော်က ဝင်ပြီး မေးလိုက်မိခြင်းဖြစ်သည်။ ဆရာက အပြင်ဘက် မိုးရေတွေထဲသို့ တစ်ချက်မျှ လှမ်းကြည့်လိုက်၏။

"အမှန်အတိုင်းပြောရရင်တော့ ဒီမေတ္တာပို့ကို စပြီး ရကာတည်းက နေ့စဉ် မပျက်တမ်း ပွားထုံနိုင်ဖို့ အဓိဋ္ဌာန်တင်ထားခဲ့မိတာပါကွယ်။ ဒါပေမယ့် တခြားအဓိဋ္ဌာန်တွေလိုမျိုး တစ်ခုခုဖြစ်ဖို့၊ တစ်ခုခုရရှိဖို့၊ တစ်ခုခုသိရဖို့ အကျိုးမျှော်စိတ်နဲ့၊ သက္ကာရစွဲနဲ့ အဓိဋ္ဌာန်တင်ထားခဲ့တာမျိုးတော့ မဟုတ်ပါဘူး။ တို့ဘုရားရှင်ရဲ့ အမြတ်ဆုံးနဲ့ အနက်ရှိုင်းဆုံး အတိမ္မာတရားတော်ရဲ့ အစိတ်အပိုင်းတစ်ခုကို ကိုယ်ဉာဏ်မီသလောက်လေး ဆင်ခြင် နလုံးသွင်းနေနိုင်အောင် ကိုယ့်အတွက် အဘိဓမ္မာတရားနဲ့ ပတ်သက်တဲ့ အထုံပါရမီလေးတစ်ခု ရရှိသွားချင်တဲ့ သဒ္ဓါတရားသက်သက်နဲ့ ပွားထုံနေခဲ့မိတာပါပဲ"

အပြင်တွင် မိုးက နည်းနည်းစဲသွားခဲ့လေပြီ။

"ဒါပေမယ့် ဆရာ ယုံကြည်တာက ဒီမေတ္တာပို့ဘာဝနာကို ပွားထုံနေရင်း၊ မေတ္တာဘာဝနာလည်း စီးဖြန်းပြီးသားဖြစ်နေတယ်။ အကြိမ်ကြိမ် နှလုံးသွင်း ဆင်ခြင်ရင်း အနက်ရှိုင်းဆုံး ပရမတ္ထတရား ဓမ္မဆိုက်တဲ့အထိ ဆင်ခြင်ပွားများနေတာမို့ အမြင့်မားဆုံး ဘာဝနာကုသိုလ်ဖြစ်သွားတယ်လို့ ယုံကြည်ထားတယ်"

ဟု ဆရာက ဆက်ပြော၏။ ထိုအခါ စိုင်းငွေလင်းဦးက···

"ကျွန်တော်လည်း ကြိုက်တယ် ဆရာရေ့။ ကျွန်တော့်ကိုလည်း အဲဒီ မေတ္တာပို့ စာသားတွေ ချီးမြှင့်ပေးပါဦး။ ကျွန်တော်က ပဋ္ဌာန်းရဲ့ အနက်အဓိပ္ပာယ်အကျဉ်းချုပ်ကိုလည်း သိချင်နေတာနဲ့ အတော်ပဲ။ ဆရာရဲ့ မေတ္တာပို့ထဲမှာ ပဋ္ဌာန်းရဲ့ အနက်အဓိပ္ပာယ်တွေကိုပါ အရှင်းလင်းဆုံး ပါနေတာ ကျွန်တော် သတိထားလိုက်မိတယ်"

ဟု ဝမ်းသာအားရ ပြောလိုက်လေ၏။ ထိုအခါ တိုက်ကြီးမြို့သား ကိုအုန်းမြင့်ကပါ···

"ဆရာရေ···အမှန်အတိုင်းဝန်ခံရရင် ဆရာလာမယ် ဆိုကတည်းက ဘေးနွှာရယ်ကင်းစေမယ့် ကျင့်စဉ်ကောင်းတစ်ခုလောက် တောင်းမယ်လို့ စိတ်ကူးထားတာ။ အခုတော့ အဲဒီ မေတ္တာပို့နည်းစနစ်ကိုပဲ ယူပါတော့မယ်။ ကျွန်တော် တို့ကိုလည်း ချီးမြှင့်ခဲ့ပါ"

ဟု တောင်းဆိုပြန်လေသည်။

"ဩော်··· ကိုအုန်းမြင့်ရယ်၊ ဒီပဋ္ဌာန်းမေတ္တာပို့ကို သာမန်လို့ မထင်လိုက်လေနဲ့ဗျ။ ပဋ္ဌာန်း ၂၄ပစ္စည်းကို မေတ္တာပို့ရင်း ရွတ်ဖွား ဆင်ခြင်နေတာဖြစ်လို့ ပဋ္ဌာန်းရွတ်ခြင်းနဲ့ ပတ်သက်တဲ့ အကျိုးကျေးဇူးတွေကိုပါ အပြည့်အဝခံစားရနိုင်တယ်။ ဒီလိုဗျ။ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ရတဲ့ အကျိုးတွေက (၁) ဘဝအဆက်ဆက် ထူးချွန်ထက်မြက်တဲ့ ဉာဏ်ပညာနဲ့ ပြည့်စုံစေနိုင်တယ်။ (၂) ဘေးအန္တရာယ် အသွယ်သွယ်တွေကို လွန်မြောက်စေနိုင်တယ်။ (၃) ဆောင်ရွက်သမျှ ကောင်းကျိုးအဝဝနဲ့ ပြည့်စုံစေနိုင်တယ်။ (၄) မကောင်းတဲ့ အကုသိုလ်အလုပ်တွေ၊ အပြစ်တွေကိုလည်း မကျူးလွန်မိအောင် စောင့်ထိန်းထားနိုင်တယ်။ (၅) နိဗ္ဗာန်အတွက်လည်း အထောက်အပံ့ဖြစ်စေနိုင်တယ်။ ဒါက ကျွန်တော်သိသလောက်ပဲ ပြောနိုင်တာပါ။ ပဋ္ဌာန်းတန်ခိုးအကျိုးအနှစ်ကပေးနိုင်စွမ်းတယ်လေဗျာ"

ဟု ကျကျနန ရှင်းပြလိုက်လေသည်။ ဆရာစကားကြောင့် ကျွန်တော့်အစ်ကိုကြီး ဦးဝင်းမောင်က···

"အဲဒီအကျိုးကျေးဇူးတွေထဲမှာ ကျွန်တော်တို့ လိုချင်တာတွေအားလုံး ပြည့်စုံနေပါပြီဗျာ။ ကျွန်တော်ထည်း ကျင့်သုံးမှ ဖြစ်တော့မယ်"

ဟု အားရကျေနပ်သော မျက်နှာထားဖြင့် ဝင်ပြောလိုက်လေသည်။ ဆရာက ဆက်လက်၍···

www.burmeseclassic.com

"အဲဒါတင် ဘယ်ကဦးမလဲ ကိုဝင်းမောင်ရယ်။ မေတ္တာပို့သခြင်းရဲ့ အကျိုး (၁၁)ပါးကိုလည်း အပြည့်အဝရရှိနိုင်ပါသေးတယ်။ အဲဒီ မေတ္တာပအကျိုးတွေကိုလည်း ကြုံတုန်းမှာ မှတ်ထားကြဦး။ ချမ်းသာစွာ အိပ်ရတယ်၊ ချမ်းသာစွာ နိုးရတယ်၊ ကောင်းတဲ့ အိပ်မက်တွေကိုပဲ မြင်မက်ရတယ်။ လူတွေ၊ နတ်တွေ၊ သတ္တဝါတွေရဲ့ အထူးချစ်ခင်ခြင်းကို ခံရတယ်။ ဘေးဥပါဒ်တွေက လွတ်ကင်းမယ်။ မီးဘေး၊ အဆိပ်ဘေး၊ လက်နက်ဘေးလုံတွေရဲ့ ဘေးရန်ကလည်း လွတ်ကင်းနိုင်တယ်။ မကောင်းတဲ့ စိတ်စေတနာတွေ ပ,ပျောက်သွားမယ်။ မျက်နှာမှာလည်း ကြည်လင်ပြီး အမြဲကျက်သရေရှိ တင့်တယ်နေမယ်။ သေဆုံးချိန်မှာလည်း မတွေမဝေ သေဆုံးရပြီး တမလွန်မှာ ဗြဟ္မာပြည်မှာ စံစားရတတ်တယ်။ အဲဒီလို မေတ္တာအကျိုးတွေကိုပါ အပြည့်အဝ ခံစားရနိုင်ပါတယ်ဗျာ"

ဟု အသေးစိတ် ပြောပြပြန်လေသည်။ ထိုအခါ...

"ဆရာရယ်၊ အဲဒီထက် ပြည့်စုံတဲ့ ကောင်းကျိုးတွေက ဘာရှိဦးမှာလဲ။ အားလုံး လုံလောက်နေပါပြီ။ ဒီမေတ္တာပို့ကျင့်စဉ်ကိုပဲ အဓိဌာန်တစ်ခုအဖြစ် နေ့စဉ် ပွားထုံသွားရတော့မှာပဲ"

ဟု အားရကျေနပ်စွာ ဝင်ပြောလိုက်သည့် တိုက်ကြီးသား ကိုသန်းနိုင်ဦး၏ စကားကြောင့် ကျွန်တော်တို့အားလုံး ပြုံးရယ်မိကြတော့သည်။ ကျေနပ်စွာ ပြုံးရယ်ကြမိခြင်းသာ ဖြစ်၏။

"အဲဒီ ဆရာ့အိတ်ထဲမှာ ပဌာန်းမေတ္တာပို့ စာရွက်လေး ပါဦးမယ်ထင်တယ်ကွယ်။ တိုက်ကြီးပြန်ရောက်တော့ မိတ္တူကူးပြီး ယူထားကြပေါ့။ ဘာမှ ဆုတောင်းနေဖို့တောင် မလိုပါဘူး။ မေတ္တာပို့သန့်သန့်အဖြစ် အမြဲတမ်း ပွားထုံသွားကြပါ။ မေတ္တာပို့နေရင်းနဲ့လည်း ပဌာန်းတရားတော်ရဲ့ အနက်အဓိပ္ပာယ်တွေကို ဉာဏ်မီသလောက် ဆင်ခြင် နလုံးသွင်းသွားကြတာပေါ့။ မိုးလည်း ပွင့်သွားပြီ။ ရွှေပြောင်ပြောင် ဘုရားကို တက်ဖူးကြဦးစို့။ ပြီးမှ ခွိုးဖြူကန်ဘက်ကို ဆက်သွားကြရအောင်"

ပြောပြောဆိုဆို ဘုရားကို ဝတ်ပြုကာ ဆရာနှင့် ကျွန်တော်တို့ ဗျာဒိတ်တော်ဘုရားက ဆင်းခဲ့ကြသည်။ မိုးရွာပြီးစ ဖြစ်၍ ဝန်းကျင်က ပိုပြီးလတ်ဆတ်နေသည်။

"ဒီခရီးကတော့ ကျွန်တော်အတွက် တော်တော်အားရှိသွားပြီ ဆရာရေ"

ကျွန်တော်စကားကြောင့် ဆရာက ရှေ့မှ သွားနေရင်း ပြုံး၍ လှည့်ကြည့်သည်။

"မောင်သက်နင်းဆွေအတွက်က ဒီထက် ပိုအကျိုးရှိဦးမှာပါကွယ်။ ဟောဟို သက္ကဝတီမြို့ဟောင်းကို လေ့လာပြီး စာရေးစရာ ကုန်ကြမ်းတွေလည်း အများကြီး ရလာဦးမှာ။ ဟောဟိုဘက်မှာ ရှိတဲ့ "ရွှေချိုးဖြူ မူလခဲ" ရာဇဝင် သိုက်သမိုင်းအကြောင်းတွေကလည်း သိပ်ပြီး စိတ်ဝင်စားစရာ ကောင်းလှတယ်ကွယ်"

ဟု ပြောရင်း သက္ကဝတီမြို့ဆိုသည့် ရွှေရောင်စာလုံးများဘက်သို့ လှမ်းသွားသဖြင့် ကျွန်တော်တို့လည်း ဆရာ့နောက်မှ ကြည်နူးစွာ လိုက်သွားဖြစ်ကြတော့သည်။

(၄)

သက္ကဝတီမြို့ဟောင်းတွင် ကျွန်တော်ဆရာ ခိုးမြှင့်ခဲ့သည့် **ပဌာန်းမေတ္တာပို့မှာ -**

၁။ **ဟေတုပစ္စယော** - သတ္တဝါအားလုံး ကောင်းမြတ်သော အလောဘ၊ အဒေါသ (မေတ္တာ)၊ အမောဟ(ပညာ) ကုသိုလ်ဟိတ်တရားတို့သာ အမြစ်သဖွယ် ကိန်းတည်ကြပြီး ကောင်းမြတ်သော စိတ်၊ စေတသိက် ရုပ်တရားတို့သာ နိဗ္ဗာန်တိုင်အထိ တိုးတက်ဖြစ်ထွန်းနိုင်ကြပါစေ။

၂။ **အာရမ္မဏပစ္စယော** - သတ္တဝါအားလုံး ကောင်းမြတ်သော အာရုံနှင့်သာ တွေ့ကြုံရ၍၊ ကောင်းမြတ်သော အကျိုးတရားတို့ကိုသာ ရှိခံစားနိုင်ပါစေ။

၃။ **အဓိပတိပစ္စယော** - သတ္တဝါအားလုံးတို့၏ သန္တာန်၌ ထက်မြက်သော၊ ကောင်းသော ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာတို့သာ အကြီးအမှူး ဦးစီးဦးဆောင်ပြုကြလျက် အလွန်အကြူး အထူးကြီးကျယ် မြင့်မြတ်သော ကောင်းကိုးတရားတို့သာ ရရှိခံစားနိုင်ကြပါစေ။

၄။ **အနန္တရပစ္စယော** - သတ္တဝါအားလုံး ကောင်းမြတ်သော စိတ်+စေတသိက်=နာမ်တရားတို့သာ အကြားအလပ်မရှိ၊ စဉ်ဆက်မပြတ် ဆက်ကာဆက်ကာ ဖြစ်ပွားနိုင်ကြပါစေ။

၅။ **သမနန္တရပစ္စယော** - သတ္တဝါအားလုံး ကောင်းမြတ်သော စိတ်+စေတသိက် = (နာမ်)တရားတို့သာ အကြားအလပ်မရှိ အထူး အားကြီးစွာဖြင့် စဉ်ဆက်မပြတ် ဆက်ကာဆက်ကာ ဖြစ်ပွားနိုင်ကြပါစေ။

၆။ **သဟဇာတပစ္စယော** - သတ္တဝါအားလုံး ကောင်းသော ရုပ်တရား၊ နာမ်တရားများသာ အတူတကွဖြစ်နိုင် ကျေးဇူးပြုနိုင်ကြပါစေ။

www.burmeseclassic.com

၇။ **အညမညပစ္စယော** - သတ္တဝါအားလုံး ကောင်းမြတ်သော ရုပ်တရား၊ နာမ်တရားတို့နှင့်သာ အချင်းချင်း မှီတွဲ၍ အပြန်အလှန် ကျေးဇူးပြုမှုကို ခံစားနိုင်ကြပါစေ။

၈။ **နိဿယပစ္စယော** - သတ္တဝါအားလုံး ကောင်းမြတ်သော ရုပ်တရား၊ နာမ်တရားတို့၌သာ အမှီပြု၍ ကောင်းကျိုးအမျိုးမျိုးတို့သာ ခံစားနိုင်ကြပါစေ။

၉။ **ဥပနိဿယပစ္စယော** - သတ္တဝါအားလုံး ကောင်းသော ပညာတရား၊ ရုပ်တရား၊ နာမ်တရားများနှင့် ကောင်းမြတ်သော မိဘ၊ ဆရာ၊ မိတ်ဆွေ၊ ဥတုရာသီ၊ နေရာထိုင်ခင်း၊ အစားအသောက်တို့၌သာ အားကြီးသော မှီရာအဖြစ် မှီကြ၍ ကောင်းကျိုးအမျိုးမျိုးတို့သာ ရရှိခံစားနိုင်ကြပါစေ။

၁၀။ **ပုရေဇာတ ပစ္စယော** - သတ္တဝါအားလုံး ကောင်းမြတ်သော အာရုံငါးပါး ရုပ်တရားများ၊ ဝတ္ထုများသာ ရှေ့ဦး ကြိုတင်ဖြစ်နှင့်ကြ၍ ကောင်းမြတ်သော ကုသိုလ်တရား၊ အကျိုးပေါက်တရားတို့သာ တိုးပွားဖြစ်ထွန်းနိုင်ကြပါစေ။

၁၁။ **ပစ္ဆာဇာတ ပစ္စယော** - သတ္တဝါအားလုံးတို့၏ ဖြစ်နှင့်ပြီးသော ရှေးရုပ်တရားအား နောက်မှဖြစ်သော နာမ်တရားများက ကျေးဇူးပြုရာတွင် ကောင်းမြတ်သော ကုသိုလ်အဟောကတ နာမ်တရားတို့၏ ကျေးဇူးပြုမှုကိုသာ ခံယူနိုင်ကြပါစေ။

၁၂။ **အာသေဝနပစ္စယော** - သတ္တဝါအားလုံး ကောင်းမြတ်သော ကုသိုလ်တရား၊ ကြိယာအဗျာကတတရားတို့သာ မဂ်ဖိုလ်နိဗ္ဗာန်အထိ အဖန်တလဲလဲ ထုံခြင်းဖြင့် ထပ်ကာ ထပ်ကာ ဖြစ်ပွားနိုင်ကြပါစေ။

၁၃။ **ကမ္မပစ္စယော** - သတ္တဝါအားလုံး ကောင်းမြတ်သော စေတနာကံတရားတို့သာ ပြုလုပ်ဖြစ်ကြ၍ ယခုဘဝ၊ နောင်ဘဝ နိဗ္ဗာန်အထိတိုင် ကောင်းကျိုးအဆက်ဆက်တို့ကိုသာ ခံစားရရှိနိုင်ကြပါစေ။

၁၄။ **ဝိပါကပစ္စယော** - သတ္တဝါအားလုံး ကောင်းမြတ်သော အကျိုးတရားတို့ကိုသာ အဆက်မပြတ် ရရှိခံစားဆိုင်ကြ၍ ထိုမှတစ်ဆင့် ကောင်းမြတ်သော အကျိုးတရားအမျိုးမျိုးတို့ကိုသာ နိဗ္ဗာန်တိုင်အထိ ထပ်ကာထပ်ကာ ရရှိခံစားနိုင်ကြပါစေ။

၁၅။ **အာဟာရပစ္စယော** - သတ္တဝါအားလုံး ရရှိထားကြသော ရုပ်နာမ်ခန္ဓာကြီးအား ကောင်းမြတ်သော ရုပ်နာမ်အာဟာရတရားတို့ဖြင့်သာ အထောက်အပံ့ပြု ဖြစ်ကြ၍ ခန္ဓာကို လွယ်ကူစွာ မျက်မှောက်ပြုနိုင်ကြပါစေ။

၁၆။ **ဣန္ဒြိယပစ္စယော** - သတ္တဝါအားလုံး ကောင်းမွန်သော ရုပ်နာမ်တရားတို့၏ လွှမ်းမိုးအုပ်ချုပ်၊ ချယ်လှယ်မှုတို့ကိုသာ နိဗ္ဗာန်တိုင်အထိ ရရှိခံစားနိုင်ကြပါစေ။

၁၇။ **ဈာနပစ္စယော** - သတ္တဝါအားလုံး ကောင်းမြတ်သော ကုသိုလ်တရားတို့၌သာ စူးစူးစိုက်စိုက် အာရုံပြုနိုင်ကြ၍ နိဗ္ဗာန်တိုင်အထိ ရရှိခံစားနိုင်ကြပါစေ။

၁၈။ **မဂ္ဂပစ္စယော** - သတ္တဝါအားလုံး သုဂတိဘုံ၊ နိဗ္ဗာန်ဘုံတို့ကိုသာ ရောက်စေနိုင်သော ကောင်းမြတ်သော ကုသိုလ်မဂ္ဂင်လမ်းကြောင်းကိုသာ လျှောက်လှမ်းနိုင်ကြပါစေ။

၁၉။ **သမ္ပယုတ္တပစ္စယော** - သတ္တဝါအားလုံး ကောင်းသော စိတ်စေတသိက်၊ နာမ်တရားအချင်းချင်းတို့သာ အညီအညွတ် ယှဉ်တွဲပေါင်းစပ်၍ နိဗ္ဗာန်တိုင်အထိ သွားနိုင်ကြပါစေ။

၂၀။ **ဝိပ္ပယုတ္တပစ္စယော** - သတ္တဝါအားလုံး ကောင်းမြတ်သော နာမ်တရားတို့က ကောင်းမြတ်သော ရုပ်တရားတို့ကို၊ ကောင်းမြတ်သော ရုပ်တရားတို့က ကောင်းမြတ်သော နာမ်တရားတို့ကို ကျေးဇူးပြုနိုင်ကြ၍ နိဗ္ဗာန်တိုင်အထိ ကောင်းကျိုးအမျိုးမျိုးတို့ကိုသာ ရရှိခံစားနိုင်ကြပါစေ။

၂၁။ **အတ္ထိပစ္စယော** - သတ္တဝါအားလုံး ကောင်းသော ရုပ်နာမ်တရားတို့ကိုသာ ထင်ရှားစွာ ဖြစ်ပေါ်ကြ၍ ကောင်းကျိုးအမျိုးမျိုးတို့သာ နိဗ္ဗာန်တိုင်အထိ တိုးတက်ဖြစ်ထွန်းနိုင်ကြပါစေ။

၂၂။ **နတ္ထိပစ္စယော** - သတ္တဝါအားလုံး မကောင်းသော နာမ်တရားတို့ ချုပ်ငြိမ်းသွားကာ၊ ကောင်းသော နာမ်တရားတို့သာ နိဗ္ဗာန်တိုင်အထိ အစားထိုးကာ ဆက်လက် ဖြစ်ပွားနိုင်ကြပါစေ။

၂၃။ **ဝိဂတပစ္စယော** - သတ္တဝါအားလုံး မကောင်းသော နာမ်တရားတို့ လုံးဝ ကင်းစင်သွားကာ ကောင်းသော နာမ်တရားတို့သာ နိဗ္ဗာန်တိုင်အထိ အစားထိုးကာ ဆက်လက် ဖြစ်ပွားနိုင်ကြပါစေ။

၂၄။ **အဝိဂတပစ္စယော** - သတ္တဝါအားလုံး မကောင်းသော ရုပ်နာမ်တရားတို့ မဖြစ်ပေဘဲ၊ ကောင်းသော ရုပ်နာမ်တရားတို့သာ မကင်းမကွာသောအားဖြင့် ဖြစ်ပေါ်ကြ၍ ကောင်းကျိုးအမျိုးမျိုးတို့သာ နိဗ္ဗာန်တိုင်အထိ တိုးတက်ဖြစ်ထွန်းနိုင်ကြပါစေ ■

အားလုံးသတ္တဝါ ချမ်းသာပါလေ။

သက်နိုင်ဆွေ ရေးပါ။

*****

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာက ချစ်ခင်လေးစားခံရသော ဦးသန့်

■ ဒေါ်ဘုန်းမြင့် (ကချင်မြေ)

မြန်မာနိုင်ငံအတွက် ဂုဏ်ယူကြရမည့် ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးဖြစ်သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်သည် ရောဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၌ ခရစ်သက္ကရာဇ် ၁၉၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် မြောက်လတို်တွဒ် (၁၆-၅၉)ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် (၉၅-၂၉) ဒီဂရီအတွင်း ကျရောက်စဉ် နက္ခတ်ကောင်းများ ကြိုလျက် မွေးဖွားသန့်စင်ခဲ့သူဖြစ်ပါသည်။



မူလရာသီစက်ဇာတာတွင် အောင်မြင်မှုအပေါင်းတို့ကို ယူဆောင်ပေးတတ်ပြီး ဓနဥစ္စာ စည်းစိမ်ချမ်းသာများကို ထောက်ပံ့ပေးတတ်သော ကြာသပေးဂြိုဟ်သည် လဂ်သခင် အဓိပတိဂြိုဟ်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

လင်္ဂသခင် ကြာသပတေးဂြိုဟ်သည် ဓနလင်္ဂအိမ်မှ ၃-တန်ကောင်းသော သုဘဘာဝအိမ်တွင် တည်လျက်၊ မိမိ၏ ရာသီအိမ်တွင် စံနေသောလင်္ဂကို တြိကောဏ ကောင်းသောအပြင်ဖြင့် အပြည့်အဝထားခြင်း၊ ကြာသပတေးဂြိုဟ်သည် ၁-တန်လင်္ဂအိမ်ရှင်နှင့် ၄-တန် မိခင်နှင့်ဆိုင်သော ဒုတိယဘာဝအိမ်၏ အိမ်ရှင်ဂြိုဟ်လည်းဖြစ်ခြင်း၊ ရာသီစက်နှင့် နဝင်းစက်ဇာတာတွင် ကြာသပတေးဂြိုဟ်အချင်းချင်း ကောင်းသော ၃-တန်နှင့် ၁၁-တန်တွင် အပြန်အလှန်ရပ်နေခြင်း အစရှိသော ဇာတာအနေအထားတို့ကြောင့် ဇာတာရှင် ဦးသန့်သည် ကမ္ဘာ့ပဋိပက္ခအမျိုးမျိုးကို ကိုင်တွယ်ဖြေရှင်းပေးနိုင်ခဲ့ပြီး ကမ္ဘာငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးနိုင်သော ပိသုကာကြီးဖြစ်လာခဲ့ခြင်းဖြစ်သည်။

အနုပညာနှင့် ကျော်စောခြင်းကို အထောက်အကူပြုသော သောကြာဂြိုဟ်သည် ရာသီအိမ်၏ လာဘ်လာဘအိမ်မှ ဓနလင်္ဂတွင် လာရောက်ပူးယှဉ်နေသောကြောင့် ရုပ်ရည်အဆင်ကြည်ခန့်ညားခြင်း၊ ဘဝတွင် မကြောင့်မကြ မတောင့်တဆာ အဖက်ဖက်မှ ပြည့်စုံသောဘဝမျိုးနှင့် နေထိုင်ခဲ့ရခြင်း၊ အပူအပင်ကင်းပြီး သာယာသော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ခဲ့ခြင်း၊ စာပေအနုပညာများ၌ လိုက်စားနှစ်သက်တတ်ခြင်း၊ အပြောအဟော ကိုယ်နှုတ်အမူအရာ ယဉ်ကျေးလိမ္မာခြင်းများနှင့် ပြည့်စုံစေခဲ့ခြင်းဖြစ်ပါသည်။ သောကြာဂြိုဟ်သည် ဒုတိယ ၆-တန် ရန်အာရီအိမ်၏ အိမ်ရှင်ဂြိုဟ်လည်း ဖြစ်သောကြောင့် ဇာတာရှင်သည် ရောဂါဘယအမျိုးမျိုးကြောင့် အရွယ်မတိုင်မီ ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် သည်ချောင်း၊ သွား၊ ခံတွင်းကို ဒုက္ခပေးတတ်ပါသည်။

နဝင်းစက်ဇာတာတွင် ဗျာယအိမ်ရှင် အင်္ဂါဂြိုဟ်သည် လင်္ဂအိမ်မှ ၂-တန်စကား ဓနဥစ္စာအိမ်ဖြစ်သော မိမိ၏ ဒုတိယအိမ်တွင် မြတ်သော နဝင်းစီးနေသဖြင့် ဇာတာရှင် ဦးသန့်သည် စကားအပြောအဆို ချိုသာလိမ္မာပါးနပ်ခြင်း၊ ဆိုင်ရေးနည်းပရိယာယ်ကြွယ်ဝခြင်း၊ ဆုံးဖြတ်ချက်ချပြီးလျှင် ခိုင်ခိုင်မာမာရပ်တည်တတ်ပြီး ဆုံးခန်းတိုင်အောင် ပြီးမြောက်သည်အထိ မဖြစ်မနေ တိတိကျကျ ဆောင်ရွက်တတ်ခြင်းများကို ဖြစ်စေခဲ့သည်။

ကောင်းကျိုးချမ်းသာ အောင်မြင်မှုများကို ဆောင်ကြဉ်းပေးတတ်သော ကြာသပတေးဂြိုဟ်၏ ရာသီအိမ်ဖြစ်သည့် ဓနလင်္ဂမှ ကောင်းသော ၉-တန် သုဘဘာဝအိမ်ရှင် တနင်္ဂနွေဂြိုဟ်နှင့် ၁၀-တန် ကမ္မဘာဝသခင် ဗုဒ္ဓဟူးဂြိုဟ်သည် လင်္ဂမှ ၂-တန်အိမ်တွင် အတူပူးယှဉ်စံနေသဖြင့် ရာဇယောဂကို ရရှိလေသည်။

သို့ဖြစ်သောကြောင့် ဇာတာရှင်သည် လုပ်ငန်းရာထူးအဆင့်ဆင့် တက်လမ်းပွင့်နိုင်ခဲ့ပြီး နိုင်ငံတော်၏ ရာထူးတာဝန်ကြီးများတွင် တာဝန်ထမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ နောက်ဆုံး၌ ကမ္ဘာ့အကြီးဆုံး ရာထူးတာဝန်ကြီးဖြစ်သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်ကို နှစ်ကြိမ်တိုင်တိုင် ဆက်တိုက် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သည်။

ဘာဝစက်ဇာတာတွင် ကြာသပတေးဂြိုဟ်သည် မိမိအိမ်မှ တြိကောဏအမြင်ရသော မိတ်အိမ်မှနေ၍ စနေဂြိုဟ်သည် လင်္ဂမှ ၃-တန် မိမိ၏ ကသစ်အိမ်မှ အပြန်အလှန် ၇တန်အမြင်ဖြင့် မြင်နေကြခြင်း၊ နဝင်းစက်ဇာတာတွင် စနေဂြိုဟ်သည် အားကောင်းသော ဥစ္စာအားကို ရလျက် ကြာသပတေးဂြိုဟ်နှင့် အတူယှဉ်၍ လင်္ဂနှင့် ကိန်းအိမ်တွင် နဝင်းပြိုင်စီးခြင်း စသော ဂြိုဟ်နေ ဂြိုဟ်ထားကြောင့် ဇာတာရှင် ဦးသန့်သည် မိမိတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ကျူးဘားပဋိပက္ခအပါအဝင် အလွန်ခက်ခဲ တင်းမာနေသော ကမ္ဘာ့ရေးရာ ပြဿနာကြီးငယ်များကို ဉာဏ်နှင့်ယှဉ်၍ ဖြေရှင်း အဆုံးသတ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

လင်္ဂသည် ရာသီနှင့် နဝင်းစက်တွင် နှစ်မျိုးနှစ်ခွဖြစ်တတ်သော ဒွိဟရာသီအိမ်နှင့် အမြဲလုပ်ရှားနေတတ်သည့် ချိန်ခွင်ရာသီအိမ်တို့တွင် ဣန္ဒြေကြီးစွာ တည်နေသောကြောင့် ဇာတာရှင် ဦးသန့်သည် အလုပ်တစ်ခုတည်းနှင့် မတည်မြဲဘဲ အလုပ်နေရာဌာန မကြာခဏ အပြောင်းအလဲဖြစ်ခဲ့ခြင်း၊ ဘဝတိုးတက်မှုအပြောင်းအလဲ အမျိုးမျိုးကြုံခဲ့ရခြင်း၊ ရေခြားမြေခြား တိုင်းပြည်အကူးအပြောင်းဖြစ်ခဲ့ရခြင်း၊ ရာထူးတာဝန်တစ်ဆင့်ပြီးတစ်ဆင့် အတက်မြန်ခဲ့ခြင်းများကို ဖြစ်စေခဲ့ပါသည်။ ဇာတာရှင်သည် ကျောင်းဆရာ၊ ပြန်ကြားရေးအရာရှိ၊ စီမံကိန်းအတွင်းဝန်၊ ဝန်ကြီးချုပ်ရုံးအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ၏ အမြဲတမ်း သံအမတ်ကြီး၊ ထိုမှတစ်ဆင့် ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်စသည်ဖြင့် လူပ်ရှားတိုးတက် အောင်မြင်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအရပ်ရပ်သို့ ပြဿနာပေါင်း မြောက်မြားစွာတို့ကို မနားမနေ သွားလာလှုပ်ရှားဖြေရှင်းပေးခဲ့ရသည်။ ဦးသန့်၏ ခေတ်သည် ကမ္ဘာ့အရှေ့ခြမ်းမှ ဆိုဗီယက်ရုရှား ဦးဆောင်သော အရှေ့အုပ်စုနှင့် အမေရိကန်နိုင်ငံက ဦးဆောင်သော အနောက်အုပ်စုကြား အလွန်တင်းမာနေသည့် အချိန်ကာလဖြစ်သည်။

ဇာတာရှင် ဦးသန့်သည် ရာသီစက်ဇာတာတွင် လင်္ဂမှ ၉တန် မြင့်မြတ်သော သုဘဘာဝတွင် ရပ်ပြီး၊ နဝင်းစက်

www.burmeseclassic.com

ဇာတာတွင် လင်္ဂနှင့်အတူ ဥစ္စစနေကြိုယ်နှင့် ပူးယှဉ်နေသော လင်္ဂသခင် ကြာသပတေးကြိုယ်၏ ထူလဒသာမှ စ၍ ရာသီစက်တွင် လင်္ဂမှ ၄တန့်ကောင်းသော ဗန္ဓုအိမ်တွင် ရပ်ပြီး နဝင်းစက်တွင် လင်္ဂသခင် ကြာသတေးကြိုယ်နှင့် ကိန်းအိမ်တွင် ပူးစံနေသော ဥစ္စစနေကြိုယ်၏ ထူလနစ်ကြီး ဒသာနှင့် အန္တရနစ်ကြီး ဒသာနှင့် အန္တရနစ်ငယ် ဒသာစားသော နစ်ကာလအထိ ရာထူးအဆင့်ဆင့်တိုးတက်ရရှိခဲ့ခြင်းဖြစ်သည်။

ဇာတာရှင်ကို ကမ္ဘာ့အထွဋ်အထိပ်သို့ ရောက်အောင် ထောက်ကူ ကာရကပြုကြသော အဓိက ဇာတ်ကောင်ကြိုယ်များသည် လင်္ဂမှ ၉တန့်သုဘအိမ်ရှင်နှင့် လင်္ဂသခင် ကြာသပတေးကြိုယ်၊ လင်္ဂမှ ၂တန့်နှင့် ၃တန့်သခင် စနေကြိုယ်၊ လင်္ဂမှ ၉တန့်သခင် တနင်္ဂနွေကြိုယ်နှင့် လင်္ဂမှ ၇တန့် ပထနီသခင်နှင့် ၁၀တန့် ကမ္မသခင် ဗုဒ္ဓဟူးကြိုယ်များ ဖြစ်လေသည်။ သောကြာကြိုယ်သည် ကောင်းသော်လည်း အာရီသခင်ဖြစ်သည်။

နက္ခတ်ဗေဒင်ဟောပြောခြင်းအယူအဆအရ စနေကြိုယ်ကို လူထုနှင့် ဆိုင်သောကြိုယ်၊ ပင်ပန်းဆင်းရဲခြင်းနှင့် နှောင့်ယှက်နှောင့်နေးစေတတ်သော ကြိုယ်၊ မြေနှင့် ဆိုင်သော ကြိုယ်၊ အဖျက်အပျက်နှင့် ကြန့်ကြာစေတတ်ခြင်းတို့နှင့် သက်ဆိုင်သော ကြိုယ်ဟူ၍ ယူဆ ဟောပြောကြရသော်လည်း စနေကြိုယ်အပြင်အယှဉ် အထွန်းအငုပ် အပူးအကပ် ဗလငါးတန် အားကောင်းလာ၍ အကျိုးပေးကောင်းလာလျှင် မစို့မပို့ပေးခြင်းမျိုးမဟုတ်ဘဲ အစုလိုက် အပုံလိုက် ထိထိရောက်ရောက် ပုံအောပြီး ထောက်ပံ့ပေးတတ်သော ကြိုယ်ဖြစ်သည်ဟု ဆိုသည်။

ဇာတာရှင်၏ ကံဇာတာသည် နဝင်းစက်ဇာတာတွင် လင်္ဂသခင် ကြာသပတေးကြိုယ်နှင့်အတူ အံသာပြိုင်စီး၍ ရာသီစက်တွင် ကောင်းသော ၂တန့်၊ ၃တန့်သခင်နှင့် နဝင်းစက်တွင် ကာရကပြုသော ၄တန့်၊ ၅တန့်သခင်ဖြစ်ပြီး လင်္ဂနှင့် ကိန်းအိမ်တွင် ဥစ္စကြိုယ်တက်၍ပူးနေသော စနေကြိုယ်၏ အကျိုးပေးကောင်းသောကြောင့် အောင်မြင်ကျော်ကြားခဲ့ခြင်းဖြစ်သည်။

အားကောင်းသော စနေကြိုယ် ထူလဒသာနှင့် ရာသီစက်ဇာတာတွင် လင်္ဂမှ ၈တန့် မရဏာအိမ်ရှင် တနင်္ဂါကြိုယ်၏ အန္တရဒသာ ကာလအတွင်း ရန်ဒသာစုံသည့်ပြင် ထူလမှ အန္တရသို့ ၁၂တန့်မျာယကြီးပြီး အလွန်အားနည်းသော ကြိုယ်၏ ဒသာစားသည့် ၁၉၇၀ ခုနှစ်၊ ဖိဂင်္ဂဘလ ၃၁ရက်နေ့တွင် တာဝန်မှ အနားယူခဲ့ရသည်။

ဇာတာရှင် ဦးသန်းသည် စနေ ထူလသော နဝင်းစက်တွင် လင်္ဂနှင့်ပူးသော အမောင်ကြိုယ် ရာဟုး၏ အန္တရဒသာစားချိန်တွင် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ ဆေးရုံကြီး၌ သွားရောဂါခွဲစိတ်ကုသနေစဉ် ၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလ ၂၃ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွက် မဟာဆုံးရှုံးမှုကြီး ဖြစ်ခဲ့ရသည်။

ရာသီစက်နှင့် ဘာဝစက်တွင် လင်္ဂကို ရာဟုကြိုယ်က ဂုတန့်အမြင်ဖြင့် မြင်ထားပြီး ကိတ်ကြိုယ်က အနီးကပ် ကြတ်ငုံထားခြင်း၊ လင်္ဂမှ ၈တန့် မရဏာအိမ်ရှင် တနင်္ဂါကြိုယ်သည် လင်္ဂမှ ၂တန့်အိမ်တွင် တည်နေခြင်း၊ နဝင်းစက်တွင် ၁၀တန့် ကမ္မအိမ်ရှင် တနင်္ဂါကြိုယ်သည် လင်္ဂမှ ၆တန့် အာရီရန်အိမ်တွင် ရပ်ခြင်း၊ ရာသီစက်, ဘာဝစက်, နဝင်းစက် ဇာတာလင်္ဂသုံးလင်္ဂစလုံးကို အမောင်ကြိုယ် ရာဟုနှင့် ကိတ်ကြိုယ်တို့က အနီးကပ် ပူးယှဉ်နှောင်ဖွဲ့ခံထားရခြင်း၊ လင်္ဂမှ ၅တန့် ဗန္ဓုနှင့် ၁၂တန့် ဗျာယသခင် အင်္ဂါကြိုယ်သည် ရာသီအိမ် ဓနလင်္ဂကို ဗျာယအိမ်မှ အနီးကပ် လှမ်းကြည့်ထားခြင်း အစရှိသော ကြိုယ်အနေအထားအခင်းအကျင်းများကြောင့် ဇာတာရှင်သခင်သည် ဂုဏ်သိက္ခာရှိစွာ ကွယ်လွန်အနိစ္စရောက်ခဲ့သော်လည်း နောက်ပိုင်းတွင် မမျော်လင့်ဘဲ စျာပနကိစ္စနှင့် ပတ်သက်၍ မလိုလားအပ်သော အကြောင်းတရားများ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်လေသည်။

ဦးသန်း ကွယ်လွန်ပြီးနောက် အမိနိုင်ငံတွင် သင်္ကြန်နိုင်ရန် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှ မြန်မာနိုင်ငံ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းသို့ သယ်ဆောင်လာခဲ့ပြီး ထိုမှတစ်ဆင့် ရွှေတိဂုံဘုရားလမ်းရှိ နိုင်ငံတော်ဗိမာန်အတွင်း အထိမ်းအမှတ်ပြု ဂူသွင်းသင်္ကြန်ခြင်း ပြုနိုင်ခဲ့သည်။ တနင်္ဂါကြိုယ်သည် မကောင်းသောကြိုယ်ဖြစ်သော်လည်း ရာသီအိမ်တစ်အိမ်သာပိုင်သော ကြိုယ်ဖြစ်သောကြောင့် မထောင်းသာလှ။ မာရကကြိုယ်အစစ်သည် ရာသီစက်တွင် မြင်၍၊ နဝင်းစက်တွင် အကြတ်ခံရသော ရာဟုကြိုယ်ဖြစ်လေသည်။ သို့သော် လောကတွင်ရကြိုယ်ဖြစ်သော ရာဟုနှင့် ကိတ်ကြိုယ်၏ တစ်လှည့်စီ မြင်ခြင်း၊ ကြတ်ခြင်းခံရသော ဇာတာရှင်သည် ကောင်းရာဘုံ သုဂတိသို့ လားရောက်နိုင်ပါလိမ့်မည်။ လောကတွင် အကောင်းအဆိုး ဒွန်တွဲလျက် ဖိုးဖိုးနေတတ်ပါသည်။

အောင်ဘုန်းမြင့် (ဇေးချင်မြေ)

*****

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

လက်ရှိ အသုံးပြုနေကြသော ဥပဒေများ မပေါ်မီ ဘီစီ ၂၀၀၀ ခန့်က မက်ဆိုပိုးတေးမီးယားနိုင်ငံတွင် ဟာမူရာဘီ ကိုဓဥပဒေ ရှိခဲ့ပါသည်။ ဟာမူရာဘီ ကိုဓဥပဒေ၏ အဓိကအချက်မှာ ညီမျှသော တန်ဖိုးကို ပေးဆပ်ရသော အပြစ်ဒဏ်ပေးခြင်းတစ်မျိုးသာ ဖြစ်ပါသည်။ အခြားသူတစ်ဦး၏ မျက်လုံးတစ်လုံး ပျက်စီးဆုံးရှုံးသွားအောင် ကျူးလွန်ပါက ကျူးလွန်သူ၏ မျက်လုံးတစ်လုံး ဖျက်ဆီးသည့် အပြစ်ဒဏ် ချမှတ်သကဲ့သို့ လက်တစ်ဖက်ပြတ်သွားပါက လက်တစ်ဖက် ပြန်လည်ဖြတ်ရသည့် အပြစ်ဒဏ်နှင့် သွားတစ်ချောင်းဆုံးရှုံး အောင် ကျူးလွန်ပါက သွားတစ်ချောင်းပြန်၍ ဆုံးရှုံးအောင် ပြစ်ဒဏ်ပေးခြင်းဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။

မြန်မာဆိုရိုးစကားအရ "ဝဉ်မှာ အမြဲ၊ ငရဲမှာ အပ" ဆိုသကဲ့သို့ ဝဉ်လိုက်တတ်ကြောင်း၊ ဝဉ်ကြွေးရှိက ပြန်လည် ပေးဆပ်ရမြဲဖြစ်ကြောင်း ဘာသာရေးအဆုံးအမအဖြစ် ရှိခဲ့ပါသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ လက်ထက်တော်က ရှင်မောဂ္ဂလာန် ရဟန်းရှင်မြတ်ကြီးပင်လျှင် ယခင်ဘဝက ကျူးလွန်ခဲ့သော ဝဉ်ကြွေးရှိခဲ့၍ ယခုဘဝတွင် ခိုးသားနှင့် မှားကာ လူအများ၏ ရိုက်နက်ခြင်းကို ခံခဲ့ရပါသည်။ ဤသို့ ဆိုပါလျှင် ဝဉ်ကြွေးပေးဆပ်ရခြင်းသည် ဟာမူရာဘီ ကိုဓဥပဒေနှင့် သဘောတရားချင်း တူညီသည်ဟု ယူဆရပေလိမ့်မည်။

ဟာမူရာဘီ ကိုဓဥပဒေမှာ စစ်ဆေးမှုရှိပြီး ပြစ်မှုထင်ရှားပါက (သို့မဟုတ်) မျက်မြင်သက်သေ ထင်ရှားသော အပြုအမူများအရ တူညီသော အပြစ်ဒဏ်ကို တာဝန်ပေးအပ်ထားသူတစ်ဦးက ချက်ချင်း စီရင်ရပါလိမ့်မည်။ ဝဉ်ကြွေး အပြစ်ဒဏ်ကတော့ မည်သည့်ဥပဒေ၊ မည်သည့်သက်သေ ထွက်ချက်အရ၊ မည်သည့် တရားရုံးက မည်သည့်အချိန် ရောက်မှ စီရင်လိုက်မှန်း မသိရသော်လည်း ကျူးလွန်ခဲ့သော အပြစ်နှင့် တိကျ ညီမျှသော ပြစ်ဒဏ်ကတော့ တစ်စက်ကလေးမျှ မလွဲမမှားဘဲ မှန်ကန်တိကျမှု ရှိကြောင်း အများ အားဖြင့် တွေ့ကြရပါသည်။

ပြစ်မှုများကို စစ်ဆေး စီရင်ရသည့် တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများဖြစ်စေ၊ ဆုံးဖြတ်ခွင့်အာဏာရှိသော အကြီးအကဲတစ်ဦးတစ်ယောက်ဖြစ်စေ၊ အဂတိတရားကင်းအောင် သတိထား ရှောင်ကြဉ်ရပါမည်။

အဂတိတရား လေးပါးရှိပြီး၊ ၎င်းတို့မှာ -

(၁) ဆန္ဒာဂတိ (ချစ်ခြင်း မုန်းခြင်း တစ်ဖက်သတ် စီရင် ဆုံးဖြတ်ခြင်း)။

(၂) ဒေါသာဂတိ (အမျက်ဒေါသကြောင့် တစ်ဖက်သတ် စီရင်ဆုံးဖြတ်ခြင်း)။

(၃) ဘယာဂတိ (ကြောက်ရွံ့၍ တစ်ဖက်သတ် စီရင် ဆုံးဖြတ်ခြင်း)။

(၄) မောဟာဂတိ (တွေဝေစိတ်ကြောင့် တစ်ဖက်သတ် စီရင် ဆုံးဖြတ်ခြင်း)။

အဆိုပါ အဂတိတရား လေးပါးမှာ တရားစီရင်ရသော တရားသူကြီးများနှင့် အုပ်ချုပ်မှုကို စီမံခန့်ခွဲရသော အကြီးအကဲများနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ပါ။ အားလုံးသော လူများ၏ လူ့ဘဝခရီးကို လျှောက်လှမ်းရာတွင်လည်း ဆုံးဖြတ်ချက် မှန်ကန်စေရေးအတွက် အရေးပါ သက်ဆိုင်ပါသည်။

အဂတိတရားကင်းရှင်းမှု လောကပါလ တရားသုံးပါး ဖြစ်သော တရားမျှတမှု၊ ညီမျှမှု၊ လွတ်လပ်မှုတည်းဟူသော အကျိုးတရားကောင်း ရလဒ်များ ရရှိနိုင်မည်ဖြစ်ပါသည်။ တရားသူကြီးများမှာလည်း လူသားများပင်ဖြစ်ကြရာ အချို့သော အမှုကိစ္စများတွင် အဂတိတရားနှင့် မကင်းသူများလည်း ရှိကောင်း ရှိနိုင်ပါသည်။ အမှန် ပြစ်မှုကျူးလွန်ပါသော်လည်း အကြောင်းအမျိုးမျိုးကြောင့် အပြစ်ပေးခြင်း မခံရဘဲ လွတ်မြောက်ခဲ့စေကာမူ မမြင်နိုင်သော လောကပါလ တရားရုံး၏ စီရင်ချက်ကတော့ ရှိနေပါသေးသည်။ ယခုဘဝတွင်သာ မဟုတ်ဘဲ၊ နောင်ဘဝများအထိ မကျေမချင်း အပြစ်ဒဏ်ပေးပါလိမ့်မည်။

ဤသို့ ဝဉ်ကြွေးတည်းဟူသော လောကပါလတရားရုံး၏ စီရင်ချက်နှင့် ပတ်သက်သည့် လွန်ခဲ့သော ၂၇နှစ်ခန့်က ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့သော အကျဉ်းစခန်းတစ်ခုမှ ယနေ့တိုင် အမှတ်ရနေမိသော ဖြစ်ရပ်မှန်တစ်ခုကို ရေးသားတင်ပြလိုပါသည်။

◈◈◈

၁၉၈၇ ခုနှစ်က တောင်လေးလုံး စိုက်ပျိုးရေးအလုပ်စခန်း (ယခု တောင်ကြီးအကျဉ်းထောင်)သည် ရွှေညောင်သကြားစက်သို့ စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ကြံလေးနှံ စိုက်ပျိုးပေးသွင်းရသော စခန်းတစ်ခုဖြစ်ပါသည်။

ဒီဇင်ဘာလ၏ နံနက်ခင်း ဥနှာရီအချိန်ခန့်ဖြစ်သော်

www.burmeseclassic.com

www.burmeseclassic.com

သည်း ရှမ်းပြည်နယ်၏ အအေးဓာတ်က နေရောင်ခြည်နှုန်းမြင့်မားပြီး အစွမ်းပြလျက်ရှိနေပါသည်။ ကြံရာသီဖြစ်သဖြင့် ၁၀၀ ခန့်ရှိသော ကြိတ်ကွင်းအတွင်း ရဲဘက်(အကျဉ်းသား) တပ်ခွဲများ သကြားစက်သို့ ပေးသွင်းရန် ကြံခုတ်သိမ်းနေသော အချိန်ဖြစ်ပါသည်။

"ခုတ်ထားကြဟေ့၊ တို့တပ်ခွဲ ဒီနေ့ စောစောသိမ်းနိုင်အောင် ကြိုးစားထားကြ"

နံနက်ခင်း နေရောင်ခြည်အောက် နင်း မကွဲတကွဲမှာ ကြိုခုတ်စားနှင့် ကြံပင်ကို ခုတ်လိုက်၍ ထွက်ပေါ်လာသံများ၊ ခုတ်ပြီးသား ကြံပင်များပေါ်ရှိ ကြံရွက်များကို ဆွဲချ ရှင်းလင်းသံများ ရောထွေးနေသည့်ကြားမှပင် ရဲဘက် တပ်ခွဲ(၅)မှ တပ်ခွဲမှူး ရဲဘက် အောင်ဝင်း၏ သူတပ်ခွဲမှ လုပ်ဖော်ကိုင်ဖက် ရဲဘက်များအား နှီးဆော် အားပေးနေသောအသံဖြစ်ပါသည်။

မှန်ပါသည်။ ကျွန်တော်တို့စခန်းတွင် ရဲဘက် တပ်ခွဲ ၅ ခွဲရှိပြီး ယခုလို ကြံရာသီတွင် ကြံခုတ်ခြင်း၊ ကြံစိုက်ခြင်း လုပ်ငန်းများကို တစ်ပြိုင်တည်း လုပ်ကိုင်ကြရပါသည်။ တပ်ခွဲ (၁) နှင့် (၂)မှာ ကြံစိုက်ရပြီး တပ်ခွဲ (၃၊ ၄ နှင့် ၅)မှာ ကြံခုတ်သိမ်းရပါသည်။ ခုတ်သိမ်းပြီး ကြံများကို တီအီး-၂၁ ဒီဇယ်ကားကြီးများ၊ ဇွဲထွန်စက်နှင့် ဆွဲသော နောက်တွဲယာဉ် (ထွေလာ)များဖြင့် သကြားစက်သို့ သယ်ယူပေးသွင်းကြရပါသည်။

ကြံခုတ်တပ်ခွဲတစ်ခွဲလျှင် တစ်နေ့တာအတွက် ကြံတန်ချိန် (၅၀) ခုတ်သိမ်း၍ ကားပေါ် တင်ပြီးသည်အထိ ပတ်ပြတ်စနစ် သတ်မှတ်ထားပါသည်။ ကြံတန်ချိန် ၅၀ ပြည့်သော တပ်ခွဲက ပြီးသည့်အချိန် အလုပ်သိမ်း၍ စခန်းသို့ ပြန်ကြရခြင်းဖြစ်ရာ တပ်ခွဲများအဖို့ စောစောပြန်၊ စောစော ရောချိုး စောစော ထမင်းစား၍ အနားယူနိုင်ရန် အလုအယက် အားစိုက်၍ ခုတ်ကြ သိမ်းကြခြင်းဖြစ်ပါသည်။ အချို့တပ်ခွဲများမှာ ညနေ ၃နာရီနှင့် အလုပ်သိမ်းနိုင်ကြပြီး၊ အချို့မှာလည်း ညနေ ၅နာရီကျော်သွားတတ်ပါသည်။

ရဲဘက် တပ်ခွဲတစ်ခွဲလျှင် ရဲဘက်အင်အား (၇၀) ယောက်မှ (၈၀)ယောက်အထိရှိပြီး လုံခြုံရေးဝန်ထမ်းများအဖြစ် ထောင်မှူးအဆင့် (ကြယ်တစ်ပွင့်) တပ်ခွဲမှူးတစ်ဦး၊ ခွဲကြပ်အဖြစ် တပ်ကြပ်ကြီးတစ်ဦး၊ တပ်သားငါးဦး၊ လက်နက်ကိုင် ဒုတပ်ကြပ်တစ်ဦးတို့ လိုက်ပါ တာဝန်ယူကြရပါသည်။ ကျွန်တော်က ရဲဘက် တပ်ခွဲ(၅)၏ တပ်ခွဲမှူးတာဝန်ယူရပြီး ကျွန်တော့်အောက်တွင် ခွဲကြပ်အဖြစ် တပ်ကြပ်ကြီး ချစ်ထွေးပါဝင်ပါသည်။

ကျွန်တော်တို့ လုံခြုံရေးဝန်ထမ်းများနှင့် အကျဉ်းသားများမှာလည်း နေ့စဉ် အတူတကွ လုပ်ငန်းများကို တွဲ၍ လုပ်ကိုင်နေကြရာ လုပ်ဖော်ကိုင်ဖက် ရဲဘော် ရဲဘက်များ သဖွယ်ပင် ဖြစ်၍နေကြပါသည်။ ထိုစဉ်က ရှမ်းပြည်နယ်တောင်ကြီးဒေသတွင် ထောင် မရှိသေး၍ တောင်လေးလုံး စခန်းကို ရောက်လာသော ရဲဘက်များမှာ မြန်မာပြည်အထက်ပိုင်း မုံရွာထောင်၊ ရွှေဘိထောင်၊ မန္တလေးထောင်များမှ ပြောင်းရွှေ့ပေးပို့သော အကျဉ်းသားများက များပါသည်။

အများအားဖြင့် လူသတ်မှုများသာဖြစ်ကြပြီး အပြစ်ဒဏ်ကလည်း ၇ နှစ်မှ ၁၀ နှစ်အတွင်းသာ များပါသည်။ အပြစ်ဒဏ် နှစ်ကာလများ၍ ထွက်ပြေးမှာကို စိုးရိမ်စရာသိပ်မရှိပါ။ ပညာသိပ်မတတ်ရာသော တောသူတောင်သားအညာသားများဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် လူသတ်ခဲ့ရသော်လည်း၊ အများအားဖြင့် ရိုးသားသော လူကောင်းများဖြစ်ကြပါသည်။ အလုပ်အကိုင်လုပ်ရာတွင်လည်း နဂိုကမှ တောသူတောင်သား၊ တောင်ယာလုပ်သူ၊ လယ်လုပ်သူများဖြစ်ကြရာ မခိုမကပ်ဘဲ မိမိကိုယ်ပိုင် စိုက်ခင်းအလုပ်ကို လာလုပ်နေသကဲ့သို့ လုပ်ကြပါသည်။ ဒီလို ရဲဘက်မျိုးတွေနှင့် **နေ့စဉ် လက်တွဲလုပ်နေကြရတဲ့ ကျွန်တော်တို့ ဝန်ထမ်းတွေလည်း လူသားတွေပဲဖြစ်ရာ သံယောဇဉ်ဖြစ်မိပါသည်။**

ထိုနေ့က ကျွန်တော်တို့ တပ်ခွဲတွေ ကြံခုတ်နေစဉ် ရွှေညောင်မှ ရန်ကုန်သို့ နေ့စဉ် ထွက်ခွာသွားလာနေသော ရှမ်းရထားကြီးသည် ဟဲဟိုးတောင်တန်းများကြားတွင် ရှိသော နာမည်ကျော် ဘဝသံသရာ တံတားကြီးပေါ်သို့ ဥည်ဥရည်ဆွဲ၍ မီးခိုးတလူလူနှင့် ခုတ်မောင်းလာပါသည်။

"ဟေ့-ဘဝနာရီထိုးနေပြီ၊ ကြံသိပ်မရသေးဘူး။ လုပ်ထားကြပါဦးဟ"

ဟုတ်ပါသည်။ ကျွန်တော်တို့ ကြံစိုက်ကွင်းထဲမှ ကြည့်လျှင် ဘဝသံသရာ တံတားပေါ်မှ ခုတ်မောင်းသွားသော ရွှေညောင်-ရန်ကုန် ရထားကြီးကို နေ့စဉ်လိုလို မြင်နေကြရာ သတိထား၍ မှတ်စရာမလိုတဲ့ သိနေကြသည်မှာ နေ့စဉ် တံတားပေါ်သို့ ရထားရောက်ချိန်သည် နံနက် ၁၀ နာရီသာ ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် စောလျှင်လည်း ၅မိနစ်၊ ၁၀မိနစ်။ နောက်ကျလျှင်လည်း ၅မိနစ်၊ ၁၀မိနစ်မျှ

www.burmeseclassic.com

သာ ဖြစ်ပါသည်။ ယခုတော့ တံတားပေါ် ရထားရောက်ချိန်မှန်,မမှန်လည်း မသိတော့ပါခင်ဗျာ။ ရထားချိန်မှာလည်း ပြောင်းလဲကောင်း ပြောင်းလဲပါလိမ့်မည်။ ထို့ကြောင့် ရဲဘက်ခွဲမှူး အောင်ဝင်းက လက်မှာ နာရီမရှိဘဲ ၁၀နာရီထိုးပြီဟု သေချာပေါက် ပြောနေခြင်းဖြစ်ပါသည်။

ထိုအချိန်မှာပင် ခွဲကြပ်ဖြစ်သူ တပ်ကြပ်ကြီး ချစ်ထွေးက···

"ဆရာ···မနေ့က ခုတ်ထားပြီးသား ကြံကားတစ်စီးစာ အကွက်အမှတ် (၃၀)မှာ ကျန်နေသေးတယ်"

ဟု ကျွန်တော်မေ့နေမှာစိုးရွံ့၍ သတိပေး တင်ပြလာရာ ကျွန်တော်က···

"ဒီတစ်ခေါက် သကြားစက်က ကားတစ်စီးလောက် ပြန်လာရင် အဲဒီကြံ သွားတင်ခိုင်းလိုက်မျာ"

ဟု ပြောလိုက်ပါသည်။

မကြာမီ တပ်သား မောင်မောင်ထွန်း မောင်းနှင်သော ခွဲထွန်စက်တစ်စီး နောက်တွဲယာဉ်ချိတ်လျက် ရောက်လာပါသည်။ တပ်ကြပ်ကြီး ချစ်ထွေးက···

"တပ်သား ဝင်းဖေနဲ့ ရဲဘက် တပ်စိတ်မှူး သိန်းဝင်း ရဲဘက် (၈)ဦးနဲ့ သွားတင်ခိုင်းလိုက်မယ်"

ဟု သတင်းပို့ရာ ကျွန်တော်က ထမင်းစားချိန်နီးနေပြီဖြစ်၍ မြန်မြန်တင်၍ မြန်မြန်ပြန်လာကြရန် မှာကြားပြီး ခွင့်ပြုလိုက်ပါသည်။

အကွက်အမှတ် (၃၀) တွင် မနေ့က ခုတ်သိမ်း၍ ကြံစည်းများ ပုံထားရာနေရာတွင် ခွဲထွန်စက်နှင့် နောက်တွဲယာဉ် စနစ်တကျရပ်ထားပေးပြီး သိန်းဝင်း ဦးဆောင်သော ရဲဘက် (၈)ဦးမှာ နောက်တွဲယာဉ် ထွေလာပေါ်သို့ ကြံစည်းများကို ပစ်တင်ပေးနေကြပါသည်။ သိန်းဝင်းက ဦးဆောင်ပြီး သူကိုယ်တိုင်လည်း ကြံစည်းများ ထမ်းတင်ပြီး အခြားသူများကိုလည်း "ငါ့ညီတို့···မြန်မြန်တင်ကြ၊ ထမင်းစားချိန်နီးနေပြီ"ဟု ပြောလိုက်ပါသေးသည်။

ရဲဘက် တပ်စိတ်မှူး သိန်းဝင်းမှာ တောင်ပေါ်သား တစ်ဦးဖြစ်ပြီး တပ်ခွဲရှိ ရဲဘက်များထဲတွင် စကားနည်း၍ ရိုးသားပြီး အလုပ်ကြိုးစားသူဖြစ်ပါသည်။ တောင်လေးလုံးစခန်းသို့ ရောက်သည်မှာ ၂နှစ်ခန့်ရှိပြီးဖြစ်ပါသည်။ စိတ်ချယုံကြည်ရသော ရဲဘက်ဟောင်းတစ်ဦးဖြစ်၍ ကျွန်တော်ကိုယ်တိုင် တပ်စိတ်မှူးခန့်အပ်ပေးခဲ့သူဖြစ်ပါသည်။ တပ်ခွဲ(၅)တွင် ကျွန်တော်နှင့် အတူတကွ လက်တွဲလာသည်မှာလည်း ၂နှစ်ခန့်ရှိပြီဖြစ်ရာ ဆရာနှင့် တပည့်ဟူသော သံယောဇဉ်ရှိပြီးသားသူများ ဖြစ်ကြပါသည်။

ခွဲထွန်စက်၏ နောက်တွဲယာဉ်ပေါ်သို့ ကြံစည်းများ တင်ပြီးချိန်တွင် ၁၁ နာရီရှိပြီဖြစ်ပါသည်။ တပ်ခွဲ ထမင်းစားချိန်မှာလည်း ၁၁ နာရီဖြစ်ပါသည်။ တပ်သား ဝင်းဖေက ထွန်စက်မောင်းတပ်သား မောင်မောင်ထွန်းအား···

"မောင်မောင်ထွန်း···ငါနဲ့ ရဲဘက် ရှစ်ယောက် မင်း ထွန်စက်နဲ့ လိုက်လို့ရမလား"

မောင်မောင်ထွန်းက···

"မင်းမြင်တဲ့အတိုင်းပဲ၊ နောက်တွဲယာဉ်ပေါ်မှာလည်း ကြံတွေ အပြည့်ပဲ။ လိုက်လို့ မရနိုင်ဘူး"

ဟု ပြောရာ တပ်သား ဝင်းဖေက···

"တပ်ခွဲ ထမင်းစားချိန်လဲညီး ရောက်နေပြီကွ။ လမ်းလျှောက်ရင်လည်း တစ်မိုင်လောက်ဝေးတော့ နာရီဝက်လောက် ကြာဦးမှာ။ လမ်းတစ်လျှောက်မှာလည်း ကြံခင်းတွေကြား ဖြတ်သွားရမှာ။ ဒီ ရှစ်ယောက်ရဲ့ လုံခြုံရေးကလည်း ရှိသေးတယ်ကွ။ ဖြစ်နိုင်ရင် ငါတို့ မင်းထွန်စက်နဲ့ တစ်ပတ်တည်း လိုက်ချင်တယ်ကွာ"

ဟု ပြန်ပြောရာ တပ်သား မောင်မောင်ထွန်းက···

"နောက်တွဲယာဉ်မှာတော့ မဖြစ်နိုင်ဘူး။ မင်းအပါအဝင် ကိုးယောက်လုံး ထွန်စက်ပေါ်မှာ စီးလို့ရမလား"

ဝင်းဖေက···

"ရအောင် စီးမယ်ကွာ။ မင်းလည်း ဖြည်းဖြည်းမောင်"

ဟု ပြော၍ တပ်သား ဝင်းဖေနှင့် သိန်းဝင်းအပါအဝင် ရဲဘက် ရှစ်ယောက်တို့သည် ထွန်စက်ပေါ်တွင် နေရာမလပ် တွယ်ကပ်စီးကြပါသည်။

ရဲဘက် တပ်စိတ်မှူးဖြစ်သူ သိန်းဝင်းသည် ညွှာတာထောက်ထားသောစိတ်ဖြင့် အခြား ရဲဘက်များကို ထွန်စက်၏ လုံခြုံစိတ်ချရသော နေရာများတွင် စီးစေပြီး သူကိုယ်တိုင်ကမူ ထွန်စက်နှင့် နောက်တွဲယာဉ် ချိတ်ဆက်သောတန်းပေါ်တွင် ခက်ခက်ခဲခဲ ငုတ်တုတ်ထိုင်၍ လက်နှစ်ဖက်က ထွန်စက်နှင့် နောက်တွဲယာဉ် အဓိက ချိတ်ဆက်သော စို့တံကို ကိုင်၍ စီးလာခဲ့ပါသည်။

နောက်တွဲယာဉ်ပေါ်တွင် ကြံအပြည့်တင်ထားသည့်အပြင် ထွန်စက်ပေါ်တွင်လည်း လူပါ ၁၀

www.burmeseclassic.com

www.burmeseclassic.com

ဆောက်စီးနင်းလာသော ထွန်စက်သည် ခေါင်တိုင်လမ်းခွ ကတ္တရာလမ်းပေါ်သို့ ရောက်ရှိလာပါသည်။ ကတ္တရာလမ်း၏ အနိမ့်အမြင့်လှိုင်းများရှိသော ယူကလစ်တန်းနားသို့အရောက် ဘွင် နောက်တွဲယာဉ်ချိတ်သော စိုးတံကို ကိုင်၍ စီးလာ သော သိန်းဝင်းသည် ထွန်စက်ဘီးများ ခုန်သည့်အရှိန်ကြောင့် ကိုင်ထားသော စိုးတံကို ဆွဲဖြုတ်လိုက်သလိုဖြစ်သွားကာ ထွန်စက်နှင့် နောက်တွဲယာဉ် တခြားစီ ဖြစ်သွားပါတော့သည်။

ရုမ္မ ထွန်စက်ကြီးက တစ်စီးတည်းသွားနေပြီး သိန်း ဝင်းမှာလည်း ကတ္တရာလမ်းပေါ်သို့ ပြုတ်ကျသွားပါသည်။ သို့အချိန်မှာပင် အရှိန်မသေသေးသော ကြံအပြည့်နှင့် နောက်တွဲယာဉ်ကြီးက နောက်မှ လိုက်ပါလာကာ၊ နောက် တွဲယာဉ်၏ ညာဘက် ရှေ့ဘီးက သိန်းဝင်း၏ ရင်ညွန့်နေရာ ကို ဖြတ်ကြိတ်သွားခဲ့ပြီး နောက်တွဲယာဉ်၏ ညာဘက် နောက်ဘီးကလည်း ထပ်ဆင့်ကာ သိန်းဝင်း၏ ပေါင်လယ် ကို ဖြတ်ကြိတ်သွားခဲ့ပါသည်။

ကျွန်တော် တပ်ခွဲတွင် ရှိနေစဉ် အဆိုပါ သတင်းကို ကြားရခိုက် များစွာ စိတ်မကောင်းဖြစ်မိပြီး ရှေ့ညောင်ဆေးရုံ သို့ ကားကြုံဖြင့် လိုက်သွား၍ သိန်းဝင်းကို သွားကြည့်ခဲ့ပါ သည်။ ကျွန်တော့်ကို မြင်လျှင် သိန်းဝင်းက···

"ဆရာ···ကျွန်တော့်ကို ကယ်ပါဦး"

ဟု ငို၍ပြောရာ···

"အားမငယ်ပါနဲ့ သိန်းဝင်းရာ။ မင်း ဘာမှ မဖြစ်စေရ ဘူး ငါတို့ အခု ကားခေါ်ထားတယ်။ မင်းကို တောင်ကြီး ဆေးရုံပို့ပြီး ရအောင်ကုမယ်ကွာ။ မင်း စိတ်တင်းထား"

ဟု အားပေးလိုက်ရပါသည်။ သို့သော်လည်း ကျွန်တော့် ဘယ်သို့ သိန်းဝင်း ကံမကောင်းခဲ့ပါ။ ထိုနေ့ မွန်းလွဲ ၂နာရီခန့် တွင် တောင်ကြီးဆေးရုံသို့ ကားဖြင့် ပို့စဉ် လမ်းခရီး၌ပင် သိန်းဝင်းတစ်ယောက် ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့ပါ သည်။

သိန်းဝင်း သေဆုံးရသည့် အဓိက ဒဏ်ရာဒဏ်ချက် များမှာ ရင်ညွန့်ကို ဖြတ်ကြိတ်သော ဒဏ်ရာမှ နံရိုးများ ကျိုးကြေကာ အဆုတ်နှင့် အသည်းများကို ထိုးဖောက် ခြေမွသွားသော ဒဏ်ရာကြောင့်ဖြစ်ကြောင်း သိရပါသည်။ ပေါင်နှစ်ဖက်အလယ်ကို ဖြတ်ကြိတ်သွားသော ဒဏ်ရာမှာ လည်း ပေါင်ရိုးများ ကျိုးကြေသွားခဲ့ပြီး ကံကောင်း၍ အသက် ရှင်ခဲ့ပါကလည်း လူကောင်းအဖြစ် မရပ်တည်နိုင်တဲ့ ဒုက္ခိတ ဘဝဖြင့်သာ ဆက်လက်ရှင်သန်နိုင်မည်ဖြစ်ပါသည်။

သိန်းဝင်း သေဆုံးရသည့် အဓိက ဒဏ်ရာဒဏ်ချက်များမှာ ရင်ညွန့်ကို ဖြတ်ကြိတ်သော ဒဏ်ရာမှ နံရိုးများ ကျိုးကြေကာ အဆုတ်နှင့် အသည်းများကို ထိုးဖောက် ခြေမွသွားသော ဒဏ်ရာကြောင့်ဖြစ်ကြောင်း သိရပါသည်။ ပေါင်နှစ်ဖက်အလယ်ကို ဖြတ်ကြိတ်သွားသော ဒဏ်ရာမှာလည်း ပေါင်ရိုးများ ကျိုးကြေသွားခဲ့ပြီး ကံကောင်း၍ အသက်ရှင်ခဲ့ပါကလည်း လူကောင်းအဖြစ် မရပ်တည်နိုင်တဲ့ ဒုက္ခိတဘဝဖြင့်သာ ဆက်လက်ရှင်သန်နိုင်မည်ဖြစ်ပါသည်...

ကျွန်တော့်အနေနှင့် သနားခြင်း၊ ယူကျုံးမရခြင်း၊ နမြောတသခြင်းစိတ်များနှင့်အတူ ကြဲကြဲဖန်ဖန် ထွန်စက် နှင့် နောက်တွဲယာဉ် ဆက်သောနေရာတွင် တက်စီးခဲ့သော ဆက်ကပ်ပြကွက်သဖွယ်အဖြစ်ကို လည်းကောင်း၊ သူ့အား သေတွင်းသို့ အရောက်ပို့မည့် စိုးတံကိုလည်း သူကိုယ်တိုင် ပင် ဆွဲဖြတ်ခဲ့သောအဖြစ်ကို လည်းကောင်း၊ အံ့သြနေမိပါ တော့သည်။

ထို့အပြင် နောက်တွဲယာဉ် ကြိတ်ပြန်တော့လည်း ရှေ့ဘီးဖြင့် ခန္ဓာကိုယ်အပေါ်ပိုင်း၊ နောက်ဘီးဖြင့် ခန္ဓာကိုယ် အောက်ပိုင်း၊ အစီအစဉ် စနစ်ကျစွာ ကြိတ်နင်းသွားရာ အဆိုပါ ဒဏ်ရာများကပင် ရက်စက်စွာဖြင့် သိန်းဝင်း၏ ဝိညာဉ်ကို နုတ်ယူသွားခဲ့ခြင်းဖြစ်ရာ ကျွန်တော်တွေ့ခဲ့ဖူးသော ယာဉ်မတော်တဆမှုများစွာထက် ထူးဆန်းနေပါတော့သည်။

အဆိုပါ ထူးဆန်းသောဖြစ်ရပ်နှင့် စပ်လျဉ်း၍ သိန်းဝင်း

www.burmeseclassic.com



တစ်ယောက် တောင်လေးလုံးစခန်းကို ပြောင်းရွှေ့ရောက်ရှိစ အချိန်က သူကိုယ်တိုင် ကျွန်တော့်ကို ပြောပြခဲ့ဖူးသော သူ၏ အမှုဖြစ်စဉ်လေးကို ကျွန်တော် သတိတရဖြစ်လိုက် မိပါသည်။

◈◈◈

သိန်းဝင်းမှာ တောင်ပေါ်သားတစ်ဦးဖြစ်ပြီး တောင်ပေါ် ရွာလေးတစ်ရွာတွင် မွေးဖွားကြီးပြင်းလာသူဖြစ်ပါသည်။ တောင်ပေါ်ဒေသ၏ ဓလေ့ထုံးစံအတိုင်း တောတောင်များကို ခုတ်ထွင်ရှင်းလင်း၍ တောင်ယာစိုက်ပျိုးလုပ်ကိုင်စားသောက် ကြပါသည်။

သိန်းဝင်းတို့ တောင်ယာနှင့် ဘေးချင်းကပ် တည်ရှိ နေသော တောင်ယာမှာ တစ်ရွာတည်းနေ ဦးထန်ကျင်း၏ တောင်ယာဖြစ်ပါသည်။ အဆိုပါ ဦးထန်ကျင်း၏ တောင်ယာ မှာ သိန်းဝင်း၏ ဖခင်ရှိစဉ်က ခုတ်ထွင်ရှင်းလင်းခဲ့သော တောင်ယာဖြစ်ပြီး သိန်းဝင်း၏ဖခင် သေဆုံးသွားပြီးနောက် ပိုင်းတွင် ဦးထန်ကျင်းက မတရားသဖြင့် ရယူပိုင်ဆိုင်ထား သော တောင်ယာဖြစ်ကြောင်း သိန်းဝင်း၏ မိခင်ဖြစ်သူက ပြောပြခဲ့ဖူးပါသည်။

သိန်းဝင်းတို့မိသားစုတွင် အဖေ မရှိသော်လည်း အမေ နှင့် ညီနှစ်ယောက်၊ ညီမနှစ်ယောက်တို့ ကျန်ရှိရာ၊ အစ်ကို ကြီးဖြစ်သူ သိန်းဝင်းကပင် တောင်ယာလုပ်ငန်းကို ဦးဆောင် လုပ်ကိုင်၍ မိသားစုတာဝန်ကို ယူနေရသူဖြစ်ပါသည်။ တောင် ယာချင်းကပ်လျက်ဖြစ်သော ဦးထန်ကျင်းနှင့်လည်း မကြာ ခဏ အဆင်မပြေဖြစ်နေခြင်း၊ အထူးသဖြင့် မိမိဖခင် ခုတ် ထွင် ရှင်းလင်းထားသော တောင်ယာကို မတရားရယူထား ခြင်း စသော အချက်များက ဦးထန်ကျင်းအပေါ်တွင် မကျေ နပ်ချက်များက အစိုင်အခဲသဖွယ် ရှိနေခဲ့ပါသည်။

တစ်နေ့တွင် ဦးထန်ကျင်းတစ်ယောက် နေ့လယ် အလုပ်နားချိန်တွင် တောင်ယာတဲ၌ အိပ်ပျော်နေစဉ် သိန်းဝင်း က တဲအတွင်းသို့ ဝင်ရောက်သွားပြီး ဦးထန်ကျင်းအား တော ခုတ် ဓားမဖြင့် ခုတ်ပိုင်းသတ်ဖြတ်လိုက်ပါတော့သည်။ ထို့ နောက် အလောင်းကို အိတ်တစ်ခုတွင် ထည့်၍ တောင် အောက်သို့ ပစ်ချခဲ့ပါသည်။

သိန်းဝင်းတစ်ယောက် ရန်ပြိုးရှိသူ ဦးထန်ကျင်းအား တောခုတ် ဓားမဖြင့် ခုတ်သတ်ခဲ့ရာတွင် ပထမ ဓားချက်မှာ ဦးထန်ကျင်း၏ ရင်ညွန့်နေရာကို ပိုင်းပြီးသားဖြစ်သွားသလို အလောင်းကို အိတ်အတွင်း ထည့်နိုင်ရန်အတွက် ပေါင် လယ်လောက်တွင် ထပ်မံ ခုတ်ပိုင်းခဲ့ပါသည်။ ထို့နောက် ဦးထန်ကျင်း၏ အလောင်းကို အိတ်အတွင်းထည့်၍ တောင် အောက်လျှိုအတွင်း ပစ်ချခဲ့ပါသော်လည်း တစ်ရွာတည်းနေ အမဲပစ်ထွက်သူများက တွေ့ရှိပြီး အမှုမှန်ပေါ်ကာ သိန်းဝင်း တစ်ယောက် လူသတ်မှုဖြင့် ထောင်ကျခဲ့ခြင်းဖြစ်ပါသည်။

မှန်ပါသည်။ သိန်းဝင်းကို ကြံအပြည့်တင်ထားသော ထွန်စက် နောက်ဝိုင်းယာဉ်ကြီးက ဦးထန်ကျင်းအား ပထမ ဓားချက်ခုတ်သော နေရာဖြစ်သည့် ရင်ညွန့်နှင့် ဒုတိယ ဓားချက်ခုတ်ပိုင်းရာ ပေါင်လယ်တို့ကို ဖြတ်ကြိတ်သွားခဲ့ခြင်း ဖြစ်ပါသည်။

သက်ဆိုင်ရာ တရားရုံးမှလည်း လူသတ်မှုဖြင့် ထောင် ဒဏ် (၁၀)နှစ် အပြစ်ပေးခဲ့ပြီးဖြစ်သော်လည်း မည်သည့် တရားရုံးက မည်သည့်ဥပဒေဖြင့် သိန်းဝင်းကို ထပ်မံပြီး အပြစ်ပေးလိုက်ပါသလဲ။ ပေးလိုက်တဲ့ အပြစ်ဒဏ်ကလည်း သေဒဏ်ပါလား။ ကျွန်တော် စဉ်းစားကြည့်နေမိပါသည်။ ဘီဘီ ၂၀၀၀ ခေတ်က ဟာမူရာဘီ ကိုဓဥပဒေပင်လျှင် လက်ဖျား ခါသွားရလောက်သော လောကပါလ တရားရုံး၏ အလွန် တိကျ ညီမျှသော ပြစ်ဒဏ်တစ်ရပ်ဟုပင် မှတ်ယူရပါတော့ မည်ခင်ဗျား ■

ကိုဦး (ကျိုင်းကော်)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ညီလေးငယ်

(လယ်တော်)

ပျာလာဆန်ခဲ့သော စိုးသတင်း

တောနက်ကြီး၏ သစ်ပင်ရိပ်တို့သည် တဖြည်းဖြည်း အေးစိမ့်လာပြီး ပုဇွန်ရင်ကွဲကောင်လေးများက ဆူညံစွာ အော်မြည်ခဲ့လာလေသည်။ သစ်ပင်ကြီး သစ်ပင်ကြားက ထိုးထွင်းဝင်ရောက်နေသော နေရောင်ကွက်လေးများက ရုတ်ခြည်း ပျောက်ကွယ်ကုန်လေသည်။ ညင်သာသော လေပြည်၏ အတွေ့တွင် သစ်ပင်များပေါ်မှာ သစ်ရွက်များက မသိမသာ ယိမ်းနွဲ့ရှိနေလေသည်။



www.burmeseclassic.com



တောရိပ် တောင်ရိပ်တို့၏ ညနေစောင်းသို့ တဖြည်းဖြည်းရွေ့လျားပြောင်းလဲနေမှုက ထင်သာမြင်သာရှိအောင် ပီပြင်ချွတ်ခြစ်လာခဲ့လေ၏။ နေ့ခင်းက ကျစ်ကျစ်တောက် ပူခဲ့သော နေဒဏ် အောက်တွင် နွမ်းလျ ညှိုးရော်နေသော သစ်ရွက်နုလေးများက ညနေစောင်း၏ အအေးဓာတ်အောက်တွင် လတ်ဆတ်စွာ နီးထ၍လာခဲ့လေသည်။ တောသည်လည်း အေးသထက် အေးလာခဲ့ပြီး အိပ်တန်းပြန် ငှက်ကလေးများ၏ အော်သံများ ဝေစည်လာကာ တော၏ ပုံရိပ်ကို ပိုမိုပေါ်လွင်စေခဲ့လေသည်။

ထိုအချိန်မှ ဖိုးကျော်တစ်ယောက် တောပတ်ဝန်းကျင်ကို ငေ့ကြည့်ကာ သတိထားမိလာခဲ့လေ၏။

"ဟာ... ညနေစောင်းအချိန်တောင် ရောက်လို့နေပါရော့လား။ ဘုရား...ဘုရား။ ငါတော့ ဒုက္ခပါပဲ"

နှုတ်က တီးတိုးထွက်သွားခဲ့မိ၏။ ထို့နောက် တုန်ယင်စွာ ပတ်ဝန်းကျင်ကို ထပ်မံငေ့ကြည့်ရင်း အပြန်လမ်းကို စိတ်မုန်းနှင့် ရှာခဲ့မိလေ၏။ ကြီးမားလှသော တောကြီးထဲဝယ် အရှေ့၊ အနောက်၊ တောင်၊ မြောက်ဟူ၍ ခန့်မှန်းရန်ပင် ခက်လေသည်။

နေရောင်ရှိသေးလို့ ရှိသေးငြား ကောင်းကင်ကြီးကို မျှော်ကြည့်လိုက်သော်လည်း အကိုင်းအခက်ဝေဆာနေသော သစ်ပင်ကြီးများ၏ သစ်ကိုင်းများကိုသာ တွေ့ရလေသည်။ နေမင်းကြီးက အနောက်ဂေါ်ယာကျွန်းသို့ နစ်မြုပ်ကွယ်ဝင်သွားလောက်လေပြီ။

ဖိုးကျော်သည် တောနက်ကြီးထဲတွင် တစ်ယောက်တည်း ရောက်ရှိနေသော မိမိ၏အဖြစ်ကို တွေးတောရင်း စိုးရိမ်ကြောက်ရွံ့လို့လာခဲ့လေသည်။ နေ့ခင်းက နွားနှစ်ကောင်ကို တောစပ်မှာ လှန်ထားရင်း အိမ်ခဏပြန်စဉ် နွားနှစ်ကောင် ပျောက်သွားသောကြောင့် နွားခြေရာများကို ခြေရာခံလိုက်ကာ ရှာရင်း တောနက်ကြီးထဲသို့ ရောက်မှန်းမသိ ရောက်ရှိလာခဲ့လေ၏။

နွားဖောဖြင့် သဲကြီးမဲကြီးလိုက်ခဲ့ရာ အချိန် မည်သို့ကုန်သွားမှန်းပင် မသိလိုက်။ နောက်ဆုံး၌ နွားခြေရာပါ ပျောက်ပြီး သူလည်း တောနက်ကြီးထဲသို့ ရောက်လာခဲ့ရလေသည်။

ခုတော့ ညနေစောင်းချိန်ကိုပင် ရောက်၍နေလေပြီ။ တောနက်ကြီးထဲဝယ် တစ်ယောက်တည်းရှိနေခြင်းက ဖိုးကျော်အတွက် အန္တရာယ်များလှပေ၏။ ကြီးမားနက်ရှိုင်းသောကြောင့် မျက်စိလည်တတ်သော ဤတောနက်ကြီးထဲသို့ ဖိုးကျော်တို့ရွာမှာ မုဆိုးများပင် တောပစ်မလာတတ်ကြ၊ တောစပ်တွင်သာ သားကောင်ရှာလေ့ရှိ၏။ ယခုတော့ မုဆိုးများပင် မလာရဲသော တောနက်ကြီးထဲသို့ ဖိုးကျော်ရောက်ခဲ့ရလေပြီ။

ဖိုးကျော်တစ်ဦးတည်း ကြောက်ရွံ့အားငယ်ရင်းက ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ပျာယာခတ်သွား၏။ တစ်နေကုန်လျှောက်လာရသော ခရီးဒဏ်ကလည်း ယခုမှ နာကျင်ကိုက်ခဲတာ သတိထားမိလာသည်။

အပြန်ခရီးအတွက် လမ်းစပင် မမြင်။ အတန်ငယ်မှု ကြာလျှင်ပင် တောနက်ကြီး၏ ထုံးစံအတိုင်း ညအချိန်သို့ ရုတ်ခြည်းပြောင်းလဲသွားပေတော့မည်။ ညရောက်သည်နှင့် တော၏ ချောက်ချားစရာကောင်းလှသော မြင်ကွင်းက တစ်ဆက်တည်း လွှမ်းခြုံလိုက်ပါလာဦးမည်ဖြစ်၏။

ဖိုးကျော် ဆက်မစဉ်းစားနေတော့ဘဲ မိမိရွာ ရှိရှိုင်မည့်အရပ်ကို မှန်းဆ၍ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းကာ အားတင်း၍ တောထဲမှ ထွက်နိုင်ဖို့ အရေး ရုန်းကန်ရလေတော့သည်။

ပတ်ဝန်းကျင်တွင် ရာသီဥတုက တောရိပ် တောင်ရိပ်ကြောင့် အေးစိမ့်နေသော်လည်း ဖိုးကျော်မှာမူ နဖူးချွေးများ တဒီးဒီးကျနေဆဲဖြစ်၏။ မမှောင်ခင် တောထဲက ထွက်နိုင်ဖို့ အရေး ကြိုးစားနေရသောကြောင့် လူရော စိတ်ပါ နွမ်းလျ၍နေလေသည်။

ဤသို့လျှင် ပိတ်နေသော ချုံနွယ်ပင်များကို အသင့်ပါလာသော ဓားဖြင့် တဖြည်းဖြည်းခုတ်ထွင် ရှင်းလင်းပြီး လာခဲ့ရာ ချုံနွယ်ပင်များ၏ အပြင်သို့ ရောက်ရှိလို့လာခဲ့၏။ သို့ပါသော်လည်း တောနက်ကြီးထဲက ထွက်နိုင်ဖို့ အရိပ်အယောင်ပင် မမြင်သေးပေ။

သစ်ပင်ကြီးများ စုဝေးပေါက်ရောက်နေသော တော၏ အောက်ခြေတွင် ချုံနွယ်များ ရှင်းလင်းလျှင်ရှိ၏ သစ်ရွက်များ အထပ်ထပ်ကြွေကျထားသောကြောင့် မြေကြီးကို မမြင်ရပေ။ ဆွေးမြည့်နေသော သစ်ရွက်ကြွေများကြောင့် ခြေလှမ်းတစ်လှမ်းလှမ်းလိုက် တိုင်း အတွင်းသို့ ကျွံကာ ကျွံကာ နစ်ဝင်သွား၏။ အတွင်းမှ မြွေဆိုးများ ထွက်လာမည်စိုးသောကြောင့် သတိကြီးစွာထား၍ သွားနေရလေသည်။

တော၏ ထုံးစံအတိုင်း နေဝင်ပြီးများမကြာမီအချိန်၌ပင် အမှောင်ထုက တဖြည်းဖြည်း လွှမ်းခြုံစ ပြုလာလေပြီ။ အိပ်တန်းတက် ငှက်ကလေးများ၏ အော်သံက ပိုမိုဆူညံလို့လာခဲ့၏။ မကြာခင်ပင် ညသတ္တဝါများ အိပ်တန်းမှ နိုးကြ၍ နေ့သတ္တဝါများ အိပ်တန်းဝင်ကြသံတော့မည်။

ဖိုးကျော်မှာ တောဝန်းကျင်ကို ကြည့်၍ ပိုမိုအားငယ်လာခဲ့မိလေသည်။

www.burmeseclassic.com

သေချာပါသည်။ သည်အတိုင်းဆို ဒီကျော် ယခုည အိမ်ပြန်ရောက်ဖို့ ဆည်သို့မျှ မဖြစ်နိုင်တော့ပါ။ ယခုထိ ဤတောကြီးထဲမှ တဝဲဝဲလည် ရုန်း ဆွက်နိုင်သေး။ မကြာခင် အမောင်ထု နှင့်အတူ အသားစား သတ္တဝါကောင် များက အစာရှာထွက်ပေတော့မည်။

ဤတောတွင်းကား ကျားများ လွန်စွာပေါသည်ဟု နာမည်ကြီး၏။ အကယ်၍ ကျားနှင့်သာ ထိပ်တိုက်တွေ့ ရပါမူ မည်သို့မှ ရှောင်ပြေး၍ မတတ် နိုင်ပါ။ အသက်ကို ဖက်နှင့် ထုပ်ထားရ သောဘဝကို ဖိုးကျော် ရောက်ရှိခဲ့ရ၏။

ဤသို့လျှင် လေးပင်သော ခြေ လုပ်များကို အားယူလှုပ်ရင်း သက် တစ်ချက် ပြင်းပြင်းချကာ ပတ်ဝန်းကျင် ရှိ တစ်ညတာ တည်းခိုရန် နေရာ ကောင်းကို လိုက်ရှာနေမိလေသည်။

ထိုသို့ရှာနေရင်းမှ တသွင်သွင် စီးဆင်းနေသော စမ်းချောင်းငယ်လေး ကို ဖိုးကျော် တွေ့သွား၏။ နဂိုကတည်း က မောပန်းနွမ်းလျှမှုနှင့်အတူ အာခေါင် တွေ ခြောက်ကာ ရေဆာနေသော ကြောင့် စမ်းချောင်းငယ်ရှိရာသို့ အပြေး တစ်ပိုင်းသွားခဲ့၏။ ထို့နောက် ရေကို လက်ခုပ်ဖြင့် အငမ်းမရ ခပ်သောက် လိုက်ပြီး မျက်နှာကိုလည်း ခပ်ကြမ်း ကြမ်းသစ်လိုက်လေသည်။

ရေသည် ဆေးတစ်ပါးဆိုသည့် အတိုင်း ရေနှင့် ထိတွေ့လိုက်ရသော ကြောင့် ဖိုးကျော် အတော်လေး လန်း ဆန်းသွား၏။ အိမ်ပြန်ရန် မဖြစ်နိုင် တော့သည့်အတွက် စမ်းချောင်းတစ် ဖက်ကမ်းက ဂွဆုံကောင်းသော သစ်ပင် ကြီးတစ်ပင်ပေါ်တွင် တက်အိပ်ရန် ဆုံးဖြတ်လိုက်၏။

ထို့နောက် စမ်းချောင်းဘေးမှ သစ်တုံးလေးပေါ်တွင် ထိုင်ကာ အားပါး တရ အဖောဖြေလိုက်တော့သည်။

◈◈◈

အေးမြလတ်ဆတ်သော လေ ပြည်လေးများနှင့်အတူ နှစ်လိုဖွယ် ကောင်းလှသည့် ငွေပန်းရနံ့ လွင့်ပျံ့လို့ လာ၏။ ဖိုးကျော် အားပါးတရ အနား ယူနေရာမှ ငွေပန်းရနံ့ကြောင့် ပတ်ဝန်း ကျင်အား ဝေ့ကြည့်မိ၏။ နှစ်လိုဖွယ် ပန်းရနံ့က ဖိုးကျော်ကို ပိုပိုလန်းဆန်း စေခဲ့လေသည်။

ဖိုးကျော် ပတ်ဝန်းကျင်မှ ငွေပန်း ရနံ့လာရာ နေရာကို လိုက်လံရှာဖွေ နေရင်း စမ်းချောင်းရေထဲသို့ စိမ်ထား သော သူ့ခြေထောက်သို့ ငွေပန်းတစ် ပွင့် လာရောက်ဝပ်ငြိနေ၏။ အပေါ် ဘက်မှ ရေစီးနှင့်အတူ ပါလာဟန်ပင်။ ရိုးတံဝါဝါနှင့် ငွေပန်းဖြူဖြူလေးများမှာ လတ်ဆတ်မွှေးပျံ့ ၍နေပါသည်။ ဖိုး ကျော် ပန်းကလေးကို ကောက်ယူပြီး အသာအယာနမ်းရှိုက်လိုက်မိ၏။

ထိုစဉ် အပေါ်ဘက်မှ ရေပြင် လှုပ်ခတ်သံ ဗွမ်းခနဲ ကြားလိုက်ရသော ကြောင့် ဖိုးကျော်တစ်ကိုယ်လုံး တုန် လှုပ်သွားခဲ့ရလေသည်။ ထို့နောက် သူ့ အား အန္တရာယ်ပြုမည့် တိရစ္ဆာန်တစ် ကောင်ဖြစ်မည်အထင်ဖြင့် အကွယ် တစ်နေရာသို့ ပြေးပုန်းမည်အပြုတွင် တွေ့လိုက်ရသော မြင်ကွင်းက ဖိုးကျော် အား မင်တက်မိစေခဲ့၏။

အလွန်တရာမျှ ချောမောလှပ သော မိန်းမပျိုလေးတစ်ဦးသည် ငွေ ပန်းများကို ပန်ဆင်လျက် ချောင်းရေစီး အတိုင်း လျှောက်လာနေ၏။ လက်ထဲ တွင်လည်း ငွေပန်းများကို ခပ်ရွရွလေး ဆုပ်ကိုင်ထားသေး၏။ ဝင်းအို စိုပြည် သော အသားအရေ၊ ရှည်မျောမျော နှာတံ၊ နက်မှောင် ရှည်လျားသော ဆံပင်တို့ဖြင့် သူမ၏ အလှက ဘာမှ ပြောစရာမရှိ။ အလွန်ဆုံးရှိမှု အသက် ၁၉၊ ၂၀ အရွယ်။

အမောင်ထုက စထင် ကြီးစိုးရန် အားယူနေပြီဖြစ်သော်လည်း ထို ကောင်မလေးကိုတော့ ကောင်းစွာ မြင် နေရပါသေးသည်။

သူမ၏ အပွင့်အခက်များဖြင့် တဖိတ်ဖိတ်တောက်နေသည့် ရွှေဝါ ရောင် ထဘီစလေးကို ရေစိုမည်စိုး သဖြင့် လက်တစ်ဖက်ဖြင့် အသာ အယာကိုင်ကာ ပင့်ထား၏။ သူမ၏ ဝင်းအိနေသော ခြေသလုံးသားများကို ကြည့်လင်နေသော စမ်းချောင်းရေထဲ တွင် လှပစွာ တွေ့မြင်နေရလေသည်။ သူမသည် ဘာပြောပြောပြီး သီချင်းညည်း ကာ လျှောက်လာရင်း ဖိုးကျော်ထံသို့ နီးကပ်လာခဲ့လေသည်။

ထိုကောင်မလေးအား အလွန် တရာ နက်ရှိုင်းလှသည့် ဤတောထဲ တွင် တွေ့ရခြင်းအတွက် ဖိုးကျော် အတော်ပင် အံ့သြမိလေ၏။ သူမသည် ဤတောထဲသို့ ဘာလာလုပ်သနည်း။ သူမသည် မည်သည့်အရပ်တွင် နေ သနည်း။ သူမသည် အဘယ်ကြောင့် ဤတောထဲသို့ အချိန်မတော် ရောက်ရှိ နေသနည်း။

ဖိုးကျော်တစ်ကိုယ်တည်း မေး ခွန်းထုတ်နေမိ၏။ သူမအား အချိန် မတော် ဤတောထဲတွင် တွေ့မြင်ရ ခြင်းသည် ထူးဆန်းသော်လည်း သူမ မှာ လူသား မိန်းကလေးတစ်ဦးဖြစ်မည် ကို ဖိုးကျော် ယုံကြည်မိလေသည်။

ထို့ကြောင့် သူမ အနားရောက် မလာခင် ချောင်းဟန့်ကာ အသံပေး မည်အပြု ထိုကောင်မလေးက ဖိုးကျော် ကို မြင်သွား၏။ ထို့နောက် ကောင်မ လေးမှာ သီချင်းဆိုသံ ပျောက်သွားပြီး

www.burmeseclassic.com

ဖိုးကျော်အား မျက်စိအဝိုင်းသားနှင့် ကြည့်နေလေသည်။ သူမ၏ မျက်ဝန်းနှစ်စုံက မည်းနက်ကာ အရည်လဲ့၍နေပါသည်။

ဤသို့လျှင် နှစ်ဦးသား အံ့သြမှုနှင့် အချိန်အတော်ကြာ မျက်နှာချင်းဆိုင် စိုက်ကြည့်နေရာမှ ကောင်မလေးထံမှ စကားသံ စတင်ထွက်ပေါ်လာခဲ့လေသည်။

"အစ်ကိုက ဘယ်ကလဲ။ ဒီအချိန်ကြီး ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲရှင်"

ကောင်မလေးမှာ နှစ်လိုဖွယ်ကောင်းသော အသံဖြင့် ချိုချိုသာသာ မေးလာသောကြောင့် ဖိုးကျော် ဘာရယ်မသိ ရင်ခုန်သလိုဖြစ်သွား၏။ တကယ်တော့ ဖိုးကျော်သည် အသက် ၃၀ ကျော်၊ လူပျိုကြီးဘဝနှင့် နေလာသည်မှာ ကြာလေပြီ။ ယခုလောက်အထိ တစ်ခါမှ ရင်မခုန်ဘူး။ ထို့ကြောင့် ကောင်မလေး၏ စကားအား ပြန်ဖြေရန် ဆွံ့အနေမိလေသည်။ ထို့နောက် ထိုကောင်မလေးမှ ထပ်မံ မေးလာခဲ့လေသည်။

"ဟို···အစ်ကိုက ဒီနေရာကို ဝါးလာခုတ်တာလားရှင့်"

"ဩော်···မဟုတ်···မဟုတ်ပါဘူးဗျာ။ ကျွန်တော်က မာလာကုန်းရွာကပါ။ ဒီတောထဲကို နွားပျောက်လို့ လာရှာရင်း မျက်စိလည်ပြီး ရောက်လာခဲ့တာပါ"

"ဟုတ်လား၊ ဒီတောနဲ့ မာလာကုန်းရွာက အဝေးကြီးရှင့်။ အစ်ကိုပြန်ဖို့ ဘယ်လိုမှ မမီတော့ဘူး"

"အေးဗျာ၊ ကျွန်တော်လည်း မျက်စိလည်ပြီး လျှောက်သွားနေတာ။ ရွာက ဘယ်အရပ်မှာ ရှိမှန်းတောင် မသိတော့ပါဘူး။ နွားတောကပ်ပြီး လိုက်ရှာနေလို့ကတာ ညနေစောင်းမှ တော လယ်ရောက်နေမှန်း သတိထားမိတော့တယ်"

"ဒါနဲ့ အစ်ကိုက ဘယ်မှာအိပ်မှာလဲ၊ ဒီည"

"ဒီတောက်တောထဲက သစ်ပင်ကြီးတစ်ပင်မှာ တက်အိပ်မယ် စဉ်းစားထားတယ်ဗျာ။ ညဘက်ဆိုတော့ ကျားအန္တရာယ်လည်း လွတ်အောင်လို့ပေါ့ဗျာ"

ဖိုးကျော်က ချောင်း၏ တစ်ဖက်ကမ်းတွင် ရှိသော တောအား လက်ညှိုးထိုးပြကာ ဆိုလိုက်လေသည်။ ထိုအခါ ထိုကောင်မလေးမှ···

"အလိုလေး···အစ်ကိုရယ်၊ မသေကောင်း မပျောက်ကောင်းရှင်။ အဲဒီတောက နွံတောကြီးရှင့်။ နွံတောက တအားနက်တော့ သွားတဲ့သူတိုင်း နွံနစ်ပြီး သေရသူချည်းပဲ"

"ဗျာ···ဟုတ်လား"

"ဟုတ်ပါတယ်ရှင်။ ကဲပါလေ၊ မိုးလည်း ချုပ်နေပြီဆိုတော့ အချိန်မရှိတော့ဘူး။ ကျွန်မတို့တဲကို လိုက်အိပ်ပါ။ တဲမှာ အဖေနဲ့ အမေရှိတယ်"

ထိုကောင်မလေး၏ စကားကြောင့် ဖိုးကျော် အလွန်တရာ ဝမ်းသာသွား၏။ နွံတောထဲ မရောက်ခဲ့သည်ပင် ဖိုးကျော် ကံကောင်းလှလေသည်။

"ဒါနဲ့ ညီမတို့က ဒီတောထဲမှာ နေတာလား"

"မဟုတ်ပါဘူးရှင်။ ကျွန်မတို့က ကင်မွန်းချုံရွာကပါ။ ဒီကို ဝါးလာခုတ်ကြတာပါ။ ခုလို နွေပေါက်ပြီဆိုရင် ကျွန်မတို့ အမြဲတမ်း ဝါးလာခုတ်နေကျပဲလေ"

မုဆိုးများပင် မလာသော တောနက်ထဲထိ ဝါးလာခုတ်ကြခြင်းအတွက် ဖိုးကျော် အံ့သြမိ၏။ ဝါးများမှာ တော သစ်ပင်ပင် ခုတ်၍မကုန်နိုင်။ သို့သော်လည်း ဝါးကောင်း ဝါးလှ လိုချင်လို့ပဲ နေမှာပေါ့ဟု ခပ်ပေါ့ပေါ့တွေးလိုက်၏။ ထို့ကြောင့်···

"ဩော်···ဟုတ်ကဲ့"

ဟုသာ ပြန်ပြောလိုက်၏။

"ကဲ···တဲကို သွားကြမယ်လေ၊ လာ"

ကောင်မလေးက ပြောပြောဆိုဆို ရှေ့မှ ဦးဆောင်ကာ ခေါ်သွား၏။ ချောင်းတစ်ဖက်ကမ်းကို ကူးကာ လူသွားလမ်းအတိုင်း သူမ ဦးဆောင်ခေါ်သွားလေသည်။ လေအဝေ့တွင် သူမထံမှ ငွေပန်းရနံ့က သင်းပျံ့လို့လာ၏။

အမှောင်ထုသည် တဖြည်းဖြည်း ကြီးစိုးလာကာ၊ ညအချိန်သည် ပို၍ပိုပြင်လာလေသည်။ ဘေးပတ်ဝန်းကျင်တွင် သစ်ပင်ကြီးများမရှိဘဲ ချုံနွယ်ပင်များသာ ရှိပါသည်။ တောစပ်သို့ ရောက်နေသဖွယ်ဖြစ်သောကြောင့် ဖိုးကျော် အံ့သြမိလေ၏။ သို့ပါသော်လည်း ညတောကောင်များ၏ အော်သံကြောင့် တောတစ်ခုလုံး ဟိန်းထွက်သွားသည့် အသံကိုမူ ကြားနေရပါသည်။

အတန်ငယ်မျှ လျှောက်လာပြီးသောအခါ အဝေးမှ မီးရောင်တစ်ခု လှမ်းမြင်ရလေ၏။

ထိုကောင်မလေးက ရှေ့မှ ဦးဆောင်ခေါ်သွားနေသော်လည်း စကားတစ်ခွန်းမှ ပြောမလာတော့ပေ။ ဖိုးကျော်သည်လည်း ဘာမှ စောဒကတက်၍ မေးခွန်းထုတ်မနေတော့ဘဲ နှုတ်ဆိတ်၍သာ လိုက်လာခဲ့၏။ ယခုလို အခြေအနေမျိုးတော် တောနက်ကြီးထဲတွင် ကုန်မ,စမည့်သူ ပေါ်လာသည်က ဖိုးကျော်အတွက် လွန်စွာ ကံကောင်းလှပါသည်။

ဤသို့လျှင် နှစ်ဦးသား နှလုံး

www.burmeseclassic.com

ဆီတစ်စွာ လျှောက်လာခဲ့ရာ တဲဆီသို့ ရောက်ရှိလာခဲ့လေတော့သည်။

တဲ၏ အရှေ့ တစ်နေရာမှ မြေကွက်လပ်တွင် ကောင်မလေး၏ အမေဟု ထင်ရသော အသက် ၆၀ ကျော် အရွယ် အမျိုးသမီးကြီးတစ်ဦးက ဆမင်းချက်နေ၏။ ပတ်ဝန်းကျင်တွင် နာယိန်းနေပြီဖြစ်သော်လည်း ဘေးတွင် မီးဘူးလေး ထွန်းထားသောကြောင့် ထိုအဘွားကြီး၏ မျက်နှာကို ဖိုးကျော်ကောင်းစွာ မြင်နေရပါသည်။

ထိုအဘွားကြီးမှာ အရွယ်နှင့်မလိုက်အောင် အိုမင်းရင့်ရော်နေသယောင်ထင်ရ၏။ ထို့ကြောင့် ဖိုးကျော် ယူဆသလို အဘွားကြီးပုံ ပေါက်နေလေသည်။ ညီညာမှုမရှိသော အဖြူပင်များ ရောယှက်နေသည့် ဆံပင်များက ပွကျဲလို့နေလေ၏။ မီးရောင် အောက်တွင် မျက်နှာပေါ်မှ အရေးအကြောင်းများက ထင်ရှား၍နေပါသည်။ အနီးသို့ ရောက်သော် ကောင်မလေးမှ ဖိုးကျော်အား မိတ်ဆက်ပေး၏။

"အမေ...ည့်သည်ပါတယ်"

ကောင်မလေး၏ စကားကြား သောအခါ ထိုအဘွားမှ ဖိုးကျော်အား လှည့်ကြည့်လာ၏။ ထိုသို့ လှည့်ကြည့်လာခိုက် ဖိုးကျော်မှာ ဘာရယ်မသိ အလိုလိုနေရင်း ကြက်သီးဖြန်းဖြန်းထသွားရလေသည်။ အဘွားကြီး၏ မျက်လုံးများမှာ ညအမှောင်၏ မီးရောင် အောက်တွင် အရောင်တောက်နေလေသည်။ မျက်နှာတွင် အရေးအကြောင်းများဖြင့် အိုမင်းရင့်ရော်နေသော်လည်း မျက်ဝန်းနှစ်စုံက ဆယ်ကျော်သက် အရွယ်အလား အရောင်တောက်၍နေလေသည်။

အသေအချာကြည့်မှ ထိုအဘွားကြီးမှာ ထင်သလောက် မအိုသေးမှန်း ဖိုးကျော် သိခဲ့ရလေသည်။ ထို့နောက် ဖြူဖွေးညီညာသော သွားများကို ပေါ်အောင် ပြု၍ ဖိုးကျော်အား ဆီးကြိုနှုတ်ဆက်လေ၏။

"ဘယ်က ဘယ်လို ဒီရောက်လာတာလဲ မောင်ရင်"

"ကျွန်တော်က မာလာကုန်းရွာကပါ အဘွား။ နွားပျောက်လို့ လာရှာရင်းက ဒီတောထဲ ရောက်လာတာပါ။ ဘယ်မှာ အိပ်ရမှန်းမသိဖြစ်နေတုန်း ဒီက ညီမနဲ့ တွေ့လို့ တော်သေးတာပေါ့ဗျာ"

"အေးပါကွယ်။ မာလာကုန်းရွာက အဝေးကြီးပဲကိုး။ ဒီညတော့ ဒီမှာ အိပ်ပေါ့ကွယ်။ မနက်မှ စောစောထပြန်ပေါ့"

"ဟုတ်ကဲ့ပါ အဘွား။ ကျေးဇူးတင်ပါတယ်ဗျာ"

"က...က...အဘွားလည်း ဆမင်းချက်လိုက်ဦးမယ်။ တဲထဲမှာ သူ့အဖေရှိတယ်။ စကားသွားပြောချေဦး"

"ဟုတ်ကဲ့ပါခင်ဗျာ"

"လာ...အစ်ကို၊ အထဲကို"

ထိုကောင်မလေးမှ ပြောပြောဆိုဆို ဆိုပင် တဲထဲသို့ ဦးဆောင်ခေါ်ခဲ့၏။ တဲမှာ အတော်အတန်ကြီးသော တဲဖြစ်သည်။ အနှည်းငယ် ဟောင်းနွမ်းနေသည်က လွဲ၍ ဘာမျှ မပျက်စီးသေး။ တောင့်တင်းခိုင်မာနေဆဲဖြစ်၏။ လူကြီးပေါင်ရင်းလောက် အရွယ်အစားရှိသော တိုင်များကြောင့် တဲကို တောင့်တင်းခိုင်မာစွာ ဆောက်ထားကြောင်း သိသာလုပေသည်။ ဘေးပတ်လည်ကို ကျူးထရံများဖြင့် လုံခြုံစွာ ကာရံထား၏။

တဲထဲသို့ ဝင်လိုက်စဉ် စိမ်းလျှေလျှေ အနံ့က ဖိုးကျော်၏ နှာခေါင်းထဲသို့ ရုတ်တရက် ဝင်ရောက်လာခဲ့၏။ သို့သော် ကောင်မလေးထံမှ ငွေပန်းရနံ့များက ထိုအနံ့ဆိုးကြီးအား ခဏအတွင်း ပျောက်ကွယ်စေခဲ့လေသည်။ ကောင်မလေးမှ တဲထဲတွင် နေရာယူလိုက်စဉ် ငွေပန်းရနံ့က တဲတစ်ခုလုံး မွှေးကြိုင်လို့သွားခဲ့၏။

တဲထဲတွင် အသက် ၇၀ ကျော် အရွယ်လောက်ရှိသော အဘိုးအိုတစ်ဦးက ရေနွေးကြမ်းအိုးတစ်လုံးနှင့် နီးဖြာလို့နေ၏။ တဲထဲတွင်လည်း မှိန်ပျပျ ရေနံမီးဘူးလေးကို ထွန်းညှိထားလေသည်။ အထဲမှာတော့ ထူးထူးခြားခြား ပစ္စည်းဟူ၍ ဘာမျှမရှိ။ ထင်းခုတ်စား တစ်လက်နှင့် ရေနွေးကြမ်းအိုးတစ်လုံး၊ တစ်ပတ်နွမ်း အဝတ်အစားတချို့နှင့် စောင်၊ ခေါင်းအုံးများကို တွေ့ရ၏။

ခမောက်နှင့် အဝတ်စားဟောင်း တချို့တို့မှာ ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲလို့နေပါသည်။ ကြမ်းခင်းကိုတော့ ဝါးခြမ်းလေးများဖြင့် တောင့်တောင့်တင်းတင်း ခင်းထားလေသည်။

ဖိုးကျော်တို့ အနီးရောက်သော အခါ ထိုအဘိုးကြီးမှ ဖိုးကျော်အား လှည့်ကြည့်လာ၏။ ထိုအဘိုးကြီးမှာ ဟောင်းနွမ်းကာ အရောင်လွှင့်နေသည့် တဘက်ကလေးကို ခေါင်းပေါ်တွင် အသာပေါင်းထား၏။ နီးဖြာနေသော လက်အစုံတို့က အသက်ကြီးနေပြီဖြစ်သောကြောင့် အကြောပြိုင်းပြိုင်းထကာ တုန်ယင်နေလေသည်။

"ည့်သည်ပါတယ် အဖေ"

"ဟေ...မောင်ရင်က ဘယ်ကလဲကွဲ့"

"ကျွန်တော်က၊ မာလာကုန်းရွာကပါ အဘို့။ တောထဲမှာ နွားပျောက်လို့ လိုက်ရှာရင်းက မျက်စိလည်သွားလို့ပါ။ ဒါကြောင့် ဒီက ညီမခေါ်ရာနောက်ကို လိုက်လာခဲ့တာပါ"

"ဩော်...အေးကွယ်၊ တောက

www.burmeseclassic.com

နက်တော့ မကြာခဏ မျက်စိလည်တတ်တယ်ကွဲ့"

"ဟုတ်ပါတယ် အဘိုး။ ကျွန်တော်ယယ် နွံတောဘက်ကို ကူးဖို့ လုပ်နေပြီ။ ဒီက ညီမနှင့် တွေ့ပြီး ကံသီလို့ပေါ့ဗျာ"

"အင်း···ချောင်းဟိုဘက်ကမ်းက နွံတောကြီးက အရမ်းဆိုးတယ်ကွဲ့။ အပေါ်က သစ်ရွက်ကြွေတွေ ဖုံးနေတော့ နွံကို မမြင်ရဘူးလေ။ နစ်သွားလို့ကတော့ အသက်ရှင်ဖို့ ခဲယဉ်းတယ်ကွဲ့"

ထို့နောက် ထိုအဘိုးမှ မတ်တတ်ရပ်လျက် ပြောနေသော ဖိုးကျော်အား···

"ကဲ···ကဲ ထိုင်လေကွယ်၊ မတ်တတ်ကြီးပါလား။ ရေနွေးကြမ်းသောက်၊ အေးအေးဆေးဆေးနေပါ။ အဘတို့က ခုလို ဒုက္ခရောက်လာသူတိုင်းကို ကူညီနေကျကွဲ့"

"ဟုတ်ကဲ့ပါ အဘိုး"

"ကဲ···အစ်ကို၊ အဖေနဲ့ အေးအေးဆေးဆေး စကားပြောဦး။ ညီမအမေကို ထမင်းကူချက်လိုက်ဦးမယ်"

"အေးအေး၊ ငါ့ညီမ"

ထိုကောင်မလေးမှာ ပြောပြော ဆိုဆိုပင် တဲထဲမှ ထွက်သွား၏။ သူမ၏ ငွေပန်းရုံများကတော့ တစ်တဲလုံး မွှေးပျံ့၍ ကျန်ရစ်ခဲ့ဆဲဖြစ်လေသည်။

"ဒါနဲ့ မောင်ရင်က မလာကုန်းရွာကလား"

"ဟုတ်ပါတယ် အဘိုး"

"အေးကွယ်၊ အဘိုးတို့က ကင်မွန်းချုံရွာက ဆိုတော့ သိပ်မှ မဝေးတာ၊ သိတာပေါ့။ ဟိုတစ်လောကတောင် မောင်ရင်တို့ မလာကုန်းရွာက ဦးသိုက်မောင်နဲ့ ဆုံဖြစ်သေးတယ်"

"ဗျာ···ဦးသိုက်မောင်၊ ဟုတ်လား အဘိုး"

ထိုအဘိုး၏ ဦးသိုက်မောင်နှင့် တစ်လောက တွေ့ခဲ့သည်ဟူသော စကားကို ဖိုးကျော် အံ့သြတုန်လှုပ်စွာ မေးမိလေသည်။

ဦးသိုက်မောင်ဆိုသူကား ဖိုးကျော်၏ ဦးလေးတစ်ဝမ်းကွဲဖြစ်ပြီး လွန်ခဲ့သည့် သုံးနှစ်လောက်က တောထဲသို့ ဝါးခုတ်သွားရင်း ပိုးထိကာ ဆုံးခဲ့၏။ အလောင်းကိုလည်း ဖိုးကျော်ကိုယ်တိုင် သင်္ဂြိဟ်ပေးခဲ့ပြီးဖြစ်သည်။ ဤသည်ကို ဟိုတစ်လောက ထိုအဘိုးနှင့် တွေ့ခဲ့သည်ဟု ဆို၍ ဖိုးကျော် အံ့သြသွားမေးလိုက်ခြင်းဖြစ်လေသည်။

"အင်းလေ၊ ဦးသိုက်မောင်နှင့် တွေ့ခဲ့တယ်လေ။ ဘာလို့လဲ မောင်ရင်ရဲ့"

"ဟို···ဦးသိုက်မောင်က ကျွန်တော့်ဦးလေးပါ။ သူဆုံးတာ သုံးနှစ်ကျော်လောက်ရှိပြီဗျ"

ဖိုးကျော်၏ စကားကြောင့် ထိုအဘိုးမှာ မျက်နှာ ကွက်ခနဲပျက်သွားသည်ကို ဖိုးကျော် သတိပြုမိလိုက်သည်။ ထို့နောက်မှ အနည်းငယ် ပြီး၍ ခေါင်းကုတ်ကာ···

"ဩော်···ဟုတ်ပေသားပဲ။ အဘက အသက်ကြီးပြီဆိုတော့ မှတ်ဉာဏ်က သိပ်မကောင်းတော့ဘူးကွဲ့။ တွေ့ခဲ့တာ နှစ်ပေါင်းကြာပြီကို ဟိုတစ်လောကလို့ ထင်နေမိတာ"

"ဩော်···ဟုတ်"

ဤသို့လျှင် နှစ်ဦးသား စကားအတော်ကြာ ပြတ်သွားလေ၏။ အဘိုးထံမှ မည်သည့်စကားတစ်ခွန်းမှ ထွက်မလာတော့ဘဲ နီးကိုသာ သဲကြီးမဲကြီး ဖြာနေ၏။ တဲအပြင်တွင်တော့ ကောင်မလေးတို့သားအမိ ချက်ပြုတ်၍ ပြီးစီးဟန်မတူသေးပေ။ ထို့နောက် ဖိုးကျော် မှာင် ဆက်၍ စကားဆိုလိုက်လေသည်။

"ဒါနဲ့ အဘိုး··· မလာကုန်းရွာကို ပြန်ဖို့ လမ်းမသိဘူးဖြစ်နေတယ်။ ကူညီပြီး လမ်းညွှန်ပေးပါဦးလားဗျာ"

"ဩော်···ဒါက လွယ်ပါတယ် မောင်ရင်ရယ်။ မောင်ရင်တို့ လာခဲ့တဲ့ ချောင်းအတိုင်း စုန်ဆင်းသွားလိုက်၊ ဓားထောက်ရွာကို ရောက်သွားလိမ့်မယ်။ ဓားထောက်ရွာ ရောက်ရင်တော့ မောင်ရင် ပြန်တတ်ရောပေါ့"

"ဟုတ်၊ ပြန်တတ်ပါတယ် အဘိုး။ ကျေးဇူးတင်ပါတယ်ဗျာ"

ဓားထောက်ရွာသည်ကား ဖိုးကျော်တို့ မလာကုန်းရွာနှင့် တစ်ရွာကျော်တွင် ရှိသောရွာဖြစ်ပါသည်။

"ဒါနဲ့ ချောင်းရဲ့ ဟိုတက်ကမ်းက မသွားနဲ့နော်။ နွံတောက အန္တရာယ်ကြီးတယ်ကွဲ့။ ဒီဘက်ကမ်းကပဲ ဖြည်းဖြည်းလျှောက်ပြန်ပေါ့ကွယ်။ လမ်းတော့ မှန်မှန်မရှိပါဘူး"

"ဟုတ်ကဲ့ပါ အဘိုး"

အိမ်ပြန်ရန်အတွက် လမ်းပါ သိသွားပြီဖြစ်သောကြောင့် ဖိုးကျော် လွန်စွာ ပျော်ရွှင်သွားခဲ့ရလေသည်။ ရှာမတွေ့တော့သည့် နွားနှစ်ကောင် အတွက် လွန်စွာမှ နမြောမိသော်လည်း တောထဲဝယ် မသေကောင်း၊ မပျောက်ကောင်း၊ ခုလို နားခိုစရာရခဲ့သည်ကား ဖိုးကျော် ကံကောင်းလှပါပေသည်။

ထို့နောက် ကောင်မလေးတို့သားအမိနှစ်ယောက် ထမင်းချက်ပြုပြီးစီးဟန်ဖြင့် အိုးခွက်များကို ကိုင်လျက် တဲထဲသို့ ဝင်လာကြလေသည်။ ထို့နောက် ကောင်မလေးမှ···

"ကဲ···အစ်ကိုလည်း ဗိုက်ဆာရောပေါ့၊ စားကြမယ်လေ"

ပြောပြောဆိုဆို အသွင်ထောင်ထောင်းထနေသော ထမင်းကို

www.burmeseclassic.com

ကန်ထဲသို့ ခွေးထည့်ကာ ဖိုးကျော်ရေလှို့ ခေးလေ၏။ ထို့နောက် အရွက်ဟင်း ချိုနှင့် အသားဟင်းတစ်ပန်းကန်ပါ ခေးလေသည်။

"ကဲ···· စားနော် မောင်ရင်၊ အားနာစရာမလိုဘူး။ တောထဲမှာဆို ဒီလို ဖြစ်သလိုပဲပေါ့ကွယ်။ ဒါက ကြွက်သားပါ။ မနေ့ညက အဘထောင်ထားတာ။ ကဲ···ကဲ···ထည့်စား"

"ဟုတ်ကဲ့ပါ အဘိုး"

ဖိုးကျော်သည်လည်း အလွန်တရာ ဆာလောင်နေပြီဖြစ်သောကြောင့် တန်ပင်ဆောင်နိုင်ဘဲ အားပါးတရစား သိုက်၏။ ဖိုးကျော်အပါအဝင် လေးယောက်သား အားပါးတရ စားသောက်ကြရာ ဖိုးကျော်ဘဝတွင် ထိုထမင်းဝိုင်းက အပြိန်ဆုံးဟု ထင်မိခဲ့၏။

ရိုးသားပွင့်လင်းကာ စေတနာကောင်းလှသော မိသားစုနှင့် ဆုံရသောကြောင့် ဖိုးကျော် လွန်စွာကျေနပ်မိလေသည်။

ဤသို့လျှင် ထမင်းစားသောက်ပြီးသော် လေဦးသား စကားဖောင်ဖွဲ့ ပြောဆိုကြလေသည်။ ထိုအဘိုးတို့ မိသားစုမှာ ကရင်လူမျိုးများဖြစ်ပြီး ကင်ပွန်းချုံရွာတွင် နေထိုင်ကာ နှစ်စဉ် နှစ်တိုင်း နွေဦးပေါက်ပြီဆိုသည်နှင့် ဤတောထဲတွင် ထင်းခုတ် ဝါးခုတ်ရင်း လာနေတက်ကြသည်ဟု သိရ၏။

ဖိုးကျော်သည်လည်း မိမိသည် ဓာလာကုန်းရွာတွင် နေကြောင်း၊ ရွာသို့ ရောက်ပါက အချိန်မရွေး ဝင်လည်နိုင်ကြောင်း ပြောကာ တစ်ဦးနှင့် တစ်ဦး ရင်းနှီးမှု ပိုခဲ့ကြလေသည်။

ဤသို့လျှင် ညသည်လည်း အနည်းငယ် နက်လာ၏။ နွေခင်းက ဝင်ပန်းထားသည့်ဒဏ်နှင့် စောစောက ထမင်းအရှိန်တို့ကြောင့် ဖိုးကျော် ငိုက်မြည်းစ ပြုလာလေသည်။ အိပ်ချင်နေသော ဖိုးကျော်ကို ကြည့်ကာ ထိုအဘိုး အိုမှ···

"ကဲ···ကဲ···မောင်ရင်လည်း အိပ်ချင်ရောပေါ့။ အဘတို့လည်း အိပ်တော့မယ်။ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် အိပ်နော်"

"ဟုတ်ကဲ့ပါ အဘိုး"

ဤသို့လျှင် ဖိုးကျော်သည်လည်း ဟန်မဆောင်နိုင်ဘဲ နေရာမှာတင် တုံးလုံးလဲချကာ အိပ်စက်လိုက်၏။

ပင်ပန်းလွန်သည့်ဒဏ်ကြောင့် ခေါင်းချသည်နှင့် နှစ်ခြိုက်စွာ အိပ်ပျော် သွားခဲ့သည်လေတော့သည်။

◈◈◈

တောတစ်ခုလုံး ကျေငှက်အော်သံများကြောင့် ဖိုးကျော် အိပ်ရာမှ နိုးလာလေသည်။ နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့သောကြောင့် အားအင်များ ပြည့်နှက်လို့ နေလေ၏။ သို့သော် ဆက်လက် အိပ်ချင်နေသေးသောကြောင့် မထချင်သေး။ မျက်စိကို မဖွင့်ဘဲ အိပ်ရင်း ဝါးခန့် သမ်းလိုက်မိသေး၏။ ထို့နောက်မှ မျက်စိကို အသာအယာဖွင့်ကြည့်လိုက်လေသည်။

ဖိုးကျော် အိပ်ချင်မူးတူးဖြင့် ပထမဆုံး တွေ့မြင်လိုက်ရသည့် မြင်ကွင်းကား ဆွေးရိ ပေါက်ပြနေသော အင်ဖက်များဖြင့် မိုးထားသည့် အမိုးတစ်ခုဖြစ်သည်။ အမိုးများမှာ ဆွေးရိပေါက်ပြနေသောကြောင့် ဟာလာဟင်းလင်းဖြစ်ကာ ကောင်းကင်ကိုပင် မြင်နေရ၏။ တချို့နေရာများတွင် ပင့်ကူအိမ်များ အထပ်လိုက်ဖြစ်လေသည်။

ဖိုးကျော် မနေ့ညက တွေ့ခဲ့သည့် ခိုင်ခိုင်မာမာ လုံလုံခြုံခြုံ ဆောက်ထားသော တဲမဟုတ်သည့်အတွက် လွန်စွာ အံ့သြသွား၏။ ထို့ကြောင့် ဘေးသို့ တေ့ကြည့်မည့်အပြုတွင် ခန္ဓာကိုယ် အနည်းငယ် လှုပ်သွားသောကြောင့် တဲတစ်လုံး ငလျင်လှုပ်သည့်အလား လှုပ်ခါသွားလေသည်။

ဖိုးကျော် ကမန်းကတမ်း ထထိုင်ပြီး တဲအား တေ့ကြည့်သောအခါ တဲမှာ လူမနေတော ကြာမြင့်နေသော ပုံစံဖြစ်၏။ ဟောင်းနွမ်းစုတ်ပြတ်နေပြီး အမိုးအကာများမှာလည်း မလုံပေ။ ကြမ်းခင်းများမှာလည်း ဆွေးမြည့်နေပြီး ဖိုးကျော် အိပ်နေသည့်နေရာသာ အခင်းရှိ၏။ ကျန်နေရာများမှာ ဆွေးမြည့်ကာ အောက်သို့ ပြိုကျနေ၏။

တဲထဲတွင်လည်း မည်သူတစ်ဦး တစ်ယောက်မျှ မရှိ။ မနေ့ညက တွေ့ခဲ့သော ကောင်မလေးနှင့် အဘိုး၊ အဘွားတို့မှာလည်း ပျောက်ချင်းမလှ ပျောက်သွားခဲ့လေပြီ။ တဲမှာလည်း မနေ့ညက တွေ့ခဲ့သော မြင်ကွင်းနှင့် လားလားမျှ မတူ။ လူမနေတော ကြာမြင့်နေသည်မှာ သေချာလေ၏။ တဲထဲမှာပင် ချွန်ယပ်ပင်များ ပေါက်လျက်ရှိ၏။

ဖိုးကျော် ပတ်ဝန်းကျင်ကို ကြည့်ရှုလာလေသည်။ မနေ့ညက သူတွေ့ခဲ့သောသူများကိုလည်း၊ ပရလောကသားများဖြစ်ကြောင်း သိခဲ့ပြီ။ မနေ့ညက မြင်ကွင်းများ အားလုံးသည်လည်း ပရလောကသားများ ဖန်ဆင်းထားကြောင်း သိခဲ့ရလေပြီ။

ထို့နောက် ကြက်သီးဖြန်းဖြန်းထကာ ကြောက်ရွံ့လာပြီး တဲထဲတွင် ဆက်မနေရဲတော့သဖြင့် ထ,ပြေးမည် အပြုတွင် ဖိုးကျော်၏ ရုတ်တရက် ရှန်းကန်အားကြောင့် ဆွေးမြည့်ဟောင်း နွမ်းနေသောတဲမှာ တစ်ဖက်သို့ စောင်း

www.burmeseclassic.com

www.burmeseclassic.com

ရွဲသွားလေသည်။

တဲအပြင်သို့ ရောက်သော်လည်း တဲပတ်ဝန်းကျင်တွင် သစ်ပင်ချုံနွယ်များဖြင့် ပိတ်လို့နေ၏။ မနေ့ညက အဘွားကြီး ထမင်းချက်သော နေရာတွင်လည်း ချုံနွယ်များဖြင့် ပိတ်လျက်ရှိလေသည်။ တဲအပြင်၏ ထောင့်တစ်နေရာတွင်မူ ဟောင်းနွမ်းစုတ်ပြတ်ကာ ချေးအလိမ်းလိမ်းတက်နေသော အိုးခွက်ပန်းကန်တချို့ကို တွေ့ရလေသည်။

ထို့နောက် ဖိုးကျော်သည် မနေ့ညက စားခဲ့သော ညနေစာကို သတိရလာပြီး အာခေါင်ထဲသို့ လက်ညှိုးနှစ်ချောင်းထိုးထည့်ကာ အန်လိုက်စဉ် သွေးပုပ်ရောင်းကဲ့သို့ အကျိုခွဲများ ဒလဟော ထွက်လာလေ၏။ ဖိုးကျော် ထိုအကျိုခွဲများကို ကြည့်ရင်း ကြောက်ရွံ့လာကာ အကုန်အစင် ထိုးအန်ပြီး၊ ထိုအကျိုအခွဲများ မထွက်လေတော့မှ တဲနှင့် အဝေးဆုံးနေရာသို့ ပြေးထွက်ခဲ့လေတော့သည်။

မနေ့ညက သူလာစဉ် လူသွားလမ်းမှာလည်း ပေါင်းမြက်များဖြင့် ပိတ်နေ၏။ သူလာထားသော လမ်းအတိုင်းတွင် မြက်ပင်များ လဲ၍နေလေသည်။

ဖိုးကျော် ကြောက်အား လန့်အားဖြင့် ပြေးလာရင်း စမ်းချောင်းငယ်လေးဆီသို့ ရောက်လာခဲ့လေသည်။ ထိုစဉ် ငွေပန်းရုံက နာခေါင်းထဲ ဝင်ရောက်လာသဖြင့် ကြက်သီးဖြန်းဖြန်းထသွားခဲ့ရပြန်၏။ ထို့နောက် အနံ့လာရာဘက် တေ့ကြည့်လိုက်သောအခါ ဝေဆာစွာ ပွင့်နေသော ငွေပန်းရုံလေးအား တွေ့လိုက်ရလေသည်။

ဤသို့လျှင် ဖိုးကျော်မှာ ထိုနေရာတွင် ကြာကြာဆက်မနေရဲတော့သဖြင့် မနေ့ညက အဘို့ လမ်းညွှန်ပေးခဲ့သည့် အတိုင်း ချောင်းတစ်ဖက်ကမ်းသို့ မကူးတော့ဘဲ ရေစီးအတိုင်း စုန်ဆင်း၍လာခဲ့လေသည်။ ကြောက်အား လန့်အားဖြင့် တဲနှင့် ဝေးသထက် ဝေးအောင် အမြန်လျှောက်လာရင်း တဲအား မမြင်ရတော့မှ သက်ပြင်းချနိုင်လေတော့သည်။

တစ်လမ်းလုံးလည်း မနေ့ညက ကြုံခဲ့ရသည့် အံ့သြစရာ အဖြစ်အပျက်အား စဉ်းစားနေမိလေ၏။ မနေ့ညက ထိုပရလောကသား အဘိုးပြောသည့် သူတို့သည် ကင်မွန်းချုပ်ရွာက ဖြစ်ကြောင်းပြောသည့် စကားများ၊ သေပြီးသား ဖိုးကျော်၏ ဦးလေးအား ဟို တစ်လောက တွေ့ခဲ့သည်ဟု ပြောသော စကားများသည် လွန်စွာအံ့သြစရာကောင်းလှလေ၏။

သားအမိ သားအဖ သုံးယောက် စလုံး တောထဲသို့ ဆင်းခုတ်လာရင်း သေသွားကြဟန်တူ၏။ မည်သည့် အန္တရာယ်ကျရောက်၍ သုံးဦးစလုံး သေခဲ့သည်ကိုတော့ ဖိုးကျော် စဉ်းစားမရနိုင်။ ထိုသို့ သေဆုံးသွားပြီး တဲ၌ပင် ကပ်ငြိနေဟန်တူ၏။ အမျှအတန်းပေးဝေသူ မရှိသောကြောင့် သူတို့ကိုယ် သူတို့ သေပြီဟုပင် သိကြဟန်မတူသေးပေ။

မည်သို့ပင် ဆိုစေကာမူ၊ ပရလောကသားများပင် ဖြစ်လင့်ကစား၊ သူတို့သည် သက်ရှိထင်ရှားရှိစဉ်က သဘောကောင်း ဖော်ရွေသော မိသားစုဖြစ်ဟန်တူ၏။ ထို့ကြောင့် သူတို့သည် ယခုအချိန်ထိ တောထဲတွင် မျက်စိလည် လမ်းမှားပြီး ဒုက္ခရောက်နေသူတိုင်းကို ယခုလို ကူညီနေကျဖြစ်ပေမည်။

ဖိုးကျော်၏ အသက်ကိုလည်း သူတို့ပင် ကယ်ခဲ့ခြင်းဖြစ်၏။ ဖိုးကျော် ချောင်းတစ်ဖက်ကမ်းသို့ တူးပါက နှံ့နစ်ကာ သေနိုင်သည့်အပြင်၊ ညအခါ မည်သည့်အန္တရာယ်နှင့် ကြုံတွေ့ရမည်ကိုလည်း မပြောနိုင်ပေ။ သူတို့ ကူညီ၍သာ အသက်ရှင်ခွင့်ရခဲ့သည်ဟု ဖိုးကျော် ထင်၏။ ထို့ကြောင့် ထိုပရလောကသား မိသားစုသုံးဦးသည် ဖိုးကျော်အတွက် အသက်သခင်ကျေးဇူးရှင်ပင် ဖြစ်လေသည်။

ထို့ကြောင့် ရွာပြန်ရောက်ပါက သူတို့ ကျွတ်လွတ်ဖို့အရေး ကောင်းမှုပြုကာ အမျှတန်းပေးဝေ၍ သူတို့အတွက် ဆုတောင်းပေးမည်ဟု ဖိုးကျော် ဆုံးဖြတ်လိုက်လေသည်။

ဤသို့လျှင် အတွေးများဖြင့် တဖြည်းဖြည်းလျှောက်လာရင်း နေ့တက်မကျိုးခင်မှာပင် ထိုပရလောကသား အဘိုးကြီးပြောသည့် အတိုင်း ဓားထောက်ရွာသို့ ရောက်ရှိခဲ့လေတော့သည်။ ထိုပရလောကသားတို့သည် အမှန်တကယ် ကင်မွန်းချုပ်ရွာသားများဖြစ်ကြ၍ ဤလမ်းကြောအား သိနေကြခြင်းဖြစ်ပေမည်။

ဖိုးကျော်တစ်ယောက် မိမိကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြန်လည် စဉ်းစားရင်း အံ့သြတုန်လှုပ်မှုတွေနှင့်အတူ ထိုပရလောကသား သုံးဦးအား ကျေးဇူးတင်မဆုံးဖြစ်မိလေသည်။

ထိုပရလောကသား သားအမိ သားအဖ သုံးဦးကိုလည်း ယခုရောက်ရှိနေသော ပရလောကသားဘဝမှ လွတ်မြောက်ဖို့အရေး ဖိုးကျော် ကောင်မှုကုသိုလ်ပြုကာ အမျှအတန်းပေးဝေဦးမည်ဖြစ်ပေတော့သည်။

ညီလေးငယ် (လယ်တော်)

*****

www.burmeseclassic.com

www.burmeseclassic.com

မန်ကျည်းမည့်နှင့် မိဿလင်
အစွမ်းဖြင့် ကုသနည်း

ဝင်းဇော်(သုံးဆယ်)

တစ်နေ့တွင် ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးသည် ခြေဆောက် ထော့နင်း ထော့နင်းနှင့် အိမ်သို့ ရောက်လာသည်။ ခြေထောက် ဘာဖြစ်တာလဲဟု မေးကြည့်တော့ ခြေဖဝါးကို နှိပ်လျှင် အလွန်နာကျင်၍ ဖွနင်းနေရကြောင်း ပြောသည်။ ကျွန်တော်က သူ၏ ခြေဖဝါးကို သေသေချာချာကြည့်ပြီး ခြေဖဝါးပြင်တစ်ခုလုံးရှိ နေရာတိုင်းကို လက်ချောင်းဖြင့် ဖိကြည့်သည်။ ခြေဖဝါးတစ်နေရာကို ဖိတော့ မခံမရပ်နိုင်ဖြစ်ပြီး ထ.အော်သည်။

မိတ်ဆွေ၏ ခြေထောက်တွင် ဘာဖြစ်နေသည်ကို ကျွန်တော် အတတ်သိလိုက်ပြီ။ မိတ်ဆွေ၏ ခြေထောက်မှာ အသားမာဖြစ်နေခြင်းပင်။ အသားမာဖြစ်ရသည့် အကြောင်းအား ခြေထောက်ကို အပူခံများခြင်း၊ ဖိနပ်မပါဘဲ အသွားအလာများခြင်းတို့ကြောင့်ဖြစ်သည်။ အပူဒဏ်၊ အပူဒွေများသည် ခြေဖဝါးအတွင်းသို့ ဝင်ရောက်ပြီး စူတက်လာခြင်းဖြစ်သည်။ ထိုမိလျှင် အလွန်နာကျင်သော ဝေဒနာကို ခံစားရသည်။ အသားမာနာသည် အတွင်းသို့ အနာဝင်လျှင် အသက်ကို ဆုံးရှုံးသည်အထိ ဒုက္ခပေးတတ်သည်။ အသားမာဖြစ်နေပါက အနာထွက်သွားစေရန် နာကျင်နေသော နေရာကို လိမ်းဆေးများ လိမ်းပေးရသည်။ သောက်ဆေးများ သောက်ပေးရသည်။ တစ်ဆင့်ထက်တစ်ဆင့်တက်ကာ ပြည်တည်နာအဖြစ်ရောက်ရှိလျှင် ဆရာဝန် (သို့မဟုတ်) တိုင်းရင်းဆေးဆရာဖြင့် စနစ်တကျ ကုသသင့်သည်။

အသားမာနာဖြစ်ပြီး ပြည်လည်း တည်ခြင်း မရှိ၊ ပျောက်လည်း မပျောက်ဘဲ ရှိနေသော (နာတာရှည်ရောဂါသဖွယ်) အသားမာနာအတွက် တိုင်းရင်းမြန်မာဆေးနည်းတစ်လက်ကို ရေးသားတင်ပြချင်ပါသည်။ ထိုဆေးနည်းမှာ ရှာဖွေရ လွယ်ကူသည်။ မိမိအနီးအနားတွင်လည်း ရှိသည်။ အဖိုးအခလည်း မရှိချေ။ မိမိဘာသာပြုလုပ်နိုင်သော ဆေးနည်းဖြစ်သည်။

တိုင်းရင်းမြန်မာ ရှေးဆရာကြီးများက ၎င်းဆေးနည်းကို ကဗျာ လင်္ကာဖြင့် ရေးသားထားခဲ့ကြသည်။ ဆေးနည်းလင်္ကာမှာ "အသားမာသည်၊ နာတာရှည်လျက်၊ ပြည်ရည်မတည်၊ ခိုင်တုံလုည့်သော်၊ မန်ကျည်းမည့် မိဿလင် တင်အုံနယ်"ဟု ရေးဖွဲ့ထားသည်ကို ထောက်ခြင်းအားဖြင့် မိဿ

www.burmeseclassic.com

လင်နှင့် မန်ကျည်းမှည့်ကို ကြိတ်၍ ၎င်းဆေးနှစ်ပါးကို အနာပေါ်တွင် အုံပေးရမည်ဟု ဆိုလိုသည်။

ဒီနေရာတွင် မိသလင်နှင့် မန်ကျည်းမှည့်တို့၏ ဆေးအာနိသင်အကျိုးသွားကို တင်ပြချင်ပါသည်။

မိသလင်

တိုင်းရင်းမြန်မာဆေးပညာကို အဘိုး ဆရာသိန်းမသင်ကြားပေးစဉ်က သွားလာရင်း၊ ခြေသပွတ်တိုင်လည်ခြင်း၊ ထုနက်ခံရခြင်း၊ လဲပြုခြင်း၊ သစ်ပင်ပေါ်မှ လိမ့်ကျ၍ နာကျင်ခြင်း စသည့် ဒဏ်ရာ ဒဏ်ချက်များကြောင့် အသားနာ၊ အသားကြေသည့်အထိ ဖြစ်လာသော နာကျင်နေမှုများအတွက် လည်းကောင်း၊ အရိုးကျိုး၊ အရိုးပြုတ်သည့်အခါတွင် လည်းကောင်း၊ မိသလင်ကို ဆားနှင့်ကြိတ်ပြီး ဒဏ်ရာပေါ်တွင် အုံ၍ စည်းပေးထားရမည်ဟု သိရသည်။ ကျပ်ထုပ်လည်း ထိုးပေးနိုင်သည်။

မိသလင်သည် တိုင်းရင်းမြန်မာဆေးကျမ်းများအရ ချွေးကို ထွက်စေသည်။ မီးယပ်သွေးကို ညီစေသည်။ မီးယပ်သွေးမမှန်ခြင်း၊ ထိန်ခြင်း၊ ငုပ်ခြင်းများတွင် အရွက်ကို ထုထောင်းပြီး သတ္တုရည်(အရည်စိမ်း)ကို ကော်ဖီဇွန်းတစ်ဇွန်းတွင် ဆားအနည်းငယ်ထည့်၍ တစ်နေ့ နှစ်ကြိမ်သောက်ရသည်။

ဓာတုရသ ဆေးကျမ်းတွင် မိသလင်သည် သွေးကို ကြေစေတတ်သည်။ ဝမ်းကိုလည်း ဖြောင့်စေသည်။ လေနှင့် သင့်လေသည်ဟု ဆိုထားသည်။

မန်ကျည်းသီး

ဓာတုရသ လေးစောင်တွဲ ဓာတ်ကျမ်းတွင် "မန်ကျည်းမှည့်ဆေး၊ တက်သည့်အပူ၊ ငြိမ်းစေဟူ၍၊ သွေးမူကြည်လင်၊ ကိုယ်တွင် အာဟာရ၊ ပူထိကာကို၊ ကြေမွပြီးပျက်၊ အချိုစွက်က၊ ဆိုသမျှကို၊ နိုင်ကြသည်ချည်း" ဟူသော ဆေးလက်သွားအရ အပူကို ငြိမ်းစေသည်။ သွေးကို ကြည်လင်စေသည်။ အပုပ်ကို နိုင်စေသည်ဟု မှတ်ယူရသည်။

တကယ်တော့ မန်ကျည်းသီးမှာ အေးချဉ်သော အရသာဖြစ်သည်။ အချို့သော မန်ကျည်းသီးမှာ ချိုသည်။ ၎င်းအရသာတို့ကြောင့် အအေးသည့် အပူကို ငြိမ်းစေသည်။ အချဉ်သည် အသားအရေကို ဖြစ်စေတတ်သည်။ ပိတ်ဆို့နေသော အပူအခိုးအငွေ့များကို ပွင့်ထွက်စေသည်။ အချို့ဓာတ်အနည်းငယ်ပါရှိသောကြောင့် အားကို ဖြစ်စေတတ်သည်။

မန်ကျည်းသီးကို "တန် ဆေး၊ လွန် ဘေး" ဆိုသည့် အတိုင်း ပူပြင်းသော နွေရာသီတွင် အပူကို ကာကွယ်ရန် ထန်းလျက်ဖြင့် စိမ်၍ မချိုမချဉ်အရသာအနေအထားဖြင့် တစ်နေ့လျှင် တစ်ဖန်ခွက် သောက်သုံးပေးသင့်သည်။ ဝမ်းကို ပျော့စေပြီး ပုံမှန်သွားစေသည်။ ဝမ်းတွင်းမှ အပုပ်ခိုးများကို ကြေစေသည်။ အစာဟောင်းအိမ်မှ အပုပ်ခိုးကြောင့် ပါးစပ်နံစော်ခြင်းမှ ပျောက်ကင်းစေသည်။ သွေးအား၊ လေအားကို ကောင်းမွန်စေသည်။

ထိခိုက်မိ၍ အရိုးကျိုးကြေသည်အထိဖြစ်လျှင် မိသလင်နှင့် နန်းစိမ်းကို ရောနှောထုထောင်းပြီး မြင်းချေးနှင့် နယ်က ဒဏ်ရာပတ်လည်တွင် အုံ၍ ကျပ်စည်းပေးရသည်။ ပေါင်ကိုက်ခြင်း၊ လက်ကိုက်ခြင်း၊ ကျောကိုက်ခြင်း၊ အကြောထုံနာဖြစ်ခြင်းတို့ကို မိသလင်ဥကို ထုထောင်း၍ အဝတ်ဖြင့် ထုပ်ထားပါ။ ရေနွေးအိုးအား အဖုံးမဖုံးဘဲ ရေနွေးအိုးနှုတ်ခမ်းကို အဝတ်ဖြင့် ပိတ်စည်း၍ ထုထောင်းထားသော မိသလင်ထုပ်ကို တင်လိုက်ပါ။ ပူနွေးလာလျှင် ၎င်းဆေးထုပ်ဖြင့် ပေါင်၊ လက်၊ ကျော၊ ကိုက်သောနေရာများကို ကျပ်ထုပ်ထိုးပေးရသည်။

"ပုံပြဆေး အဘိဓာန်ကျမ်း" တွင် မိသလင်ဥ၏ ဂုဏ်နှင့် စွမ်းရည်ကို အောက်ပါအတိုင်း ဖော်ပြထားသည်။

ဂုဏ်နှင့် စွမ်းရည်

ခြွေဆီပ်၊ အရေပြားရောဂါ၊ အစာမကြေဖြစ်ပြီး ဝမ်းကြောရောင်ခြင်း၊ မီးယပ်ထိန်ခြင်းတို့ကို ပျောက်ကင်းစေသည်။

သို့ဖြစ်ရာ မိသလင်နှင့် မန်ကျည်းမှည့် ဆေးနှစ်ပါးကို ကြိတ်၍ အုံပေးခြင်းဖြင့် အသားမာနာကို ပျောက်ကင်းစေကြောင်း သိလောက်ပေပြီ ■

ဝင်းတော် (သုံးဆယ်)

*****

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်လင်ပန်း

လာဘ်ရှင်လန်း

အောင်ကောင်းမြ(သာကေတ)

တစ်နေ့တွင် ကျွန်ုပ်သည် ရန်ကုန်မြို့တစ်ဖက်ကမ်းရှိ အဲ့ကြီးဘက်သို့ ရောက်ရှိသွားပါသည်။ အဲ့ကြီးအရှေ့ဘက်ရှိ ညီမဖြစ်သူအိမ်သို့ သွားရောက်ပြီး အလုပ်ကိစ္စ ဆွေးနွေး ပြောဆိုကြသည်။ ညီမဖြစ်သူမှ နေ့လယ်စာဖြင့် ကျွေးမွေးလျှံခဲသည်။ ထမင်းစားပြီး နာရီဝက်ခန့် နားပြီးသောအခါ ပါလာသော ဂန္ဓိရဆိုင်ရာ ဂျာနယ်များကို ညောင်တုန်းရပ်ကွက်၊ ဇေယျဝတီကျောင်းတိုက် ဆရာတော်ထံသို့ သွားရောက်လှူသည်။ ဆရာတော်အား ဖူးမြော်ကန်တော့ပြီး ထေရပွတ္တိနှင့် ကျင့်စဉ် ချီးမြှင့်ရန် တောင်းဆိုရာ ညနေ ပြန်လာရန် မိန့်ဆိုသည်။

စာရေးသူရောက်သွားသောအချိန်မှာ ဘုန်းကြီး ဆွမ်း စားပြီး အနားယူချိန် အိပ်ချိန်ဖြစ်နေသောကြောင့် ဖြစ်သည်။ ရှေးလူကြီးတွေကတော့ "ဆွမ်းစားပြီး တစ်ရေးမှေး ဘုန်းကြီး ဆေး"ဟု ဆိုကြသည်။ နံနက်စောစောထသူများ ထမင်းစားပြီး တစ်ရေးတမောအိပ်ခြင်းသည် ကျန်းမာ အားပြည့်စေ သည်ဟု ကျန်းမာရေးစာအုပ်တွင် ဖတ်ရသည်။ တစ်နေကုန် အိပ်လျှင်တော့ မကောင်းပါ။ အပျင်းကြီးဖြစ်သွားမည်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူလည်း ဆရာတော်အား ကန်တော့ပြီး ညီမ ဖြစ်သူအိမ်သို့ ပြန်လာခဲ့ပြီး ခေတ္တ အနားယူအိပ်လိုက်သည်။ အိပ်ရာမှနိုးချိန် ဥနာရီထိုးသောအခါ ဘုန်းကြီးကျောင်းသို့ စက်ဘီးစီးကာ ထွက်လာခဲ့သည်။

စာရေးသူ ရောက်သောအခါ ဆရာတော်မှာ ဂျာနယ်များ ဖတ်နေပါသည်။ ဆရာတော်သည် စာဖတ်ဝါသနာပါသည်။ လယ်တီ ဝိပဿနာတရားစခန်းဖွင့်၊ တရားဟောနေသော်လည်း လောကီသမထဝိဇ္ဇာ၊ ဂဠိရ၊ ဂန္ဓာရီတွေကို ပစ်ပယ်မထားပေ။ ကိုယ်တွေ့ဖြစ်၍ ယုံကြည်လက်ခံနေသည်။ ဆရာတော်မှ သူ၏ ထေရုပ္ပတ္တိနှင့် ကျင့်စဉ်ကို သက်ဆိုးပြီးမှ လာယူရန် ချိန်ဆိုးလိုက်သည်။ ထေရုပ္ပတ္တိမှာ ဆရာတော် တိုင်းတွင် အဆင်သင့် မရှိနိုင်ပေ။

ဆရာတော်မှ စာရေးသူအား ဂဠိရအကြောင်း စိတ်ဝင်တစားပြောပြသည်။ မိမိအိမ်တံခါးပေါက် ဝဲ-ယာတွင် ပစ်တိုင်းထောင်နှစ်ရပ်(စုံ+မ)ကို ဘယ်-ညာ တင်ထားရန် ပြောကြားသည်။ ထို ပစ်တိုင်းထောင်တွင် ဘိုးပေါက်ဆိန် စီရင်သော ပေါက်ဆိန်နှစ်လက်ကိုင်ထားသော ပစ်တိုင်းထောင်ပုံဆိုလျှင် ပိုကောင်းသည်ဟု မိန့်ဆိုသည်။

မြေမသန့်၊ မြေလှန်လိုပါက ဓားမတစ်ချောင်း၏ ဦးချွန်နှင့် မြေကို ကလော်ပြီး နောက်သို့ ပစ်လိုက်ပါက မြေလှန်ပြီးဖြစ်ကြောင်း ရှင်းပြသည်။

ဆရာတော်၏ မျက်နှာတော်မှာ ရွှေညဝါဆရာတော်နှင့် ဆင်တူသည်။ ညီအစ်ကိုထင်ရလောက်သည်။ သက်တော်လည်း မတိမ်းမယိမ်း။ အများအကျိုးလည်း ပြုလုပ်လိုစိတ်ရှိသည်။ ဆရာတော်က စကားပြောရင်း ဂဠိရနည်းတစ်နည်းကို ထပ်ပေးသည်။ ထိုနည်းမှာ ငွေကဲ့ပွင့်(လာဘ်ဝင် ငွေရွှင်) စေသောနည်းဖြစ်သည်။ လွယ်ကူထိရောက် အကျိုးရရှိစေသော နည်းဖြစ်သည်။

လာဘ်ပွင့်၊ လာဘ်ဖွင့်နည်း

လင်ပန်းတစ်ချပ်တွင် ပဝါတစ်ခုခင်းပါ။ (လင်ပန်းဖြစ်လျှင် ရသည်။ ဘာလင်ပန်းဖြစ်ဖြစ်ပါ။ ပဝါကတော့ အစိမ်းဆိုလျှင် ပိုကောင်းသည်။) လင်ပန်းနှင့် ပဝါက (၄+၅)=(၅+၄) ကိုးနဝင်းကက်ကင်းယူထားသည်။ ပဝါခင်းပြီးပါက ပဝါပေါ်တွင် ရွှေပြားခင်းရမည်။ ရွှေပြားနေရာတွင် ရွှေရောင်စက္ကူ ၅လက်မပတ်လည် တစ်ချပ်ခင်းရမည်။ ရွှေရောင်ဖိတ်စာအုံးပြီနှိပ်သည်။ ရွှေပြားလည်း (၄+၅) ကိုးနဝင်းဓာတ်မိနေသည်။

ထိုရွှေပြားပေါ်တွင် လက်ဖက် လေးပုံ့ပုံရမည်။ ထောင့်လေးထောင့်တွင် လေးပုံ့ပုံနိုင်သည်။ လက်ဖက်-လာဘ်ဖွင့် ဓာတ်ယူထားသည်။ နဝင်းဓာတ်များကို ကက်ကင်း၊ ဓာတ်တူနံတူပြု ဓာတ်ဆင်ထားခြင်းဖြစ်သည်။ ထိုလင်ပန်းလက်ဖက်ကို သန့်ရှင်းအောင်၊ ကြည့်ကောင်းအောင် သပ်ရပ်စွာ ပြုလုပ်ပြီး ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားကို ကပ်လှူပါ။

တနလ်္ဂနွေတွင် နံနက် ၇နာရီခွဲမှ ၉နာရီ၊
အင်္ဂါနေ့တွင် နံနက် ၁၀နာရီခွဲမှ ၁၂နာရီ၊
ဗုဒ္ဓဟူးနေ့တွင် နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း၊
ကြာသပတေးနေ့တွင် နံနက် ၆နာရီမှ ၇နာရီခွဲ၊
သောကြာနေ့တွင် နံနက် ၁၀နာရီခွဲမှ ၁၂နာရီ၊
စနေနေ့တွင် နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း လှူဒါန်းနိုင်ပါသည်။

ဆရာတော်ကတော့ နံနက်ပိုင်းတွင် လှူဟူ၍သာ ဆိုပါသည်။ ဘုရားရှိခိုး၊ ငါးပါးသီလခံယူ၊ ရေတော်၊ ဖယောင်းတိုင်ကပ်လှူပြီး လက်ဖက်လင်ပန်းလှူပါ။ ဂုဏ်တော်ပုတီးကိုးပတ်စိပ်ပါ။ ရွှေပြားပေါ် တိုက်ရိုက် မတင်ဘဲ၊ ကြွေပန်းကန်ပြားတစ်ချပ်တွင် လက်ဖက်လေးပုံ ထည့်လှူနိုင်ပါသည်။ ကြွေပန်းကန်မှာ (၂+၅+၂ = ၉) ဖြစ်နေသည်။

လက်ဖက်ခြောက်လျှင် စွန့်ပြီး အသစ်ပြန်လှူပါ။ ကိုးရက်အဓိဋ္ဌာန်၊ လိုရာ ဆုတောင်း၊ လာဘ်ဝင် ငွေရွှင်လာပါမည်။ ကိုးနဝင်းပုတီးဖြင့် စိပ်ခိုင်းပါသည်။ လက်ပံသားပုတီးဟု ဆိုသည်။ ပုတီး (၁၀၈)လုံးကပင် ကိုးနဝင်းဖြစ်နေပါသည်။

ကိုးနဝင်းပုတီးဆိုသည်မှာ ပုလဲသား၊ ဒန်းကြီးသား၊ လက်ပံသား၊ ထောက်ကြံသား၊ ခဲတက်သား၊ သစ်စိမ့်သား၊ မရုံးသား၊ မြရာသား စသည်တို့ကို ဆိုလိုသည်။ မိမိစိပ်နေကျ ပုတီးဆိုလျှင်လည်း စိပ်၍ရသည်။ ကျွန်ုပ်ကတော့ အုန်းသားပုတီးဖြင့် ကိုးရက်အဓိဋ္ဌာန်ဝင်ကြွပြီးပါပြီ။ သမ္မာအာဇီဝ ငွေများ ဝင်လာသည်။ လောင်းကစားကိစ္စတော့ အာမ မခံပါ။ ငွေဆိုတာ လူတိုင်း ကြိုက်သည်။ သန့်ရှင်းသော ငွေသည်သာ ရေရှည် ခိုင်မြဲသည်။

လင်ပန်းလက်ဖက် လက်တွေ့ ဆောင်ရွက်နိုင်ကြပါစေ ■

အောင်ကောင်းမြ (သာသနာတ)

www.burmeseclassic.com

www.burmeseclassic.com

မြန်မာလဆန်း ဓရက်နှင့် မြန်မာလဆုတ် ဓရက်မွေးသူများ

■ ဒေတ္တရာဆရာကျော်

မြန်မာလဆန်း ၈ရက်မွေးသူများ၏ ရက်သရုပ်မှာ "ဒေသနိုးနတ်ပုံ" ဖြစ်တယ်။

ပရိယာယ်သဘောကတော့ မြင့်မြတ်ခြင်း၊ စွန့်လွှတ်ခြင်း ချီးမြှောက်ခံရခြင်း၊ အသိထူးပေါ်ခြင်း၊ အများအား အကူအညီပေးခြင်း၊ လွတ်မြောက်ခြင်း၊ ငြိမ်းချမ်းခြင်း၊ အတိုက် အခံများ ကြဲရခြင်း၊ ကံကောင်းခြင်းဟူသော သဘောတရား အောက်မှာ ရှိပါတယ်။

ဒီရက်ဖွားတွေဟာ ကံကောင်းကြသူများ ဖြစ်ပါတယ်။ ထက်သန်သော ဆန္ဒရှိသမျှတွေ ရရှိတတ်ကြပါတယ်။ ကုသိုလ်နဲ့ အကျိုးပေးတတ်ကြပါတယ်။ မိမိမိတ်ဆဲမှာလည်း အကုသိုလ်ကို ရှောင်တတ်ကြတယ်။ ငယ်စဉ်ကလေးဘဝ ကတည်းက ထူးခြားသော သဘောရှိခြင်းသူများလို့ အများ ထင်မြင်နိုင်စရာရှိကြပါတယ်။

သူတို့တွေဟာ အသိဉာဏ်ပညာထက်မြက်တယ်။ အသိဉာဏ်ထူးများ ရှိကြတာဟာ ပါရမီလိုဖြစ်ပါတယ်။ လူ အများနဲ့ အလယ်မှာ ပေါ်လွင်ထင်ရှားတတ်ကြပါတယ်။ စိတ်စေတနာကောင်းတတ်ကြပါတယ်။ မလိုလားအပ်ဘဲ အကုန်မခံချင်ကြတာကြောင့် စေးနဲသူ၊ နမြောသူ၊ တွန့်တိုသူ လို့ အထင်အမြင် အပြောအဆိုခံရတတ်ပေမယ့် တကယ် တမ်းမှာ သုံးစရာဟု ထင်ပါက ရက်ရောစွာ သုံးစွဲကြပါ တယ်။ အထူးသဖြင့်ကတော့ ကိုယ်တန်ဖိုးထားတာတွေမှာ သုံးစွဲကြပါတယ်။ အကုန်ခံလေ့ရှိကြပါတယ်။

မိတ်ဆွေအပေါင်းအသင်းတွေအပေါ်မှာ ကောင်းကြ တာကြောင့် သူ့ကို ခင်မင်ကြပါတယ်။ ဦးစီးခေါင်းဆောင်တင်

www.burmeseclassic.com

www.burmeseclassic.com

တတ်ကြပါတယ်။ အထက်လူကြီးများက သဘောကျ နှစ်ခြိုက်လေ့ရှိပါတယ်။ ဒါကြောင့်လည်း ချီးမြှောက်ခြင်း ခံရတတ်ပါတယ်။

ကိုယ်လုပ်ရမယ့် တာဝန်နဲ့ ဝတ္တရားကို သိသူဖြစ်သလို၊ ကျေပွန်အောင် လုပ်တတ်ကြတယ်။ ကြိုးစားပမ်းစားလည်း လုပ်လေ့ရှိတယ်။ ဒါကြောင့်လည်း ဒီရက်ဖွားတွေဟာ လုပ်သမျှ တန်ပြန်အကျိုးခံစားရတတ်သူများပါပဲ။ စေတနာက အကျိုးပေးတယ်လို့ ဆိုနိုင်ပါတယ်။

တစ်ခုတော့ ရှိပါတယ်။ **ဒီရက်ဖွားတွေရဲ့ အောင်မြင်မှုဟာ အတိုက်အခံတွေကို ကျော်လွှားပြီးမှသာ အောင်ကြရတာပါ။** ဒုက္ခတွေ ရောပြွမ်းနေပေမယ့် ကြိုးစားပြီး ဖြတ်သန်းနိုင်ကြပါတယ်။ နောက်ဆုံးမှာတော့ ထွက်ပေါက် တွေ့ပြီး အောင်မြင်ကြပါတယ်။

အစုအဆောင်း ဝါသနာပါတတ်သလို၊ ချွေတာသင့် တယ်ထင်ရင် ချွေတာတော့တာပါပဲ။ တစ်ပါးသူက လိုအပ်လို့ အကူအညီလာတောင်းရင်တော့ လက်မနေးတတ်ကြပါဘူး။ ကူညီရမှ၊ ပေးကမ်းရမှ၊ စွန့်လွှတ်ရမှ ကျေနပ်နိုင်ကြပါတယ်။ ဘဝမှာ ကိုယ်လုပ်သမျှ မအောင်မမြင်တာ ဖြစ်လာရင်လည်း တရားနဲ့ ဖြေနိုင်ကြပါတယ်။

အသက်အရွယ်ကြီးပြင်းလာပါက ဒီရက်ဖွားတွေရဲ့ စရိုက်နဲ့ အလေ့အကျင့်ဟာ မသိမသာပြောင်းလဲလေ့ ရှိပါ တယ်။ လူတွေနဲ့ အရောတဝင် မရှိတော့ဘဲ ပုံမှန်သဘောပဲ ရှိပါတော့မယ်။

တကယ်တော့ ဒီရက်ဖွားတွေဟာ ကံကောင်းတတ်ကြ ကြောင်းပါခင်ဗျား။

◈◈◈

မြန်မာလဆုတ် ၈ရက်မွေးသူများ၏ ရက်သရုပ်မှာ "ဆင်ဖြူတော်ပုံ" ဖြစ်တယ်။



ပရိယာယ်သဘောကတော့ ထူးခြားခြင်း၊ ဟိတ်ခတ် ခြင်း၊ ပေါ်လွင်ခြင်း၊ ထိပ်တန်းရောက်ခြင်း၊ မာနကြီးခြင်း ကျဉ်းကျပ်ခြင်း စသော သဘောတရားတို့အောက်မှာ ရှိပါ တယ်။

ဒီရက်ဖွားတွေဟာ ကြီးပွားအောင်မြင်မယ့်ဂဏ ရှိကြ သူများဖြစ်ပါတယ်။ **မိမိကိုယ်တိုင် ကြိုးစားပမ်းစားထုပ် ဆောင်ခြင်းဖြင့် အောင်မြင်မှုတွေ ရနိုင်ပါတယ်။**

ဒီရက်မွေးသူများဟာ အများရဲ့ လေးစားမှု၊ ချစ်ခင်မှု အမြတ်တနိုး အသိအမှတ်ပြုမှုကို ခံကြပြီး လူကြားသူကြား ထဲမှာ ထင်ပေါ်ကျော်ကြားနိုင်သူလည်း ဖြစ်ပါတယ်။

ဉာဏ်ပညာသင့်မြတ်ပါတယ်။ တည်တည်ကြည်ကြည် နေလိုသော သဘောတရားရှိတာကြောင့် မာနကြီးသူလို့ တချို့က မြင်လေ့ရှိပါလိမ့်မယ်။

တစ်ခါတလေမှာတော့ စိတ်ကျဉ်းကျပ်မှုတွေဖြစ်ပြီး တစ်ကိုယ်တည်း ညစ်နေပါလိမ့်မယ်။ သို့ပေမယ့် ကိုယ့်ကို ခင်မင်ကြသူတွေက အားပေးနှစ်သိမ့်မှုတွေ၊ လုပ်ကြလိမ့် မယ်။

တကယ်တော့ မိမိဟာ စန်းအားကောင်းသူ၊ စန်းပွင့်သူ လို့ ပြောနိုင်ပါတယ်။ အများကို ဆွဲဆောင်နိုင်စွမ်းရည်ရှိပါ တယ်။ ဉာဏ်ပညာနဲ့ သတ္တိမျက်နှာလည်း ရှိပါတယ်။

လူအများနဲ့ ဆက်စပ်လုပ်ကိုင်ရသော အလုပ်မျိုး ကုန်သည်ဆန်ဆန်အလုပ်မျိုးတွေထက်စာရင် နယ်တက်ရေး မြို့ရွာတွေမှာ လုပ်ရတဲ့ အလုပ်တွေနဲ့ အကျိုးပေးကောင်း ကြပါတယ်။

မည်သို့ပင်ဖြစ်စေကာမူ၊ အတိတ်ကံက ကောင်း သဖြင့် ကြီးပွားအောင်မြင်ဖြစ်ထွန်းမှုလမ်းစကို အမြဲတမ် တွေ့နေပါမယ်။ ရဲရဲရင့်ရင့် မြန်ဆန်သွက်လက်စွာဖြင့် အဲ့ အလမ်းကောင်းကို ဖမ်းဆုပ်နိုင်ပါက အထူးပင် ထိပ်တန်း ရောက်နိုင်သော ကံဇာတာရှင်ဖြစ်နေပါတယ်။

အသက်အရွယ်ကြီးရင့်လာလေလေ ပို၍ကံကောင်း လေလေဖြစ်ပါတယ်။ အများရဲ့ ချီးမြှောက်မှု၊ မိဘဆရာသမား ရဲ့ ပံ့ပိုးချီးမြှောက်မှုများလည်း ရနိုင်သောသူဖြစ်ပါတယ်။

ခေတ္တရာ ဆရာတော်

*****

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်အတွက် အလုပ်အကိုင်ကိစ္စ အထူးယတြာအစီအရင်

- အလုပ်လျှောက်ထားခြင်း/ရေးဖြေ- လူတွေ့ဖြေဆိုခြင်းတွေမှာ လွယ်ကူစွာ အောင်မြင်ရွေးချယ်ခံရပြီး အလုပ်အကိုင် အမြန်ဆုံးရရှိဖို့
- လက်ရှိအလုပ်အကိုင် နေရာဌာန မြို့ရွာဒေသမှာပဲ ဆက်လက်ကြာရှည် ခိုင်မြဲစွာ လုပ်ကိုင်ရစေဖို့
- မိမိဆန္ဒရှိသော အလုပ်အကိုင် နေရာဌာန မြို့ရွာဒေသကို ခက်ခဲကြန့်ကြာခြင်း မရှိဘဲ အမြန်ဆုံး ပြောင်းရွှေ့လုပ်ကိုင်ရစေဖို့
- အလုပ်အကိုင်မှာ အမြန်ဆုံးရာထူးအဆင့် တိုးတက်ရရှိစေဖို့
- လက်ရှိကြုံတွေ့နေရတဲ့ လုပ်ငန်းခွင် အဆင်မပြေမှုတွေ၊ အတိုက်အခံ အနောက်အယှက် အခက်အခဲ အစွပ်အစွဲ အတိုင်အတောဘ၊ အစစ်အဆေး ပြဿနာတွေ အမြန်ဆုံး အဆင်ပြေချောမော ကျော်လွှားအနိုင်ရပြီး ပြတ်သွားစေဖို့

ဆရာကြီး ဦးအောင်မြိုင် (ဥပဒေဘွဲ့) (လက္ခဏာဗေဒင်ပညာသုတသီ)

အမှတ် (၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

- ၀၉ ၃၀ ၁၇၈၀၇၅၊ ၀၉ ၇၃၀ ၀၅၉၂၄၄၊ ၀၉ ၂၅၂ ၃၀၆၆၇၅၊ ၀၉ ၅၀ ၆၂၈၄၃

ယုံကြည်အားကိုးမှသာ လာခဲ့ပါ။

အဖောများ ရာခိုင်နှုန်းပြည့်နီးပါးမှန်ကြောင်း အာမခံသည်။

ဝမ်းချုပ်၊ လေချုပ်၊ သွေးတိုးနေလျှင်
ဆရာဦးရွှေထွန်း၏ (ရွှေလှေကား)ရဲ့
ဘဉ်ဖြူရောဏ
အမှတ်တံဆိပ်
ဝမ်းမှုန်ဆေး ကိုသောက်ကြည့်လိုက်ပါ။



ကြော်ငြာခွင့်ပြုချက်အမှတ် -
တဆဝက(စာနယ်ဇင်း) ၀၀၁/၀၁၁၅

ဆေးသောက်ပြီး ဗိုက်နာ၊ ဗိုက်ရစ်ခြင်းမရှိ
နုံးချည့်အားယုတ်ခြင်းမရှိ ယုံကြည်စွာ သုံးစွဲပါ။

ပင်ရင်း - ရွှေလှေကားဆေးတိုက်၊ အမှတ်(၉)၊ လှေကားလမ်း၊ ၁၆-ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်၊ ဖုန်း - ၀၉-၇၃၀၆၆၁၂၈၊ ၀၉-၇၉၉၂၄၅၅၇၂၃

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မနက်ခင်းကျသည့်နှင်းက ခါတိုင်းနေ့တွေထက် ပိုသည်ဟု အောင်ဘုသမ်းမြင်မိသည်။ ကွင်းပြင်ထဲတွင် အရပ်ချစ်မျက်နာတစ်ခွင်လုံး မှုန်ပိုင်းနေပြီး မနက် ၉နာရီအထိပင် နင်းများက မကွဲဘဲ နေလုံးကို မမြင်ရအောင်ဖြစ်နေသည်။ ယာခင်းတွင် ပဲနတ်သမားများ ၅၀ ခန့်ရှိသည်မို့ အရီး သန်းမြမှာ တဲသို့ မပြန်ဖြစ်တဲ့ ကန်သင်းဧပေါ်တွင် ထိုင်ကာ ပဲနတ်သမားများနှင့် အဖွဲ့ကျနေ၏။ မိတင်အေးတို့အုပ်စုမှာ ဒီအဖွဲ့တွင် အသံအစွာဆုံးဖြစ်သည်။

"အရီး...ဒီမနက် ကောက်ညှင်းပေါင်း မကျွေးတော့ဘူးလား"

မပုကြည်က မနေ့က အရီးသန်းမြမှ ပဲနတ်သမားများကို ကောက်ညှင်းပေါင်းနှင့် နမ်းထောင်းကျွေးသည်ကို ရည်ညွှန်း၍ ပြောနေခြင်းဖြစ်သည်။ အရီး သန်းမြက ဒီမနက် သူတို့ကို ဘာမှ မကျွေးသေးသောကြောင့် ပြောခြင်းဖြစ်သည်။

"တော်ကြာ နင့်ညီမ အေးမြ လာတော့မယ်။ နင်တို့ဦးလေး ညက နင်တို့အတွက် ကောက်ညှင်းကျည်တောက်ဖုတ်ထားတာ ရှိတယ်"

"ဟေး...ဒါမှ ငါတို့အရီးကွ"

ကန်သင်းဘေးတွင် မြောင်နတ်နေသော ဖိုးသင်းက ဝမ်းသာအားရ ထအော်သည်။

အရီး သန်းမြတို့ လယ်မှာ ရွာနှင့် ဆိုလျှင် အတော်ပင် အလုပ်မိုးဝေ၏။ ကန်တောက်ဝခြောင်းကို ပတ်၍ စက်လှေဖြင့် လာရခြင်းဖြစ်သည်။ ဦးခင်ညို့နှင့် ဒေါ်သန်းမြတို့မှာ ရွာတွင် လယ်ကားများစွာရှိသော စာရင်းတွင် ပါ၏။ သူတို့နေထိုင်ရာ မဟာသာရွာမှာ အိမ်ခြေ (၅၀၀) ခန့်ရှိသော အစုအဝိုင်းဖြစ်၍ မဟာသာအရှေ့၊ မဟာသာအနောက်၊ မဟာသာလတ် စသည်ဖြင့် တစ်ရွာတည်းကိုပင် သုံးပိုင်းအမည်တွင်၏။ ရွာတွင် ကြေးရတက်များမို့ အခြေအရံကများကြပြီး သူတို့၏ လယ်စိုက်ချိန်၊ ရိတ်သိမ်းချိန်များတွင် အလုပ်သမားက မရှားပါးကြ။ ပေးကမ်းကြည့်ရှုတတ်ကြသူများပင်။ ထို့ကြောင့် ယခုလည်း ပဲနတ်သိမ်းချိန်မို့ သူတို့လယ်တွင် အလုပ်သမား ပဲနတ်သားများက အခြားလယ်များထက် ဆူညံနေသည်။ လယ်က ရွာနှင့် ဝေးသောကြောင့် သစ်တဲတစ်လုံးကို အခိုင်အခဲ့ဆောက်၍ လာနေကြခြင်းဖြစ်သည်။

အရီး သန်းမြတွင် မိအေးမြ ဆိုသော သမီးတစ်ဦးသာရှိ၍ အသက်က ၂၈နှစ်သာသာခန့်ရှိပြီး အသားအရေဖြူဖြူရောင်ဝင်နှင့် လုံးကြီးပေါက်လှ ချောမောသူဖြစ်သည်။ ရွာမှာသာမက၊ ရွာနီးချုပ်စပ်မှ လူငယ် လူလတ် ကာလသားများမှ သူမကို ဝိုင်းဝန်း ပိုးပန်းကြသော်လည်း မည်သူ့ကိုမျှ စိတ်မဝင်စားဘဲ အနေအထိုင်အေးဆေး၍ ရိုးသားသိမ်မွေ့ပြီး ခင်မင်စရာလည်း ကောင်း၏။

သိပ်မကြာလိုက်၊ မိအေးမြက တောင်းတစ်လုံးကို ရွက်လျက် ရောက်ရှိလာပြီး ကောက်ညှင်းကျည်တောက်အပိုင်းကလေးများကို ပဲနတ်သားတစ်ဦးချင်းစီအား လိုက်လံဝေငှပေး၏။

"အစ်မ အေးမြ ကျွန်တော် မရသေးဘူးနော်"

အောင်ဘုဘေးမှ ပဲနတ်နေသည့် ကျော်ထူးက အေးမြကို လှမ်းစသည်။

"အောင်မာ...ခွေးကောင်၊ နင့်ကို အရင်ဆုံး စ,ဝေတာနော်၊ ဟင်း..."

အတန်းလိုက် နတ်နေသည့် အလယ်မှ မိတင်အေးက ကျော်ထူးကို လှမ်းကောင်း၏။ အရီး သန်းမြက လက်ဖက်သုပ်ပန်းကန်ကို လက်တွင် မြှောက်၍ ပဲနတ်သားများအား ပိုးမွှားအန္တရာယ် ကင်းဝေးစေရန် ဆုတောင်းပေးသည်။ ပဲနတ်ချိန်မှာ မနက် ၆နာရီမှ နေ့လယ် ၁၁နာရီအထိဖြစ်၍ တစ်မနက် နတ်ခမှာ တစ်ဦးလျှင် ငါးရာကျပ်ပေးလေ၏။ နေ့လယ် ၁၁နာရီကျော်လျှင် ပဲပင်များမှာ နေရောင်ကြောင့် ကြွပ်ရွလာမည်ဖြစ်ပြီး အသီးများက အထိမခံ ကြွေကျကုန်မည်ဖြစ်သောကြောင့် မနက်ပိုင်းသာ နတ်ကြခြင်းပင်။

အချိန်က ၁၀ နာရီကျော်လာပြီမို့ နေရောင်ကို မြင်လာရပြီး အရီးသန်းမြကလည်း သမီးဖြစ်သူကို ပဲနတ်သားများနှင့် ထားရစ်ခဲ့ကာ တဲရှိရာသို့ ပြန်သွားလေသည်။ ပဲနတ်သားများက ပြန်ရတော့မည်မို့ ဝီရိယစိုက်ကာ နတ်ကြ၏။

ထိုစဉ်...

"သမီးရေ...သမီး၊ လာပါဦး။ ဒီမှာ နင့်အဖေ ဘာဖြစ်မှန်းမသိဘူး။ လဲနေလို့၊ လာကြပါဦးဟေ့"

မိအေးမြနှင့်အတူ သူတို့ ပဲနတ်သားများမှာ ဒေါ်သန်းမြ၏ အော်သံကြောင့် အလန့်တကြားဖြင့် တဲရှိရာသို့ ပြေးလာကြ၏။

"အဖေ...အဖေ"

ဦးခင်ညို့မှာ တဲအတွင်း ကြမ်းပြင်တွင် လဲကျနေသည်ကို သူတို့ တွေ့လိုက်ကြရသည်။ သူတို့အားလုံး မှင်တက်သွားကြ၏။

"ဦးလေး...ဦးလေး"

ဝိုင်းဝန်း၍ ယပ်ခတ် မေးမြန်းနေကြသော်လည်း ဦးခင်ညို့မှာ သတိမလည်ဖြစ်နေပြီး မိအေးမြမှာ သူဖခင်ကို ကြည့်ရင်း တရှိုက်ရှိုက်နှင့် ငိုကြွေးနေသည်။ ဒေါ်သန်းမြမှာလည်း ခြေမကိုင်မိ လက်မကိုင်မိနှင့် တုန်တုန်ချုပ်ချုပ်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"အရီး . . . ရွာကို ပြန်သယ်ပြီး ဆေးခန်းပြန်ပြန်သွားရင် ကောင်းမယ်"

မပုကြည်က အရီး သန်းမြကို ပြော၏။

"အေးအေး"

"အောင်ဘုတို့၊ ထွန်းရွှေတို့ ထမ်းဖို့ ပုခက်လုပ်ကြပါဟဲ့"

ဒေါ်မိလုံးက သူတို့ကို လှမ်းပြောရင်း ဦးခင်ညို၏ ခြေချင်းပတ်မှ သွေးအနည်းငယ်စိုနေသည်ကို ဒေါသန်းမြအား ပြနေ၏။

သည်လိုနှင့် သူတို့ ဦးခင်ညိုကို ဆေးခန်းပြန် စက်လှေပေါ်သို့ ထမ်းစင်ဖြင့် တင်ခေါ်ခဲ့ကြသည်။ လမ်းတွင် ဗေဒါများက ရိုနေသဖြင့် နာရီဝက်ခန့်တိုး၍ မောင်းလာခဲ့ကြရ၏။

ဆေးခန်းသို့ ရောက်သောအခါ ဦးခင်ညိုမှာ အသက်မရှိတော့။ ဆရာမက ဦးခင်ညိုကို စစ်ဆေးကြည့်ရှုပြီး နောက် မြွေကိုက်တာဟု မှတ်ချက်ပြုပေး၏။ အားလုံး၏ စိတ်ထဲမှာ မယုံနိုင်လောက်အောင် ဖြစ်နေရပေသည်။ တကယ်ဆိုလျှင် ပဲနတ်နေသည့် လယ်ကွက်နှင့် တဲမှာ သိပ်မဝေးလှပေ။ သူ့ကို ပိုးထိကြောင်း ဦးခင်ညို ဘာကြောင့် မပြောရသည်ကို အားလုံးက အံ့သြနေကြသည်။

ဦးခင်ညိုကို အသုဘချသောနေ့တွင် စီးပွားရေးပြေလည်သူများဖြစ်၍ ကူငွေမခံသော်လည်း အသိုင်းအဝိုင်းနှင့် ခွေမျိုးပေါများသဖြင့် လူက စည်၏။ တရားလည်း နားပြီးပြီမို့ ဦးခင်ညို၏ အလောင်းကို သခိုင်းသို့ ပို့ရန် သူတို့ စီစဉ်ကြ၏။

"ကိုခင်ညိုရဲ့ . . . ကျွန်မတို့ သားအမိကို ထားခဲ့တာလားတော့"

သူတို့အားလုံး၏ စိတ်ထဲမှာ မြင်ကွင်းကို ကြည့်ပြီး စိတ်မသက်သာကြ။

လူအများ ရှာရှာရတ်သဲသဲကြားတွင် ဒေါသန်းမြမှာ ပတ္တမြေလူး ဝိုကြွေးနေသော်လည်း သမီးဖြစ်သူ မိအေးမြမှာ မျက်စိမျှားက ကြောင်တောင်တောင်ဖြင့် ဖခင်၏ အခေါင်းကို ရူးရူးစိုက်စိုက်ကြည့်နေသည်ကို တွေ့ရသည်။ ထို့နောက် ကွဲရက္ခ အသံအချိုးကို သူတို့ ကြားလိုက်ရပြီး . . .

"ဟားဟား . . . ဟား . . . "

"မငိုနဲ့ . . . မငိုနဲ့၊ တဲကို မပြန်နဲ့၊ မပြန်နဲ့ . . . ဟီး . . . "

မိအေးမြက တစ်ကိုယ်လုံး တုန်ယင်နေပြီး ဗလုံးဗထွေး စကားများကို ပြောနေခြင်းပင်။ ဒေါသန်းမြမှာ ဝိုနေရာမှ ခေတ္တတိတ်သွားပြီး လူအချို့နှင့်အတူ သမီးကို ဖက်ထားရင်း ချော့နေရလေသည်။

အောင်ဘုရင်ထဲမှာ သူတို့ကို ကြည့်ရင်း ကြက်သီးမွေးညင်းများ ထ, လာသည်ဟု ထင်မိသည်။ သူလုပ်ခဲ့တာကို သူပင် အသိဆုံးဖြစ်သည်မဟုတ်ပါလား။

လွန်ခဲ့သော ၅ရက်ခန့်က ကိုင်တောအတွင်းမှ သူကောက်ရထားသော မြွေပုံသဏ္ဌာန်ပါ အင်းကွက်ရေးထိုးထားသည့် လူဦးခေါင်းပုံ လက်ကိုင်ထဲလေးကို ဦးခင်ညို့တို့၏ တဲတံစက်မြိတ်တွင် သူ ထိုးထားခဲ့တာဖြစ်သည်။ အရင်တော့ အမှတ်မထင်သည့် သူ့လုပ်ရပ်က မိသားတစ်စုကို ဆန်းကြယ်သော ကြမ္မာဆိုးများ ဖြစ်လာစေခဲ့သည်လား မသိ။ ဦးခင်ညို၏ အသုဘကို သခိုင်သို့ ပို့ဆောင်ပေးပြီးနောက် သူ ကွင်းထဲသို့ ထွက်လာခဲ့မိသည်။ သူ၏ ဦးတည်ရာက ဦးခင်ညို့တို့တဲရှိရာဘက်ဆီသို့ သာ။

လွမ်းသျှင်နော်
(မဟာသာရွာ)

www.burmeseclassic.com

အင်ကြင်းတစ်ထောင် ဘဘုန်းကြီးနှင့် နန္ဒဝန်ကျောင်းဆရာတော်တို့၏

ဂုဏ်တော်ဂါထာပျံ

မျိုးသက်နိုင်

(ရွှေဖြည်သာ)

ကျွန်ုပ်သည် တစ်နေ့သ၌ မော်ကျွန်း အင်ကြင်းတစ်ထောင် ဘဘုန်းကြီး ဦးပညာဝံသထံသို့ ရောက်ရှိသွားလေရာ ဂုဏ်ထူးတော်ပညာရှိ ဆရာကြီး ဦးကျော်ခင်၏ အမေးပုစ္ဆာများနှင့် ပတ်သက်၍ ဘဘုန်းကြီးအား လျှောက်ထားမေးမြန်းလေသောအခါ...

"ဒီလိုရှိတယ် ဒကာကြီးရဲ့၊ ဒီဂါထာရဲ့ မူရင်းအစဟာ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကိုးပါးဖြစ်တဲ့ -

ကြွတိပိသော ဘဂဝါ

(၁) အရဟံ

(၂) သမ္မာသမ္ဗုဒ္ဓေါ

(၃) ဝိဇ္ဇာစရဏ သမ္ပန္နော

(၄) သုဂတော

(၅) လောကဝိဒူ

(၆) အနုတ္တရောပုရိသ ဒမ္မသာရထိ

(၇) သတ္ထာဒေဝ မနုဿာနံ

(၈) ဗုဒ္ဓေါ

(၉) ဘဂဝါ...

အစရှိတဲ့ ဂုဏ်တော်ကိုးပါးပဲ ဖြစ်တယ်။ အဲဒီ ဂါထာကို ခုနစ်လုံးခြား...ခုနစ်လုံးခြားကျော်၊ကျော်ပြီး ပြန့်ပြန့်ကားကားတဲ့အခါကျတော့မှ ဂုဏ်တော်ဂါထာပျံရယ်လို့ ထွက်ပေါ်လာသကွဲ့။

ကြွ တိ ပိ သော ဘ ဂ ဝါ အ ရ ဟံ သ မ္မာ သ မ္ဗု ဒ္ဓေါ ဝိ ဇ္ဇာ စ ရ ဏ သ မ္ပ န္နော
၁ ၂ ၃ ၄ ၅ ၆ ၇ ၁ ၂ ၃ ၄ ၅ ၆ ၇ ၁ ၂ ၃ ၄ ၅ ၆
သု ဂ တော လော က ဝိ ဒူ အ နု တ္တ ရော ပု ရိ သ ဒ မ္မ သာ ရ ထိ သ တ္ထာ ဒေ ဝ
၇ ၁ ၂ ၃ ၄ ၅ ၆ ၇ ၁ ၂ ၃ ၄ ၅ ၆ ၇ ၁ ၂ ၃ ၄ ၅
မ နု သ္သာ နံ ဗု ဒ္ဓေါ ဘ ဂ ဝါ တိ ။
၆ ၇ ၁ ၂ ၃ ၄ ၅ ၆ ၇

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုအစဉ်အတိုင်း ကျော်,ကျော်ကောက်တဲ့အခါကျတော့မှ "ကြာရင်ကာဝတ္တရသာ၊ တိဟံစတောရောထိန်၊ ဝိသရလောပုသဗု၊ သောမ္မာဏ ကရိတ္တာဒ္ဓေ။ ဘသသဝိသဒေဘ၊ ဂမ္ဘမ္ဘဒုဒဝဂ၊ ဝါဒ္ဓေါန္ဒောအမ္မမဝါ။ အဝိသုနသာနတိ" ဆိုပြီးတော့ ဖြစ်ပေါ်လာတယ် ဒကာကြီးရဲ့။ ဒါကို ဘုန်းဘုန်းတို့ ငယ်ငယ်လေးကတည်းက ဆရာတော်ကြီးတွေ သင်ပြပေးထို့ ဘုန်းဘုန်း အလွတ်ရထားတယ်။ ဒီတော့ ဒါ ဥပ်ကောင်းသကွဲ့။ ဒါပေမယ့် အနက်အဓိပ္ပာယ်ကိုတော့ဖြင့် ဘုန်းဘုန်း မပြန်နိုင်ပေဘူး။ ဒကာတော် ဆက်ပြီးတော့ လေ့လာပေါ့ကွယ်"

ဘဘုန်းကြီးဆီက အပြန်တွင် တစ်လမ်းလုံး စဉ်းစားလာခဲ့ရာ ဂါထာတစ်ပုဒ်လုံးတွင် စာလုံးရေပေါင်း (၅၆)လုံး ရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ ၎င်းဂါထာအား အလျားလိုက် ခုနစ်လုံး တစ်ပါဒ ကောက်ယူနေခဲ့ရာမှ ဒေါင်လိုက် ရှစ်လုံး တစ်ပါဒကို ပြောင်းလဲကောက်ယူကြည့်သောအခါတွင် အောက်ပါအဖြေကို ရရှိခဲ့ပါသည်။

	၁။	၂။	၃။	၄။	၅။	၆။	၇။
၁။	က္ကြ	ရ	ဇ္ဇာ	ဂ	တ္တ	ရ	သာ
၂။	တိ	ဟံ	စ	တော	ရော	ထိ	နံ
၃။	ဝိ	သ	ရ	လော	ပု	သ	ဗု
၄။	သော	မ္မာ	ဏ	က	ရီ	တ္တာ	ဒ္ဓေါ
၅။	ဘ	သ	သ	ဝိ	သ	ဒေ	ဘ
၆။	ဂ	မ္ဘ	မ္ဗ	ဒု	ဒ	ဝ	ဂ
၇။	ဝါ	ဒ္ဓေါ	န္ဒော	အ	မ္မ	မ	ဝါ
၈။	အ	ဝိ	သု	နံ	သာ	နံ	တိ
	+	+	+	+	+	+	#

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် ရန်ကုန်ပြန်ရောက်သောအခါ ဤအကြောင်း နှင့် ပတ်သက်၍ နန္ဒဝန်ဆရာတော် ဦးယောသိတနှင့် ထပ်မံ ဆွေးနွေးပြစ်ခဲ့၏။

"ဒီလိုရှိတယ် ဒကာကြီးရဲ့။ ဒီဂါထာမျိုးကို အနလုံ ပဋိလုံလို့လည်း မခေါ်နိုင်ပေဘူး။ အနလုံ ပဋိလုံဆိုတာမျိုးက -

ဣတိပိသော ဘဂဝါ

ဣတိပိသော ဘဂဝါ အရဟံ

ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ

ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော

ဣတိပိသောဘဂဝါ အရဟံသမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော

အစရှိသဖြင့် တစ်ပုဒ်စီ တစ်ပုဒ်စီ တိုးသွားတာမျိုးကို ခေါ်တာ။ ကွန်ချာလိုဟာမျိုး နည်းနည်းဆင်တယ်။ ကွန်ချာလို ဟာမျိုးကျတော့ အပြန်ပြန်အလှန်လှန် ရွတ်ဖတ်သရဇ္ဈာယ်ရတယ်လေ။

သောဘဂဝါ ဣတိပိအရဟံ၊ အရဟံဝတ သောဘဂဝါ။ အရဟံတံ သရဏံ ဂစ္ဆာမိ၊ အရဟံန္တံ သိရသာနမာမိ။

သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ သမ္မာသမ္ဗုဒ္ဓေါ ဝတသောဘဂဝါ၊ သမ္မာသမ္ဗုဒ္ဓံတံသရဏံ ဂစ္ဆာမိ၊ သမ္မာသမ္ဗုဒ္ဓံတံသိရသာ နမာမိ။

အစရှိသဖြင့်ပေါ့။

ဒကာကြီး နားလည်အောင် ဘုန်းဘုန်း ဥပမာသုံးပြီး ထပ်ရှင်းပြရမယ်ဆိုရင် ပါဠိပဌာန်းကျမ်းကြီးဟာ အင်မတန် မှန်ကန် နက်ရှိုင်းကျယ်ဝန်းလှတယ်။ ဒါပေမယ့် ပါဠိပဌာန်းကျမ်းကြီးကို အနှစ်ချုပ်လိုက်ရင် (၂၄)ပစ္စည်းအကျဉ်းပဲ ရှိတာ တွေ့ရတယ်။ ဒါကို ပါဠိကျမ်းကျင်သူတွေက မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို ကြည်ညိုသဒ္ဓါပွားများနိုင်ဖို့ရာအတွက် အပြန်ပြန်အလှန်လှန် အကျယ်တဝင့်စီစဉ် ရွတ်ဖတ်သရဇ္ဈာယ်ရတာမျိုးဖြစ်တယ်။ ခဲ့ထက်ပြည့်စုံတဲ့ စာအုပ်စာတမ်းအမြောက် အများကို ဘုန်းဘုန်း ထပ်ရာထားလိုက်မယ်။ ဒကာကြီး နောက်တစ်ခါ ပြန်လာခဲ့ပေါ့ဗျာ"

ကျွန်ုပ်သည် သိချင်တာအားလုံး ပြည့်စုံစွာ သိရပြီဖြစ်သဖြင့် ပျော်ရွှင်ကြည်နူး ဝမ်းမြောက်စွာဖြင့် ဘုန်းဘုန်းကို ဝတ်ဖြည့် နှုတ်ဆက်ပြီး အိမ်အပြန်လမ်းသို့ ပေါ့ပါးဖျတ်လတ်စွာ လှမ်းထွက်ခဲ့ပါလေတော့သည်။

နန္ဒဝန်ဆရာတော်နှင့် အင်ကြင်းတစ်ထောင် ဘဘုန်းကြီးနှစ်ပါးတို့အား ဤစာစုဖြင့် ဂါရဝပြုလိုက်ရပါပေသည်။

မျိုးသက်နိုင် (ရွှေပြည်သာ)

*****

www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းထွေလာ ကျိကမ္ဘာ

မောင်လင်းအောင်

အတ္တလန္တိတ် ဖြတ်ကျော်တံတား

နော်ဝေနိုင်ငံရှိ အံ့သြထူးခြားဖွယ်ကောင်းသော တံတား ရှည်ကြီးဖြစ်ပါသည်။ အတ္တလန္တိတ်သမုဒ္ဒရာ ဖြတ်ကျော်လမ်းမ(Atlantic Ocean Road)ဟုလည်း ခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အံ့ချီးဖွယ် မဟာလူသား

A man in India took up odd part-time jobs so he could donate all his savings and regular income to those in need, every month for 30 years. After he retired as a librarian, he even donated his p[illegible]sion.

အိန္ဒိယနိုင်ငံရှိ အမျိုးသားကြီးတစ်ဦးသည် စာကြည့်တိုက်မှူးအဖြစ် အသက်မွေးရင်း အားလပ်ချိန်များတွင်လည်း ရော အချိန်ပိုင်းအလုပ်များကို ကြိုးစားလုပ်ကိုင်သည်။ ဤမျှ ကြိုးစားပမ်းစား ငွေရှာနေရသည့်အကြောင်းမှာ သူဌေးဖြစ်ချင်၍ မဟုတ်ဘဲ၊ သူထက် နိမ့်ပါးသူ၊ မရှိဆင်းရဲသားများကို တစဉ် လှူဒါန်းနေနိုင်ရန်အတွက်ဖြစ်သည်။ သူသည် စာဆောင်းငွေအားလုံးနှင့် ဝင်ငွေများကို မရှိဆင်းရဲသားများကို ဆေကမ်းလှူဒါန်းရာ၌သာ အသုံးပြုသည်။ နှစ် (၃၀)ကျော်ကြာ အလုပ်လုပ်ပြီးနောက် ပင်စင်ယူချိန်တွင်လည်း ရသမျှ ပင်စင်ငွေအားလုံးကို လှူဒါန်းပစ်ပြန်သည်။ အလွန်ပင် ဆေတနာထက်သန်လှသော အံ့ချီးဖွယ် အလှူရှင်ပင်တည်း။

သူ၏ မွန်မြတ်သော စိတ်ထားကို ကမ္ဘာက အသိအမှတ်ပြုရုံမျှသာမက၊ အမေရိကန်ပြည်ထောင်စုကလည်း ဆောင်ရွက်နှစ် မဟာလူသား(Man of Millennium Award) ဆုကို ချီးမြှင့်ပေးခဲ့သည်။

ထားစရာနေရာ မရှိလောက်အောင်ပင် ငွေကြေးဥစ္စာဓနချမ်းသာသော သူဌေးကြီးများအနေဖြင့် ထိုအိန္ဒိယအမျိုးသား၏ သဒ္ဓါတရားထက်ဝက်ခန့်သာ ရှိစေဦးတော့ ကမ္ဘာပေါ်တွင် အငတ်ဘေးကြီးဆိုက်ရောက်နေမည်မဟုတ်ပေ။



အဖြူရောင် ဝေလငါးများ

အဖြူရောင် ဝေလငါးကြီးများကို ထူးခြားစွာ မြင်တွေ့ရပုံဖြစ်သည်။ ဝေလငါးများသည် နို့တိုက်သတ္တဝါများလည်း ဖြစ်သည်။

Reuse-Reduce-Recycle

ဖင်လန်နိုင်ငံတွင် အသုံးပြုပြီးသား ပလတ်စတစ် ပုလင်းခွံ (၁၀)ခုတွင် (၉)ခုကို ပြန်လည်အသုံးပြုနိုင်ရန် သိမ်းဆည်းသည်။ ဖန်ပုလင်းများအားလုံးနီးပါးကိုလည်း ပြန်လည်အသုံးပြုရရန် စီစဉ်ဆောင်ရွက်သည်။ ကမ္ဘာပေါ်ရှိ အခြားသော နိုင်ငံများအားလုံးထက်ကို ပို၍ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်ရန် ကြိုးပမ်းသော နိုင်ငံလည်းဖြစ်သည်။



In Finland, nine out of ten plastic soft drink bottles are returned for re-use. Almost one hundred percent of all glass bottles are recycled. More than anywhere else in the world.

www.burmeseclassic.com

www.burmeseclassic.com

မဟူရာ ခရမ်းချဉ်သီး

ခရမ်းချဉ်သီးဟူသည် အနီရောင်နှင့် အစိမ်းရောင်သာ ရှိသည်။ ယခုအခါ အနက်ရောင် ခရမ်းချဉ်သီးမျိုးကို ထူးဆန်းစွာ မြင်တွေ့ရသည်။

သစ်ပင်စိုက်ပါ

လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်က သင်သည် သစ်ပင်တစ်ပင်မျှလောက်တော့ စိုက်ခဲ့ဖို့ ကောင်းသည်။ ထိုမှသာ ထိုသစ်ပင်၏ အသီးအပွင့် အရိပ်အာဝါသကို ယခု သင်ခံစားနေရပေမည်။ သို့သော် မစိုက်ခဲ့မိ၍ နောင်တ့ မရပါနှင့်ဦး။ သစ်ပင်စိုက်မည်ဟု စိတ်ကူးရှိလျှင် အချိန်ဆိုင်းမနေဘဲ ယခု ချက်ချင်း ထ,စိုက်ပါ။ ကမ္ဘာမြေကို အချိန်မဆိုင်းပဲ ခုပဲ ကယ်တင်ကြပါစို့။

အာကာသမှ လျှပ်စီး

အာကာသမှ နေ၍ ကမ္ဘာမြေပေါ်၌ လျှပ်စီးလက်နေပုံကို ဆန်းကြယ်စွာ မြင်တွေ့ရသည်။

အသည်းအေးဖွယ် တောင်ကြားလမ်း

မြင့်မားလှသော ကျောက်တောင်ကြီးနှစ်ခုကို ဆက်၍ သွယ်တန်းထားသော အသည်းအေးဖွယ် တံတားလေးဖြစ်သည်။ ပြင်သစ်နိုင်ငံ၌ တည်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

တောရိုင်းမလေး

အာဖရိကတောတွင်း၌ နေထိုင်ကြီးပြင်းလာပြီး တောရိုင်းတိရစ္ဆာန်အားလုံးနှင့် ယဉ်ပါး၍နေသော တောရိုင်းမလေး ပုံဖြစ်သည်။ မောဂလီ (Mowgli)လေးဟုလည်း တင်စား ခေါ်ဝေါ်ကြသည်။

ဓာတ်ပုံ၏ ဆန်းကြယ်ခြင်း

Google maps, street view မှ နေ၍ မြင်တွေ့ရသော ဓာတ်ပုံလေးဖြစ်သည်။ သာမန်အားဖြင့် ထူးခြားမှုရှိပုံ ထင်ရသော်လည်း၊ ထိုဓာတ်ပုံပိုင်ရှင်၏ မိဘနှစ်ပါးသည် လွန်ခဲ့သော နှစ်ကတည်းက ကွယ်လွန်သွားခဲ့ပြီးဖြစ်သည်။ Google maps, street view ဓာတ်ပုံထဲတွင် သူ၏ မိဘနှစ်ပါးသည် အိမ်ရှေ့ ဝရံတာတွင် ထိုင်နေကြပုံကို ဟောင်္ဂဆန်းဆန် မြင်တွေ့ရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





နွေးထွေးသော ငှက်များ

ချမ်းအေးသော ရာသီဥတုတွင် ငှက်ငယ်လေးများ အချင်းချင်း ပူးကပ်စွာ နေ၍ အနွေးဓာတ်ပေးပုံကို ထူးခြား ဖွယ်ရာ မြင်တွေ့ရသည်။

ကမ္ဘာငွေကြေး

ကမ္ဘာပေါ်တွင် လည်ပတ်နေသော ငွေကြေးအားလုံး၏ ရှစ်ရာခိုင်နှုန်းသာ ပြင်ပတွင် ငွေစက္ကူအဖြစ်ရှိပြီး၊ ကျန်သော ငွေကြေးများအားလုံးမှာ ကွန်ပျူတာစနစ်အတွင်း၌သာ ရှိနေသည်။ ထူးဆန်းပေစွ။





မီးလောင်နေသော တိုက်ကြီး

ရုတ်တရက်ကြည့်လိုက်လျှင် အထပ်မြင့် တိုက်ကြီးတစ်တိုက်သည် မီးအကြီးအကျယ်လောင်နေသည်ဟု ထင်ရသည်။ ဤသို့မဟုတ်ပေ။ နေဝင်ချိန်၌ ကျနေ၏ အရောင်ဟပ်မှုကြောင့်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

စကားပြန်ချုပ်

ဥရောပ ပါလီမန်၏ စကားပြန်ဌာနအကြီးအကဲဖြစ်သော Loannis Ikonomou ဆိုသူသည် ဘာသာစကား ပေါင်း (၃၂)မျိုးကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုနိုင်သည်။

ကျောက်ဆင်ကြီး

ကမ္ဘာအရပ်ရပ်ရှိ ဆင်ပုံသဏ္ဌာန်ရှိသော ကျောက်တုံးများပုံကို စုစည်းတင်ပြလိုက်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

နတ်သမီးပုံပြင်

အိပ်ရာဝင် နတ်သမီးပုံပြင်များ (Fairy Tales) ထဲမှ ဇာတ်ကောင်များ၏ ပုံကို ဝါယာကြိုးများဖြင့် ပုံဖော်ထားခြင်း ဖြစ်သည်။

There is a 100-year-old woman still teaching math at her elementary school in Brooklyn

ဆ-ဆရာမ စိုးသေကြ

ဘရွတ်ကလင်း မူလတန်းကျောင်းတွင် အသက် (၁၀၀)ရှိပြီဖြစ်သော အဘွားအိုသည် သူ၏ မြေး/မြစ်အရွယ် ကလေးများကို အခြေခံ မူလတန်း သခ်ၤာဘာသာရပ်ကို ပျော်ပျော်ရွှင်ရွှင် သင်ကြားပေးနေဆဲဖြစ်သည်။

သဆုံးပြီးမှ စန်းပွင့်သူ

ကမ္ဘာကျော် ပန်းချီဆရာကြီး ဗန်ဂိုး(Van Gogh) သည် သူ့အသက်ရှိချိန် ဘဝတစ်လျှောက်လုံး၌ ပန်းချီကား တစ်ကားမျှသာ ရောင်းထွက်ခဲ့သည်။ ထိုစဉ်က သူ၏ ပန်းချီကားများအားလုံးနီးပါးသည် နာမည်မကြီးခဲ့သလို၊ လူကြိုက် နည်း၍ အရောင်းလည်း ထိုင်းခဲ့သည်။ သူ ကွယ်လွန်ပြီးချိန် နောက်ပိုင်းတွင်မှ သူ၏ ပန်းချီကားများမှာ တန်ဖိုးအလွန် မြင့်မားလာခဲ့သည်။ ယနေ့ခေတ်တွင် ဗန်ဂိုး၏ အချို့သော ပန်းချီကားများမှာ ဒေါ်လာသန်း (၁၀၀)အထက် တန်ကြေးရှိ သည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာအသေးငယ်ဆုံးသော အိမ်လေးများ

သေးငယ်ပြီး နေချင့်စဖွယ်ကောင်းသော အိမ်သေးသေးလေးများသည် ကမ္ဘာပေါ်တွင် ခေတ်စားလာသည်။ ထို နေချင့်စဖွယ် အိမ်လေးများသည် ရုတ်တရက်ကြည့်လျှင် ကျဉ်း၍ သေးငယ်လွန်းလှသည်ဟု ထင်ရသော်လည်း အတွင်းဝိုင်း၌ ဆန်းသစ်သော အပြင်အဆင်များကြောင့် လူကြိုက်များ၍ ရေပန်းစားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယုံချင်ယုံ၊ မယုံချင်နေ

အကယ်၍ သင်သည် ကမ္ဘာမြေကြီးအလယ်ဗဟိုသို့ ကလိုထ်ပေါက်တွင်းကြီးတူးပြီး စာအုပ်တစ်အုပ်ကို ပစ်ချကြည့်မည်ဆိုပါက၊ ထိုစာအုပ်တွင် အောက်ခြေသို့ ရောက်ရန် ၄၂ မိနစ်ကြာမြင့်မည်ဖြစ်သည်။ မယုံပါက တွင်းတူး၍ ပစ်ချကြည့်ပါ။



ရေမြင်းနို့

ရေမြင်းများသည် နို့တိုက်သတ္တဝါများဖြစ်သည်။ ၎င်းတို့၏ နို့သည် ပန်းရောင်အဆင်းရှိသည်။



လိပ်ပြာ၏ အာရုံခံအင်္ဂါ

လိပ်ပြာများသည် ပန်းဝတ်မှုန်များ၏ အရသာကို ၎င်းတို့၏ ခြေထောက်များမှတစ်ဆင့် အာရုံခံကြသည်။

ကြီးကျယ်သော မွေးနေ

ဣဿာကျော် ဘောလုံးသမား ဒေးဗစ်ဘက်ဟမ်း (David Beckham) ၏ အသက် ၄၀ ပြည့်မွေးနေ့တွင် ကမ္ဘာတစ်ဝန်းလုံးရှိ သူ၏ ပရိသတ်များမှ မွေးနေ့ကဒ်များ ပေးပို့ကြရာ စာပို့သမားများ အတော်ပင် အလုပ်ရှုပ်သွားခဲ့ရသည်။ ဖေ့စ်ဘုတ် ပရိသတ်ပေါင်း သန်း ၅၀ ကျော်ရှိရာ အားလုံးနီးပါးက မွေးနေ့ဆုမွန်ကောင်း Status များ ရေးသား ပေးပို့ကြသည်။

မောင်လင်းအောင်

www.burmeseclassic.com

www.burmeseclassic.com

ကျော်ရာဆန်းကြယ် စာအုပ်စင်

သုတအုံ

ဒေါက်တာ ထွန်းဝင်း

သုံးဆယ့်ရှစ်ဖြာမင်္ဂလာဖြင့် လောကကြီးကို စိမံခန့်ခွဲခြင်း ဗျူဟာများ

"သုံးဆယ့်ရှစ်ဖြာမင်္ဂလာ" ဆိုလိုက်သည်နှင့် ဗုဒ္ဓဘာသာဝင်တို့အတွက် လေးစားတန်ဖိုးထားသော မင်္ဂလာတရားများဆိုတာ သိရှိကြမည်။ ကျွန်တော်တို့တွေ ကလေးဘဝကတည်းက ရွတ်ဆိုခဲ့သော ဓမ္မကဗျာများပင် ဖြစ်သည်။ ကျွန်တော်တို့အရင် အဘိုးအဘွားများကလည်း သုံးဆယ့်ရှစ်ဖြာမင်္ဂလာကို ဦးထိပ်ပန်ဆင်ခဲ့ကြသည်။

စာရေးသူ ဒေါက်တာ ထွန်းဝင်းကတော့ သုံးဆယ့်ရှစ်ဖြာမင်္ဂလာဖြင့် လောကကြီးကို စိမံခန့်ခွဲခြင်း ဗျူဟာများဟု ညွှန်းဆိုမှုပြုလိုက်သည်။

ဤစာအုပ်ကို ဆုံးအောင်ဖတ်ပြီးသောအခါ သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်အတိုင်း ဘဝကို ရဲရဲကြီး ရင်ဆိုင်ရဲသော စိတ်များဖြစ်ပေါ်လာပါမည်ဟု ညွှန်းဆိုချင်ပါသည်။

"သရဖီထွန်း" စာပေမှ စီစဉ်ထုတ်ဝေပြီး ရောင်းဈေးမှာ (၁၆၀၀)ကျပ် ဖြစ်သည်။

ဦးလှဝင်း (လေသူရဲဘာစ်ဦး)

ရင်ထဲက ပုံရိပ်များ

စာရေးသူနှင့် ပတ်သက်ခဲ့သောသူများ၏ အတ္ထုပ္ပတ္တိအကြောင်းစာအုပ် ထွက်ရှိလာသည်။ သူနှင့် ကျွမ်းဝင်ခဲ့သူများအဖို့ "ရင်ထဲက ပုံရိပ်များ"ဟု အမည်ပေးထားသည်။

ရေးသားပြုစုသူမှာ ဆရာ ဦးလှဝင်း(လေသူရဲဘာစ်ဦး)ဖြစ်သည်။ စာရေးသူ၏ ရင်ထဲတွင် အမြဲထင်ကျန်နေခဲ့ကြသူများ၏ ဘဝအစိတ်အပိုင်း၊ စိတ်ဓာတ်၊ ခံယူချက်၊ အောင်မြင်ခြင်းများကို စာဖတ်သူတို့ အနီးကပ် လေ့လာကြရမည်ဖြစ်သည်။

စာရေးသူနှင့် တိုက်ဖော်တိုက်ဖက်များ၊ မိတ်ဆွေသူငယ်ချင်းများ၊ စာရေးဆရာများ၊ ခင်မင်ခဲ့ရသူများ၏ အကြောင်းကို ဆရာ ဦးလှဝင်းက ထိထိမိမိရေးသားထား၏။

"ရတနာပုံ" စာအုပ်တိုက်က စီစဉ်ထုတ်ဝေထားပြီး တန်ဖိုးမှာ (၂၅၀၀) ကျပ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုကိုလေး(မြန်မာပြန်)
တစ်ခါတုန်းက ရန်ကုန်ထောင်

Col.K.F.MACKENZIER.M.C ရေးသားသည့် OPERATION RANGOON JAIL ကို မြန်မာဘာသာသို့ ပြန်ဆိုထားသည့် ရှားပါး အဖိုးတန်သော စာအုပ်ကောင်းတစ်အုပ်ထွက်ရှိလာသည်။ ရေးသားပြန်ဆိုသူမှာ ကိုကိုလေး(မြန်မာပြန်)ဖြစ်သည်။

၁၉၈၀ ခုနှစ်လွန် ကာလများတုန်းက အင်းစိန်မှ ရန်ကုန်မြို့ထဲသို့ လာတိုင်း ယခင် စိန်ဂျွန်းစျေးရှေ့သို့ ရောက်ကတည်းက ရန်ကုန်ထောင်၏ အုတ်ရိုးအကြွင်းအကျန်ကို ကျွန်တော်တို့ အမြဲပဲ မြင်တွေ့ခဲ့ကြရသည်။ ရန်ကုန်ထောင်၏ အုတ်ရိုးကိုသာ တွေ့ဖူးသလို၊ ဂျပန်ဆေးရုံသစ်ကြီးနေရာသည် စိုက်ခင်းများနှင့် ကြိုးတိုက်ဟောင်းဆိုတာလောက်ပဲ သိသည်။ ယခုတော့ ဒါတွေ လုံးဝ မရှိတော့။

ဖက်ဆစ်ဂျပန်တို့၏ စစ်သုံ့ပန်းအဖြစ် အဖမ်းဆီးခံရပြီး ရန်ကုန်ထောင်ကြီးထဲ၌ ကိုယ်တိုင်တွေ့ကြုံခဲ့ရသည်များကို ဖြတိသျှ စစ်ဆရာဝန်တစ်ဦးက ရေးသားခဲ့သော မှတ်တမ်းပင်ဖြစ်သည်။ ရန်ကုန်ထောင်နှင့် ပတ်သက်သည့် ရှားပါးဓာတ်ပုံများပါသလို၊ အရေးကြီးသော အကြောင်းအရာများလည်း ပါသည်။ စာဖတ်သူများအတွက် အကျိုးရှိစေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

"ယဉ်မျိုး"စာပေက စီစဉ်ထုတ်ဝေပြီး ရောင်းဈေးမှာ (၂၀၀၀)ကျပ်ဖြစ်သည်။



ကောင်းထက်ညွှန့်
စနစ်တကျ အင်္ဂလိပ်အက္ခရာ အကြီးစာလုံးရေးနည်း

ကလေးသူငယ်များအတွက် ရည်ရွယ်ရေးသားသော စာအုပ်များ ရှားပါးနေခြိန်တွင် "ကောင်း"စာပေက စီစဉ်ထုတ်ဝေလိုက်သော စာအုပ်တစ်အုပ်ဖြစ်သည်။ ရေးသားပြုစုသူမှာ ဆရာ ကောင်းထက်ညွှန့် ဖြစ်သည်။

သုံးနှစ်မှ ငါးနှစ် ကလေးများအတွက် မူကြို/ကလေးများအတွက် မူကြို/ကလေးများအတွက် အင်္ဂလိပ်အက္ခရာစာလုံးအကြီးရေးနည်းကို စနစ်တကျ တင်ပြပေးထားပါသည်။

ခဲတံကိုင်တွယ်နည်း၊ အလျားလိုက် မျဉ်းရေးခွဲနည်း၊ ဒေါင်လိုက်မျဉ်းရေးခွဲနည်းများနှင့်အတူ အင်္ဂလိပ်အက္ခရာအကြီးစာလုံးရေးခွဲနည်းများကို ရောင်စုံရုပ်ပုံများ၊ ရောင်စုံရေးသားနည်းအဆင့်ဆင့်များကို အသေးစိတ် တင်ပြပေးထားပါသည်။

ကလေးသူငယ်များအတွက် အင်္ဂလိပ်အက္ခရာကို အခြေခံကျကျ စနစ်တကျရေးသားနိုင်စေရန် မိဘတိုင်းက လေ့ကျင့်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

"ကောင်း"စာပေက စီစဉ်ထုတ်ဝေပြီး ရောင်းဈေးမှာ (၂၀၀၀)ကျပ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ပုရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒာ၏သား

ဆရာဒေဝ A.G.T.I (Civil)

လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်



အမှတ် ၇၅၊ မွေစေတီလမ်း(တောင်လှန်ရေးပန်းခြံရှေ့) **Sweet Centre** နှင့် ကပ်လျက်
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၀၅၁၀၃၊
E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com

တိကျမှန်ကန်လို့ အခံ့ညြမဆုံး

28.1.2005

အရာ ညွှဲ့..

1998 ဆွန်ခ အရာ နှင့် လာတဲ့ အချိန်က.

အသက် ၂၃ နှစ် နဲ့ ၂၄ နှစ် ကြား မှာ ' ထူးချွန်ဆု ' ဂျိုမယ်လို့ လာခဲ့ပါတယ်..။

ထင်မထား ခဲ့ပါဘူး..

2003 ခု ဇန္နဝါရီလ မှာ အရာ.ဆီ နွေဘီယ အကြိမ် သွား ကော..

ဒီတစ်နှစ် သုံးလ အတွင်း မှာ ' ထူးချွန်ဆု ' ဂျိုမယ် လို့ ထပ်ပြောပါတယ်..။

အံ့ဩလဲ မလျှော့လင့် ခဲ့ပါဘူး...

အဲဒ အရာ လာတဲ့ အတွင်း. မလျှော့လင့်ပဲ သမီး ' ပြန်ဟုတ်ချင်ရင် ထူးချွန်ဆု ဂျိုခဲ့ပါတယ်..။

အရာ.လာကြား ဆက်စေ့ တိကျ မှန်ကန် လို့ အားပြမဆုံး ပြောဂျပါတယ်..။

ကျေးဇူးတင်လျက်

နိုးပြတ်နှင့်.

www.burmeseclassic.com

www.burmeseclassic.com

ရဲရဲဇွန်း

ဟာသဝတ္ထု

ကဆာပဝိပလ္လာသမိုး

www.burmeseclassic.com

www.burmeseclassic.com

ဟသံတမြို့နယ်အတွင်းရှိ ကျွန်တော်တို့ရွာကြီးသည် ကောက်ပဲသီးနှံတို့ အထွက်များပြီး စည်ကားဖွံ့ဖြိုးသော ရွာကြီးတစ်ရွာဖြစ်သည်။ ထိုရွာကြီးတွင် ရွာမြောက်ပိုင်း၊ အနောက်ပိုင်းနှင့် တောင်ပိုင်းဟူ၍ သုံးပိုင်းကွဲနေသည်။ ထိုအပိုင်းများတွင် ရွာတောင်ပိုင်းသည် လယ်ပိုင်ရှင်များ အနေများသည်။ အနောက်ပိုင်းသည် ကုန်သည်ပွဲစားများပြီး ကျွန်တော်နေထိုင်သော ရွာမြောက်ပိုင်းမှာ လက်လုပ်လက်စား သူရင်းငှားများပြီး နွမ်းပါးချို့တဲ့ကြသည်။

မြောက်ပိုင်းသားများသည် တောင်ပိုင်းရှိ လယ်ပိုင်ရှင်များထံသို့ လယ်ကူလီလုပ်ကြရသည်။ သို့သော် ရွာရှိ သာရေးနာရေးကိစ္စများတွင်မူ ညီညီညွတ်ညွတ်ဖြင့် ပိုင်းခြားကူညီသော ဓလေ့စရိုက်ရှိကြသည်။

တစ်ခုထူးခြားသည်မှာ တောင်ပိုင်းနှင့် အနောက်ပိုင်းသားများသည် မြောက်ပိုင်းရှိ အပျိုမတို့ကို လူပျိုမလှည့်ခြင်းဖြစ်သည်။ အကြောင်းမှာ ကျွန်တော်တို့ မြောက်ပိုင်းတွင် စုန်းကဝေတတ်သော မိန်းကလေးများကြောင့်ဟု ဆို၏။

ရှေးယခင်က နယ်လှည့် မြွေအလမ္ဘာယ်ပြသောအဖွဲ့များ ကျွန်တော်တို့ရွာကို ဝင်လျှင် အထူးဂရုစိုက်ကြရသည်။ မြို့ဘက်မှ ရွာထဲသို့ ဝင်လျှင် မြောက်ပိုင်းမှ စ,ဝင်ရသည်။ တချို့ မြွေအလမ္ဘာယ်ဆရာတို့မှာ မြောက်ပိုင်းရွာထိပ်တံတားမှပင် နောက်လှည့်ပြန်ကြသူများ ရှိကြသည်ဟု ဆို၏။ အဘယ်ကြောင့်ဆိုသော် စုန်းကဝေကောင်းများ မဖြတ်နိုင်သောကြောင့် ဖြစ်သည်ဟု ရှေးလူကြီးများပြောသံကြားဖူးခဲ့သည်။

တစ်ခါက နာမည်ကြီး မြွေအလမ္ဘာယ်ပြ၍ မြွေဆေးရောင်းသော အဖွဲ့တစ်ဖွဲ့သည် ရွာသို့ ရောက်ရှိလာခဲ့သည်။ ထိုအဖွဲ့သည် ရွာလယ် မြေကွက်လပ်တွင် စည်းတား၍ ဘင်တီးပြီး လူခေါ်စုသည်။ ရွာသားများ ရောက်လာသည်နှင့် ထိုမြွေဆရာက (ရုပ်မသဲဝဲဖြင့် ရုပ်ဘောင်းဘီဝတ်ထားပြီး အပေါ်ပိုင်း ကိုယ်ဗလာဖြင့် ဆေးမင်ကြောင် အင်းကွက်များ ထိုးထားသည်) ၎င်း၏ အမည်မှာ ဆရာကြီး ဗန္ဓက ဖြစ်ကြောင်း၊ စုန်း၊ ကဝေ၊ မောက်လုံး၊ မောက်ပြား၊ ဇော်ကနီ၊ ဇော်ကနက်တို့ ပညာမစမ်းရန် မေတ္တာရပ်ခံကြောင်း၊ အကယ်၍ ၎င်း၏ ပွဲကို နောင့်ယှက်ပါက နတ်မြွေနှင့် တိုက်မည်ဖြစ်ကြောင်း ကြိမ်းဝါးပြောဆိုခဲ့သည်။

ထို့နောက် မြွေဟောက်ကြီးတစ်ကောင်ကို ထုတ်၍ ထိုမြွေနှင့် ကစားပြီးနောက် မြွေဆေးရောင်းတော့သည်။

တပည့်ကျော် မောင်ညိုက ရှေ့ဆုံးမှ လက်ဝါးဖြန့်ထားသူများလက်ထဲသို့ ကျောက်မီးစုံးနှင့် သဏ္ဌာန်တူသော အတုံးလေးများကို လိုက်ဝေပေးပြီး ယွန်းအစ်ထဲမှာ ကုန်ပြီဖြစ်ကြောင်း ပြလိုက်သည်။ ကျွန်တော်တို့က နောက်တွင် ရောက်နေသဖြင့် မရလိုက်၍ ဒေါသဖြစ်ရသည်။

"ကဲ···အခု ခင်ဗျားတို့ အခု ရထားတဲ့သူတွေကို ကျုပ် အားလုံးမှတ်မိတယ်။ ဒီဆေးကို ဘယ်လိုသုံးရမလဲဆိုရင် တကယ်လို့ မြွေကိုက်ခံရတယ်ဆိုရင် သွေးလိမ်း၊ ပါးစပ်ထဲ ခွံ့ပေး၊ ချက်ချင်း မြွေဆိပ်ပြေပျောက်သွားမယ်။ ဆောင်ထားရင်လည်း ကိုယ့်ရေ့မှာ မြွေရှိနေရင်တောင် ရောင်သွားလိမ့်မယ်။ အဲဒါ စိတ်ချသာ သုံးပေတော့"

ရွာသားများမှာ နောက်ဆုံး မြွေဆေးမြစ်အတွက် ငွေနှစ်ကျပ်ကို ရာကြ၍ပေးလိုက်ရတော့သည်။ ထိုအချိန်က ငွေနှစ်ကျပ်မှာ ပုဆိုးကြမ်းတစ်ကွင်း ဝယ်၍ရသည်။

"ကဲ···အခု နောက်ဆုံးပြမယ့် ပြကွက်ကတော့ ဟို ပင်လယ်ပိုင်း အရပ်မှာ ခက်ခက်ခဲခဲ ဖမ်းလာခဲ့တဲ့ ဆာပါပျောက်လို့ ခေါ်တဲ့ မြွေကြီးကို ပြသမှာဖြစ်ပါတယ်။ ဒီကောင်က ဒေါသလည်း သိပ်ကြီးတယ်။ အဆိပ်လည်း ပြင်းတယ်။ ကဲ···သားကြီးရေ ထွက်ခဲ့တော့ကွာ"

ဆရာ ဗန္ဓက,က မြွေသေတ္တာကြီးကို ဖွင့်၍ နှုတ်မှ ဂါထာတချို့ကို ရွတ်ဆိုလိုက်ရာ စပါးအုံးနှင့်တူသော မြွေကြီးတစ်ကောင်ထွက်လာသည်ကို တွေ့ရသည်။ ရွာသားများမှာ ထိုမြွေကြီးကို ကြည့်ပြီး ကြောက်ရွံ့သွားသဖြင့် နောက်သို့ ဆုတ်လိုက်ကြသည်။ ထိုမြွေကြီးသည် စည်းဝိုင်းအတွင်း ဖြည်းညင်းစွာ သွားနေစဉ် စည်းဝိုင်းအစပ်တွင် ထိုင်နေသော ဒေါလုံးတင်ရှေ့သို့ အရောက်တွင် ရုတ်တရက် ရပ်တန့်သွားပြီး ရှူးခနဲ နာတစ်ချက်မှုတ်လိုက်သည်။

ဒေါလုံးတင်မှာ ကြောက်ရွံ့ဟန် မရှိဘဲ ထိုမြွေကြီးကို စူးစူးရဲရဲကြည့်လိုက်ပြီး···

"ဟဲ့···အကောင်ရှည် သေချင်လို့လား၊ ငါ့ကို ဘာမှတ်နေလဲ"

ဟု ပြောပြောဆိုဆိုဖြင့် ၎င်း ဖင်ခုထိုင်ထားသော ခုံဖိနပ်ကို ယူ၍ မြွေကြီးအား ရိုက်ဟန်ပြလိုက်ရာ ထိုဆာပါပျောက်မြွေကြီးမှာ နောက်သို့ အလျင်အမြန်တွန့်၍ ၎င်း၏ သေတ္တာကြီးထဲသို့ ဝင်သွားတော့သည်။ တစ်ချိန်တည်းပင် ပခြုံတွင်းရှိ မြွေဟောက်ကြီးကလည်း ဒေါသတကြီး ပါးပျဉ်းဝင်၍ တရှူးရှူး နာမှုတ်သံကိုလည်း ကြား

www.burmeseclassic.com

နေရသည်။ သူ့မြွေနှင့် သူ့ကို ပြန်တိုက်သော ကဝေဟုဏ်ရပ်တစ်ခုမြစ်ကြောင်း သိလိုက်၍ အခြေအနေကို ရိပ်မိလိုက်သော ဆရာကြီး ဗန္ဓကသည် ချက်ချင်းပင် ၎င်း၏ မြွေသေတ္တာများနှင့် အခြားပစ္စည်းများကို လျင်မြန်စွာ သိမ်းဆည်းပြီးနောက်...

"ကဲ...ကျွန်တော်တောင်းပန်ပါတယ်ဗျာ။ ကျွန်တော့်သားကြီး ရုတ်တရက်မို့ မှားသွားတာပါ။ အစ်မကြီး ခွင့်လွှတ်ပေးပါနော်"

ဟု ပြောပြီး ၎င်းအဖွဲ့နှင့်အတူ တစ်ခဏီးတည်း ရွာမှ ထွက်ခွာသွားတော့သည်။ ထိုအချိန်မှစ၍ ကျွန်တော်တို့ ရွာသို့ ထိုဆရာကြီး ဗန္ဓက ဆိုသူ တစ်ခေါက်တစ်ခါမှ မရောက်လာတော့ပေ။

◈◈◈

ကျွန်တော်သည် ရွာမြောက်ဝိုင်းအစွန် လက်ပံပင်ကြီးအောက်ရှိ ဒေါ်လုံးတင်တဲသို့ ထိုနေ့ည နေတွင်ရောက်သွားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ထိုတဲတွင် ကျွန်တော် သံယောဇဉ်တွယ်နေသော မနွယ် ဆိုသည့် မိန်းကလေးရှိနေသောကြောင့်ဖြစ်၏။

"မနွယ်ရေ...နေ့လယ်က မြွေလမ္ဘာယ်ပြပွဲမှာ နင်တို့အမေ မြွေကြီးကို ခုံဖိနပ်နဲ့ ရိုက်မလို့လုပ်နေတုန်း မြွေကြီးလည်း ကြောက်ပြီး သေတ္တာကြီးထဲ ပြန်ဝင်သွားတာ တန်းနေတာပဲ။ နင့်အမေ ဘာလုပ်လိုက်လို့လဲ"

မနွယ်က ကျွန်တော့်စကားကို မကြားချင်ယောင်ဆောင်ပြီး ကန်စွန်းရွက်များကို သင်၍ ပြီးနေသည်။ ထို အပြီးသည် ဘာကြောင့်ပြီးခဲ့သည်ကို ကျွန်တော် မသိခဲ့ပါ။

ကျွန်တော်သိသောအချိန်သည် မနွယ်နှင့် ချိန်းတွေ့သော လက္ခဏာသည် တစ်ညပင် ဖြစ်ပါသည်။

ထိုညက လက္ခဏာရက်မို့ လသည် ပိန်းပိတ်အောင် မှောင်နေသည်။ ကျွန်တော်သည် အဖော်မခေါ်ဘဲ မနွယ်နှင့် ဆုံတွေ့ရန်သာ စိတ်ကူးကာ ရင်ခုန်နေသည့် နလုံးသားဖြင့် တစ်ယောက်တည်း ထွက်လာခဲ့သည်။

"ဟေ့ကောင် ငရဲ၊ ဒေါ်လုံးတင်က ကဝေမကြီးကွ။ သူ့သမီးလည်း ကဝေတတ်တယ်ဆိုပဲ။ သူ့အမေကဗူး(ကဝေအတတ်)သွင်းထားတာလို့ ပြောတယ်"

ကျွန်တော့်သူငယ်ချင်းများက ပြောသော်လည်း ကျွန်တော်က လက်မခံ။ နွယ်၏ အချစ်ကို ရပြီးကတည်းက အားလုံးသော သတင်းများကို ပယ်ချခဲ့သည်။

နွယ်တို့တဲသည် ရွာအစွန်ဖြစ်သဖြင့် နည်းနည်းလှမ်းသည်။ ကျွန်တော်သည် ရွာပြင် လည်းလမ်းအတိုင်း မြွေမကြောက် ကင်းမကြောက် ဇော်ကပ်၍ ထွက်လာခဲ့ရာ ရွာစွန်အရောက်တွင် မနွယ်တို့တဲဆီသို့ လှမ်းကြည့်မိလိုက်သည်။

"ဟာ..."

ကျွန်တော် အံ့သြထိတ်လန့်သွားသည်။ အဘယ်ကြောင့်ဆိုသော် နွယ်တို့တဲနောက်ဘက်ရှိ လက်ပံပင်ကြီးဆီမှ မီးလုံးကြီးကြီးတစ်လုံးနှင့် ငယ်ငယ်တစ်လုံးတို့သည် တက်လိုက် ဆင်းလိုက်ဖြစ်နေသည်ကို မြင်တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

"စုန်းတွေက ညဘက် လပြည့်၊ လကွယ်တွေမှာ စုန်းတောက်စားကြတယ်ကွ။ မီးလုံးကြီးတွေနဲ့ ဟိုကူးဒီကူးလည်း လုပ်ကြတယ်။ အဲဒါ သူတို့ရဲ့ ပညာခန်းတွေ စစ်ဆေးတာလို့လည်း ပြောကြတယ်"

ကျွန်တော့်ဘကြီး၏ စကားကို ပြန်လည်ကြားယောင်မိပြီး ကျွန်တော့် တစ်ကိုယ်လုံး ကြက်သီးများ ထလာသည်။ နွယ်နှင့်လည်း တွေ့ရန် စိတ်မကူးတော့ဘဲ ရွာထဲသို့ တစ်ချိုးတည်း ပြေးလာခဲ့တော့သည်။

◈◈◈

ကျွန်တော် ရွာမှ ထွက်လာပြီး တပ်မတော်ထဲသို့ ဝင်ရောက်ခဲ့သည်။ ရွာဆီသို့လည်း မပြန်ဖြစ်။ နွယ်နှင့်လည်း အဆက်အသွယ်ပြတ်ခဲ့သည်။ သို့သော် ကံကြမ္မာတို့သည် အလွန်ဆန်းကြယ်လှပါသည်။ မည်သို့မျှ ထင်မှတ်မထားခဲ့ပါ။ နွယ်နှင့် ကျွန်တော်သည် ပြန်လည်ဆုံတွေ့ခဲ့ပါသည်။

ကျွန်တော် တပ်မတော်သို့ ဝင်ရောက်ပြီး အရာရှိတာဝန်ဖြင့် ဟသ်တသ်ပြန်လည်ရောက်ရှိခဲ့သည်။ မိဘများကန်တော့ရန် ကျစ်ကားဖြင့် ရွာသို့ ထွက်လာခဲ့သည်။ မရောက်သည်မှာ ဘယ်နှစ်တာ ကာလအတွင်း ရွာရိပ်ဝန်းကျင်သည် ဘာမျှ မပြောင်းလဲသည်ကို အဝေးကပင် မှန်းဆမြင်နိုင်ပါသည်။

ကျွန်တော် ရွာမြောက်ဖျားအဝင်၊ နွယ်တို့တဲအိမ်နောက်က လက်ပံပင်ကြီးအောက်အရောက် လက်ပံပင်ကောက်နေသော နွယ့်ကို ရုတ်တရက် မြင်လိုက်ရသည်။

"နွယ်...ဟုတ်ပါတယ်နော်"

ကျွန်တော်က ကျစ်ကားကို ရပ်မေးလိုက်သည်။

နွယ်သည် ကျွန်တော့်ကို ဝေ့ကြည့်ပြီး ပြုံးနေ၏။ ထိုအပြုံးသည် ဘာကြောင့်ပြုံးသည်ကို ကျွန်တော် မစဉ်းစားနိုင်ခဲ့ပါ။ ထိုအခိုက် ကလေးတစ်ဦး ပြေးလွှားလာသည်ကို

www.burmeseclassic.com

တွေ့ရသည်။

"အဲဒါ နွယ်သမီးပေါ့။ အဖေကတော့ မရှိတော့ဘူး၊ ဆုံးသွားပြီ။ နွယ်သမီးလေးကို နွယ်လို မဖြစ်စေရဘူး။ သမီး အဲဒါ ဦးဦးစစ်ဗိုလ်ကြီးပေါ့ကွယ်။ နွယ်ကို ကြောက်ပြီး ထွက်ပြေးသွားတာ။ သမီးလေး---နှုတ်ဆက်လိုက်ပါဦး၊ ခွင့်လွှတ်ပါတယ် ဗိုလ်ကြီးရေလို့"

နွယ်သည် သမီးလေးကို လက်ဆွဲ၍ တဲအိမ်ထဲသို့ ဝင်သွားတော့သည်။ ကျွန်တော်သည် နွယ့်စကားသံများကို အိပ်မက်မှ လန့်နိုးသူပမာ ကြားနေရသည်။ အိမ်သို့ရောက်ပြီး အမေ့ကို မေးကြည့်သည်။

"ဟုတ်တယ် သားရေ။ သူ့အမေ ဒေါ်လုံးတင်က သူ့သမီးကို သူ့ရဲ့ ကဝေအတတ်တွေနဲ့ ပူးသွင်းပေးထားတာ။ မန္တယ်က အဲဒီပညာတွေကို မလိုချင်ဘူးလို့ အခါခါငြင်းပေမယ့် ဒေါ်လုံးတင်ကို ကြောက်လို့ နေခဲ့ရတာ။ သားဘာကြောင့် ထွက်သွားတယ်ဆိုတာ သူသိနေပုံပဲ။ အခုဆို သူ စိတ်သိပ်မမှန်တော့ဘူးလေ"

ကျွန်တော် စိတ်မကောင်းဖြစ်ရသည်။ နွယ်၏ နလုံးသားတို့သည် နူးညံ့သိမ်မွေ့သော်လည်း သူမတွင် ကဝေအတတ်ပညာက ရှိနေသည့် အတွက် ထိုညက စုန်းတောက်စားနေသည်ကို ကျွန်တော်မြင်တွေ့သွားပြီး သူမကို စွန့်ခွာသွားကြောင်း သူမ သိ၍ ခွင့်လွှတ်ပါတယ် ဗိုလ်ကြီးရေဟု ပြောခဲ့ခြင်းဖြစ်နိုင်ပါသည်။

"မန္တယ် သူ့အမေဆုံးတော့ အောက်လမ်းဆရာကြီးတစ်ဦးနဲ့ တွေ့ပြီး သူ့အမေသွင်းထားတဲ့ ကဝေဗူးကို ထုတ်ပေးခဲ့တယ်။ မန္တယ်လည်း အဲဒီဆရာကြီးနဲ့ပဲ အိမ်ထောင်ကျပြီး သမီးလေးတစ်ယောက်ရခဲ့တယ်။ အခုတော့ သူ့ယောကျ်ားလည်း ဆုံးရှာပါပြီကွယ်။ လက်ပံတွေ ခုလို ပွင့်နေပြီဆိုရင် လက်ပံပင်အောက်မှာ လက်ပံပွင့်တွေနဲ့ ဆော့ကစားလိုက်၊ ရယ်မောလိုက်နဲ့ ပေါ့ကွယ်"

အမေ၏ နောက်ဆုံးစကားသည် ကျွန်တော့်ရင်ကို ပို၍ဆို့နှင့်ခံစားခဲ့ရပါ၏။

◈◈◈

ညနေခင်း၏ နေအပူရှိန်သည် လျော့ကျသွားသည်။ ဟိုးအဝေးတွင် ပေါက်လဲပင်နှင့် လက်ပံပင်တို့၏ ရဲရဲနီသော အပွင့်တို့ကို လှမ်းမြင်နေရသည်။

ကျွန်တော် ဖိတများကို ကန်တော့ပြီး ဂျစ်ကားကို မောင်းထွက်လာခဲ့သည်။ ဟိုရှေ့တွင် မန္တယ်၏ လူပ်ရှားပုံရိပ်သဏ္ဌာန်ကို လှမ်းမြင်နေရသည်။

မန္တယ်သည် သူ့သမီးလေးနှင့် အတူ လက်ပံပင်ကြီးအောက်တွင် လက်ပံပွင့်များ ကောက်၍ ပစ်ပေါက်ကစားနေသည်ကို မြင်တွေ့ရသည်။ ကျွန်တော့်ကို တစ်ချက်မျှ လှည့်မကြည့်။ သို့သော် နှုတ်မှ တီးတိုးရွတ်နေသံကို ကြားနေရသည်။

"ခွင့်လွှတ်ပါတယ် ဗိုလ်ကြီးရေ။ နောင် တမလွန်ဆိုတာရှိခဲ့ရင် အဲဒီဘဝမှာ ပြန်လည်ဆုံတွေ့ချင်ပါသေးတယ်။ အခုတော့ သွားပေဦးတော့"

ဟု ပြောပြောဆိုဆို လက်ပံပွင့်များကို အပေါ်သို့ ကြဲချလိုက်သည်ကို မြင်တွေ့လိုက်ရသည်။

ထိုသံစဉ်များနှင့် မြင်ကွင်းကို ကျွန်တော် မကြားရက် မမြင်ရက်တော့။ တစ်ခဏမှ ကျွန်တော့်ချစ်သူ ကဝေလေး မန္တယ်ကို ကျောခိုင်း၍ ဂျစ်ကားကို မောင်းထွက်လာခဲ့တော့သည်။ တပ်ရင်းတွင် ဇနီးသည် စောင့်မျှော်နေမည်ကို ကျွန်တော်သိပါသည်■

(သူငယ်ချင်း ဗိုလ်ကြီးတစ်ဦး၏ ဘဝဖြစ်ရပ်မှန်ဖြစ်ပါသည်။)

ရဲရဲထွန်း (ဟင်္သာတ)

*****

www.burmeseclassic.com

သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်
ချီးမြှင့်သော နမောသိဒ္ဓိ မန္တန်တော်ကြီး

အောင်ကောင်းမြ (သာကေတ)

လွန်ခဲ့သော နယုန်လပြည့်နေ့တွင် အိမ်မှ စောစောထ ကာ ရွှေတိဂုံစေတီတော်မြတ်သို့ သွားရောက်ခဲ့ပါသည်။ ရွှေတိဂုံစေတီတော်သို့ သွားရာတွင် မုခ်လေးမုခ်အနက် အရှေ့ ဘက်မုခ်နှင့် မြောက်ဘက်မုခ်မှာ ကားမုတ်တိုင်နှင့် နီးသည်။ သို့သော် စာရေးသူမှာ သာကေတမှ ၄၆ ကားများ စီး၍ လာရသောကြောင့် ဗဟန်း(၃)လမ်းတွင် ဆင်းပြီး ဘုရားသို့ လမ်းလျှောက်သွားရသည်။

ယခုအခါတွင် ပလက်ဖောင်းများပေါ်၌ ဈေးများ ရောင်း ချနေကြ၍ ကားလမ်းပေါ်မှပင် လမ်းလျှောက်သွားရသည်။ စည်ပင်သာယာက လမ်းတွေ တိုးချဲ့ ပလက်ဖောင်းတွေ ပြုပြင်ခြင်းသည် ဈေးသည်တွေအတွက် ပြုလုပ်ပေးသလို ဖြစ်နေပါသည်။

အရှေ့ဘက်မုခ်မှ ဓာတ်လှေကားစီးပြီး ဘုရားပေါ် တက် သွားလျှင် ရာဟုထောင့် တန်ဆောင်းရောက်သောအခါ ဓမ္မ မိတ်ဆွေများကို တွေ့ရသည်။ ယနေ့သည် နယုန်လပြည့်နေ့ ဖြစ်သောကြောင့် သတ္တမမြောက် ကျော်အောင်စံထားဆရာ တော်ကြီး ရွှေတိဂုံစေတီတော်သို့ လာရောက်ဖူးမြော် ပူဇော် မည်ဖြစ်သည်။ တော်သလင်းလမှ စတင်၍ အဓိဋ္ဌာန်ပြု လှူဒါန်းပူဇော်ခဲ့ရာ ယခု နယုန်လပြည့်နေ့တွင် ကိုးလပြည့် မည်ဖြစ်သည်။ သီတင်းကျွတ်လပြည့်တွင်တော့ မကြွပါ။ လစဉ် လတိုင်း လမပြည့်ခင် ရန်ကုန်မြို့သို့ ကြွတော်မူသည်။

သက်တော် (၉၁)နှစ်ရှိသော ဆရာတော်ကြီးသည် ကမ္ဘာသူ ကမ္ဘာသား၊ မြန်မာပြည်သူပြည်သား၊ ရန်ကုန်သူ ရန်ကုန်သားအားလုံး ကပ်ကြီးသုံးပါးမှ ကျော်လွန်ပြီး အလုံး သော သိဒ္ဓိတို့ ရရှိကြစေရန်၊ ဘေးဥပါဒ်အန္တရာယ်အမျိုးမျိုး ကင်းဝေးကြစေရန် ရည်ရွယ်၍ ရွှေတိဂုံစေတီတော်မြတ်ကြီး တွင် ကန်တော့ပွဲ၊ ဆွမ်းပွဲ၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ နှံ့သာတိုင် စသည်တို့ကို လှူဒါန်းပူဇော်ကာ ပဌာန်းပဌာဝါရ စုပေါင်း ရွတ်ဆိုပေးကြပါသည်။

ပဌာန်း ပဌာဝါရစာအုပ်တစ်အုပ် ၅၀၀ ကျပ်နှင့် ရာဟု ထောင့်တွင် ဗုဒ္ဓဟူးနေ့တိုင်း ဝယ်ယူနိုင်သည်။ ဆရာတော် ကြီး၏ တပည့်များမှ ဆရာတော်၏ မွေးနေ့တွင် ဓမ္မဒါနပြုသည်။ မင်္ဂလာပေမုလည်း တိတ်ခွေနှင့် ပဌာန်း ပဌာဝါ စာအုပ် ဖြန့်ဝေထားပါသည်။ သတ္တမမြောက် ကျော်အောင်စံ ထား ဆရာတော်ဘုရားကြီး၏ အမွှေးထက် လေထာမန္တန်များကို

www.burmeseclassic.com

www.burmeseclassic.com

ဘွဲ့+အသံထွက် ပြည့်စုံအောင် ရေးသားပြီး စာအုပ်ထုတ်ဝေထားသည်။ မဇ္ဈိမစာပေမှ တစ်အုပ် တစ်ထောင်ကျပ်ဖြင့် ဖြန့်ဝေထားသည်။ ကွန်ရဆန်းကြယ် ဂူလိုင်လထုတ် စာအုပ်စင်ကဏ္ဍတွင် ရေးသားဖော်ပြပေးထားပါသည်။

ဆရာတော်ကြီးသည် သက်တော် (၂၇)နှစ်မှ ယနေ့ (၉၁)နှစ်တိုင်အောင် အဓိဋ္ဌာန်မပျက် တောတောင်တွင် သွားရောက် ကျင့်ကြံအားထုတ်မှု၊ ဘုရားစေတီတွင် ကျင့်ကြံမှုများ၊ ကျောင်းတိုက်တွင် နေ၍ ကျင့်ကြံမှု၊ ကားစီးရင်းပင် ပုတီးစိပ်မှု အဓိဋ္ဌာန်မပျက် ဆောင်ရွက်တော်မူပါသည်။ ပုတီးစိပ်ခြင်းသည် ထေရဝါဒနှင့် မဆန့်ကျင်ပါ။ နိဗ္ဗာန်ရောက်အောင်လည်း သွားနိုင်သည်။ သမထမှ ဝိပဿနာကူးပြောင်းနိုင်သည်။ ၃၂-ကောဋ္ဌာသ ပုတီးစိပ်၊ ၃၂ လုံး ပုတီးစိပ်ဖြင့် စိပ်နေပါက ၃၁ ဘုံကို ကျော်လွှားပြီး နိဗ္ဗာန်ဘုံသို့ ရောက်ရှိနိုင်ပါသည်။

သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီး၏ တပည့်ဖြစ်သော ဦးမိုးချစ်+ဒေါ်ခင်စန်းဝေ၊ သမီး မတင်နီလာချစ်၊ မခင်နီမာချစ်(မိသားစု)မှ ဆရာတော်ကြီး၏ ပုံတော်နှင့် ဂါထာများကို ဓမ္မဒါနအဖြစ် ယခု ဆရာတော်ကြီး၏ နှစ်ဝင်း (၉)ကြိမ်မြောက် အဓိဋ္ဌာန်အောင်ပွဲတွင် ဖြန့်ဝေပေးပါသည်။ ထိုဂါထာမှာ "နမောပြန် ဂါထာ"ဟု ထင်ရှားသော နမောသိဒ္ဓိ မန္တန်တော်ကြီးဖြစ်ပါသည်။ စာရေးသူလည်း ထို မန္တန်တော်ကို နေ့စဉ်မပျက် (၄၉)ခေါက် ရွတ်ဆိုကာ အဓိဋ္ဌာန်ဝင်ဖူးပါသည်။ ရည်ရွယ်ချက်၊ အကြံအစည်များ အောင်မြင်ခဲ့ပါသည်။ အခက်အခဲပြေပျောက်သော ဂါထာဟု ဆိုရပေမည်။

နမောသိဒ္ဓိ မန္တန်တော်ကြီး

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
ဝမ္မာ တရဒ္ဓ ဂဿမော အမ္ဘာတော နတော သဿ ဟာဿ။
သတော တမ္ဘဟာ ဂနမ္မာ အသဒ္ဓတော ဝမောသရ ဘာဿ။
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(၇ ခေါက် × ၇ ကြိမ် = ၄၉ ခေါက်ရွတ်ပါ။)

ပါဠိအသံထွက်

ဝမ်မာ တရဒ်ဓ ဂတ်သမော အမ်ဗု ဘတော နတော သဿ ဟတ်သ။

သတော တမ်ဗုဟာ ဂန်နမ်မာ အသတ်ဓတော ဝမော သရ ဘတ်သ။)

နမောတဿ ဘဂဝတောမှ ခုနစ်လုံးမြောက် ရောက် လျှင် အစက ပြန်ကောက်ပြီး ရေးဖွဲ့ထားသော ဂါထာပြန်ဖြစ်ပါသည်။ ခုနစ်လုံးမြောက်မှာ "ဝ"ဖြစ်သည်။ "ဝ"ပြီး ခုနစ်လုံးမြောက်မှာ "မ္မာ"ဖြစ်၏။ "ဝမ္မာ"ဂါထာအဆုံးအထိ ထိုပုံစံယူသွားခြင်းဖြစ်ပါသည်။

ထို နမောသိဒ္ဓိ မန္တန်တော်သည် ဂါထာ လေးကြောင်းရှိသည်။ တစ်ရာ့ရှစ်လုံး ပုတီးဖြင့် တစ်နေ့ တစ်ကြောင်း တစ်ပတ်ဖြင့် လေးကြောင်း လေးပတ် စိပ်နိုင်သည်။ အကောင်းဆုံးနည်းကတော့ တစ်ကြောင်းကို ဖယောင်းတိုင် တစ်တိုင်တွင် ရေးပါ။ ခြောက်တိုင်ထုပ် ဖယောင်းတိုင်အကြီးနှင့် ရေးရမည်။ တိုင်ခြေမှ အပေါ်တက် ရေးရမည်။ လေးကြောင်း၊ လေးတိုင်ရေးရမည်။ တစ်နေ့ တစ်တိုင် ဆီမီးပူဇော်ပြီး ဂါထာတစ်ကြောင်း ပုတီး လေးပတ်စိပ်ပါ။ လေးရက် ဆောင်ရွက်ပြီးပါက အဓိဋ္ဌာန်အောင်ပြီ။ အကြွေးကိစ္စ၊ အမှုကိစ္စ၊ ကား၊ ဆိုင်ခန်း၊ အပြိုင်အဆိုင်၊ အခက်အခဲကိစ္စအဝဝ အဆင်ပြေမည်။ လိုရာဆန္ဒပြည့်ဝ အကြိုအောင်မည်။

လိုရာ ဆန္ဒကို အပေါ်မှ အောက်သို့ ဆင်းရေးရမည်။ လက်ကို သန့်ရှင်းစင်ကြယ်အောင် ဆေးပြီးမှ ရေးပါ။ ရေမွှေးအမွှေးနံ့သာ စွတ်ဖျန်းပေးပါ။ အောက်မှ မီးအပူခံသော သံပန်းကန်၊ စတီးပန်းကန် တစ်ခုခုခံထားပါ။ နံနက်စောစော (သို့) ညအချိန်မှ လေးရက် ပုတီးစိပ်၍ ဆီမီးပူဇော်ပြီး လိုရာဆန္ဒ ဆုတောင်းမှု ပြုပါ။

ငွေရေးကြေးရေး အခက်အခဲဖြစ်နေသူတစ်ဦးအား ပြုလုပ်ခိုင်းရာ အဆင်ပြေသွားပါသည်။ အမှုကိစ္စ ရင်ဆိုင်နေရသူတွေလည်း အောင်နိုင်သွားသည်။ ဦးစွာပထမ ဂါထာကို အလွတ်ရအောင်၊ အသံထွက်တတ်အောင် လေ့ကျင့်ပါ။ အင်းပုံစံချပြီး ဆောင်ရွက်နိုင်လျှင် ဝိုကောင်းပါသည်။ ပွိုင်းခံစက္ကူတွင် အင်းချ၍ ဖယောင်းတိုင်တွင် ပတ်ပြီး မီးထွန်းနိုင်သည်။ ကြေးပြားမှာ အင်းချပြီးထွန်းလည်း ရသည်။ ယခုနည်းမှာ လွယ်ကူထိရောက်သော နည်းဖြစ်ပါသည်။ စာရေးသူကိုယ်တိုင်လည်း ဆောင်ရွက်ဖူးသော နည်းဖြစ်သည်။ အင်းဖယောင်းတိုင်တွင် ငွေကုန်ခံ၍ ပြုလုပ်စရာမလိုပေ■

အောင်ကောင်းမြ (သာကေတ)

*****

www.burmeseclassic.com

www.burmeseclassic.com

လောကီပညာရှင်တို့၏
ကျောက်မျက်အစီအရင်

■ ကိုမောင်သန်းဝင်း

ကျောက်မျက်တို့သည် တစ်ပွင့်ချင်းစီ၊ တစ်ခုချင်းစီ အလိုက် အစွမ်းသိဒ္ဓိရှိကြသည်ချည်းဖြစ်ပါသည်။ အစွမ်းသိဒ္ဓိ အသီးသီးရှိကြကုန်သော ကျောက်မျက်တို့သည် လူတို့နှင့် သင့်, မသင့်၊ တည့်, မတည့် ဟူ၍ရှိသည်။

ဆိုရလျှင် ကျောက်မျက်တို့သည် မည်သည့်လဖွား၊ မည်သည့်နေ့ဖွားတို့နှင့် ဝတ်ဆင်သင့်, မသင့်၊ ကောင်းကျိုး, ဆိုးကျိုး ဖြစ်နိုင်, မဖြစ်နိုင် စသည်တို့ကို အနောက်တိုင်း အရှေ့တိုင်း လောကီပညာရှင်တို့က သတ်မှတ်ထားရှိခဲ့၏။ တစ်နည်းအားဖြင့် စီရင်ခဲ့ကြသည်ဟူ၏။

ယင်းသို့ သတ်မှတ်၊ စီရင်ခဲ့ကြရာဝယ် အနောက်တိုင်းသား လောကီပညာရှင်တို့က ကမ္ဘာသုံး ပြက္ခဒိန်လနှင့်အညီ အကျိုးပေး ရတနာကျောက်မျက်ဝတ်ဆင်ရပုံကို ပြဆိုထားလေရာ...

ဇန်နဝါရီလ	- ဥဒေါင်ကျောက်
ဖေဖော်ဝါရီလ	- ခရမ်းစွဲကျောက်
မတ်လ	- စိမ်းပြာရောင်ကျောက်(သလင်းပြာ)
ဧပြီလ	- စိန်ကျောက်
မေလ	- မြကျောက်
ဇွန်လ	- ပုလဲ
ဇူလိုင်လ	- ပတ္တမြားကျောက်
သြဂုတ်လ	- ပြောင်ခေါင်းစိမ်းကျောက်
စက်တင်ဘာလ	- နီလာပြာကျောက်
အောက်တိုဘာလ	- ရောင်စုံ အိုပယ်ကျောက်
နိုဝင်ဘာလ	- ဥဿဖယားကျောက်
ဒီဇင်ဘာလ	- တားကွိုက်ကျောက်၊ ဆိုတဉ်း မဟုတ် ဂေါ်ဓိတ်ကျောက်...

www.burmeseclassic.com

www.burmeseclassic.com

စသည်တို့ ဖြစ်ကြသည်။

* အနောက်တိုင်း လောကီပညာရှင်တို့၏ အယူအဆ ယုံကြည်မှုအရ နေ့ဖွား(နေ့သား)အလိုက် ဝတ်ဆင်ရမယ့် (ဝတ်ဆင်သင့်သည့်) ကျောက်မျက်မျိုးမှာ -

တနင်္ဂနွေနေ့ဖွား - နေကျောက်
တနင်္လာနေ့ဖွား - အကြည်ရောင် သလင်းကျောက်
အင်္ဂါနေ့ဖွား - သွေးကျောက် (သို့) နီလာဂေါ်ကြိုး
ဗုဒ္ဓဟူးနေ့ဖွား - ခရမ်းစွဲကျောက်(သို့) ပတ္တမြားဂေါ်ကြိုး
ကြာသပတေးနေ့ဖွား - ကာနေလီယံကျောက် (သို့) ကြောင်ကျောက်
သောကြာနေ့ဖွား - မြကျောက် (သို့) သုံးပန်လုကျောက်
စနေနေ့ဖွား - တားကွိုက်(စ်)(သို့) လာဗလာဒိုလိုက်ကျောက်...

ဟူ၍ဖြစ်သည်။

* မြန်မာ့လောကီပညာရှင်တို့အလိုအရ နေ့နံအလိုက် ဝတ်ဆင်ဆောင်ထားရမည့် ကျောက်မျက်များသည်ကား -

- တနင်္ဂနွေနေ့သားသမီးအတွက် ပတ္တမြား၊
- တနင်္လာသားသမီးအတွက် ပုလဲ၊
- အင်္ဂါသားသမီးအတွက် အနီရောင် သန္တာ၊
- ဗုဒ္ဓဟူးသားသမီးအတွက် အစိမ်းရောင် မြကျောက်၊
- ကြာသပတေးသားသမီးအတွက် ဥဿဖရားကျောက်၊
- သောကြာသားသမီးအတွက် အကြည်ရောင် စိန်၊
- စနေနေ့သားသမီးအတွက် အပြာရောင် နီလာ၊
- ရာဟုသားသမီးအတွက် ဂေါ်မိတ်၊
- ကိတ်အတွက် ကြောင်ကျောက် ဟူ၍ဖြစ်သည်။

* မြန်မာတို့၏ လနှင့် ရာသီအလိုက် ဝတ်ဆင်ရသူ့ဝင်သော်ကား ...

တန်ခူး(မိဿရာသီ) - အနီရောင် သန္တာ
ကဆုန်(ပြိဿရာသီ) - စိန်ကျောက်
နယုန်(မေထုန်ရာသီ) - အစိမ်းရည် မြကျောက်
ဝါဆို(ကရကဋ်ရာသီ) - ပုလဲ(သို့)ကျောက်စိမ်း
ဝါခေါင်(သီဟ်ရာသီ) - ပတ္တမြားကျောက်
တော်သလင်း(ကန်ရာသီ) - စိမ်းပြာရောင် မြ (သို့) စိမ်းပြာရောင် နီလာ
သီတင်းကျွတ်(တူရာသီ) - အပြူရောင် သလင်းကျောက်
တန်ဆောင်မုန်း(ဗြိစ္ဆာရာသီ) - အနီရောင် ဥဒေါင်း(ပဒဲကျောက်)
နတ်တော်လ(ဓနုရာသီ) - ဥဿဖရားကျောက် (သို့)အဝါရောင်ကျောက်
ပြာသိုလ(မကာရရာသီ) - ဂျုန္ဒနီလာကျောက်(သို့) နီလာအပြာရင့်ရောင်ကျောက်
တပို့တွဲလ(ကန်ရာသီ) - ခရမ်းစွဲ(ခေါ်)သလင်းစွဲ
တပေါင်းလ(မိန်ရာသီ) - အပြူရောင် နီလာကျောက်...

ဟူ၍ အရှေ့တိုင်း လောကီပညာရှင်တို့က သတ်မှတ်စီရင်ထားရှိပါသည်။

* လောကီပညာရှင်တို့မှ မွေးရက်အလိုက် ကျောက်မျက်များ ဝတ်ဆင်သင့်၊ ဝတ်ဆင်ထိုက်သည်များကိုလည်း ပြဆိုထားရှိလေရာ မွေးရက်အလိုက် အင်္ဂလိပ်ရက် -

၁-ဂဏန်းပိုင်ရှင်များသည် - ရွှေ
၂-ဂဏန်းပိုင်ရှင်များသည် - ရွှေပြူ
၃-ဂဏန်းပိုင်ရှင်များသည် - စိန်ကျောက်၊
၄-ဂဏန်းပိုင်ရှင်များသည် - နီလာ
၅-ဂဏန်းပိုင်ရှင်များသည် - မြကျောက်
၆-ဂဏန်းပိုင်ရှင်များသည် - ပုလဲရတနာ
၇-ဂဏန်းပိုင်ရှင်များသည် - ကျောက်စိမ်း
၈-ဂဏန်းပိုင်ရှင်များသည် - မဟူရာကျောက်
၉-ဂဏန်းပိုင်ရှင်များသည် - ပတ္တမြားရတနာ...

ဟူ၍ဖြစ်သည်။

* ဂြိုဟ်စီး၊ ဂြိုဟ်နင်း မကောင်းသည့်အခါ ကျောက်မျက်များကို ပြောင်းလဲဝတ်ဆင်ရန်။

ကျောက်မျက်ရတနာများသည် တစ်ခုချင်း၊ တစ်ပွင့်ချင်းစီအလိုက် သိဒ္ဓိစွမ်းအားများရှိနေကြလေရာ နေ့အလိုက်၊ လဲအလိုက် ဝတ်ဆင်ကြခြင်းအားဖြင့် မကောင်းသော ဂြိုဟ်စီး ဂြိုဟ်နင်းများကို ပယ်နိုင်ကြောင်း ယူဆ သတ်မှတ်ထားရှိသော်လည်း ဂြိုဟ်အစီးအနင်း၊ ဒသာစား၊ ဂြိုဟ်စား၊ ဂြိုဟ်ပြောင်း သက်ရောက်ဂြိုဟ်စားညှဉ်သောအခါများတွင်မူကား ဂြိုဟ်အား

www.burmeseclassic.com

လျော်စွာ ဝတ်ဆင်သင့်သည့် ရတနာကျောက်မျက်များသည် ကား အောက်ဖော်ပြပါအတိုင်း ဖြစ်ပေသည်။

တနင်္္ဂနွေကြိုဟ်အားနည်းသည့်အခါ ပတ္တမြားရတနာ (Ruby)ကို ဝတ်ဆင်သင့်ပါသည်။ တနင်္္ဂနွေကြိုဟ်အားနည်း ခြင်းဖြင့် စီးပွားရေးကျခြင်း၊ ငွေထွက်များခြင်း၊ သွေးနှင့် ပတ်သက်သည့် ရောဂါဖြစ်ခြင်းတို့မှ ကာကွယ်ရန်ဖြစ်သည် ဟု ဆိုပါသည်။

အင်္ဂါကြိုဟ်အားနည်းပျက်ပြားသည့်အခါ အကြော၊ အဆုတ်၊ ဦးနှောက်ဝေဒနာများ ဖြစ်တတ်သည့်အတွက် သန္တာ(Coral)ကို ဝတ်ဆင်သင့်ပေသည်။

ဗုဒ္ဓဟူးကြိုဟ်အားနည်းသည့်အခါများတွင် နာပ်ကြော၊ လေကြော၊ လျှာနှင့်ဆိုင်သော ရောဂါ၊ ရင်ကျပ်ပန်းနာရောဂါ၊ စကားမပီခြင်းဝေဒနာများမှ ကာကွယ်ရန်အတွက် မြကျောက် (Emerald)ကိုသော် လည်းကောင်း၊ ကျောက်စိမ်း(Jade) ကိုသော် လည်းကောင်း ဝတ်ဆင်ကြရလေ၏။

ကြာသပတေးကြိုဟ် အားနည်း၊ အားပျက်လျှင်မူကား ပေါင်၊ အသား၊ သွေးကြော၊ ကျောက်ကပ်၊ သွေးလမ်းကြောင်း များနှင့် ပတ်သက်သည့် ရောဂါများ၊ လေသင်ဒုန်း၊ ဝမ်းဖော၊ ဝမ်းရောင်၊ သွက်ချာပါဒ၊ အစာမကြေရောဂါများ ဖြစ်နိုင်သည့် အတွက် နီလာအဂါ(Yellow Sapphire)ကို ဝတ်ဆင်ကြ ရလေသည်။

သောကြာကြိုဟ်အားနည်းသည့်အခါများတွင် အရေပြား၊ အသားအရေ၊ မျက်စိ၊ အစာခြေအဖွဲ့၊ သုက်သွေးဆိုင်ရာ ရောဂါများ၊ လိင်နှင့်ဆိုင်သော ရောဂါများ၊ လိင်ဆန္ဒ မပြည့်ဝ သော ရောဂါများ၊ မီးမဖွားနိုင်သော ရောဂါများ ဖြစ်နိုင်ခြင်း ကြောင့် ၎င်းတို့ကို ချေဖျက်ရန်အတွက် စိန်(Diamond) ကို ဝတ်ဆင်သင့်ပေသည်။

စနေကြိုဟ်အားနည်းသည့်အခါ နီလာပြာ(Blue Sapphire) ကို ဝတ်ဆင်ကြသည်ဟူ၏။ အဆစ်အပြစ်၊ အရိုး ဆစ်ပင်၊ တီဘီနှင့် အရိုးကင်ဆာဖြစ်ခြင်းများမှ ကာကွယ်ရန်ဟု ဆိုပါသည်။

* မြန်မာ့လောကီပညာရှင်တို့၏ ကြိုဟ်စား ကြိုဟ်ပျက် သက်ရောက်သည့်အခါများတွင် ကြိုဟ်အားလျော်စွာ ဝတ် ဆင်ရမည့် ကျောက်မျက်တို့သည်ကား...

- တနင်္္ဂနွေနှေ့၌ ပတ္တမြားကို ဝတ်ဆင်သင့်ပါသည်။
- တနင်္လာနှေ့၌ ပုလဲကို ဝတ်ဆင်သင့်ပါသည်။
- အင်္ဂါနှေ့၌ သန္တာကျောက်ကို ဝတ်ဆင်သင့်ပါသည်။
- ဗုဒ္ဓဟူးနှေ့၌ ကျောက်စိမ်းကိုသော် လည်းကောင်း မြကျောက်ကိုသော် လည်းကောင်း ဝတ်ဆင်သင့်ပါ သည်။
- ကြာသပတေးနှေ့၌ ဥဿဖရားကို ဝတ်ဆင်သင့်ပါ သည်။
- သောကြာနှေ့၌ စိန်ကို ဝတ်ဆင်သင့်ပါသည်။
- စနေနှေ့နှေ့၌ နီလာကျောက်ကို ဝတ်ဆင်သင့်ပါ သည်။
- ရာဟုကြိုဟ်အစီးအနင်းမလွတ်သည့်ရက်မျိုးနှင့် ကြိ တွေ့ရပါက ကြောင်ကျောက်ကို ဝတ်ဆင်သင့်ပါသည်။

ကိတ်ကြိုဟ်ကျရောက်သည့် ရက်မျိုးနှင့် ကြိုရပါက ကြောင်ကျောက်ကိုပင် ဝတ်ဆင်သင့်ပါသည်။

လောကီပညာရပ်များသည်ကား ထူခြားဆန်ပြားလှပါ၏။ ထိုပညာရပ်များကို အခြေပြုလျက် လောကီရေးရာ ကြီးပွားတိုးတက်ကြောင်းတို့ကို ကြံဆောင်လုပ်ကိုင်သင့်ပါ သည်။

သို့ဖြစ်ပါ၍ အဖိုးတန် ကျောက်မျက်ရတနာများ ပိုင်ဆိုင်သည်ဖြစ်လျှင်တောင်မှ အကျိုးရှိစွာ ဝတ်ဆင်တတ်မှ လိုအပ်ပါကြောင်း စေတနာစိတ်ညွှတ် ရေးသားဖော်ပြအပ်ပါ သတည်း■

ကိုမောင်သန်းဝင်း



မဂ္ဂဖင်း

အမှတ်(၁၇၉)၊ တတိယထပ်(ဝဲ)၊ ၃၁ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀၅၀၄၇၁

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅-သြဂုတ်လ၊ ကောင်းကင်ဂြိုဟ်ရပ်တည်မှု

၂၀၁၅ သြဂုတ်လ၏ ကောင်းကင်ထက်၌ ကရကဋ်ရာသီရောက်၊ တနင်္ဂနွေဂြိုဟ် သြဂုတ် ၁၈ ရက်တွင် သိဟ်ရာသီသို့ ပြောင်းရွှေ့ဝင်ရောက်မည်ဖြစ်ပြီး အင်္ဂါဂြိုဟ် ကရကဋ်ရာသီတွင် တည်ရှိနေပါလိမ့်မည်။ ကရကဋ်ရာသီမှ ဗုဒ္ဓဟူးဂြိုဟ် သြဂုတ်လ ၅ရက်တွင် သိဟ်ရာသီ၊ သြဂုတ် ၂၄ရက်တွင် ကန်ရာသီသို့ ပြောင်းရွှေ့ဝင်ရောက် ရပ်တည်ပါမည်။ ကြာသပတေးဂြိုဟ် သိဟ်ရာသီတွင် ရပ်တည်နေပြီး ပြိတ္တာရာသီ၌ ဖောက်ပြန်နေသော စနေဂြိုဟ် သြဂုတ် ၃ရက်နေ့တွင် အတည့်ပြန်သွားပါလိမ့်မည်။ သောကြာဂြိုဟ် သိဟ်ရာသီ၌ ဖောက်ပြန် ရပ်တည်နေပါလိမ့်မည်။ ရာဟုနှင့် ကိတ်ဂြိုဟ်များ ကန်နှင့် မိန်ရာသီများအတွင်း တည်ရှိနေ၍ ယူရေးနပ်စ်ဂြိုဟ် မိန်ရာသီ၊ နက်ပကျွန်းဂြိုဟ် ကုမ်ရာသီနှင့် ပလူတိုဂြိုဟ် ဓနုရာသီအတွင်း ဂြိုဟ်သုံးလုံး ဖောက်ပြန်ရပ်တည်နေပါလိမ့်မည်။

သြဂုတ် ၅ရက်၊ မြန်မာစံတော်ချိန် နေ့လယ် ၃နာရီ ၂၂မိနစ်၌ ဗုဒ္ဓဟူးနှင့် သောကြာဂြိုဟ်များ ယိုင်ထောင့်ဒီဂရီ (၀)ဒီဂရီဖြင့် ဝေးကွာစွာ စစ်ထိုးသောဖြစ်စဉ် ဖြစ်ပေါ်ပါလိမ့်မည်။ သြဂုတ် ၇ရက်၊ မြန်မာစံတော်ချိန်နံနက် ၁၀နာရီ ၃၃ မိနစ်၌ ကြာသပတေးနှင့် ဗုဒ္ဓဟူးဂြိုဟ်များ နီးကပ်စွာဖြင့် ပူးယှဉ်စစ်ထိုးသောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ အရှေ့လောင်ဂျီတွဒ် ၁၃၅ ဒီဂရီ ၂၄မိနစ်နှင့် မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၅မိနစ်၊ ဖိလစ်ပိုင်နိုင်ငံ အရှေ့ဘက်ပင်လယ်အတွင်း ဖြစ်စဉ်ဖြစ်ပေါ်ပါမည်။ ဖြစ်စဉ်ဖြစ်ပေါ်ပြီး ညနေ နေဝင်ချိန်မှ ည ၇နာရီ ၁၅မိနစ်အတွင်း အနောက်ဘက် မိုးကောင်းကင်တွင် မြင်တွေ့ဆုံလာနိုင်ပါမည်။ ကြာသပတေးဂြိုဟ်အား တောက်ပ၍ အရွယ်အစားကြီးမားသော အဖြူရောင် ကြယ်ပွင့်အသွင်ဖြင့် ဆွေမြင်နိုင်ပြီး ဗုဒ္ဓဟူးဂြိုဟ်အား အဝါနုရောင် ကြယ်ပွင့်အသွင်သဏ္ဌာန်ဖြင့် တွေ့မြင်ရပါလိမ့်မည်။ ဖြစ်စဉ်တွင် ဗုဒ္ဓဟူးဂြိုဟ်မှ အလင်း ၈၈ ရာခိုင်နှုန်းသာရှိပြီး ကြာသပတေးဂြိုဟ်မှ အလင်း ၉၉ရာခိုင်နှုန်းသာရှိသည့်အတွက် ကြာသပတေးဂြိုဟ် စစ်နိုင်ပြီး ဗုဒ္ဓဟူးဂြိုဟ် စစ်ရှုံးသည်။ ယင်းဖြစ်စဉ်နှစ်ခုသည် မြန်မာနိုင်ငံဇာတာခွင်၏ လွတ်လပ်ရေး မွန်းတည့်ကောင်းကင်တွင် ဖြစ်သည့်အတွက် နိုင်ငံ၌ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများ ဖြစ်ပေါ်လာလိမ့်မည်။ အရှေ့တောင်အာရှနိုင်ငံအချို့တွင် အင်အားပြင်း ငလျင်လှုပ်ခတ်မှုများ ဖြစ်ပေါ်လာနိုင်သည်။

www.burmeseclassic.com

ဩဂုတ် ၉ရက်၊ မြန်မာစံတော်ချိန် နံနက် ၆နာရီ ၈မိနစ်၌ လနှင့် ရောဟဏီနက္ခတ်ကြယ် မြန်မာ့မွန်းတည့် မိုးကောင်းကင်အနီး နီးကပ်စွာ ပူးယှဉ်သောဖြစ်စဉ် ဖြစ်ပေါ်လာပါလိမ့်မည်။ ယင်းဖြစ်စဉ်အား ဖြစ်စဉ် မဖြစ်ပေါ်မီ နံနက် ၃နာရီခန့်မှ စတင်ပြီး အရာဏ်တက်ချိန်အထိ အရှေ့ဘက် မိုးကောင်းကင်တွင် လေ့လာနိုင်သည်။ အလင်း ၃၀ရာခိုင်နှုန်းခန့် ရှိသော လခြမ်းသဏ္ဌာန် လမင်း၏အနီး၌ ရောဟဏီနက္ခတ်ကြယ်အား မြင်တွေ့ လေ့လာနိုင်ပါမည်။ ဖြစ်စဉ်ကြောင့် တိုင်းပြည်တွင် အစိုးရအဖွဲ့အစည်းအပေါ် ပြည်သူလူထုမှ ပြစ်တင်ဝေဖန် ဆန့်ကျင်ဆန္ဒပြမှုများ လုပ်ဆောင်လာလိမ့်မည်။

ဩဂုတ်လ ၁၄ရက်၊ နေ့လယ် ၁၁နာရီ ၂၁မိနစ်၌ သောကြာဂြိုဟ် နေနှင့် ကမ္ဘာကြားထဲရှိ ဂြိုဟ်ပတ်လမ်းကြောင်းထဲ ရောက်ရှိပြီး ကမ္ဘာဖြင့် တိုက်ရိုက် တစ်တန်းတည်းကျရောက်သောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ မြန်မာနိုင်ငံ၏ မွန်းတည့် မိုးကောင်းကင်တွင် ဖြစ်ပေါ်လာမည်ဖြစ်သည့်အတွက် နိုင်ငံရေး၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာနှင့် ရွေးကောက်ပွဲပိုင်းဆိုင်ရာ ပဋိပက္ခပြဿနာကြီးများ ဖြစ်ပေါ်လာမည်။ ပါတီအဖွဲ့အစည်း (သို့မဟုတ်) ရွေးကောက်ပွဲကော်မတီအဖွဲ့အစည်းများ၏ ထိပ်တန်းခေါင်းဆောင်အပြောင်းအလဲဖြစ်စဉ်များ ဖြစ်ပေါ်လာမည်။ နိုင်ငံခြားငွေကြေး ဓေါ်လာစျေးနှုန်းအပြောင်းအလဲများ ထူခြားစွာ ဖြစ်ပေါ်လာမည်။

ဩဂုတ် ၁၇ရက်၊ မြန်မာစံတော်ချိန် ည ၉နာရီ ၅၀မိနစ်တွင် စနေဂြိုဟ် ကမ္ဘာ့ဘေးဘက် ဂြိုဟ်ပတ်လမ်းကြောင်းထဲ ရောက်ရှိပြီး ကမ္ဘာဖြင့် တိုက်ရိုက်တစ်တန်းတည်းကျရောက်သောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ ဖြစ်စဉ်ကြောင့် အာဖရိကအလယ်ပိုင်း နိုင်ငံအချို့နှင့် ဥရောပနိုင်ငံအချို့တွင် ငလျင်အန္တရာယ်ဖြစ်စဉ်များ ဖြစ်ပေါ်လာမည်။ ဩဂုတ်လ ၂၇ရက်နေ့တွင် ကြာသပတေးဂြိုဟ် နေ၏ အနောက်ဘက် ဂြိုဟ်ပတ်လမ်းကြောင်းသို့ရောက်ရှိပြီး အတ္တမိသောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ ဖြစ်စဉ်ကြောင့် မတ်ပဲစျေးနှုန်းများ ထူခြားစွာ ကျဆင်းတတ်သည်။ နိုင်ငံရေးပိုင်းတွင် ထူခြားသည့် အပြောင်းအလဲများ၊ ဖွဲ့စည်းပုံအခြေ ဥပဒေပြင်ဆင်မှု ထူခြားဖြစ်စဉ်များ ဖြစ်ပေါ်လာမည်။



ဗုဒ္ဓဟူး၊ ကြာသပတေးဂြိုဟ်နှင့် သောကြာဂြိုဟ်များ နီးကပ်စွာ ပူးယှဉ်စစ်ထိုးနေပုံ



စနေဂြိုဟ် ကမ္ဘာ့ဘေးဘက် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ရောက်ရှိလာပုံ

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခြေဂုတ်လ (၁၂)ရာသီ လက်ပိုင်ရှင်တို့၏ နက္ခတ်ကဲကြွေးမွှာ

ARIES

မိဿလဂ်

ကံကောင်းမှုများ စတင်မွေးဖွားဖြစ်တည်ခိုင်ခိုင်ဖြစ်သော်လည်း အခက်အခဲအချို့ ယှဉ်တွဲနေလိမ့်မည်။ မိမိ၏ ဘုန်းကံသြဇာအရှိန်အဝါများ ထွန်းလင်းတောက်ပလာခိုင်ခိုင်ဖြစ်သည်။ ဂုဏ်သတင်းနှင့် ထင်ရှားကျော်ကြားမှုများ ပေါ်ပေါက်လာတတ်သည်။ အလုပ်အတွက် အောင်မြင်မှုရောင်နီဦး လွှမ်းခြုံရစ်သိုင်း၍ အားမာန်သစ်များ အစပျိုးသော နိဒါန်းကာလဖြစ်ပေသည်။ ပြတ်သားသော စကားအသုံးအနှုန်းများအား သတိပြုရောင်ကြဉ်ရန် လိုအပ်ပြီး သင်၏အောင်မြင်မှုများအား သံတမန်နည်းလမ်းတကျ ဖန်တီးကြိုးပမ်းပုံဖော်ပါ။ လုပ်ငန်းခွင်မှ ငွေကြေးကံကောင်းသည့်ကာလဖြစ်ပြီး နိုင်ငံရပ်ခြားအကျိုးအမြတ်များပါ ရရှိလာနိုင်သည်။ လုပ်ငန်းရှင်များ အခက်အခဲအချို့ ရင်ဆိုင်ဖြတ်ကျော်ပြီး အောင်မြင်မှုပန်းတိုင်ဆီသို့ ရွှက်လွှင့် ခရီးနှင်ခွင့် ရရှိလာမည်။ ပညာသင်ကြားနေသူများ ကံကောင်းမှုလက်ဆောင်များ ရယူခွင့်ရှိမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်ထံမှ အဆက်အသွယ်ကောင်းများ ရတတ်သည်။ ချစ်သူများ အချစ်အတွက် အရာရာ လုပခိုင်ခိုင်ဖြစ်သည်။

TAURUS

ပြိဿလဂ်

အေးမြသော လရိပ်အောက် အေးချမ်းစွာ ခရီးဆက်နင်ခွင့်ရှိမည်။ ခရီးသွားလာမှု များပြားမည်။ စပ်တူစပ်ဖက် ကုမ္ပဏီလုပ်ငန်းသစ်များ ဆောင်ရွက်ခွင့်ရရှိခိုန်။ လုပ်ငန်းကိစ္စများ အဆင်ပြေ အောင်မြင်၍ ပျော်ရွှင်မှုများ ပြည့်စုံမည်။ ငွေကုန်ကျမှု များပြားနေမည်။ အခြေအနေအမျိုးမျိုးကြား ရွေးချယ်ရန် ခက်ခဲမည့် အခွင့်အရေးများ ပေါ်ပေါက်လာခိုန်။ အိမ်ခြံမြေယာဥယ်ယူရန် ကြိုးပမ်းသူများ အဆင်ပြေမည်။ ဘုန်းကံနှင့် ဂုဏ်သိက္ခာပိုင်း တိုးတက်ကြီးမြင့်လာမည်။ ငွေကြေးအကျိုးအမြတ်များစွာရရှိ၍ မိသားစုဘဝ အဆင့်အတန်းမြင့်မားတိုးတက်သောကာလ။ လုပ်ငန်းရှင်များ လုပ်ငန်းပိုင်း တိုးတက်မြင့်မားမှု ကဏ္ဍတာမြင့်မားခိုန်။ ပညာသင်ကြားနေသူများ အေးချမ်းတည်ငြိမ်စွာဖြင့် ကံကောင်းကြီးပွားမှုများ ဖန်တီးပုံနှင်နိုင်မည်။ အိမ်ထောင်ရှင်များ စီးပွားရေးပိုင်း အကျိုးရှိ အဆင်ပြေမှုကြောင့် အိမ်တွင်းရေးပိုင်း အေးချမ်းသာယာမည်။ ချစ်သူများ အစစအရာရာ အဆင်ပြေ အောင်မြင်သည့်နေ့ရက်များအား ဖန်တီးရယူခွင့်ရှိမည်။

GEMINI



မေထုန်လဂ်

ငွေကြေးကံ၊ လုပ်ငန်းကံ ဆက်လက်ကောင်းမွန်သော်လည်း လုပ်ငန်းကိစ္စများတွင် မောင်နမသားချင်း။ လုပ်ဖော်ကိုင်ဖက်များကြောင့် ပြဿနာကြုံမည်။ ထိုက်စမ်းသင့်သောကာလဖြစ်ပြီး မထင်မှတ်ဘဲ ငွေကြေးအများအပြားရရှိ သုံးစွဲရမည်။ လုပ်ငန်းကိစ္စ၊ စီးပွားရေးကိစ္စများအတွက် စကားပြော အဆင်မပြေဖြစ်ရတတ်သည်။ ခရီးသွားလာမှုများအတွက် စိတ်အနှောင့်အယှက်တွေ့ကြုံတတ်သည်။ စိတ်ပင်ပန်းဖိစီးမှု များပြားပြီး ဆုံးဖြတ် သုံးသပ်ချက်များအတွက် လွဲချော်မှုများ ယှဉ်တွဲနေတတ်သည်။ လုပ်ငန်းတွင် အောင်မြင်မှုများ ရရှိသော်လည်း ပြင်းထန်သော လုံလုံခိုက်ထိတ်မှုများဖြင့် ကြိုးစားဆောင်ရွက်ရမည်။ အိမ်ခြံမြေကိစ္စများကြောင့် အကျိုးအမြတ်ရရှိမည်။ အိမ်ထောင်ရှင်များ ငွေကြေးကိစ္စများနှင့် ပတ်သက်၍ အထင်လွဲ၊ အမြင်လွဲမှုများ တွေ့ကြုံတတ်သည်။ ချစ်သူများ မိမိချစ်ရသူအတွက် စိတ်ပင်ပန်းမှုများပြား၊ ပြင်းထန်ခိုန်။

CANCER

ကရကဋ်လဂ်

လုပ်ငန်းကိစ္စများတွင် အတိုက်အခံယှဉ်တွဲ၍ ငွေကြေးရရှိမှုကံ အထူးကောင်းမွန်မည်။ လုပ်ငန်းသစ်များ ဆောင်ရွက်ရန် အခွင့်အရေးကောင်းများ ပေါ်ပေါက်တွေ့ကြုံ၍ အောင်မြင်သည့် လမ်းကြောင်းထက် ရောက်ရှိကြီးပွားမည်။ အဖက်ဖက်မှ တိုးတက်သောအခြေအသစ်များ ရယူဖန်တီးခွင့်ရရှိ၍ ဘဝကံအကျိုး ပေးခိုန်ဖြစ်သည်။ လူမှုရေးပိုင်းဆိုင်ရာ အခက်အခဲများနှင့် အနှောင့်အယှက်ပြဿနာများ ပေါ်ပေါက်ရင်ဆိုင် ဖြေရှင်းရမည်။ အကြီးအကဲမိဘများအတွက် စိတ်အနှောင့်အယှက် ပဋိပက္ခဖြစ်စဉ်များ ပေါ်ပေါက်တွေ့ကြုံလာနိုင်သည်။ ငွေကြေးပိုင်းဆိုင်ရာ ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံရခိုန်။ ကံကောင်းသော အခွင့်အရေးများ ပေါ်ပေါက်တွေ့ကြုံလာသော်လည်း အခက်အခဲများ ယှဉ်တွဲနေတတ်သည်။ ပညာသင်ကြားနေသူများ ငွေကုန်ကြေးကျ များပြားနေမည်။ အိမ်ထောင်ရှင်များ အိမ်တွင်းရေးတိုက်ပွဲများ ဆင်ခဲ့ရခိုန်။ ချစ်သူများ အရာရာတွင် စိတ်ကတောက်ကဆပြဿနာများ ယှဉ်တွဲနေမည်။

www.burmeseclassic.com

www.burmeseclassic.com

LEO

သိဟ်လဂ်

စိတ်ပင်ပန်းမှုများပြားပြီး အတိုက်အခံပြဿနာများ ရင်ဆိုင်တွေ့ကြုံဖြေရှင်းရချိန်။ မိမိဆောင်ရွက်ကြိုးပမ်းမှုများတွင် ဆုံးဖြတ်ယူဆချက်များ လွဲချော်၍ ဆုံးရှုံးနစ်နာမှုများ ရင်ဆိုင်ရမည်။ ပြဿနာအတားအဆီးများဖြင့် မိတ်ဆွေဖွဲ့ရသောကာလ။ အောက်လက်ဖြင့် ပဋိပက္ခပြဿနာများ တွေ့ကြုံတတ်သည်။ အဆင်မပြေမှု၊ အတားအဆီးများကြား စိတ်ဓာတ်ကို မြှင့်တင်ပါ။ ကျန်းမာရေးအညံ့ကြုံတတ်ပြီး ဦးခေါင်းနာကျောကိုက်ခဲမှုဝေဒနာခံစားရမည်။ လုပ်ငန်းရှင်များ လုပ်ငန်းတွင် အတိုက်အခံနှင့် ပြဿနာများစွာ ဖြေရှင်းရသော ကာလ။ ပညာသင်ကြားနေသူများ အတိုက်အခံကြားမှ မိမိရည်မှန်းချက်ပန်းတိုင်ဆီသို့ ရောက်ရှိမည်။ အိမ်ထောင်ရှင်များ လူမှုရေးအနှောင့်အယှက်ပြဿနာများ တွေ့ကြုံ ရင်ဆိုင်ဖြေရှင်းရမည်။ ချစ်သူဖြင့် မကြာခဏ ကတောက်ကဆ ပြဿနာအသေးအဖွဲများ ဖြစ်ပွားတတ်သည်။

VIRGO

ကန်လဂ်

လူမှုရေးအခက်အခဲ အနှောင့်အယှက်ပြဿနာများ ရင်ဆိုင်ဖြေရှင်းရမည်။ မိမိဆောင်ရွက် ကြိုးပမ်းမှုတို့ပင်ပန်းပြီး အကျိုးခံစားခွင့်များ နည်းပါးနေတတ်သည်။ ဖြစ်လိုသော လိုအင်ဆန္ဒများ ပြည့်စုံအောင်မြင်ရန် နီးကပ်သောကာလဖြစ်သည်။ အခက်အခဲများ ဖြေရှင်းရာတွင် ကောင်းမွန်သော အထောက်အပံ့အကူအညီ ကောင်းများရရှိတတ်သည်။ လုပ်ငန်းသစ်များ ပုံဖော်ဆောင်ရွက်ရန် အခွင့်အရေးသစ်များ လက်ဝယ်သို့ ရောက်ရှိလာတတ်သည်။ ကျန်းမာရေးကိစ္စများအတွက် ငွေကုန်ကျမှု များပြားနေတတ်သည်။ လုပ်ငန်းရှင်များ ဆုပ်တူစပ်ဖက်လုပ်ငန်းကိစ္စများအတွက် သတိပြု ရောင်ကြဉ်ပါ။ ပညာသင်ကြားနေသူများ အတိုင်အစ်ရှိသော်လည်း ပညာရေး အောင်မြင်မှုများ ဖန်တီးခွင့်ရှိမည်။ အိမ်ထောင်ရှင်များ ပြင်းထန်သည့် အိမ်ထောင်ရေးပြဿနာများ ပေါ်ပေါက်လာတတ်သည်။ ချစ်သူ၏ ကူညီဖြေရှင်းပေးမှုကြောင့် မိမိ၏အခက်အခဲပြဿနာများ လျော့ပါးသက်သာသွားမည်။

LIBRA

တူလဂ်

ကံဇာတာ ဆက်လက် မြင့်မားတိုးတက်ပြီး အကောင်းဆုံးအခွင့်အရေးများ ဖန်တီးခွင့်ရရှိမည်။ ငွေကြေးအကျိုးအမြတ်ရရှိမှုက် ကောင်းမွန်၍ ထိကဲစမ်းပေးပါ။ လူမှုရေးနယ်ပယ်၌ ထင်ရှားကျော်ကြား၍ စန်းသောကာလဖြစ်သည်။ လုပ်ငန်းနှင့် ပတ်သက်၍ ဘုန်းကံညြှာအရိပ်အဝိမြင့်မားပြီး အမည်နှင့် ဂုဏ်သတင်ထင်ရှားကျော်ကြားမည်။ အိမ်ခြံမြေယာဉ်ကိစ္စများအတွက် ငွေကြေးအကျိုးအမြတ်များ ရရှိတတ်သောကာလဖြစ်သည်။ လုံ့လဝီရိယအကျိုးခံစားခွင့်ရရှိလာမည်။ မှန်ကန်သော ဆုံးဖြတ်ယူဆချက်များဖြင့် လုပ်ငန်းဝိုင်း တိုးတက်ကြီးပွားမှုများ ပုံဖော်တည်ဆောက်ခွင့်ရရှိမည်။ လုပ်ငန်းရှင်များ ကံဇာတာမြင့်မားမှု အဆက်အသွယ်ကောင်းများ ရရှိပြီး ကောင်းကျိုးဖြစ်ထွန်းမည်။ ပညာသင်ကြားသူများ ပညာရေးအခွင့်အရေးသစ်များ ဖန်တီးတည်ဆောက်နိုင်ချိန်။ အိမ်ထောင်ရှင်များ သံသယများကြား ပြဿနာကြုံတတ်သည်။ ချစ်သူများ အရာရာလုပအဆင်ပြေသည့် ရောင်စုံ နေ့ရက်များကြား အနာဂတ် အိပ်မက်များ လုပလင်းလက်ချိန်။

SCORPIO

ဗြိစ္ဆာလဂ်

ကံဇာတာ ကောင်းမွန်သောအခြေအနေတွင် ရပ်တည်နေပြီး လုပ်ငန်းကိစ္စများအတွက် ခရီးဝေးများ သွားလာရပြီး အကျိုးရှိမည်။ လုပ်ငန်းကိစ္စများတွင် အထူးအခွင့်အရေးများ ရရှိပြီး အောင်မြင်သော လမ်းကြောင်းထက် ဆက်လက်ရပ်တည်နိုင်မည်။ မိမိနှင့် မိသားစုအတွင်း ကြီးပွားအောင်မြင် တိုးတက်မည်။ အိမ်ခြံမြေယာဉ်တို့နှင့် ပတ်သက်၍ အကျိုးရှိမည်။ ငွေကြေးရှာဖွေရ လွယ်ကူပြီး နိုင်ငံခြားငွေကြေး ရရှိမှုက် ကောင်းမွန်မည်။ ဘာပဲလုပ်လုပ် အဆင်ပြေနေသည့်ကာလဖြစ်သည်။ နိုင်ငံရပ်ခြားဒေသ လူမျိုးခြားများ ကောင်းကျိုးပြုမည်။ အဆက်အသွယ်သစ်များ ရရှိနိုင်သည့်ကာလဖြစ်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းတိုးချဲ့ရန် အခွင့်အရေးများ ကြုံရှိချိန်။ ပညာသင်ကြားနေသူများ မိမိရည်မှန်းချက်များ ပြည့်အောင်မြင်ချိန်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးသုခ ချမ်းသာပြည့်စုံ စံစားခွင့်ရှိချိန်။ စိတ်ဓာတ် စိတ်ကောက်မှုများပြားသော ချစ်သူအတွက် မကြာခဏ အလျော့ပေး အနစ်နာခံရမည်။

www.burmeseclassic.com

www.burmeseclassic.com

SAGITTARIUS

ဓနုလဂ်

အခက်အခဲများ ပေးဆပ်၍ စိတ်ဖိစီးမှုများပြားခြိန်။ သောကပြဿနာဝိဋီများ ဝန်းရံ၍ အမှုပြဿနာများ ဖြေရှင်းရတတ်သည်။ စိတ်လိုက်မာန်ပါ ဆောင်ရွက်မှုများ သတိပြုပါ။ အကြီးအကဲဆွေမျိုးသားချင်းများကြောင့် ဒုက္ခရောက်တတ်သည်။ ဦးခေါင်းနာကျင်ကိုက်ခဲမှု၊ သွေးတိုးမူဝေဒနာများ ခံစားရတတ်သည်။ မကောင်းသတင်းဖြင့် ကျော်ကြားတတ်သောကာလ။ လွဲမှားသော ဆုံးဖြတ်ယူဆချက်များ လွှမ်းမိုး၍ စိတ်ဆိုး ပေါက်ကွဲမှုများ သတိပြုပါ။ အရာရာတွင် အဆင့်မပြေမှုများပြား၍ ကြိုးစားမှုများ လွဲချော်နေမည်။ ကြယ်ရောင်စုဗျောက်သော အမောင်ဆုံး လမ်းမများထက် လမ်းပျောက်မှု ရှာပုံတော်ဖွင့်နေရမည်။ လုပ်ငန်းရှင်များ စပ်တူစပ်ဖက်လုပ်ငန်းကိစ္စများမှ ပြဿနာပေါ်ပေါက်ဖြေရှင်းရတတ်သည်။ ပညာသင်ကြားသူများ လူမှုရေးအပျော်အပါးများကြောင့် ပညာရေးအားနည်းတတ်ခြိန်။ အိမ်ထောင်ရှင်များ အဆင်မပြေမှုပြဿနာများ ကြီးထွားရှင်သန်ခြိန်။ ချစ်သူ၏ သံသယများအောက် ဖြေရှင်းခွင့် မရရှိခြိန်။

CAPRICORN

မကာရလဂ်

အတိုက်အခံများပြားပြီး လုပ်ငန်းတွင် ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံရတတ်သည်။ လူမှုရေးနယ်ပယ် ထင်ရှားကျော်ကြားပြီး စန်းထသော အရှိန်အဟုန်ရှိနေသေးသည်။ အလုပ်အတွက် အထင်ကြီးခံရသော်လည်း မိမိအတွက် အကျိုးမရှိသော ကာလဖြစ်သည်။ မတော်တဆထိခိုက်မှုများ ကြုံနိုင်သည်။ ခရီးဝေးများသွား၍ လုပ်ငန်းကိစ္စများ အကျိုးရှိတတ်မည်။ ငွေကြေးအကျိုးပေးကံ သင့်တင့်သော်လည်း ငွေကြေးကုန်ကျမှု ကြီးမြင့်နေခြိန်ဖြစ်သည်။ လုပ်ငန်းရှင်များ မိမိလုပ်ငန်းတွင် အတိုက်အခံများပြားပြီး မျှော်မှန်းသလောက် အကျိုးမရှိတတ်ပါ။ ပညာသင်ကြားနေသူများ အတိုက်အခံများပြားပြီး ကံဇာတာ မေးမှန်ခြိန်ဖြစ်သည်။ အိမ်ထောင်ရှင်များ လူမှုရေးပြဿနာအနောင့်အယှက်များကြောင့် အထင်အမြင် လွဲချော်နေမည်။ ချစ်သူများ နားလည်မှု လွဲချော်နေခြိန်ဖြစ်ပြီး အမှန်းအရိပ်ဆိုးများကြား ပဋိပက္ခပြင်းထန်နေတတ်သည်။

AQUARIUS

ကုမ်လဂ်

လူမှုရေးကိစ္စများ၌ စိတ်အနောင့်အယှက်တွေ့ကြုံတတ်သည်။ မိမိရည်မှန်းချက်များအတွက် ပေးဆပ်အနစ်နာခံရမှု များပြားနေမည်။ စိတ်လိုက်မာန်ပါ ဆောင်ရွက်မှုများ အထူးသတိပြုပါ။ အောင်မြင်မှုများ ရရှိသော်လည်း စိတ်ညစ်နွမ်းမှုများ လွှမ်းခြုံထားမည်။ ငွေကုန်ကျမှုများပြားတတ်သော ကာလဖြစ်ပြီး ငွေကြေးပျောက်ရှုပ်စီး ဆုံးရှုံးတတ်သည်။ ပရိယာယ်သုံး၍ ရည်မှန်းချက်များ အကောင်အထည်ဖော်သင့်ခြိန်။ အပူ-အဖျား ကျန်းမာရေးအညှဉ်းကြုံမည်။ အောက်လက် ပြဿနာများကြား စိတ်ညစ်နွမ်းခြိန်။ ကြိုးစားသော်လည်း မျှော်မှန်းသလောက် အောင်မြင်မှုများ မရရှိနိုင်သည့်ကာလ။ လုပ်ငန်းရှင်များ မိမိလုပ်ငန်းပိုင်းတွင် မထင်မှတ်သည့် ဆုံးရှုံးနစ်နာမှုများ ကြုံရတတ်သည်။ ပညာသင်ကြားနေသူများ ပညာရေးတွင် အတိုက်အခံ များပြားပြင်းထန်ခြိန်။ အိမ်ထောင်ရှင်များ အသေးအဖွဲပြဿနာမှ ကြီးမားသော အမှန်းပဋိပက္ခဖြစ်စဉ်များ ဖြစ်ပေါ်လာတတ်သည်။ ချစ်သူနှင့် ကြမ်းတမ်းသော ခယောင်းလမ်းများကို ဖြတ်ကျော်ရခြိန်။

PISCES

မိန်လဂ်

မိမိဆန္ဒနှင့် စိတ်ကူးများ လုပစွာ ပုံဖော်နိုင်သော်လည်း စိတ်ပင်ပန်းသောကများရတတ်သည်။ ခရီးဝေးသွားလာမှုများတွင် ငွေကြေးပြဿနာများ သတိပြုပါ။ အကြောင်းအမျိုးမျိုးကြောင့် အကုန်အကျများနေသောငွေကို ချိုးခြံချွေတာခွင့် မရရှိနိုင်သောကာလဖြစ်သည်။ အလုပ်ခွင်မှ အတိုက်အခံများအပေါ် အနိုင်ရရှိခြိန်ဖြစ်သည်။ ပြဿနာများကြားမှ မထင်မှတ်သည့် ရာထူးတိုးတက်မှု၊ လုပ်ငန်းအကျိုးရှိမှုများ သင့်ထံသို့ တံခါးမခေါက်ဘဲ ရောက်ရှိလာမည်။ လုံ့လစိုက်ထုတ်မှု အားနည်းသောကာလဖြစ်ပြီး အပျော်အပါးကိစ္စ၊ လူမှုရေးကိစ္စများ လွှမ်းခြုံထားလိမ့်မည်။ အောက်လက်ကြောင့် ငွေကြေးအနောင့်အယှက်ပြဿနာ သတိပြုပါ။ လုပ်ငန်းရှင်များ စိတ်သောကပြဿနာယှဉ်၍ အောင်မြင်မှု ဆုလာဘ်များ သိမ်းပိုက်နိုင်ခွင့် ရှိနေမည်။ ပညာသင်ကြားနေသူများ မှန်းချက်နဲ့ နှမ်းတွက် မကိုက်တတ်ပါ။ လူမှုရေးများပြားမှုကြောင့် အိမ်ထောင်ရေးပဋိပက္ခ ကတောက်ကဆများ ကြုံမည်။ ဘဝခံးခဲ့ အချစ်ခံးခဲနေ့ရက်များကြား အချစ်ကို ပေးဆပ်နေ့ရမည်။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅၊ ဩဂုတ်လ၊ မွန်းတည့်နက္ခတ်ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ်၌ လင်္ဂ (၁၂)လင်းဖြင့် လူတန်းစား (၁၂)ပိုင်းခွဲခြားပြီး မိမိတို့မွေးဖွားချိန် ကောင်းကင်မွန်းတည့်အရ အလင်းအား ထွန်းတောက်သော နက္ခတ် (၁၂)လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူးခြားစွာ အကျိုးဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လင်္ဂတွေ့ သုတေသနပြုလုပ်ပြီး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ ဓနသိဒ္ဓိနက္ခတ်တစ်လုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင်ရွက်နေခြင်းသည် အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့် တူနေပါသည်။ အဘိဇိနက္ခတ်အပါအဝင် နက္ခတ်အသီးသီးတို့သည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး မိမိတို့မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက လူအသီးသီး အတွက် နက္ခတ် (၂၈)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။ ယခုဖော်ပြချက်တွင် မွေးဖွားချိန် နှစ်နာရီကို လင်္ဂတစ်လင်္ဂ အဖြစ် သတ်မှတ်၍ လင်္ဂ (၁၂)လင်္ဂအတွက် နက္ခတ် (၁၂)လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ် (၁၂)လုံးသည် လင်္ဂတစ်ခုချင်းအလိုက် စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ **(Modern Astrology)** နက္ခတ်ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တဗေဒသိပ္ပံပညာရှင်များ၏ စံနှုန်းပြုထားသည့် အလင်းအားကို စံပြုထားပါသည်။ နက္ခတ်တစ်လုံးပိုင်ဆိုင်မှုကို ၁၃ ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆိုပါ နက္ခတ်၏ ရှေ့နောက် ၄ ဒီဂရီအတွင်း ကျရောက်မည့်အချိန်များကို မွန်းတည့်နက္ခတ်၏ ဝင်ချိန်၊ ထွက်ချိန်များအဖြစ် သတ်မှတ်ထားပါသည်။



မိမိတို့မွေးဖွားချိန်လင်္ဂ အလွယ်တကူရှာဖွေနိုင်ရန်အတွက် လင်္ဂရှာဖွေနည်းဇယားအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက်အလိုက် ပျမ်းမျှ နေထွက်ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လင်္ဂတစ်လင်္ဂ နှုန်းဖြင့် လင်္ဂ (၁၂)လင်္ဂအတွက် အလွယ်တကူ ကောက်ယူနိုင်ပါသည်။ ဥပမာ - ဧပြီ ၁၃ မှ မေ ၁၃ အတွင်း နံနက် (၅း၄၅) မှ (၇း၄၅)နာရီ အတွင်း မွေးဖွားသူတစ်ဦးသည် မိဿလင်္ဂပိုင်ရှင်ဖြစ်ပြီး ယင်းနေ့နံနက် (၉း၄၅) မှ (၁၁း၄၅)နာရီအတွင်းမွေးဖွားပါက မေထုန်လင်္ဂပိုင်ရှင်ဖြစ်သွားပါလိမ့်မည်။ လင်္ဂသတ်မှတ်ရာတွင် ၁၂ရာသီစက်ဝန်းအတွင်း မိဿမှ မိန်အထိ အစဉ်အတိုင်းသတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန်လင်္ဂများအား လင်္ဂကောက်ယူမှုဇယားတွင် ဦးစွာရှာဖွေ၍ မွန်းတည့်နက္ခတ်တို့၏ နေ့စဉ် မွန်းတည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာအရေးကိစ္စများ ကြံစည်ဆောင်ရွက် လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးများ ရရှိလာပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စန်း(တနင်္လာ) ဖြတ်သန်းသည့်နေ့များအား မျဉ်းသားပေးထားပြီး အဆိုပါ နေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ အများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။ လင်္ဂအသီးသီးအတွက် မွန်းတည့်နက္ခတ်များ မွန်းတည့်ချိန်နှင့် စန်း(တနင်္လာ) မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့်ရက်များသည် လတစ်လအတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများဖြစ်ကြသည်။ အဆိုပါ နေ့ရက်အချိန်အခါများ၌ ထီကံစမ်းခြင်း၊ လုပ်ငန်းသစ်များ စတင်ခြင်း၊ အရေးကြီးကိစ္စ စီမံဆောင်ရွက်ခြင်း၊ အိမ်ခြံမြေယာဉ်ကား ဝယ်ယူရန် စာချုပ်များ ချုပ်ဆိုခြင်းတို့အား ဉာဏ်ရှိသလို အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

ဦးဇေယျာကို (B.Sc)၊ U.S.A
နက္ခတ်သိပ္ပံအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

နဂိုင်ဝဓိရက်မှသြဂုတ်ဝဓိရက်အတွင်း

လင်္ဂ	မွေးချိန်
ကရကဋ်	ဂုဒ္ဒဝဓိမှ ဂုဒ္ဒဝဓိ
သိဟ်	ဂုဒ္ဒဝဓိမှ ဒုဒ္ဒဝဓိ
ကန်	ဒုဒ္ဒဝဓိမှ ဒေဒ္ဒဝဓိ
တူ	ဒေဒ္ဒဝဓိမှ ဒေဝဝဓိ
ဇွေ	ဒေဝဝဓိမှ ဒဂုဝဓိ
ဒန္	ဒဂုဝဓိမှ ဒဂုဝဓိ
မကာရ	ဒဂုဝဓိမှ ဒဂုဝဓိ
ကုမ်	ဒဂုဝဓိမှ ဒင်္ဂဝဓိ
မိန်	ဒင်္ဂဝဓိမှ ဒင်္ဂဝဓိ
မိဿ	ဒင်္ဂဝဓိမှ ဒဇ္ဇဝဓိ
ဇွိဿ	ဒဇ္ဇဝဓိမှ ဒဇ္ဇဝဓိ
မေထုန်	ဒဇ္ဇဝဓိမှ ဒဉ္ဇဝဓိ

နွန်ဘုရက်မှနွေလိုင်ဘုရက်အတွင်း

လင်္ဂ	မွေးချိန်
မေထုန်	ဂုဒ္ဒဝဓိမှ ဂုဒ္ဒဝဓိ
ကရကဋ်	ဂုဒ္ဒဝဓိမှ ဒုဒ္ဒဝဓိ
သိဟ်	ဒုဒ္ဒဝဓိမှ ဒေဒ္ဒဝဓိ
ကန်	ဒေဒ္ဒဝဓိမှ ဒေဝဝဓိ
တူ	ဒေဝဝဓိမှ ဒဂုဝဓိ
ဇွေ	ဒဂုဝဓိမှ ဒဂုဝဓိ
ဒန္	ဒဂုဝဓိမှ ဒင်္ဂဝဓိ
မကာရ	ဒင်္ဂဝဓိမှ ဒင်္ဂဝဓိ
ကုမ်	ဒင်္ဂဝဓိမှ ဒဇ္ဇဝဓိ
မိန်	ဒဇ္ဇဝဓိမှ ဒဇ္ဇဝဓိ
မိဿ	ဒဇ္ဇဝဓိမှ ဒဉ္ဇဝဓိ
ဇွိဿ	ဒဉ္ဇဝဓိမှ ဒဉ္ဇဝဓိ

မောဇုရက်မှစွန်ဒဇ္ဇအရက်အတွင်း

လင်္ဂ	မွေးချိန်
ဇွိဿ	ဂုဒ္ဒဝဓိမှ ဂုဒ္ဒဝဓိ
မေထုန်	ဂုဒ္ဒဝဓိမှ ဒုဒ္ဒဝဓိ
ကရကဋ်	ဒုဒ္ဒဝဓိမှ ဒေဒ္ဒဝဓိ
သိဟ်	ဒေဒ္ဒဝဓိမှ ဒေဝဝဓိ
ကန်	ဒေဝဝဓိမှ ဒဂုဝဓိ
တူ	ဒဂုဝဓိမှ ဒဂုဝဓိ
ဇွေ	ဒဂုဝဓိမှ ဒင်္ဂဝဓိ
ဒန္	ဒင်္ဂဝဓိမှ ဒင်္ဂဝဓိ
မကာရ	ဒင်္ဂဝဓိမှ ဒဇ္ဇဝဓိ
ကုမ်	ဒဇ္ဇဝဓိမှ ဒဇ္ဇဝဓိ
မိန်	ဒဇ္ဇဝဓိမှ ဒဉ္ဇဝဓိ
မိဿ	ဒဉ္ဇဝဓိမှ ဒဉ္ဇဝဓိ

စပြာဘုရက်မှ မောဘုရက်အတွင်း

လင်္ဂ	မွေးချိန်
မိဿ	ဂုဒ္ဒဝဓိမှ ဂုဒ္ဒဝဓိ
ဇွိဿ	ဂုဒ္ဒဝဓိမှ ဒုဒ္ဒဝဓိ
မေထုန်	ဒုဒ္ဒဝဓိမှ ဒေဒ္ဒဝဓိ
ကရကဋ်	ဒေဒ္ဒဝဓိမှ ဒေဝဝဓိ
သိဟ်	ဒေဝဝဓိမှ ဒဂုဝဓိ
ကန်	ဒဂုဝဓိမှ ဒဂုဝဓိ
တူ	ဒဂုဝဓိမှ ဒင်္ဂဝဓိ
ဇွေ	ဒင်္ဂဝဓိမှ ဒင်္ဂဝဓိ
ဒန္	ဒင်္ဂဝဓိမှ ဒဇ္ဇဝဓိ
မကာရ	ဒဇ္ဇဝဓိမှ ဒဇ္ဇဝဓိ
ကုမ်	ဒဇ္ဇဝဓိမှ ဒဉ္ဇဝဓိ
မိန်	ဒဉ္ဇဝဓိမှ ဒဉ္ဇဝဓိ

နိဝဓိရက်မှဒီဘုရက်အတွင်း

လင်္ဂ	မွေးချိန်
ဇွိဿ	ဂုဒ္ဒဝဓိမှ ဂုဒ္ဒဝဓိ
မေထုန်	ဂုဒ္ဒဝဓိမှ ဒုဒ္ဒဝဓိ
ကရကဋ်	ဒုဒ္ဒဝဓိမှ ဒေဒ္ဒဝဓိ
သိဟ်	ဒေဒ္ဒဝဓိမှ ဒေဝဝဓိ
ကန်	ဒေဝဝဓိမှ ဒဂုဝဓိ
တူ	ဒဂုဝဓိမှ ဒဂုဝဓိ
ဇွေ	ဒဂုဝဓိမှ ဒင်္ဂဝဓိ
ဒန္	ဒင်္ဂဝဓိမှ ဒင်္ဂဝဓိ
မကာရ	ဒင်္ဂဝဓိမှ ဒဇ္ဇဝဓိ
ကုမ်	ဒဇ္ဇဝဓိမှ ဒဇ္ဇဝဓိ
မိန်	ဒဇ္ဇဝဓိမှ ဒဉ္ဇဝဓိ
မိဿ	ဒဉ္ဇဝဓိမှ ဒဉ္ဇဝဓိ

အောက်ဘုမှနိဝဘုအတွင်း

လင်္ဂ	မွေးချိန်
တူ	ဂုဒ္ဒဝဓိမှ ဂုဒ္ဒဝဓိ
ဇွေ	ဂုဒ္ဒဝဓိမှ ဒုဒ္ဒဝဓိ
ဒန္	ဒုဒ္ဒဝဓိမှ ဒေဒ္ဒဝဓိ
မကာရ	ဒေဒ္ဒဝဓိမှ ဒေဝဝဓိ
ကုမ်	ဒေဝဝဓိမှ ဒဂုဝဓိ
မိန်	ဒဂုဝဓိမှ ဒဂုဝဓိ
မိဿ	ဒဂုဝဓိမှ ဒင်္ဂဝဓိ
ဇွိဿ	ဒင်္ဂဝဓိမှ ဒင်္ဂဝဓိ
မေထုန်	ဒင်္ဂဝဓိမှ ဒဇ္ဇဝဓိ
ကရကဋ်	ဒဇ္ဇဝဓိမှ ဒဇ္ဇဝဓိ
သိဟ်	ဒဇ္ဇဝဓိမှ ဒဉ္ဇဝဓိ
ကန်	ဒဉ္ဇဝဓိမှ ဒဉ္ဇဝဓိ

ခက်ဘုရက်မအောက်ဝဓိရက်အတွင်း

လင်္ဂ	မွေးချိန်
ကန်	ဂုဒ္ဒဝဓိမှ ဂုဒ္ဒဝဓိ
တူ	ဂုဒ္ဒဝဓိမှ ဒုဒ္ဒဝဓိ
ဇွေ	ဒုဒ္ဒဝဓိမှ ဒေဒ္ဒဝဓိ
ဒန္	ဒေဒ္ဒဝဓိမှ ဒေဝဝဓိ
မကာရ	ဒေဝဝဓိမှ ဒဂုဝဓိ
ကုမ်	ဒဂုဝဓိမှ ဒဂုဝဓိ
မိန်	ဒဂုဝဓိမှ ဒင်္ဂဝဓိ
မိဿ	ဒင်္ဂဝဓိမှ ဒင်္ဂဝဓိ
ဇွိဿ	ဒင်္ဂဝဓိမှ ဒဇ္ဇဝဓိ
မေထုန်	ဒဇ္ဇဝဓိမှ ဒဇ္ဇဝဓိ
ကရကဋ်	ဒဇ္ဇဝဓိမှ ဒဉ္ဇဝဓိ
သိဟ်	ဒဉ္ဇဝဓိမှ ဒဉ္ဇဝဓိ

သြဂုတ်ဘုရက်မစော်ဝဓိရက်အတွင်း

လင်္ဂ	မွေးချိန်
သိဟ်	ဂုဒ္ဒဝဓိမှ ဂုဒ္ဒဝဓိ
ကန်	ဂုဒ္ဒဝဓိမှ ဒုဒ္ဒဝဓိ
တူ	ဒုဒ္ဒဝဓိမှ ဒေဒ္ဒဝဓိ
ဇွေ	ဒေဒ္ဒဝဓိမှ ဒေဝဝဓိ
ဒန္	ဒေဝဝဓိမှ ဒဂုဝဓိ
မကာရ	ဒဂုဝဓိမှ ဒဂုဝဓိ
ကုမ်	ဒဂုဝဓိမှ ဒင်္ဂဝဓိ
မိန်	ဒင်္ဂဝဓိမှ ဒင်္ဂဝဓိ
မိဿ	ဒင်္ဂဝဓိမှ ဒဇ္ဇဝဓိ
ဇွိဿ	ဒဇ္ဇဝဓိမှ ဒဇ္ဇဝဓိ
မေထုန်	ဒဇ္ဇဝဓိမှ ဒဉ္ဇဝဓိ
ကရကဋ်	ဒဉ္ဇဝဓိမှ ဒဉ္ဇဝဓိ

မတ်ဘဒ္ဒရက်မဖြိဝါရက်အတွင်း

လင်္ဂ	မွေးချိန်
မိန်	ဂုဒ္ဒဝဓိမှ ဂုဒ္ဒဝဓိ
မိဿ	ဂုဒ္ဒဝဓိမှ ဒုဒ္ဒဝဓိ
ဇွိဿ	ဒုဒ္ဒဝဓိမှ ဒေဒ္ဒဝဓိ
မေထုန်	ဒေဒ္ဒဝဓိမှ ဒေဝဝဓိ
ကရကဋ်	ဒေဝဝဓိမှ ဒဂုဝဓိ
သိဟ်	ဒဂုဝဓိမှ ဒဂုဝဓိ
ကန်	ဒဂုဝဓိမှ ဒင်္ဂဝဓိ
တူ	ဒင်္ဂဝဓိမှ ဒင်္ဂဝဓိ
ဇွေ	ဒင်္ဂဝဓိမှ ဒဇ္ဇဝဓိ
ဒန္	ဒဇ္ဇဝဓိမှ ဒဇ္ဇဝဓိ
မကာရ	ဒဇ္ဇဝဓိမှ ဒဉ္ဇဝဓိ
ကုမ်	ဒဉ္ဇဝဓိမှ ဒဉ္ဇဝဓိ

ဗောဓုမ် မတ်ဘဒ္ဒရက်အတွင်း

လင်္ဂ	မွေးချိန်
ကုမ်	ဂုဒ္ဒဝဓိမှ ဂုဒ္ဒဝဓိ
မိန်	ဂုဒ္ဒဝဓိမှ ဒုဒ္ဒဝဓိ
မိဿ	ဒုဒ္ဒဝဓိမှ ဒေဒ္ဒဝဓိ
ဇွိဿ	ဒေဒ္ဒဝဓိမှ ဒေဝဝဓိ
မေထုန်	ဒေဝဝဓိမှ ဒဂုဝဓိ
ကရကဋ်	ဒဂုဝဓိမှ ဒဂုဝဓိ
သိဟ်	ဒဂုဝဓိမှ ဒင်္ဂဝဓိ
ကန်	ဒင်္ဂဝဓိမှ ဒင်္ဂဝဓိ
တူ	ဒင်္ဂဝဓိမှ ဒဇ္ဇဝဓိ
ဇွေ	ဒဇ္ဇဝဓိမှ ဒဇ္ဇဝဓိ
ဒန္	ဒဇ္ဇဝဓိမှ ဒဉ္ဇဝဓိ
မကာရ	ဒဉ္ဇဝဓိမှ ဒဉ္ဇဝဓိ

နဒ်ဘဒ္ဒရက်မ ဗောဓုရက်အတွင်း

လင်္ဂ	မွေးချိန်
မကာရ	ဂုဒ္ဒဝဓိမှ ဂုဒ္ဒဝဓိ
ကုမ်	ဂုဒ္ဒဝဓိမှ ဒုဒ္ဒဝဓိ
မိန်	ဒုဒ္ဒဝဓိမှ ဒေဒ္ဒဝဓိ
မိဿ	ဒေဒ္ဒဝဓိမှ ဒေဝဝဓိ
ဇွိဿ	ဒေဝဝဓိမှ ဒဂုဝဓိ
မေထုန်	ဒဂုဝဓိမှ ဒဂုဝဓိ
ကရကဋ်	ဒဂုဝဓိမှ ဒင်္ဂဝဓိ
သိဟ်	ဒင်္ဂဝဓိမှ ဒင်္ဂဝဓိ
ကန်	ဒင်္ဂဝဓိမှ ဒဇ္ဇဝဓိ
တူ	ဒဇ္ဇဝဓိမှ ဒဇ္ဇဝဓိ
ဇွေ	ဒဇ္ဇဝဓိမှ ဒဉ္ဇဝဓိ
ဒန္	ဒဉ္ဇဝဓိမှ ဒဉ္ဇဝဓိ

ဒီဒဝိမုစန်ဒဘုအတွင်း

လင်္ဂ	မွေးချိန်
ဒန္	ဂုဒ္ဒဝဓိမှ ဂုဒ္ဒဝဓိ
မကာရ	ဂုဒ္ဒဝဓိမှ ဒုဒ္ဒဝဓိ
ကုမ်	ဒုဒ္ဒဝဓိမှ ဒေဒ္ဒဝဓိ
မိန်	ဒေဒ္ဒဝဓိမှ ဒေဝဝဓိ
မိဿ	ဒေဝဝဓိမှ ဒဂုဝဓိ
ဇွိဿ	ဒဂုဝဓိမှ ဒဂုဝဓိ
မေထုန်	ဒဂုဝဓိမှ ဒင်္ဂဝဓိ
ကရကဋ်	ဒင်္ဂဝဓိမှ ဒင်္ဂဝဓိ
သိဟ်	ဒင်္ဂဝဓိမှ ဒဇ္ဇဝဓိ
ကန်	ဒဇ္ဇဝဓိမှ ဒဇ္ဇဝဓိ
တူ	ဒဇ္ဇဝဓိမှ ဒဉ္ဇဝဓိ
ဇွေ	ဒဉ္ဇဝဓိမှ ဒဉ္ဇဝဓိ

www.burmeseclassic.com

www.burmeseclassic.com

	မိဿလဂ်		ပြိဿလဂ်		မေထုန်လဂ်		ကရကဋ္ဌလဂ်		သီဟ်လဂ်		ကန်လဂ်	
ရက်	ထင်ချိန်	ထွက်ချိန်	ထင်ချိန်	ထွက်ချိန်	ထင်ချိန်	ထွက်ချိန်	ထင်ချိန်	ထွက်ချိန်	ထင်ချိန်	ထွက်ချိန်	ထင်ချိန်	ထွက်ချိန်
၁	၀၀း၂၈	၀၀း၅၉	၀၂း၀၅	၀၂း၃၇	၀၃း၂၆	၀၃း၅၈	၀၆း၁၄	၀၆း၄၆	၀၈း၀၂	၀၈း၃၅	၁၀း၅၈	၁၁း၂၄
၂	၀၀း၂၄	၀၀း၅၅	၀၂း၀၁	၀၂း၃၃	၀၃း၂၂	၀၃း၅၄	၀၆း၁၀	၀၆း၄၂	၀၈း၀၀	၀၈း၃၁	၁၀း၅၄	၁၁း၂၀
၃	၀၀း၂၀	၀၀း၅၁	၀၂း၀၁	၀၂း၂၉	၀၃း၁၈	၀၃း၅၀	၀၆း၀၆	၀၆း၃၈	၀၇း၅၈	၀၈း၂၇	၁၀း၅၀	၁၁း၁၆
၄	၀၀း၁၆	၀၀း၄၇	၀၁း၅၇	၀၂း၂၅	၀၃း၁၄	၀၃း၄၆	၀၆း၀၂	၀၆း၃၄	၀၇း၅၄	၀၈း၂၃	၁၀း၄၆	၁၁း၁၂
၅	၀၀း၁၂	၀၀း၄၃	၀၁း၅၃	၀၂း၂၁	၀၃း၁၀	၀၃း၄၂	၀၅း၅၈	၀၆း၃၀	၀၇း၅၀	၀၈း၁၉	၁၀း၄၂	၁၁း၀၈
၆	၀၀း၀၈	၀၀း၃၉	၀၁း၄၉	၀၂း၁၇	၀၃း၀၆	၀၃း၃၈	၀၅း၅၄	၀၆း၂၆	၀၇း၄၆	၀၈း၁၅	၁၀း၃၈	၁၁း၀၄
၇	၀၀း၀၄	၀၀း၃၅	၀၁း၄၅	၀၂း၁၃	၀၃း၀၂	၀၃း၃၄	၀၅း၅၀	၀၆း၂၂	၀၇း၄၂	၀၈း၁၁	၁၀း၃၄	၁၁း၀၀
၈	၀၀း၀၀	၀၀း၃၁	၀၁း၄၁	၀၂း၀၉	၀၂း၅၈	၀၃း၃၀	၀၅း၄၆	၀၆း၁၈	၀၇း၃၈	၀၈း၀၇	၁၀း၃၀	၁၀း၅၆
၉	၂၃း၅၆	၀၀း၂၇	၀၁း၃၇	၀၂း၀၅	၀၂း၅၄	၀၃း၂၆	၀၅း၄၂	၀၆း၁၄	၀၇း၃၄	၀၈း၀၃	၁၀း၂၆	၁၀း၅၂
၁၀	၂၃း၅၂	၀၀း၂၃	၀၁း၃၃	၀၂း၀၁	၀၂း၅၀	၀၃း၂၂	၀၅း၃၈	၀၆း၁၀	၀၇း၃၀	၀၇း၅၉	၁၀း၂၂	၁၀း၄၈
၁၁	၂၃း၄၈	၀၀း၁၉	၀၁း၂၉	၀၁း၅၇	၀၂း၄၆	၀၃း၁၈	၀၅း၃၄	၀၅း၅၆	၀၇း၂၆	၀၇း၅၅	၁၀း၁၈	၁၀း၄၄
၁၂	၂၃း၄၄	၀၀း၁၅	၀၁း၂၅	၀၁း၅၃	၀၂း၄၂	၀၃း၁၄	၀၅း၃၀	၀၅း၅၂	၀၇း၂၂	၀၇း၅၁	၁၀း၁၄	၁၀း၄၀
၁၃	၂၃း၄၀	၀၀း၁၁	၀၁း၂၁	၀၁း၄၉	၀၂း၃၈	၀၃း၁၀	၀၅း၂၆	၀၅း၄၈	၀၇း၁၈	၀၇း၄၇	၁၀း၁၀	၁၀း၃၆
၁၄	၂၃း၃၆	၀၀း၀၇	၀၁း၁၇	၀၁း၄၅	၀၂း၃၄	၀၃း၀၆	၀၅း၂၂	၀၅း၄၄	၀၇း၁၄	၀၇း၄၃	၁၀း၀၆	၁၀း၃၂
၁၅	၂၃း၃၂	၀၀း၀၃	၀၁း၁၃	၀၁း၄၁	၀၂း၃၀	၀၃း၀၂	၀၅း၁၈	၀၅း၄၀	၀၇း၁၀	၀၇း၃၉	၁၀း၀၂	၁၀း၂၈
၁၆	၂၃း၂၈	၂၃း၅၉	၀၁း၀၉	၀၁း၃၇	၀၂း၂၆	၀၂း၅၈	၀၅း၁၄	၀၅း၃၆	၀၇း၀၆	၀၇း၃၅	၀၉း၅၈	၁၀း၂၄
၁၇	၂၃း၂၄	၂၃း၅၅	၀၀း၅၅	၀၁း၃၃	၀၂း၂၂	၀၂း၅၄	၀၅း၀၉	၀၅း၃၂	၀၆း၅၂	၀၇း၀၁	၀၉း၅၄	၁၀း၂၀
၁၈	၂၃း၂၀	၂၃း၅၁	၀၀း၅၁	၀၁း၂၉	၀၂း၁၈	၀၂း၅၀	၀၄း၅၅	၀၅း၂၈	၀၆း၄၈	၀၆း၅၇	၀၉း၅၀	၁၀း၁၆
၁၉	၂၃း၁၆	၂၃း၄၇	၀၀း၄၇	၀၁း၂၅	၀၂း၁၄	၀၂း၄၆	၀၄း၅၁	၀၅း၂၄	၀၆း၄၄	၀၆း၅၃	၀၉း၄၆	၁၀း၁၂
၂၀	၂၃း၁၂	၂၃း၄၃	၀၀း၄၃	၀၁း၂၁	၀၂း၁၀	၀၂း၄၂	၀၄း၄၇	၀၅း၂၀	၀၆း၄၀	၀၆း၄၉	၀၉း၄၂	၁၀း၀၈
၂၁	၂၃း၀၈	၂၃း၃၉	၀၀း၃၉	၀၁း၁၇	၀၂း၀၆	၀၂း၃၈	၀၄း၄၃	၀၅း၁၆	၀၆း၃၆	၀၆း၄၅	၀၉း၃၈	၁၀း၀၄
၂၂	၂၃း၀၄	၂၃း၃၅	၀၀း၃၅	၀၁း၁၃	၀၂း၀၂	၀၂း၃၄	၀၄း၃၉	၀၅း၁၂	၀၆း၃၂	၀၆း၄၁	၀၉း၃၄	၁၀း၀၀
၂၃	၂၃း၀၀	၂၃း၃၁	၀၀း၃၁	၀၁း၀၉	၀၁း၅၈	၀၂း၃၀	၀၄း၃၅	၀၅း၀၈	၀၆း၂၈	၀၆း၃၇	၀၉း၃၀	၀၉း၅၆
၂၄	၂၂း၅၆	၂၃း၂၇	၀၀း၂၇	၀၁း၀၅	၀၁း၅၄	၀၂း၂၆	၀၄း၃၁	၀၅း၀၄	၀၆း၂၄	၀၆း၃၃	၀၉း၂၆	၀၉း၅၂
၂၅	၂၂း၅၂	၂၃း၂၃	၀၀း၂၃	၀၁း၀၁	၀၁း၅၀	၀၂း၂၂	၀၄း၂၇	၀၅း၀၀	၀၆း၂၀	၀၆း၂၉	၀၉း၂၂	၀၉း၄၈
၂၆	၂၂း၄၈	၂၃း၁၉	၀၀း၁၉	၀၀း၅၇	၀၁း၄၆	၀၂း၁၈	၀၄း၂၃	၀၄း၅၆	၀၆း၁၆	၀၆း၂၅	၀၉း၁၈	၀၉း၄၄
၂၇	၂၂း၄၄	၂၃း၁၅	၀၀း၁၅	၀၀း၅၃	၀၁း၄၂	၀၂း၁၄	၀၄း၁၉	၀၄း၅၂	၀၆း၁၂	၀၆း၂၁	၀၉း၁၄	၀၉း၄၀
၂၈	၂၂း၄၀	၂၃း၁၁	၀၀း၁၁	၀၀း၄၉	၀၁း၃၈	၀၂း၁၀	၀၄း၁၅	၀၄း၄၈	၀၆း၀၈	၀၆း၁၇	၀၉း၁၀	၀၉း၃၆
၂၉	၂၂း၃၆	၂၃း၀၇	၀၀း၀၇	၀၀း၄၅	၀၁း၃၄	၀၂း၀၆	၀၄း၁၁	၀၄း၄၄	၀၆း၀၄	၀၆း၁၃	၀၉း၀၆	၀၉း၃၂
၃၀	၂၂း၃၂	၂၃း၀၃	၀၀း၀၃	၀၀း၄၁	၀၁း၃၀	၀၂း၀၂	၀၄း၀၇	၀၄း၄၀	၀၆း၀၀	၀၆း၀၉	၀၉း၀၂	၀၉း၂၈
၃၁	၂၂း၂၈	၂၂း၅၉	၀၀း၅၉	၀၀း၃၇	၀၁း၂၆	၀၁း၅၈	၀၄း၀၃	၀၄း၃၆	၀၅း၅၆	၀၆း၀၅	၀၈း၅၈	၀၉း၂၄

www.burmeseclassic.com

	တူးလက်		ပြိုဆွာလက်		ဓနုလက်		မကာရုဏ်		တုမ်းတော်		မိဆိုးလက်	
နက်	ထိပ်ချိန်	ထွက်ချိန်	ထိပ်ချိန်	ထွက်ချိန်	ထိပ်ချိန်	ထွက်ချိန်	ထိပ်ချိန်	ထွက်ချိန်	ထိပ်ချိန်	ထွက်ချိန်	ထိပ်ချိန်	ထွက်ချိန်
၁	၁၂း၀၀	၁၂း၄၂	၁၀း၁၉	၁၀း၄၉	၁၆း၃၉	၁၇း၀၉	၁၆း၄၀	၁၇း၀၀	၁၉း၁၀	၁၉း၄၄	၁၉း၁၀	၁၉း၄၄
၂	၁၂း၀၆	၁၂း၂၈	၁၀း၁၃	၁၀း၄၃	၁၆း၃၃	၁၇း၀၃	၁၆း၄၄	၁၇း၀၄	၁၉း၁၄	၁၉း၄၈	၁၉း၁၄	၁၉း၄၈
၃	၁၂း၁၂	၁၂း၃၄	၁၀း၀၇	၁၀း၃၇	၁၆း၂၇	၁၆း၅၁	၁၆း၄၈	၁၇း၀၈	၁၉း၁၈	၁၉း၅၂	၁၉း၁၈	၁၉း၅၂
၄	၁၂း၁၈	၁၂း၄၀	၁၀း၁၁	၁၀း၄၁	၁၆း၃၁	၁၆း၅၅	၁၆း၅၂	၁၇း၁၂	၁၉း၂၂	၁၉း၅၆	၁၉း၂၂	၁၉း၅၆
၅	၁၂း၂၄	၁၂း၄၆	၁၀း၁၅	၁၀း၄၅	၁၆း၃၅	၁၆း၅၉	၁၆း၅၆	၁၇း၁၆	၁၉း၂၆	၁၉း၅၉	၁၉း၂၆	၁၉း၅၉
၆	၁၂း၃၀	၁၂း၅၂	၁၀း၁၉	၁၀း၄၉	၁၆း၃၉	၁၇း၀၃	၁၇း၀၀	၁၇း၂၀	၁၉း၃၀	၁၉း၆၄	၁၉း၃၀	၁၉း၆၄
၇	၁၂း၃၆	၁၂း၅၈	၁၀း၂၃	၁၀း၅၃	၁၆း၄၃	၁၇း၀၇	၁၇း၀၄	၁၇း၂၄	၁၉း၃၄	၁၉း၆၈	၁၉း၃၄	၁၉း၆၈
၈	၁၂း၄၂	၁၃း၀၄	၁၀း၂၇	၁၀း၅၇	၁၆း၄၇	၁၇း၁၁	၁၇း၀၈	၁၇း၂၈	၁၉း၃၈	၁၉း၇၂	၁၉း၃၈	၁၉း၇၂
၉	၁၂း၄၈	၁၃း၀၈	၁၀း၃၁	၁၁း၀၁	၁၆း၅၁	၁၇း၁၅	၁၇း၁၂	၁၇း၂၂	၁၉း၄၂	၁၉း၇၆	၁၉း၄၂	၁၉း၇၆
၁၀	၁၂း၅၄	၁၃း၁၂	၁၀း၃၅	၁၁း၀၅	၁၆း၅၅	၁၇း၁၉	၁၇း၁၆	၁၇း၂၆	၁၉း၄၆	၁၉း၇၉	၁၉း၄၆	၁၉း၇၉
၁၁	၁၃း၀၀	၁၃း၁၆	၁၀း၃၉	၁၁း၀၉	၁၇း၀၀	၁၇း၂၃	၁၇း၂၀	၁၇း၃၀	၁၉း၅၀	၁၉း၈၃	၁၉း၅၀	၁၉း၈၃
၁၂	၁၃း၀၆	၁၃း၂၀	၁၀း၄၃	၁၁း၁၃	၁၇း၀၄	၁၇း၂၇	၁၇း၂၄	၁၇း၃၄	၁၉း၅၄	၁၉း၈၇	၁၉း၅၄	၁၉း၈၇
၁၃	၁၃း၁၂	၁၃း၂၄	၁၀း၄၇	၁၁း၁၇	၁၇း၀၈	၁၇း၃၁	၁၇း၂၈	၁၇း၃၈	၁၉း၅၈	၁၉း၉၁	၁၉း၅၈	၁၉း၉၁
၁၄	၁၃း၁၈	၁၃း၂၈	၁၀း၅၁	၁၁း၂၁	၁၇း၁၂	၁၇း၃၅	၁၇း၃၂	၁၇း၄၂	၁၉း၆၂	၁၉း၉၅	၁၉း၆၂	၁၉း၉၅
၁၅	၁၃း၂၄	၁၃း၃၂	၁၀း၅၅	၁၁း၂၅	၁၇း၁၆	၁၇း၃၉	၁၇း၃၆	၁၇း၄၆	၁၉း၆၆	၁၉း၉၉	၁၉း၆၆	၁၉း၉၉
၁၆	၁၃း၂၈	၁၃း၃၆	၁၀း၅၉	၁၁း၂၉	၁၇း၂၀	၁၇း၄၃	၁၇း၄၀	၁၇း၅၀	၁၉း၇၀	၁၉း၉၃	၁၉း၇၀	၁၉း၉၃
၁၇	၁၃း၃၂	၁၃း၄၀	၁၁း၀၃	၁၁း၃၃	၁၇း၂၄	၁၇း၄၇	၁၇း၄၄	၁၇း၅၄	၁၉း၇၄	၁၉း၉၇	၁၉း၇၄	၁၉း၉၇
၁၈	၁၃း၃၆	၁၃း၄၄	၁၁း၀၇	၁၁း၃၇	၁၇း၂၈	၁၇း၅၁	၁၇း၄၈	၁၇း၅၈	၁၉း၇၈	၁၉း၉၉	၁၉း၇၈	၁၉း၉၉
၁၉	၁၃း၄၀	၁၃း၄၈	၁၁း၁၁	၁၁း၄၁	၁၇း၃၂	၁၇း၅၅	၁၇း၅၂	၁၈း၀၂	၁၉း၈၂	၁၉း၉၉	၁၉း၈၂	၁၉း၉၉
၂၀	၁၃း၄၄	၁၃း၅၂	၁၁း၁၅	၁၁း၄၅	၁၇း၃၆	၁၇း၅၉	၁၇း၅၆	၁၈း၀၆	၁၉း၈၆	၁၉း၉၉	၁၉း၈၆	၁၉း၉၉
၂၁	၁၃း၄၈	၁၃း၅၆	၁၁း၁၉	၁၁း၄၉	၁၇း၄၀	၁၈း၀၃	၁၈း၀၀	၁၈း၁၀	၁၉း၉၀	၁၉း၉၉	၁၉း၉၀	၁၉း၉၉
၂၂	၁၃း၅၂	၁၃း၅၉	၁၁း၂၃	၁၁း၅၃	၁၇း၄၄	၁၈း၀၇	၁၈း၀၄	၁၈း၁၄	၁၉း၉၄	၁၉း၉၉	၁၉း၉၄	၁၉း၉၉
၂၃	၁၃း၅၆	၁၄း၀၃	၁၁း၂၇	၁၁း၅၇	၁၇း၄၈	၁၈း၁၁	၁၈း၀၈	၁၈း၁၈	၁၉း၉၈	၁၉း၉၉	၁၉း၉၈	၁၉း၉၉
၂၄	၁၄း၀၀	၁၄း၀၇	၁၁း၃၁	၁၂း၀၁	၁၇း၅၂	၁၈း၁၅	၁၈း၁၂	၁၈း၂၂	၁၉း၉၉	၁၉း၉၉	၁၉း၉၉	၁၉း၉၉
၂၅	၁၄း၀၄	၁၄း၁၁	၁၁း၃၅	၁၂း၀၅	၁၇း၅၆	၁၈း၁၉	၁၈း၁၆	၁၈း၂၆	၁၉း၉၉	၁၉း၉၉	၁၉း၉၉	၁၉း၉၉
၂၆	၁၄း၀၈	၁၄း၁၅	၁၁း၃၉	၁၂း၀၉	၁၈း၀၀	၁၈း၂၃	၁၈း၂၀	၁၈း၃၀	၁၉း၉၉	၁၉း၉၉	၁၉း၉၉	၁၉း၉၉
၂၇	၁၄း၁၂	၁၄း၁၉	၁၁း၄၃	၁၂း၁၃	၁၈း၀၄	၁၈း၂၇	၁၈း၂၄	၁၈း၃၄	၁၉း၉၉	၁၉း၉၉	၁၉း၉၉	၁၉း၉၉
၂၈	၁၄း၁၆	၁၄း၂၃	၁၁း၄၇	၁၂း၁၇	၁၈း၀၈	၁၈း၃၁	၁၈း၂၈	၁၈း၃၈	၁၉း၉၉	၁၉း၉၉	၁၉း၉၉	၁၉း၉၉
၂၉	၁၄း၂၀	၁၄း၂၇	၁၁း၅၁	၁၂း၂၁	၁၈း၁၂	၁၈း၃၅	၁၈း၃၂	၁၈း၄၂	၁၉း၉၉	၁၉း၉၉	၁၉း၉၉	၁၉း၉၉
၃၀	၁၄း၂၄	၁၄း၃၁	၁၁း၅၅	၁၂း၂၅	၁၈း၁၆	၁၈း၃၉	၁၈း၃၆	၁၈း၄၆	၁၉း၉၉	၁၉း၉၉	၁၉း၉၉	၁၉း၉၉
၃၁	၁၄း၂၈	၁၄း၃၅	၁၁း၅၉	၁၂း၂၉	၁၈း၂၀	၁၈း၄၃	၁၈း၄၀	၁၈း၅၀	၁၉း၉၉	၁၉း၉၉	၁၉း၉၉	၁၉း၉၉

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"ထွန်းမောင်...ထမင်းချက်ပြီးရင် လှေပေါ်မှာပဲ နေနော်။ လျှောက်သွားမနေနဲ့။ မွန်းတည့်လောက်မှာ တို့ပြန်ပြီး ထမင်းစားမယ်။ ပါးစပ်ကလည်း ပေါက်ပန်းလေးဆယ်လျှောက်ပြောမနေနဲ့"

"စိတ်ချလက်ချသွားစမ်းပါ အဖေရာ။ အဖေ့သား ဒါလောက်တော့ နားလည်ပါတယ်"

ဦးပြေမောင်က သားဖြစ်သူ ထွန်းမောင်ကို အထပ်ထပ်အခါခါ မှာကြားနေခြင်းဖြစ်သည်။ ဦးပြေမောင်နှင့် ထွန်းမောင်တို့သားအဖသည် အလုပ်သမားများနှင့်အတူ မိန်းမလှကျွန်းသို့ သစ်ခုတ်လာခဲ့ကြခြင်းဖြစ်သည်။ ဦးပြေမောင်သည် ပင်လယ်ရေလုပ်ငန်းပိုင်ရှင်တစ်ယောက်ဖြစ်သောကြောင့် မိမိ၏ ရေလုပ်ငန်းတွင် အသုံးပြုရန် မိန်းမလှကျွန်းသို့ သစ်ခုတ်လာခြင်းဖြစ်သည်။

ဦးပြေမောင်မှာ ပင်လယ်ရေသုပ်ငန်းရှင်တစ်ယောက်ဖြစ်နေသဖြင့် မိန်းမလှကျွန်းသို့ ကြိမ်ဖန်များစွာ ရောက်ခဲ့နေခဲ့သော်လည်း သားဖြစ်သူ ထွန်းမောင်မှာမူ ယခု အသက် (၁၈)နှစ်အရွယ်ဖြစ်လာမှ ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ထွန်းမောင်မှာ မိန်းမလှကျွန်း၏ ထူးခြားအံ့သြဖွယ် ဖြစ်စဉ်ဖြစ်ရပ်များကို လူကြီးသူမများနှင့် တွေ့ကြုံခဲ့ရသူများ၏ ပြန်လည်ပြောပြချက်များအရသာ သိရှိနေခဲ့ရသည်။ လူငယ်တစ်ဦးပီပီ အဆိုပါ ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း စိတ်ဝင်စားနေခဲ့သည်။ တောကြမ်းသည်၊ တောခြောက်သည်ဟူသော ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း ယုံကြည်မှုမရှိ။ ထို့ကြောင့် အဆိုပါ ဖြစ်စဉ်ဖြစ်ရပ်များနှင့် ပတ်သက်၍လည်း ဘိုယ်တိုင်ကိုယ်ကျ လေ့လာလိုသည်။ သို့သော် မိဘတွေက ထွန်းမောင်၏ အကြောင်းကို သိနေသဖြင့် မိန်းမလှကျွန်းသို့ လိုက်ပါခွင့်မပြုခဲ့။ ထွန်းမောင်က မည်သို့ပင် လိုက်ပါရန် ပူဆာပြောဆိုခဲ့သော်လည်း မိဘများ၏ တစ်ချက်လွှတ် အဖိန့်ကြောင့် လိုက်ပါခွင့် မရခဲ့။ ဤတွင် ထွန်းမောင်သည် အလုပ်သမားများ၏ အကူအညီကို ရယူကာ မိခင်ဖြစ်သူအား စာရေးပေးထားခဲ့ပြီး ငါးဖမ်းစက်လှေတွင် ပုန်းခိုလိုက်ပါလာခဲ့သည်။ လမ်းရောက်မှ ဦးပြေမောင်က သိရှိခဲ့ရသည်။ အိမ်မှာလည်း စာရေးထားခဲ့ပြီး အိမ်ပြန်ပို့ရန်လည်း မဖြစ်နိုင်တော့သဖြင့် ထွန်းမောင်ကို မိန်းမလှကျွန်းသို့ ခေါ်ဆောင်လာခဲ့ရတော့သည်။

မိန်းမလှကျွန်းသို့ ရောက်လျှင် ထွန်းမောင်ကို စက်လှေတွင် ထမင်းချက် လှေဆောင့်အဖြစ် နေ[illegible] ဦးပြေမောင်နှင့် အလုပ်သမားများက [illegible] ဝင် သစ်ခုတ်ကြမည်ဖြစ်သည်။ ထို့ကြောင့် ဦးပြေမောင်က ထွန်းမောင်ကို စိတ်မချသဖြင့် အထပ်ထပ်အခါခါ မှာကြားနေခြင်းဖြစ်သည်။ ထို့နောက် ဦးပြေမောင်နှင့် အလုပ်သမားများက သစ်ခုတ်ရန် တောထဲ ဝင်သွားခဲ့ကြသည်။ ထွန်းမောင်က သစ်ခုတ်သူများ ပြန်လာလျှင် အဆင်သင့် စားသောက်နိုင်ရေးအတွက် ချက်ပြုတ်လုပ်ကိုင်နေခဲ့သည်။

"ထမင်းရော၊ ဟင်းရော အားလုံးတော့ ချက်ပြီးသွားပြီ။ အဖေတို့ တော်တော်နဲ့ ပြန်လာကြမှာ မဟုတ်သေးဘူး။ သူတို့မလာခင် ဟိုနား ဒီနား လျှောက်ကြည့်ဦးမှ။ အဖေကတော့ ဆူမှာပဲ။ ဆူရင်လည်း အဆူခံလိုက်ရုံပဲပေါ့။ မိန်းမလှကျွန်းကို နောက်တစ်ခေါက်လာရတော့မှာမဟုတ်ဘူး။ ရောက်တုန်း ရောက်ခိုက် လျှောက်လေ့လာကြည့်ဦးမှ"

ဒီလိုအခွင့်ရေးကို ထွန်းမောင် စောင့်စားနေခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ဖခင်ဖြစ်သူက ဘယ်မှ မသွားရန်နှင့် လှေပေါ်တွင်သာ နေရန် အထပ်ထပ်အခါခါ မှာခဲ့သော်လည်း ရလာသည့်အခွင့်အရေးကို လက်လွှတ်မခံနိုင်။ ထို့ကြောင့် သားရေခွနှင့် လောက်စာလုံး လွယ်အိတ်ကို ယူကာ စက်လှေပေါ်မှ ဆင်းလာခဲ့သည်။

"ဟိုဘက်တောစပ်ကနေ တောထဲကို ဝင်မှ။ ဒီဘက်က သွားရင် အဖေတို့နဲ့ တိုးနေဦးမယ်"

ထွန်းမောင်သည် ဦးပြေမောင်တို့ တောထဲဝင်သည့်လမ်းက မဝင်ဘဲ သစ်ပင် အနည်းငယ် ရှင်းလင်းသည့်နေရာမှ တောထဲသို့ ဝင်လာခဲ့သည်။ ထွန်းမောင်မှာ ဒီရေတောကြီးများထဲသို့ မရောက်ဖူးသော်လည်း ကြားဖူးနားဝရှိနေသဖြင့် လမ်းမှတ်မိစေရန်အတွက် သစ်ကိုင်းများ ချိုးဖဲ့ကာ အမှတ်အသားပြုလုပ်ခဲ့သည်။ သားရေခွကိုလည်း လက်ထဲမှာ အသင့်ကိုင်ထားခဲ့သည်။ သို့နှင့် ထွန်းမောင်မှာ တဖြည်းဖြည်းနှင့် တောထဲသို့ ဝင်ရောက်လာခဲ့လေတော့သည်။

◈◈◈

ထွန်းမောင်မှာ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ဖြစ်စေချင်ခဲ့သော သူ၏ အလိုဆန္ဒတွေ ပြည့်ဝလာခဲ့ပြီဖြစ်သဖြင့် ကြောက်ရွံ့ထိတ်လန့်မှုမရှိသည့်အပြင် ဝမ်းသာအားရ ဖော်ရွှေနေခဲ့သည်။ တစ်ကြိမ်တစ်ခါမှ ဒီရေတောကြီးများထဲတွင် သွားလာခဲ့ဖူးခြင်းမရှိသဖြင့် ခရာဆူးများ၊ သစ်ဆွေးငုတ်များ၊ သင်ပေါင်းဆူးများနှင့် တိုးတိုက်ခဲ့ရမိသော်လည်း နာကျင်ရကောင်းမန်းပင်

www.burmeseclassic.com

မသိ။ လမ်းတွင် တွေ့ မြင်နေရသည့် တောင့်တိရစ္ဆာန်ကလေးများကို သားရေခွန် ပစ်ခတ်ရင်း ပျော်ရွှင်နေမိသည်။ အတွေ့အကြုံမရှိသဖြင့် တစ်ကောင်မှ မမှန်။ သို့နှင့် ကြက်တူရွေးလေးတစ်ကောင်ကို ပစ်ခတ်ရန် ပုန်းကွယ် ချောင်းမြောင်းကာ သားရေခွန်ခွံ့ရွယ်လိုက်သည်။ ထိုစဉ်...

"ဖလပ်...ဖလပ်...ဖလပ်"

ခပ်လှမ်းလှမ်းတစ်နေရာမှ သစ်ရွက်ခြောက်များကို ဖိနင်းလာနေသော အသံကို ကြားလိုက်ရသဖြင့် လှည့် ကြည့်လိုက်ရာ...

"ဟာ..."

တောတွင်းအတွေ့အကြုံမရှိသည့် ထွန်းမောင်မှာ တွေ့ မြင်လိုက်ရသော မြင်ကွင်းကြောင့် သွေးပျက် ချောက်ချား သွားတော့သည်။ စပါးကြီးမွှေကြီးတစ်ကောင် သူ့ဆီ တရွေ့ရွေ့လာနေသည်ကို တွေ့ မြင်လိုက်ရသဖြင့် ထွန်းမောင်မှာ ဆောက်တည်ရာမရလောက်အောင် သွေးပျက် ချောက်ချားသွားခဲ့သည်။ ထို့ကြောင့် ကယောင်ကတမ်းနှင့် စပါးကြီးမွှေကြီးဘက်သို့ သားရေခွန် လှည့်ချိန်လိုက်သည်။ စပါးကြီးမွှေကြီးကို သားရေခွန် ချိန်ထားပြီး မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။ မကြောက်တတ်ဟု ဆိုသော်လည်း အန္တရာယ်နှင့် ရင်ဆိုင် ကြုံတွေ့လာရသောအခါ အတွေ့အကြုံမရှိသဖြင့် တုန်လှုပ်ချောက်ချား နေရပြီဖြစ်သည်။ ဖခင်ဖြစ်သူက သူ့ကို တောထဲသို့ မလိုက်ရန် တားမြစ်ခဲ့သည်မှာလည်း ထိုကဲ့သို့သော အန္တရာယ်ဖြစ်မည်စိုးသောကြောင့်ဖြစ်သည်ကို ထွန်းမောင် သဘောပေါက်သွားခဲ့ပြီဖြစ်သဖြင့် မိဘများ၏ စေတနာ မေတ္တာတွေကိုလည်း နားလည် သဘောပေါက်သွားခဲ့သည်။

ထွန်းမောင်မှာ ဘာလုပ်ရမှန်းမသိဖြစ်နေသော်လည်း စပါးကြီးမွှေကြီးမှာ သူ့ဘက်သို့ တရွေ့ရွေ့လာနေပြီဖြစ်သည်။ ထိုစဉ် ထွန်းမောင်မှာ စပါးကြီးမွှေကြီး၏ မျက်လုံးများကို အမှတ်မထင်ကြည့်မိလိုက်ရာ...

"ဟာ... မွှေကြီးက ငါ့ဆီကို လာနေတာမှ မဟုတ်တာ"

စပါးကြီးမွှေကြီးမှာ ထွန်းမောင် ထံသို့ ဦးတည်ရွေ့လာနေသော်လည်း မျက်လုံးများမှာ ထွန်းမောင်ကို ကြည့် နေခြင်းမဟုတ်။ ခပ်လှမ်းလှမ်းတစ်နေရာသို့ ကြည့်နေသဖြင့် ထွန်းမောင် စိတ်သက်သာရာရရှိသွားခဲ့သည်။ ထို့ကြောင့် စပါးကြီးမွှေကြီး ကြည့်နေသည့် နေရာသို့ လှမ်းကြည့်လိုက်ရာ...

"ဟာ...ဖျံကလေးတစ်ကောင် ပါလား"

သစ်ဆွေးတုံးတစ်တုံးဘေးတွင် မလှုပ်မယှက် ငြိမ်သက်နေသော ဖျံကလေးတစ်ကောင်ကို တွေ့ မြင်လိုက်ရသဖြင့် ထွန်းမောင် စိတ်သက်သာရာ ရရှိသွားခဲ့ခြင်းဖြစ်သည်။ ဖျံကလေးမှာ စပါးကြီးမွှေကြီး၏ ညှို့ယူခြင်း ခံနေရသဖြင့် မလှုပ်မယှက် ငြိမ်သက်နေခြင်းဖြစ်သည်။ ထို့ကြောင့် ထွန်းမောင်မှာ စပါးကြီးမွှေကြီးကို သတိထားကြည့်နေရင်း တဖြည်းဖြည်း နောက်သို့ ဆုတ်လာခဲ့သည်။ ထိုစဉ်...

"ရှုပ်...ဖလပ်...ဖလပ်...ဖရော...ဖရော"

"အမလေး...မြတ်စွာဘုရား ကယ်တော်မူပါ"

နောက်သို့ တဖြည်းဖြည်းဆုတ်လာစဉ် ရုတ်တရက် သစ်ရွက် သစ်ဖက်ခြောက်များကို တိုးဝှေ့ပြေးသွားသံ ကြားလိုက်ရသဖြင့် ထွန်းမောင် ထိတ်လန့် တုန်လှုပ်စွာ နောက်သို့ လှည့်ကြည့် လိုက်သည်။

"ဟာ...ဖွတ်ကြီး နည်းတဲ့ ဖွတ်ကြီးမဟုတ်ဘူး ကဲကွာ...ကဲကွာ"

"ဖျောက်...ဖျောက်...ဖရော ...ဖရော"

ထွန်းမောင်မှာ ဖွတ်ကြီးကို တွေ့ မြင်လိုက်ရသဖြင့် စပါးကြီးမွှေကြီးကို မေ့သွားခဲ့သည်။ ထို့ကြောင့် ဖွတ်ကြီးကို သားရေခွန် အဆက်မပြတ် ပစ်ခတ်လိုက်သည်။ ဖွတ်ကြီးမှာ သားရေခွေ ထိမှန်ခံလိုက်ရသဖြင့် သစ်ရွက်ခြောက်များကို တိုးဝှေ့ ထွက်ပြေးသွားသည်။ ထွန်းမောင်မှာ မိန်းမလှတောကြီးထဲသို့ မရောက်ဘူးသော်လည်း ရွာတောင်ဘက် တောစပ်နှင့် လယ်ကွင်းထဲတွင် ငှက်ပစ်နေကျဖြစ်သဖြင့် သားရေခွန် ထိမှန်အောင် ပစ်နိုင်သည်။ ထို့ကြောင့် ဖွတ်ကြီးကို ရအောင် ပစ်ယူနိုင်မည်ဟုလည်း သူ့ကိုယ်သူ ယုံကြည်နေသည်။

"ဒီညစာတော့ ဖွတ်သားဟင်းနဲ့ စားရတော့မယ်။ ဒီဖွတ်ကြီးရလာရင် အဖေတို့ကလည်း ငါ့ကို ဆူမှာမဟုတ်တော့ဘူး။ ဒါမှလည်း အဖေတို့ ငါ့ အစွမ်းအစကို သိပြီး နောက်ဆိုရင် ယုံကြည်စိတ်ချသွားမယ်။ ဒီဖွတ်ကြီးကို မရ.ရအောင် လိုက်ရမယ်"

ထို့ကြောင့် ထွန်းမောင်မှာ ဖွတ်ကြီးကို မျက်ခြေပြတ်မခံဘဲ သားရေခွန်ကို အသင့်ကိုင်ကာ အပြေးလိုက်လာသည်။ အခွင့်အရေးရလာသည်နှင့် ဖွတ်ကြီးကို သားရေခွန်နှင့် ပစ်သည်။ မှန်သည်။ ပစ်ချက်တိုင်း ထိမှန်နေခဲ့သော်လည်း ဖွတ်ကြီးမှာ လဲကျရပ်တန့်သွားခဲ့ခြင်း မရှိ။ ဆက်လက်ပြေးသွားနေသည်။ ထို့ကြောင့် ထွန်းမောင်မှာ မကျေမနပ်ပြောဆိုလိုက်သည်။

"အကောင်ကြီးသလောက်

www.burmeseclassic.com

အသက်ပြင်းတဲ့ကောင်ကြီး။ ဒါလောက် မှန်နေတာတောင်မှ ဘာမှမဖြစ်ဘူး။ ကဲ- မင်းပြေးနိုင်သလောက်ပြေးစမ်း။ မင်းကပဲ ပြေးနိုင်မလား။ ငါကပဲ လိုက်နိုင်မလား။ ကြည့်ကြသေးတာပေါ့ကွာ"

ထွန်းမောင် ဖွတ်ကြီးနောက်သို့ မျက်ခြေမပြတ် ဆက်လိုက်ခဲ့ရာ သဲကုန်တန်းလေးတစ်ခုဆီသို့ ရောက်ရှိလာခဲ့သည်။ သဲကုန်တန်းလေးပေါ်တွင် ချုန်ယွယ်သစ်ပင်မရှိ။ ကမလာပင်ကြီး တစ်ပင်သာ ထီးတည်းရှိနေသည်။ ဖွတ်ကြီးသည် ကမလာပင်ကြီးအနောက်ဘက်သို့ ရောက်ရှိသွားသဖြင့် ထွန်းမောင် မမြင်ရတော့။ ထို့ကြောင့် အပြေးအလွှားလိုက်သွားပြီး ကမလာပင်ကြီးအနောက်တက်သို့ ရောက်သောအခါ...

"ဟာ...ဖွတ်ကြီး ဘယ်ရောက်သွားလဲ"

သစ်ခြောက်ပင်နောက်ဘက်တွင် ဖွတ်ကြီးကို မတွေ့ရသဖြင့် ကမလာပင်ကြီးပေါ်သို့ မော့ကြည့်လိုက်သည်။ သစ်ပင်ပေါ်မှာလည်း မတွေ့။

"ဒီ ကမလာပင်ကြီးနောက်ဘက်ကို ဝင်သွားတာ တွေ့လိုက်ရဲ့သားနဲ့ ချက်ချင်း ဘယ်ပျောက်သွားရတာလဲ"

ထွန်းမောင် မကျေမနပ် ရေရွတ်ပြောဆိုရင်း ပတ်ဝန်းကျင်တွင် ရှာဖွေကြည့်လိုက်သည်။ မတွေ့။ ပတ်ဝန်းကျင်မှာလည်း သစ်ပင်ချုန်ယွယ် မရှိ။ ပြောင်ရှင်းနေသည်။ တောစပ်နှင့်လည်း ပေ ၅၀ ခန့် ဝေးနေသည်။ ထို့ကြောင့် တောထဲသို့ ဝင်ပြေးသွားခဲ့သည်ဆိုလျှင် ထွန်းမောင် တွေ့မြင်ရမည်ဖြစ်သည်။ ထို့အတူ ကမလာပင်ကြီးပေါ် တက်ပြေးသွားခဲ့သည်ဆိုလျှင်လည်း သစ်ပင်ပေါ်မှာ အကိုင်း၊ အခက်၊ အရွက်များ လှုပ်ထွေးမှု မရှိ။ မြင်ကွင်းက ရှင်းနေသည်။ သို့သော် ကမလာပင်ကြီးပေါ်မှာလည်း မတွေ့။ ဖွတ်ကြီးက မျက်စိအောက်မှာပင် ပျောက်သွားခဲ့သည်။ ထို့ကြောင့် ထွန်းမောင် ဝေခွဲမရဖြစ်နေခဲ့ရသည်။

"ငါတော့ တောခြောက်ခံရပြီနဲ့တူတယ်"

ထွန်းမောင်မှာ မိန်းမလှကျွန်း၏ ထူးခြားအံ့ဩဖွယ် ဖြစ်စဉ်ဖြစ်ရပ်များ၊ တောကြမ်းသည်၊ တောခြောက်သည် ဟူသော ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း ယုံကြည်မှု မရှိဟု ပြောဆိုနေခဲ့သော်လည်း အမှန်တကယ် တောခြောက်ခံရတာများလားဟု တွေးထင်မိလိုက်ပြီး လက်တွေ့ ကြုံတွေ့လာရသောအခါ တုန်လှုပ်ချောက်ချားသွားခဲ့သည်။

"နေခင်းကြောင်တောင် တောခြောက်တာတော့ မဖြစ်နိုင်ပါဘူး"

စိတ်သက်သာမှုဖြစ်စေရန် ထွန်းမောင် ကိုယ့်စိတ်ကိုယ် ဖြေတွေးလိုက်မိသည်။

"ဘယ်လိုဖြစ်တာပါလိမ့်"

ထွန်းမောင် စဉ်းစားမရဖြစ်နေသဖြင့် ကမလာပင်ကြီးကို ကျော်မှီထိုင်ချလိုက်သည်။ ထိုစဉ်...

"ဝေါ်...ဝရော...ဝေါ်"

"ဖလပ်...ဖလပ်...ဖလပ်"

လေပြင်းတစ်ချက် တိုက်ခတ်လိုက်သဖြင့် သစ်ပင်ကြီးမှ သစ်ရွက်သစ်ကိုင်းများ လှုပ်ခါရမ်းသွားခဲ့သည်။ ထွန်းမောင်မှာ ကြောက်စိတ်မရှိဟု ဆိုသော်လည်း တောထဲမှာ တစ်ယောက်တည်းဟူသော အသိစိတ်ကြောင့် သွေးပူကစ် ပြုလာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်ကို မလုံမလဲ မျက်စိဝေ့ကြည့်လိုက်ရာ...

"ဟာ...ပုပ်...ပုပ်စော်နံလာတယ်ဟာ"

ပုပ်စော်နံလာသဖြင့် ဟိုဟိုဒီဒီ လှမ်းကြည့်လိုက်မိပြန်သည်။ ထိုစဉ်-

"ဖရူး...ဘုတ်...ဘုန်း...ဖရူး"

"မြတ်စွာဘုရား...ကယ်တော်မူပါ"

ပုပ်စော်နံလာသည့်အပြင် သူ့နောက်ကျောမှ ရုန်းကန်လှုပ်ရှားနေသည့် အသံတွေ ထွက်ပေါ်လာသဖြင့် ထွန်းမောင် ဘုရားတလိုက်ပြီး ထိုင်နေရာမှ ကမန်းကတန်း မတ်တတ်ထရပ်လိုက်သည်။ ထို့နောက် သူ မိုထိုင်နေခဲ့သည့် ကမလာပင်ကြီးကို တအံ့တသြကြည့်လိုက်သည်။ အသံပလံများနှင့် အပုပ်နံ့များမှာ သူကြည့်နေသည့် ကမလာပင်ကြီးမှ ထွက်ပေါ်လာနေခြင်းဖြစ်သည်။ ထိုစဉ်...

"ဘုတ်...ဘုန်း...ဘုတ်"

"ဟာ...ဟာ...သစ်ပင်ပေါ်က အရိုး...အရိုးတွေ ကျ...ကျလာတယ်။ အမလေး...ကြောက်ပါပြီဗျ"

ကမလာပင်ကြီးမှ အသံပလံများနှင့် အပုပ်နံ့များ ထွက်ပေါ်လာနေသဖြင့် ကိုယ့်ကိုယ်ကို ကြောက်စိတ်မရှိဟု ကြွေးကြော်နေသည့် ထွန်းမောင်မှာ သွေးပျက်ချောက်ချားသွားခဲ့တော့သည်။ ထိုစဉ် ကမလာပင်ကြီးပေါ်မှ အရိုးတွေ အများအပြားကျလာသဖြင့် ထွန်းမောင်မှာ ဆောက်တည်ရာမရတော့ဘဲ အော်ဟစ် ထွက်ပြေးသွားခဲ့လေတော့သည်။

◈◈◈

ထွန်းမောင် သတိရလာသောအခါ စက်လှေပေါ်သို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။ ဖခင်ဖြစ်သူ ဦးပြေမောင်တို့သည် ထမင်းစားရန် စက်လှေသို့ ပြန်ရောက်လာချိန်တွင် ထွန်းမောင်ကို မတွေ့သဖြင့် စိုရိမ်သောကဖြစ်သွားပြီး ထွန်းမောင် တောထဲသို့ ဝင်သွားခဲ့

www.burmeseclassic.com

သည့် လမ်းကြောင်းကို ရွာတွေ့ခဲ့ကြသဖြင့် အဆိုပါ လမ်းကြောင်းအတိုင်း လိုက်ရှာခဲ့ကြရာ သတိလစ် မေ့မြော နေသော ထွန်းမောင်ကို ရွာတွေ့ခဲ့ကြသည်။ ထို့ကြောင့် စက်လှေသို့ ပြန်သယ်ယူလာပြီး ပြုစုပေးခဲ့ကြသည်။ ထွန်းမောင် ပြန်လည်သတိရလာသဖြင့် ဦးပြေမောင်က ကရုဏာဒေါသနှင့် ပြောလိုက်သည်။

"မင်းကွာ · · · စက်လှေကနေ ဘယ်မှ မသွားပါနဲ့လို့ သေသေချာချာ မှာခဲ့ရဲ့လား။ တို့အားလုံး မင်းအတွက် ဘယ်လောက် စိုးရိမ်သောကဖြစ်ခဲ့ကြ ရလဲ။ အဲဒါ မင်းသိလား။ မင်းကိုယ်မင်း ဟုတ်လုပြီ မထင်နဲ့။ မသေကောင်း မပျောက်ကောင်း။ ကဲ · · · ပြောစမ်းပါဦး ဘာတွေ ဘယ်လိုဖြစ်ခဲ့ရတာလဲ"

ထွန်းမောင်က တောခြောက်ခံရသည့် ဖြစ်ကြောင်းကုန်စင်ကို ပြန်လည် ပြောပြလိုက်သည်။ အားလုံးက ထွန်း မောင်ကို ဟားတိုက်ရယ်မောလိုက်ကြ သည်။ ထို့ကြောင့် ထွန်းမောင်က ဘဝင် မကျစွာ ပြန်ပြောလိုက်သည်။

"ဘာရယ်ကြတာလဲ။ ကျွန်တော် ပြောတဲ့အထဲမှာ ဘာရယ်စရာများ ပါနေ လို့လဲ"

"ရယ်မှာပေါ့ကွ။ မင်းက ရယ် စရာတွေ ပြောနေတာကိုးကွ"

ဦးပြေမောင်က ပြောလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ထွန်းမောင်က မကျေမနပ်ပြန်မေးလိုက်သည်။

"ဗျာ · · · ကျွန်တော်က ရယ်စရာ တွေ ပြောနေတာ၊ ဟုတ်လား"

"အေး၊ ဟုတ်တယ်။ မင်းအဖြစ် က တောခြောက်တာလည်း မဟုတ် ဘူး။ တောမောက်တာလည်း မဟုတ် ဘူး။ သရဲခြောက်တာလည်း မဟုတ် ဘူး။ ဒီတောကြီးတွေမှာ ဖြစ်လေ့ဖြစ်ထ ရိတဲ့ ဖြစ်ရိုးဖြစ်စဉ်တွေပဲ။ ဒါကြောင့် မင်းဖြစ်ခဲ့တာတွေဟာ မင်းအတွက် စွန့်စားခန်း သည်းထိတ်ရင်ဖို ဖြစ်စဉ် ဖြစ်ရပ်တစ်ခုဖြစ်နေပေမယ့်လည်း တို့ အတွက်ကတော့ ဟာသတစ်ခုပဲလေ။ မင်းက သတ္တိရှိတယ်လို့ ကိုယ့်ကိုယ် ကို ထင်နေပေမယ့်လည်း ကိုယ့်စိတ် ကို ကိုယ်မနိုင်ဘူး၊ စိတ်မခိုင်ဘူး။ နောက်ပြီး တောတွင်းအတွေ့အကြုံ လည်းလည်း မရှိ၊ ဆင်ခြင်တုံတရား လည်း မရှိဆိုတော့ ခုလို မဖြစ်သင့်တာ တွေ ဖြစ်လာတာပေါ့။ တကယ်တော့ မင်းဖြစ်ခဲ့တာတွေဟာ စိတ်ခြောက်ခံရ တဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေပဲ"

"ဗျာ၊ စိတ်ခြောက်ခံရတဲ့ ဖြစ်စဉ် ဖြစ်ရပ်၊ ဟုတ်လား"

"အေး၊ ဟုတ်တယ်။ သေသေ ချာချာ နားထောင်၊ မှတ်ထား။ ဒီရေ တောကြီးတွေထဲမှာ သဲကုန်းတန်းတွေ ဖြစ်နေလေ့ရှိတယ်။ အဲဒီ သဲကုန်းတန်း တွေမှာ သစ်ပင်ကြီးတွေ တစ်ပင်စ နှစ်ပင်စ ပေါက်နေလေ့ရှိတယ်။ အဲဒီလို ပေါက်နေတဲ့ သစ်ပင်ကြီးတွေဟာ အတွင်းမှာ အခေါင်းပေါက်တွေ ဖြစ်နေ တယ်။ သစ်ပင်ရဲ့ ခွဆုံနေရာကနေပြီး မြေကြီးအထိ သစ်ပင်ရဲ့ အူကြောင်း တစ်လျှောက်မှာ သစ်ခေါင်းပေါက်ဖြစ် နေတာပဲ။ သစ်ပင်ကြီးတွေက သစ် ခြောက်ပင် မဟုတ်ဘူး။ အကိုင်းအခက် တွေ ဝေဝေဆာဆာနဲ့ဆိုတော့ အပြင် က ကြည့်ရင် အတွင်းမှာ အခေါင်းပေါက် ရှိနေတာ မသိနိုင်ဘူး။ ပင်လယ်ရေလုပ် သားတွေနဲ့ တောလိုက် မုဆိုးတွေက တော့ သဲကုန်းတန်းက သစ်ပင်ကြီးတွေ အဲဒီလို ဖြစ်လေ့ရှိတယ်ဆိုတာ သိတာ ပေါ့။ အဲဒီ သစ်ခေါင်းထဲမှာ မြွေတွေ၊ ဖွတ်တွေ နေကြတယ်။ မြွေရှိရင်တော့ ဖွတ် မနေဘူး။ တစ်ခါတစ်ခါ အဲဒီလို သစ်ခေါင်းထဲမှာ ရှိနေတဲ့ ဖွတ်တွေကို မြွေတွေက ဝင်စားတတ်တယ်။ ဒါပေ မယ့် ဖွတ်ကြီးရင်တော့ မြွေကို ပြန်ပြီး တိုက်ခိုက်တတ်တယ်။ အခု ဖွတ်က တော်တော်အကောင်ကြီးတော့ မြွေကို ပြန်ပြီး တိုက်ခိုက်နိုင်ခဲ့တာ။ တစ်ခါ တစ်ခါကျတော့လည်း အဲဒီလို သစ် ခေါင်းထဲမှာ တောကောင်ငယ်လေးတွေ ကျပြီး ပြန်မတက်နိုင်လို့ သေနေတတ် ကြတယ်"

"အခုပြောနေတာတွေနဲ့ ကျွန်တော်ဖြစ်ခဲ့တာ ဘာဆိုင်လို့လဲ"

ဦးပြေမောင်က ရှည်လျားစွာ ပြောနေသဖြင့် ထွန်းနောင်က စိတ် မရှည်စွာ ပြန်ပြောလိုက်သည်။ ထို့ ကြောင့် ဦးပြေမောင်က ဆက်ပြော လိုက်သည်။

"ဆိုင်လို့ ပြောနေတာပေါ့ကွ။ သစ်ပင်နောက်ကို ဝင်ပြေးပြီး ပျောက် သွားတယ်ဆိုတဲ့ ဖွတ်က သစ်ပင်ပေါ် တက်ပြေးပြီး သစ်ခေါင်းထဲ ဝင်သွားခဲ့ တာ။ ဒါကြောင့် မင်းရှာလို့ မတွေ့တာ။ ဒါပေမယ့် မင်းက အဲဒီအကြောင်းတွေ ကို မသိတော့ မျက်စိအောက်မှာ ဖွတ် ပျောက်သွားတာနဲ့ တောခြောက်ခံရ တယ်လို့ အထင်ရောက်ပြီး သွေးစပျက် တော့တာပဲ။ ကဲ · · · သိန်းဖေ၊ ဒီကောင် ပျောက်သွားတဲ့ ဖွတ်ကို ပြလိုက်စမ်း"

ဦးပြေမောင်က အလုပ်သမား သန်းဖေကို ပြောလိုက်သဖြင့် သန်းဖေ က အိတ်နှင့် ထည့်ထားသည့် ဖွတ်ကို ယူမြှောလိုက်သည်။ ထို့နောက် ဦးပြေ မောင်က ဆက်လက်ရှင်းပြလိုက်ပြန် သည်။

"မင်းကို စက်လှေမှာ မသွား တော့ ဝိုးရိမ်ပြီး မင်းသွားခဲ့တဲ့ လမ်း ကြောင်းအတိုင်း လိုက်ဘာခဲ့ကြတာ။ သဲကုန်းတန်းနားမှာ မင်း သတိလစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com

လဲနေတာ တွေ့ရတယ်။ သဲကုန်းတန်းမှာ ကမလာပင်ကြီးကို တွေ့တော့ သစ်ခေါင်းထဲမှာ ဖွတ်ရှိနိုင်တယ် ဆိုပြီး ဝင်းထိန်နဲ့ သန်းဖေတို့က ဖွတ်သွားထိုက်ကြပြီး ကျန်တဲ့ လူတွေက မင်းကို စက်လေဆီ ပြန်သယ်လာကြတာ"

"ဒါဆိုရင် အုပ်နဲ့တွေ၊ သစ်ပင်ကနေ အသံလွှတ်တွေ ကြားရတာ၊ သစ်ပင်ပေါ်က အရိုးတွေ ကျလာတာက ဆရာ"

ထွန်းမောင်က ဆက်လက်မေးမြန်းလိုက်ခြင်းဖြစ်သည်။ ဤတွင် သစ်ခေါင်းထဲမှ ဖွတ်ကို ဖမ်းယူလာခဲ့သော ဝင်းထိန်က ပြောပြလိုက်သည်။

"သစ်ခေါင်းထဲမှာ စောစောကတည်းက မြွေရှိနေပုံရတယ်ကွ။ ဖွတ်က မင်းကို ကြောက်ပြီး သစ်ခေါင်းထဲကို ဝင်ပြေးတော့ သစ်ခေါင်းထဲမှာ ရှိတဲ့ မြွေနဲ့တွေ့တယ်။ ဖွတ်က အကောင်ကြီးတော့ မြွေကို ပြန်ကိုက်တယ်။ ဖွတ်နဲ့ မြွေ တိုက်ကြ ကိုက်ကြတော့ လူပ်ရှားရန်းကန် တိုက်ခိုက်သံတွေ ထွက်လာတာပေါ့။ မြွေရော၊ ဖွတ်ရော၊ နှစ်ကောင်စလုံးသေသွားတယ်။ အဲဒါ တို့ ဖွတ်ကို ယူလာတယ်။ နောက်ပြီး သစ်ခေါင်းထဲမှာ တောကြောင်တစ်ကောင် သေပြီး ပုပ်နေတယ်။ အစာရှာရင်း သစ်ခေါင်းထဲ ရောက်လာလို့ မြွေကိုက်သေသွားတာဖြစ်မယ်။ အုပ်နဲ့က အဲဒီတောကြောင်သေရဲ့ အုပ်နဲ့။ အဲဒါကို မင်းက သစ်ပင်က အသံတွေ ထွက်နေတယ်၊ အုပ်နဲ့ထွက်လာတယ်ထင်ပြီး သွေးပျက်သွားတာ"

ဝင်းထိန်က ပြောနေရာမှ နားလိုက်သဖြင့် သိန်းဖေက ဆက်လက် ရှင်းပြလိုက်ပြန်သည်။

"မင်းတွေ့ခဲ့တဲ့ အရိုးတွေက ဒရယ်တစ်ကောင်ရဲ့ အရိုးတွေပဲ။ စပါးကြီးမြွေ ခါချလိုက်တဲ့ အရိုးတွေ"

"ဘာ... ဘယ်လို၊ ဒရယ်တစ်ကောင်ရဲ့ အရိုးတွေကို စပါးကြီးမြွေက ဘယ်လိုခါချလိုက်တာလဲ"

"မင်းက စပါးကြီးမြွေရဲ့ သဘာဝကို မသိတော့ ထင်မိထင်ရာ ထင်ခဲ့တာပေါ့။ စပါးကြီးမြွေတွေဟာ ဘယ်လို သားကောင်မျိုးကိုပဲဖြစ်ဖြစ် မျိုနိုင်တယ်။ မျိုပြီးရင် အဲဒီသားကောင်ရဲ့ ဦးချိုတွေ၊ အရိုးတွေက စပါးကြီးမြွေရဲ့ ခန္ဓာကိုယ်ကို ဖောက်ထွက်နေတယ်။ အဲဒီလိုဖြစ်လာရင် သစ်ပင်ကြီးတွေရဲ့ သစ်ကိုင်းကို အမြီးနဲ့ ရစ်ပတ်ချိတ်ပြီး ဇောက်ထိုးတွဲလောင်းခိုပြီး ခါထုတ်လိုက်တယ်။ စပါးကြီးမြွေရဲ့ ခန္ဓာကိုယ်ကို ဖောက်ထွက်နေတဲ့ အရိုးတွေ လွင့်စဉ်ထွက်ကျသွားတယ်။ အဲဒီအချိန်မှာ စပါးကြီးမြွေရဲ့ ခန္ဓာကိုယ်ဟာ ဘာဇော်ရှာ ဇော်ချက်မှ မရှိတော့ဘဲ ပကတိ အကောင်အတိုင်း ပြန်ဖြစ်သွားတယ်။ အဲဒါ စပါးကြီးမြွေရဲ့ သဘာဝ ဖြစ်စဉ်တွေပဲ။ အဲဒီ စပါးကြီးမြွေကြီးကိုလည်း တို့တွေ့ခဲ့တယ်"

သန်းဖေက ရှင်းပြလိုက်ပြီးနောက် ဦးပြေမောင်က သုံးသပ်ပြောဆိုလိုက်ပြန်သည်။

"တောဆိုတာ လျှို့ဝှက်တယ်၊ ဆန်းကြယ်တယ်။ မာယာများတယ်ဆိုတာကိုသာ ကြားဖူးနေကြပြီး တောရဲ့ သဘာဝတွေကိုလည်း မသိ၊ အတွေ့အကြုံလည်း မရှိ၊ ဆင်ခြင်တုံတရားလည်း မရှိတော့ တစ်ခုခုဖြစ်လိုက်တာနဲ့ တောခြောက်တာ၊ တောမောက်တာ၊ သရဲခြောက်တာလို့ အထင်ရောက်သွားပြီး ထင်မိထင်ရာ ဇွတ်ထင်၊ လုပ်မိလုပ်ရာ ဇွတ်လုပ်တော့ အခု မင်းဖြစ်သလို မဖြစ်သင့်တာ ဖြစ်ရော။ အန္တရာယ်သိပ်ကြီးတယ်။ တကယ်တော့ မင်းက သတ္တိရှိပါတယ်။ ဒါပေမယ့် ဒီရေတောတွေရဲ့ ဖြစ်တတ်တဲ့ သဘာဝတွေကို မသိတော့ ကိုယ့်စိတ်က ကိုယ့်ကို ပြန်ခြောက်တာ ခံလိုက်ရတာ။ အတွေ့အကြုံမရှိတော့ သတ္တိရှိသူလည်း ပြေးရတာပဲ။ ဒါကြောင့် ပင်လယ်သားတွေ အတွက်ကတော့ မင်း အခုလိုဖြစ်တာ ရယ်စရာဖြစ်နေတာပေါ့ကွ"

ထို့နောက် ထွန်းမောင်က ပြန်ပြောလိုက်သည်။

"ဘယ်လိုကိစ္စပဲဖြစ်ဖြစ်၊ သတ္တိရှိရုံနဲ့ မရဘူး။ အတွေ့အကြုံရှိဖို့လည်း လိုသေးတယ်။ ကိုယ် မကျွမ်းကျင်တဲ့ အရပ်ဒေသ၊ ကိုယ် မကျွမ်းကျင်တဲ့ အလုပ်အကိုင်တွေဟာ ကိုယ့်အတွက် အန္တရာယ်ဖြစ်နိုင်တယ်။ မိဘတွေရဲ့ တားမြစ်ပြောဆိုချက်တွေဟာ သားသမီးတွေအတွက် အန္တရာယ်ကို ကာကွယ်ပေးတဲ့ မဟာတံတိုင်းကြီးတွေဖြစ်တယ် ဆိုတာ ကျွန်တော် ကောင်းကောင်း နားလည်သဘောပေါက်ပါပြီ။ သင်ခန်းစာတွေ ရရှိခဲ့သလို၊ ပညာလည်း တော်တော်ရခဲ့ပါပြီ။ ဒါပေမယ့် ရုက်လို့ ရွာပြန်ရောက်ရင် မျက်နှာတောင် ဘယ်သွားထားရမှန်း မသိတော့ဘူး"

အားလုံးက သဘောကျစွာ ရယ်မောလိုက်ကြသည်။ မည်သို့ပင်ဖြစ်စေ၊ ထွန်းမောင်၏ ဖြစ်စဉ်ဖြစ်ရပ်များမှာ မိန်းမလှကျွန်းနှင့် ပတ်ဝန်းကျင်ဒေသများ၏ ဖြစ်ရပ်ဆန်း ဇာတ်လမ်းများစွာထဲမှ ဇာတ်လမ်းတစ်ခုအဖြစ် ပြောစမှတ်တွင်နေခဲ့လေတော့သည် ■

မင်းသစ္စာလှိုင် (ကနုံကန်)

*****

www.burmeseclassic.com



ဂန္ဓာရဆန်းကြယ်

ခုနစ်ရက်သားသမီးများအတွက်

၂၀၁၅-ဩဂုတ်လ

အောင်အတိတ် အောင်နိမိတ်

တံကြမ္ဘာဟောစာတမ်း

သက်နှင်းဆွေ၊ပုပ္ပါး၊

➤တနင်္ဂနွေသားသမီးများ

ဤလတွင် ကတိပေးထားမိရင် ကတိမဖျက်အောင် ဂရုစိုက်ပါ။ စကားအပြောအဆို မမောက်မာမိအောင် ဆင်ခြင်ပါ။ လူကြီးသူမတွေက ချီးမြှင့်မြောက်စားတာ ခံရမယ်။ အသိဉာဏ်ပညာတွေ ပွင့်လင်းမယ်။ ငွေကိစ္စ အဖုအထစ်ဖြစ်တာ စိတ်ဖိစီးရတာလေးတွေ ကြုံမယ်။ သတင်းကောင်း ကြားရမယ်။ မိသားစုကိစ္စမှန်သမျှ နူတ်ဆိတ်ပြီး နေလိုက်ပါ။ အစ အဆင်ပြေသွားပါလိမ့်မယ်။

ယန္တြား။ ။ တန်ခိုးကြီးဘုရားတစ်ဆူကို ကျက်နန်ဖူးမြော်ကြည်ညိုလိုက်ပါ။

ထီကံစမ်းရန်။ ။ (၄၊ ၈) ဂဏန်းများဖြင့် ထီကံစမ်းပါ။ ထီလက်မှတ်တွေကို သေတ္တာထဲ ထည့်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com

➤တနလ်ာသားသမီးများ

သည်လမှာ စိတ်ချမ်းသာစရာတွေ ဆက်တိုက်ကြုံမယ့်အချိန်။ ဟိုဟိုသည်သည် သွားစရာရှိတဲ့ နေရာလေးတွေကို ပေါ့ပေါ့ပါးပါးပဲ သွားလာလုပ်ရှားလိုက်ပါ။ အကြီးအကဲတွေက မျက်နှာသာပေးတာ ခံရချိန်။ အလုပ်အကိုင်အတွက်ရော၊ ဇာတာအတွက်ပါ တိုးတက်မှုအခွင့်ထူးအချို့ ရရှိမယ်။ အပြိုင်အဆိုင်တွေကြားကပဲ တိုးတက်မယ်။ ငွေဝင်မယ်။ ခြေထောက်ကိုက်မယ်။ ဘယ်အနေအထားမှာပဲရှိရှိ ဒီလထဲက စပြီး ဘဝအတွက် ကြီးပွားတိုးတက်ဖို့ အခွင့်အလမ်းတွေ ကြုံတော့မယ်ဆိုတာ ယုံကြည်ထားလိုက်ပေတော့။

ယတြာ။ ။ သွားရင်းလာရင်း ပိုက်ဆံ (၂၀၀)တန်တစ်ရွက်ကို ပုံသကဲ့ ပစ်ချခဲ့ပြီး တွေ့ရှိတဲ့လူ ပျော်ရွှင်ပါစေလို့ မေတ္တာပို့သပေးလိုက်ပါ။

ထီကံစမ်းရန်။ ။ (၆၊ ၁) ဂဏန်းများဖြင့် ထီကံစမ်းပါ။

➤အင်္ဂါသားသမီးများ

ဒီတစ်လအတွင်းမှာ ပစ္စည်းဥစ္စာပြည့်စုံကြွယ်ဝမှုအတွက် အာရုံပြုပေးသင့်ချိန်။ ကိုယ့်မှာ ကောင်းမှုကုသိုလ်ကံတွေ အပြည့်အဝရှိနေတယ်ဆိုတာ ယုံကြည်စိတ်မွေးပေးပါ။ မျက်စိအောင့်မယ်။ ငွေအခက်အခဲနည်းနည်းကြုံမယ်။ ဒါပေမယ့် မုချ ပြေလည်သွားမယ်။ စိတ်ကို ပေါ့ပေါ့ပါးပါးထား။ အစစ စိတ်ရှည် သည်းခံပေးရမယ့်အချိန်။ ဘဝမှာ စီးပွားဥစ္စာဆိုတာ အမှန်တကယ် လိုအပ်တဲ့အရာဆိုတာ ကျကျနနလက်ခံစိတ်မွေးပြီး ကိုယ်လုပ်စရာရှိတာကို စိတ်ပါလက်ပါ လုပ်ပါ။ အကြီးအကဲက ငြိုငြင်တာ၊ ခင်မင်သူတစ်ယောက်နဲ့ အဆင်မပြေတာမျိုးဖြစ်မယ်။ ပြီးတော့လည်း အရာအားလုံး ပြန်ပြီး အဆင်ပြေသွားမှာပါ။

ယတြာ။ ။ တသွင်သွင်စီးဆင်းနေတဲ့ ရေတံခွန်ပုံတစ်ခုကို ကြည့်ပြီး လွတ်လပ်ပေါ်ပေါ်ပါးတဲ့စိတ်နဲ့ ကြည့်ကြည့်လင်လင် ကြည့်ကြည့်နှုန်းနှုန်းလေးဖြစ်အောင် ကိုယ့်စိတ်ကို အားပေးလိုက်ပါ။

ထီကံစမ်းရန်။ ။ မွေးနေ့တွင် (၃၊ ၅) များများပါသော ထီလက်မှတ်ရှာပြီးထိုးပါ။

➤ဗုဒ္ဓဟူးသားသမီးများ

သည်လမှာ သင်က အပြုံးဆိုရင် ကျန်တဲ့လူတွေက အမည်းလို့ ပြောပြီး ဆန့်ကျင်ကြလိမ့်မယ်။ သင့်ဘက်က မှန်ပါတယ်။ သူတို့လည်း မမှားပါဘူး။ ခံယူချက်အမြင်လေးတွေ နည်းနည်းလွဲနေကြတာပါ။ ဒီတော့ ဒီအချိန်မှာ ဘာမှ အတိုက်အခံမလုပ်ဘဲ စိတ်ကို လျှော့ချထားလိုက်ပါ။ လုပ်လက်စ အလုပ်တွေ မပြီးမပြတ်ဖြစ်နေမယ်။ ငွေဝင်ပြီး အဖတ်မတင်ဖြစ်မယ်။ ကံညံ့တာ မဟုတ်ပါဘူး။ လွဲချော်မှုလေးတွေ ဖြစ်နေတာပါ။ စိတ်ထဲ မထားပါနဲ့။ ပေါ့ပေါ့ပါးပါးနေလိုက်ပါ။

ယတြာ။ ။ သင်ကြိုက်တဲ့ သီချင်း များများနားထောင်ရင်း အချိန်ရသလောက် နားလိုက်ပါ။

ထီကံစမ်းရန်။ ။ "၅" နှင့် "၀" ဂဏန်းများဖြင့် ထီကံစမ်းပါ။

➤ကြာသပတေးသားသမီးများ

သည်လက ကိုယ့်ကိုယ်ကို ဦးစွာ အသုံးအပြုရမယ့်အချိန်လေးပါ။ သင်ကိုယ်တိုင်က တရားတစ်ဖက်၊ ဓားတစ်လက် ကျင့်သုံးနေမိတတ်တယ်။ အလုပ်ကိစ္စ၊ ငွေကိစ္စ၊ ခရီးကိစ္စတွေ တိုးတက်မယ်၊ အဆင်ပြေမယ်။ ဒါပေမယ့် တစ်စုံတစ်ယောက်နဲ့ စကားများရတတ်တယ်။ သူများကိစ္စ ဝင်ဖြေရှင်းပေးရတတ်တယ်။ နေတတ်အောင်နေပါ။ ငွေက် အထွန့်ပင့်တယ်။

www.burmeseclassic.com

ထီကဲ့စမ်းထားဖို့ မမေ့ပါနဲ့။ အလှူအတန်းနှစ်ခုပြုနိုင်မယ်။

ယကြာ။ ။ နံနက်အိပ်ရာထ၊ မျက်နှာသစ်ပြီးတာနဲ့ "တရားကို နတ်စောင့်သတဲ့" ဆိုပြီး ခုနစ်ခွန်းပြောလိုက်ပါ။ စိတ်ပါတဲ့နံနက် နှစ်ရက်တိတိပြောလိုက်တာနဲ့ အစစ အဆင်ပြေပြီလို့မှတ်ပါ။

ထီကဲ့စမ်းရန်။ ။ (၆၊ ၃) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

➢သောကြာသားသမီးများ

သည်လမှာ ဘာသာရေးကို နည်းနည်းဖီလုပ်ပေး။ ထူးခြားမယ့် ကာလ။ အိပ်မက်ထူးတွေ မက်မယ်။ ငွေရွှေမယ်။ အိပ်ခန်းထဲမှာ ရှုပ်ပွနေတာတွေရှိရင် ရှင်းထုတ်ပေးပါ။ ကိုယ်စိတ်မပါတဲ့ အလုပ်တာဝန်ကို လက်စသတ်ပစ်လိုက်ပါ။ ပြီးတော့ အရေးမကြီးတဲ့ ကိစ္စလေးတွေနဲ့ စကားများတာ၊ စိတ်ဆိုးဒေါသဖြစ်တာတွေ ရှောင်ပေးပါ။ ကံဇာတာ ကောင်းနေချိန်ပါ။ အစစ အဆင်ပြေမယ်။ ငွေကံကောင်းနေပါတယ်။

ယကြာ။ ။ ဒီရက်ထဲမှာ ဘာပဲစားစား ဘုရားဂုဏ်တော်ကိုးပါးကို တစ်ခေါက်ရွတ်ပွားပူဇော်ပြီး စားပါ။

ထီကဲ့စမ်းရန်။ ။ (၉၊ ၂) ဂဏန်းများဖြင့် ထီကဲ့စမ်းပါ။

➢စနေသားသမီးများ

သည်လမှာ စိတ်မကစားနဲ့။ စိတ်မထွေပြားနဲ့။ အသိအမြင် ဗဟုသုတ တိုးမယ့်အချိန်။ မိဘအကြီးအကဲတွေကို ပြုစုဖေးမခွင့် ကြုံမယ့်အချိန်။ ငွေအခက်အခဲ နည်းနည်းကြုံမယ်။ ပြီးရင် ပြန်အဆင်ပြေမယ်။ ဘာကိစ္စမဆို ကြားလူ ကြားစကား အဖျက်ပေါ်မယ့်အချိန်။ သူများစကား နားမယောင်မိဖို့ သတိပြုသင့်ချိန်ပါ။ စီစဉ်ထားတာတွေ အချိန်ရွှေ့ဆိုင်းရတယ်။ ဘာပဲဖြစ်ဖြစ် အဆင်ပြေသွားမှာပါ။

ယကြာ။ ။ ပန်းသီးနှစ်လုံးကို ဝယ်ပြီး ကိုယ့်ထက် မြင့်မြတ်တယ်လို့ထင်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို ဒါနပြုလိုက်ပါ။

ထီကဲ့စမ်းရန်။ ။ (၆၊ ၅) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

➢ရာဟုသားသမီးများ

သည်လထဲ လုပ်စရာရှိတဲ့ အလုပ်တွေကို သိမ်းကြုံးပြီး လုပ်နေလိုက်ပါ။ ဒီရက်ထဲမှာ ဘာ လူမှုရေးမှ တွေးမနေနဲ့ ဘယ်သူတွေ ဘာလုပ်နေနေ ငဲ့ကြည့်မနေပါနဲ့။ ကိုယ်လုပ်စရာရှိတာကိုသာ စူးစူးစိုက်စိုက် လုပ်နေလိုက်ပါ။ ငွေဝင်မယ်။ စက်ဝင်မယ်။ မြေနဲ့ ပတ်သက်တဲ့ ကောင်းသတင်းကြားရတတ်တယ်။ လူမှုရေးကို မေ့ထားပါဆိုပေမယ့် လူနာသွေး သွားဖြစ်မယ်။ သွားပါ။ အိမ်မှာရော၊ အလုပ်မှာရော ကြီးတဲ့ လူနဲ့ စကားများစရာကြုံမယ်။ သည်းခံပြီး ရှောင်နေလိုက်။ ဒီတစ်ပတ်က နေတတ်အောင်နေရင် အစစအဆင်ပြေမယ်။

ယကြာ။ ။ နှင်းဆီနီနီလေးတစ်ပွင့်ဝယ်ပါ။ ပြီးရင် လေးကြိမ်တိတိ နမ်းရှိုက်ပါ။ ပြီးတာနဲ့ "ပန်းဆိုတာ ပွင့်ပြီးရင် နွမ်းစမြဲပါပဲ" လို့ လေးလေးနက်နက် ဆင်ခြင် နလုံးသွင်းပြီး လွှင့်ပစ်လိုက်ပါ။

ထီကဲ့စမ်းရန်။ ။ (၁၊ ၃) ဂဏန်းတွေနဲ့ ထီကဲ့စမ်းဖို့ လာဘ်ကောင်းနေချိန်ပါ။

*****

www.burmeseclassic.com

www.burmeseclassic.com

သုံးကြွင်းမျှားအကြောင်း သိကောင်းစရာ

သစ္စာဝါဒီ မြတ်စောလင်း

ကျွန်ုပ်သည် ကျိုက္ကစံဘုရား၏ အရှေ့ဘက်မုခ်တွင် ရှိသော ကျွန်ုပ်၏ ဆိုင်ခန်းအမှတ် (၇/၈) ၌ ဗေဒင်ဟောနေသည်။ တစ်နေ့တွင် ကျွန်ုပ်ထံသို့ ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးသော ဗေဒင်ဆရာ ကိုကျော်လင်းတစ်ယောက် ရောက်ရှိလာ၏။ ကိုကျော်လင်းသည် သုံးကြွင်း မဟာဘုတ်ပိုင်ရှင်တစ်ယောက်ဖြစ်သည်။ ရောက်လာသည်ဆိုလျှင်ပဲ သူ ဒီနေ့ ဗေဒင်ဟောခဲ့ရသည့်အကြောင်းကို စတင်၍ ပြောပြလေ ဆာ့သည်။

"ဆရာ မြတ်စောလင်းရေ၊ ဒီနေ့တော့ ကျွန်တော် နှစ်ယောက်ဟောခဲ့ရတယ်ဗျာ။ တစ်ယောက်က နှစ်ထောင့် ငါးရာနဲ့၊ နောက်တစ်ယောက်က နှစ်ထောင်နဲ့။ နှစ်ထောင့် ငါးရာသမားက ဟောကြေးတင်ပဲ ရပါတယ်ဗျာ။ ဟို နှစ်ထောင်သမားကတော့ သူရဲ့ အချစ်ရေးကိစ္စအဆင်ပြေအောင် လုပ်ပေးဖို့အတွက် ကျွန်တော့်ကို ငွေကိုးထောင် ကန်တော့သွားတယ်ဗျ။ ဟောဒီမှာတွေ့လား အားလုံးပေါင်း တစ်သောင်း သုံးထောင်နဲ့ ငါးရာ"

ကျွန်ုပ်သည် ကိုကျော်လင်းမှ တစ်ထောင်တန်များ အထပ်လိုက် ထုတ်ပြသည်ကို တွေ့လိုက်ရ၏။ ထိုသို့ ကိုကျော်လင်းက ကျွန်ုပ်အား သူ ဗေဒင်ဟောခဲ့ရသည့် အကြောင်း၊ ငွေတွေ ရခဲ့သည့်အကြောင်းများကို ပြောနေစဉ်မှာပင် ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးသော စက်ဘီးပစ္စည်း အရောင်းဆိုင်မှ ဦးသန်းလွင်တစ်ယောက်ရောက်လာခဲ့သည်။ ဦးသန်းလွင်ကလည်း သုံးကြွင်းသမားတစ်ယောက်ပင်။

"ဟာ··· ဆရာ ကိုကျော်လင်း၊ ကျုပ်တို့ဘုရားဝင်းထဲမှာ မဟောတော့ဘူးလားဗျ။ အခု ခင်ဗျား ဘယ်မှာ ဟောနေတာလဲဗျ"

"ဟာ···ကိုသန်းလွင်ရေ၊ ကျုပ် အခု ဆူးလေပန်းခြံမှာ ဟောတယ်လေဗျာ။ အခု ဆူးလေပန်းခြံမှာ စ,ဟောတာ တစ်နေ့ကို နှစ်ထောင်၊ သုံးထောင်ဆိုတာ အောက်ထစ်ပဲဗျို့ တစ်ခါတလေ တစ်သောင်းကျော်တောင် ရတဲ့နေ့တွေ ရှိတယ်ဗျ"

ထိုကဲ့သို့ ကိုကျော်လင်းက စက်ဘီးပစ္စည်းဆိုင်ပိုင်ရှင် ဦးသန်းလွင်ကို ပြောလိုက်၏။

"အေးဗျာ၊ ခင်ဗျား အဲဒီလို ဝင်ငွေကောင်းတာ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



လည်း ဝမ်းသာပါတယ်။ ကျုပ်စက်ဘီးပစ္စည်းဆိုင်ကလည်း အင်မတန် ရောင်းကောင်းတာကလားဗျ။ တစ်နေ့ကို ရောင်းကြေး တစ်သိန်းကျော်လောက် ရတာပဲ"

ထိုအခါတွင် တစ်နေရာက ကွမ်းယာရောင်းနေသော ကိုဘတုတ်ဆိုသူကလည်း···

"ဟား··· ကိုသန်းလွင်တို့၊ ဆရာ ကိုကျော်လင်းတို့ ဘာတွေများ ပြောနေကြတာလဲဗျ"

"ဟာ···ဒီလိုပေါ့ဗျာ။ ကျုပ်တို့ရဲ့ လုပ်ငန်းကိုင်ငန်းလေးတွေနဲ့ စီးပွားရေးအခြေအနေကို ပြောနေကြတာပေါ့ဗျာ။ လုပ်ငန်းကောင်းတဲ့အခါ ကောင်းတဲ့ အကြောင်းပေါ့ဗျာ"

ထိုအခါတွင် ကွမ်းယာဆိုင်ပိုင်ရှင် ကိုဘတုတ်က လည်း···

"ဟာ···ဟုတ်တာပေါ့ဗျာ။ အခုဆိုရင် ကျွန်တော့် ကွမ်းယာဆိုင်ကလည်း ကွမ်းယာ ဘယ်လိုရောင်းကောင်းမှန်းကို မသိဘူး။ ရောင်းကောင်းလိုက်တာဗျာ၊ ပြောမနေပါနဲ့တော့။ တစ်နေ့ကို ကွမ်းတစ်ပိသာကုန်တယ်ဗျ။ ရောင်းကြေးက ငါးသောင်းကျော်လောက်ရတယ်ဗျ။ အထွေထွေ ဆေးလိပ်ဖိုးနဲ့ မုန့်ဖိုး အစုံတွက်လိုက်ရင် ရောင်းကြေး ခုနစ်သောင်းကျော် ရှစ်သောင်းလောက် ရတာဗျ"

ကွမ်းယာဆိုင်ပိုင်ရှင် သုံးကြွင်း ကိုဘတုတ်၊ စက်ဘီး ပစ္စည်းဆိုင်ပိုင်ရှင် သုံးကြွင်း ကိုဘသာ၊ ဗေဒင်ဆရာ ကိုကျော်လင်းကလည်း သုံးကြွင်း။ သုံးကြွင်းသုံးယောက်က သူတို့ရဲ့ လုပ်ငန်းတွေ ဖြစ်ထွန်းတာ၊ သူတို့ ငွေကြေးတွေ ရရှိတာ၊ အကျိုးအမြတ်ရရှိတာကို ပြောနေကြသည်။

◈◈◈

ကျွန်ုပ်သည် တစ်နေ့သောအခါ ကိုကျော်လင်းထံသို့ ရောက်သွား၏။ ကျွန်ုပ် အဝေးကနေ လှမ်းကြည့်နေမိ၏။ ကိုကျော်လင်းဆိုင်တွင် လူတစ်ယောက်မှ မေးနေတာ မတွေ့။ ကို ကိုကျော်လင်း၏ဘေးတွင် ရှိနေသည့် ပတ္တမြား ဦးမိုးကြိုး ထံသို့သွား၍ ကျွန်ုပ် မေးမြန်းမိသည်။

"ဗျို့···ဆရာကြီး ဦးမိုးကြိုး၊ ဘယ့်နယ့်လဲဗျ၊ အဆင်ပြေရဲ့လား"

"ဆရာ မြတ်စောလင်းရေ··· အသင့်အတင့်တော့ အလုပ်ဖြစ်ပါတယ်ဗျ"

"ဟား···ဆရာကြီး ဦးမိုးကြိုးကသာ အသင့်အတင့်ပဲ အလုပ်ဖြစ်တယ်ဆိုနေ၊ ကိုကျော်လင်းတို့ကတော့ တစ်နေ့ သုံးလေးထောင်လောက် ရတယ်ဆိုပါလားဗျ"

"တော်စမ်းပါ ဆရာ မြတ်စောလင်းရာ၊ ဒီမောင် ကျော်လင်းအကြောင်း။ တစ်ခါတလေ ထမင်းနပ်မမှန်လို့တောင် ကျုပ်ဆီက ပိုက်ဆံချေးပြီးတော့ ထမင်းဝယ်စားရတယ်။ ပြန်မယ်ဆိုရင် ခရီးစရိတ်တောင်းပြီးမှ ပြန်ရတာ။ တစ်ခါတလေ ခုနစ်ရက်လောက် စျေးဦးမပေါက်တဲ့ နေ့တွေက အများကြီးဗျ"

"ဟာ···ကျုပ်တို့ ကျိုက္ကစံဘုရားထဲ လာပြောတုန်းက တစ်နေ့ကို အနည်းဆုံး နှစ်ထောင်၊ သုံးထောင်ရတယ်ဆိုပါလား"

"ခင်ဗျားကလဲ၊ သူက မဟာဘုတ် သုံးကြွင်းလေဗျာ"

ထိုကဲ့သို့ ဦးမိုးကြိုးက ကျွန်ုပ်ကို ပြောပါ၏။

ကျွန်ုပ်၏ ဟောခန်းရှေ့တွင် ရောင်းနေသော စက်ဘီး ပစ္စည်းဆိုင်ပိုင်ရှင် ဦးသန်းလွင်အား နေ့စဉ် ကျွန်ုပ်ကြည့်နေမိ၏။ သူ့ဆိုင်တွင် လူသုံးယောက်တောင် ထင်ဝယ်တာ မတွေ့ရ။ အဲဒါ ရောင်းကြေး တစ်နေ့ တစ်သိန်းကျော်သတဲ့။

ထိုကဲ့သို့ပင် ကွမ်းယာဆိုင်ပိုင်ရှင်ဖြစ်သော ကိုဘတုတ်က တစ်နေ့ကို ကွမ်းယာတစ်ပိသာတောင် ကုန်သတဲ့ဆိုပါလား။ ရောင်းကြေး ခုနစ်သောင်း ရှစ်သောင်းရတယ်ဆိုပဲ။ ကျွန်ုပ်၏ ရှေ့တွင် မြင်နေရသော ပုဂ္ဂိုလ်များကိုတော့ ကျွန်ုပ်သိနေပါ၏။ ကျွန်ုပ်ရှေ့တွင် မမြင်ရသော ကိုကျော်လင်းအကြောင်းကိုတော့ ပတ္တမြား ဦးမိုးကြိုးမှ ပြောပြ၍ သိရပါ၏။

သြော်···သုံးကြွင်းများသည် ဒီလိုပဲ ပြောတတ်သည်ဆိုတာ ကျွန်ုပ် အခုမှပဲ တွေးရင်း တွေးရင်းနှင့် သဘောပေါက်လာမိသည်။

◈◈◈

ကျွန်ုပ်၏ ဆိုင်နီးချင်းဖြစ်သည့် ပြောက်ဒဂုံရပ်ကွက်၊ "ကိုအောင်ကြည်မင်း" ဆိုသူ သုံးကြွင်းသမားတစ်ယောက် သည်လည်း ကျွန်ုပ်ဆိုင်ရှေ့သို့ရောက်ပြီဆိုလျှင် ပိုက်ဆံများကို ထုတ်၍ရေလေ့ရှိ၏။ မည်သည့်အတွက် သူများမြင်အောင် ပြတတ်သလဲဆိုသည်ကို ကျွန်ုပ်နားလည် သဘောပေါက်လာပါ၏။ နိုင်ငံခြားက ဒေါ်လာနှင့် ဗေဒင်မေးကြောင်း၊ ဖုန်းဟောနေရကြောင်း မကြာခဏပြောတတ်၏။ သို့သော်လည်း သူ၏ဆိုင်ရှေ့ ဆန်ရိုက်အိုးကို သွပ်မမိုးနိုင်၍ ပလတ်စတစ် အကြည်လေးနှင့် မိုးနေရ၏။

ကျွန်ုပ် မန္တလေးသို့ ရောက်နေစဉ်အခါက ဗေဒင်ဆရာ "ကိုယဉ်မင်း" ဆိုသူသည်လည်း တစ်နေ့ဟွင် မန္တလေး

www.burmeseclassic.com

www.burmeseclassic.com

အာနန္ဒာဘုရား၏ အနောက်ဘက်မှခိုလို့ ရောက်လာတတ်၏။ ထိုကဲ့သို့ရောက်လာတိုင်း ကိုယဉ်မင်းသည် မည်သည့်စကား ဏ စတင်၍ပြောသလဲဆိုလျှင်...

"ကျုပ် ရန်ကုန်က ထွက်လာတာဗျာ။ ငွေတစ်သိန်း အိတ်ကပ်ထဲမှာ ထည့်လာတာ၊ အဲဒါ စားတာ သောက်တာနဲ့ ရထားခနဲ့ သုံးလိုက် စွဲလိုက်တာ နှမ်းသောင်းကျော်လောက် ကုန်သွားတယ်"

ထိုကဲ့သို့ သူပြောသည့်အချိန်ကာလတွင် ရထားခ ဏ တစ်ထောင့်ငါးရာသာ ရှိ၏။

"အဲဒီလို သုံးလိုက်တာဗျာ၊ ငွေရှစ်သောင်းကျန် တယ်။ အဲဒါ ရထားက နောက်ကျလို့ ပိုးချုပ်မှ ရောက်တာနဲ့ ဘုတာက အများအပြဲတဲ့ တည်းခိုခန်းမှာ ဝင်အိပ်လိုက်တာ ချာ၊ ငွေရှစ်သောင်း အခိုးခံရလို့ဗျို့"

ဟူ၍ အမြဲတမ်းပြောလေ့ရှိသည်။ အမြဲတမ်းဆိုသည် မှာ များသောအားဖြင့် မိုးတွင်းဘက်ဆိုလျှင် ကိုယဉ်မင်း ဆိုသည့် ဗေဒင်ဆရာကလည်း မန္တလေးတက်သည့်အထဲမှာ ပါတတ်၏။ ထိုသို့ သူ မိုးတွင်းကာလ မန္တလေးရောက်လာပြီ ဆိုလျှင် ရန်ကုန်မှ ငွေ ဘယ်နသိန်းယူလာတယ်၊ လမ်းမှာ ပျောက်သွားတယ်၊ အခိုးခံရတယ် စသည်ဖြင့် အမြဲတမ်း ပြောလေ့ရှိသည်။

သို့ဖြင့် ကျွန်ုပ်က စကားစပ်မိသောအခါ ကိုယဉ်မင်း ကို မေးမိ၏။

"ကိုယဉ်မင်း...မဟာဘုတ် ဘာကြွင်းလဲဗျ"

ထိုအခါ သုံးကြွင်းဆိုတာ သိရပြန်၏။

တစ်ခါတလေတွင် ကိုယဉ်မင်းသည် လွန်စွာပင် အခက်အခဲများ၊ ပြဿနာများနှင့် ရင်ဆိုင်နေရတတ်သည်။ ကိုယဉ်မင်းသည် ထိုကဲ့သို့ ပြဿနာများနှင့် ရင်ဆိုင်နေရ ကြောင်းကိုဖြင့် သိပ်ပြောလေ့ မရှိပေ။

ကံများက ဆုံချင်တော့လည်း ၁၉၉၅ ခုနှစ်မှာ ကျွန်ုပ် ဘေကန်ကို တက်၏။ သူလည်း ဖားကန်သို့ ရောက်လာသည်။ ထိုအခါ ဖားကန်တွင် ရှိနေသော လောပန်းကြီးများကို သူ ဟောနေရသည့်အကြောင်း။ ထိုလောပန်းကြီးများက သူ့ကို ငွေသိန်းချီပေးသည့်အကြောင်း။ အိမ်ကို ဘယ်နှစ်သိန်းပို့ပြီး ပြီဆိုသည့်အကြောင်း စသည်ဖြင့် ကျွန်ုပ်တို့ကို အမြဲတမ်း ပြောလေ့ရှိသည်။

ကျွန်ုပ်နှင့် ချမ်းမြေ့အောင်တို့သည် ဖားကန်၊ လုံးခင်း ကျေးရွာ စက်လေ့ဆိပ်အနီးတွင် ယာယီ ဗေဒင်ခန်းကလေး များ ဖွင့်လှစ်၍ ဗေဒင်ဟောနေသော အချိန်ဖြစ်သည်။ အဲဒီ မှာ ကိုယဉ်မင်းက ရောက်,ရောက်လာပြီး...

"ဟာ...ကျုပ်က ဘယ်လောပန်းအိမ်မှာ တည်းတာ၊ အဲဒီက မနက် တစ်ကြိမ်၊ နေ့လယ် တစ်ကြိမ်၊ ည တစ်ကြိမ် တစ်နေ့ သုံးကြိမ် ကျွန်တော့်ကို သူတို့ကိုယ်တိုင် လက်ဖက် ရည်တိုက်တယ်။ ကျွန်တော် အပြင်ထွက်ရင် သုံးဖို့ အမြဲ တမ်း ငွေငါးထောင်၊ တစ်သောင်းထည့်ပေးထားတယ်။ ကျွန်တော် တစ်ခေါက် နှစ်ခေါက် ပြန်ရင်လည်း ငွေငါးသိန်း၊ ဆယ်သိန်း အနည်းဆုံး ပေးလိုက်တာပဲ"

ဟု ပြောလေ့ရှိသည်။

ဤသို့ဖြင့် ကျွန်ုပ်တို့ ရန်ကုန်ပြန်ရောက်လာသည့်အခါ တွင် ရှေ့ပြည်သာမှာ နေသည့် ကိုယဉ်မင်းတစ်ယောက် ဘယ်လိုနေသလဲဟု သိရအောင် သွားကြည့်သည့်အခါ ဓနိ ပိ။ ထရံကာ သူ့အိမ်ကလေးသည် ပိုင်နေပါ၏။ အိမ်ကလေး ကို မပြင်နိုင်ရှာ။ ကြွေးတွေ တင်နေ၏။ "ဩော်...ကိုယဉ် မင်းရယ်" ဟူ၍သာ ကျွန်ုပ်နှုတ်မှ ရေရွတ်ခြင်းဖြင့်သာလျှင် ပြီးဆုံးခဲ့ရပါ၏။ သူပြောသမျှ စကားများသည် တစ်ခုမှ မဟုတ်ပါလား။

ထိုအကြောင်းများကြောင့် ဤသုံးကြွင်းများ၏ စကား များသည် မှန်ကန်ရာကို မပြောဘဲနှင့် မည်သည့်အတွက် ကြောင့် မှားယွင်းနေရပါသနည်းဆိုသည့်အကြောင်း မဟာ ဘုတ်ပညာ၏ လျှို့ဝှက်ချက်ကို ကျွန်ုပ် စဉ်းစားကြည့်မိပါ၏။

သောကြာမရထာ - စကား ချူချာပျော့ညံ့၊ အကြွား သည်းမခံ၊ စကားကြီးစကားကျယ်ပြော၊ စကားနှင့် အနိုင်ကျင့်ခြင်း။



စိတ်ဘင် အပျက် မတည်ငြိမ် လူပ်ရှားပြောင်းလွဲ

သုံးကြွင်း မဟာဘုတ်ကို ထူထိုက်သည့်အခါတွင် စ၌ သူ၊ ကြီး၊ ပွဲ၊ အောင်၊ လံ၊ ထူ ဟုဆို၍ ထူရသည်။ ဤအခါ စကားဆိုသည့် ပရိယာယ်ကို ပိုင်ဆိုင်သော သေးကြွင်ဂြိုဟ်

www.burmeseclassic.com

သည် မရဏဆိုသည့် ချုပ်ချာ၊ ပျောည့်၊ သည်းမခံဆိုသော နေရာတွင် ရောက်ရှိနေကြောင်း တွေ့ရ၏။ ထို့ကြောင့် သူ၏ စကားများသည် မမှန်ကန်သည့် သဘောတရားများကို ပြနေ၏။ တစ်ခါတစ်ရံ အလွန်အမင်းကြွားသည့် စကားများကို ပြော၏။ တစ်ခါတစ်ရံ ပြက်ရယ်ပြုသော စကားများကို ပြောတတ်၏။ ရွှတ်ရွှတ်နောက်နောက် ရယ်မောဖွယ် စကားများ၊ ဟီရိသြတပ္ပ-ရှက်ခြင်း၊ ကြောက်ခြင်း ကင်းသော စကားများကို ပြောဆိုတတ်၏။ စိတ်အပျက်ဖြစ်၍ စိတ်နှစ်။ မပြောပလောက်သော ကိစ္စလေးနှင့် စိတ်ကောက်တတ်၏။ မခေါ်မပြောလုပ်နေတတ်၏။

ထိုသို့ သူ ပြုမူပြောဆိုသော အချက်များအပေါ် တစ်ဖက်လူက ဝေဖန်လိုက်လျှင် သည်းမခံနိုင်။ သူပြောသည့် စကားနှင့် ပတ်သက်၍ ဝေဖန်သံကို သည်းမခံနိုင်သည့် အတွက် ပြန်၍ ရန်ပြုသော စကားများကို သူပြောလိမ့်မည်။ ထိုသို့ဖြင့် မဟာဘုတ်ပညာ၏ အဆိုအဓိပ္ပာယ်နှင့် လျှို့ဝှက်နက်နဲသော သဘောတရားများကို တွေ့ရပါ၏။ ဩော်...ဒါကြောင့်လည်း သူတို့ ဒီလိုပြုလုပ်တာပါလားဆိုသည့်အချက်ကို သိရပါ၏။

ယိုအခါ သုံးကြွင်းလည်း ဖြစ်မည်၊ ပုတိ, ဘင်္ဂ, မရဏ ဆိုသည့်နေရာတွင်ရှိသော အဖွားတွေလည်း ဖြစ်မည်ဆိုလျှင်တော့ အဆိုးအကောင်းဟူ၍ နှစ်မျိုးရှိသည့်အနက် အဆိုးဘက်သို့ ပိုသွားနိုင်လေသည်။ တနည်းသားဖြစ်မည်၊ ကြာသပတေးသားဖြစ်မည်၊ တနင်္ဂနွေသားဖြစ်မည်ဆိုလျှင်တော့ အကောင်းဘက်ကိုလည်း ပါသွားနိုင်စရာ အကြောင်းရှိပါ၏။ မဟာဘုတ်အိမ်၏ ပရိယာယ်များနှင့် ပေါင်းစပ်သည့်အခါတွင် အကြွင်းတွေ တူနေကြသော်လည်း တစ်ယောက်နှင့် တစ်ယောက် ကြွားပုံချင်းတော့ မတူညီကြပေ။

ဦးသန်းလွင်၊ ကိုဘတုတ်၊ ကိုကျော်လင်း၊ ကိုယဉ်မင်း စသည့် သုံးကြွင်းများသည် ငွေကြေးနှင့် ပတ်သက်၍သာ ကြွားကြခြင်းဖြစ်ပါသည်။ ထိုအထဲတွင် ကျွန်ုပ်၏ တပည့်တစ်ယောက်လည်း အပါအဝင်ဖြစ်၏။ သူကတော့ ပညာနှင့် ကြွားပါ၏။ ငွေနှင့် မကြွား။

သူမှာ ငွေရှိသည့်အကြောင်း၊ ငွေကြေးပြည့်စုံသည့် အကြောင်း ကြွားပြီးတော့မှ သူတစ်ဖက်သားကို ဟန်ဆောင်ပြီး လက်ဖက်ရည် မတိုက်တတ်။ မရှိလျှင် မရှိဘူးဟူ၍ ပွင့်ပွင့်လင်းလင်းပြောပြီးတော့မှ ထိုလူ့ဆီမှ လက်ဖက်ရည်ကို သောက်တတ်၏။ ရှိရင်လည်း ကျုပ်မှာ ပိုက်ဆံရှိတယ်ဆိုပြီး တိုက်တတ်ပါ၏။ သူကြွားပုံကတော့ သူ ဘယ်သူ့ကို ယတြာလုပ်ပေးလိုက်တာ ဘယ်လိုအောင်မြင်သွားတယ်။ ဗေဒင်ကို ဟောလိုက်တာ ဘယ်လိုမှန်တာပဲ စသည်ဖြင့် သူ မှန်ကန်တာတွေ၊ သူတတ်ကျွမ်းတာတွေ၊ သူလုပ်ပေးလို့ အောင်မြင်သွားတာတွေကို ပြောတတ်သည်။ ဘိုးတော် မဟုတ်ဘဲနှင့် ဘိုးတော်ယောင်ဆောင်တတ်၏။

ထိုတပည့်၏ ဖိတ်ဆွေတစ်ယောက်ဖြစ်သည့် ဆရာကိုမင်းနိုင်ကျတော့ သူက လောကဓံ၏ ဗဟုသုတများကို တတ်ကျွမ်းတာ၊ သိတာ၊ နားလည်တာတွေနှင့် လူအများကို ဆရာကြီးလုပ်၏။ ပါပြင်၏။ ဩဝါဒများ ပေး၏။ စကားနှင့် ကြွားခြင်းပင်။

ထို့ကြောင့် သုံးကြွင်းများသည် ကြွားတတ်ကြ၏။ သို့သော် တစ်ဦးက ငွေကြေးနှင့် ကြွား၏။ တစ်ဦးက ပညာနှင့် ကြွား၏။ တစ်ဦးက စကားနှင့် ကြွား၏။ နောက်တစ်ဦးကတော့ ဂုဏ်သိက္ခာတွေနှင့် ကြွား၏။ ဤသို့ဖြင့် တစ်ယောက်ရဲ့ စရိုက်လက္ခဏာနှင့် သဘောထား ခံယူချက်ချင်း ကွဲလွဲသွားကြသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

သုံးကြွင်းများသည် စကားကြောင့် စိန်ရေသင့်၍ ကြီးထိုက်တတ်ကြ၏။ ထိုက်ကြောင့် အိမ်ထောင်ရေး၊ စီးပွားရေး၊ ကျန်းမာရေးကို ထိခိုက်တတ်၏။ မိဘဆရာသမား ကျေးဇူးရှင်တို့ကို အပြစ်ပြော၍ အများဆုံး စိန်ရေသင့်ခံရသူ များ၏။

ထို့ကြောင့် သုံးကြွင်းများ ချမ်းသာချင်လျှင်၊ ကျန်းမာရေး ကောင်းချင်လျှင်၊ အိမ်ထောင်ရေး သာယာချင်လျှင် စကားနည်းပါ။ နည်းလျှင် တိုးတက်အောင်မြင်မှု များမည်ဖြစ်၏။ စိတ်ကို နိုင်အောင် ထိန်းပါ။ ဆုံးဖြတ်ချက်ပေါ်တွင် ခိုင်မာစွာ ရပ်တည်၍ အကောင်အထည်ဖော်ပါ။ သုံးကြွင်းတော်တော်များများသည် ဆုံးဖြတ်ချက်ကို အလွယ်တကူနှင့် အကြောင်းပြချက်ပေးပြီး ပြင်တတ်ကြ၏။ မိန်းကလေး သုံးကြွင်း စိတ်မနိုင်လျှင် လင်များ၏။ ငယ်ငယ်နှင့် အပျိုကြီးပျက်၏။ အသက်ကြီး အိမ်ထောင်ရှင်တို့၏ အနိုင်ကျင့်ခြင်းကို ခံရတတ်၏။

ထို့ကြောင့် "သုံးကြွင်းအကြောင်း သိကောင်းစရာ" ဟူသော ဂျွှဲဆောင်းပါးဖြင့် စာဖတ်ပရိသတ်အား အကျိုးရှိစေရန် ရေးသားတင်ပြလိုက်ရပါသတည်း ■

သစ္စာဝါဒီ ဆရာ မြတ်အောင်

www.burmeseclassic.com

www.burmeseclassic.com

ထားဝယ်မိုင်းရွက်
ဆေးစွမ်းထက်

ဇိုလ်ကျော်(ဟသံတ)

တစ်နေ့တွင် အနိုပ်သည် ဒေါ်ခင်လှိုင်တစ်ယောက် လက်ထဲတွင် ဟင်းရွက်ထုပ်လေးဖြင့် စာရေးသူ၏ ဇနီးထံသို့ ဝင်လာခဲ့သည်။ စာရေးသူသည် ၂၀၁၅ ဖေဖော်ဝါရီလထုတ် ကွန်ရက်ဆန်းကြယ်မဂ္ဂဇင်းစာအုပ်ကို ဖတ်နေစဉ် ဒေါ်ခင်လှိုင်က...

"ဇိုလ်ကျော်...ကျွန်မ ခူးလာတဲ့ ဟောဒီ ဟင်းရွက်ကို သိသလား"

ဟု မေးပါသည်။ စာရေးသူကလည်း ဒေါ်ခင်လှိုင် လက်ထဲမှ ဟင်းရွက်ကို သေချာစွာ ကြည့်ပြီး...

"မြင်တော့ မြင်ဖူးတယ်ဗျ။ နာမည်တော့ မသိဘူး"

ဟု ဆိုသောအခါ ဒေါ်ခင်လှိုင်က ရယ်ရွှင်စွာဖြင့်...

"ဇိုလ်ကျော်က စာရေးဆရာဆိုတော့ ဒီဟင်းရွက်တွေကို ပြချင်တာနဲ့ ဝင်လာခဲ့တာ။ ထားဝယ်မိုင်းရွက်လို့ ခေါ်တယ်။ ဆေးဖက်ဝင်တယ်။ ဆေးနည်းတိုထဲမှာလည်း အသုံးဝင်တယ်လေ"

ဟု ပြောသောအခါ စာရေးသူက ထိုထားဝယ်မိုင်းရွက်တွေကို သေချာစွာကြည့်ပြီး -

"ကဲ...ဆေးနည်းအသုံးဝင်ပုံလေးကိုလည်း ပြောပြပါဦးဗျာ။ ကျွန်တော့်မိန်းမက အကြောတွေတက်လို့ ခင်ဗျားကို မျှော်နေတာနဲ့ အတော်ပဲ"

"ဒီ ထားဝယ်မိုင်းရွက်တွေကို ရေစင်အောင်ဆေးပြီး ကတ်ကြေးနဲ့ အနေတော်ဖြစ်အောင် ဖြတ်၊ ရေနွေးနဲ့ နွမ်းရဲ့လေး ဖျော်ပြီး ဆယ်ထား။ ရေစစ်ထားပြီးလျှင် ဆီသတ်ပြီး သား ကြက်သွန်နီ၊ ကြက်သွန်ဖြူကို ထည့်၊ ပဲမှန့်၊ အချိုမှန့်၊ ငံပြာရည်အနေတော်ထည့်ပြီး သုပ်ပေါ့။ ထမင်းနဲ့ စားလျှင် မြင်းခွာရွက်ဟင်းချိုနဲ့ဆို အလိုက်ဆုံးပဲ။ ကလေးများအတွက် ဝမ်းကိုက်ရောဂါဖြစ်လျှင် ထားဝယ်မိုင်းရွက်ကို သုပ်ကျွေး။ နှစ်ရက်နဲ့ လေနဲ့ ဝမ်းညီမျှပြီး ဝမ်းကိုက်ရောဂါပျောက်ပါတယ်။ လူကြီးတွေအတွက်ကတော့ ထားဝယ်မိုင်းရွက်ကို ရေနွေးနဲ့ နွမ်းရဲ့လေး ဖျော်ပြီး၊ ငါးပိ တို့စရာအဖြစ်လည်း စားသုံးနိုင်သလို၊ ပုစွန်ခြောက်အနေတော်ထည့်ပြီး စောစောက အသုပ်ပြုလုပ်ပုံအတိုင်း ပြုလုပ်ပြီး စားလျှင်လည်း ၃ရက် အတွင်း ဝမ်းကိုက်ရောဂါပျောက်ပါတယ်။ အစာလည်း ဆေး ဆေးလည်း အစာပေါ့။ တစ်ခုတော့ ဇိုလ်ကျော်ကို သတိပေးရဦးမယ်။ အသုပ်သုပ်တဲ့နေရာမှာ မြေပဲကို မထည့်ပါနဲ့။ မြေပဲက ဝမ်းကိုက်ရောဂါပိုးကို အားပေးသလို၊ ဝမ်းနှုးလွယ်ပါတယ်။ ကျွန်မအိမ်က သားတစ်ယောက် ဝမ်းကိုက်နေလို့ ကျွန်မ ခူးလာပြီး သုပ်ကျွေးမလို့ပါ။ ကျွန်မတို့ အမြဲသုံးနေကျ ဆေးနည်းတစ်လက်ပါ"

ဟု ဒေးခင်လှိုင်က ပြောပြီး စာရေးသူ၏ ဇနီးထံသို့ အီနှင်းအနိုပ်ပြုလုပ်ပေးရန် သွားလေတော့သည်။

စာရေးသူကလည်း ဆေးဆောင်းပါးရေးရန် ကုန်ကြမ်းရခဲ့သဖြင့် ကွန်ရက်ဆန်းကြယ် ပရိသတ်ကြီးအတွက် ထားဝယ်မိုင်းရွက် ဆေးစွမ်းထက်)ဟူသော ခေါင်းစီးဖြင့် ရေးသားပို့လိုက်ရပါတော့သည်။

အာရောဂျ ပရမံ လာဘံ
ဇိုလ်ကျော် (ဟသံတ)

*****

www.burmeseclassic.com

အသည်းကြီးရောဂါများအတွက် သောက်ဆေး

■ ဆရာဝေယံဦး

စာရေးသူသည် ရန်ကင်းတိုက်ခန်းရှေ့က ဗေဒင်ဟောခန်းတွင် ၂၀၁၃ ခု၊ မတ်လထုတ် ဂျွန်ရဆန်းကြယ်မဂ္ဂဇင်းကို စိတ်ဝင်တစားဖတ်နေစဉ်...

"ဆရာ...ဆရာ"

"ဟာ...လိုင်ဖြူးဝေပါလား၊ လာ...သမီးလာ"

"ဆရာကော နေကောင်းလား။ မတွေ့တာ အတော်ကြာပြီ"

"အခုတော့ နေကောင်းပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၂၄ရက်က ဆေးရုံတက်လိုက်ရသေးတယ်။ အူကျလို့ သမီးရဲ့"

"ဟုတ်လား၊ ဆရာရယ် ဖုန်းဆက်လိုက်ပါတော့လား။ ဖုန်းနံပါတ်တွေလည်း ပေးထားတယ်။ အခုရော သက်သာလား"

www.burmeseclassic.com

www.burmeseclassic.com

"သက်သာပါတယ်။ ဒီဇင်ဘာ ၂၄ရက်နေ့က ဆေးရုံတက်ပြီး ၂၆ရက်နေ့မှာ ခွဲစိတ်တယ်။ အခုပဲ ဇန်နဝါရီလလယ် ရောက်နေပြီ။ ကောင်းသွားပြီ သမီးရဲ့။ သမီးဖုန်းနံပါတ်ရေးထားတဲ့ စာရွက်လည်း ဘယ်စာအုပ်ထဲ ညှပ်မိလဲ မသိဘူး"

"ဆရာကတော့လေ သိပ်နမောနမဲ့နိုင်တာပဲ။ ကိုယ့်တယ်ဲ့ ဖုန်းနံပါတ်ကို မှတ်စုစာအုပ်မှာ ရေးမှတ်ပါတော့လား"

စာရေးသူက ရယ်မောနေမိသည်။

"ဆရာက ရယ်နေ။ ဆရာသာ ဖုန်းဆက်လိုက်၊ သမီး ရောက်အောင်လာမယ်။ ခန္ဓာကိုယ်အောက်ပိုင်းတွေ လေးတယ်ဆိုလို့ လေဖြတ်မှာတောင် ဝိုးရိမ်မိသေးတယ်။ အသက်က ၆၀ ကျော်ပြီ။ ရေချိုးလည်း ဆင်ခြင်ဦး"

"သမီးက ဆရာ့ကို ကလေးများ ထင်နေသလား"

"အသက်ကြီးသူတွေက ပြောရခက်တယ်။ အထူးသဖြင့် ဆရာလုပ်သူတွေက ပိုဆိုးသေး။ ပြောလိုက်ရင် ငါသိပါတယ်၊ ဆရာမလုပ်နဲ့ဆိုတာက ရှိသေးတယ်။ ပြီးရင် မတည့်တာတွေ စား။ အအေးခံ၊ ရေချိုးလည်း မဆင်ခြင်၊ ပြီးတော့..."

"မယ်မင်းကြီးမရယ်...တော်ပါတော့။ သမီးစကားကို နားထောင်ပါ့မယ်၊ ဟုတ်ပြီလား"

"ဒါနဲ့ ဆရာက ဘယ်ဆေးရုံမှာ တက်တာလဲ"

"သံဃာ့ဆေးရုံမှာပါ။ မခွဲစိတ်ခင် ဓာတ်မှန်ရိုက်၊ သွေးနဲ့ ဆီးကို စစ်၊ အီးစီဂျီဆိုလား။ အဲဒါလည်း ရိုက်ရသေးတယ်။ အားလုံး အိုကေပဲ"

"တော်သေးတာပေါ့။ ဆရာ့ကို လူနာစောင့်သူရော ရှိလား"

"ဆရာညီမ သင်းသင်းအေးရဲ့ ခင်ပွန်းဆိုပါတော့။ ကိုကြည်စိုးက လူနာစောင့်ပေးတယ်။ သူရှိလို့ တော်သေးတာ။ ခွဲစိတ်ပြီး အိပ်ရာထဲမှာ ဟက်လက်ပဲ။ ဘာမှ မလုပ်နိုင်ဘူး"

"တော်သေးတာပေါ့၊ သမီးသာရှိရင်..."

"ကဲ...တော်ပါတော့။ ဒါနဲ့ သမီးက ဘယ်က လှည့်လာတာလဲ"

"သမီးသူငယ်ချင်းရဲ့ အမေလေ၊ နေမကောင်းလို့ လူနာသတင်းသွားမေးတာ"

"သမီး လူနာသွားမေးတဲ့သူက ဘာရောဂါလဲ"

"အသည်းကြီးတဲ့ ရောဂါလို့ ပြောတာပဲ။ ဘာဖြစ်လို့လဲ ဆရာ"

"ဆရာတော် ရှင်ဆောကိန္ဒရဲ့ တရားခွေမှာ ဘုရားရှင်ရဲ့ တရားတော်ကို ဘုရားရှင်ရဲ့ ဆေးတော်နဲ့ နှိုင်းဟောတယ်။ စကားစပ်ရင်း အသည်းကြီးရောဂါပျောက်ဆေးအကြောင်း ပြောတယ်။ ဘီဝိုး။ စီဝိုးလည်း ပါတယ်။ အဲဒီဆေးနည်းယူမလား"

"ဟာ...ဟုတ်လား။ သိချင်တယ် ဆရာ"

"ဒါမျိုးတော့ သိချင်တယ်။ တရားတော့ မနာချင်ဘူးပေါ့ ဟုတ်လား"

"မဟုတ်ပါဘူး ဆရာရယ်။ ခုနက ဆရာပြောတဲ့ တရားခွေကို ဖွင့်ပါလား။ တရားနာပြီး ပြန်ပေးမယ်။ အသည်းကြီးတဲ့ ရောဂါပျောက်ဆေးလည်း ပြောပြဦး"

"အဲဒီတရားခွေထဲမှာ ရှိတယ်လေ"

"ဆရာကလည်းနော်၊ သိချင်လို့ မေးနေတဲ့ဟာကို ပြောပြပါ"

"လောကမှာ ဆေးဖက်ဝင်တဲ့ သစ်ပင်၊ သစ်မြစ်၊ သစ်ဖုစတဲ့ ဆေးဖက်ဝင်တွေ ရှိတယ်။ ကိုယ်က မသိလို့သာ နေမယ်။ ဘုရားရှင်လက်ထက်က ဆေးဆရာကြီး ဇီဝက, ကပြောတယ်။ လောကမှာ သစ်ပင်တိုင်းဟာ ဆေးဖက်ဝင်တာချည်းပဲတဲ့။ ဆေးဖက်မဝင်တဲ့ သစ်ပင်ဆိုတာ မရှိဘူးတဲ့။ တရုတ်စကားအနှီပွင့်ဆိုတာကို မြင်ဖူးလား။ အပွင့်က အဖြူတို့၊ အနီတို့ ရှိတာလေ။ အခု အသည်းရောဂါပျောက်ဖို့က တရုတ်စကားအနီပွင့်,ပွင့်တဲ့ သစ်ပင်ကို ပြောတာ။ မြင်ဖူးလား"

"မြင်ဖူးပါတယ် ဆရာရယ်။ သမီးတို့ရပ်ကွက်ထဲမှာ ရှိပါတယ်။ အနီရော၊ အဖြူရောပဲ။ ရေနွေးဖျော်ပြီး တိုက်ရင် သိပ်ကောင်းတယ်။ ဝမ်းသွားတယ် ဆရာ"

"အေး၊ ဟုတ်တယ်။ အဲဒီ တရုတ်စကားအနီပွင့်တဲ့ သစ်ပင်က အခေါက်ကို ယူမယ်။ ပင်စည်က ဖြစ်စေ၊ အကိုင်းက ဖြစ်စေ၊ သုံးလို့ရတယ်။ အဲဒါကို ဆရာတော်က မြေကြီးနဲ့ ကပ်နေတဲ့ အခေါက်ကို ခွာပြီး ဆန်ဆေးရည်နဲ့ လေးသောက်တယ်။ ကြက်ဥအရွယ်အစားရှိတဲ့ ဖန်ခွက်နဲ့ လက်သုံးလုံး၊ လေးလုံးခန့် သောက်ရတယ်။ ဝမ်းသွားတယ်။ စိတ်မပူနဲ့။ ရေနွေးနဲ့ ရေချိုးဖို့ မမှေးနဲ့။ အချို့ တစ်ခွက်တည်းနဲ့ ပျောက်တာ ရှိတယ်"

အသည်းကြီးရောဂါရှင်များ၊ ဘီဝိုး, စီဝိုးဖြစ်နေသော ရောဂါရှင်များ လေ့လာမှတ်သား ဆောင်ရွက်နိုင်စေရန် ထပ်ဆင့် တင်ပြလိုက်ရပါသည် ■

ကျန်းမာ ချမ်းသာကြပါစေ

ဆရာ ဝေယံဦး

www.burmeseclassic.com

တောင်ဝှေးယတြာ

■ မောင်ကျော်(ရဟန္တာ-၈၀)

မိတ်ဆွေတစ်ယောက်က ပို့လိုက်သော ဩဇာကိုင်းကြီးမှာ ကျွန်ုပ်၏ တစ်ရပ်ကျော်ကျော်လောက် ရှိ၏။ ထို့ကြောင့် ကျွန်ုပ်လည်း အရပ်နှင့်တိုင်းကာ စားဖြင့် တိတိရိရိ ပြတ်အောင် ဖြတ်ယူလိုက်ပါ၏။ ပြီးသည်နှင့် အရင်းမှ အဖျားတိုင်အောင် အချောသပ်လိုက်၏။ ချောပြီးသည်နှင့် အဝတ်စသန့်သန့်တစ်ထည်ဖြင့် ပွတ်သပ်လိုက်ပါ၏။

ထို့နောက် ဩဇာကိုင်းအား အရင်း, အဖျားကြည့်၍ အရင်းဘက်မှ စ,ကာ ခဲတံဖြင့် စာရေးရန် ဟန်ပြင်လိုက်၏။ စိတ်ထဲတွင်လည်း ဩဇာကိုင်းကို တောင်ဝှေးတစ်ချောင်းဖြစ် သွားပြီဟု ယုံယုံကြည်ကြည် သတ်မှတ်လိုက်၏။

ပြီးနောက် အရင်းဘက်မှ အဖျားဘက်ဆီသို့ စာရေးလိုက်ပါ၏။ အားလုံးပြီးသည်နှင့် ဘုရားကျောင်းဆောင်အနီးတွင် ထောင်၍ထားလိုက်၏။ ထိုအချိန်တွင် ကျွန်ုပ်လုပ်နေသမျှအား အစအဆုံးလိုက်၍ ကြည့်နေသော ကျွန်တော်၏ ယောက်ဖ(ဇနီး၏ မောင်)က...

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီ သြဇာတိုင်းကို ဘာလုပ်မလို့လဲ အစ်ကို"
ဟူ၍ မေးလာလေ၏။
"ယတြာချေဖို့ ဆိုပါတော့ကွာ"
"ဘယ်သူ့အတွက်လဲ အစ်ကို"
"ငါ့အတွက်"
ကျွန်ုပ်စကားကြောင့် ယောက်ဖသည် ကျွန်ုပ်အား ကြောင်ပြီး ကြည့်နေလေ၏။ ထို့ကြောင့် ကျွန်ုပ်က···
"မင်းက မယုံလို့လား။ တကယ် ငါ့အတွက်"
ဟူ၍ ထပ်ပြောလိုက်ရ၏။
"ဒါဆိုရင် သြဇာဆိုတော့ အစ်ကိုက တနလ်ာသား ဖြစ်လေတော့ အမြစ်အညွှန့်ပေါ့နော်"
"မင်းက ဘယ်ဆိုးလို့တုန်း"
"ဘာအတွက်လဲ၊ ဘာကြောင့် ဒီလိုလုပ်ပြီး နေသင့်သလဲဆိုတာ ကျွန်တော့်ကို ရှင်းပြပေးပါလား"
ကျွန်ုပ်၏ ယောက်ဖသည် ငယ်စဉ်ကတည်းက ဗေဒင်ကို ဝါသနာပါသူဖြစ်၏။ ဗေဒင်ဆရာလုပ်မည်ဟုပင် ကြိမ်းဝါးဖူး၏။ ထို့ကြောင့်လည်း ကျွန်ုပ်က သူ့ကို စပ်စုခွင့်ပေးထားသောကြောင့် စပ်စုနေခြင်းပင်။
"ဒီယတြာကို တောင်ဝှေးယတြာလို့ အမည်ပေးမယ်ကွာ။ တောင်ဝှေးအလှူပြုနေတဲ့ နည်းဖြစ်လို့ ဆိုပါတော့။ ဂြိုဟ်အိပ်၊ ဂြိုဟ်စား၊ ဂြိုဟ်သက်ရောက် အညှဉ်ပိုင်းရောက် နေသူတွေ လုပ်သင့်တဲ့ ယတြာပဲ။ ဒီယတြာနည်းလမ်းက ယုံယုံကြည်ကြည်လုပ်ရင် ရောဂါအန္တရာယ် ပ,ပျောက်တယ်။ လောကီရေးမှာ အပွင့်အလန်းကောင်းတယ်။ အဲဒီ နှစ်ပိုင်းရဲ့ အညှဉ်တွေကို ကာကွယ်ပေးတယ်။ ကဲ···နည်းလမ်းပြောပြမယ်။
"အမြစ်၊ အညွှန့် မတွန့်စေရ" ဆိုတဲ့ သဘောသွားအရ ဖြစ်တယ်။ မိမိတို့ရဲ့ နေ့နံအလိုက် ဘုရားကို ရည်မှန်းပြီး တောင်ဝှေးတစ်ချောင်းလျှဖါးခြင်းနဲ့ ဆိုင်ရာ ဘောဇဉ်တွေ ဆက်ကပ်လှူဖါးခြင်းပဲ ဖြစ်တယ်။ ဥပမာတစ်ခုပြောမယ်။ တနင်္ဂနွေသားသမီးတစ်ယောက်အတွက် ဆိုပါတော့။
* အမြစ်နံအတွက် စနေနံ
* အညွှန့်နံအတွက် တနလ်ာနံ
အဲဒီ နှစ်နံတွဲစပ်ရင် ထောက်-ကြိုသားရမယ်။ ဒါကြောင့် ထောက်ကြိုသားကို သူတဲ့စရပ်တိုင်းပြုတ်။ အချောသပ်။ တောင်ဝှေးတစ်ချောင်းလို့ စိတ်မှာမှတ်။ ပြီးရင် တောင်ဝှေးအရင်းကနေ အဖျားဘက်ကို စာနှစ်ကြောင်းရေး။
* ရောဂါအန္တရာယ်ကင်းရှင်းစေ။
* ကြီးပွားချမ်းသာ အောင်မြင်ရပါစေလို့ ဆုတောင်းရမယ်။
ဒါဆိုရင် ပြီပြီ။ အဲဒီတော့မှ ဘုရားတစ်ဆူဆူရဲ့ ထာဝယာဘက်မှ အရင်းကို အောက်ဘက်ထား အဆွဲကို အပေါ်ထားပြီး ထောင်လျက် လှူဒါန်းရမယ်။ လိုရာ ဆုတောင်းရမယ်။ ပြီးရင် အမြစ်ဂြိုဟ်(စနေ)နံသင့် ထန်းလျက် သင့်ရဲ့ အညွှန့်ဂြိုဟ် (တနလ်ာ)နံသင့် ကြံပန်းခိုင် သင့်ရဲ့ကိုပါ ဆက်ကပ်လှူဒါန်းရမယ်။ အဲ···ပြီးရင် ဆိုင်ရာ ကံပွင့်ဂါထာကို တတ်နိုင်သရွေ့ ရွတ်ပွားရမယ်။ အဲဒီနည်းလမ်းကို မွေးနေ့မနက်ပိုင်း လုပ်ရမယ်။
ကျွန်တဲ့ နေ့နံသားသမီးတွေအတွက်ပါ တစ်ပါတည်း ရှင်းသွားအောင် ဇယားနဲ့ ပြပေးမယ်။"

တနလ်ာသားသမီး	သြဇာသား	အုန်းဆန့်၊ အုန်းဆွမ်း၊ ဆီးယိုလှူ
အင်္ဂါသားသမီး	ခရေသား	ကြံရည်၊ လမုန့်လှူ
ဗုဒ္ဓဟူးသားသမီး	စိမ်းပန်းသား	ဆီးသီး၊ ဆီထမင်း၊ ပျားရည်၊ ပေါက်ပေါက်လှူ
ကြာသပတေးသားသမီး	လောက်သေသား	ယိုမျိုးစုံ၊ သစ်သီးဟင်းမျိုးလှူ
သောကြာသားသမီး	ပိတောက်သား	ပျားရည်၊ ပေါက်ပေါက်၊ ပိန္နဲသီး၊ ထန်းလျက်လှူ
စနေသားသမီး	သစ်အယ်	သစ်သီးမျိုးစုံ၊ အုန်းသီးဖိတ်လှူ

မှတ်ချက်။ တနင်္ဂနွေသားသမီးဥပမာအတိုင်းလုပ်ရန်။

ဂါထာ

ဇယစက္ကော ဇယန္တောယော၊ ဇယိတမ္မေ ဇယာသနေ။
ဇယာပေသီ ဇယေသိန်၊ ဇယံ ဒေတု ဇယုတ္တရော။

ကျွန်ုပ်ရေးဆွဲပေးထားသော ဇယားကွက်ကို ယူပြီး ထွက်သွားသော ယောက်ဖအား ကြည့်၍ ကျွန်ုပ်သည် ပြုံးနေလိုက်မိပါတော့သည်။

မောင်ကျော် (ရဟန္တာ ၈၀)

www.burmeseclassic.com

www.burmeseclassic.com

ဆန်းဝင်း

"ပဲ...အဲ...အဲ...ပဲ...အဲ"

ဆိတ် (၁၂)ကောင်အား တောင်

ခြေတွင် မြက်ကောင်းသောကြောင့်

မောင်းထားပြီး ညသျှစ်ပင်လေး ရစ်ဝှက်

အား လေးခွနှင့် ပစ်ရင်း ချိန်နေသော

ဆိတ်ကျောင်းသား ဟာတီးသည် ဆိတ်

www.burmeseclassic.com

www.burmeseclassic.com

တစ်ကောင်၏ စူးစူးဝါးဝါးအော်သံကြောင့် ဖျတ်ခနဲ လှည့်အကြည့်၊ သူနှင့် ကိုက် (၂၀၀)ကျော်ခန့်ဝေးသော ဆာစပ်မှ မြင်ကွင်းအား ဖျတ်ခနဲ မြင်လိုက်ရချိန်...

"အား...ဟား...ကျားကြီးဟ"

ဆိတ်တစ်ကောင်အား လည်မျိုကို ကိုက်၍ လွှားခနဲ လျှိုဘက်ဆီသို့ ခုန်လွှားသွားသော ရောမ ကျားကြီးအား လှစ်ခနဲတွေ့လိုက်ရသည်။ ဆိတ်များကား တာတီးရှိရာ ကွင်းဘက်သို့ အုပ်စုလိုက် ပြေးထွက်လာပြီး တာတီးကိုပါ ကျော်၍ ရွာဆီသို့ သုတ်ခြေတင်၍ သွားလေတော့၏။

ပြီးခဲ့သော နှစ်ပတ်ခန့်က ရွာထယ်မှ ကိုသာထွန်း၏ နွားမကလေး တစ်ကောင်၊ ယခု တာတီး၏ ဆိတ်တစ်ကောင်ပါသွားပေပြီ။ ဝါးတောကွင်းရွာကား တောင်ခြေတောနှင့် ဆက်စပ်နေသောကြောင့် ရက်ပိုင်းအတွင်း သောင်းကျန်းလာသော ကျားကြောင့် ထင်းခုတ်၊ ဝါးခုတ်မည့်သူများအား များစွာအဟန့်အတားဖြစ်လေတော့၏။ ရွာလည်ရွာလူကြီး ဦးသာဆိုင်၏ အိမ်တွင်ကား လူငါးယောက် ရေနွေးဝိုင်းဖွဲ့၍ တိုင်ပင်စည်းဝေးလျက်။

"အုန်းမောင်ရေ...ကျားကတော့ လက်ရဲရင့်ကျက်ပြီလားပဲ။ တဖြည်းဖြည်းနဲ့ ရေလျှောက် ရွာထဲ ဝင်မလာဘူးလို့ ပြောနိုင်ဘူး။ မင်းအိုင်းက တပ်ခြံတွေ ကာတာ ပြီးလောက်ပြီလား"

"ဟုတ်ကဲ့ ဦးလေးဆိုင်၊ ပြီးပါပြီ။ တပ်ခြံအပြင်ဘက်က မြောင်းလည်း တူးထားကြတယ်။ ညောင့်တွေလည်း စိုက်ထားတယ်။ တော်ရုံနဲ့ မကပ်ရဲလောက်ပါဘူး"

"ဟေး...ဟေး...မင်းက ကျားများ လျှောက်တွက်နေသေးကွာ။ အေးအေးဆေးဆေးတော့ မနေနဲ့။ အောင်ကြီးတို့ဘက်ကရောကွ"

"ကာတုန်း ဦးလေး။ ပြီးခါနီးပါပြီ။ မနက်ဖြန်လောက် ပြီးမှာပါ။ ကျွန်တော် ကိုယ်တိုင်ဆောင်ရွက်ပါ့မယ်"

"အေး၊ ကျွန်တဲ့ဘက်က လယ်ကွင်းဘက်ဆိုတော့ သိပ်ပြီး ပြဿနာ မရှိပေမယ့် မင်းတို့ဘက်က တောင်နဲ့နီးတော့ သတိပိုထားရမှာ။ မနက်ဖြန် ကျောက်စရစ်ကုန်းက မုဆိုး ရွှေအောင်ကို ခေါ်ခိုင်းထားတယ်။ ဒီကျားကို ရှင်းမှ ဖြစ်မယ်။ တောတက်တဲ့ လူတွေ ဒီရက်အတွင်း သတိထား။ ခဏနားကြဖို့ သတိပေးထားဟေ့"

"ဟုတ်ကဲ့ပါ ဦးလေး"

ဝါးတောကွင်းရွာကား တောတွင်းဘက်သို့ အနည်းငယ် နီးစပ်သော၊ လှိုချား မြောင်များ ပေါများသော၊ အိမ်ခြေ (၆၀)ခန့်မျှသာရှိသော၊ လယ်နှင့် တောင်ယာ ရောနှောလုပ်ကိုင်သောရွာ တစ်ရွာဖြစ်လေသည်။

နှစ်အတန်ကြာ ကျားနှင့် ပတ်သက်သော အသံမကြားရသော်လည်း ယခုနှစ် ကျားသောင်းကျန်း ရုတ်တရက်ပေါ်လာသောကြောင့် ပူပန်သောကရောက်၊ အလုပ်ပျက် အကိုင်ပျက်နှင့် ရွာစည်းရိုးကို အားပြုကာ ကွယ်လျက် အမြန်ဆုံး အစည်းအဝေးပြုလုပ်ကာ ကျောက်စရစ်ကုန်းရွာမှ ဝါရင့်မုဆိုး ရွှေအောင်အား သွားရောက် ခေါ်ရလေတော့၏။

◈◈◈

"ဟောဒီမယ် ဆတ်သားခြောက် မီးဖုတ် ဆီဆမ်းကို ရေနွေးနဲ့ သောက်ကြ။ ကဲ...ရွှေအောင်၊ ရေနွေးကြမ်းသောက်၊ မင်းသိချင်တာ မေးပေတော့"

"မေးပြီးပါပြီ ဦးလေးရ။ မနက်ဖြန် ကျွန်တော်ထွက်မယ်။ ကျွန်တော် ထင်တာ မများဘူးဆိုရင် ဒါ ကျားမကြီးပဲ။ ပြီးတော့ သားပေါက်နေပြီလို့ထင်တယ်။ ရွာနဲ့ အနီးဆုံး လှိုတွေကို (ကျားသိုက်) မနက်ဖြန် ကျွန်တော် လေ့လာမယ်။ ပြီးမှ သတ်ကွင်းရွေးမယ်။ သားရိုမယ်ထင်တဲ့ လှိုရောက်ရင် ပစ်ရရင် ပစ်ရ၊ မပစ်ရရင် ပြန်လာမယ်။ အစီအစဉ်ချကြတာပေါ့။ ကျွန်တော် မနက်ဖြန်ထွက်မယ်"

"ကျွန်တော်တို့ လိုက်ခဲ့ရမလား"

"ဟိုး...မလိုက်နဲ့၊ ခင်များတို့ပါရင် အန္တရာယ်ရှိတယ်။ ကျွန်တော် တစ်ယောက်တည်း သွားလိုက်မယ်။ သေနတ်သံကြားရင်တော့ လိုက်ခဲ့ကြ၊ မကြားရင် မလာနဲ့၊ ဟုတ်ပြီနော်"

"ကောင်းပါပြီဗျာ"

◈◈◈

နောက်တစ်နေ့ နံနက် ဂုနာရီခန့်တွင် ရွှေအောင်သည် ၎င်း၏ နှစ်လုံးပြူးသေနတ်အား ထမ်းလျက် တောကွင်းရွာအနောက်ဘက် လှည်းလမ်းကြောင်းအတိုင်း တောတွင်းသို့ ဝင်လိုက်တော့သည်။ သုံးဖာလုံခန့်ရောက်သောအခါ အုန်းပင်အား မှီ၍ လှိုမည့်ဘက်ကို လေဆန် လေစုန်စစ်ဆေးပြီး လေဆန်မုန်းသိသောအခါ ပထမ ဝါးလှိုအား လေ့လာလေတော့၏။ လှိုတောက်လျှောက် (မိုးတွင်းရေစီးတောင်ကျရေကြောင့်) မည်သည့်အပင် ချုံများမှ ရှိမနေ။ ဤလှိုတွင် မမြှော်နိုင်၊ ထို့နောက် ရွှေတွင်းတူး တောင်းဝလှိုသို့ ဆက်လေ့လာသည်။ နာရီဝက်ခန့် လျှောက်မိသောအခါ လှိုထိပ်တစ်နေရာတွင် ကြီးမားသော ချုံကြီးတစ်လုံး လှိုအား ပိတ်ဆို့လျက်ရှိလေသည်။ ထို ချုံ၏ မျက်စောင်းထိုးရှိ လျှောက်ချောပင်

www.burmeseclassic.com

ပေါ် တက်ပြီးလျှင် ခွဆုံ၌ ထိုင်၍ လျှို့တွင်း ချုံတသို့ လှမ်း၍ အကဲခတ်ရလေသည်။

များများမစောင့်ရပါ။ ကျားပေါက်ကလေးများ၏ အော်သံအား သဲ့သဲ့ကြားရလေတော့၏။ ရွှေအောင် တွက်ကိန်းမှန်ပြီ။ ကျားသိုက်ကား တွေ့လေပြီ။ မနက်ဖြန်အစီအစဉ်များ အကြမ်းဖျင်းရေးဆွဲလျက် အတွင်း၌ ကျားမကြီး ရှိ,မရှိ မသေချာသောကြောင့် ခေတ္တစောင့်ရပေဦးမည်။ သို့မဟုတ်ပါက ပက်ပင်းတိုးလျှင် မုဆိုးက သားကောင်ဖြစ်သွားပေမည်။ နောက်ထပ် တစ်နာရီခန့်ကြာသောအခါ မျက်နှာချင်းဆိုင် လျှို့ကမ်းပေါ်မှ လွှားခနဲ ဆင်းလာသော ကျားမကြီးအား တွေ့ရလေတော့၏။ ၎င်း၏ ပါးစပ်တွင်တော့ ဒရယ်သေတစ်ကောင်အား ကိုက်ခဲ့လျက်။ ကျားမကြီးကား အတော်ကြီးလည်း ကြီး၊ အစင်းကျားကလည်း ထင်းနေအောင် ရှိတော့၏။ ခဏအတွင်း ချုံအတွင်းသို့ ဝင်သွားစဉ် ကျားပေါက်ကလေးများ၏ အော်သံ၊ မာန်ဖီသံ၊ အစာလုသံတို့အား သဲ့သဲ့ကြားရလေတော့၏။ ယခုအချိန်ကား ရွှေအောင် ပြန်သင့်သော အချိန်ပင် ဖြစ်လေတော့၏။

◈◈◈

"ညော်...ရွှေတွင်းတူးတောင်ဝ လျှို့ထိပ်မှာလား၊ ဟုတ်လား ရွှေအောင်"

"ဟုတ်တယ်ဗျာ။ ကျားမကြီးက အကောင်ကြီးပဲဗျာ။ သူ့သားတွေ အတွက် ဒရယ်တစ်ကောင်ဖမ်းလာတယ်။ တော်တော်လေး ဝေးဝေးက ပြန်လာပုံပဲ"

"အေး၊ ဒါဆို နံပါတ်တစ်အချက် နေရာသိပြီ"

"ဦးလေး...ဦးလေး၊ ကျွန်တော် တို့ကို ဝင်ခွင့်ပြုပါ"

"ညော်... တောင်ပိုင်းက ကိုအေးလား၊ အေး...လာ-လာ၊ မဆန်း ခွေးကြည့်လိုက်စမ်းပါဟဲ့"

"မကိုက်ပါဘူး၊ ကိုအေးကို ခွေး တွေက သိနေမင့်ဟာ"

"ကဲ...လာ-လာ၊ ညည့်သည်ပါ လာတာလား၊ ထိုင်ကြ"

"ဟုတ်ကဲ့ ဦးလေးဆိုင်။ သူတို့ နှစ်ယောက်က ကျွန်တော်နဲ့ တပ်ထဲမှာ နေတုန်းက တစ်ဖွဲတည်းပဲ။ ညီအစ်ကိုလည်း တော်တယ်။ ကျွန်တော် မနေက ဟင်္သာတသွားတော့ ရွှေပြောင်ပြောင် သင်္ဘောဆိပ်မှာ သူတို့က သင်္ဘောစီးကြမလို့။ အဲဒါ ကျွန်တော်နဲ့ ဆုံပြီး စကားပြောကြရင်းက ကျားဆိုး အကြောင်းပြောကြရင်းနဲ့ ကျွန်တော်တို့ လိုက်ခဲ့မယ်တဲ့။ သူတို့က ကချင်လူမျိုးတွေ။ ကျားနိမိန်းရေး မကြာခဏလုပ်ဖူးတယ်တဲ့။ အဲဒါ ငါတို့ လုပ်ပါရစေဆိုတာနဲ့ ကျွန်တော်လည်း ခေါ်လာတာ ဦးလေး။ မုဆိုးကြီးလည်း ရောက်နေတာပဲကိုး"

"မင်းတို့ ကျားနိမိန်းမယ်ဆိုတာ ဘာလက်နက်နဲ့ လုပ်မှာလဲ၊ သေနတ်ပါလား"

"မပါပါဘူး။ လက်နက်ကို သူတို့ဟာ သူတို့ လုပ်မယ်တဲ့ ဦးလေး။ ကျွန်တော်တော့ သူတို့ကို ယုံတယ်"

"ဟကောင်တွေ... ကျားက သားပေါက်နေတဲ့ ကျားမကွ။ မင်းတို့က ဘာလက်နက်နဲ့ ဆော်မှာလဲ၊ ကဲ-ပြောစမ်းပါ"

"တင်းပုတ်နဲ့ပါ"

"ဘာ...တင်းပုတ်နဲ့၊ အဟား...ဟား...ဟား"

"ကိုကချင်တို့ညီအစ်ကို... တော်ကြာ တောကွင်းရွာလူကြီးကြောင့် ဆိုပြီး နာမည်ကြီးနေပါ့မယ်။ မောင်ရင်တို့ အသာနေစမ်းပါ"

ထိုအခါ မြန်မာလို လည်ပတ်စွာ ပြောတတ်သော တစ်ဦးက ရေတိုးလာပြီးနောက်...

"ကျွန်တော်တို့ အတွေ့အကြုံရှိပါတယ်ခင်ဗျ။ ပလက်ဝ ကသာ မြစ်ကြီးနား ကြီးဝိုင်းထဲမှာ ကျားသုံးကောင်ကို နှိမ်နင်းခဲ့ပါတယ်။ အစိုးရအဖွဲ့တွေက နှစ်ခါလာခေါ်ပြီးခိုင်းပါတယ်။ ကျွန်တော်တို့ကို ကျားရေ၊ ကျားခေါင်းပေးပါတယ်။ ဆုငွေလည်း ပေးပါတယ်။ စုစုပေါင်း ကျား (၇)ကောင်ကို ကျွန်တော်တို့ နှိမ်နင်းပြီးပါပြီ။ အဲဒီမှာ တစ်ကောင်က ကျားမ၊ သားကောင်နဲ့ပါ။ အဲဒီ သားနှစ်ကောင်ကို သစ်တော ဦးစီးဌာနက ယူသွားပြီး ရန်ကုန် တိရစ္ဆာန်ရုံမှာ ရှိပါတယ်"

"အောင်မယ်... မင်းတို့ နှစ်ယောက်က အတွေ့အကြုံတော့ မနည်းဘူးပဲ။ ရွှေအောင်ရေ...ဘယ်လို သဘောရလဲ"

"ကျွန်တော်တော့ မကြံဖူး၊ မမြင် ဖူးဘူး။ သူတို့ကြည့်ရတာ ကျားတွေရဲ့ အထာလည်း ကျွမ်းနေပုံရတယ်။ အဝေးကြီးက နေပြီး စေတနာနဲ့ ကူညီဖို့ ခရီးစရိတ်အကုန်ခံ လိုက်လာတဲ့ စေတနာကို လေးစားပါတယ်။ ဒီတော့ ဦးလေးဆိုင်..."

"ပြော...ရွှေအောင်"

"သူတို့နှစ်ယောက်နဲ့ ကျွန်တော် နည်းနည်းဆွေးနွေးလိုက်မယ်။ ကျားမကြီးသေရင် အရေးကြီးတာ ကျားလေး နှစ်ကောင်ပဲ။ သူတို့ကို ထည့်ဖို့ သေတ္တာကြီးကြီးတစ်လုံးလိုတယ်"

"ရှိတယ်၊ မပူနဲ့။ ဆိုင်းဝိုင်းတွေ ပုံတွေ ထည့်တဲ့ သေတ္တာ"

"ဒါဆို ရပြီ။ ဒုတိယအချက်က

www.burmeseclassic.com

ကျားထီးကြီး ရှိနိုင်သေးတယ်။ တခြား တစ်နေရာက မိတ်လိုက်ပြီး ကျားထီးနဲ့ ကွဲသွားတာမျိုးဆိုရင်တော့ တစ်မျိုးပေါ့။ ဒီအပိုင်း ကျွန်တော်ဆက်လုပ်လို့ ရပါတယ်။ ကဲ··· ဟိုလူတွေနဲ့ စကား နည်းနည်းခွေးနွေးမယ်"

◈◈◈

နောက်တစ်နေ့ နံနက်စောစော တွင်တော့ ကချင်ညီအစ်ကိုက ရင်း တိုက်နှစ် လိုချင်၍ ရှာပေးကြသည်။ တူ၊ ဆောက်၊ လွှများနှင့် သူကြီးအိမ် တွင် ကချင်ညီအစ်ကိုအား လိုသမျှ ရှာပေးကြ၏။ နေ့ဝက်အတွင်းတွင်တော့ နှစ်ထီးသာရှစ်ဆယ်သားခန့်ရှိသော တင်း ပုတ်နှစ်အား ခိုင်ခံ့သော ဝါးယားအရိုး နှင့် အချောသတ် ပြီးစီးသွားလေတော့ ၏။

အရေးအကြီးဆုံး အဝတ်စကြီး ကြီး အဖြူအနက်ဖောက် အပွင့်၊ အစင်း တစ်ခုခုလိုချင်ကြောင်း ပြော သဖြင့် ပန်းပွင့်ကြီးများ အစင်းပါသော ခန်းဆီးတစ်ခုအား ယူလာပေးကြသည်။ ထို့နောက်တွင်တော့ အားလုံး အဆင် သင့်ဖြစ်ပြီဖြစ်ကြောင်း၊ ယနေ့ပင် နေ့ လယ် ၂နာရီနဲ့ ၄နာရီကြား ကျားသိုက် သို့ လိုက်ပြစေလိုကြောင်း ခွေးနွေး ပြောဆိုကြလေသည်။

မဆိုး ရွှေအောင်ကား ကျားများ သီးသန့် ပစ်ခတ်သူမဟုတ်သော်လည်း တုံးတောရွာ ကျားအောင်ဂူအနီးတွင် လည်းကောင်း၊ ရခိုင်ရိုးမပေါ်တွင် လည်းကောင်း အမဲလိုက်ရင်း မရောင် သာသဖြင့် ပစ်ဖူးသည့် ကျားသုံးကောင် ၏ အရေများ မိမိအိမ်တွင် ရှိပေသည်။ မည်သို့ပင်ဆိုစေ၊ မဆိုးပညာရပ်အား ဖြင့် သားကောင်တို့၏ အထာ၊ ပရိ ယာယ်၊ ဓလေ့ တောရဲ့ သဘော သဘာဝ စသည်တို့ကား ဆည်းပူး၍ ကုန်နိုင်ဖွယ်မရှိပေ။

တိုက်တိုက်ဆိုင်ဆိုင် အသက် (၄၀) ဝန်းကျင်ခန့်၊ အရပ် ၅ပေ ၆ လက်မခန့်ရှိ ကချင်ညီအစ်ကို၏ ကျားနှိမ်နင်းပုံကား ဆန်းပြားလှသော သဘောရှိ၏။ အသက်အန္တရာယ် လွန်စွာများလှသော်လည်း ကချင် ညီအစ်ကိုကား ကြောက်ရွံ့ဟန် မရှိ။ သတ်လုံး သတ်ကွက်နှင့် သက်လုံ ကောင်းသော လက်ဝှေ့သမားများနယ် အားနှင့် ခွန်နှင့် သူတို့ဟန်ပန်ကပင် လျှင် ၅၅ ရာခိုင်နှုန်းခန့် ယုံကြည် လောက်သောအနေအထားပင်။ ဗဟု သုတလည်း ရ၊ ကျားရန်လည်း ငြိမ်းရန် ရွှေအောင်က အစီအစဉ်ချ၍ နေ့လယ် တစ်နာရီတွင် ကျားနှိမ်နင်းရေး စတင် လှုပ်ရှားကြလေတော့၏။

ထိုအဖွဲ့တွင် ကျွမ်းကျင်သော ဒူးလေးသမားနှစ်ဦး၊ သတ္တိခဲ့ လုံသမား နှစ်ဦး၊ လှည်းတစ်စီးနှင့် လှည်းပေါ်တွင် လျှိုထမ်း၍ ရနိုင်သော ဆိုင်းသေတ္တာ ကြီးတစ်လုံးတို့အား တင်ဆောင်၍ တောတွင်းလမ်းအတိုင်း မောင်းနှင်ကြ လေတော့သည်။ နာရီဝက်ခန့်အကြာ-

"ကဲ···လှည်းသမားနဲ့ သေတ္တာ ထမ်းမယ့် လေးယောက်က ဒီ ပထမ လျှိုထိပ်က စောင့်၊ သတိ ဝီရိယလည်း ထား၊ သေနတ်သံအချက်ပေးတာနဲ့ သေတ္တာထမ်းပြီး လာခဲ့တော့၊ ရှင်းလား"

"ဟုတ်ကဲ့၊ ဦးလေးဆိုင်၊ ရှင်းပါ တယ်"

"ဒါဆို တို့သွားမယ်"

ရွှေအောင်တို့အဖွဲ့တွင် ရွှေ အောင်နှင့် ဒူးလေးသမားနှစ်ဦး၊ ဦးလေး ဆိုင်ကလည်း ဒူးလေးနှင့်။ ကချင်ညီ နောင်ကား ကိုယ်ကျပ်အင်္ကျီလက်ပြတ် များနှင့် ကချင်ဘောင်းဘီများ ဝတ်ထား ပြီး ခါးစည်းကြိုးများနှင့်၊ ပြီးလျှင် ဦးခေါင်းတွင်လည်း ၎င်းတို့ရိုးရာ ခေါင်း စည်းပတ်နှစ်ခုအား သေချာစွာ စည်း ထားလေသည်။ အရိုးအနေတော် စိတ် ကြိုက်တပ်ထားသော တင်းပုတ်ကိုယ် စီအား ထမ်းလျက်၊ တစ်ဦးက ခန်းဆီး အဝတ်အားလုံးကို ထွေးဆုပ်ကိုင်ထား လေသည်။ တောစီး ဖိနပ်(စစ်သုံး)တို့ အား အသီးသီး သေသပ်စွာ စီးလျက် ခြေသုံးစွာ ချီတက်လျက် ဒုတိယလျှို အဝင်သို့ ရောက်သောအခါ ကချင်ညီ အစ်ကိုနှစ်ဦးအား ကျားသိုက်ရှိရာသို့ ညွှန်ပြအပြီး ကချင်ညီအစ်ကိုနှစ်ဦးက တင်းပုတ်ထမ်း၍ ကျားသိုက်ရှိရာသို့ ချီတက်ကြ၏။

ရွှေအောင်က ညာတောင်ပံ ချောက်အပေါ်မှ လည်းကောင်း၊ ဘယ် တောင်ပံတွင် ဦးလေးဆိုင်နှင့် ဒူးလေး အဖွဲ့က လည်းကောင်း၊ ကျားအရိပ် အခြေနှင့် ကချင်ညီအစ်ကိုတို့အား မရှေးမနှောင်း ချီတက်လျက်။

မိနစ် ၂၀ မျှ ကျားသိုက်ဆီသို့ နား၊ မျက်စိ ရှင်ရှင်ပို့လွှတ်လျက် ကချင်ညီအစ်ကိုနှစ်ဦးကား တစ်ယောက် နှင့် တစ်ယောက် ဘေးချင်းယှဉ်လျက် ခြေလှမ်းတူ ဖြည်းဖြည်းချင်း ချီတက် လာရာ ကျားသားအမိ ခိုအောင်းနေ သော ချုံကြီးနှင့် ပေ ၂၀၀ ခန့်သာ ကွာလေတော့၏။

ကချင်ညီအစ်ကိုနှစ်ဦးကား ညာ ဘက်မှ လူက ညာပခုံးပေါ်တွင် တင်း ပုတ်ဝိုးအား ဆုပ်ကိုင်၍ လည်းကောင်း၊ ဘယ်ဘက်လူက ဘယ်ပခုံးတွင် တင် ၍ လည်းကောင်း။ ထူးခြားသည်ကား ဘယ်လူ၏ ပခုံးပေါ်တွင် အဖြူအနက် အပွင့်ကြီးများပါ ခန်းဆီးစအား လို သလောက် ပြုပြင်၍ ပခုံးတင်ထားခြင်း ပင်။

www.burmeseclassic.com

"သတိထား၊ ကျားရှိတယ်"

ချောက် ညာဘက်ထိပ်မှ အခင်္ဂ အတိုင်း လိုက်လာသော ရွှေအောင်က ကချင်ညီအစ်ကိုအား လေသံဖြင့် သတိပေးလိုက်၏။ ကချင်ညီအစ်ကိုက လက်ထောက် အချက်ပြသည်။ တဖြည်းဖြည်းနှင့် ကိုက် (၁၅၊ ၁၄၊ ၁၀၀) နီးရွယ်လောက်လည်း ကချင်ညီအစ်ကိုကား ဖြည်းဖြည်းမှန်မှန်လျှောက်လျက် မျက်စိက ချဲ့အဝင်ဝသို့။

ကိုက် ၆၀ ခန့်အရောက်တွင် ကျားမကြီး၏ ဦးခေါင်းကြီးအား ထင်ရှားစွာ မြင်ရချိန်...

"ညီလေး...သတိ၊ ကျားမကြီး ထွက်လာတော့မယ်။ အသင့်ပြင်ထား"

ထိုအချိန်၌ နစ်ယောက်စလုံး ၎င်းတို့၏ တင်းပုတ်များအား လက်နှစ်ဖက်စီဆုပ်ကိုင်၍ ထမ်းထားကြောင်း ရွှေအောင် သတိပြုမိ၏။ ကချင်ညီအစ်ကိုကား ကျား၏သတ်ကွင်းကို ဝင်၍ ၎င်းတို့ သတ်ကွင်းကို တန်ပြန်အသုံးချမည့်ဟန်ရှိလေသည်။ ပေ ၂၀၊ ၁၉ ပေ စသည်ဖြင့် နီး၍ နီး၍။

ထိုအချိန်တွင် ကျားမကြီး၏ ဦးခေါင်းသည် အနည်းငယ် နောက်သို့ ဆုတ်သယောင်တွေ့လိုက်ရချိန်၌...

"ဝေါ်...ဖရော"

"ဟိတ်"

စက္ကန့်ပိုင်းအတွင်း ချဲ့၏ အတွင်းပိုင်းမှ ဝေါခနဲထွက်ပေါ်လာပြီး ကချင်ညီအစ်ကိုနှစ်ဦးထံ ကွက်တိ ပြေးအုပ်လိုက်သည်။

သို့သော် သတိနှင့် အားမာန်သွင်းထားသော ကချင်ညီအစ်ကိုကား ကျားမကြီး ဝေါခနဲထွက်လာတာနဲ့ ဟိတ်ဟု အချက်ပေးပြီး ဖျက်ခနဲ ဘေးသို့ လူချင်းခွဲပြီးသား။ ရပ်နေခဲ့သော နေရာတွင် အဖြူအမည်းအဝတ်စက လွှဲပုံအောက်မှ ကျားကလည်း ထိုအဝတ်စအား ဖုန်တထောင်းထောင်းထသည် အထိ အချက်များစွာကုတ်ဆဲ။

"ခွပ်...ခွပ်...ခွပ်..."

"ဒုတ်...ဒုတ်...ဒုတ်"

မြန်လှသော တင်းပုတ်ရိုက်ချက်များနှင့် ကျား၏ ခါးသို့ လည်းကောင်း လည်သို့ လည်းကောင်း တင်းပုတ်ရိုက်ချက်များ မြန်သကဲ့သို့ ချက်ကောင်းနေရာကောင်းအား ထိမိပြီး လက်ဆပြင်းပြင်းနှင့် တင်းပုတ်အား စက်ဝိုင်းသဏ္ဌာန်လည်ပတ်၍ အောက်သို့ ဝပ်ကျသွားသော ဦးခေါင်းသည် လုံးဝမလှုပ်ရှားနိုင်ဟန်လို၊ ခါးရိုးလည်း သွင်သွင်ကျိုးသွားလေတော့သည်။ လက်နှစ်ဖက်သာ အနည်းငယ်လှုပ်ရှားပြီး စက္ကန့်အနည်းငယ်အတွင်း ကျားကြီးမှာ ဖွဲ့အိတ်ပမာ။

"ဝေး...ပေးပေး..."

ကချင်ညီအစ်ကိုနှစ်ဦးကား ကျား၏ ဦးခေါင်းအား နင်း၍ လက်ထောင်ကာ အချက်ပေးလိုက်သည်။

"ဝေး...ပေးပေး၊ ကျားကြီး သေပြီဟေ့၊ လာကြ"

ရွှေအောင်၏ တစ်သက်တာတွင် ဤမျှ မြန်ဆန်ဖျက်လတ်၍ တင်းပုတ်

ဖြင့် ဝိုင်နိုင်တိကျစွာ အကွက်စေ့စေ့နှင့် ကျား နောက်ထပ် လှုပ်ရှားခွင့်မရအောင် လက်မြန်စွာ အားပြင်းပြင်းနဲ့ ထုနက်ပုံကား သြချလောက်သော ပညာခန်းဖြစ်လေသည်။ ဤသို့ ကျားနိမ်နင်းခဲ့သော ရဲရင့်ဖျတ်လတ်သည့် ကချင်ညီအစ်ကိုအား ချီးကျူးမိလေတော့၏။

"ခိုင်း..."

ရွှေအောင်၏ အချက်ပေးသေနတ်သံကြောင့် မိနစ် ၂၀ ကျော် အကြာတွင် သေတ္တာတစ်လုံးနှင့် လူလေးယောက် လှိုင်ထိပ်မှ ဆင်းလာလေ၏။ ကျားပေါက်လေး နစ်ကောင်အား ကချင်ညီအစ်ကိုကပင် ဖမ်းယူပေး၍ သေတ္တာတွင်းကို ထည့်ကြပြီးနောက်-

"ကဲ...ကိုယ့်လူတို့ အပြန်လှည်းဆီ ပြန်ကြမို့။ ကျားထီးကြီး ရှိမရှိ မသေချာဘူး။ မတွေ့လဲ ကောင်းလေပဲ။ သွားစို့...သွားစို့"

◈◈◈

ဝါးတောကွင်းရွာလူကြီး၏ အိမ်ဝိုင်းတွင် စည်ကားသောညဖြစ်သည်။ ကျားပေါက်နှစ်ကောင်အား ထိုညနေမှာပင် လေးမျက်နှာပြု၊ သစ်တောဌာနတောခေါင်းရုံးသို့ ပို့ပြီး ကျားမကြီးအား ကချင်ညီအစ်ကိုသို့ ပေး၍ ဆုငွေများပါ စုဆောင်းပြီး ချီးမြှင့်လိုက်လေတော့၏။

ရွှေအောင်ကား ကျားအသားမီ၏ ကဲကြမ်းမှာကို သံဝေဂ ရမိလေ၏။ ကဲ-ကဲ၏ အကျိုးကိုတော့ ဘယ်သတ္တဝါ ကများ လွတ်နိုင်မှာနည်းဟုလည်း မှတ်ချက်ချမိလေတော့သတည်း■

ဆန်းဝင်း (အောင်ခန်းမြို့)

*****

www.burmeseclassic.com

မြန်မာ့ကွမ်းရွက်ကုထုံး

■ ဆရာဦးထွန်းမြင့် (အာယုဂွေဒ)

ကွမ်းရွက်သည် ဝမ်းပီးကို တောက်စေ၏။ ဆီး၊ ဝမ်းကို ရှင်းစေ၏။ အဆိပ်ကို ပယ်စေတတ်၏။ ချွေးကို ထွက်စေ၏။ လေသလိပ်ကို နှိပ်၏။ နှလုံးကို အကျိုးပြု၏။ ချောင်းဆိုးပန်းနာ၊ အနာပေါက်၊ မျက်စိရောဂါတို့ကို ပျောက်ကင်းစေ၏။ သလိပ်ဒေါသကို ပျက်စီးစေတတ်၏။ အပုပ်ချောင်းဆိုးခြင်းနှင့် အစာအိမ်၏ အပုပ်အခိုးကြောင့်ဖြစ်သော သလိပ်ပုပ် ချောင်းဆိုးခြင်းတွင် အိမ်သုံးဆားဖြင့် ကွမ်းရွက်ကို ထုပ်၍ ငုံကာ၊ အရည်အနည်းငယ်စီ ချေးခြင်းဖြင့် သလိပ်ပုပ်ကိုလည်း ထွက်စေ၏။

ကလေးငယ်များအတွက် ကွမ်းရွက်ကုထုံး

(၁) ကလေးငယ်များတွင် ဝမ်းမသွား၍ ဝမ်းချုပ်ခြင်းကို ခံစားရပါက ကွမ်းအစ်အတွင်းမှ ကွမ်းရွက်အရိုးကို ချိုး၍ နှမ်းဆီစစ်စစ်ကို သုတ်၍ ဝမ်းချုပ်နေသည့် ကလေးသူငယ်၏ ဝမ်းချူဆေးအဖြစ် စအိုဝအတွင်းသို့ ထည့်ပေးထားပါ။ ကွမ်းရွက်၏ အာနိသင်ကြောင့် ကလေးသူငယ်မှာ မကြာမီ ဝမ်းကို သွားစေနိုင်ပါသည်။

(၂) ကလေးသူငယ်များ မကြာခဏ နာစေးရောဂါတွင် အိမ်တွင်း ကုသဆေးအဖြစ် ကွမ်းရွက်ကို ဆေးဝါးအဖြစ် အသုံးပြုနိုင်ပါသည်။ ကလေးငယ်၏ ငယ်ထိပ်အား အနှိပ်ဆီကို မီးနွေးနွေးပြုပြီး၊ ကွမ်းရွက်ကိုလည်း နွမ်းရဲ့ မီးနှင့် ပြု၍ ကလေးငယ်၏ ငယ်ထိပ်တည့်တည့်တွင် ကပ်ထားပေးပါ။ ဤကုထုံးသည် ကလေးငယ်၏ နာစေးခြင်းကို အလွယ်တကူ ကုသနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကွမ်းရွက်နှင့် ချင်းကြက်သွားရောဂါ

သဘာဝ ချင်းစိမ်းသည် ခန္ဓာကိုယ်တွင်းသို့ စုပုံရောက်ရှိနေသော အဆိပ်အတောက်တို့ကို ပျက်ပြယ်စေနိုင်သော သဘာဝဆေးဖက်ဝင်အပင်ဖြစ်သည်။ ဆေးကျမ်းများ၏ အဆိုတွင် ချင်း၏ ဂုဏ်သတ္တိများမှာ ချို၏၊ ပူ၏၊ ခါး၏ဆိုသော အရသာသုံးမျိုး ပါရှိပါသည်။ အစာကို ကြေလွယ်၏။ ဝမ်းမီးကို တောက်စေ၏။ နှုတ်ကို မြိန်စေသည်။ အသံပျက်၊ လေနာ၊ လေသလိပ်၊ သည်းခြေကို နိုင်စေသည်။ ရင်ဘတ်နှင့် ဝမ်းဗိုက်နာဖြစ်ခြင်းတို့ကို နိုင်နင်းစေသည်။ အဆီဓာတ်များကို လျော့ချပေးနိုင်သည်။

ကွမ်းရွက်၏ ဂုဏ်ရည်သတ္တိများကိုလည်း တိုင်းရင်းဆေးများအဆို ကောက်နှတ်ဖော်ပြရလျှင် ကွမ်းရွက်စိမ်းကို ထုထောင်း၍ ရရှိသောအရည်ကို မြန်မာ့ဆေးပညာဝေါဟာရအရ သတ္တုရည်ဟု သုံးနှုန်းရေးသားဖော်ပြလေ့ရှိပါသည်။ အဆိုပါ သတ္တုရည်သည် အဆုတ်နှင့် အသက်ရှူလမ်းကြောင်းတွင် ပိတ်ဆို့နေတတ်သော ချဲသလိပ်များနှင့် ကူးစက်တတ်သော ဗိုင်းရပ်(စ)ဝိုးများကို သေကြေစေသည်။ ချဲကို ပျော်စေသည်။ ချင်းစိမ်းကို ပြုတ်ဆေးရည်စနစ်အတိုင်း ပြုတ်၍ ရရှိလာသော ဆေးရည်တွင် ကွမ်းရွက်သတ္တုရည်ကို ဆတူရောစပ်ပြီး ကလေးသူငယ်တို့၏ အသက်အရွယ်အလိုက် တိုက်ကျွေးပေးနိုင်ပါသည်။ သာမန်အားဖြင့် ကလေးငယ်တစ်ဦးအတွက် ဆေးချိန်ပမာဏမှာ လက်ဖက်ရည်ဇွန်းတစ်ဝက်မှ တစ်ဇွန်းအထိ တိုက်ပေးနိုင်ပါသည်။

ငှက်များနှင့် အဖျားရောဂါကုသနည်း

ရာသီဥတုကြောင့် အဖျားရောဂါတို့အတွက် လွယ်ကူသော ကွမ်းရွက်ဆေးကို အသုံးပြုလျက် ကျန်းမာမှုကို စောင့်ရောက်နိုင်ပါသည်။ ငှက်များနှင့် အဖျားရောဂါတို့ကို ကုသရာတွင် ပါဝင်သော ဆေးဖက်ဝင် ပစ္စည်းများမှာ ကွမ်းရွက်ခြောက် တစ်ကျပ်သား၊ နနွင်းတက် တစ်ကျပ်သား၊ ကြပ်ဒိုးတစ်ကျပ်သား၊ မဟောက်ထုံး နှစ်ကျပ်သားတို့ကို ရောစပ်ပါ။ ကောင်းစွာသမအောင် ရောစပ်ပြီး အမှုန့်ပြု၍ လေလုံသော ပုလင်းတွင် ထည့်ထားပါ။ အသုံးပြုလိုသော အချိန်အတွင်းမှာ ဆေးမှုန့် ငါးရွေးမှ ဆယ်ရွေးခန့်အထိ အမှုန့်ကို ဆေးတစ်ခွက်စာပြု၍ ကွမ်းရွက်ပြုတ်ရည်ဖြင့် တိုက်ကျွေးပေးနိုင်ပါသည်။ နံနက် တစ်ကြိမ်၊ နေ့လယ် တစ်ကြိမ်၊ ညအိပ်ရာဝင် တစ်ကြိမ်၊ တစ်နေ့ သုံးကြိမ်သောက်ဆေးအဖြစ် အသုံးပြုရပေသည်။

ဆေးသောက်ပြီးတိုင်း အနွေးထည်ကို ဝတ်ဆင်ထားပေးရမည်။ ရေတစ်တိုင်း ရေကျက်အေးကို အနည်းငယ်စီ သောက်ပေးရမည်။ အသားစွတ်ပြုတ်ရည်ကို ကြက်သွန်ပြုချင်း၊ ငရုတ်ကောင်းတို့ဖြင့် ချက်၍ လူနာကိုယ်ခံအား တက်စေရုန် တိုက်ကျွေးပေးနိုင်ပါသည်။ အဖျားကို လျော့ချပေးစေနိုင်သော အစားအစာ၊ ဓာတ်စာများကို ကျွေးပေးသင့်ပါသည်။

ဖျားနာစဉ် အာရုံစူးရှစေရန် နှိုးရည်တိုက်ကျွေးခြင်းကို လုံးဝ လုံးဝ ရှောင်ကြဉ်သင့်ပါသည်။ မြန်မာ့လက်ဖက်ရည်ကြမ်းကိုလည်း ရေတစ်တိုင်း သောက်ပေးနိုင်ပါသည်။

ကွမ်းရွက်သည် ငန်းဖမ်းအဖျား၊ စိတ်ဝေဒနာ၊ ဆီးရောဂါ၊ တုပ်ကွေး၊ မူးဝေခြင်း၊ ဇက်ကြောတက်၊ ချက်ခိုးကိုက်၊ မျက်စိနာ၊ ကြက်မျက်သင့်ရောဂါ၊ ကလေးရောဂါများ၊ ဂရင်ကိုနာ၊ ခြေကွဲ၊ ချောင်းဆိုး၊ အသံဝင်၊ အိုးပွင့်ဆေးအစရှိသည့် ရောဂါများအား ကုသရာတွင် များစွာအသုံးဝင်သော ဆေးဖက်ဝင် ကွမ်းရွက်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။■

ဆရာ ဦးထွန်းမြင့် (အာယုဗေဒ)

*****

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ကြီးလေးပါး ဆွမ်းတော်စွန့်ရန်



ကြီးမွားချမ်းသာစေမည့် ဓာတ်ရှင်လေးပါးအလှူ။

သက်နှင်းဆွေ၊ပုပ္ပါး၊

(၁)

ဟိုတုန်းကလို ကျွန်တော် စာများများ မရေးအားခဲ့တာပင် အတော်ကြာသွားခဲ့လေပြီ။

အလုပ်တွေ ရှုပ်လွန်းနေ၍ စာမရေးအားပါဟု ပြောရမှာကိုလည်း ရှက်စိုမိပါသည်။ တကယ်တော့ ကျွန်တော်က မအားလပ်ရလောက်အောင် ကြီးကြီးကျယ်ကျယ် အလုပ်ကြီးတွေကို လုပ်ကိုင်နေသူလည်းမဟုတ်။ သို့သော် စာရေးချိန်မရလောက်အောင် ဖြစ်နေခဲ့သည်မှာလည်း အမှန်ပင်။ အလုပ်မအားခြင်းထက် စိတ်မအား၍ မရေးနိုင်ခြင်းဆိုက ပိုပြီးမှန်မည်ထင်၏။ အမှန်မှာ ကျွန်တော်ရေးချင်သည့် အကြောင်းအရာတွေ များစွာရှိနေပါသည်။ ယခု စာရေးမည်ဟု စဉ်းစားလိုက်သည့်အခါ မည်သည့်အကြောင်းအရာကို ဦးစားပေးပြီး ရေးရမည်ပင် မသိတော့။ "အဓိဋ္ဌာန်ဝင်ခြင်းအကြောင်း"၊ "မေတ္တာသုတ်ကျင့်စဉ်အကြောင်း"၊ "သီလနှင့် ဆိုင်သောကိစ္စ"၊ "ဂန္ဓိရာဇာ"ဆိုသောဆောင်းပါး၊ "နဝင်းကြီး အဓိဋ္ဌာန်အကြောင်း" စသည်ဖြင့် ကျွန်တော်ရေးချင်တာတွေက များလွန်းနေသည်။ စာဖတ်ပရိသတ်ကို ပြောပြချင်တာတွေက ကျွန်တော့်စိတ်ထဲတွင် စီကာ တန်းကာ ရှိနေကြသည်။ "ယာတြာ"ဆိုသည့်ခေါင်းစဉ်နှင့် ပုံပြင်လေးတစ်ပုဒ်ကိုလည်း ရေးပြချင်နေသည်မှာ ကြာပြီ။ ကျွန်တော့်အဘိုးနှင့် အမွေ "အဆောင်"လေးတစ်ခုအကြောင်းကိုလည်း တတ်လမ်းလေးတစ်ပုဒ်နှင့် တွဲပြီး ပြောပြချင်နေသေးသည်။

www.burmeseclassic.com

သို့သော် ယခုလောလောဆယ်တော့ အချိန်မီ၊ အခါမီ ကျင့်သုံးလို့ ရမည့် အကြောင်းအရာတစ်ခုခုကိုသာ ဦးစား ပေးပြီး ရေးရပေတော့မည်။ ထိုအကြောင်းအရာသည် ကျွန်တော်ကိုယ်တိုင် ကျင့်သုံးခဲ့တာလည်း ဖြစ်စေချင်သည်။ စာဖတ်ပရိသတ်အများစု လက်တွေ့ ကျင့်သုံးနိုင်ပြီး အမှန် တကယ် ကောင်းကျိုးထူးနိုင်မည့် အကြောင်းအရာမျိုးလည်း ဖြစ်စေချင်သည်။ ကုသိုလ်ရေးကျင့်စဉ်လည်း ဖြစ်စေချင် သည်။ တစ်ခါက "သပိတ်ဝင်၊ အိတ်ဝင်" အမည်ဖြင့် ကုသိုလ် ရေးကျင့်စဉ်ကောင်းတစ်ခုကို ရေးသားတင်ပြဖြစ်ခဲ့ရာ ထိုကျင့် စဉ်ကို တရိတသေ လိုက်နာကျင့်သုံးပြီး နှစ်ရှည်လများ ကုသိုလ်ပြုနေကြသူတွေ များစွာရှိနေကြောင်း သိနေရသည့် အတွက်အတော်ပီတိဖြစ်ခဲ့ရသည်။ ယခုလည်း ထိုကုသိုလ် ကျင့်စဉ်မျိုးကို ရေးသားတင်ပြချင်မိပြန်သည်။ ထိုသို့ စဉ်းစား လိုက်သည့်အခါ လွန်ခဲ့သည့် တစ်ဆယ့်ရှစ်နှစ်လောက်က ကျွန်တော်ကိုယ်တိုင် တစ်ဝါတွင်းလုံး ကျင့်သုံးခဲ့သည့် ကုသိုလ်ရေးကျင့်စဉ်တစ်ခုကို ပြေးပြီးသတိရလိုက်မိပါတော့ သည်။ ထိုသို့ သတိရလိုက်သည်နှင့်ပင် ဆရာကြီးတစ်ဦး၏ ကျေးဇူးတရားများစွာကိုပါ အထူး သတိတရနှင့် ဦးညွှတ် လိုက်မိပြီးဖြစ်နေပြန်ချေတော့သည်။

(၂)

ထိုစဉ်က ကျွန်တော်သည် ရုံးပြည်နယ်တောင်ပိုင်း ဒေသရှိ တောင်ပေါ်မြို့လေးတစ်မြို့တွင် ကျောင်းဆရာဘဝနှင့် အခြေချ နေထိုင်ဆဲဖြစ်သည်။ မှတ်မှတ်ရရပင် ထိုနှစ် မိုးရာသီတွင် ရုံးပြည်နယ်၏ မိုးက ယခင်နှစ်တွေထက်ပိုပြီး ရွာသွန်းနေခဲ့သည်။ မိုးများသောနှစ်ဖြစ်သည်။ ကျွန်တော့်ခြံ ထဲတွင် သီးပင်စားပင်တွေကလည်း ယခင်နှစ်တွေထက်ပိုပြီး စိမ်းစိုညှိုဆိုင်းနေသည်။ အထူးသဖြင့် ခြံထဲမှ အိမ်သို့ ဝင် သည့်လမ်းတွင် သဘော်ပင်တွေ အုပ်ဆိုင်းနေ၏။ ကျွန်တော့် ခြံရှေ့ လမ်းမက တော်တော်ကျယ်သည်။ ရှေ့ဘက် ခြံစည်း ရိုး၏ အပြင်ဘက်တစ်လျှောက်တွင် အထူးသန့်ရှင်းနေအောင် ပြုလုပ်ထားသည်။ ထိုခြံစည်းရိုးဘေး စွယ်တော်ပင်ရိပ်တွင် စက္ကူတစ်ရွက်ခင်း၍ ဆွမ်းတော်စာ စွန့်သည်။ ဆွမ်းတော်ပွဲမှ သောက်တော်ရေတို့ကို သွန်းလောင်းပြီး အမျှဝေသည်။ ဆွမ်း တော်ပွဲမှာ ကပ်လှူသည့် စက္ကူယပ်လေးတွေကိုလည်း ထို နေရာရှိ မြေပြင်မှာပင် စိုက်ကာ စွန့်သည်။ ကြက်ငှက် တိရစ္ဆာန်လေးများသည် ကျွန်တော်တို့ စွန့်ထားသည့် ဆွမ်း တော်စာတွေကို လာရောက် စားသောက်တတ်ကြသည်။ မိုးတစ်မှိုင်းမှိုင်းရွာသွန်းနေတတ်သည့် နေ့များတွင် မိုးရေထဲ၌ ထီးတစ်လက်ဆောင်းကာ ထိုနေရာသို့ သွားပြီး ဆွမ်းတော်စာ တွေကို စွန့်ပစ်ခဲ့ပါသည်။

ညရောက်လျှင် ဓာတ်ရှင်လေးပါး ဆွမ်းကပ်ဖို့ ကြိုတင် ပြင်ဆင်ထားရသည်။ နံနက်စောစောထပြီး ကျွန်တော့်ဇနီးက ဆွမ်းထချက်ရသည်။ ကျွန်တော်က ဆွမ်းတော်ကပ်ဖို့ ပြင်ဆင်ရသည်။ အားလုံးပြီးလျှင် ကျွန်တော်တို့ မိသားစု အတူ ဆွမ်းတော်ကပ်ကြသည်။ နေ့ ၁၁ နာရီခန့်တွင် ဆွမ်း တော်ပွဲ စွန့်ရသည်၊ အမျှဝေရသည်။ ထိုသို့ဖြင့် ထိုတစ်ဝါ တွင်းလုံး နေ့စဉ် အာစိဏ္ဏကဲ့သို့လိုက်တွေ ဖြစ်နေလေ တော့သည်။

ကျွန်တော်သည် ထိုအချိန်က ကျောင်းဆရာအလုပ်မှ ထွက်ပြီး စိတ်လွတ်ကိုယ်လွတ် စာရေးချင်နေသည်။ အလုပ် တစ်ခုခု၊ တာဝန်တစ်ခုခု၏ အနောင်အဖွဲ့ကင်းစွာနှင့် ပုတီး စိပ်နေချင်လွန်းလှသည်။ ထိုသို့ စာရေး၊ စာဖတ်၊ ပုတီးစိပ်၊ တရားနာအလုပ်တို့ဖြင့် လွတ်လပ်ပေါ့ပါးစွာ နေနိုင်ဖို့ ဆန္ဒ ပြင်းပြနေခဲ့သည်။ ထိုစဉ်က ကျွန်တော် ဖြည့်ကျင့်နေသမျှ အဓိဌာန်တို့၏ စရဏစွမ်းအား၊ ဓာတ်ရှင်လေးပါး ဆွမ်းကပ်လှူ နေဖြစ်သည့် ကုသိုလ်စွမ်းအားတို့က ထိုဆန္ဒကိုတော့ တစ်စုံ တစ်ခုသော အတိုင်းအတာနှင့် ဖြစ်စေ၊ အထောက်အပံ့ဖြစ် စေချင်နေခဲ့ပါသည်။ ထိုဆန္ဒကိုလည်း သစ္စာပြုကာ ဆုပန်နေ ဖြစ်ခဲ့ပါသည်။

အကြောင်းတိုက်ဆိုင်စွာပင် ထိုနှစ် နိုဝင်ဘာလမှ စကာ အလုပ်မှ နုတ်ထွက်နိုင်ခဲ့ကာ၊ ကျွန်တော်ယုံကြည်ရာ တို့ကို အေးအေးလူလူ လွတ်လွတ်လပ်လပ်ဖြင့် လုပ်ခွင့်ရ သွားခဲ့ပါသည်။ ထိုသို့ ဆန္ဒပြည့်ဝသွားခဲ့ရမှုတွင် ထိုဆွမ်းကပ် လှူခြင်း အာစိဏ္ဏကဲ့သို့လိုက်၏ စွမ်းအားကလည်း ကြီးမားစွာ အထောက်အပံ့ပြုခဲ့သည်ဟု ကျွန်တော်ကောင်းစွာ ယုံကြည် နေခဲ့မိပါသည်။

အမှန်တော့ ထိုကျင့်စဉ်သည် စနစ်တကျနှင့် တရိ တသေ လှူဒါန်းဆောင်ရွက်နိုင်လျှင် မှချ ကြီးပွားချမ်းသာစေ မည့် ကျင့်စဉ်ဖြစ်ကြောင်း အတိအကျ ညွှန်းဆိုထားသော ကျင့်စဉ်တစ်ခုဖြစ်ပါသည်။ ထိုကျင့်စဉ်ကို ညွှန်ပြဖြန့်ဝေခဲ့ သူမှာ ဆရာကြီး မင်းသိခ်ဖြစ်သည်။ ထိုစဉ်က ဆရာကြီး မင်းသိခ်သည် မဟာဂန္ဓာရီခရီးထွက်နေစဉ်ဖြစ်၏။ ပုဂံ တောင်ရှိ စကားဝါချောင်မှ အောင်မင်းခေါင်ရိပ်သာတွင် ကျွန်ုပ် အကျင့်မြတ်တို့ကို ကျင့်လုပ်နေစဉ် ဤကျင့်စဉ်ကို ရေးသား ဖြန့်ဝေခဲ့ခြင်းဖြစ်သည်။ ကျွန်တော်က ထိုကျင့်စဉ်ကို ရောက်

www.burmeseclassic.com

မဂ္ဂင်းမှ ရရှိခြင်းဖြစ်သည်။

ထိုစဉ်က ဆရာကြီး မင်းသိခီရေးသား ညွှန်ပြခဲ့သည်တို့ကို အောက်တွင် အတိုအကျ ပြန်လည်တင်ပြလိုက်ပါသည်။

(မှတ်ချက်။ ယခု ထိုကျင့်စဉ်ကို လူ့ဒါန်းကျင့်သုံးနိုင်စေရန် ကျင့်စဉ် စတင်ရမည့်ရက်နှင့် ကျင့်စဉ်ပြီးဆုံးမည့်ရက်ကို ၂၀၁၅နှစ်ရက်စွဲတို့ကို ထည့်သွင်းထားပါသည်။)

(၃)

ဓာတ်ရှင်လေးပါး ပူဇော်၍ ကြီးပွားချမ်းသာစေသောနည်း

(က) စတင်ပူဇော်ရမည့်နေ့

ဝါဆိုလပြည့်နေ့။ (ယခု ၂၀၁၅ ခုနှစ်တွင် ဝါထပ်၏။ ဒုတိယ ဝါဆိုလပြည့်နေ့၊ ဇူလိုင်လ ၃၁ရက်နေ့မှ စတင်ပူဇော်ရပါမည်။)

(ခ) နေ့ကဆုံး ပူဇော်ရမည့်နေ့

သီတင်းကျွတ်လပြည့်နေ့ (ယခု ၂၀၁၅ ခုနှစ်အတွက် အောက်တိုဘာလ ၂၈ ရက်နေ့အထိ ပူဇော်ရပါမည်။)

(ဂ) ပူဇော်ရမည့် အချိန်နာရီ

နေ့စဉ် နံနက် ၅နာရီခန့် (အတိုအကျ ပြုလုပ်လိုမူ အောက်ပါနာရီအတိုင်း ပြုလုပ်ပါ။)

- ဝါဆိုလအတွင်း နံနက် (၅း၃၀)နာရီ။
- ဝါခေါင်လ နံနက် (၅း၄၀)နာရီ။
- တော်သလင်းလ နံနက် (၅း၅၀)နာရီ။
- သီတင်းကျွတ် နံနက် (၆း၀၀)နာရီ။

ထိုအချိန်တို့တွင် ကပ်လှူပူဇော်ပါ။)

(ဃ) ပူဇော်ရမည့် ပစ္စည်း။

* နို့ထမင်း - ၄ ပွဲ
* သောက်တော်ရေ - ၄ ပွဲ
* ဖယောင်းတိုင် - ၄ တိုင်
* ယပ် - ၄ ခု

ယပ်များမှာ -

* ရှင်သင်္ကြာသာရ(အရှေ့အရပ်)အတွက် အဖြူရောင် ယပ်။
* ရှင်မေဓရ(အနောက်အရပ်)အတွက် အဝါရောင် ယပ်။
* ရှင်ဥပဂုတ္တ(တောင်အရပ်)အတွက် အစိမ်းရောင် ယပ်။
* ရှင်သာရဒတ္တ(မြောက်အရပ်)အတွက် အပြာရောင် ယပ်။

(စ) ပူဇော်ပြီး ဆုတောင်းရမည့်ပုံစံ

"တပည့်တော်/ တပည့်တော်မ(-------)နေ့ သား/ သမီးသည် သမုဒ္ဒရာကြီး လေးစင်းတွင် သီတင်းသုံးနေတော်မူသော ရဟန္တာအရှင်မြတ်ကြီးလေးပါးတို့အား ဓာတ်ကြီးလေးပါးကို ရည်ရွယ်၍ ပထဝီဓာတ်အတွက် နို့ထမင်း၊ တေဇောဓာတ်အတွက် အလင်းတိုင်၊ ဝါယောဓာတ်အတွက် ယပ်၊ အာပေါဓာတ်အတွက် သောက်တော်ရေတို့ကို စေတနာညွတ်နူး အထူးကပ်လှူပူဇော်ခဲ့ပါသည် အရှင်ဘုရားတို့။

အရှင်ဘုရားတို့၏ ဘုန်းတန်းခိုးတေဇော် အာနုဘော်တော်တို့ကြောင့် လာမည့် သီတင်းကျွတ်လပြည့်နေ့ကို နောက်ဆုံးထား၍ လောကီအကျိုးစီးပွား၊ ချမ်းသာကြွယ်ဝခြင်းကို အမှန်တကယ် လိုချင်ပါသည့် ဘုရား။ ထိုဆုကို ပြည့်လိုကြောင်း ဆုတောင်းပါသည်။ အိုးအိမ်၊ ယာဉ်ရထား၊ အဝတ်တန်ဆာ၊ စိန်ရွှေငွေရတနာတို့သည် တပည့်တော်ထံသို့ ရောက်လာပါစေသတည်း"

ဤအတိုင်း လေးလေးနက်နက် ရွတ်ဆိုလျှောက်ထားပါ။

(ဆ) ပူဇော်ပြီး ဆွမ်းတော်စွန့်ရမည့် ပုံစံ

သတင်းစာစက္ကူအရွယ် စက္ကူကြီးကြီးပေါ်တွင် ကြက်ခြေခတ်၍ ကြီးလေးကြီးကို ရေးပြီး အစဉ်အတိုင်း အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ဆွမ်းတော်ပွဲများကို စက္ကူပေါ်တွင် စွန့်ပါ။ ယပ်များကို အစဉ်အတိုင်းစိုက်ပါ။ ရေကိုလည်း အစီအစဉ်အတိုင်း မြေကြီးပေါ်တွင် လောင်းပါ။ ထိုသောက်တော်ရေများမှ ရေအချို့ကို ပုလင်းဖြင့် ယူထားပါ။ ထိုရေဖြင့် မျက်နှာသစ်ခြင်း၊ ခေါင်းကို ဆွတ်ဖျန်းခြင်း၊ သောက်ခြင်း ပြုလုပ်ပါ။ အန္တရာယ်ရှိသူများ၊ အနာရောဂါကျရောက်သူများကိုလည်း ထိုရေကို ဆေးအဖြစ်ပေးပါ။

(ဇ) ညပိုင်းတွင် ပင့်ဖိတ်ခြင်း

ညအိပ်ရာဝင်ခါနီးတွင် အောက်ပါအတိုင်း ရွတ်ဆို လျှောက်ထား၍ ရဟန္တာအရှင်မြတ်ကြီးများအား ပင့်ပါ။

"အရှေ့သမုဒ္ဒရာတွင် သီတင်းသုံးနေလော်မူသော

www.burmeseclassic.com

ဘုန်းတော် အလွန်ကြီးမြတ်သော အရှင်သက္ကောသာရ ရဟန္တာအရှင်မြတ်ကြီးဘုရား ...

အနောက်သမုဒ္ဒရာတွင် သီတင်းသုံးနေတော်မူသော ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော အရှင်မေရ ရဟန္တာအရှင်မြတ်ကြီးဘုရား ...

တောင်သမုဒ္ဒရာတွင် သီတင်းသုံးနေတော်မူသော ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော ရှင်ဥပဂုတ္တ ရဟန္တာ အရှင်မြတ်ကြီးဘုရား ...

မြောက်သမုဒ္ဒရာတွင် သီတင်းသုံးနေတော်မူသော ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော ရှင်သာရဒတ္တ ရဟန္တာအရှင်မြတ်ကြီးဘုရား ...

နက်ဖြန်နံနက် အရုဏ်တက်တွင် ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း၊ မြန်မာတိုင်းဌာနေ အထက်အညာ၊ အောက်အကြေအရပ်တွင် ရှိသော တပည့်တော်/ တပည့်တော်မတို့၏ နေအိမ်ဂေဟာတွင် အရှင်မြတ်ဘုရားတို့အား ဓာတ်လေးပါးဆွမ်း ကပ်လှူမည်ဖြစ်ပါသောကြောင့် နဖူးမြေစိုက်၊ ဦးခိုက်၍ ဖိတ်ကြားအပ်ပါသည် အရှင်မြတ်ဘုရားတို့...

တပည့်တော်အား အစဉ် သနားသည်ကို အကြောင်းပြု၍ ကြွရောက် ဘဉ်းပေးတော်မူကြပါ အရှင်မြတ်ဘုရားတို့"

အထက်ပါအတိုင်း ပင့်လျှောက်သောအခါ စားပွဲခုံကို ညကတည်းက ပြင်ဆင်ထားပြီး ဆွမ်းကပ်မည့် စားပွဲ၏ အလယ်တည့်တည့်၌ ဖယောင်းတိုင်တစ်တိုင်ထွန်း၍ လျှောက်ထား ပင့်ဖိတ်ရမည်။ ထိုသို့ ပြုလုပ်ပြီးနောက်...

"အကျွန်ုပ်၏ နေအိမ်တွင် နက်ဖြန်နံနက် အရုဏ်တက်၌ ထူးခြားမွန်မြတ်သော ဓာတ်ကြီးလေးပါး အရုဏ်ဆွမ်းကို ရဟန္တာအရှင်မြတ်ကြီးလေးပါးအား ကပ်လှူပူဇော်မည်ဖြစ်ပါသောကြောင့် ဘိုးတော် သိကြားမင်း၊ သာသနာစောင့် နတ်မင်းကြီးလေးပါး၊ သမ္မာဒေဝအပေါင်း၊ အတွင်း ၃၇မင်း၊ အပြင် ၃၇မင်း၊ အိမ်စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ လမ်းစောင့်နတ်တို့သာမက ကမ္ဘာအရပ်ရပ်တွင်ရှိသော သိုက်နန်းရှင်အပေါင်းတို့အား ကျွန်ုပ်၏ နေအိမ်တွင် ရဟန္တာကြီးများကို ကပ်လှူမည့် ဓာတ်ကြီးလေးပါးအလှူကြီးတွင် ရဟန္တာကြီးများကို အတူတကွ ကြည်ညိုနိုင်ရန် ကြွရောက်နိုင်ကြောင်း ဖိတ်ကြားအပ်ပါသည်။ ရဟန္တာကြီးများ ဆွမ်းဘဉ်းပေးသည်အထိ ကြည်ညိုပြီးလျှင်လည်း မိမိတို့ နေရာဌာနအသီးသီးသို့ ပြန်လည်ကြွမြန်းကြပါကုန်။ ဤအလှူကြီးအား ဝါတွင်း လေးလပတ်လုံး ပြုလုပ်မည်ဖြစ်ပါ၍ ဝါတွင်းကာလပတ်လုံး ဖိတ်ကြားအပ်ပါသည်"

(မှတ်ချက်။ အမှတ်စဉ် (၈)တွင် ဖော်ပြထားသော လူဒါန်းပူဇော်ပြီးချိန်၌ ဆုတောင်းရမည့်ပုံစံစာသားကို ညွှိုင်းအချိန် ရဟန္တာကြီးများအား ပင့်ဖိတ်ပြီးသောအခါ၌လည်း တစ်ကြိမ်ထပ်၍ရွတ်ဆိုပါ။)

ဤဖော်ပြချက်အတိုင်း တစ်သဝေမတိမ်း လေ့နံ့ဓားထစ်ပြုလုပ်ပါ။ မှချ ကြီးပွားချမ်းသာလိမ့်မည်။

"မင်းသိခ်၊ မဟာဂန္ဓာရီခရီး။ ခေတ္တ-အောင်မင်းခေါင် ရိပ်သာ။ စကားဝါချောင်။ ပုပ္ပါး" ဟူ၍ ရေးသားပြန့်ဝေခဲ့ခြင်း ဖြစ်သည်။

(၄)

မြန်မာ့လောကီပညာနယ်တွင် ဓာတ်ကြီးလေးပါး ယတြာအလှူသည် လွန်စွာထင်ရှားပါသည်။ စွမ်းအားလည်း ကြီးမားလှပါသည်။ ဤယတြာအလှူသည်လည်း ဓာတ်ကြီးလေးပါးဆွမ်းအလှူပင်ဖြစ်ပါသည်။ သို့သော် သက်တော်ထင်ရှား ရဟန္တာအရှင်သူမြတ်ကြီးလေးပါးကို အထူးပင့်ဖိတ်လျှောက်ထားကာ သီးသန့် ကပ်လှူခြင်းဖြစ်၍ "ဓာတ်ရှင်လေးပါး ပူဇော်နည်း"ဟု ခေါ်တွင်စေခဲ့ဟန်တူပါသည်။

ကျွန်တော်သည် ထိုသို့ဘုရား၊ ရဟန္တာအရှင်သူမြတ်တို့နှင့် ဆိုင်သည့် ယတြာကျင့်စဉ်များကို ဆောင်ရွက်ရာတွင် အဂါဝရဖြစ်သွားမှာကို အလွန်စိုးရိမ်ပါသည်။ ထို့ထက်ဆိုရသော် ကိုယ်တတ်စွမ်းသည့် အတိုင်းအတာအတွင်းမှ အတတ်နိုင်ဆုံး သန့်သန့်ခန့်ခန့်ဖြစ်အောင် ပူဇော်လိုပါသည်။ ထို့ကြောင့် ဓာတ်ရှင်လေးပါးကပ်လှူရာတွင် ယတြာသဘော သက်သက် စတို့မျှ ဆောင်ရွက်ခြင်းမဖြစ်စေလိုဘဲ၊ အတတ်နိုင်ဆုံး ရိသေဿတ်နူးစွာဖြင့် သက်တော်ထင်ရှား ရဟန္တာအရှင်သူမြတ်ကြီးများ ကြွရောက် ဘဉ်းပေးတော်မူသည်အလား အာရုံပြုကာ ပူဇော်ခဲ့ပါသည်။ ဆွမ်းတော်ပွဲမှ ဆွမ်းထည့်သည့် ပန်းကန်တွေကိုလည်း သင့်တင့်သည့် အရွယ်အစားအနေအထားဖြစ်အောင် စီစဉ် ကပ်လှူခဲ့ပါသည်။ ထိုနံနက်စောစောတွင် ဘုရားကျောင်းဆောင်ထက်၌ ဘုရားရှင်နှင့်တကွ အခြား သံဃာတော်အရှင်သူမြတ်တို့အတွက် ဆွမ်းတော်ပွဲကို လည်းကောင်း၊ ပန်းရေထီမိ၊ သစ်ခဲ့ခဲ့ဖွယ်တို့ကို လည်းကောင်း တတ်စွမ်းသမျှ တရိုတသေ ကပ်လှူ ပူဇော်ခဲ့ပါသည်။

ဘုရားခန်းတွင် ဘုရားကျောင်းဆောင်ရှေ့မှာ သီးသန့် စားပွဲတစ်ခု ပြင်ဆင်ကာ စားပွဲခင်းမျက်နှာ၊ ခင်းခြင်း၊ ရဟန္တာ

www.burmeseclassic.com

www.burmeseclassic.com

အရင်သူမြတ်ကြီးလေးပါးတို့ ထိုင်ရန်အတွက် ခင်းပုံ လေးခု ခင်းခြင်း။ ရဟန္တာအရင်သူမြတ်ကြီးတို့ ကြွချီလာလျှင် နင်း လျှောက်လာရန် အိမ်တံခါးမကြီးမှ ဆွမ်းပွဲအထိ အဝတ် သန့်သန့်(တဘက်ကဲ့သို့ အဝတ်)များ ခင်းထားခြင်းတို့မှ အစ ကျကျနန ပြင်ဆင်ကပ်လှူခဲ့ပါသည်။ ထိုဆွမ်းပွဲတို့တွင် လည်း သက်တော်ထင်ရှား အရင်သူမြတ်ကြီးကိုကို ကပ်လှူ သလို ဌန်းတစ်ချောင်းစီတပ်၍ ကပ်လှူခဲ့ပါသည်။ စက္ကူယပ် လေးတွေကိုမူ ဆွမ်းပွဲအလယ်တည့်တည့်တွင် ဖန်ခွက် တစ်လုံးချကာ၊ ထိုဖန်ခွက်ထဲတွင် ယပ်လေးခုလုံးကို ထည့် ကာ ရဟန္တာအရင်သူမြတ်ကြီးတစ်ပါးစီဘက်သို့ တစ်ခုစီ လှည့်ထားပြီး ကပ်လှူပါသည်။ (ကျွန်တော် ကပ်လှူရာတွင် ဆွမ်းပွဲထားပုံ၊ သောက်တော်ရေခွက်ထားပုံ၊ ယပ်များ ထားပုံ၊ အလင်းတိုင်ထားပုံတို့ကိုပါ [illegible] တင်ပြထားပါသည်။) စာဖတ်ပရိသတ်များသည်လည်း ဆရာကြီး၏ ညွှန်ကြားမှုနှင့် ရှသည်း ကိုက်ညီအောင်၊ သန့်သန့်ခန့်ခန့်လည်းဖြစ်အောင် အဆင်ပြေသလို ဆောင်ရွက်ကြစေချင်ပါသည်။

ဆောင်ရွက်ရန်မှာ ဖော်ပြထားသော (ကယာ၊ဇောင်း) အစဉ်အတိုင်း ဆောင်ရွက်ရပါမည်။

ဆုတောင်းစာကို ညအချိန် ပင့်ဖိတ်စဉ် တစ်ကြိမ်၊ နံနက်ပိုင်း လှူဒါန်းပူဇော်ပြီးချိန်တွင် တစ်ကြိမ်၊ တစ်နေ့လျှင် စုစုပေါင်း နှစ်ကြိမ်တိတိ ဆုတောင်းရမည်ဖြစ်သည်။ (ညအချိန် ဆုတောင်းရာတွင် ကျွန်တော်သည် "စေတနာညွှတ်နူးစွာ အထူးကပ်လှူပူဇော်ခဲ့ပါသည်"စာသားနေရာတွင် "စေတနာ ညွှတ်နူးစွာ အထူးကပ်လှူပူဇော်လိုပါသည်"ဟု ရွတ်ဆိုပါ သည်။)

ဆွမ်းတော်စွန့်ရန်အတွက် စာရွက်ကိုမူ လျှောက်လွှာ စာရွက်တွင် ဆော့ပင်ဖြင့် ပုံပါအတိုင်း ကြီးလေးကြီးကို ဆွဲပြီး ၎င်းစာရွက်ပေါ်တွင် စွန့်ပါသည်။

(၅)

ကျွန်တော်သည် ထိုစဉ်က ဆရာကြီး မင်းသိခ်၏ ညွှန်ပြမှုကျင့်စဉ်များကို များစွာကျင့်သုံးခဲ့ဖူးပါသည်။ မနောမယ ဖက်ဖူးရောင် အောင်အိုးအဓိဋ္ဌာန်၊ အောင်ဘာလေထီ အဓိဋ္ဌာန်၊ ခေါင်းဆေးမင်္ဂလာ၊ မနောမယ လင်ပန်းအဓိဋ္ဌာန် တို့မှအစ "ဥမ်"ဆိုသည့် မန္တန်ကို ရွတ်ပွားသော ကျင့်စဉ် တို့ကိုပါ နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့ဖူးပါသည်။

ထိုက်သင့်သည့် ကောင်းကျိုးတို့ကိုလည်း အမှန်ပင် ခံစားခဲ့ရဖူးပါသည်။ ယခု ဤဓာတ်ရှင်လေးပါးအလှူကျင့်စဉ် သည်လည်း ဆရာကြီး ညွှန်ဆိုထားသကဲ့သို့ပင် ကြီးမွား ချမ်းသာစေမည့် ကျင့်စဉ်အမှန်ပင်ဖြစ်မည်ဟု မဓိဋ္ဌာန် ယုံကြည်မိပါသည်။ သို့သော် မည်သည့်အတိုင်းအတာနှင့် ကြီးပွားချမ်းသာမည် ဆိုသည်မှာမူ မိမိ၏အတိတ်ဘဝ ပါရမီ ကုသိုလ်ကံ၏ စွမ်းအားအတိုင်းအတာအပေါ်တွင်လည်း တည်မှီနေပါလိမ့်မည်။ ယခု မိမိကပ်လှူသောအခါတွင် ပြဋ္ဌာန်းထားသော မိမိ၏ စေတနာသန္ဓိဋ္ဌာန်ရာအပေါ်တွင် လည်း တည်မှီနေပါလိမ့်မည်။ ထို့အပြင် လက်တွေ့ ကပ်လှူ ရာတွင် ဂါဝရတရာပြင့် ဂိုဂိုသေသေ ထိထိမိမိ ကပ်လှူနိုင်မှု အတိုင်းအတာအပေါ်တွင်လည်း တည်မှီနေပါလိမ့်မည်။

ထို့ကြောင့် သင်ရရှိမည့် အကျိုးကျေးဇူးသည် သင်၏ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံ နှစ်ခုလုံးအပေါ်တွင်လည်း အမှန်ပင် တည်မှီနေပါလိမ့်ဦးမည်။ ကျင့်စဉ်ကမူ အမှန်တကယ် ကောင်းကျိုးပေးနိုင်စွမ်းသည့် စနစ်ကောင်းဟု ကျွန်တော် ယုံကြည်ပါသည်။

ကျွန်တော်သည် ထိုနှစ်က အောင်ဘာလေထီဆု သေးသေးလေးတစ်ခုပေါက်ခဲ့ဖူးပါသည်။ ထီပေါက်သည့် ငွေသည် ဘာမျှ ဟုတ်တိပတ်တိ သုံးလောက် စွဲလောက်အောင် များပြားလှသည်မဟုတ်။ သို့သော် ထီပေါက်ခြင်းသည် ကံဇာတာမြင့်မားပွင့်လန်းလာသည့် သက်တစ်ခုပင်ဖြစ် လေသည်။ ထိုနှစ်မှ စကာ အခြား ကောင်းကျိုးနှင့် ယှဉ်သည့် စီးပွားရေးတို့ ထိုက်သင့်သလောက် အဆင်ပြေလာလေသည်။ ထို့ကြောင့် အလုပ်မှ အပြီးအပိုင် အနားယူလိုက်ပြီးလျှင် ကျွန်တော် ဝါသနာထုံရာ စာဖတ်ခြင်း၊ စာရေးခြင်း၊ ပုတီး စိပ်ခြင်းအလုပ်တို့ကို တစ်စိုက်မတ်မတ်လုပ်ကာ အေးအေး လူလူနှင့် နေနိုင်လာပါသည်။

မည်သို့ပင်ဖြစ်စေ ဤဆောင်းပါးကို စာဖတ်ပရိသတ် ထံ လက်ဆင့်ကမ်း ရေးသားနိုင်ဆော်ကာ ကုသိုလ်ယူရင်း နှင့်ပင် ထိုဆရာကြီး၊ မင်းသိခ်၏ စာပေကျေးဇူး၊ လောကီ ပညာကျေးဇူးစသည့် ကျေးဇူးတရားများစွာတို့ကို လိုက်လဲ သောစိတ်ဖြင့် နဖူးမြေစိုက် ဦးတိုက် ကန်တော့လိုက်ပါ သတည်း ■

အားလုံးသတ္တဝါ ချမ်းသာပါစေ

သက်နိုင်ဆွေ ။ပုပ္ပါး။

*****

www.burmeseclassic.com

www.burmeseclassic.com



ကြွေလွင့်သွားတဲ့အသည်း

ခမည်းလေးတော့ ပေးစေချင်တယ်

ပေဒသုတေသီ ဆရာမျိုး

ဒီဆောင်းပါးဟာဆိုရင် ပြီခဲ့တဲ့ ဧပြီလထုတ် "နှမစေတီ တော်နှင့် မောင်စေတီတော်" ဆောင်းပါးရဲ့ အဆက်လို့လည်း ပြောနိုင်ပါတယ်။ ဒီ နောက်ဆက်တွဲ သတင်းကလေးကတော့ ပါးစပ်ရာဇဝင်ပါပဲ။ စာရေးသူ တောင်လေးလုံး ဘုရားနိကို ရောက်ရှိတဲ့အချိန်မှာ လက်ထောက် ဆရာတော် ဦးတိက္ခ က မိန့်တော်မူခဲ့တာပါ။

"ပါးစပ်ရာဇဝင်တစ်ခုတော့ ရှိတယ် ဒကာကြီး။ အမှန် ဟုတ်, မဟုတ်တော့ဖြင့် ကျွှပ်တို့လည်း မသိဘူး။ အဲဒါက တော့ နှမ အုပ်ချုပ်တဲ့အချိန်မှာ မောင်က မကျေနပ်လို့ ဓားနဲ့ လိုက်သတဲ့။ အဲဒီမှာ ပြေးမလွတ်တော့ အခု တံတား နေရာအရောက်မှာ ရေထဲ ခုန်ချသတဲ့။ အဲဒီမှာ မောင်လုပ်တဲ့ သူက နောက်ပါ ရဲမက်တွေကို ပေါ်ရင် သတ်လို့ အမိန့်ပေး ရာက ပေါ်ရီသရယ်လို့ အမည်တွင်သတဲ့။"

နှမတော်ဟာ ကွယ်လွန်ခါနီးအချိန်မှာ မောင်ကို စိတ် နာပြီး ကျိန်စာတိုက်ခဲ့ပါတယ်။ အဲဒီ ကျိန်စာဟာ ယခုတိုင် အောင် မပျက်ပြယ်သေးပါဘူးရယ်လို့ ဆိုတဲ့သူတွေက ဆို



ကြပါတယ်။ အဲဒီချောင်းကလေးဟာ နှမရဲ့ သွေးတွေနဲ့ ရောနှောစီးဆင်းခဲ့ပါတယ်။ အခုအချိန်ထိ အဲဒီချောင်းရေဟာ နီလျက်ရှိပါတယ်။ ဒါကြောင့် "ချောင်းနီကလေး"လို့ ခေါ်ပါ တယ်။ ချောင်းနီကလေးကို အမှီပြုပြီး "ဘုရားနီ"ရယ်လို့ ခေါ်တွင်ပါတယ်။

တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် နှမတော်ရဲ့ အသည်း လေးဟာ ရေနီချောင်းမှာ ကြွေလွင့်ခဲ့ရတယ်လို့ ထားပါတော့ လေ။ ပုံပြင်လည်း ဖြစ်နိုင်သလို၊ ဒဏ္ဍာရီလည်း ဖြစ်နိုင်ပါ

www.burmeseclassic.com






တယ်။ စာရေးသူအနေနဲ့ကတော့ ဘုရားနီကျောင်းတိုက်အတွင်းက နောက်ဆက်တွဲ သတင်းကို ဆက်လက် တင်ပြ ချင်တာပါ။

၁-၃-၂၀၁၅ ရက်နေ့မှာ ဘုရားနီ ပင်မကျောင်းတော်ကြီးကို မီးသွေးပါတယ်။ အောက်ခြေ လှေကားလေးတစ်ခြမ်းပဲ ကျန်ခဲ့ပြီးတော့၊ အထက် ပင်မဆောင်ကြီးတစ်ခုလုံး ဆုံးရှုံးပျက်စီးသွားပုံမှာ ဝမ်းနည်းကြေကွဲစရာရယ်ပါ။ ယခင် ဆောင်းပါးအတွင်းမှာ ပါဝင်တဲ့ ခေါင်းလောင်းတော်အားလုံးလည်း အရှည်ပျော်သွားပါသတဲ့။ စေတီတော်မှာ တင်လျှို့ပြင်ဆင်ထားတဲ့ ထီးတော်အသစ်ကြီးလည်း မီးကျွမ်းသွားပါတယ်။

ဒီတစ်ခါတော့ဖြင့် ဆရာတော်နဲ့ ဆိုက်ဆိုက်မြိုက်မြိုက် ဆုံတွေ့ခဲ့ပါတယ်။ ဆရာတော်ရဲ့ မျက်နှာပြင်ပေါ်မှာ ဝမ်းသာခြင်းအရိပ်အရောင်လည်း မရှိ၊ ဝမ်းနည်းခြင်းအရိပ်အရောင်လည်း မတွေ့မမြင်ရဘဲ တရားရှုပ်ပီသစွာဖြင့် တည်ငြိမ်ရင့်ကျက်သော ဣန္ဒြေကို ဆောင်နေတော်မူပါတယ်။ လောကဓံကို ကြုံကြဲခဲ့နိုင်ပြီး တွေ့ကြုံလာမယ့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန် အဆင်သင့်ရှိနေတော်မူပါတယ်။ ဆရာတော်က (ပေ ၁၁၁ × ၆၀)ရှိသည့် အသစ်ပြန်လည် ဆောက်လုပ်မည့် ကမ္ဘောဇ နဂါးနီကျောင်းတော်ကြီး အတွက် အလှူရှင် နှီးဆော်ပေးရန် မေတ္တာရပ်ခံတော်မူပါတယ်။ ဆရာတော်ဟာ ယခုအချိန်မှာ ယခင် ဆောင်းပါးဦး ပါရှိခဲ့သော အရှေ့တောင်အရပ်ရှိ ဗောဓိပင်နှင့် ပြုဟ်ရုစ်ခွင် ရေမှု သီးသန့်နေရာမှာ သီတင်းသုံးတော်မူရှာပါတယ်။

စာရေးသူ ရောက်လက်စနဲ့ စေတီတစ်ပတ်ကို ထပ်မံ မှတ်တမ်းတင်ပါမယ်။

မြတ်မြင့်မိရိကုန်စုဆိုင်၊ တော်ဝင်ကုန်စုဆိုင်နှင့် ရွှေပြည်စုံ ထမင်းဆိုင်တို့မှ စုပေါင်း လှူဒါန်းထားသော နဂါးရုဘုရား ဟာ ယခင်က အာရုံခံ အမိုးမရှိသေးသော်လည်း၊ ယခုအခါ တွင်တော့ အာရုံခအမိုး တည်ဆောက်ပြီးဖြစ်ပါတယ်။ ဆရာတော် သီတင်းသုံးရာ နေရာနဲ့ ကပ်လျက်မှာတော့ အဂ္ဂဇေယျမင်းသိမ်ဒိုအောင်စေတီတော်ကို သီးခြား ကုန်းမြင့်ကလေးနဲ့ စံပယ်တော်မူပုံကို တွေ့မြင်ရပါတယ်။ ဘုရားနီစေတီတော် အကြောင်းကိုတော့ ယခင်ဆောင်းပါးမှာ ဖော်ပြပြီးဖြစ်တာကြောင့် ထပ်မံ မတင်ပြတော့ပါ။

အချုပ်ဆိုရသည်ရှိသော် သံဃာတော်များ သီတင်းသုံးရန် နေရာအခက်အခဲရှိပါသောကြောင့် အသစ်ပြန်လည် တည်ဆောက်မယ့် "ကမ္ဘောဇ နဂါးနီကျောင်းတော်ကြီး" အတွက် ပါဝင်လှူဒါန်းနိုင်ရန် ရှမ်းပြည်နယ်တောင်ပိုင်းတောင်ကြီးမြို့နယ်၊ တောင်လေးလုံးကျေးရွာ ဘုရားနီကျောင်းတိုက်သို့ ကြွရောက်ကြပါရန် ဖိတ်ခေါ်လိုက်ရပါကြောင်း။

မေဒသုတေသီ ဆရာချို

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် အိုးဖိုကုန်းဆိုသော ရွာကလေးသို့ လူနှစ်ယောက်ရောက်ရှိလာခဲ့သည်။ ထိုရွာကလေးမှာ ရန်ကုန်-မန္တလေးလမ်း ကားလမ်းဘေးတွင် တည်ရှိနေပြီး ဖြူးပြိုနယ်၏ မြောက်ဘက်နယ်နိမိတ်ဆုံးအလွန်ကလေးနှင့် အုတ်တွင်းပြိုနယ်၏ တောင်ဘက်အနားတွင် တည်ရှိနေသော ကျေးလက်ရွာကလေး ဖြစ်သည်။ ရွာသူ ရွာသားများမှာ ကျေးလက်နေ တောင်သူလယ်သမားများဖြစ်ကြ၍ ရိုးသားကြသည်။ မိရိုးဖလာ တောင်သူလယ်လုပ်ဖြင့်သာ အသက်မွေး နေထိုင်ခဲ့ကြလေသည်။

ထိုရွာကလေးသို့ ရောက်ရှိလာသည့် လူနှစ်ယောက်မှာ တစ်ယောက်က အသက် ၅၀ ကျော်ခန့်ရှိ၍ နှုတ်ခမ်းမွေးနှင့် ဆံပင်ရည်ရှိပြီး ခေါင်းပေါင်းပေါင်းထားကာ လွယ်အိတ်တစ်လုံး လွယ်ထားသည်။ ကျွန်တစ်ယောက်ကတော့ အသက် ၃၀ ကျော်ခန့်သာ ရှိသေးသူဖြစ်သည်။ ထိုသူတို့မှာ ဆရာတပည့်ဖြစ်ပါဟန်တူသည်။

ထိုလူနှစ်ယောက်မှာ ရွာ၏ အနောက်ဖျားတွင် ရှိသော အိမ်တစ်အိမ်ရှေ့သို့ ရောက်လာကြ၏။

"ဗျို့ . . . အိမ်ရှင်တို့၊ ကျုပ်တို့ ခရီးရှည်လျှောက်လာခဲ့ကြလို့ ပင်ပန်းပြီး ရေတိုက်လာကြပါတယ်ကွယ်။ အဲဒါ ရေလေးတစ်မှုတ်လောက် ဝင်ယောက်ပါရစေလားကွယ်"

"ညော် . . . ခရီးသွားတွေနဲ့ တူတယ်။ ရပါတယ်ခင်ဗျာ။ လာပါ၊ အိမ်ပေါ် တက်ထိုင်ကြပါဦး။ အေးအေးဆေးဆေး အနားယူကြပါဦးဗျာ"

အိမ်ရှင် ယောကျ်ားက လောကွတ်ပြုကာ သူ့အိမ်ပေါ် ခေါ်၍ အနားယူစေသည်။

"ဒီမှာ ဆရာကြီးတို့ . . . ရေနွေးကြမ်းအိုးလည်း ရှိတယ်ဗျ။ ရေတော်ရင် ရေသောက်မယ့်အစား ရေနွေးကြမ်းသောက်ကြပါလားဗျာ"

"အို . . . ရေနွေးကြမ်းသောက်ရမယ်ဆိုရင် ပိုပြီးသဘောကျပါတယ်ဗျာ"

တကယ်တော့ နေပူထဲ ခရီးသွားပြီး ရေတိုက်လျှင် ရေနွေးကြမ်းသောက်လိုက်ပါက ရေတိုက်ပြေသည့်အပြင် နောက်ထပ် ရေလည်း တော်တော်နှင့် မငတ်တော့ပေ။

"ဒီက ဆရာကြီးတို့က ဘယ်ကို ခရီးဆက်ကြမှာလဲဗျ"

"ညော် . . . ကျုပ်တို့ ဆရာတပည့် နှစ်ယောက်က ရွာစဉ်လှည့်ပြီး ဆေးလိုက်ကုနေကြတာပါဗျာ။ ဒီနွေ့ာ တိုင်းရင်းဆေးဆရာဆိုလည်း ဟုတ်ပါတယ်လေ"

"ဟာ . . . ဟုတ်လား။ ဆရာကြီးတို့ ရောက်လာကြတာ အခန့်သင့် လိုက်တာဗျာ။ ကျွန်တော်တို့ ရွာသားအများစုက တိုင်းရင်းဆေးကိုပဲ ယုံယုံကြည်ကြည်သောက်သုံးကြတာဗျ။ မြို့ဆေးခန်း၊ ဆေးရုံတွေနဲ့ ဝေးတယ်လေ။ အဲ . . . ဒါပေမယ့် ရမ်းကုဆရာတွေတော့ ရောက်-ရောက်လာကြပါတယ်။ သူတို့ကို ယုံကြည်သူတွေလည်း ရှိပါတယ်။ မယုံရဲသူတွေလည်း အများကြီးပေါ့ ဆရာကြီးရယ်"

"ညော် . . . ညော်၊ ဒါနဲ့ သူတို့နဲ့ ဆေးထိုးတော့ရော အဆင်ပြေကြရဲ့လားဗျ"

"ဆရာ မရှိလို့ ရောဂါဖြစ်သူက မြို့ဆေးခန်းမသွားနိုင်လို့သာ သူတို့နဲ့ ဆေးထိုးခဲ့ကြပေမယ့် သက်သာပျောက်ကင်းသူအရေအတွက်က နည်းပြီး ကတိမ်းကပါးဖြစ်တဲ့ ဦးရေက များပါတယ် ဆရာကြီးရယ်"

"အင်းအင်း၊ ဖြစ်မယ်လေ၊ ရမ်းကုဆိုတာက တကယ်ဆရာဝန်တွေလို ဆေးကျောင်းမှာ နေစံတက္ကသင်ယူ တတ်မြောက်ထားကြတာမှ မဟုတ်တာပဲ။ ဆေးထိုးအပ်ကိုင်ပြီး ကြားဖူးနားဝရှိတဲ့ ဆေးနဲ့ ရမ်းပြီး ထိုးကြတာပဲ။ ကံကောင်းလို့ ရောဂါနဲ့ ဆေးတည့်သွားသူက သက်သာပျောက်ကင်းခဲ့ပေမယ့်၊ ရောဂါနဲ့ ဆေး တခြားစီဖြစ်ပြီး ဆေးမှားလို့ သေကြတာတွေလည်း အများကြီးပဲလေ"

"ဟုတ်ပါတယ် ဆရာကြီး။ ကျွန်တော်တို့ မိသားစုကတော့ ဖျားရင် နာရင် တိုင်းရင်းဆေးနဲ့ပဲ ကုသကြပါတယ်"

"အေးလေကွယ်၊ ခေတ်မီ ထိုးဆေးတွေ၊ ဆရာဝန်တွေ မပေါ်မီက ဟိုနန်းစဉ်အဆက်ဆက်မှာ တိုင်းရင်းသမားတော်တွေနဲ့ပဲ ကုသပျောက်ကင်းခဲ့ကြတာပဲ မဟုတ်လား။ ထိုးဆေးတွေက လတ်တလော သက်သာပျောက်ကင်းပေမယ့် အမြစ်မပြတ်ဘူးကွယ်။ တိုင်းရင်းဆေးတွေကသာ အမြစ်ပြတ်ပျောက်ကင်းခဲ့တာမဟုတ်လားကွယ်"

တကယ်တော့ ရမ်းကုဆရာများသည် စနစ်တကျ သင်ယူတတ်မြောက်ထားကြသည်မဟုတ်။ ကြားဖူးနားဝရှိသည်နှင့် ထိုးဆေးကိုင်ကာ ကုသကြခြင်းဖြစ်သည်။

"ကျုပ်တို့ ရွာစဉ်လှည့် ကုသခဲ့ကြတာ ရွာတွေ တော်တော်ရောက်ခဲ့ကြပါတယ်။ အဲ . . . ရွာတစ်ရွာမှာတော့ ငါးနှစ်သားကလေးတစ်ယောက် အပူငုပ်ပြီး ဖျားနေလို့ ရမ်းကုဆရာနဲ့ ဆေးထိုးခဲ့တာ ခြေတစ်ဖက် ထောန်းဖြစ်ပြီး ပိုလီယိုဖြစ်သွားခဲ့တော့တာပဲ။ လူစဉ်မမီတော့တဲ့ ဒုက္ခိတလေးဆိုရင် ပိုမနှမြဲပေါ့လေ"

"အို . . . ဘယ်လိုမှ ဖြစ်သွားခဲ့

www.burmeseclassic.com

တာပါလိမ့် ဆရာကြီးရယ်"

"ဒီလိုလေဗျာ၊ အပူငုပ်နေတဲ့ ကလေးရဲ့ တင်ပါးကို ဆေးထိုးအပ်သွင်းလိုက်တာ တင်ပါးဆုံနဲ့ ပေါင်ရင်းက အဆက်ကြားထဲ အပ်သွင်းမိပြီး ခြေထောက် မထောက်နိုင်တော့ဘဲ ထော့နင်း ထော့နင်းဖြစ်သွားပြီး ဒုက္ခိတဘဝ ရောက်ခဲ့ရတာပါပဲလေ"

"စကားကောင်းနေကြတာနဲ့ ဆရာကြီးတို့ ဘယ်မှာတည်းကြမှာလဲ"

"ကျုပ်တို့မှာ တည်းစရာ အိမ်မရှိသေးပါဘူး။ ရောဂါသည်တွေ့ရင် ကုသကြမယ်၊ မရှိရင်လည်း တခြားရွာကို ခရီးဆက်ကြရမှာပေါ့လေ"

"အို···ရွာထဲက ဆရာကြီးတို့ ရောက်လာကြမှန်း မသိကြလို့ပါ။ သိကြရင် ပင့်ကြမှာပါ ဆရာကြီး"

"ဒီလိုလုပ်ပါလား ဆရာကြီး။ ကျွန်တော့်အိမ်မှာပဲ တည်းကြပေါ့။ ကျွန်တော် ရွာထဲကို အကြောင်းကြား ပေးပါ့မယ်လေ"

"အေးလေ၊ ဒါဆိုလည်း စောင့်ကြသေးတာပေါ့"

သို့နှင့် ထိုအိမ်ရှင် ညွှတ်ကျေခဲ့သဖြင့် ထိုအိမ်မှာပင် တည်းခိုကြကာ ရွာထဲမှ လာပင့်လျှင် သွားရောက်၍ ကုသပေးကြလေသည်။

◈◈◈

"ဟေ့···တပည့်၊ ဆရာတို့တော့ ဒီရွာမှာ ဆေးကုရင်းနဲ့ လေ့လာခွင့်ရပြီကွ"

"မင်း···ဒီရွာရဲ့ တောင်ဘက် တစ်ခေါ်လောက်အကွာမှာ ထန်းပင်သုံးပင်ရှိနေတာ တွေ့တယ်မဟုတ်လား"

"တွေ့တယ်လေ ဆရာကြီး၊ အဲဒီ ထန်းသုံးပင်တွေတော့ ဆရာကြီးက ထန်းရည်သောက်ချင်လို့လား"

ကျုပ်တို့ ရွာစဉ်လှည့် ကုသခဲ့ကြတာ ရွာတွေတော်တော်ရောက်ခဲ့ကြပါတယ်။ အဲ···ရွာတစ်ရွာမှာတော့ ငါးနှစ်သားကလေးတစ်ယောက် အပူငုပ်ပြီး ဗျားနေလို့ ရမ်းကုဆရာနဲ့ ဆေးထိုးခဲ့တာ ခန္ဓာတစ်ဖက် ထော့နင်းဖြစ်ပြီး ပိုလီယိုဖြစ်သွားခဲ့တော့တာပဲ။ လူစဉ်မမီတော့တဲ့ ဒုက္ခိတလေးဆိုရင် ပိုမုန့်မှာပေါ့လေ

"ဘယ်ကလာ ထန်းရည်သောက် ရမှာလဲကွ။ အဲဒီ ထန်းသုံးပင်က ငါတို့ ရထားတဲ့ သိုက်စာအညွှန်းထဲမှာ ပါနေတယ်လေကွာ"

"ဟာ···ဟုတ်လား ဆရာကြီး၊ ဒါဆို သိုက်ရှိတဲ့ နေရာပဲပေါ့နော်"

"ဒါတော့ အတတ်မပြောနိုင်သေးဘူးကွ။ သေချာအောင် ဆက်ပြီလေ့လာကြည့်ရဦးမယ်လေ"

သူတို့ သိုက်စာရထားသည်မှာ "အိုဇိုကုန်းတောင် ခွေးတစ်ဟောင်" လို့ ခေါ်ထားသည်။ သိုက်စာအရ ထိုအိုးဖို ကုန်းရွာ၏တောင်ဘက် ခွေးတစ်ဟောင်လောက်အကွာတွင် ရတနာသိုက်ရှိကြောင်းဖြစ်သည်။ ရွာတောင်ဘက်ရှိ ထန်းသုံးပင်ပေါက်နေသော နေရာမှာ ရွာမှ ခွေးဟောင်လျှင် ကြားနိုင်လောက်သော အကွာအဝေး၌ ရှိနေပေသည်။

"ငါတို့ကို ဒီရွာသားတွေက တိုင်းရင်းဆေးဆရာတွေလို့ပဲ သိကြတာကြောင့် ရောဂါသည်ရှိတဲ့ အိမ်တွေက ပင့်ပြီး ကုသခိုင်းနေကြလေတော့ ဒီရွာမှာ တည်းခိုပြီး သေချာအောင် လေ့လာနိုင်ပြီပေါ့ကွာ"

သူတို့က တိုင်းရင်းဆေးလည်း အတန်အသင့်ကျွမ်းကျင်သည်။ တိုင်းရင်းဆေးတွေလည်း ပါလာကြသဖြင့် ရွာသားများက ဆေးဆရာအဖြစ်သာ သိကြသည်။

ထိုရွာ၏ ဓလေ့က ရွာသားအများမှာ အိမ်သာ သီးသန့်ဆောက်ထားကြသူက နည်း၏။ အများအားဖြင့် အပေါ့အပါးသွားလိုလျှင် ရွာအပြင် တောစပ်သို့ သွားကာ တောထိုင် ထိုင်ကြလေသည်။

ဆရာကြီးက ထိုဓလေ့ကို သိထားသဖြင့် တစ်ညနေတွင် ရွာတောင်ဘက် တောစပ်သို့ အပေါ့အပါးသွားရန် အကြောင်းပြကာ ထွက်လာခဲ့၏။ ထို ထန်းသုံးပင်သို့ ရောက်လျှင် သိုက်ဆရာအစွမ်းအစပညာရပ်ဖြင့် စမ်းသပ်ကြည့်ခဲ့သည်။

"ဟေ့···တပည့်ရေ၊ အဲဒီထန်းသုံးပင်ရှိနေတဲ့ နေရာဟာ သိုက်စာမှာ ပါတဲ့အတိုင်း ရတနာသိုက်ရှိနေတာတော့ သေချာတယ်ဟေ့"

"ဟာ···ဟုတ်လား ဆရာကြီး၊ ဒါဆိုရင် ကျွန်တော်တို့ သုပ်ငန်းစတင် ရကြပြီပေါ့နော်"

www.burmeseclassic.com

"အေး၊ ဒါပေမယ့် ရွာသားတွေ မရိုမိအောင် ဟန်မယ့်ကနေနော်။ ငါတို့ဟာ သိုက်တူးမယ့် သိုက်ဆရာဆိုတာ သိသွားရင် ရွာသားတွေ လက်ခံကြမှာ မဟုတ်ဘူးကွ။ ဒီရွာမှာလည်း နေရတော့မှာ မဟုတ်ဘူး နှင်ထုတ်ကြလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော် ဟန်မယ့်ကနေပါ့မယ်ဗျာ"

ဆရာတပည့်နှစ်ယောက်လည်း ထိုရွာတွင် ဆေးကုမည့်သူများကို ဆေးကုပေးရင်း လိုအပ်သည့် အစီအမံများကို ကြိုတင်၍လုပ်ကြကာ ဟန်မယ့်ကနေခဲ့ကြသဖြင့် သူတို့အား တိုင်းရင်းဆေးဆရာဟူ၍သာ မှတ်ထင်ခဲ့ကြလေသည်။

တိုင်းရင်းဆေးကလည်း အထိုက်အလျောက် ကျွမ်းကျင်ထားသဖြင့် ရွာထဲမှ ဖျားနာသူ၊ ဓားရာသူ၊ သစ်ငုတ်စူးသူ၊ အပူရှုပ် ဖျားသူတို့ ပင့်လာလျှင် လိုက်လံ ကုသပေးကာ ပျောက်ကင်းကြသဖြင့် သူတို့အား တိုင်းရင်းဆရာအဖြစ်သာ မှတ်ထင်ပြီး ယုံယုံကြည်ကြည်ပင် ကုသခဲ့ကြသည်။

"ဆရာကြီး···ကျွန်မသားလေး နှစ်ကျောင်းက ပြန်လာတာ ကိုယ်တွေ့ပူပြီး အန်လည်း အန်တယ် ဆရာကြီးရယ်"

"ညော်··· ကလေးက အပူပုပ်ပြီး ဖျားလို့ အန်တာပါ။ မစိုးရိမ်ပါနဲ့လေ"

"ရော့···ရော့၊ ဒီဆေးကို ကွမ်းရွက်ပြုတ်ရည်နဲ့ တိုက်လိုက်ပါ။ ပြီးတော့ စောင်ထူထူခြုံပြီးနေပါစေ၊ ချွေးထွက်ပြီး အဖျားကျသွားပါလိမ့်မယ်။ ပြီးတော့ ဟောဒီ လျက်ဆားကို လျှက်ခိုင်းပေးပါ။ အအန်လည်း သက်သာသွားပါလိမ့်မယ်"

ရွာထဲမှ ဆရာပင့်ကြသူတွေ ရှိနေသေးသဖြင့် သူတို့၏ အစီအမံကို ဆက်လက်လုပ်နေနိုင်ကြခြင်းဖြစ်သည်။

"ဟေ့··· တပည့်ရေ၊ ငါတို့ ဒီညတော့ လုပ်ငန်းစကြမယ်ကွ။ နေကောင်းရက်သာလည်း ရှိတယ်၊ လုပ်သမျှလည်း အောင်မြင်နိုင်မယ်ကွ"

ထိုညက ညစာစားသောက်ပြီးကြသည်နှင့် ဆေးလိပ်သောက်၊ ကွမ်းဝါးကာ စောစောအိပ်ရာဝင်ခဲ့ကြသည်။ အိမ်ရှင်များကတော့ မနက်ဖြန် ထမင်းထ,ချက်ရန် ဆန်စပါးလုံး ရွေးခြင်း၊ ကလေးများကို သိပ်ခြင်းများဖြင့် အလုပ်ရှုပ်နေကြကာ ညဉ့်နက်မှ အိပ်ခဲ့ကြလေသည်။

◈◈◈

"ဟေ့···တပည့်ရေ၊ ထတော့ကွ၊ အိမ်သားတွေ အိပ်မောကျနေကြပြီလေ"

"သွားတော့မှာလား ဆရာကြီး"

"အေး၊ ဟုတ်တယ်။ မင်း ဒီအိမ်အောက်က ပေါက်တူးထမ်းလာခဲ့၊ လူတွေ အိပ်မောကျနေတုန်း ထန်းသုံးပင်ကို သွားကြမယ်ဟေ့"

မကြာမီ လရောင်ဖွေးဖွေးအောက်တွင် ထွက်လာခဲ့ကြရာ ထန်းသုံးပင်ရှိရာသို့ ရောက်လာခဲ့ကြသည်။

"ကဲ···ငါ ဒီနေရာမှာ စည်းချပြီး ဆေးဖယောင်းတိုင်ထွန်းမယ်နော်။ ငါက တူးတော့လို့ ပြောတာနဲ့ အဲဒီစည်းအတွင်းက ထန်းသုံးပင်ရဲ့ အလယ်မှာ စပြီးတူးပေတော့ဟေ့"

ဆရာကြီးက ထန်းသုံးပင်အပါအဝင် စည်းတားခဲ့၏။ ပြီးလျှင် ဆေးဖယောင်းတိုင်တစ်တိုင်ကို ထွန်းညှိ၍ တိုင်တည်ရွတ်ဆိုနေသည်။ တစ်ခဏအကြာတွင် ဆရာကြီးမှ ပြောလာခဲ့သည်။

"ကဲ···ငါ စည်းလည်း ချထားခဲ့ပြီပြီ။ ဆိုင်ရာပိုင်ရာတွေကိုလည်း ကူညီပို့ဆောင်ပေးဖို့ ခွင့်ပန်ပြီးပြီ။ မင်း စပြီးတူးပေတော့ဟေ့။ အနောင့်အယှက်ရှိလာရင်လည်း ဘာမှမကြောက်နဲ့။ သူတို့ ငါတားထားတဲ့ စည်းထဲကို ဝင်မလာနိုင်ဘူး။ မင်းရော ငါရော စည်းအပြင်က မထွက်နဲ့ဟေ့။ စည်းအတွင်းမှာပဲ ကိုယ်လုပ်စရာရှိတာကို လုပ်ဟေ့"

သူတပည့်ဖြစ်သူက ပေါက်တူးဖြင့် တူးနေလေသည်။ အစ တူးစတွင် မြေမာသဖြင့် အားစိုက်၍တူးရ၏။ တဖြည်းဖြည်းနက်လာလေအခါ မြေ

www.burmeseclassic.com

www.burmeseclassic.com

ပျော့လာသဖြင့် တူးရသည်မှာ လွယ်ကူလာလေသည်။

"ဆရာကြီး...တွင်းလည်း တော်တော်နက်သွားပြီဗျ။ ခုချိန်ထိ ဘာမှလည်း မထူးခြားသေးဘူးဗျ"

"တူးမှာသာ ဆက်တူးပါကွာ။ မကြာမီ ရတနာတွေရှိရာကို တွေ့လာပါလိမ့်မယ်"

"ဆရာကြီးရေ...သိုက်တွင်းကတော့ လူတစ်ရပ်မက နက်သွားပြီဗျ"

"ဆက်တူးဟေ့၊ တွေ့လာခါနီးပြီ"

"ဟင်... ဆေးဖယောင်းတိုင် မီးငြိမ်းသွားပြီ လေက တိုက်နေတာပဲ"

ဆရာကြီးလည်း ဆေးဖယောင်းတိုင်မီးကို ပြန်ထွန်းလေသည်။

"အမလေးဗျ၊ တွင်းထဲမှာ ရေတွေ ထွက်လာပြီး တစ်ထွာလောက် ရှည်တဲ့ မျောနက်ကြီးတွေ တွယ်လာတယ်ဗျ၊ လုပ်ကြပါဦး"

တပည့်ဖြစ်သူမှာ ထိုမျှ ကြီးမားသော မျောမျိုး အတွယ်မခံရဘူးသဖြင့် ကြောက်ရွံ့လာကာ တွင်းထဲမှ တက်လာပြီး မျောများကို ခွာကာ ထွက်ပြေးတော့သည်။

"ဟာ...ဟေ့ကောင်၊ မပြေးနဲ့လေ၊ စည်းပေါက်တော့မှာပဲ"

တပည့်ဖြစ်သူက မျောများကို ကြောက်၍ ပတ်ပြေးနေခြင်းကြောင့် စည်းပေါက်ခဲ့တော့သည်။ တူးထားသော တွင်းထဲမှ ရေများ အဆမတန် ပန်းထွက်လာကာ သူတို့ပတ်လည်တွင် ရေပြင်ကြီးဖြစ်လာခဲ့လေသည်။

"ဟာ...တွင်းထဲက ရေတွေ ဒလဟော ပန်းထွက်လာလို့ ငါတို့ပတ်လည်မှာ ရေပြင်ကြီးဖြစ်သွားပြီကွ။ ကြာရင် ငါတို့ ရေနစ်သေကြလိမ့်မယ်ဟေ့။ ဟေ့...တပည့်၊ ငါတို့ ပြေးကြမှပဲကွ"

သူတို့ ဆရာတပည့်နှစ်ယောက် ကြောက်လန့်ကာ ရေပြင်ထဲအတိုင်း ပြေးကြလေရာ ရေပြင်ကြီးမှာ တဖြည်းဖြည်းနက်လာပြီး ပြေးမရတော့သဖြင့် ရေထဲအတိုင်း လက်ပစ်ကူးလာကြလေသည်။ အချိန်အတန်ကြာ ကူးလာရင်း အလင်းရောင်က တဖြည်းဖြည်းလင်းလာ၍ မိုးစင်စင်လင်းခဲ့တော့သည်။ သူတို့မှာလည်း ရေပြင်ပေါ်တွင် လက်ပစ်ကူးကြရသည်မှာ လက်ပန်းပင် ကျလာကြလေသည်။

ထိုအချိန်တွင် သူတို့တည်းသော အိမ်ရှင်မှာ နိုးလာပြီး ဆရာကြီးနှင့် တပည့်ဖြစ်သူကို မတွေ့ရသဖြင့် စိတ်ပူကာ ဟိုဟိုဒီဒီ လိုက်ရှာလေသည်။

"အင်း... ရွာတောင်ဘက် တောစပ်ကိုများ အပေါ့အပါးသွားနေကြတာများလား။ ငါလိုက်ရှာကြည့်ဦးမှပဲ"

အိမ်ရှင် ယောကျ်ားလည်း ရွာတောင်ဘက်သို့ ထွက်လာခဲ့လေသည်။

"ဟာ...ဟိုရှေ့က ကုန်းခေါင်ခေါင်ပေါ်မှာ ဝင်းလျားမောက်ပြီး ရေကူးသလို လက်ပစ်ကူးနေကြတာ ဆရာကြီးတို့နဲ့ တူလိုက်တာ"

တဖြည်းဖြည်း အနားသို့ ရောက်လာလေလျှင် သူ့အိမ်တွင် တည်းကြသော ဆရာကြီးတို့မှန်း သိသွားခဲ့လေသည်။

"ဗျို့...ဆရာကြီးတို့၊ ကုန်းခေါင်ခေါင်ပေါ်မှာ ဘာကြောင့် ရေကူးသလို လက်ပစ်ကူးနေကြတာလဲဗျ"

အိမ်ရှင်၏ အော်သံကြောင့် ဆရာတပည့်နှစ်ယောက်လည်း သတိဝင်ကာ ကုန်းခေါင်ခေါင်ပေါ်တွင် ရေပြင်အမှတ်နှင့် ကူးခတ်နေကြရခြင်းဖြစ်ကြောင်း သိကြတော့သည်။ နှစ်ယောက်စလုံး လက်၊ တံတောင်၊ ဒူး၊ ရင်ဘတ်တို့တွင် သွေးများ ရဲရဲနီလျက် ကြည့်၍ပင် မကောင်းတော့ပေ။

"ဘယ်လိုဖြစ်ကြတာလဲ ဆရာကြီးရယ်"

"ကျုပ်တို့ အမှန်အတိုင်းပြောရရင်တော့ ဒီအိုးပိုကုန်းတောင် ခွေးတစ်ဟောင်ကွာတဲ့ ထန်းသုံးပင်ကြားမှာ ရတနာသိုက်ရှိကြောင်း သိုက်စာအညွှန်းအရ လာတူးခဲ့ကြတာပဲ။ တူးနေရင်းနဲ့ ရေတွေ ပန်းထွက်လာပြီး ရေထဲက မျောနက်ကြီးတွေ ထွက်လာကြလို့ ကျုပ်တပည့်က လန့်ပြီး ပြေးထွက်ရာမှာ စည်းပေါက်ပြီး မနိုင်တော့ဘဲ အခုလို ကုန်းမြေကို ရေပြင်လို့ အမြင်မှားပြီး ရေကူးပြေးနေခဲ့ကြတာပဲ။ ခင်ဗျားက ကျုပ်တို့ကို ကုန်းမြေပေါ်မှာ ရေကူးသလို လက်ပစ်ကူးနေကြတာ တွေ့မြင်ပြီး တအံ့တသြ လှမ်းအော်မေးလာတော့မှ ကျုပ်တို့ သတိပြန်ဝင်ပြီး ကုန်းပေါ်မှာ ရေကူးနေကြရမှန်း သိခဲ့ကြတာပါပဲ"

ဆရာကြီးနှင့် သူ့တပည့်မှာ နောင် မွဲ့တော်မူလာမည့် အရိမေတ္တေယျဘုရား ဌာပနာအတွက် စောင့်ကြည်သိမ်းဆည်းထားသည့် ရတနာသိုက်အား လိုချင်လောဘရမ္မက်ဖြင့် တူးခဲ့ခြင်းကို မအောင်မြင်ခဲ့သဖြင့် ထိုရွာတွင် မနေရကြတော့ဘဲ အရှက်ရ၍ ရွာသားတွေ့ရောက်မလာမီမှာပင် ထိုနေရာမှ ထွက်ခွာလာခဲ့ကြလေတော့သည်။

ယခုအခါတွင် ထိုဘုရားရတနာသိုက်ရှိရာ ထန်းသုံးပင်နေရာအနီးတွင် ဘုရားစေတီလေးတစ်ဆူကို ရွာသားများမှ တည်ထားကိုးကွယ်ထားကြလေသည်။

တင့်ထူး (ဒေယျပဒီ)

*****

www.burmeseclassic.com

www.burmeseclassic.com

ဗဟုသုတ ရသစုံ ဆောင်းပါးများ

တက္ကသိုလ် ဒီဒီနိုင်

မိဿရာသီ

ARIES

(မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း)

ယုန်ထောင် ကြောင်မိဖြစ်ရတဲ့သော ကာလ။ လက်တွေ့နှင့် စိတ်ကူး မတူညီမှုများစွာ ကြုံရဆုံရတတ်သည်။ ဆန္ဒနှင့် ဘဝ တစ်ထပ်တည်းကျမနေတတ်ပေ။ တေ့လွဲများ မကြာခဏကြုံရတတ်သည်။ စိတ်ဖျက်ပါနှင့်။ မည်သူမှ မသိသေးသည့်ကိစ္စကို ကြိုသိထားခြင်းဖြင့် စီးပွားရေးအောင်မြင်မှုတစ်ရပ် ကြုံမည်။ အခွင့်အရေးကောင်းကို ပါးပါးနပ်နပ်အသုံးချပါ။ အပြောအဆို အသွားအလာ ကျစ်ကျစ်လျစ်လျစ်နေထိုင်သင့်သည်။ မခုတ်တတ်သော ကြောင်သဖွယ် တည်ငြိမ်ဖို့ရန် ထိုအပ်ပါသည်။ ကျန်းမာရေး အတွက် တစ်နေ့လျှင် ပန်းသီးနှစ်လုံးစားပေးခြင်းဖြင့် သွေးကြောကျဉ်းပြီး အဆီပိတ်သော ရောဂါကို ကာကွယ်နိုင်ပါသည်။ အချစ်ရေးကိစ္စမှာ ကြည်ကြည်နူးနူး ရင်ခုန်ရပေလိမ့်မည်။

ဆီထိုးသင့် သောနေ့ - သောကြာ၊ စနေ။
ရွေးချယ်ရမည့် ဂဏန်း - (၂)အစ (၉)အဆုံး (၅)အစ (၀)အဆုံး။
ယန္တြား - မွေးနေ့မှာ ပန်း၊ ဆွမ်း ကပ်လှူပါ။

ဗြိဿရာသီ

TAURUS

(ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အထွင်း)

တာထွက်ကောင်းနေမည့်ကာလ။ ကြံစည်တွေးတောမှု များနေလိမ့်မည်။ အပြောင်းအလဲ၊ အသစ်အဆန်းနှင့် ဆန်းသစ်တီထွင်မှုများကို စိတ်ဝင်စားနေလိမ့်မည်။ အောင်မြင်တော့မည့် အရိပ်အယောင်များကို တွေ့မြင်ရပါလိမ့်မည်။ ဇွဲအားမာန်က လျော့ရိလျော့ရဲဖြစ်နေတတ်သည်။ ထို့ကြောင့် အလုပ်တစ်ခုမှာ အောင်မြင်တော့မလိုလို့နှင့် အဖျားရှူးသွားလိမ့်မည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကြောင့် အကျိုးအမြတ် ရရှိလိမ့်မည်။ ကြွေးမောင်းများ ပြန်ရတတ်သော ကာလပင်ဖြစ်သည်။ စာချုပ်ချုပ်ဆို၊ အာမခံမှုအသစ် ထပ်မံချုပ်ဆိုရမည်။ ကျန်းမာရေး စိတ်အေးရမည်။ ချစ်ကံကောင်းမည်။

ဆီထိုးသင့် သောနေ့ - သောကြာ၊ စနေ။
ရွေးချယ်ရမည့် ဂဏန်း - (၁)အစ (၃)အဆုံး (၅)အစ (၇)အဆုံး။
ယန္တြား - ထန်းလျက်ဆွမ်း၊ ကပ်လှူပူဇော်ပါ။

မေထုန်ရာသီ

GEMINI

(မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း)

ပုံပြင်ထဲမှ ယုန်ကလေးကဲ့သို့ အိပ်ပျော်နေသောကာလ။ ဖြစ်လိုသည်က တစ်မျိုး၊ ဖြစ်လာသည်က တစ်ဖုံ၊ လွဲမှားမှု ကြုံရတတ်သည်။ ဖြစ်ချင်သည်ကို ဖြစ်နိုင်သည်က စဉ်းလဲပါ။ အောင်မြင်မှုက တစ်ဝက်တစ်ပျက်သာ ရရှိတတ်သည်။ စိတ်ညစ်စိတ်ပျက်နေတတ်သည်။ အနည်းငယ် ပျင်းနေတတ်သည်။ လုပ်သင့်လုပ်ထိုက်သောလုပ်ငန်း ဟုတ်၊မဟုတ် စဉ်းစားသင့်သည်။ ရပ်ဝေးဒေသ၊ နိုင်ငံရပ်ခြားသွားလာသည့်ကိစ္စတို့တွင် အခွင့်အရေးကောင်းရရှိရန် ဂွတ်ကြိုးစားရပေလိမ့်မည်။ ရောဘိ၍ မရနိုင်ပေ။ ကျန်းမာစေရန် ရေများများသောက်သင့်သည်။ တစ်နေ့လျှင် ဖန်ခွက်ဖြင့် ရေခြောက်ခွက်သောက်ပေးသင့်သည်။ အချစ်စိတ်ကူးများ ချိုမြိန်နေလိမ့်မည်။

ဆီထိုးသင့် သောနေ့ - တနင်္ဂနွေ၊ အင်္ဂါ။
ရွေးချယ်ရမည့် ဂဏန်း - (၂)အစ (၄)အဆုံး (၇)အစ (၁)အဆုံး။
ယန္တြား - သီလခံယူပြီး တရားထိုင်၊ တရားမှတ်ပါ။

www.burmeseclassic.com

ကရကဋ်ရာသီ

CANCER

(ဇွန်လ (၂၁) ရက်မှ လုလိုင်လ (၂၁) ရက်အတွင်း)

ရတနာသုံးပါးကို မမေ့သင့်သော ကာလ။ တိုးတက်မှုနှုန်း နေးကွေးနေတတ်သည်။ ဆန္ဒနှင့် ဘဝ ထပ်တူမကျသဖြင့် ဒေါပွနေလိမ့်မည်။ ဒေါသကို လျှော့ပါ။ ဒေါသသည် မိုက်မဲမှုနှင့် စတင်ပြီး နောင်တ ရမှုများနှင့် အဆုံးသတ်တတ်သည်။ မိမိဒေါသကို မိမိနှိုင်နင်းစွာ နှိမ်နင်းကျော်လွှားနိုင်မှ အောင်မြင်မှုကို တည်ဆောက်နိုင်မည်။ သည်းခံစိတ်ကို မွေးမြူပါ။ နီးနီးကြာယားကြား တက်တက်ကြွကြွလုပ်ဆောင်ပါ။ ကိုယ်၊ စိတ်၊ နလုံး ကြည်လင်ခြင်းကြောင့် အောင်ပွဲရအောင် ကူညီသူကြွယ်မည်။ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့်ရမည်။ ရပ်ဝေးဒေသ၊ ပြည်ပနိုင်ငံရပ်ခြား သွားလာမှုကိစ္စ ကံကောင်းတော့မည်။ ကျန်းမာရေးအတွက် လတ်ဆတ်သော အသီးအနှံ၊ ဟင်းသီးဟင်းရွက်နှင့် ပဲအမျိုးမျိုးတို့ကို အမြဲမှီဝဲ သင့်သည်။ အချစ်ဖိုးကံကောင်းလေးဖြစ်ပြီး ချစ်သူခင်သူ ဝိုင်းဝိုင်းလည်နေလိမ့်မည်။

ထီးထိုးသင့်သောနေ့ - တနလ်း၊ အင်္ဂါ။
ရွေးချယ်ရမည့်ဂဏန်း - (၁)အစ (၂)အဆုံး (၄)အစ (၇)အဆုံး။
ယတြာ - သံဃာတစ်ပါးကို သင်္ကန်း (သို့မဟုတ်) ဖိနပ်လှူဒါန်းပါ။

သိဟ်ရာသီ

LEO

(လုလိုင်လ (၂၂) ရက်မှ သြဂုတ်လ (၂၁) ရက်အတွင်း)

အပူရှိန်ပြင်းလွန်းသော နေမင်းကြီးက ပင်လယ်ရေပြင်အောက်ကို ငုပ်လျှိုးဝင်ရောက်သွားပါပြီ။ နေကွယ်လျှင် လထွက်လာပါလိမ့်မည်။ အေးမြသော လဝန်းကြီးကို သင် မကြာခင်ကာလမှာ တွေ့ကြုံရပါလိမ့်မည်။ ကြည်နူးပျော်ရွှင်ဖွယ်ကောင်းသော မိသားစုဘဝကလေးကို တည်ဆောက်ခွင့်ရရှိတတ်ပါသည်။ သင်သည် နူးညံ့လိမ်မွေ့ပြီး စိတ်ရှည် သည်းခံကာ အကောင်းမြင်၊ အပြုံးတွေးတတ်သူဖြစ်သည်။ ကျန်းမာစေရန် ခရမ်းချဉ်သီးအစေ့ကို ဖယ်ပြီး ဖျော်ရည်လုပ်သောက်ပါ။ အချစ်ရေးကိစ္စမှာ အမြင်ကျယ်ကျယ်ဖြင့် စင်စင်ကြယ်ကြယ် ချစ်ခွင့်ကြုံရတတ်သည်။

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ အင်္ဂါ။
ရွေးချယ်ရမည့်ဂဏန်း - (၃)အစ (၇)အဆုံး၊ (၁)အစ (၉)အဆုံး။
ယတြာ - အိမ်ရှေ့ ဘုရားမှာ အဓိဋ္ဌာန်ပုတီးစိပ်ပါ။

BURMESE CLASSIC

ကန်ရာသီ

VIRGO

(သြဂုတ်လ (၂၂) ရက်မှ စက်တင်ဘာ (၂၁) ရက်အတွင်း)

မိုးထိ မြင့်မားသော တောင်ထိပ်တစ်ခုသို့ တက်ရောက်နိုင်ရန်အတွက် ပထမဦးဆုံး ခြေလှမ်းသစ်ကို စတင်ရမည့်ကာလ။ ရည်မှန်းချက်၊ ရည်ရွယ်ချက် ကြီးမားလွန်းသော်လည်း လက်တွေ့မှာ အကောင်အထည်ဖော်ရန် အခက်အခဲတွေ့ရတတ်ပါသည်။ စမ်းတဝါးဝါးလျှောက်လှမ်းနေရလိမ့်မည်။ အခက်အခဲများစွာရှိနေသော်လည်း ကိုယ်ပိုင်စွမ်းရည်နှင့် ရဲရင့်စွာ ဆောင်ရွက်လျှင် အဆင်ပြေသွားပါလိမ့်မည်။ ပတ်ဝန်းကျင်ရှိ လုပ်ငန်းပြိုင်ဘက်တို့၏ လှုံ့ဆော်ချက်ကို ရအောင် စုံစမ်းနိုင်လျှင် မိမိလုပ်ငန်းအတွက် ထူးခြားသော အထောက်အပံ့ကောင်းဖြစ်စေပါလိမ့်မည်။ ကျန်းမာရေးသင့်သည်။ ရောဂါထွေထွေထူးထူး မဖြစ်နိုင်ပေ။ အချစ်ရေးမှာ ချစ်သူနှင့် အားပြိုင်နေရသော ကာလပင်ဖြစ်သည်။

ထီထိုးသင့်သောနေ့ - အင်္ဂါ၊ ဗုဒ္ဓဟူး။
ရွေးချယ်ရမည့်ဂဏန်း - (၇)အစ (၂)အဆုံး၊ (၅)အစ (၈)အဆုံး။
ယတြာ - ကြွေစည်သမျှ ကိစ္စရာထောင် အဆင်ပြေ အောင်မြင်စေရန် သစ်သီးဆွမ်းကပ်လှူပါ။ ထီးပြူ ထီးနီလှူပါ။

www.burmeseclassic.com

www.burmeseclassic.com

တူရာသီ

LIBRA

(စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း)

မိုးနတ်မင်းကြီး၏ စောင်မ ကြည့်ရှုမှုကို ရရှိမည့်ကာလ။ အတက်ခရီးကို သွားမည့် တော်လှောကားတစ်စင်းက သင့်ရှေ့ကို ဘွားခနဲပေါ်လာပေလိမ့်မည်။ ဂိုးသားစွာ သစ္စာရှိခြင်းက သင့်အရည်အချင်းကောင်းတစ်ရပ် ဖြစ်နေလိမ့်မည်။ ရေရှည် စီမံကိန်းချလုပ်ဆောင်မှုတို့ အဆင်ပြေပြေ အကျိုးရှိပေလိမ့်မည်။ ထာဉ် စက်ပစ္စည်းကိစ္စမှာ အောင်သွယ်ကို မယုံစားသင့်ပေ။ ကျန်းမာရှင်လန်းစေရန် အရည်ရွှမ်းသော အသီးအနှံများ၊ ဗီတာမင်စီ ကြွယ်ဝသော အသီးအနှံများကို စားသုံးပေးသင့်သည်။ အချစ်ရေးမှာ လှပလွန်းသော အချစ်အိပ်မက်ကလေးတစ်ခုကို မြွားနတ်မောင်က ဖန်ဆင်းပေးပါလိမ့်မည်။

ထီထိုးသင့်သောနေ့ - အင်္ဂါ၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၁)အစ (၄)အဆုံး (၂)အစ (၇)အဆုံး။
ယတြာ - သီလခံယူပြီး အနှစ်ဆွမ်းကပ်လှူကာ ပူဇော်ပါ။

ပြီစ္ဆာရာသီ

SCORPIS

(အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း)

ပန်းတိုင်ဆီကို ကွေ့ကွေ့ကောက်ကောက် လျှောက်လှမ်းနေရသောကာလ။ ဘဝဟူသည်ကား ပန်းမွေ့ယာ တစ်ခုဖြစ်ရန် မလွယ်ကူလှပေ။ အခွင့်အရေးကောင်းအချို့သည် အခက်အခဲနှင့် ရောရောထွေးထွေး ရှိနေတတ်သည်။ စီးပွားရေးလုပ်ငန်းနယ်ပယ်မှာ ဆုံးဖြတ်ချက်မှားယွင်းမှု ကြုံရတတ်သည်။ မထင်မှတ်ထားသော ပြဿနာအခက်အခဲကို ရင်ဆိုင်ဖြေရှင်းရတတ်သည်။ မိသားစုအတွင်းရေး မကျေမလည် ဖြစ်ရတတ်သည်။ မေတ္တာရှေ့ထားကာ ဖြေရှင်းပါ။ ကျန်းမာရေးအတွက် ရာသီဥတုနှင့်အညီ နေထိုင်စားသောက်ဝတ်ဆင်ပါ။ အချစ်ရေးမှာ ချစ်သူနှင့် သဘောထား မတိုက်ဆိုင်မှုမျိုး ကြုံရဆုံရတတ်သည်။

ထီထိုးသင့်သောနေ့ - အင်္ဂါ၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၁)အစ (၀)အဆုံး (၇)အစ (၈)အဆုံး။
ယတြာ - သီလရှင်များကို ဆန်၊ ဆီ၊ ဆေးနှင့် ငွေကြေးလှူဒါန်းကာ ကုသိုလ်ပြုပါ။

ဓနုရာသီ

SAGITTARIUS

(နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၁) ရက်အတွင်း)

ထင်ရာစိုင်းသော မြင်းရိုင်းကို လွှတ်ပေးလိုက်သည့်နှယ် ဖြစ်နေတတ်သော ကာလပါ။ ဉာဏ်ပညာကြီးသူ ဖြစ်ပါသော်လည်း ယခုကာလမှာ မိုက်ရူးရဲဆန်ဆန် လှုပ်ရှားမှုကို သဘောကျ ကျေနပ်နေပါလိမ့်မည်။ မအူမလည် ပြဿနာများကို တစ်ခုမဟုတ်တစ်ခု ကြုံရတတ်သည်။ ငွေကြေးကိစ္စရပ်များကြောင့် သောက၊ ပူပန်မှုတို့ ကြုံရဆုံရတတ်သည်။ လောင်းကစားမှုတို့ မပြုမိပါစေနှင့်။ လှည့်စား တစ်ပတ်ရိုက်ခြင်း ခံရတတ်သည်ကို သတိပြုပါ။ ကျန်းမာရေးအတွက် အိပ်ရာနိုးသည်နှင့် နေရောင်ခြည်အောက်မှာ နေပူဆာလုံပါ။ အချစ်ရေးမှာ ချစ်သူက တောထဲက ကျားထက် ရက်စက်သူဖြစ်နေတတ်သည်။

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၇)အစ (၁)အဆုံး (၃)အစ (၃)အဆုံး။
ယတြာ - မင်္ဂလသုတ်ရွတ်ဖတ်ပါ။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားကို ဆင်ခြင် ပွားများပါ။

www.burmeseclassic.com

www.burmeseclassic.com

မကာရရာသီ

(ဒီဇင်ဘာလ (၂၃) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း)

မုန်တိုင်းမထန်ခင် တိုက်ခတ်သည့် လေပြည်လေညှင်းမို့ အားမာန်မပြည့်သေးပါ။ မကြာမီကာလမှာ မိုးသက်မုန်တိုင်းများ ကျရောက်လာတော့မည်ကို သတိပြုပါ။ လေပြည်ညှင်းကြားမှာ ပျော်မြူးမှုကို ရှောင်ပါ။ မမျှော်လင့်ထားသည့်အချိန်မှာ ကြုံတွေ့လာရမည့် ဖြစ်သမျှ ဒုက္ခ၊ သုခကို ရင်ဆိုင်ဖြေရှင်းရန် အသင့်ကြိုကာ ပြင်ဆင်ထားပါ။ ခင်မင်ရင်နှီးသူတို့၏ အကူအညီတောင်းခံမှုကို ဆင်ခြင်ဉာဏ်သုံးကာ ဖြေရှင်းကူညီပါ။ အလိမ္မာသုံး၍ ရှောင်နိုင်လျှင် ရှောင်ပါ။ အာမခံမှု၊ ကတိပေးမှုတို့ကြောင့် ပြဿနာရှုပ်ထွေးမှုများ ကြုံရဆုံရတတ်သည်။ ကျန်းမာရေးအတွက် ဖျားနာမှုကြုံက ချက်ချင်း ကုသမှုခံယူပါ။ ဝေဒနာသေးသည်ဆိုပြီး ပေါ့လျော့မှု မပြုပါနှင့်။ အချစ်ရေး၊ ပညာရေး ကောင်း၏။

ထီထိုးသင့်သောနေ့ - ဗုဒ္ဓဟူး၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၂)အစ (၂)အဆုံး၊ (၇)အစ (၇)အဆုံး။
ယတြာ - ယောဂီတစ်ဦးကို ငွေကြေးနှင့် ဆေးဝါး ဓါနပြု လှူဒါန်းပါ။ တရားစာအုပ် လှူပါ။

ကုမ်ဘာသီ

(ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း)

နောက်ဆုံးမှ ပန်းဝင်ခဲ့သော်လည်း ထူးခြားသော အောင်မြင်မှုတစ်ခုကြုံရမည့်ကာလ။ အကောင်းတကာ့ အကောင်းဆုံး အခွင့်ထူးတစ်ခုကို ရရှိပါလိမ့်မည်။ လေ့လာဆည်းပူးထားသော အသိပညာ၊ အတွေ့ပညာများကို အသုံးချခွင့်ရရှိပေလိမ့်မည်။ လတ်တလောမှာ စကားကို တည့်တိုးပြောဆိုမှုကို ရှောင်ပါ။ ကျန်းမာရေးအတွက် အစားအစာတို့ကို လိုတာထက်လျော့ပြီး စားသုံးသူများမှာ နပျိုပြီး အရွယ်တင် သဲကဲ့သို့ အားအင်ပြည့်ဖြိုးပြီး ခုခံစွမ်းအင်များ ဝိုလာပါလိမ့်မည်။ အချစ်ရေးမှာ တွက်ကိန်းချပြီး ချစ်တတ်သူနှင့် ကြုံရတတ်သည်။

ထီထိုးသင့်သောနေ့ - စနေ၊ တနင်္ဂနွေ။
ရွေးချယ်ရမည့်ဂဏန်း - (၃)အစ (၉)အဆုံး၊ (၁)အစ (၄)အဆုံး။
ယတြာ - သားကြီးငါးကြီးစားမှုကို ရှောင်ပါ။ မေတ္တာထားပါ။

မိန်ရာသီ



(ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း)

မင်္ဂလာအပေါင်းနှင့် ပြည့်စုံနေသော ကံကလ။ ကာယသုခ၊ စိတ္တသုခ ပြည့်စုံနေပါလိမ့်မည်။ ရုံးကိုင်လျှင် ရွှေဖြစ်စေမည့် အကြံကောင်းတစ်ခုကို ရရှိလိမ့်မည်။ ပတ်ဝန်းကျင်၏ အထင်ကြီးမှု၊ လေးစားမှု ချစ်ခင်မှုများ ရရှိတတ်ပါသည်။ ဓလက်ခုပ်သံ ခီးကျူးသံများ ကြားခွင့်ရရှိမည်။ မိသားစုနှင့် အပန်းဖြေခရီး ထွက်ရလိမ့်မည်။ နိုင်ငံရပ်ခြားသို့ ပညာတော်သင်သွားရန် အကြောင်းပေါ်မည်။ ဉာဏ်ဖြင့် ယှဉ်ပြိုင်ကြီးစားပါ။ အိမ်ခြံမြေကိစ္စ စွေးစကားပြောဆိုရလိမ့်မည်။ ပါးနပ်ပါ။ ကျန်းမာစေရန် နေ့စဉ် ကြက်သွန်နီသုံးမြဲစားသုံးပေးပါ။ အချစ်ရေးမှာ သင့်နလုံးရင်ခုန်သံများကို ဖမ်းစားသွားမည့် ချစ်သူနှင့် ကြုံရဆုံရတတ်သည်။

ထီထိုးသင့်သောနေ့ - အင်္ဂါ၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၅)အစ (၇)အဆုံး၊ (၁)အစ (၈)အဆုံး။
ယတြာ - ငါးစာကျွေးပါ။ ငှက်လွှတ်ပါ။

*****

www.burmeseclassic.com